www.burmeseclassic.com

# မြန်မာစာမြန်မာမှု

BURMESE CLASSIC .com

## မင်းသုဝဏ်

www.burmeseclassic.com

www.burmeseclassic.com

# ➤ မာတိကာ ➤

## များစွာဝမ်းမြောက်ဂုဏ်ယူပါသည်


| | | |
|---|---|---|
| ၁။ | နေရာမြတ်လေးပါး | ၁ |
| ၂။ | ရခိုင်ပြည်နယ်မှ အမြုတေများ | ၇ |
| ၃။ | ဟဿရသ | ၁၁ |
| ၄။ | မဝါလွမ်းစမား | ၁၇ |
| ၅။ | ထုပတိ | ၂၇ |
| ၆။ | သဲသာသောင်မြေ | ၃၂ |
| ၇။ | တတ်=တဲ့ | ၄၀ |
| ၈။ | ဆေးရုံ | ၄၅ |
| ၉။ | ငရုတ်နှင့် ငရုတ်ကောင်း | ၅၃ |
| ၁၀။ | မဏိမေခလာ တောထွက်ခန်း ဒမိလာ ကဗျာကြီး | ၆၂ |
| ၁၁။ | ကြောင်တစ်သက် ကြွက်တစ်မြို့ | ၆၇ |
| ၁၂။ | အရိုးစုအဘိဓာန် | ၇၁ |
| ၁၃။ | ကျွန်တော်၏ အောက်ငုံ့တောလား | ၇၇ |
| ၁၄။ | မြန်မာစာလုံးပေါင်းဖြစ်စဉ် | ၈၂ |
| ၁၅။ | ရှေးဟောင်းဂဏာန်းသင်္ချာ | ၈၉ |
| ၁၆။ | ထမင်းဆီဆမ်း | ၉၄ |
| ၁၇။ | တောင်တော်ရွှေပုပ္ပား | ၁၀၀ |
| ၁၈။ | ဦးပုညနှင့် ဒိုးချင်း | ၁၁၀ |
| ၁၉။ | စကားတစ်လုံး၏ ဖြစ်စဉ် | ၁၁၅ |
| ၂၀။ | သာခုခေါ်၍ အမျှဝေပါ၏ | ၁၂၀ |
| ၂၁။ | ခေတ်စမ်းစာပေပေါ်စက | ၁၂၅ |
| ၂၂။ | ငှက်လောက | ၁၄၇ |
| ၂၃။ | မုတ်သုံနှင့် ဟုပ်တွန်း | ၁၅၄ |


www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| ၂၄။ | မင်းတုန်းမင်းလက်ထက်က မြန်မာဘာသာရေး သိုးဆောင်းဆေးကျမ်း | ၁၅၈ |
| ၂၅။ | မြန်မာကလေးစာပေသမိုင်း | ၁၆၇ |
| ၂၆။ | သားရွှေခဲ | ၁၇၈ |
| ၂၇။ | တက္ကသိုလ်ဝင်မြန်မာစာ | ၁၈၃ |
| ၂၈။ | မြတ်ပန်းတော် | ၁၉၁ |
| ၂၉။ | မိုးတွေစွေလို့ | ၁၉၆ |
| ၃၀။ | ဝါတွင်းချိန် | ၂၀၁ |
| ၃၁။ | ပြောသံ | ၂၀၈ |
| ၃၂။ | ရည်းလေးလေး | ၂၁၆ |


www.burmeseclassic.com

www.burmeseclassic.com

# များစွာဝမ်းမြောက် ဂုဏ်ယူပါသည်

၁

"ဆရာ၊ ဂုဏ်ထူးတန်းတက်ခွင့်ပြုဖို့ လျှောက်လွှာတင်ထားတာ ဒီသူငယ်ကလေးပါပဲ ဆရာ"

ပါမောက္ခရုံးခန်းအဝတွင် ရစ်သီရစ်သီလုပ်နေသော သူငယ်ကလေးကို ကထိက ဆရာကြီးက ညွှန်ပြရင်း အနားမှာ ရပ်နေသော ပါမောက္ခဆရာကြီးကို ပြောလိုက်ခြင်း ဖြစ်သည်။

ပါမောက္ခဆရာကြီးသည် သူငယ်ကလေးကို တစ်ချက်စူးစိုက်ကြည့်ပြီး "ပေးလိုက်ပါကွယ်၊ ပေးလိုက်ပါ" ဟု ညင်သာစွာပြောလိုက်ပါသည်။ သူ ငယ်ကလေးကို မြန်မာစာ ဂုဏ်ထူးတန်းတက်ခွင့်ပြုလိုက်ခြင်း ဖြစ်ပါသည်။

ပါမောက္ခဆရာကြီးမှာ ဆရာကြီး ဦးဝန်(မင်းသုဝဏ်) ဖြစ်ပြီး ဂုဏ်ထူးတန်းတက်ခွင့် လျှောက်ထားသော သူငယ်ကလေးမှာ ကျွန်တော်ကိုယ်တိုင် ဖြစ်ပါသည်။

နှစ်ပေါင်း (၄၀) ကျော်ကြာသောအခါတွင်ကား

ကျွန်တော်သည် ကျွန်တော့်ကို ဂုဏ်ထူးတန်း တက်ခွင့်ပြုသော ဆရာ ကြီး ဦးဝန်၏ အမွေကိုဆက်ခံကာ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတွင် ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိ နေပါသည်။

ဆရာ၏ 'မြန်မာစာ မြန်မာမှု' ကို အမှာစာ ရေးရန် စဉ်းစားနေစဉ် ဤဖြစ်ရပ်ကလေးကို သတိရမိခြင်း ဖြစ်ပါသည်။

၂

ဆရာ မင်းသုဝဏ်၏ 'မြန်မာစာမြန်မာမှု' ဆောင်းပါးပေါင်းချုပ်စာအုပ်သည် ၁၉၆၅ ခုနှစ်တွင် ထိုအချိန်က ထိပ်တန်းစာရင်းဝင် စာပေတိုက်ဖြစ်သော ပုဂံစာအုပ်တိုက်က ထုတ်ဝေသော စာအုပ်အဖြစ် တင့်တင့်တယ်တယ်



www.burmeseclassic.com

ပေါ်ထွက်လာသည်။ ထိုအချိန်တွင် ကျွန်တော်တက္ကသိုလ်မှာ ဆရာဖြစ်နေပါပြီ။

မှတ်မှတ်ရရ ထိုစာအုပ်မတိုင်မီ ဆရာ၏ စာအုပ်တစ်အုပ် ထွက်ပါသေးသည်။ 'ပန်းနှင့်ပင်စည်' ဖြစ်သည်။ 'ပန်းနှင့်ပင်စည်' သည် ကျွန်တော်တို့လို မြန်မာစာ ဆရာငယ်များကို မြန်မာစာ အခြေခံကောင်းများ ချပေးသောစာအုပ်ဖြစ်သည့်အတွက် များစွာ အကျိုးရှိပါသည်။ စာအုပ်ကို နှစ်သက်မြတ်နိုးစွာ အကြိမ်ကြိမ် အထပ်ထပ် ကျေအောင်ဖတ်ဖြစ်ခဲ့သည်။ ယခုတစ်ဖန် 'မြန်မာစာ မြန်မာမှု' ဟူ၍ နောက်ထပ် တစ်အုပ်ပေါ်လာသောအခါ ချက်ချင်းဝယ်ပြီး ချက်ချင်း ဖတ်လိုက်သည်။ နောက်ထပ်လည်း အကြိမ်ကြိမ် အထပ်ထပ်ဖတ်ဖြစ်သည်။ မိမိတွင် မြန်မာစာ အခြေခံပို၍ ခိုင်မာတောင့်တင်းလာသည်ဟုလည်း ခံစားယုံကြည်လာပါသည်။

ယခု 'မြန်မာစာ မြန်မာမှု' ကို ထပ်မံပုံနှိပ်ထုတ်ဝေမည်ဟု သိရသောအခါ မိမိနှင့် ထိတွေ့ခဲ့ရပုံကို ပြန်လည်သတိရပြီး ပီတိပွားမိပါသည်။

၃

'မြန်မာစာ မြန်မာမှု' သည် ဘာသာစကား၊ စာပေယဉ်ကျေးမှု ဟူသော ကဏ္ဍသုံးရပ်စလုံးအတွက် အားကိုးအားထားပြုစရာ စာစု ဖြစ်ပါသည်။

ဘာသာစကားကဏ္ဍတွင် မြန်မာဘာသာစကား လေ့လာပုံနည်းစနစ်များကို ဆရာက ကျွန်တော်တို့ စာဖတ်သူများအား ခြေခြေမြစ်မြစ် အသိပေးထားသည်။ 'မြန်မာစာလုံးပေါင်းဖြစ်စဉ်' ဆောင်းပါးကို ဖတ်ရသောအခါ ဗျည်းသရများကို အစပိုင်း၊ အလယ်ပိုင်း၊ အဆုံးပိုင်း ဟူ၍ စနစ်တကျ ပိုင်းခြားလေ့လာပုံစနစ်ကို သိနားလည်လာရသည်။ 'စကားတစ်လုံး၏ဖြစ်စဉ်' တွင် စကားလုံးတစ်လုံး၏ သမိုင်းကို ရေးဆုံးရေဖျား ခြေရာကောက်၍ သုတေသနပြုပုံနည်းနာကို မှတ်သားရသည်။ 'ထမင်းဆီဆမ်း' တွင်လည်း ထိုနည်းတူပင် 'ဆမ်း' ဟူသော စကားလုံး၏သမိုင်းကို စာပေအထောက်အထားများဖြင့် ခြေရာကောက်ပြထားပါသည်။ 'မှတ်သုန်နှင့် ဟုပ်တွန်း' တွင် ထိုစကားနှစ်လုံး၏ အနက်အဓိပ္ပာယ်ကို စူးစမ်းထားပါသည်။ မြန်မာဘာသာစကားလေ့လာပုံနည်းစနစ်များကို သဘောပေါက်နားလည်လာအောင် အသိပေးသော ဆောင်းပါးများ ဖြစ်ပါသည်။

စာပေကဏ္ဍတွင် ရခိုင်၊ ထားဝယ် တိုင်းရင်းသားရိုးရာ တေးကဗျာများ၊ ဦးပုည၏ပျော်စရာကောင်းသော ဒုံးချင်းများ၊ မြန်မာကလေးစာပေသမိုင်းစသည့် စာပေရေးရာများကို မှတ်သားရသည်။ ဆရာကိုယ်တိုင်ပါဝင်ခဲ့သော ခေတ်စမ်းစာပေ လှုပ်ရှားမှု အစပိုင်းက ဂယက်အမျိုးမျိုးကို 'ခေတ်စမ်းစာပေပေါ်စက' တွင် ဆရာက ပြန်လည်သုံးသပ်ပြထားပုံမှာလည်း စာပေသမိုင်း



www.burmeseclassic.com

www.burmeseclassic.com

အတွက် တန်ဖိုးရှိလှပါသည်။ ခေတ်စမ်းစာဆို၏ ခေတ်စမ်းစာပေဆိုင်ရာအမြင်ဟု ဆိုရပါလိမ့်မည်။ ဆရာသည် ကိုယ်တိုင်ကလေးစာပေ ရေးဖွဲ့သော စာဆိုတစ်ဦးဖြစ်သည်နှင့်အညီ ကလေးစာပေ ထွန်းကားရေးအတွက် ကြိုးပမ်းကြရန် 'သားရွှေခဲ' တွင် တိုက်တွန်းထားသည်မှာလည်း အားတက်သရော ရှိလှပါသည်။ မြန်မာစာပါမောက္ခအဖြစ် ဆောင်ရွက်စဉ် တက္ကသိုလ်ဝင်တန်း မြန်မာစာသင်ရိုးများ ပြုပြင်ပြောင်းလဲခဲ့ပုံကိုလည်း 'တက္ကသိုလ်ဝင်မြန်မာစာ' ဖြင့် အသိပေးထားသည်။ အထူးသဖြင့်ကား ဆရာကိုယ်တိုင် ရေးဖွဲ့ခဲ့သော ကဗျာများကို 'မိုးတွင်စွေလို့'၊ 'ဝါတွင်းချိန်'၊ 'ဗြောသံ'၊ 'ရည်းလေးလေး' တို့တွင် နှစ်သက်ဖွယ်၊ စိတ်ဝင်စားဖွယ် ဖွင့်ဆိုပြထားသည်မှာ စာပေသမားများအတွက် များစွာ အကျိုးရှိလှပါသည်။ ကဗျာစာဆိုကိုယ်တိုင်က မိမိကဗျာများအကြောင်း ဖွင့်ဆိုပြခြင်းကို ကြားတောင့်ကြားခဲကြားရခြင်း ဖြစ်ပါသည်။ 'ဆေးရုံ'၊ 'သဲသာသောင်မြေ'နှင့် 'တောင်တော်ရွှေပုပ္ပား' တို့ကား ဆရာ၏ရသမြောက် ကိုယ်တွေ့စာတမ်းများ ဖြစ်ပါသည်။

ယဉ်ကျေးမှုကဏ္ဍတွင် ဘုရားရှင် ဖွားမြင်တော်မူရာ၊ သဗ္ဗညုတဉာဏ်ရတော်မူရာ၊ ဓမ္မစကြာဟောတော်မူရာ၊ ပရိနိဗ္ဗာန်ပြုတော်မူရာ ဟူသော နေရာမြတ်လေးပါး၏ ဂုဏ်ကို လယ်တီဆရာတော်ဘုရား၏ ကဗျာများနှင့် ဆက်စပ်၍ ရှင်းလင်းဖွင့်ဆိုပြထားသည်ကို 'နေရာမြတ်လေးပါး' တွင် တွေ့နိုင်ပါသည်။ 'ငှက်လောက' တွင် မြန်မာငှက်အမျိုးမျိုးအကြောင်းကို စာပေအထောက်အထားများဖြင့် ရှင်းပြထားပုံမှာ စိတ်ဝင်စားဖွယ်ကောင်းလှပါသည်။

'မြန်မာစာမြန်မာမှု' မှ ဆရာ့ဆောင်းပါးအချို့နှင့် ပတ်သက်၍ ကျွန်တော်၏ တစေ့တစောင်း တင်ပြချက်မျှသာ ဖြစ်ပါသည်။ စာအုပ်တစ်အုပ်လုံး ဖတ်ပြီးနောက် ကျွန်တော်မြန်မာစာ ကိုယ်ခံအားကို ထပ်လောင်းဖြည့်ဆည်းပေးသည့် အင်သစ်အားသစ်များစွာ တိုးပွားလာသည်ကား ကိုယ်တွေ့ဖြစ်ပါ သည်။

၄

'မြန်မာစာ မြန်မာမှု' ကို ပြန်လည်ထုတ်ဝေရာ၌ ဤအမှာစာကို ရေးခွင့်ကြုံရခြင်းသည် ဆရာ့ဂုဏ်ကျေးဇူးကို တတ်စွမ်းသမျှ ဖော်ကျူးခွင့်ရခြင်းဖြစ်သည်ဟူ၍လည်းကောင်း၊ ဆရာ့ကို ပူဇော်ကန်တော့ခွင့်ရခြင်း ဖြစ်သည်ဟူ၍ လည်းကောင်း အလေးအနက် ခံယူပါသည်။ ဤအမှာစာကို ရေးရသည့်အတွက်လည်း များစွာ ဝမ်းမြောက်ဂုဏ်ယူပါသည်။

**မောင်ခင်မင် (ဓနုဖြူ)**

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# နေရာမြတ်လေးပါး

ချစ်သား အာနန္ဒာ၊ သာသနာတော်၌ သက်ဝင်ယုံကြည်သော အမျိုးကောင်းသားတို့ သွားရောက်ဖူးမြော်ထိုက်သော အရပ်လေးပါးသည် လောက၌ ထင်ရှားရှိပေသည်။ အဘယ်အရပ်တို့နည်း။ (၁) ဘုရားသခင် မီးရှူးသန့်စင် ဖွားမြင်ရာအရပ်လည်း တစ်ပါး။ (၂) ဘုရားသခင် သဗ္ဗညုတဉာဏ်တော်ကို ရတော်မူရာ အရပ်လည်း တစ်ပါး။ (၃) ဘုရားသခင် ဓမ္မစကြာတရားတော်ကို ဟောတော်မူရာ အရပ်လည်း တစ်ပါး။ (၄) ဘုရားသခင် ပရိနိဗ္ဗာန် ပြုတော်မူရာ အရပ်လည်း တစ်ပါး။ ဤလေးပါးတို့တည်း ဟု မဟာပရိနိဗ္ဗာနသုတ်တွင် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည်။

ရှေးအခါက လုမ္ဗိနီအင်ကြင်းတော၊ ဗုဒ္ဓဂယာ မဟာဗောဓိ၊ မိဂဒါဝုန်၊ ကုသိနာရုံ၊ ဤအရပ်လေးပါးသို့ သီရိဓမ္မာသောကမင်း အစရှိသော မင်းကောင်းမင်းမြတ် သာသနဒါယကာ မဟာဧကရာဇ်တို့သည် သွားရောက်ဖူးမြော်၊ စေတီဘုရား ကျောင်းကန်များကို တည်ဆောက်ပြုလုပ် လှူဒါန်းခဲ့ကြပြီ။ တရုတ်အမျိုးသား ဖာဟီယန် အစရှိသော ရဟန်းတော်များသည်လည်း ကြွရောက်ဖူးမြော် ကြည်ညိုခဲ့ကြပြီ။ ယနေ့လည်း တိဗက်၊ တရုတ်၊ ယိုးဒယား၊ မြန်မာ၊ သီရိလင်္ကာ စသော ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် နှစ်စဉ်နှစ်တိုင်း သွားရောက်ဖူးမြော်လျက်ပင် ရှိကြလေသည်။


အိပ်မက်ဦး စာပေ

www.burmeseclassic.com

www.burmeseclassic.com


(၁)

သန္ဓေယူကာ၊ ဆယ်လကြာသော်
မဟာသက္ကရာဇ်၊ ခြောက်ဆယ့်ရှစ်ကြုံ
ကဆုန်လပြည့်၊ သောကြာနေ့ဝယ်
ချမ်းမြေ့စုံစီ၊ လုမ္ဗိနီ၌
မဟီလိုက်ဆူ၊ ဖွားတော်မူသည်
နတ်လူအောင်မြို့ လမ်းပါကို။



(၂)

တောရပ်မြိုင်ပေါ်၊ ခြောက်နှစ်ပျော်၍
ခါတော်တစ်ပုံ၊ ပွင့်ချိန်ကြုံက
ကဆုန်လပြည့်၊ ဆင်မင်းနေ့ဝယ်
မြေ့ပရမေ၊ ပလ္လင်ဗွေ့ထက်
ရွှေညောင်တော်ကြီး၊ ဗိတာန်ထီးနှင့်
မငြီးကြည်ဖြူ၊ နေတော်မူလျက်
ရန်မြူခပင်း၊ အမိုက်သင်းကို
အရှင်းပယ်ဖျောက်၊ အလင်းပေါက်က
ထွန်းတောက်ဘုန်းတော်၊ သောင်းလုံးကျော်သည်
သုံးဘော်လူတို့ ငြမ်းပါကို။



(၃)

ဘုရားဖြစ်ခါ၊ မိဂဒါသို့
စကြာရွှေဘွား၊ ဖြန့်ချီသွား၍
ငါးပါးဝဂ္ဂီ၊ စုံအညီနှင့်


www.burmeseclassic.com

www.burmeseclassic.com


မဟီတစ်သောင်း၊ တိုက်အပေါင်းမှ
ခညောင်းကပ်လာ၊ နတ်ဗြဟ္မာအား
ဝါဆိုလပြည့်၊ စနေနေ့ဝယ်
ကြွေ့ကြွေ့လျှံတက်၊ ဓမ္မစက်ကို
မိန့်မြွက်ထွေပြား၊ ဟောဖော်ကြားသည်
တရားနတ်စည် ရွှမ်းတယ်ကို။

(၄)

တရားနတ်စည်၊ ဆော်ရွှမ်းလည်က
သုံးမည်ဘုံသိုက်၊ တစ်သောင်းတိုက်ဝယ်
ကျွတ်ထိုက်သသူ
နတ်လူဗြဟ္မာ၊ သတ္တဝါကို
ခေမာသောင်သို့၊ ဖောင်ကူးတို့ဖြင့်
ဆောင်ပို့ပြီးခါ၊ ဝါလေးဆယ့်ငါး
သက်ကားရှစ်ဆယ်၊ စုံပြည့်ကြွယ်က
ရာလေးဆယ့်ရှစ်၊ သက္ကရာဇ်ဝယ်
နယ်မလ္လာတိုင်း၊ စံနှိုင်းမယုတ်
ကုသိန္နာရုံ၊ အင်ကြင်းစုံ၌
ကဆုန်လပြည့်၊ အင်္ဂါနေ့ဝယ်
ချမ်းမြေ့နိဗ္ဗူ၊ စံတော်မူသည်
ဗုန်းဆူသောင်းလုံး ကျော်တယ်ကို။

ဤသည်တို့ကား ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီးက အဆိုပါအရပ်လေးပါးတို့ကို ဖွဲ့ဆိုတော်မူသော တရားကဗျာ လေးပုဒ်တို့ပေတည်း။

ဤတွင် ရှေးပဝေသဏီအခါက အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့၏ ဓလေ့ထုံးစံတစ်ခုအကြောင်းကို ဖော်ထုတ်ရေးသားလိုသည်။ အိန္ဒိယနိုင်ငံတွင် သာသနာတော်နေဝန်း ထွန်းလင်းတောက်ပဆဲအခါက ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် အဆိုပါ နေရာမြတ်လေးပါးသို့ အရပ်ရှစ်


www.burmeseclassic.com

www.burmeseclassic.com


မျက်နှာမှ သွားရောက်ကြကာ စေတီပုထိုး ဂူကျောင်းဘုရားတို့ကို ဖူးမြော်ကန်တော့လေ့ရှိကြသည်။

ယခုအခါတွင် ကျိုက်ထီးရိုးဘုရားသို့ သွားသော ဘုရားဖူးသူများသည် အပြန်တွင် ကျိုက်ထီးရိုးဘုရားဖူး အထိမ်းအမှတ် ဝါးဖြင့်ပြီးသော ပစ္စည်းများကို ဝယ်ယူလာလေ့ရှိသည်။ ရွှေစက်တော်ဘုရား၊ မန္တလေးဘုရားဖူး စသောသူတို့သည်လည်း မိမိတို့ရောက်ခဲ့သောအရပ်မှ အထိမ်းအမှတ်ပစ္စည်းများကို ဝယ်ယူလာခဲ့လေ့ရှိသည်။ ထိုနည်းတူစွာ ရှေးအိန္ဒိယနိုင်ငံတွင်လည်း ဘုရားဖူးများသည် အထိမ်းအမှတ်များကို ဝယ်ယူခဲ့ကြသည်။ ထိုအထိမ်းအမှတ်ပစ္စည်းများမှာ နှစ်ပေါင်းနှစ်ထောင်ကျော် ကြာပြီဖြစ်၍ ပျက်စီးတိမ်မြုပ်ကြပြီဖြစ်သော်လည်း ခံနိုင်ရည်ရှိသော ပစ္စည်းအချို့ကိုကား အိန္ဒိယပြည် ရှေးဟောင်းသုတေသနဌာနက တူးဖော်ရှာဖွေ တွေ့ရှိလေ့လာပြီးကြလေပြီ။ ထိုပစ္စည်းများမှာ သတ္တုကို သွန်းလုပ်ထားသော ဒင်္ဂါးများ ဖြစ်ကြသည်။ ဤဒင်္ဂါးများကို အိန္ဒိယနိုင်ငံ နေရာအနှံ့အပြားတွင် အများအစား တွေ့ရသော်လည်း တံဆိပ်ပုံများမှာကား ဆယ်မျိုးမျှလောက်သာ ဖြစ်သည်။



ပထမတံဆိပ်ပုံမှာ ပဒုမ္မာကြာပွင့်ပုံ ဖြစ်သည်။ ဤပုံမှာ အလောင်းတော်မင်းသား လုမ္ဗိနီအင်ကြင်းတော၌ မယ်တော်ဝမ်းမှ မီးရှူးသန့်စင် ဖွားမြင်သည့် အထိမ်းအမှတ်ဖြစ်သည်။ ဖွားမြင်ပြီး မကြာမြင့်မီပင် အလောင်းတော်သည် မြောက်သို့ ခုနစ်ဖဝါး လှမ်းကြွတော်မူရာ၌ ပဒုမ္မာကြာပွင့် ခြေတော်အောက်က ခံသည်ကို အကြောင်းပြု၍ ပဒုမ္မာကြာပွင့်တံဆိပ်ကို ဒင်္ဂါးတွင် ခတ်နှိပ်ထားခြင်းဖြစ်သည်။ ဤဒင်္ဂါးမျိုးကို လုမ္ဗိနီအင်ကြင်းတောသို့ သွားရောက် ဘုရားဖူးကြသော သူတော်စင်တို့အား ရွှေကြိုများက ရောင်းကြသည်ဟု ပညာရှိများ အယူရှိသည်။




www.burmeseclassic.com

www.burmeseclassic.com




ဒုတိယတံဆိပ်ပုံမှာ ဗောဓိပင်ပုံ ဖြစ်သည်။ အလောင်းတော်သိဒ္ဓတ္ထသည် ဗောဓိပင်နှင့် ရွှေပလ္လင်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူသည်ကို အကြောင်းပြု၍ ဗောဓိညောင်တံဆိပ်ကို ဒင်္ဂါးတွင် ခတ်နှိပ်ထားခြင်းဖြစ်သည်။ ဤဒင်္ဂါးမျိုးကို ဗုဒ္ဓဂယာ မဟာဗောဓိအရပ်မှ ဘုရားဖူးသူတို့ ဝယ်ယူသွားကြသည်။



တတိယတံဆိပ်ပုံမှာ လှည်းဘီးရဟတ်စကြာပုံ ဖြစ်သည်။ မိဂဒါဝုန်၌ ဘုရားသခင် ဓမ္မစကြာ ဟောတော်မူသည်ကို အကြောင်းပြု၍ ဤတရားစကြာပုံကို ဒင်္ဂါးတွင် ခတ်နှိပ်ထားခြင်းဖြစ်သည်။



စတုတ္ထတံဆိပ်ပုံမှာ ထီးနှင့် တကွသော စေတီပုံဖြစ်သည်။ ဤပုံမှာ ကုသိနာ္နာရုံပြည်၌ ဘုရားသခင် ပရိနိဗ္ဗာန်စံယူသည်ကို အကြောင်းပြု၍ ဓာတ်တော်ကို ဌာပနာရာ စေတီတော်ပုံကို အထိမ်းအမှတ်ပြုခြင်းဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com


ဤတံဆိပ်တို့တွင် ယခုဆိုက်ရောက်ဆဲဖြစ်သော ကဆုန်လပြည့် ဘုရားမွေးနေ့အခါနှင့် ပဒုမ္မာကြာတံဆိပ်သည် သက်ဆိုင်လျက်ရှိပေသည်။ ဘုရားမွေးနေ့နှင့် ဘုရားမွေးရာ ဒေသတို့ကို ပဒုမ္မာကြာပွင့်တံဆိပ်ဖြင့်သာ လျှင် အထိမ်းအမှတ်ပြုသည် မဟုတ်သေး။ ဦးချိုနှင့်တကွသော နွားဦးခေါင်းပုံ နှင့်လည်း အထိမ်းအမှတ် ပြုကြလေသေးသည်။ အဘယ့်ကြောင့်ဆိုသော် အလောင်းတော် မီးရှူးသန့်စင် ဖွားမြင်သောလသည် မြန်မာလို ကဆုန်လ၊ ပါဠိသက္ကဋလို ပြိဿရာသီဖြစ်လေသည်။ ပြိဿရာသီမှာ နွားလားဥသဘ အဆင်းရှိသော ရာသီဖြစ်လေသောကြောင့်တည်း။


www.burmeseclassic.com

www.burmeseclassic.com

# ရခိုင်ပြည်နယ်မှ အမြုတေများ

ကျွန်တော်သည် **ထက်အာကာဖွို၊ ဝါယောတွီ၍** အစချီသော ရခိုင်ရတုကို မြန်မာစာညွန့်ပေါင်းစာအုပ် ပေါ်ခါစ ဖတ်မိကတည်းက ရခိုင်စာပေတို့ကို အဝေးက တွေး၍ နှမြောလျက်ရှိမိပါသည်။ ထို့နောက် ဝဂါပျံ၊ အဒူမင်းညို၊ မဟာပညာကျော်တို့၏ စာများကို လေးလေးစားစား ဖတ်ရှုတ်လေ့လာမိပါသည်။ သို့သော်လည်း ဤပုဂ္ဂိုလ်များနည်းတူ အခြားရခိုင်ပညာရှိတို့သည်လည်း ရတု၊ ရကန်၊ အဲ၊ အန်၊ ချေင်းမှ စ၍ လင်္ကာစကားပြေတို့ကို ရေးခဲ့ကြပေမည်။ ထိုစာပေတို့ကို မတွေ့ရသဖြင့် မကျေမနပ် ဖြစ်လျက်ပင် ရှိရပါသည်။ ထို့ကြောင့် ရခိုင်အမျိုးသား မိတ်ဆွေများနှင့် စကားစမြည် လက်ဆုံကျသည့်အခါတိုင်း ရခိုင်စာပေအကြောင်းကို မေးမြန်းရာ အဘိုးအဘွားများတော့ ရခိုင်စာပေတို့ကို လေ့လာမှတ်သားကြပါသည်။ ပေစာ၊ ပုရပိုက်စာများလည်း ရှိပါသေးသည် ဟူသော အဖြေမျိုးကိုသာ အရများပါသည်။ သို့သော်လည်း အချို့မိတ်ဆွေများထံမှ သီချင်း အတိုအစ ကလေးများကို ရဖူးပါသည်။ ထိုအတိုအစ ကလေးများကား ငမောက်ပတ္တမြားကြီးမှ ပွဲထွက်လာသော ကျောက်စကျောက်နကလေးများကဲ့သို့ စိတ်ကိုနှစ်သက်စေ၍ ပင်ရင်းပတ္တမြားကြီးကို ရှာဖွေတွေ့ရှိလိုသောဆန္ဒကို အထူးအားပေးလျက် ရှိပါတော့သည်။ ကျွန်တော်၏ နည်းတူ အခြားစာပေ ဝါသနာပါသူတို့အားလည်း ဤဆန္ဒမျိုး ပေါ်ပေါက်စေလိုသော အာသီသဖြင့် အောက်တွင် ရခိုင်အမြုတေများကို ဖော်ပြလိုက်ပါ၏။

(၁)

အောက်ပါကဗျာမှ အင်္ဂလိပ်လူမျိုးများ ရခိုင်ပြည်နယ်တွင်းသို့ ချဉ်းနင်းဝင်ရောက်စအခါက အများပြည်သူတို့ သီဆိုကြွေးကြော်သော တဘောင်သီချင်းဟု သိရပါသည်။



www.burmeseclassic.com

www.burmeseclassic.com


အင်္ဂလိပ်ရှေ၊ ကိုက်လတ်တေ။
တောင်က လိပ်ကြီး ထွက်လို့ပြီး။
ဝရစ်တောင်က ခွေးလည်း ဘောင်ဘောင်
ဟောင်လတ်တေ။
ချင်းမ လက်ဖွဲ့ ထိုးလတ်တေ။
မြို့မ လက်ဖွဲ့ ထိုးလတ်တေ။

(၂)

အောက်ပါသီချင်းမှာ ဒါကာ၊ မောက်သူဇာ စသော ဘင်္ဂလားမြို့များသို့ ရခိုင်စစ်သည်တော်များ ရေကြောင်းချီတက်ရာတွင် သီဆိုသော ရဲလှေသီချင်း တစ်ပိုင်းတစ်စဟု သိရပါသည်။

ချင်းမ ဗုတ်ဆုံ၊ နဆာလှုံ
ဗုတ်ဆုံ နီရှာ၊ ယာတောင်မာ
ဟုံးဝ ကျောက်ဖား၊ ခေါင်းလောင်းဒူ
တစ်ယူဇနာ၊ ကျွန်းနံ့သာ
ဒေါက်ကာလေ၊ မောက်သူဇာမာလေ
ဒေါက်ကာအဖျား၊ ဘင်္ဂလားသို့။

(၃)

ကလေးသူငယ်များ ဒန်းလွှဲ ဒန်းစီးသောအခါ၌လည်းကောင်း၊ သားသည်မိခင်များ ကလေးပုခက်လွှဲသောအခါ၌လည်းကောင်း၊ သီဆိုကျူးရင့်တတ်သော သီချင်းများမှာ အောက်ပါတို့ ဖြစ်ပါသည်။

အမေလေ ယောင်းမလေ။
ထီးနှင့် ထမ်းစင် အယင်ယူခ။
စရဘွေ့ အိမ်နောက်က။
နောက်ကအိမ်ရှင် မန်းကျည်းပင်။
ပင်လယ်ပင်စွပ် ကပိုင်ရွာမှာ
လီသသွတ်လေ လီသသွတ်လေ။
အဘကြီး ဝါဝါ
တောင်ရင်းစွန်းက မြင်းစီးလို့လာ။
နမသန္တာ
ငွေဖလားနှင့် ကွမ်းယာလို့ပါ။
ငါ့ကိုတယာ မပီးလား။
ကွန်ဆိုးမ သမိန်း ဂျိန်းဂျိန်း။


www.burmeseclassic.com

www.burmeseclassic.com



(၄)

အောက်ပါစာမှာ အကြောင်းအကျိုး ဆက်ကာဆက်ကာ ကလေးများ ဉာဏ်ပွားအောင် ရှေးသူတို့ ကြံဖန်စီစဉ်ပေးသော ကလေး အငြီးပြေ စာတစ်မျိုးဖြစ်ပါသည်။

အဘာဝါ–အဘာ ရီခပ်လား လီယင့်။
အမင်ဝါ–အမင် ဆန်ဖွပ်လား လီယင့်။
ဆန်ဝါ–ဆန် စပါးထောင်း လီယင့်။
စပါးဝါ–စပါး ကြက်ရှေစား လီယင့်။
ကြက်ရှေဝါ–ကြက်ရှေ စွန်သုတ်လား လီယင့်။
စွန်ဝါ–စွန် အခေါင်းဝင် လီယင့်။
အခေါင်းဝါ–အခေါင်း မီးတိုက် ပိုက်လီယင့်။
မီးဝါ–မီး ရီဆွတ်ပိုက်လီယင့်။
ရီဝါ–ရီ ဆင်ပြောင်ကြီး သောက်လီယင့်။
ဆင်ပြောင်ကြီးဝါ–ဆင်ပြောင်ကြီး တောင်စဉ်ယောင်းလီယင့်။
တောင်စဉ်ဝါ–တောင်စဉ် ဆန္ဒင်းစိုက် လီယင့်။
ဆန္ဒင်းဝါ–ဆန္ဒင်း သင်္ကန်း ဆိုးလီယင့်။
သင်္ကန်းဝါ–သင်္ကန်း မောင်ရှင် ဝတ်လီယင့်။
မောင်ရှင်ဝါ–မောင်ရှင် ပန်းဆွတ်လား လီယင့်။
ပန်းဝါ–ပန်း ဘုရား တင်လီယင့်။
ဘုရားဝါ–ဘုရား နိဗ္ဗာန် ဝင်လီယင့်။

(၅)

ကလေးသူငယ်များ အပျင်းပြေ သီဆိုပျော်မြူးကြသော သီချင်းများမှာ အောက်ပါတို့ဖြစ်ပါသည်။

အဝေ အဝေ
ငသံခေ။
မတ်စကားကို
ကွဲစား ရေ။
အဝေယောက်ဖ
ခွေး ခေါ်ခ။
ယောက်ဖ ခွေးခေါ်
ရှာလုံးကျော်။
အဒုံဒုံ



www.burmeseclassic.com

www.burmeseclassic.com


ရွှေဖရုံသီး။
နှင်း မကျလို့
မကြီးသီး။
နှင်းကျလတ်မေ
ကြီးလတ်မေ။
ငရွှေအေးရို့ အငေခါ
ပင်လယ်နားမာ ရီကစပ်တေ။
ကျွဲခရာလေး အင်းအင်း။
ဆင်ခရာလေး အင်းအင်း။
ဘဲမညို ဘဲဖို ချောင်းကိုဆင်း။

အထက်ပါ စာတိုပေစကလေးများနှင့် စပ်လျဉ်း၍ အနက်အဓိပ္ပာယ် အသံနေ အသံထား စသော သိသင့်သိထိုက်သည့် အကြောင်းအရာများကို ရခိုင်အမျိုးသားများက ရှာဖွေရေးသားကြပါလျှင် ကျေးဇူးများဖွယ်ဖြစ်ပါသည်။ (၁၉၅၀)

[၁၉၆၁ ခုနှစ်တွင် ဦးစက္ကိန္ဒ ရှာဖွေစုဆောင်းစီစဉ်၍ ရခိုင်ရှေးဟောင်း ရာဇဝင်နှင့် စာပေအဖွဲ့ က ထုတ်ဝေသော ရခိုင်သဘာဝတေးကဗျာများ စာအုပ်ကို ဆက်လက်ဖတ်ရှုကြပါ။]


www.burmeseclassic.com

## ဟသသရသ

စာပေအဖွဲ့အနွဲ့ဆိုင်ရာ အရသာကိုးပါးတွင် ပြုံးရယ်ခြင်းကို ဟသသ ရသဟု နားလည်ရသည်။ မည်သည့်အကြောင်းကြောင့် ပြုံးရယ်ရသနည်း။ ကိုးရိုးကားရား ဖောက်ဖောက်ပြန်ပြန် ကမောက္ကမ ပြောခြင်းဆိုခြင်း ပြုမူခြင်းတို့ကို ကြားရမြင်ရသောကြောင့် ပြုံးရယ်ရသည်။ ဤကား အလင်္ကာကျမ်းတို့၏ ဆိုမိန့်ချက်ကို ကျွန်တော် နားလည်မိသမျှ ပြန်ပြောရခြင်းဖြစ်သည်။

တစ်ဖန် ရယ်မောခြင်းကို ခြောက်မျိုး ခွဲပြထားပြန်သည်။ (၁) မျက်လုံးပွင့်ရုံ ရယ်ခြင်း၊ သိတ။ (၂) သွားပေါ်ရုံ ရယ်ခြင်း၊ ဟသိတ။ (၃) အသံညှင်းညှင်းထွက်ရုံ ရယ်ခြင်း၊ ဝိဟသိတ။ (၄) ပခုံးဦးခေါင်းလှုပ်အောင် ရယ်ခြင်း၊ ဥပဟသိတ။ (၅) မျက်ရည်ထွက်အောင် ရယ်ခြင်း၊ အပဟသိတ။ (၆) ကိုယ်ကိုပစ်၍ ရယ်ခြင်း၊ အတိဟသိတ ဟူ၍ ရယ်မောခြင်းခြောက်ပါးဟု ခွဲပြ ထားသည်။

တစ်ဖန် အမှတ် (၁) နှင့် (၂) ဖြစ်သော (သိတ) (ဟသိတ) ကို မြတ်သောသူ၏ ရယ်ခြင်း၊ (၃) ဝိဟသိတနှင့် (၄) ဥပဟသိတကို အလတ်ဖြစ်သော သူ၏ ရယ်ခြင်း၊ (၅) အပဟသိတနှင့် (၆) အတိဟသိတကို ယုတ်သောသူ၏ ရယ်ခြင်းဟု အယုတ် အလတ် အမြတ် အမျိုးအစားအားဖြင့် သုံးပါးခွဲခြားထားသည်။

ဟသသရသခန်းတွင် ဥဒါဟရဏ်ဆောင်၍ ပြထားသောဂါထာတို့ကို တွေ့ရသည်။ သို့သော်လည်း ပြုံးဖွယ်ရယ်ဖွယ် ကိစ္စတို့ကိုသာ တွေ့ရသည်။ ပြုံးရယ်ခြင်း ပြုံးရယ်ပုံတို့ကို မတွေ့ရ။ ဤဆောင်းပါးတွင် ပြုံးပုံရယ်ပုံကို မဆွေးနွေးလို။ ပြုံးဖွယ်ရယ်ဖွယ်တို့ကို ဆွေးနွေးလိုသည်။

အထက်တွင် ထုတ်ဆောင်ကိုးကား ဖော်ပြခဲ့သည့်အတိုင်း အလင်္ကာဆရာသည် ဟသသရသ ရယ်မောခြင်းကို ခြောက်ပါးသုံးမျိုး ခွဲပြဘိသကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com


ပြုံးဖွယ် ရယ်ဖွယ်တို့ကိုလည်း အနုစား အကြမ်းစားအားဖြင့် နှစ်မျိုးခွဲပြထိုက်သည်၊ ခွဲပြနိုင်သည်ဟု ထင်ပါသည်။

လူတို့သည် ပြုံးချင်ရယ်ချင်ကြသည်။ ပြုံးဖွယ်ရယ်ဖွယ်တို့ကို ပြောဆိုရေးသားပြုမူကြသည်။ ပြုံးဖွယ်ရယ်ဖွယ်တို့ကို တွေ့လည်း တွေ့ရတတ်သည်။ စာနယ်ဇင်းတို့တွင် ရယ်ရွှင်ဖွယ်အခန်းများကို ထည့်သွင်းဖော်ပြကြသည်။ ဇာတ်ပွဲ၊ အငြိမ့်ပွဲ၊ ရုပ်သေးပွဲ၊ ရုပ်ရှင်ပွဲ၊ ပြဇာတ် စသည်တို့တွင် ရယ်ရွှင်ဖွယ်အခန်းတို့ကို ထည့်သွင်းကြသည်။ လူရွှင်တော်တို့ကို လူအများ နှစ်သက်ကြသည်။ အသောခန်းကို လူအများ တောင့်တကြသည်။ ပြုံးရွှင်ရယ်မောရလျှင် အသက်ရှည်သည်ဟုပင် လူတို့ ယုံကြည်ကြသည်။ ထို့ကြောင့် ဟဿရသသည် လောကီစာပေတွင် အရေးကြီးသော ရသတစ်ခုဖြစ်သည်ဟု ဆိုရပေမည်။

ပါဠိအလင်္ကာကျမ်းနှင့် နိဿျမျှားကို စီစဉ်ရေးသားကြရာတွင်ကား ကျမ်းဆရာတို့သည် လောကုတ္တရာစာပေမှ ရယ်ရွှင်ဖွယ်တို့ကို ရှာဖွေကြသည်။ ဥဒါဟရုဏ်အဖြစ် ကိုးကားဆောင်ယူဖော်ပြကြသည်။ ဥပမာအားဖြင့် ဆိုရလျှင် အလင်္ကာကျမ်းဆရာတစ်ဦးက ၅၅၀၊ ဒုကနိပါတ်၊ သောမဒတ္တဇာတ်ကို ဆောင် ယူပြသည်မှာ အောက်ပါအတိုင်းဖြစ်သည်။

ရှေးအခါက သောမဒတ္တ အမည်ရှိသော သူဆင်းရဲပုဏ္ဏား တစ်ဦးသည် အလွန်ရှက်တတ်ကြောက်တတ်သည်။ နွားတစ်ရှဉ်းနှင့် လယ်ယာလုပ်ကိုင် အသက်မွေးရာတွင် နွားတစ်ကောင် သေသဖြင့် ဗာရာဏသီမင်းထံတွင် တစ်ရှဉ်းပြည့်အောင် နွားတစ်ကောင် တောင်းလိုသောကြောင့် နွားတောင်းဂါထာကို တစ်နှစ်တာမျှ သားထံတွင် သင်အံလေ့ကျက်လေသည်။ ထိုဂါထာ၏ သဘောမှာ အရှင်မင်းကြီး ကျွန်ုပ်၏ နွားနှစ်ကောင်တွင် တစ်ကောင်သေခဲ့၍ တစ်ကောင်လိုနေပါသည်။ ထို လိုသောနွားကို ပေးပါလော့ဟု ဖြစ်သည်။ သို့သော်လည်း မင်းရှေ့သို့ရောက်သောအခါ ရှက်ကြောက်လန့်ထိတ်သောကြောင့် ယောင်မှားကာ အရှင်မင်းကြီး ကျွန်ုပ်၏ နွားနှစ်ကောင်တွင် တစ်ကောင်သေခဲ့၍ တစ်ကောင် ကျန်နေပါသည်။ ထို ကျန်သောနွားကို ယူပါလော့ဟု ဖောက်ဖောက်ပြန်ပြန် လျှောက်ထားမိလေသည်။

ဤအဖြစ်ကား ရယ်ဖွယ်သာတည်း။

ဤဥဒါဟရုဏ်ကား ရယ်ဖွယ်အနုစား ဖြစ်သည်။ မောင်နှင့် နှမ၊ သားနှင့်အမိ၊ ဆရာနှင့်တပည့် ပြောရဲဆိုရဲ ကြားရဲနာရဲသော ရယ်ဖွယ်စကား



www.burmeseclassic.com

www.burmeseclassic.com



မှတ်ဖွယ်စကား ဖြစ်သည်။ တိုးတိုးဖတ်လည်း ဖတ်ရဲသော၊ ကျယ်ကျယ်ဖတ်လည်း ဖတ်ရဲသော ဥဒါဟရဏ်ဖြစ်သည်။

ဒုတိယ အလင်္ကာနိဿျဆရာတစ်ဦးက ဆောင်ယူဖော်ပြသော ဥဒါဟရဏ်မှာ ၅၅၀၊ တိကနိပါတ်၊ ကစ္ဆပဇာတ် ဖြစ်လေသည်။

လွန်လေပြီးသောအခါ ဘုရားလောင်းပုဏ္ဏားသည် ရသေ့ရဟန်းပြု၍ ဟိမဝန္တာအရပ်ဝယ် ဂင်္ဂါနား၌ ကျောင်းဆောက်၍ ဈာန်ကစားခြင်းကို ကစားလျက်နေ၏။ ဤဇာတ်၌ အလောင်းတော်သည် အလွန် လျစ်လျူရှုသတတ်။ ဥပေက္ခာ ပါရမီကို ဖြည့်သတတ်။ ထိုဘုရားလောင်းသည် ကျောင်းတံခါး၌နေစဉ် တစ်ခုသော၊ သီလမရှိသော၊ ပြစ်မှားတတ်သော မျောက်တစ်ကောင်သည် လာလတ်၍ နားပေါက်တို့၌ အင်္ဂါဇာတ်ကို သွင်းသောအမှုကို ပြု၏။ ဘုရားလောင်းသည် မမြစ်မူ၍ လျစ်လျူရှုလျက် နေ၏။ ထိုအခါ တစ်နေ့သ၌ တစ်ခုသော လိပ်သည် ရေငတ်သည်ဖြစ်၍ ဂင်္ဂါနား၌ ခံတွင်းကိုဖွင့်၍ နေပူခံလျက် အိပ်၏။ ထိုလိပ်ကိုမြင်၍ လျှပ်ပေါ်သော မျောက်သည် လိပ်၏ခံတွင်း၌ အင်္ဂါဇာတ်သွင်းခြင်းကို ပြု၏။ ထိုအခါ လိပ်သည် နိုး၍ မျောက်၏ အင်္ဂါဇာတ်ကို ကြုတ်၌ထည့်ဘိသကဲ့သို့ ကိုက်၏။ ပြင်းစွာသော ဝေဒနာသည်ဖြစ်၏။ ထိုဝေဒနာကို သည်းခံအံ့သောငှာ မတတ်နိုင်ရကား လိပ်ကို လက်နှစ်ဖက်တို့ဖြင့် ချီမ၍ အကူအညီ တောင်းအံ့သောငှာ ဘုရားလောင်းရသေ့ထံသို့ သွား၏။ ဘုရားလောင်းသည် လိပ်ကို ပိုက်၍လာသော မျောက်ကို မြင်၍ အကြောင်းရင်းကို ဆင်ခြင်စဉ်းစားမိသောအခါ ပြက်ရယ်ပြုလိုသဖြင့် ဤသို့ ဆီးကြိုဆိုလင့်၏။ သပိတ်ပိုက်၍ ဆွမ်းခံလာသော ပုဏ္ဏားကဲ့သို့ ကျွန်ုပ်ထံသို့ ချဉ်းကပ်လာသူကား အဘယ်သူနည်း။ အဘယ်အရပ်တွင် ဆွမ်းခံပါသနည်း။ အဘယ်သူ့ထံတွင် ဆွမ်းရပါသနည်း ဟု လှမ်း၍ မေးလေသည်။

ဤမျောက်၏ အဖြစ်နှင့် အလောင်းတော်ရသေ့၏ စကားတို့ကား ပြုံးဖွယ် ရယ်ဖွယ်ပင်ဖြစ်သည်။ သို့သော်လည်း မိန့်တော်မူသောအကြောင်း၊ ဟောတော်မူသော ကိစ္စတို့ကား ပြုံးဖွယ်ရယ်ဖွယ် မဟုတ်။ မျောက်ကို ဆိုဆုံးမလိုသော ဆန္ဒတော်ဖြစ်သည်။ ဤဇာတ်ကို တရားသဘောအနေနှင့် ကြည့်လျှင် ဆိုဖွယ်ရာအကြောင်းမမြင်။ သို့သော် ဟဿရသ ပိုင်းတွင် ပြုံးဖွယ်ရယ်ဖွယ် သက်သက်အဖြစ်နှင့် ဆောင်ယူကိုးကားသည်ကိုကား ဆင်ခြင်ဖွယ်ရှိသည် ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com


ဤဇာတ်ကို ရယ်စရာဇာတ်အနေနှင့်ကြည့်လျှင် ရယ်ဖွယ်အကြမ်းစား ဟူ၍သာ မှတ်ရချိမ့်မည်။ အလင်္ကာကျမ်းတွင် ဤဥဒါဟရဏ်ကို ထုတ်ဆောင် ကိုးကားဖော်ပြသဖြင့် အလင်္ကာကျမ်း လေ့လာသူတို့ အယူချွတ်လွဲစရာ ရှိသည်။

အလင်္ကာကျမ်းဆရာကြီးများပင် မကြားကောင်း မနာသာသော ရယ်ဖွယ်ပြယုဂ်ကို ဆောင်ယူကိုးကားကြသေးသည်။ ငါတို့လည်း မကြားကောင်း မနာသာသော ရယ်ဖွယ်ကို ရေးသားဖွဲ့နွဲ့ပါသော်ကော ဟု အကြံပေါက်ကြ ရာသည်။ ပေါက်လည်း ပေါက်ခဲ့ကြပြီ။ စာဆိုကြီးများပင် ဤရယ်ဖွယ်မျိုး ရေးသည်ကို တွေ့ရသည်။

ဥပမာ ရှေးပြဇာတ်တစ်အုပ်၌ အောက်ပါ ပတ်တိုက်စကားကို တွေ့ ရသည်။

အို - ဆရာရို့။
ရှေးသရောအခါ၊ ဟေမဝါမှာ
သာယာစွာဘိ
ရွှေမှုန်ဝတ်ဆံ၊ ကြာမျိုးရံ
ရေကန်ကြီးရှိသတဲ့ - ဆရာရို့။
ထိုရေကန်သို့
လူတန်ယောကျ်ား၊ တစ်ယောက်သားသည်
အမှားသင့် ရောက်လှာ
နေက ပူပြင်း၊ ရေငတ်ခြင်းကြောင့်
ဆင်းလို့ သောက်ရှော့။
ခေါင်း စောက်ထိုးထား၊ တင်ပါး မိုးမျှော်
သိကြားကိုသရော်သလို၊ ဇာတ်လုံးပေါ်ခင်းရာတွင်
တောတွင်းက ယောင်တောင်တောင်၊ လူဝံကြီးတစ်ကောင်လဲ
များအောင်မကြာ
ရေကန်တွင်းသို့၊ ဖွတ်ဆင်း၍ လာပြီးလျှင်
မောင်ဘဇာ ကပ်ပယ်အိတ်၊ နီချိတ်ချိတ် စုတ်ဖတ်ဖတ်
ပင့်ကူမြွေး ရစ်ကာနှင့်၊ ကျီးအာသီးမှတ်လေတော့
ဆတ်ခနဲဆုပ်၊ ဆွတ်တော့မည်လုပ်ရာတွင်
ရုတ်တရက် မကြွေတဲ့၍၊ မမှည့်သေးပါတကား
နက်ဖြန်ခါမှ၊ ငါလာ၍စားမည်ဟု
ငမိုက်သား လူဝံမွဲ၊ အကြံလွဲပေလို့


www.burmeseclassic.com

www.burmeseclassic.com


မဆွတ်ဘဲသွား၊ ထိုယောကျ်ားလဲ
ကံအားလျော်စွာ၊ ဘေးလွတ်ရှာရော့။

နောက်တစ်ခုကို အသဒိသရတုမှ ထုတ်ဆောင်၍ ပြပါအံ့။ ထိုရတုမှာ ရှင်လောင်းလှည့်ရာတွင် ဆိုရသော ရွှဲလိုက်ရတုဖြစ်သည်။ ထုတ်ဆောင်အံ့သော စာပိုဒ်ဆိုင်ရာ စကားစပ်မှာကား အလောင်းတော် အသဒိသ မင်းသား မြားရေးပြရာတွင် ပွဲကြည့်ပရိသတ်များ ကြောက်လန့်၍ ပြေးကြလွှားကြ လဲကြပြိုကြပုံကို ဖွဲ့နွဲ့ထားခြင်း ဖြစ်သည်။

ချုံကိုဝင်၊ ဥမင်ဂူသို့အောင်း။
ဘူးစင် ပဲစင်၊ ဖရုံစင်မှာ
ခိုဝင်လွတ်ကြောင်း ကြောင်းနှင့်။ (ရွှဲ)
ဘန်းကိုဆောင်၍၊ တောင်းနှင့် ကာသူကာ။ (ရွှဲ)
ဦးခေါင်းစောက်ထိုး၊ လက်ကိုမိုးသည်
ရှိခိုး တစာစာတည်း။ (ရွှဲ)
ကယ်ကြပါ ကယ်ပါ အို အမိ။ (ရွှဲ)
ဘုရား ဘုရား၊ ကျွန်တို့အားကို
သိကြား မြင်ပါဘိလော့။ (ရွှဲ)
သေမချိသည်၊ မျက်စိမှုးဝေရီ။ (ရွှဲ)
ဘယ့်နှယ်မသိ၊ မိုးလုံးဖိသည်
ပြိုအိ ကျချေပြီတည်း။ (ရွှဲ)
တစည်စည်သည်၊ ငိုမြည် အော်ဟစ်ကြွေး။ (ရွှဲ)
တစ်ယောက်ကိုတိုက်၊ တစ်ယောက်ခိုက်သည်
မြေနှိုက် လိမ့်ကာထွေး၍။ (ရွှဲ)
ပြေးသူပြေး၊ မှိုင်သူမှိုင်။ (ရွှဲ)
ရွှေရင်ဖွေးဖွေး၊ ပျိုကလေးတို့
ကိုယ်ရေး မလုံနိုင်ခဲ့။ (ရွှဲ)
တယိုင်ယိုင်သည်၊ တထိုင် တကုန်းကုန်း။ (ရွှဲ)
ထက်အောက် တွင်းပြင်၊ တက်တက် စင်အောင်
ဘဝင်ပြာ၍အုန်းသည်။ (ရွှဲ)
တစ်လုံး နှစ်လုံး၊ ဂျိုးဥလုံးကို
မဖုံးနိုင်ပြီဘဲတည့်လေး။ (ရွှဲ)
တစ်ပေါင်နှစ်ပေါင်၊ သပြေရောင်ကို
လုံအောင် တတ်နိုင်ဘဲတည့်လေး။ (ရွှဲ)


www.burmeseclassic.com

www.burmeseclassic.com


တစ်ပေါ်နှစ်ပေါ်၊ ကိုယ်လုံးပေါ်သည်
ပဲလှော် အာတာ ကွဲတည့်လေး။ (ရွှဲ)

ဤရယ်ဖွယ်မျိုးတို့ကို စာပေတွင် အတော်ကလေး တွေ့ရသည်။ အရပ်ထဲတွင် အများအပြား ကြားရသည်။ သို့သော် ဤထက် နက်နဲသိမ်မွေ့၍ ရယ်မြူးဖွယ်ကောင်းသော စကားနှ စကားယဉ်တို့လည်း အများပင် ရှိပေသေးသည်တည်း။ (၁၉၅၁)

www.burmeseclassic.com

www.burmeseclassic.com

## မဝါလွမ်းစမား

ပါမောက္ခဆရာကြီးဦးဖေမောင်တင်သည် ထားဝယ်စကားအကြောင်း ဆောင်းပါးကို မြန်မာနိုင်ငံတော် သုတေသနအသင်းဂျာနယ်တွင် ရေးခဲ့ပြီ။ ဆရာ့အဘွားက ထားဝယ်အဆက်အနွယ်ကွ။ ဒါကြောင့် ဆရာ ထားဝယ်စကားအကြောင်းကို ရေးနိုင်တယ်ထင်တယ် – ဟု ကျွန်တော် ထားဝယ်ဘက်သို့ အလည်ထွက်ခါနီးတွင် ဆရာကြီးက အမိန့်ရှိသည်။ ကျွန်တော်ကား ထားဝယ်သို့ အပန်းဖြေရန် ရည်ရွယ်ချက်နှင့် သွားဖို့ ကြံစည်ခြင်းဖြစ်သည်။ ထို့ကြောင့် ဆရာကြီး၏ ဆောင်းပါးကို နောက်ထပ် ပြန်လည်မဖတ်မိပါ။ ငယ်စဉ်က လေ့လာဖူးသည်သာ ရှိသည်။ သို့သော်လည်း ထားဝယ်သို့ ရောက်သောအခါ ဒေသန္တရ ဗဟုသုတ၊ ဘာသန္တရ ဗဟုသုတ စသည်တို့သည် မရှောင်နိုင်အောင် ပေါများသည်ကို တွေ့ရသဖြင့် ခရီးသွားဟန်လွှဲ မေးမြန်းမှတ်သားခဲ့ရပေသည်။

တစ်နေ့သောအခါ မိတ်ဆွေဦးဘမောင်နှင့် စကားလက်ဆုံကျမိသည်။ ကျွန်တော်က ပြောပါသည်။ ခင်ဗျားတို့စကားသံမှာ ကောက်ကိုကော့ အောက်ကိုအော့ ဆိုကြတယ်။ အင်းလေးက အင်းသားစကားသံနဲ့ ဆင်တယ်ဗျာ။ သူတို့ဆီမှာ စကားစဉ်တစ်ခု ရှိတာကို ကျွန်တော် မှတ်သားဖူးပါတယ်။ ညောင်ပင်အောက်က မျောက်၊ ကျောက်ခဲနဲ့ ကောက်ပေါက် ဆိုတာကို အင်းသားများကတော့ ညောင်ပင်အော့ကမျော့၊ ကျော့ခဲနဲ့ကော့ပေါ့လို့ ဆိုကြသတဲ့ ဟု ကျွန်တော်က ပြောပါသည်။ ထိုအခါ ကိုဘမောင်က ကျွန်တော်တို့မှာလည်း တစ်ခုရှိပါတယ်။ ကျီးကန်းတစ်ကောင်၊ ကျောင်းထက်မှာနား၊ ကျောက်ခဲနဲ့ ပစ်ချ၊ ခြေထောက်မှာထိ၊ ကျိုးသွား၊ ကျလာ ဆိုတာကို ကလီးကန်းတကောန်၊ ကလောန်းထက်မာနား၊ ကလော့ခဲနပစ် ခလ၊ ခေထော့မာ ထိ၊ ကလိုးသွား၊ ကလလာ လို့ ဆိုရပါတယ်။ အဲသည်မှာဆိုရင် မြန်မာစကားက ယပင့်သံတွေ



www.burmeseclassic.com

www.burmeseclassic.com


ကို ကျွန်တော်တို့က လဆွဲသံနဲ့ ဆိုကြပါတယ်။ ကလီးကန်းဆိုတာက ကျီးကန်းပါ။ ကလောန်းက ကျောင်း၊ ကလော့ခဲက ကျောက်ခဲ၊ ခလက ချ၊ ကလိုးက ကျိုး၊ ကလက ကျ ဖြစ်ပါတယ်။ သဝေထိုး ရေးချ ငသတ် အောင်ကိုလည်း ကျွန်တော်တို့က အွန်လို့ ဆိုပါတယ်။ သဝေထိုး ရေးချ နသတ်နဲ့ ရေးရပါ လိမ့်မယ် ထင်တယ်။ ဒါကြောင့် တကောန်ဆိုတာ တစ်ကောင်ဖြစ်ပါတယ်။ ကလောန်းဆိုတာ ကျောင်းဖြစ်ပါတယ်။ ကသတ်သံကိုလည်း တသတ်သံ ဆိုပါတယ်။

ဥပမာ – ကျောင်းထက်မှာ ဆိုတာကို ကျောင်းထတ်မှာလို့ ဆိုပါတယ်။ ကလော့၊ ထော့ ဆိုတာတွေက အင်းသားစကားမှာလို ကလောက်၊ ထောက်လို့ ဆိုလိုတာပါပဲ ဟု ရှင်းပြပါသည်။ ဤကျီးကန်းတစ်ကောင် ဆောင်ပုဒ်ကလေးကို ကျက်မှတ်ထားပါလျှင် ထားဝယ်သံနှင့် မြန်မာသံ ကွဲလျက်နှင့်တူပုံ၊ တူလျက်နှင့် ကွဲပုံကို သိမည် ဖြစ်ပါသည်။ ထားဝယ်စကားကို နားလည်ရန် အခြေခံသဘောကို ရပါလိမ့်မည်။

တစ်ဖန် မိတ်ဆွေဦးထွန်းမြတ်နှင့် စကားပြောစဉ် ဦးထွန်းမြတ်က ပြောပါသည်။ ကျွန်တော်တို့စကားမှာ ပေါရာဏတွေ ရှိနေတယ် ဆရာ ဟု ပြောပါသည်။ ပေါရာဏဆိုသည်မှာ ရှေး ပျို့လင်္ကာ စာဟောင်း ပေဟောင်းတို့တွင် တွေ့ရ၍ ယခုအခါ အသိရခက်သော စကားလုံးများဖြစ်သည်ဟု ကျွန်တော် သာမန်မှတ်ယူပါသည်။ ဤအမှတ်အယူအတိုင်း သွားရင်း လာရင်း ကျွန်တော် သတိထားကြည့်ပါသည်။

မောင်းမကန် ပင်လယ်ကမ်း ကျွန်တော်တို့ တည်းခိုနေသော ကိုဘိန်ကြည်၏ ဗိုလ်တဲနားတွင် သီဟိုဠ်သရက်ပင်များ ရှိပါသည်။ ကျွန်တော်၏ ကလေးများသည် သီဟိုဠ်သရက်သီး ရှာကြပါသည်။ ကဆုန်လဖြစ်သဖြင့် သီဟိုဠ်သရက်သီးမှာ တုံးနေလေပြီ။ ထို့ကြောင့် သူတို့ရှာသော်လည်း မတွေ့ရပါ။ ထိုအကြောင်းကို သိသော ထားဝယ်မိတ်ဆွေများသည် သူတို့အချင်းချင်း ပြောကြသည်ကို ကျွန်တော် ကြားမိသည်။ ရစ်ကလီသီး ပွဲသွားဘီ ဟု သူတို့ ပြောကြသည်။ သီဟိုဠ်သရက်သီးကို ထားဝယ်လို ရစ်ကလီသီးခေါ်ကြောင်း ကျွန်တော် သိသည်။ သီဟိုဠ်သရက်သီး တုံးနေကြောင်းကိုလည်း ကျွန်တော် သိသည်။ ထို့ကြောင့် တုံးသည်နှင့်ပွဲသည် တူရမည်ဟု ယူဆကာ မေးကြည့်ရာ ကျွန်တော့်အယူအဆမှန်ကြောင်း သူတို့က ပြောကြပါသည်။ သို့ဖြစ်လျှင် ပွဲသည် ပေါရာဏ ကထာဝင် ပေါရာဏ စကားတစ်လုံးဖြစ်သည်မှာ ထင်ရှားပါသည်။ အဘယ့်ကြောင့်ဆိုသော် တွင်းသင်းမင်းကြီးသည် မိမိ၏ ပေါရာဏကထာတွင် ဤစကားလုံးကိုထည့်၍ ကိုးခန်းပျို့ အပိုဒ် ၁၉၉


www.burmeseclassic.com

www.burmeseclassic.com


ကို ဤသို့ ထုတ်ဆောင် ကိုးကားခဲ့သောကြောင့် ဖြစ်ပါသည်။ အကြွင်းမရှိ ကုန်စင်ပြီဟုလည်း အနက်ဖော်ခဲ့ပါသည်။

ရွာဝှန်ညံ့စဲ၊ မိုးလ ပွဲသော်
ဝမ်းဘဲနှစ်ခု၊ လုလင်နှတို့
ပြိုင်တု လှော်ချီ၊ လှေချင်းပြီသို့။

ထိုမျှမကသေး ပဲခူးမိဖုရားကလည်း ဝက်ပါလျှင် ချီရတုတွင် ဤသို့ ဆိုခဲ့သည်ဟု ထုတ်ဆောင် ကိုးကားပြန်သေးသည်။

သံတူလဟု၊ ကျွတ်လုဆဲဆဲ
မိုးလည်း ပွဲခဲ့၊ ရဲရဲရောင်ခြည်။

တွင်းသင်းမင်းကြီးကိုယ်တိုင်ကလည်း မိမိ၏ ဘလ္လာတိယပျို့ အပိုဒ် ၂၇ တွင် ဤသို့ ဖွဲ့ဆိုခဲ့ပေသေးသည်။

မိုးချမ်းလည်းပွဲ၊ ရေလည်းစဲ၍
သမ်းမဲတိမ်ညို၊ ထိုသည်ကုန်မြောက်။

ဦးထွန်းမြတ်နှင့် တွေ့ပြန်သောအခါ ဤစကားလုံးအကြောင်းကို ဆွေးနွေးမိပြန်သည်။ ထိုအခါ သူက ပြောပြန်သည်။ ကျွန်တော်တို့ ပြောရိုးစကားတစ်ခု ရှိပါတယ်။

န ကပ် အုန်းသီးပွဲဟာ ပေးမယ်လို့ ပြောရိုးစကား တစ်ခု ရှိပါတယ်။ အဓိပ္ပာယ်ကတော့ နင့်ပိုက်ဆံကို အုန်းသီးတုံးခါမှ ပြန်ပေးမယ်လို့ ဆိုလိုတာပါပဲ။ န ဆိုတာက နင့်၊ ကပ် ဆိုတာက ပိုက်ဆံ၊ ပွဲ ဆိုတာက တုံးတာပါပဲ ဟု ပြောပြန်ပါသည်။

ဒါတွင် မကသေးဘူးဆရာ။ ကျွန်တော်တို့ဆီမှာ မြောက်အရပ်ကို မြစ်အောက်အရပ်လို့ ခေါ်ပါတယ်။ ထားဝယ်မြို့ မြောက်ဘက်မှာ မြစ်အောက်ရွာလို့ ရပ်ကွက်တစ်ခု ရှိပါတယ်။ စာ ရေးတော့ မြောက်ရွာလို့ ရေးရပါတယ်။ အဲဒါကော ပေါရာဏစကား မဟုတ်ဖူးလား ဟု မေးပါသည်။ ဟုတ်ပါသည် ဟု ဖြေလိုက်ရပါသည်။

နောက်ပြီးတော့လည်း ဦးထုပ်ကို သိုးလို့ တောပိုင်းမှာ အခုတိုင် ခေါ်တုန်းပါပဲ ဆရာ။ တလောက တောက ကျွန်တော့်လုပ်သားတွေ လာပြီး သိုးသုံးခုလိုချင်တယ်လို့ ပြောပါတယ်။ စကားစပ်ကို ထောက်ကြည့်တော့ သိုး ဆိုတာ ဦးထုပ်ဖြစ်မှာပဲဆိုပြီး ကျွန်တော်က ဦးထုပ်သုံးလုံး ဝယ်ပေးပါတယ်။ သူတို့အလိုပြည့်ပြီး ပြန်သွားကြတာပါပဲ ဟု ပြောပြန်သည်။

နောက်ပြီး တက်ရေ ကျရေကိုလည်း တောပိုင်းမှာ ဆရာတို့ဆီမှာ လို ဒီရေလို့ မခေါ်ဘူး။ ဖျားရေလို့ ခေါ်ပါတယ်။ ဒါလည်း ပေါရာဏပဲ မဟုတ်


www.burmeseclassic.com

www.burmeseclassic.com


လားဆရာ ဟု ထပ်ဆက်ပြန်ပါသည်။ ဟုတ်ပါသည်။ တွင်းသင်းမင်းကြီးသည် ပင် သူ၏ ပေါရာဏကထာတွင် ဖျားရေမှာ ဒီရေဖြစ်ကြောင်း အောက်ပါ ပါရမီ ခန်းအပိုဒ် ၁၅ ကို ထုတ်ဆောင် ကိုးကား၍ ဆိုခဲ့ပါသည်။

မြစ်သို့ လဘော၊ အာသဝေါကား
ကျလျှော ဖျားရေ၊ မှုန်ဆန်ဖြေ၍
မဝွေစေရ၊ မဂ်ဖြင့်ချလျက်။

ဖျားကို ရခိုင်ပြည်နယ်သားတို့က သူတို့စကားဟု ဆိုကြသည်။ သို့ ဖြစ်ပါက သျှင်သီလဝံသသည် ဤစကားကို သူတို့ဆီက ယူသည်ဟု ဆိုရ ချိမ့်မည်။ ရေတက် ရေကျကို တောင်တွင်းကြီးအရပ်၊ အင်းဝအရပ်တို့တွင် မတွေ့နိုင်ချေ။ ရာမညတိုင်း တလိုင်းသုံးရပ်တွင်ကား ရှိပေသည်။ ဒီ ဟူ၍ ခေါ်ကြသည်။ သျှင်သီလဝံသတို့ အထက်က ရေးခဲ့သော ရခိုင်မင်းသမီး ဧချင်း အပိုဒ် ၁ ၌ –

ဂင္ဂပနဒီ၊ ဤသည် ညာမွန်
ယဉ်ထန်တဖက်၊ ပင်လယ်ထွက်မှ
နှစ်ဖက်ကမ်းပြီ၊ ဖြားရေမီဝယ်
ရှေ့ဆီပြုဗ္ဗာ၊ အာကာမှီခိုင်း
တောင်ပြိုင်းပြိုင်း၌၊ ဆိုင်းဆိုင်းမဏ္ဍိုင်
ရခိုင်ညွန့်ဖူး၊ မွန်းကြယ်မြူးသို့ –

ဟူ၍ ပါသည်ကို သျှင်သီလဝံသ တွေ့၍ ယူလိုက်လေသလော။ ရခိုင်တို့ကား ဖြား ဟူ၍ ရရစ်လိုကြသည်။

အခြား ကဗျာဆရာတို့လည်း ဤစကားကို သုံးကြပါသေးသည်။ နဝဒေးကြီးသည် ဒွာရာဝတီ၊ အံတော်ဘုရားတိုင်ရတု၌ ဤသို့ ဖွဲ့ဆိုခဲ့ပါသည်။

ရိုင်းလှသည့်မြေ၊ ရောက်တုံလေသော်
ဖျားရေချောင်းပြင်၊ ရှက်ကြို့ဝင်သည်
လောက်လင်မျက်ခြည်၊ နောက်တော့သည်။

ရာမညတိုင်း မွန်တို့ဒေသကို ဖြတ်ကျော်၍ ယိုးဒယားဘက်သို့ သွား ရောက်သည့်အကြောင်းကို ဖွဲ့သည့် သုံးထောင်မှူးသည်ကား ထိုရခိုင်စကား နှင့် မွန်စကားကို တွဲဖက်ကာ မင်းရဲကျော်စွာစုန် ဧချင်း နိဂုံးအပိုဒ် ၆ တွင် ဤသို့ စပ်ဆိုခဲ့ပေသည်။

အရပ်ထွေပြား၊ ယိုးဒယား၌
ဒီဖြားပြေးတက်၊ ရိုက်သက်လူးလာ
ရေသာဖျင်ဖျင်၊ ပတ်ဝန်းကျင်တည့်။


www.burmeseclassic.com

www.burmeseclassic.com


ယခု တောင်ပိုင်း ထားဝယ်နယ်တွင်လည်း ဖျားရေဆိုသော ဝေါဟာရကို သုံးစွဲဆဲဖြစ်ပြန်ရာ ထားဝယ်ကလည်း သူတို့စကားဟု ပြောပေချိမ့်မည်။ ဤပြဿနာကို ဖြည်းဖြည်းမှ ဖြေနိုင်တော့မည်။ ထွက်လာသော အဖြေသည်လည်း မြန်မာလူမျိုးသမိုင်းတွင် များစွာ စိတ်ဝင်စားဖွယ် ဖြစ်ပေလိမ့်မည်။

တစ်နေ့သော် သူငယ်ချင်း ဦးကင်ဆိုင် အိမ်သို့ အလည်ရောက်ပါသည်။ သူသည် ကလေးတစ်ဦးအား ကောန်းကောန်းတေတေနေပါ ဟု ပြောလိုက်သည်။ အခြေအနေကို ထောက်လျှင်ကောင်းကောင်းနေပါ။ မဆော့ပါနှင့် ဟု ပြောသည်ပင် ဖြစ်ပေမည်။ ထို့ကြောင့် ကျွန်တော်က မေးရာတွင် ကျွန်တော်ထင်သည့်အတိုင်းပင် ဖြစ်ကြောင်း ပြောပါသည်။ ကောန်းကောန်းတေတေမှာ ကောင်းကောင်းတေတေ ဖြစ်ပေသည်။ ကောင်းတေကိုလည်း ပေါရာဏကထာတို့တွင် တွေ့ရပေသည်။ ဤဝေါဟာရကား ပုဂံကျောက်စာတို့တွင် စ၍ တွေ့ရသော စကားဟောင်းကြီး ဖြစ်ပေသည်။ ကိုးခန်းပျို့ အပိုဒ် ၁၈ တွင်လည်း ဤသို့ တွေ့ရပေသေးသည်။

စောင့်သည့် ဣန္ဒြေ
ဆွမ်းရပ်ထွေသည်
ကောင်းတေငြိမ့်လေး ကုန်၏တည်း။

တစ်နေ့တွင် အစိုးရစပါးကို သိုလှောင်ရာ အစိုးရ စပါးကျီကြီးများသို့ ကျွန်တော်တို့ ရောက်သွားသည်။ ထိုအခါ ဦးထွန်းမြတ်၏စကားတို့တွင် စပါး **ကတ်** ဟူသော စကားလုံးကို ကြားမိ၍ သိလိုသောကြောင့် မေးကြည့်သည်။ ကျွန်တော်တို့ဆီမှာ စပါးကျီကို စပါးကတ်လို့ ခေါ်ပါတယ် ဟု ဖြေပါသည်။ ဟုတ်ပေလိမ့်မည်။ **ကတ်** ဆိုသည်မှာ **ကက်** ဖြစ်သည်။ ကက်သည် စပါး ၆၄ တင်း ဝင်သော တောင်းကြီးဖြစ်သည်ဟု ကျွန်တော့်အဘိဓာန်တွင် ပေးထားသည်။ အနက်ပြန့်ကားသဖြင့် ကျီကိုပင် ကက်ခေါ်ခြင်း ဖြစ်တန်ရာသည်။ ဓမ္မပါလပျို့ အပိုဒ် ၃၅ တွင် ဤသို့ ပါရှိပေသေးသည်။

မျိုးစေ့ရိက္ခာ၊ တတ်တိုင်းရှာသော်
အိမ်ရာပြည့်လှ၊ ခန့်တွက်ဆ၍
ကျီကြပုတ်ကက်၊ ချင့်တွက်တောင်းတင်း
ရေ၍သွင်းသော်၊ ခပင်းလူပုံ။

ကက်သည်လည်း ယခုအခါ ပေါရာဏစကားပင် ဖြစ်နေလေပြီဟု ဆိုရပေမည်။ ဖျားရေ၊ ဖြားရေ ဆိုသောစကားကို ရခိုင်တွင်လည်းကောင်း၊ ထားဝယ်တွင်လည်းကောင်း တွေ့ရကြောင်း အထက်တွင် ဆိုခဲ့ပါပြီ။ ဤသို့ပင် ထိုဒေသနှစ်ရပ်လုံး၌ တွေ့ရသော စကားများ ရှိပါသေးသည်။


www.burmeseclassic.com

www.burmeseclassic.com


တစ်နေ့သောအခါ စကားစမြည် ပြောရင်းနှင့် ပျဉ်းမပင်တစ်ပင်ကို လက်ညှိုးထိုးကာ ဘာခေါ်ကြောင်း ထားဝယ်မိတ်ဆွေတစ်ဦးအား မေးပါသည်။ ခမောင်းပင် ခေါ်သည်ဟု ဖြေပါသည်။ ထိုအခါ ကျွန်တော်သတိရမိပါသည်။ ခရွေးအက္ခရာပိုင်း အဘိဓာန်ကို ကျွန်တော်လုပ်စဉ်က ရခိုင်ရာဇဝင်မှ စု၍ရသော ခမောင်းတုံး ဆိုသောစကားနှင့် ပတ်သက်၍ အခက်တွေ့ခဲ့ရပါသည်။ ထိုအခါ ရခိုင်အမျိုးသားတို့ထံတွင် စုံစမ်းရာ ပျဉ်းမပင်ကိုပင် လက်ညှိုးထိုးပြပါသည်။ မြန်မာပြည်အလယ်ပိုင်းက ပျဉ်းမခေါ်သည်ကို အနောက်ဘက် ရခိုင်က ခမောင်းခေါ်သည်။ အရှေ့ဘက် ထားဝယ်က ခမောင်းခေါ်သည်။ သူတို့ချင်း မည်သို့အဆက်အသွယ် ရှိပါသနည်း။ ဤပြဿနာမှာ စိတ်ဝင်စားဖွယ်ဖြစ်ပါသည်။

တစ်ဖန် မောင်းမကန် ကမ်းရိုးသဲခုံ၌ ကျွန်တော်တို့ ခရီးကောက်ကြပါသည်။ ထိုအခါ ခရုခွံတွင် ဝင်ရောက်ခိုမှီနေသော ဝင်ကစွပ်ကောင်များကို တွေ့ရပါသည်။ ထားဝယ်စကားဖြင့် မည်သို့ခေါ်ကြောင်းကို မေးသောအခါ **ပန်လည်ပန်စွပ်** ခေါ်သည်ဟု ပြောကြပါသည်။ ထိုအခါ ပန်လည်ပန်စွပ်၊ လီ သွပ်သွပ်ကေ ဆိုသော ရခိုင်သီချင်း အစအနကလေးသည် ကျွန်တော့်စိတ်ထဲတွင် ပေါ်လာပါသည်။

ဤတွင်လည်း ပန်လည်ပန်စွပ် ဟူသော ဝေါဟာရသည် ရခိုင်တွင် ရှိသည်။ မြန်မာပြည် အလယ်ပိုင်းတွင် မရှိ။ ထားဝယ်တွင် ရှိပြန်သည်။ ဤလည်း ပြဿနာတစ်ရပ်ပေ။

သို့ဖြင့် ကဆုန်လပြည့် ကျော်ခဲ့လေပြီ။ အနောက်တောင်ဘက်တွင် မိုးသားဆင်၍ သက်တန့် အပိုင်းအစကလေးကို တစ်ခါတစ်ခါ မြင်ရလေပြီ။ ခါတိုင်း ကြည်လင်သော ပင်လယ်ပြင်သည် အုံမှိုင်းလျက်ရှိလေပြီ။ ဤသို့သော တစ်နေ့တွင် ကျွန်တော်တို့ ဗိုလ်တဲအောက်၌ တဲစောင့်သူ၏ ကလေးငယ်များသည် အောက်ပါတေးကလေးကို မရပ်မနား အပြန်ပြန် အလှန်လှန် ဆိုကြလေသည်။

လေလာဟီး မိုးကီး
မိုးကီးဟီး လေလာ။

ကျွန်တော် နားစိုက်၍ ထောင်သည်။ နားလည်သလို မလည်သလို ရှိသည်။ ထို့ကြောင့် မိတ်ဆွေ ကိုဆီးဆိုင်အား မေးကြည့်သည်။ သူလည်း ရုတ်တရက် မပြောတတ်။ အတန် နားထောင်ပြီးမှ ဤသို့ မြန်မာပြန်သည်။ လေလာလို့ မိုးကြီးသည်။ မိုးကြီးလို့ လေ့လာသည်လို့ ဆိုနေတာပါ ဟု ပြန်ပြသည်။ ထိုအခါ ကျွန်တော် သတိရမိသည်။ မိုးရိပ် လေရိပ်ကို မြင်လျှင်


www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်တို့လည်း ငယ်စဉ်က မိုးတွေ လေတွေ လာပါပေ့၊ ကဆုန်လပြည့်ကျော်ဟု အော်ဟစ်ခုန်ပေါက် သီဆိုဖူးသည်ကို သတိရမိသည်။

စကားစပ်မိ၍ ကလေးသီချင်းများအကြောင်းကို မေးကြည့်ရာ ကိုဆီးဆိုင်က ဤသို့ ပြောပြန်သည်။ ညအချိန် လသာတဲ့အခါ ကလေးတွေဆို တတ်တာ ရှိသေးတယ်။

သုံးရတာက ငွေလေးဆယ်ကျော်။

စားရတာက ဗေသီး ပိဖျော် တဲ့။

ငွေရှာရ ခက်ခဲပုံ၊ စားသောက်ရ ဆင်းရဲပုံကို ဆိုထားတာပါပဲ။ တစ်နှစ်လုံး လုပ်နိုင်မှ ငွေ လေးဆယ်လောက် ရတယ်တဲ့။ စားရတော့ တောထဲမှာ အလကားရူးရတဲ့ ဗေသီးကို ငါးပိဖျော်ပြီး စားရတယ်တဲ့။ ဗေသီးဆိုတာက ခပ်ချဉ်ချဉ် အသီးတစ်မျိုးပါပဲ။ ရှောက်သီး သံပုရာသီး မဝယ်နိုင်တဲ့ ဆင်းရဲသားတွေရဲ့ အစာပေ့ါ ဟု ပြောပြလေသည်။

ဒါနဲ့ စကား မစပ်၊ ကလေးတွေ ကစားတဲ့အခါ ဆိုတတ်တဲ့ စကားကလေးများ မရှိဘူးလားဗျာ။ ရွှေစွန်ညို၊ ဘာကို လိုလို့ ဝဲပါတယ်၊ မဒွေးလိုလို့ ဝဲပါတယ် ဆိုတာမျိုးပေ့ါ ဟု ကျွန်တော်က ဆက်မေးပါသည်။ ရှိပါတယ် ဆရာ၊ ကလေးတွေ ကျောချင်းဆိုင် မတ်တတ်ရပ်ပြီး ခြေထောက် တစ်ချောင်းစီ ချိတ်ကြရတယ်။

ချိတ်ပြီးဆိုကြတဲ့ စကားကတော့ သည်လိုပါ။

သယ်ခေ ဖယ်သု ခေ။

ဖိုးရှင် ခေ။

ဖိုးရှင် ဖယ်သွား။

သစ်တသီး ကော့စားသွား။

သစ်တသီး ဖယ်မာ။

တောထဲမာ။

တော ဖယ်မာ။

မီးန ရှို့သတ်ပီးဘီ။

မီး ဖယ်မာ။

ရေန ဖျန်းသတ်ပီး ဘီ။

ရေ ဖယ်မာ။

ဆင်ဂီး ဆင်ငယ် သော့ ဆောန် သွားဘီ။

ဆင် ဖယ်မာ။

တောထဲမာ။


www.burmeseclassic.com

www.burmeseclassic.com


တော ဘလူးသီး။

ဆင် ဘလူးသီး။

အဲသည်လို ဆိုပြီး ခုန်ကြတာပဲ။ ခြေကျသူက ထွက်ပေးရပါတယ် ဟု ပြောပြလေသည်။

တစ်ခုသောနံနက်၌ ကျွန်တော်တို့သည် ရေပူတွင်းသို့ သွားကြပါသည်။ ထိုနေ့က ကဆုန်လပြည့်နေ့ ဖြစ်ပါသည်။ လမ်းတွင် မောင်းမကန်ရွာမှ ပန်းတက်အင်းရွာသို့ ဥပုသ်စောင့်သွားသူတို့ကို တွေ့ရသည်။ ထိုအခါ ကိုဆီးဆိုင်က ပြောသည်။ ပန်းတက်အင်းရွာဟာ နာမည်ကျော်တယ်ဆရာ။ ထားဝယ်လိုတော့ ပန်းတတ်အန်း ခေါ်တာပေါ့။ ကျွန်တော်တို့ အိုးစည်ဝိုင်းတွေမှာ သံချပ်ထိုးတဲ့အခါ

ပန်းတတ်အန်းက ဆံလေးတို

ကော့ပေးပါကွယ့် ဆေးလိပ်တို

လို့ ဆိုတတ်ကြပါတယ်။ ပန်းတက်အင်းက ဆံတောက်နဲ့ အပျိုကလေးတွေကို ကျီစယ်ပြီး ဆေးလိပ်တို ကောက်ခိုင်းတာပေါ့ ခင်ဗျာ ဟု ပြောသည်။ အော်၊ အတော် စာဖွဲ့ ဝါသနာပါသူတွေပါလား ဟု ကျွန်တော် အောက်မေ့မိသည်။ တောထဲတွင် ငှက်ကလေးများကို တွေ့၍ ထားဝယ်လို မည်သို့ခေါ်ကြောင်းကို မေးရာ စိတ်ဝင်စားဖွယ် ဆိုးမစာကလေးတစ်စုံကို တက္ကသိုလ်ကျောင်းသား ကိုဘာစိန်ထံမှ ဤသို့ ရလိုက်ပါသေးသည်။ ကျွန်တော်တို့ဆီမှာ စာဘူးတောင်းငှက်ကို စာဘလောင်းသောင်းလို့ ခေါ်ပါတယ်။ ဒါကြောင့် လူကြီးများ သင်ပေးတဲ့ ဆိုးမစာမှာ သည်လိုပါတာပေါ့ ခင်ဗျာ။

စာဘလောန်းသောန်း

အကြံကောန်း

အီကောန်း ယာကောန်း နေရတယ်။

တီတီတွတ်တွတ် အကြံချွတ်

မိုးစွတ် ရေစွတ် နေရတယ်။

မြန်မာလိုတော့ စာဘူးတောင်းငှက်ဟာ အလုပ်အကြံ ကောင်းတဲ့အတွက် အိမ်ကောင်း ယာကောင်းနဲ့ နေရတယ်တဲ့။ စာဘူးတောင်းငှက်တွေ အသိုက်ကောင်းကောင်း ဆောက်တတ်တာကိုး ဆရာရဲ့။ တီတီတွတ်ခေါ်တဲ့ တစ်တီတူးကတော့ လယ်ကွက်ထဲမှာ အကြံအစည် အချွတ်ချွတ်နဲ့မို့ မိုးစွတ် ရေစွတ် နေရတယ်တဲ့ ဟု ပြောပြပါသည်။ စာဘူးတောင်းငှက်နှင့် တစ်တီတူးငှက်တို့ထံမှ သင်ခန်းစာ ယူနိုင်သော ထားဝယ်သားတို့အား များစွာ ချီးကျူးမိပါသည်။


www.burmeseclassic.com

www.burmeseclassic.com


ပန်းတက်အင်းက ရှေ့ကို ဆက်သွားရင် ဘယ်ကိုရောက်ပါသလဲ ဟု မေးသောအခါ နဘူးလယ် ရွာကို ရောက်ပါတယ်။ နဘူးလယ်ရွာလည်း နာမည်အလွန်ကြီးပါတယ်။ ရှေးစကားတွေအရတော့ နဘူးလယ်သားတွေဟာ အင်မတန် ထိုင်းသတဲ့။ ဒါကြောင့် ထိုင်းတဲ့ အတဲ့လူကို တွေ့ရင် နဘူးလယ်က လာတဲ့အကောင်လို့ တင်စားပြီး သုံးတတ်ကြပါတယ်။ နဘူးလယ် သားများဟာ ထိုင်းလွန်းလို့ ကျွဲနဲ့ ကြွက်ကိုတောင် လဲတယ်လို့ ပြောကြပါတယ်။ ရှေးစကားပေါ့ ဆရာ။ ဟုတ်မယ်တော့ မထင်ပါဘူး။ အခုတော့ နဘူးလယ်မှာ ပြည်တော်သာ အုန်းခင်းကြီးစိုက်ထားတာ ဧကမှ အများကြီးပါပဲ ဟု တစ်ယောက်က ပြောလေသည်။ ထိုသို့ ကျော်စောသော နဘူးလယ်သို့ ကျွန်တော်တို့ ရောက်ခဲ့ပါသေးသည်။ ထိုင်း သည် မထိုင်း သည်ကိုကား မသိရပါ။ ရွာ သူကြီးမှစ၍ ရွာသူရွာသားများ ဧည့်ဝတ်ကျေပွန်သည်ကိုကား တွေ့ခဲ့ရပါသည်။ နဘူးလယ်ရွာတွင် ဘုရားခြေတော်ရာကိုလည်း ဖူးခဲ့ရပါသေးသည်။

ထားဝယ်သူ ထားဝယ်သားတို့ကား အထက်တွင် ရေးခဲ့သည့်အတိုင်း အသီအဆို ဝါသနာပါကြသည်။ ပုံတို ပါဠိစ သမိုင်းရာဇဝင် ပြောတတ်ကြသည်။ ထိုမျှမကသေး ဒိန်း သီချင်းများကိုလည်း အဆိုလေ့ကြလေသည်။ ထားဝယ် ဒိန်းသီချင်းများအကြောင်းကို စာပေလောကတွင် ဦးဇော်ဂျီ ရေးဖူးပြီ။ ယခုအခါ ရွှေဝယ်အေမည်ခံ ဆရာကြီး ဦးဘဇ လည်း ရေးလျက်ရှိလေသည်။ ထို့ကြောင့် ကျွန်တော်မှတ်ခဲ့ရသည်တို့ကို မပြောတော့ပြီ။

တစ်ညဦးတွင် ဦးထွန်းမြတ်သည် ဆန်းချီရွာက ဦးကြာဖေ ဆိုသူကို ခေါ်လာပါသည်။ ဦးကြာဖေသည် ထားဝယ် ဒိန်းမှစ၍ သီချင်းအမျိုးမျိုးကို ဆိုတတ်သူဖြစ်ပါသည်။ သီချင်းအများကိုလည်း ဆိုပြပါသည်။ များစွာ သာယာငြိမ့်ညောင်း ရှိပါသည်။ အလည်ရောက်လာသော စက်ရှင်မင်းကြီး ဦးသာကဒိုးနှင့် မင်းကတော်ကြီးတို့လည်း နားထောင်ကောင်းကောင်းနှင့် ထိုင်နေကြရာ အတော်ညဥ့်နက်မှ ပြန်သွားကြပါသည်။ ဦးကြာဖေ ဆိုပြသည်တို့မှ ရယ်ဖွယ်တစ်ခုကို ဤတွင် ဖော်ပြလိုက်ပါအံ့။ ဗုံထောက်သံဟု ခေါ်ရမည် ထင်ပါသည်။

မမဲလန်
ရွှေခေရှင်း
နောမ် အံ့ ဘောင်။
ဗန္ဓန်ကို ဝံကဖမ်း
ပန်းတတ်အန်းက
ဆံလေးတို။


www.burmeseclassic.com

www.burmeseclassic.com


မိုရှာရာ
ချာချည်ကိုက်
နောန်ရွှေဝိုက်က မျော့ပန်းလုန်။

အဓိပ္ပာယ် အဆက်အစပ် မရှိလှပါ။ ရယ်ဖွယ်သက်သက်နှင့်ပင် တူပါသည်။ မြန်မာလိုဆိုလျှင်ကား မမဲ၏လင်၊ ရွှေခြေချင်း၊ နာမည်အရင်းက နောင်ကြီးအံ့ဘုံ၊ ပုစွန်ကို ဝက်ဝံကဖမ်း၊ ပန်းတက်အင်းက ဆံလေးတို၊ မှိုရှာရာမှာ ခါချဉ်ကိုက်၊ နောင်ကြီးရွှေဝိုက်က မျောက်ပန်းလှန် ဟု ဖြစ်ပါသည်။

ဤသို့ ပျော်တတ်ပါးတတ် ကျီစယ်တတ်သော ထားဝယ်အရပ်ကို ထားဝယ်သူ ထားဝယ်သားများ အလွန်ချစ်ခင်သည်မှာ အံ့ဩဖွယ်မဟုတ်ပါ။ ကျွန်တော်တို့ သူစိမ်းပြင်ပြင်ပင်လည်း ခဏအတွင်း၌ အလွန်ချစ်ခင်လာမိပါသည်။ ထို့ကြောင့် ထားဝယ် ဒိန်းသီချင်းများ၏ စည်းမျဉ်းနှင့်အညီ ကျွန်တော်ကလည်း

အော့၊ မယ်ဝေး။ မဝါလွမ်း စမား ဟုဆိုကာ ဤဆောင်းပါးကို နိဂုံး ချုပ်လိုက်ပါသတည်း။ (၁၉၅၅)

www.burmeseclassic.com

www.burmeseclassic.com

# ထုပတိ

ယခုအခါတွင် လူထု ဟူသော စကားလုံးကို လှိုင်လှိုင်ကြီး ပြောဆို ရေးသားလျက် ရှိကြသည်။ စာဟောင်းပေဟောင်းတို့တွင်လည်း လေထု၊ မြေထု၊ ရေထု ဟူ၍လည်းကောင်း၊ ကျုံကျုံသောင်းသောင်း၊ အပေါင်းမိုလ်ထု ဟူ၍လည်းကောင်း၊ များထုသံဃာ၊ အရိယာထေရ်ပုံ ဟူ၍လည်းကောင်း ရေးသားကြသည်ကို အများအပြားပင် တွေ့နိုင်သည်။ ဤအထောက်အထားတို့တွင် ထု ဟူသော စကားလုံးများ၏ အဓိပ္ပာယ်မှာ ထူခြင်း၊ နက်ခြင်း၊ ကြီးခြင်း၊ ကျယ်ခြင်း၊ များခြင်း၊ ပြားခြင်း တို့ပင် ဖြစ်သည်။

သို့ပင် ဖြစ်လင့်ကစား ဤစကားနှင့် သဘောတူဖြစ်သော ထုပတိ ဆိုသည့် ဝေါဟာရကို သိသူ အလွန်ရှားပါးပုံရသည်။ နေ့စဉ်သုံး အရပ်ပြော စကားတွင် ကျွန်တော်ဖြင့်လျှင် သူ့ကို တစ်ခါဖူးမျှ မကြားဖူးသေးပါ။ ပျို့ လင်္ကာစာပေတို့တွင်လည်း အလွန် တွေ့ရခဲပါသည်။ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ် စာပေတို့တွင် ကျွန်တော် သတိမပြုမိသေးပါ။ ကုန်းဘောင်ခေတ် စာပေတို့တွင်သာလျှင် တွေ့ဖူးရပါတော့သည်။ သို့ပင် တွေ့ဖူးသည်ဆိုရသော်လည်း အများအစား တွေ့ရသည်မဟုတ်။ ပုဂ္ဂိုလ်အများက သုံးစွဲသည်လည်းမဟုတ်။ မုံရွေးရွာအနီး ကျည်းကန်ရွာဇာတိ ကျည်းကန်ရှင်ကြီးနှင့် မုံရွေးရွာအနီး ကြေးမုံရွာဇာတိ မုံရွေးဆရာတော်တို့ သုံးသည်ကိုသာ တွေ့မိပါသေးသည်။ ဤသက်သေနှစ်ဦးကိုသာလျှင် အခြေပြု၍ ပြောရပါလျှင် ဤ ထုပတိ ဆိုသော ဝေါဟာရကို သက္ကရာဇ် တစ်ထောင့်တစ်ရာကျော်ဆီတွင် ထိုနယ်တဝိုက်၌ အတော် တွင်တွင်ကျယ်ကျယ် သုံးခဲ့သည်ဟု ဆိုရမည်ဖြစ်ပါတော့သည်။ ယခုတိုင် သုံးစွဲဆဲ ရှိမရှိကိုကား ထိုနယ်သူ ထိုနယ်သားတို့သာလျှင် သိပေတော့မည်။ ဤဝေါဟာရကို အကျော်အမော်ပုဂ္ဂိုလ်ကြီးနှစ်ဦးက ပျို့လင်္ကာ မေတ္တာစာတို့တွင် ထည့်သွင်းစီကုံးသည်ကို ထောက်သော် သူ၏



www.burmeseclassic.com

www.burmeseclassic.com


အဆင့်အတန်းမှာ အတော်မြင့်လျက်ရှိသည်ဟု ဆိုရပေမည်။ သို့ပါသော်လည်း သူ၏နယ်ပယ် ကျဉ်းမြောင်းရခြင်းကို ကြည့်ပြန်သော် ဘာကြောင့်ပါလိမ့်ဟု စဉ်းစားရန် ရှိနေပါသေးသည်။ ဤဝေါဟာရပါသော အထောက်အထားများကို တွေ့ရသမျှ ဖော်ပြပါအံ့။

ပထမဦးစွာ ကျည်းကန်မေတ္တာစာတို့မှ အထောက်အထား တို့ကို ဖော်ပြပါမည်။ အကြောင်းသော်ကား ကျည်းကန်ရှင်ကြီးမှာ ၁၁၁၉ ခု ဖွားဖြစ်၍၊ ၁၁၂၈ ခု ဖွား မုံရွေးဆရာတော်ထက် အသက်ကြီးသောကြောင့် ဖြစ်ပါသည်။ အထူးအထွေအကြောင့်ကား မဟုတ်ပါ။

တစ်ခါက ပခန်းသားဟု ထင်ရသော မောင်မင်းပု ဆိုသူသည် အောက်ပြည်အောက်ရွာသို့ ငွေရှာ ဆင်းလာရာမှ ပခန်းမြို့နေ မအေ၊ ယောက္ခမ၊ ဇနီးတို့ထံ မေတ္တာစာတစ်စောင် ရေးလိုက်သည်။ ထိုမေတ္တာစာကို ကျည်းကန် ရှင်ကြီးက ရေးပေးသည်။ ရန်ကုန်မြို့က ပို့သောစာဖြစ်၍ ထိုအခါက ကျည်း ကန်ရှင်ကြီးမှာ ရန်ကုန်မြို့သို့ ရောက်နေဟန်တူသည်။ ထိုစာတွင် အောက်ပါ စာပိုဒ်ကို ဖတ်ရပါသည်။

ကျိုက်ထီးရိုး၊ ရွှေမော်ဓော
ကျိုက်ပေါလော၊ ကျိုက်ခမွန်
ကျိုက်သလွန်၊ ကျိုက္ခမီ
ထုပတိ မွေဓာတ်ပုံ
ရွှေတိဂုံ ခြေတော်ရင်းက
မောင်မင်းပု ကျွန်ုပ်
သမုဒ္ဒရာ သီတာ နဝတတ်
ရေမစပ်အောင်၊ ထောင် ရာ ကုဋေ
သချေမက၊ အေးလှသော မေတ္တာ
ကရုဏာ စေတနာ၊ ထပ်တစ်ရာ သွန်းလောင်း၍
အကြောင်းကြား မှာလိုက်သည်။

ဤတွင် ထုပတိ ကို ကျိုက္ခမီနှင့် ကာရန်ယူကာ ထုပတိ ဟု ရေးထားသည်။ များပြားသော မွေတော်ဓာတ်တော်တို့ စုပုံရာ ရွှေတိဂုံစေတီဟု ဆိုလိုပါသည်။

တစ်ဖန်လည်း ကျည်းကန်ရှင်ကြီးသည် ရန်ကုန်မြို့၌ သီတင်းသုံးနေတော်မူကြသော ရှင်ကေတုမာလာ စသော ရဟန်းတော်တို့အတွက် အမရပူရသို့ ပို့ရန် မေတ္တာစာတစ်စောင်ကို ရေးပေးသည်။ ထိုမေတ္တာစာတွင် ရန်ကုန်မြို့ကြီးသည် ပန်းဉယျာဉ်တို့ဖြင့် နှလုံးမွေ့လျော် ပျော်ဖွယ်ကောင်းပုံ၊ ပင်လယ်ဝ


www.burmeseclassic.com

www.burmeseclassic.com



တွင် ဒီလိုင်း စုန်ဆန် တို့ဖြင့် နှလုံးမွေ့လျော် ပျော်ဖွယ်ကောင်းပုံ၊ အမြို့မြို့ အရွာရွာတို့နှင့် ကူးလူးဆက်ဆံ၍ စည်ကားသောကြောင့် နှလုံးမွေ့လျော် ပျော်ဖွယ်ကောင်းပုံ၊ ရွှေတိဂုံစေတီတော်ကြီးတွင် ဘုရားဖူးတို့ တပြုံးပြုံး တရွှင်ရွှင် ရှိခြင်းဖြင့် နှလုံးမွေ့လျော် ပျော်ဖွယ်ကောင်းပုံ စသည်တို့ဖြင့် ရန်ကုန်မြို့ဘွဲ့ ကို တခမ်းတနား စီကုံးထားသည်။ တစ်နေရာ၌ကား သင်္ဘောသားတို့ သုံးသည့် မှန်ပြောင်းအကြောင်းကို ဖွဲ့ထားရာ ထုပတိ ကို အောက်ပါအတိုင်း ထည့်သွင်း ထားပါသည်။

အာရမဏီ ဘရင်ဂျီ
ကပ္ပလီ ခလာသီ
ဇော်ဂျီ ကလယ်
ကုလားနွယ်တိုင်း မသိ၊ ထုပတိနှင့်
ဖိနပေါတ္တံ အော်လံ ဗင်္ဂလား
သင်္ဘောသားတို့၊ ကျက်စားသည့်ရေကြောင်းမှာ
မှန်ပြောင်းကို တပ်အပ်၊ မျက်စိနှင့် ကပ်လိုက်လျှင်
ဝေးရပ်ကြီးကပင်၊ နီးနိုင်သမျှ ထင်၍
မြင်သာသည် ပုံမယွင်း။

ရန်ကုန်မြို့သို့ ရောက်နေသော ကျည်းကန်ရှင်ကြီးသည် သင်္ဘော ဆိပ်၌ ဆိုက်ကပ်လျက်ရှိကြသော နိုင်ငံခြားသင်္ဘောများမှ သင်္ဘောသားအမျိုး မျိုးတို့ကို တွေ့ရမည်မှာ မုချဖြစ်သည်။ အဖြူအနီ အကြောင်အကျား သင်္ဘော သားများ အလွန်များပြားသည်ကို ပြောလိုသဖြင့် ကုလားနွယ်တိုင်းမသိ၊ ထုပတိနှင့် ဟု ရေးသားခြင်းဖြစ်ပေမည်။ လူမျိုးတစ်ရာ့တစ်ပါးတွင် ကုလား မျိုးခြောက်ဆယ် ရှိသည်ဆိုသော စကားနှင့်လည်း ညီပါပေသည်။

ထို့နောက်ကား မုံရွေးဆရာတော်ဘုရား၏ ကုသပျို့မှ အထောက် အထားတို့ကို ပြဆိုပါအံ့။ တစ်နေ့သောအခါ မိဖုရားခေါင်ကြီးသည် သား ဆုပန်အံ့သောငှာ မြို့တွင်းသို့ ထွက်တော်မူလာသည်။ ထိုအခါ တိုင်းသူပြည် သား လူအများသည် တစ်ခါဖူးမျှ ဖူးမြော်ခွင့်မရသော မိဖုရားကြီးကို ဖူးမြော် ရန် အိမ်တိုင်း အိမ်တိုင်းမှ ပလူပရွက်များသဖွယ် အလုအယက် ထွက်လာပုံ ကို အောက်ပါအတိုင်း စီကုံးထားတော်မူသည်။

တွင်းကပြူသည်၊ ပလူပရွက်
ခြထွက်သောပုံ၊ လမ်းဆုံလမ်းကွေ့
တိုးဖေ့ငြင်းဆန်၊ ခိုက်ရန်ဖြစ်သူ
လူ ထုပတိ၊ ပြည်ကြို့အခြေ

www.burmeseclassic.com


ပင်လယ်ဝေသို့
ဖြစ်လေခက်ခေါင့် ခက်ခဲတည်း။

တစ်နေ့သောအခါ ယောက္ခမ မိဖုရားခေါင်ကြီးက ချွေးမတော် ပဘာဝတီကို ရေကန်သို့ အလည်အပတ် ခေါ်ဆောင်သွားရာ လမ်းခရီး၌ ကျေးငှက်အမျိုးမျိုးကို ပြသလေသည်မှာလည်း . . .

ထေရ်ရဟန်းနှယ်၊ သပိတ်လွယ်သည်
ရယ်ဘွယ်စလိ၊ မျက်စိမျက်လုံး
နန်းသုံးကြန်ဝင်
ဖျင်မရတတ်၊ ချည်ခင်စွတ်နှင့်
ဝဋ္ဋကကုန်နိုး၊ လင်ကောင်ပိုးတို့
စုံရိုးမြိုင်တွင်း
အောက်ချင်းတောလာ၊ သရောက်ရာ၌
ကြိုးကြာမျိုးလျောက်၊ ရေမသောက်လျက်
ပွေရောက် နက်ကျော
ဥသြနက်စံ၊ ယင်တပ်ရံ၍
သားနံကျီးနက်၊ ဆက်ရက် ခါယစ်
ခွေးခေါ်ရစ်လည်း၊ ခေါ်လစ်ခေါ်လစ်
အသံဟစ်စွ။
လည်ရစ်လည်ပြောက်၊ သံမြောက်ကူမြူ
ပိန်တူတကွဲ၊ ရဲကျော်ထဲက
ပဲတောင့်ပြုတ်ချိုး၊ ခိုအမျိုးနှင့်
တန်ခိုးမလျော့၊ ဦးလည်ဆော့သည်
ခိုကော့တမူ၊ စုံအငူမှာ
အူအူသာတက်၊ ကျောင်းဆောက်မြွက်နှင့်
ငှက်တို့အချို၊ ထုပတိကို
အမိပဘာ၊ ကြည့်စမ်းပါဟု
စေ့ရာစေ့ပွတ်၊ ပြည့်ညွန်လတ်သည်
တောင်ခတ်သံဟုန် ကြိမ်းကြိမ်းတည်း။

ဤကိုးကားချက်မှာ ရှည်လွန်းသွားပေသည်။ သို့သော်လည်း ငှက်တို့အချို၊ ထုပတိ ဆိုသောစကားကို ထင်ပေါ်စေခြင်းငှာ ရှည်ရှည်လျားလျားပင် ထည့်လိုက်ရသည်။ အချို ဆိုသော စကားမှာလည်း အများအနက်ကိုပင် ဟောပေသည်။ ဤစာပိုဒ်ကြီးကို အကြမ်းအားဖြင့် စကားပြေ ပြန်လိုက်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com


ချွေးမတော် ပဘာဝတီ။ ရှုစမ်းပါလော့။

သပိတ်ကို လွယ်ထားသော ရဟန်းနှင့်တူသည့် ရင်ဘတ်တွင် အနက် ကွက်နှင့် သပိတ်လွယ်ငှက်ကလေးကို ရှုစမ်းပါလော့။ သူ့မျက်စိမှာ နက်နက် ပြောင်ပြောင်ဖြစ်၍ တော်ဝင်မျက်လုံးမျိုး ဖြစ်ပါသည်။

ပွဲသွားခါနီး အင်္ကျီမရှိ၍ ချည်ခင်ကိုသာ စွတ်သွားရာမှ ငှက်ဖြစ်သွားသော ချည်ခင်စွတ်ငှက်ကလည်း တစ်မျိုးပါပဲ။

အသေဆိုးနှင့်သေရရှာသော လင်ယောကျ်ား၏ အလောင်းကောင်ကို ဝဋ္ဋ်ကြွေးမကုန်၍ ထမ်းပိုးထားရသော လင်ကောင်ပိုးငှက်ကလည်း တစ်မျိုးပါပဲ။

အောက်ချင်းငှက်တို့ ထုံးစံအတိုင်း ဥနေသော ငှက်မကို သစ်ခေါင်းတွင် ပိတ်လှောင်၍ သရောက်လင်ငယ်ကို ရှာနေသော အောက်ချင်းငှက်ဖိုကလည်း တစ်မျိုးပါပဲ။

ကြိုးကြာ ရေမသောက် ဆိုသော စကားပုံအတိုင်း ရေထဲတွင် အစာရှာပြီး ရေမသောက်သော ကြိုးကြာကလည်း တစ်မျိုးပါပဲ။

ဥသြတစ်ခွန်း၊ ယင်တစ်စွန်း ဆိုသည့်စကားအတိုင်း ဥသြတွန်သောအခါ ယင်ကောင်များ ပေါပါသည်။ ယင်ကောင်များ ခြံရံ၍ ထွက်ပေါ်လာသော ဥသြငှက်ကလည်း တစ်မျိုးပါပဲ။

ယောက်ဖခွေးခေါ် အောင်ကျော်လေးထမ်း ဆိုသော ခွေးခေါ်ရစ်ငှက်ကလည်း တစ်မျိုးပါပဲ။

အဘိုးကြီးအို၊ ကျောင်းဆောက်ပါဆို၊ ဆောက်ဖဲကိုဟု အော်လျက်သေသွားရာမှ ငှက်ဖြစ်သော ကျောင်းဆောက်ငှက်ကလည်း တစ်မျိုးပါပဲ။ ဤသို့ အမျိုးမျိုးသော ငှက်ထုကြီးကို ရှုစမ်းပါလော့၊ ချွေးမတော်။

အထက်စကားပြေတွင် ကျွန်တော်မသိ၍ ချန်ထားခဲ့သော အကြောင်း တို့ကိုကား သိသူတို့က ဖြည့်စွက်ယူကြပါကုန်လော့။ (၁၉၄၉)

www.burmeseclassic.com

www.burmeseclassic.com

# သဲသာသောင်မြေ

[ထားဝယ်၊ မောင်းမကန်သို့ ပို့ကြသော
မိတ်ဆွေများကို ရည်မှတ်၍ ရေးပါသည်။]

နွေကျောင်းပိတ်ရက် ဖြစ်သဖြင့် မောင်နီ၊ မောင်စီ၊ မရီ၊ မောင်နှမ သုံးဦးတို့မှာ အိမ်ဝင်းထဲတွင် ကစားနေကြရသည်။ တစ်နေ့လည်း ဤနေရာ၊ တစ်နေ့လည်း ဤနေရာ ဖြစ်နေသဖြင့် သူ့ခများတို့မှာ ပျင်းနေကြပြီ။ တစ်ညနေတွင် သူတို့၏ ဖခင်သည် အလုပ်မှ ပြန်လာသောအခါ မောင်နှမသုံးယောက်က ဆီးကြိုကြသည်။ တစ်ယောက်က ထီးကို လှမ်းယူသည်။ တစ်ယောက်က ခေါင်းပေါင်းကို လှမ်းယူသည်။ တစ်ယောက်က အပေါ်အင်္ကျီကို ချွတ်ယူသည်။ သူတို့အဖေမှာ သူတို့၏ ကစားဖော် ကစားဖက် တစ်ဦးဖြစ်သည်။ ကလေးများ ပျင်းနေမည်စိုး၍ သူတို့အဖေသည် အလုပ်မှ ပြန်လာသောအခါ ကလေးများအတွက် ကစားစရာ၊ စကားပြောစရာ၊ နားထောင်စရာ တစ်ခုခုကို ဖန်တီးပေးလေ့ရှိသည်။ ယနေ့အဖို့ ဘာကို ဖန်တီးပေးမည်နည်း။

"မောင်နီရေ၊ သည်နေ့ ဘာနေ့လဲ"

"စနေနေ့ ဖေဖေ"

"မောင်စီရေ၊ နက်ဖြန် ဘာနေ့လဲ"

"သည်နေ့ စနေဆိုတော့ နက်ဖြန် တနင်္ဂနွေနေ့ပေါ့ ဖေဖေ"

"မရီရေ၊ တနင်္ဂနွေဆိုတော့ ဖေဖေ ဘာလုပ်သလဲ"

"တနင်္ဂနွေနေ့ဆိုတော့ ဖေဖေ အလုပ်မသွားဘူး။ သမီးတို့နဲ့ အိမ်မှာ ကစားတာပေါ့"

"အေး ဟုတ်တယ်၊ မနက်ဖြန် ဖေဖေ အလုပ်အားတယ်။ ပင်လယ်ကို သွားရင် လိုက်ကြမလား"



www.burmeseclassic.com

www.burmeseclassic.com


"လိုက်မယ်၊ ဖေဖေ"

"သမီးလည်း လိုက်မယ်နော်"

"မောင်စီလည်း လိုက်ပါရစေ"

"အားလုံး လိုက်ရမယ်။ မနက်ကျရင် စောစောထကြနော်"

နောက်တစ်နေ့နံနက် အရုဏ်တက်လျှင်ပင် မောင်နီ၊ မောင်စီ၊ မရီတို့ သုံးဦးသားမှာ စားပြီး၊ သောက်ပြီး၊ ဝတ်ပြီး၊ ဆင်ပြီး ဖြစ်ကြလေပြီ။ သူတို့ မေမေကလည်း စားဖွယ်သောက်ဖွယ်တို့ကို ချိုင့်ကြီးနှင့် ထည့်ပြီးလေပြီ။ ခဏ ကြာသောအခါ မောင်နီတို့ မိသားစုတစ်စုသည် မြင်းလှည်းကလေးနှင့် ကမြော ကင်း ရွာဆီသို့ ရှေ့ရှုသွားကြလေသည်။ ကမြောကင်းရွာကား ထားဝယ်မြစ် ဟိုဘက်ကမ်း တောင်ခြေတွင်ရှိသဖြင့် ကူးတို့သမ္ဗာန်နှင့် ကူးသွားကြရသည်။ ထိုမှတစ်ဖန် မော်တော်ကားစီးကာ သွားကြပြန်ရာ ရွာမှ ထွက်လျှင်ပင် မော် တော်ကားသည် တောလမ်းကလေးအတိုင်း တောင်ကို တက်၍ တက်၍ ကောက်တိကောက်ကွေးသွားရသည်။ တောင်ထိပ်သို့ ရောက်ပြီးနောက် တစ် ဖက်သို့ ဆင်းလိုက်လျှင်ပင် မောင်းမကန်ပင်လယ်ကမ်းနှင့် ပင်လယ်ပြင်ကြီး ကို မြင်ကြရလေသည်။

"ဖေဖေ၊ ဟိုဟာ ပင်လယ် မဟုတ်လား"

"ဖွေးဖွေး တန်းတန်းကြီးဟာ သဲသောင်ကြီးပေါ့နော်"

"ခပ်လှမ်းလှမ်းမှာ မြင်ရတာတွေက ကျွန်းတွေထင်ပါရဲ့"

ဤသို့ မေးကာ ဖြေကာ လာကြရာ မကြာခင်ပင် မောင်းမကန်ရွာကို ဖြတ်ကျော်၍ ပင်လယ်ကမ်းပါး ကဗွီးပင်ကြီးများအောက်သို့ ရောက်ကြလေသည်။ မော်တော်ကား ဆိုက်သောအခါ မောင်နှမသုံးဦးသည် လွယ်အိတ်ကိုယ်စီလွယ်၍ သဲသောင်ပေါ်သို့ ပြေးဆင်းသွားကြလေသည်။ သူတို့ ဖေဖေလည်း သူတို့မေမေနှင့် စားဖွယ်သောက်ဖွယ်တို့ကို နေရာတကျ သိမ်းဆည်းထားခဲ့ပြီးနောက် ကလေးများကို အမီပြေးလိုက်ရလေသည်။ ကလေးများသည် တံငါရွာကလေးအနီးရှိ ကျောက်ဆောင် ကျောက်တုံးများအကြား ရေအိုင်ကလေးများတွင် ရေနှင့် ဆော့နေကြလေပြီ။

"ဖေဖေရေ၊ ဟောသည်မှာ ပုစွန်တွေပါလား။ ရေကလည်း ကြည်လိုက်တာ အထဲက ဟာတွေကို အကုန်မြင်ရတယ်"

ဟု မောင်နီက ပြောသည်။

"အေး ဟုတ်ပါရဲ့၊ ဟောဒါက **ပုစွန်ဆိတ်**။ ဟိုကျောက်ကြားမှာ ကပ် နေတာက **ပုစွန်တုပ်**"

ဟု ဖေဖေက ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com


"ပုစွန်ဆိတ်နဲ့ ပုစွန်တုပ်ကို ဘယ်လိုခွဲပြီး သိရသလဲ၊ ဖေဖေ။ သမီးတော့ မခွဲတတ်ပါဘူး"

ဟု မရီက မေးသည်။

"အော် ဟုတ်လား။ အေး၊ ဖေဖေက သိသလားလို့။ မပြောမိဘူး။ မောင်စီကော၊ လာ လာ။ ဖေဖေပြောမယ်။ ဟော ပုစွန်ခေါင်းမှာ နှုတ်သီးချွန်ချွန်ကြီးကို တွေ့တယ်မဟုတ်လား။ အဲသည်နှုတ်သီးမှာ လွှလိုအသွားတွေ ရှိ နေရင် ပုစွန်တုပ်ပဲကွယ့်။ အသွားတွေမရှိဘဲ ချောနေရင် ပုစွန်ဆိတ်ပေါ့။ မှတ် ထားနော်"

ဟု ဖေဖေက ဖြေသည်။

"ဖေဖေ၊ အိမ်မှာ မေမေပေးတဲ့ ပုစွန်တွေက အနီပါလား။ သည်ပုစွန်တွေကတော့ ညိုလို့။ ဘာဖြစ်လို့လဲ ဟင်"

ဟု မောင်စီက မေးသည်။

"အော်၊ သည်လိုကွယ့်၊ လူလေးရဲ့။ ပုစွန်ဟာ အစိမ်းတော့ ညိုတာပေါ့။ ချက်လိုက် ပြုတ်လိုက်တဲ့အခါကျရင် နီလာတယ်။ နောက်တစ်ခါ မေမေ့ဈေးတောင်းထဲမှာကြည့်။ အညိုကို တွေ့ရလိမ့်မယ်"

ဟု ဖေဖေက ပြောသည်။

ထိုခဏ၌ မောင်နီသည် ခပ်လှမ်းလှမ်းမှနေ၍ အော်လိုက်သည်မှာ–

"ဖေဖေရေ၊ ဟောသည် သဲထဲမှာ ကြယ်ပွင့်လိုပဲ အစွန်းငါးခုနဲ့ အကောင်ကလေးတစ်ကောင်။ ဘာခေါ်သလဲ၊ ဟင်"

ဟု ဖြစ်လေသည်။

"ဖေဖေလည်း အမည်မသိဘူး၊ လူလေး။ ပင်လယ်သတ္တဝါ တစ်မျိုးပဲ။ ကြယ်နဲ့တူတော့ **ကြယ်ငါး** ပဲခေါ်ကြပါစို့ကွယ်။ ကြယ်ငါးမှာ အစွန်းငါးခု ရှိတယ်။ လက်ငါးချောင်းလို့ ဆိုကြပါစို့။ အဲသည်လက်ကလေးတွေ ကျိုးရင် ပြန်ပေါက်လာတာပဲကွယ့်။ ပြန်ပေါက်တယ်ဆိုလို့ ချိုးလည်း မပစ်ကြနဲ့နော်"

ဟု ဖေဖေက ပြောသည်။

"မချိုးပါဘူး ဖေဖေ။ ကျွန်တော် သနားတတ်ပါတယ်"

ဟု မောင်နီက ဖြေသည်။

ထိုသို့ပြောနေခိုက်တွင်ပင် ကျောက်ရေအိုင်ကလေးတစ်ခုဆီမှ နေ၍ မရီက အော်လိုက်ပြန်သည်မှာ . . .

"ဖေဖေရေ၊ ရေထဲမှာ ကျောက်ကျောတုံးကြီးပေါ်နေတယ်။ မှိုပွင့်ကြီးလိုပဲ"

ဟု ဖြစ်လေသည်။


www.burmeseclassic.com

www.burmeseclassic.com



"**ပင်လယ်မှို** ဆိုတာ သူပေါ့။ ထီးနဲ့တူလို့ **ငါးထီး** လို့လည်း ခေါ်ကြသတဲ့။ ဖန်ခွက်နဲ့တူလို့ **ငါးဖန်ခွက်** လို့လည်း ခေါ်ကြသတဲ့။ ငါးဖန်ခွက်အမျိုးမျိုး ရှိတယ်။ နီဝါဝါတစ်မျိုးကတော့ အလွန်ဆိုးတယ်။ ပိုက်သမား ကွန်သမားတွေ အလွန်ကြောက်တာပေါ့"

ဟု ဖေဖေပြော၍ စကားမဆုံးခင် မရီက ဝင်ပြောသည်မှာ . . .

"ဖေဖေ၊ သူ့ထီးကြီးကို ဖွင့်လိုက် ပိတ်လိုက် လုပ်နေတယ်။ ကြည့်စမ်းပါ၊ သည်လိုနဲ့ သူရေထဲမှာ ရွေ့လျားသွားလာနေတယ် ထင်ပါရဲ့။ ထီးအောက်က အမျှင်တန်းလန်းတွေက ဘာတွေလဲ၊ ဖေဖေ"

ဟု ဖြစ်လေသည်။

"အဲသည် အမျှင်တွေဟာ အဆိပ်မျှင်တွေပေါ့။ အဆိပ်မျှင်တွေအထဲမှာ အဆိပ်မြားတွေရှိတယ်။ တစ်ကောင်ကောင်၊ တစ်ယောက်ယောက်က အမျှင် တွေကို သွားထိလိုက်ရင် အဆိပ်မျှင်ထဲက အဆိပ်မြားတွေ ထွက်လာပြီး ထိတဲ့ သူရဲ့ အသားမှာ စူးဝင်တာပဲ။ စူးတယ်ဆိုရင်ပဲ ယားတာပဲ။ ပူတာလောင် တာပဲ။ အခုမြင်ရတဲ့ ငါးဖန်ခွက် အဖြူကတော့ မဆိုးပါဘူး။ နီဝါဝါမျိုးကသာ ဆိုးတယ်။ ပင်လယ်သမားတွေက သူ့ကို ပင်လယ်မှိုမီး လို့ ခေါ်ကြတယ်။ သူ့ထိရင် မီးလောင်သလို ပူတာပဲတဲ့။ အဲသည် အဆိပ်မြားကလေးတွေဟာ မှုန်မှုန်မွှားမွှားကလေးတွေ၊ ရိုးရိုးမျက်စိနဲ့ မမြင်နိုင်ဘူး။ အင်မတန်အားကြီး တဲ့ မှန်ဘီလူးနဲ့သာ မြင်နိုင်သတဲ့"

ဟု ဖေဖေက ဆက်ပြောပြသည်။

"ဖေဖေ၊ ဟောဟိုသောင်ပေါ်မှာလည်း ငါးဖန်ခွက်ကြီးတစ်ကောင် တင်နေတယ်။ လှိုင်းပုတ်လို့ တင်နေတာနဲ့ တူတယ်။ သည်လိုထားရင် အရည်ပျော်သွားမှာပဲလား၊ ဖေဖေ"

ဟု မောင်နီက မေးသည်။

"ဟုတ်တယ် လူလေး။ တစ်ခါထဲ ပျော်သွားပြီး ဝိုင်းဝိုင်းအမှတ်ကလေးသာ သဲပေါ်မှာ ကျန်ခဲ့မှာပဲ"

ဟု ဖေဖေက ပြော၍မှ မပြီးခင်ပင် မောင်နီသည် ငါးဖန်ခွက်ကြီးကို ယူ၍ . . .

"နင့်အသက် တစ်ခါလွှတ်။ ငါ့အသက် ဆယ်ခါလွှတ်"

ဟု ဆိုလျက် ကျောက်ရေအိုင်ထဲသို့ လွှတ်လိုက်ရာ ငါးဖန်ခွက်ကြီးသည် ထီးကို တစ်ဖန် ဖွင့်လိုက်ပြန်လေတော့သည်။

ထိုအခါတွင် သဲသောင်ရေစပ်၌ ခရုလိုက်ကောက်နေသော မောင်စီက အော်ပြန်သည်မှာ . . .



www.burmeseclassic.com

www.burmeseclassic.com


"ဖေဖေရေ၊ ဟောသည် သဲခွက်ထဲမှာ ပန်းပွင့်ကလေးတစ်ပွင့်။ ဂန္ဓမာပန်းကလေးနဲ့ တူလိုက်တာ"

ဟု အော်ပြောရာ ပန်းကြိုက်သော မရီသည် မောင်စိုး ဆီသို့ ပြေးသွားလေသည်။

"ဟဲ့၊ လူလေးတို့။ ဒါ ပန်းပွင့်မဟုတ်ဘူး။ အကောင်ကလေးတစ်မျိုးပဲ။ သူ့မှာလည်း အဆိပ်မြားတွေ ရှိတယ်နော်။ သတိထား။ ဟော ကြည့်၊ ကြည့်"

ဟု ဆိုကာ ဖေဖေက ပန်းပွင့်ကလေးကို တုတ်ချောင်းကလေးနှင့် တို့ပြသည်။ တို့လိုက်လျှင်ပင် ပွင့်ဖတ်များသည် ပိတ်သွား၍ ရေပန်းကလေးများ ပန်းထွက်လာသည်ကို တွေ့ရသည်။

"အဲသည် ရေပန်းတွေထဲမှာ အဆိပ်မြားတွေ ပါတာပေါ့။ လူကိုတော့ ဘေးမပြုနိုင်ပါဘူး။ ဒါပေမယ့် ငါးကလေး၊ ပုစွန်ကလေးများ အဲသည် ပန်းပွင့်ကလေးထဲကို အမှတ်တမဲ့ ဝင်သွားမိရင် မြားတွေ ထွက်လာပြီး ပစ်တာပဲ။ ပွင့်ဖတ်တွေကလည်း ပိတ်သွားပြီး ဖမ်းတာပဲ။ နောက်ပြီး မိတဲ့အကောင်ကလေးကို စားပစ်လိုက်တာပေါ့။ ကြည့်တော့ ပန်းပွင့်ကလေးကို အင်မတန် ချစ်စရာကောင်းတယ်။ ဒါပေမယ့် ဒီပန်းပွင့်ကလေးဟာ အခြားသတ္တဝါကလေးတွေကို ဖြားယောင်း သွေးဆောင်ပြီး ဖမ်းစားဖို့ လက်နက်ပဲ။ အဲသည်အကောင်ကို **ပင်လယ်မှို ပင်လယ်ကြာ** လို့ ခေါ်တယ်"

ဟု ဖေဖေက ရှင်းပြသည်။

ထိုအခိုက်တွင် သူတို့အနားတွင် လှိုင်းကြီးတစ်လုံးသည် ဝုန်းခနဲကွဲ၍ ဂယက်တစ်ခု ရိုက်တက်လာသဖြင့် သူတို့တစ်တွေ ခုန်ကြ ပေါက်ကြ ပြေးကြ ရှောင်ကြသည်။ သို့သော်လည်း မောင်နီ၏လုံချည်ကား လှိုင်းမိသွား၍ စိုရွှဲ ကျန်ခဲ့လေသည်။ ထို့ကြောင့် မောင်နီသည် ငုံ့၍ ရေညှစ်ရာတွင် ရေစပ်၌ ချပ်ပြားအဝိုင်းကလေးများကို တွေ့၍ တစ်ချပ်ကို ကောက်ယူကာ . . .

"ဖေဖေ ဟောဒါ ဘာလဲ ဟင်"

ဟု မေးလေသည်။ ချပ်ပြားကလေးမှာ တစ်ဖက်က ဖြူ၍ တစ်ဖက်က ညိုသည်။ အလယ်တွင် အစွန်းငါးခုရှိသည့် ကြယ်ပွင့်ပုံပေါ်နေသည်။

"အဲဒါလည်း သတ္တဝါကလေးတစ်မျိုးပဲ။ အောက်ဘက်ကို လှန်ကြည့်ရင် ခြေချောင်းကလေးတွေ လှုပ်နေတာကို တွေ့ရလိမ့်မယ်။ အဲသည် အကောင်ဟာ ပြားပြားဝိုင်းဝိုင်းမို့ ပိုက်ဆံနဲ့ တူတဲ့အတွက် **ကပ်ပလား** လို့ ခေါ်ကြတယ်။ ပုဂံစကားနဲ့တော့ ပိုက်ဆံပြားပေါ့။ သဲထဲမှာ နေတဲ့အတွက် **သဲကပ်** လို့လည်း ခေါ်ကြတယ်။ ပုဂံလိုတော့ သဲပိုက်ဆံပေါ့။ သဲကပ်နဲ့ ကြယ်ငါးဟာ ဆွေမျိုး


www.burmeseclassic.com

www.burmeseclassic.com


တော်ကြတယ်။ နောက်ပြီး **သံပခြုပ်** ခေါ်တဲ့ အကောင်တစ်မျိုးလည်း ရှိသေးတယ်။ တကယ်တော့ သံပခြုပ်ဆိုတာ **ပင်လယ်ဖြူ** ခေါ်တဲ့အကောင် သေလို့ ကျန်ခဲ့တဲ့ အခွံပဲကွယ့်။ ရှင်စဉ်တုန်းကတော့ ဆူးတွေနဲ့မို့ ဖြူနဲ့တူတယ်။ သေတဲ့အခါကျတော့ ဆူးတွေ ကျိုးသွားပြီး ပခြုပ်တောင်းကလေးနဲ့ တူတယ်။ သံပခြုပ် ကို အကောင်းတွေ့ရဖို့ မလွယ်ဘူး။ လှိုင်းပုတ်တဲ့အခါ ကျိုးပျက်သွားတာက များတယ်။ ခရုကောက်ရင်း သတိထားပြီး ကြည့်ကြကွယ့်။ တွေ့ချင် တွေ့ရ လိမ့်မယ်"

ဟု ဖေဖေက ပြောသည်။

ထိုသို့ ပြောနေခိုက်တွင် ဝုန်းခနဲ တက်လာသော ဂယက်ထဲတွင် လိမ့်၍ ပါလာသော အရာတစ်ခု နောက်သို့ ကလေးများလိုက်ကြရာ ရေကျသောအခါ ဂဏန်းဖြစ်နေမှန်း သိ၍ လိုက်ဖမ်းကြသည်။ ဂဏန်းကား သဲထဲသို့ တိုး၍ ဝင်သွားသည်။ မောင်နီက လက်နဲ့ ကော်ထုတ်လိုက်သည်။ ဂဏန်းပါလာ၏။

သို့သော် အလွန်ပါးနပ်သော ထိုဂဏန်းသည် မလှုပ်မရှက်ဘဲ ကျောက်တုံးပမာ သေချင်ယောင်ဆောင်နေသည်။ သဲပေါ်သို့ ပြန်ချလိုက်၍ နောက်ထပ် တက်လာသော ဂယက်ရေနှင့် ထိခါမှ ချက်ချင်းထပြေးပြန်သည်။ ထိုအခါ မောင်စီက ရုတ်ခနဲ ဖမ်းယူကာ မြှောက်ပြ၍ . . .

"ဖေဖေ၊ ဟောသည်မှာ ဂဏန်းတစ်ကောင် ဘာဂဏန်း ခေါ်သလဲ"

ဟု မေးသည်။

"**ဂဏန်းရင်မ** ခေါ်တာ သူပေါ့။ သဲထဲမှာ တိုးပြီးနေတယ်။ တချို့အကောင်မှာ အနီကွက်သုံးကွက် အခွံပေါ်မှာ ပါတတ်တယ်။ နောက်တစ်ခါ သတိထား ကြည့်ကြ။ နောက်ပြီး လက်မကြီးတစ်ခု၊ လက်မငယ်တစ်ခု ရှိတဲ့ **ဂဏန်းဘောင်းနီ** ဆိုတာရယ် ပင့်ကူနဲ့တူတဲ့ **ကျောက်ဂဏန်း** ဆိုတာရယ် ရှိ သေးတယ်။ နောက်တော့ တွေ့ရလိမ့်မယ်"

ဟု ဖေဖေက ပြောလေသည်။

"ဖေဖေရေ၊ သဲပေါ်မှာ ပန်းပွင့်ကလေးတွေ လျှောက်ရေးထားတာ သိပ်လှတာပဲ။ လက်ကိုင်ပဝါ အနားပတ်မှာ လျှောက်ထိုးထားတဲ့ ပန်းကုံးကလေးနဲ့ သိပ်တူတာပဲ။ ကြည့်ပါဦး"

ဟု မရီက အော်ပြောသည်။

"အော် ဒါလား သမီး။ အဲဒါ ဂဏန်းကလေးတစ်ကောင် သွားတဲ့ လမ်းကြောင်းကလေးပဲ။ ခြေရာခံပြီး လိုက်သွားရင် ဂဏန်းကိုရင်လည်း တွေ့ရမယ်။ ဒါမှမဟုတ်ရင် သူ ဝင်သွားတဲ့ တွင်းကလေးကိုရင်လည်း တွေ့ရမယ်"


www.burmeseclassic.com

www.burmeseclassic.com


ဟု ဖေဖေက ပြောသည်။ ထို့ကြောင့် မရီသည် လိုက်သွားရာ ခဏကြာသောအခါ လှုပ်တုပ်လှုပ်တုပ်နှင့် ရွေ့နေသော ခရုဖြူကလေးကို လမ်းအဆုံးတွင် တွေ့ရ၍ ကောက်ယူကြည့်လိုက်ရာ ဂဏန်းခြေထောက်ကလေးများ ခရုခွံထဲသို့ ဝင်သွားသည်ကို တွေ့ရလေသည်။

"ဖေဖေ၊ ခရုကလေးက ခြေထောက်ပေါက်နေတယ်။ ဂဏန်းခြေထောက်ကလေးတွေလိုပဲ ဆန်းလိုက်တာ"

"ပြစမ်း၊ ပြစမ်း။ ဒါ ခရု ခြေထောက်ပေါက်နေတာ မဟုတ်ဘူး၊ သမီး။ ဂဏန်းကလေးက ခရု အဆန်ချောင်ထဲမှာ ဝင်နေတာ။ အဲသည် ဂဏန်းကလေးမျိုးဟာ အဲသည်လိုပဲ သူများအခွံထဲမှာ ဝင်ဝင်ပြီး နေကြတယ်။ အဲဒါကြောင့် သူ့ကို ပုဂံစကားနဲ့ **ဝင်ကစွပ်** လို့ ခေါ်ကြတယ်။ ထားဝယ်စကားနဲ့တော့ **ပန်လည်ပန်စွပ်** ခေါ်တယ်ကွယ့်။ ပန်းကုံးကလေးနဲ့တူတဲ့ ခြေရာလမ်းကြောင်းကလေးဟာ သူ့လမ်းကြောင်းကလေးပေါ့။ ပြန်လွှတ်လိုက်ပါ သမီးရယ်"

ဟု ပြောသည်။

"ခရုကလေးက လှတယ် ဖေဖေ။ မလွှတ်ချင်ဘူး"

"ခရုကလေးတွေ ပြည့်လို့ပါ သမီးရယ်။ လျှောက်ကောက်ပေါ့။ သူ့ကိုတော့ လွှတ်လိုက်ပါ။ ဟောဟို တံငါရွာကလေးအလွန်မှာ ချောင်းပေါက်ကလေးတစ်ခု ရှိတယ်။ အဲသည်မှာ ခရုခွံတွေ၊ ရှပ်ခွံတွေ အများကြီးရှိတယ်"

ဟု ဖေဖေက ပြောသည်။

"ခရုနဲ့ ရှပ် ဘယ်လိုကွာသလဲ၊ ဖေဖေ။ အခွံချည်းပဲ မဟုတ်လား"

ဟု မောင်နီနှင့် မောင်စီတို့က ဝင်မေးသည်။

"ကွာတာပေါ့ကွယ့်။ ဟောသည် ခရုဖြူကလေးကို ကြည့်ပါလား။ အခွံတစ်ခုထဲ ရှိတယ်။ **ရှပ်ကောင်** ဆိုတာက လက်ခုပ်လို အခွံနှစ်ခု အုပ်နေတဲ့အကောင်ပေါ့။ ဟောဟို ရေစပ်က အခွံဟာ ရှပ်ခွံပဲ။ ခရုကို တစ်ခွံထဲရှိလို့ **ဧကခွံ** လို့ ခေါ်ကြပါစို့။ ရှပ်ကိုတော့ ၂ ခွံရှိလို့ **ဒွိခွံ** လို့ ခေါ်ကြပါစို့။ ကဲ ချောင်းကလေးကိုသွားပြီး ခရုတို့၊ ရှပ်တို့ ကောက်ကြရအောင်"

ဟု ဆိုကာ ဖေဖေသည် ကလေးများကို ခေါ်သွားသည်။

မောင်နီတို့ မောင်နှမသုံးဦးသည် ချောင်းပေါက် သဲခုံပေါ်တွင် ဖြူဖြူဖွေးနေသော ခရုခွံ၊ ရှပ်ခွံများကို ပြေးကာ လွှားကာ ကောက်ကြသည်။ သူကောက်သည့်အကောင်နှင့် ကိုယ်ကောက်သည့်အကောင်ကို ယှဉ်၍ ပြိုင်၍ကြည့်ကြသည်။ သူ့နေရာသို့ ကိုယ်လိုက်၍ ကြည့်သည်။ ကိုယ့်နေရာသို့ သူ လိုက်၍ ကြည့်သည်။ သူတို့လွယ်အိတ်များသည် ခဏအကြာတွင် ခရုခွံ ရှပ်ခွံ

www.burmeseclassic.com



များနှင့် တချွတ်ချွတ် တချက်ချက် မြည်နေတော့သည်။ ထိုသို့သောအခိုက်တွင် မေမေ လိုက်လာ၍ . . .

"ကဲ၊ ကလေးတို့၊ နေလည်း မြင့်လှပြီ။ ထမင်း မဆာကြသေးဘူးလား"

ဟု မေးသည်။

"မဆာသေးဘူး၊ မေမေ။ ခရုကလေးတွေ သိပ်လှတာပဲ။ ကြည့်ပါဦး"

ဟု မောလျက်နှင့် မောမှန်းမသိ၊ ဆာလျက်နှင့် ဆာမှန်းမသိသော မရီက ပြောသည်။

"ဟုတ်ပါရဲ့၊ လှလိုက်တာ။ အဲသည်အခွံကို **ဂျင်းပု** လို့ ခေါ်တယ်။ ရုပ်တစ်မျိုးပေါ့"

ဟု မေမေက ပြောလျှင်ပင် မောင်နီနှင့် မောင်စိတို့သည် မိမိတို့ ကောက်ထားသော အခွံများကို သောင်ပေါ်သို့ သွန်ချ၍ ပြလေတော့သည်။

"မေမေ၊ ဟောသည် လိမ်လိမ် ချွန်ချွန် ရှည်ရှည် ခရုကို ဘာခေါ်သလဲ"

"**ခရုအိုးလိမ်** ခေါ်တယ်၊ လူလေး။ ဆေးဖက်ဝင်တယ်။ ဗရင်ဂျီနာ ဖြစ်ရင် အဲသည်ခရုကို ပြာချပြီး ထည့်ရတယ်တဲ့"

"ဟော ဒါကော၊ မေမေ"

"အဲဒါ **ကြွေပုပ်** ပေါ့။ သူလည်း ဆေးဖက်ဝင်တယ်။ ဟိုဘက်က ဆူးတွေနဲ့ ခရုရှိတယ် မဟုတ်လား။ သူ့ကို **ခရုဇေင်ရိုင်း** ခေါ်တယ်။ သားသည် အမေတွေ နို့ကြောင်းပိတ်ရင် သူ့ကို သွေးလိမ်းရသတဲ့။ ဟောဒါတွေက **ခရု သင်း** ပေါက်စကလေးတွေကွယ့်။ သူတို့ကြီးရင် ခရုသင်းကြီးတွေ ဖြစ်မှာပဲ ထင်တယ်။ ဟော၊ သူတို့ကို နားမှာကပ်ပြီး နားထောင်ကြည့်စမ်း။ ပင်လယ် လှိုင်းသံကို ကြားရလိမ့်မယ်"

ဟု မေမေက ပြော၍ မောင်နှမသုံးယောက်သည် ခရုများကို နားတွင် ကပ်ကြည့်ကာ . . .

"ဟုတ်တယ် မေမေ၊ ကြားရတယ်။ လှိုင်းသံလိုပဲ တဝုန်းဝုန်းနဲ့"

ဟု ပြောကြသည်။

ထိုခဏတွင် ဖေဖေသည် ရောက်လာ၍ . . .

"ကဲ၊ သားတို့ သမီးတို့၊ ခဏနားကြဦးစို့။ ထမင်းစားပြီး ရေပြည့်တော့ ရေကူးရဦးမယ်"

ဟု ခေါ်သဖြင့် ပင်လယ် ကဗွီးပင်ကြီးများ အောက်သို့ သားအမိ သားအဖတစ်စု ဝင်သွားကြလေတော့သည်။ (၁၉၅၅)

www.burmeseclassic.com

www.burmeseclassic.com

## တတ်=တဲ့

မြန်မာစကား ရေးသားပြောဆိုမှုတွင် ရေးတော့အမှန်၊ ဖတ်တော့အသံ ဟူသော စည်းတစ်ခုကို ရှေးပညာရှိများ ချမှတ်ခဲ့သည်။ **လျှောက်လွှာ** ဟု ရေးသည်ကို **သျှောက်လွှာ** ဟု ဖတ်ရမည်။ ဖတ်ကြသည်။ **မုဒ္ဒမ၊ မဒ္ဒရာ၊ သန်လျင်** ဟု ရေးသည်ကို **မဒမ၊ မဒရာ၊ တညင်** ဟု ဖတ်ရမည်။ ဖတ်ကြ သည်။ **ခြေတံရှည်** ဟု ရေးသည်ကို **ခြိတံရှေ** ဟု ဖတ်ရမည်။ ဖတ်ကြသည်။

ဤတွင် ရေးတော့ အမှန်ဆိုရာ၌ အမှန်ဆိုသော စကားကို စိစစ်ဆင်ခြင်ဖွယ် ရှိသည်။ ပုဂံခေတ် ကျောက်စာရေးထုံးကို အမှန်ခေါ်ရမည်လား။ သျှင်သီလဝံသတို့ခေတ် ပျို့လင်္ကာ ရေးထုံးကို အမှန်ခေါ်ရမည်လား။ သျှင်သီလဝံသတို့ ခေတ် ရေးထုံးကိုပင် (၁) ကျောက်စာတွင် မတိမ်းမယိမ်း မချွတ်မယွင်း ကျန်နေသေးသော သျှင်သီလဝံသတို့ မျက်မှောက်ရေး ခေတ်ပြိုင်ရေး ထုံးကိုပင် အမှန်ခေါ်ရမည်လား။ သို့တည်းမဟုတ် (၂) နောက် နှောင်းသော ဆရာတို့ တစ်ဆင့်မှတစ်ဆင့် ကူး၍ ပျက်သော ရေးထုံး၊ တစ်ဆင့်မှတစ်ဆင့် ပြင်၍ပျက်သော ရေးထုံး စသည်တို့ကိုပင် အမှန်ဟု ခေါ်ရမည်လား။ ဤအမှန် ပြဿနာကို လွယ်လွယ်နှင့် ဖြေရှင်း၍ ရနိုင်မည်မဟုတ်ပေ။ သို့သော်လည်း ပညာရှိ အဆက်ဆက်တို့က အမှန်ဟု ယူဆလိုက်နာကြသော ရေးထုံးကျမ်းများ ရှိလေသည်။

ထိုကျမ်းတို့ကား (၁) ရွာကြီး သျှင်ဥက္ကံသမာလာ ပြုစုခဲ့သော ဝဏ္ဏဗောဓနေသတ်အင်း။ (၂) ဒုတိယကျော်အောင်စံထားဆရာတော် ပြုစုခဲ့သော ဝေါဟာရတ္ထ ပကာသနီကျမ်း။ (၃) တွင်းသင်းတိုက်ဝန် မဟာစည်သူ ပြုစုခဲ့သော တွင်းသင်းသတ်ညွှန်းသစ်။ (၄) ဝဏ္ဏဗောဓနေသတ်အင်းကို သံပေါက်စပ်ထားသော စိန္တကျော်သူ၏ ကဝိလက္ခဏာသတ်ပုံ စသည်တို့ ဖြစ်လေသည်။ ယခုအခါတွင် သူတို့ကိုပင် အမှန်ဟူ၍ သမုတ်ထားကြပြီးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com


တစ်ဖန် ဖတ်တော့အသံဆိုရာ၌ မည်သူ့အသံကို ဆိုပါသနည်း။ မြန် မာစကားကို ဒေသအလိုက် အသံအမျိုးမျိုးထွက်၍ ပြောဆိုနေကြသည်။ ရခိုင်၊ တနင်္သာရီ၊ အင်းလေး စသော အရပ်များတွင် အသံထွက်ပုံနှင့် ဧရာဝတီမြစ် ဝှမ်းဒေသတွင် အသံထွက်ပုံတို့ မတူကြ။ မည်သူ့အသံကို စံအဖြစ် ယူရပါ မည်နည်း။ ဤအသံပြဿနာမှာ အထက်ပါ အမှန်ပြဿနာထက် ခက်ခဲသည် ထင်ပါသည်။ ရေးထုံးသည် ကျောက်ထက်အက္ခရာ၊ ပေထက်အက္ခရာ၊ စက္ကူ ထက်အက္ခရာ တင်ထားသည်ဖြစ်၍ သင်္ခါရသဘောကို မလွန်ဆန်နိုင်သော ကြောင့် ရွေ့လျော ပြောင်းလဲရသည်ဆိုသော်လည်း အပြောင်းအလဲ မြန်လည်း မမြန်လှ။ များလည်း မများလှ။ ကျောက်စာ၊ ပေစာ၊ စက္ကူစာများ ထင်ရှားရှိ နေသေးသမျှ ကာလပတ်လုံးလည်း မူလရေးသားရင်း ရေးထုံးတို့ကို ပြန်လည် သုံးသပ်လေ့လာနိုင်ပေသည်။ ပြောထုံးမှာကား ဤသို့မဟုတ်ခဲ့။ အနော်ရထာ မင်းတရား ပြောသောအသံသည် ပြောသောခဏ၌ပင် ပျောက်ခဲ့ပြီ။ ဿျှင် ရဋ္ဌသာရ မိန့်သောအသံသည် မိန့်သောခဏ၌ပင် ပျောက်ခဲ့ပြီ။ ပြောရင်းစွဲ မူလပြောထုံးအသံကို ပြန်လည်သုံးသပ်လေ့လာလို့ မရတော့ပြီ။ ထို့မှမကသေး ပြောထုံးစကားသံသည် တစ်ခဏပြီးလျှင် တစ်ခဏ ရွေ့လျောပြောင်းလဲလျက် ရှိလေသည်။ ပုဂ္ဂိုလ်တစ်ဦး ထိုခဏ၌ ပြောလိုက်သော အသံတစ်ခုသည် ထို သူပင်လျှင် ဤတစ်ခဏ၌ ပြောလိုက်သော အသံနှင့် ထပ်တူထပ်မျှ တူဖို့ များစွာ ခဲယဉ်းလေတော့သည်။ ကျွန်ုပ်တို့သည် လူကြီးမိဘတို့ထံမှ စကားသင် ခဲ့ကြသည်။ လူကြီးမိဘတို့ ပြောသော စကားသံကို ထပ်တူထပ်မျှ အမွေခံယူ လိုက်ရသည်ဟု ပြောဖို့ရန်ကား ခဲယဉ်းသည်။ ထို့ကြောင့် ဤအသံပြဿနာ မှာ အမှန်ပြဿနာထက် ခဲခက်သည်ဟု ဆိုရခြင်းဖြစ်ပါသည်။ သို့သော်လည်း မျက်မှောက်ကာလ၌ စာအများဆုံးရေး၍ စကားအများဆုံး ပြောသော ရန်ကုန် မန္တလေးမြို့တို့ တည်ရှိရာ ဧရာဝတီမြစ်ဝှမ်းသားတို့၏ အသံကို အကြမ်းအား ဖြင့် စံပြုကြပါစို့။

**ရေးတော့အမှန် ဖတ်တော့အသံ** ဆိုသော သူဟောင်းတို့၏ စည်း အပြင် အခြားစည်းတစ်ခုလည်း ကျွန်ုပ်တို့၏ မျက်မှောက်တွင်ပင် ဖြစ်ပေါ် လျက်ရှိလေသည်။ ဤစည်းမှာ **ရေးလည်းအသံ၊ ဖတ်လည်းအသံ** ဟု ခေါ်ထိုက် သော စည်းဖြစ်သည်။ တစ်နည်းအားဖြင့် ဆိုရသော် ရှေးရေးထုံးတို့ကို မလိုက် နာဘဲ ပြောသံအတိုင်း လိုက်ရေးသောအလေ့ ပေါ်လျက်ရှိလေသည်။ ဤအလေ့ မှာ မည်သည့်အခါက စတင်ပေါ်ပေါက်သည်ဟု အတိအကျ မပြောနိုင်သော် လည်း ဘိုးတော် ခေတ်ပေါ် ရာမရကန်ထဲတွင် အတော်တွေ့ရပြီ။ ရကန်နောက် တွင်ကား တရားစာများ၊ နန်းတွင်း ဇာတ်တော်ကြီးများ၊ တေးထပ်၊ လေးချိုး၊


www.burmeseclassic.com

www.burmeseclassic.com


ဘောလယ် စသော ကဗျာငယ်များတွင် အတော်များများ တွေ့ရပြီ။ ယခုကာလတွင်ကား စာနယ်ဇင်းများ၊ ဝတ္ထုများ၊ လွှတ်တော်မှတ်တမ်းများ၊ ကျောင်းသူကျောင်းသားတို့၏ စာစီစာကုံးများတွင် အနံ့အပြား အများအစား တွေ့နေရလေပြီ။

ဤ **ရေးလည်းအသံ ဖတ်လည်းအသံ** ဆိုသော ယေဘုယျစည်းပေါ် နေပြီဖြစ်သော်လည်း အနုစိတ်အားဖြင့် မည်သည့်စကားလုံးကို မည်သည့် အက္ခရာနှင့် ရေးသင့်သည်ဆိုသော စည်းကို မချမှတ်ရသေးချေ။ လွယ်ကူသော ကိစ္စလည်း မဟုတ်လှ။

ဤ ဒုတိယစည်းထဲတွင် အကျုံးဝင်လျက်ရှိသော **တဲ့** ဟူသည့် စကားလုံးကို ပထမစည်းအရ အမှန်သို့ရောက်အောင် မည်သို့ရေးရပါအံ့နည်း။ တစ်နည်းအားဖြင့်ကား **တဲ့** ၏ ဇာစ်မြစ်မျိုးနွယ်ကား အဘယ်နည်း။ ယခုကာလမြန်မာစာတွင် **တဲ့** အမျိုးမျိုးရှိရာ မည်သည့် **တဲ့** ကို ဤတွင် ဆွေးနွေးလိုပါသနည်းဆိုသော် ဦးပုည ဝတ္ထုပေါင်းချုပ်၊ ဆဒ္ဒန်ဆင်မင်းဝတ္ထုလာ အောက်ပါစာပိုဒ်ရှိ **တဲ့** ကို ဆွေးနွေးလိုပါသည်။

> ကာသိမင်း၏၊ သက်နှင်းတောင်ညာ၊ သုဘဒ္ဒာဟု၊ အဆာကျယ်လှ၊ ရှင်ဘုရင်မကြီးက၊ မြမရှား စိန်မရှား၊ အလွန်ပင် များသည်ကို၊ နားလေး လေဟန်၊ ဆင်စွယ်မှ ပန်လိုသည်၊ သာမန်ဂုဏ်ငယ်၊ ဆင်နက်စွယ်များကိုလည်း၊ နားဝယ် လက်မခံ၊ ညီစော်နံသည်ဟု ရွံ့သတဲ့ ဘုရား။

**တဲ့** ရေးထုံးကို သတ်ပုံသတ်ကျမ်း ကျမ်းတို့တွင် ရှာကြည့်သောအခါ ဝဏ္ဏဗောဓနေနှင့် ဝေါဟာရတ္ထ ပကာသနီတွင် **နေမိမင်းတဲ့** ဟူသော ဘုံခန်းပျို့ အပိုဒ် ၁ လာ စကားကို ထုတ်ဆောင်ဖော်ပြထားချက်ကို တွေ့ရသည်။ ပကာသနီဆရာ ရေးသားချက်ကို အောက်တွင် အပြည့်အစုံ ဖော်ပြလိုသည်။

> (တဝမ်းပူ) နောက်ပစ် အမြစ်အရာကား နည်းအံ့သည်။ (ဇမ္ဗူနင်းချဲ့၊ ဤမင်းတဲ့ဟု၊ ပြွပြွဖျင်ပြွမ်း) (နေမိမင်းတဲ့၊ စောရန်ဖွဲ့ကို၊ ငရဲ့ပြည်ရွာ) စသည်ဖြင့် (နေမိမင်းတဲ့၊ ဤမင်းတဲ့) ဟူ၍ ဘုံခန်းဆရာစပ်၏သို့ ပျို့တစ်ပါးစပ်သည် မထင်။

ပကာသနီဆရာသည် **တဲ့** ၏ စပ်ထုံးကို ဖော်ပြသော်လည်း အနက်ကို မဖော်ပြခဲ့ချေ။ ရုတ်တရက်ကြည့်သော် ဦးပုည၏ စကား ရွံ့သတဲ့ တွင်ပါသည့် တဲ့ နှင့် ဘုံခန်းစကား **နေမိမင်းတဲ့** တွင် ပါသော တဲ့ တို့သည် အရေးတွင်သာလျှင် ထပ်တူဖြစ်သည်မဟုတ်။ အနက်တွင်လည်း ထပ်တူဖြစ်သည်ဟု ထင်မိသည်။ သို့သော်လည်း ဤအချက်ကို စဉ်းစားလေလေ သံသယ


www.burmeseclassic.com

www.burmeseclassic.com


မကင်းလေလေဖြစ်မိသည်။ နောက်ဆုံးတွင် ဤ တဲ့ နှစ်လုံးသည် အနက်မတူကြဟု ယူဆမိတော့သည်။

သို့ဖြစ်ပါက တဲ့ နှင့် အနက်သဘော တူညီသော ရှေးဟောင်း အတွေးအခေါ်စကား ဝေါဟာရ မရှိခဲ့ပါသလော။ ရှိခဲ့ပါ၏။ ပညာရှိများ အထပ်ထပ်သုံးခဲ့ပါ၏။ ယခုတိုင်ပင် ပညာရှိတို့၏ နှုတ်ဖျားမှ မထွက်သေးပါ။ ဥဒါဟရဏ်ဆောင်ပါအံ့။ သျှင်မဟာသီလဝံသ ရေးသားတော်မူသော ပါရာယနဝတ္ထု စာမျက်နှာ ၉၂ တွင် ဝေဠုဝန်ဥယျာဉ်ကို သီချင်း သာယာစွာ ဖွဲ့စေ၏။ ထိုသို့ဖွဲ့သော သီချင်းကား ဤသို့ **တတ်** ဟု တွေ့ရသည်။ ဤဝါကျတို့အောက်တွင် **ရမ္မံ ဝေဠု ဝန်ယနေ** အစရှိသော ပါဠိသီချင်းကို ဆက်ထည့်ထားသည်။ တစ်ဖန်လည်း ယင်းစာမျက်နှာ ၁၇၄ တွင် စကားအဖြောင့်ကား ဤသို့ **တတ်**။ ဗာဝရီပုဏ္ဏား ဥတ္တရာပထ တိုင်းမှ ဒက္ခိဏာပထ တိုင်းသို့ သွား၍ ဈာန်တရားစီးဖြန်း၍ နေလေ **သတတ်** ဟု တွေ့ရသည်။ ဤဒုတိယကိုးကားချက်တွင် **တတ်** တွင်မက **သတတ်** ဟူ၍ပင် ပါလေသည်။ ဤစကားခွန်းတို့နေရာတွင် **တဲ့** နှင့် **သတဲ့** ကို အစားထိုး၍ဖတ်ကြည့်ပါ။ အနက် ထပ်တူထပ်မျှဖြစ်သည်ကို တွေ့ရပေမည်။

ထို့ကြောင့်လည်း စံကျောင်းဆရာတော်ဘုရားသည် စူဠဝါ ပါဠိတော် နိဿယသစ်ကို ပြုစုတော်မူရာတွင် ပထမတွဲ စာမျက်နှာ ၂၀၉ ၌ အမိကိရ၊ ဖြစ်ပြီသတတ်၊ ဝါဖြစ်ပြီတဲ့ ဟု စာဖတ်သူ နားလည်ရအောင် ရှေးသုံးစကားနှင့် ခေတ်သုံးစကားတို့ကို ဖက်တွဲ ဖော်ပြလိုက်ခြင်းဖြစ်ရာသည်။ ဤ **တတ်** ဟူသော စကားခွန်းကို **သတတ် (သည်တတ်)** ဟု ပစ္စုပ္ပန်ကာလနှင့်သာ ဖက်တွဲ၍ သုံးသည်မဟုတ်သေး။ အတိတ်ကာလ၊ အနာဂတ်ကာလတို့နှင့်လည်း ဖက်တွဲ၍ သုံးခဲ့ကြသည်။ အောက်တွင် ထုတ်ဆောင် ကိုးကားပြပါအံ့။

သစ်သားဖြင့် လုပ်ထားသော ပုဏ္ဏားရုပ်သည် လူအရှင်ကဲ့သို့ စကားပြောသတဲ့ ဟူသော ကေလာဟလ စကားကို သျှင်ရဋ္ဌသာရက သစ်ရုပ်ပုဏ္ဏား၊ ရှင်အလားတို့၊ စကားတွတ်တွတ်၊ ဆို**သတတ်**ဟု၊ ခြေချုတ်လက်ချုတ်၊ မြေကြီးခတ်မျှ၊ လာလတ်သသူ၊ ရှင်နှင့်လူကား၊ ယှဉ်တူရင်အပ်၊ အထပ်ထပ်တိ ဟုတံတားဦးတည် မော်ကွန်း (၁၇) တွင် စပ်ဆိုခဲ့သည်။ ဤတွင် ပစ္စုပ္ပန်ကာလသုံးဖြစ်လေသည်။

တိုင်းပြည်ထီးနန်းကို မြက်တစ်ပင်မျှ အဖိုးမထားဘဲ စွန့်သွားခဲ့ပြီတဲ့ ဟူသော ကောလာဟလ စကားကို သျှင်ရဋ္ဌသာရပင် စိုးမင်းမောင်နှံ၊ ရှင်ဖြစ်ကြံ၍၊ ပြည်စံပြည်ပ၊ တုမရကို၊ မြက်မျှမခန့်၊ စွန့်ခဲ့ပြီ**တတ်**၊ ကျော်ကြား


www.burmeseclassic.com

www.burmeseclassic.com


လတ်သော် ဟု ကိုးခန်းပျို့ (၂၇၆) တွင် စပ်ဆိုခဲ့သည်။ ဤတွင် အတိတ်ကာလ သုံးဖြစ်လေသည်။

အရှင်မင်းကြီး၏ သမီးတော် သမုဒ္ဒဇာကို ကျွန်ုပ်တို့၏ ဘုရင်နှင့် ထိမ်းမြားတော်မူမည် တဲ့ ဟု တစ်ဆင့်စကား ကြားရကြောင်းကို သျှင်ရဋ္ဌသာရ ပင် ဘူရိဒတ်လင်္ကာကြီး (၁၂၃) တွင် သမုဒ္ဒဇာ၊ မည်သာတွင်ကျော်၊ သမီး တော်ကို၊ မင်းသော်မင်းချင်း၊ တို့ရှင်ရင်းနှင့်၊ ဆောက်နှင်း**မည်တတ်**၊ ကြားကြ လတ်၍၊ ပြတ်ပြတ်ယုံကြည်၊ စေလိုက်သည်ဟု၊ တည်တည်ပပ၊ ဆိုပြီးမှတည့် ဟု စပ်ဆိုခဲ့သည်။ ဤတွင် အနာဂတ်ကာလသုံး ဖြစ်လေသည်။

အထက်ပါ ခိုင်မာသော အထောက်အထားတို့ကို လေ့လာသုံးသပ် ကြည့်သောအခါ **တတ်** နှင့် **တဲ့** အနက် ထပ်တူဖြစ်ကြောင်းမှာ ထင်ရှားလာ သည်။ သို့သော်လည်း **တတ်** ဟူသော **အရေး မှန်** မှ **တဲ့** ဟူသော **အပြောသံ** သို့ ရွေ့လျောလာပါသလား ဟူသော ပြဿနာကို ဖြေဆိုဖို့ရန် သုတေသန လုပ်ငန်း ကျန်ရှိနေပါသေးသတည်း။ (၁၉၅၁)

www.burmeseclassic.com

www.burmeseclassic.com

# ဆေးရုံ

ဆောင်းဦးပေါက်ကလည်း ပူဦးမလို၊ အေးတော့မလို၊ မယုံသာ။ လန် ဒန်ရွှေမြို့တော်ကြီးကလည်း ဆီးနှင်း၊ မြူတိမ်၊ သူရိန်၊ မီးခိုးတို့ဖြင့် ပိတ်၍ အသက်မရှူသာ။ ထိုအခိုက်၌ ကျွန်တော် အအေးမိသည်။ သိပါ၏။ အအေးကား အအေးစို မဟုတ်။ အအေးခြောက်။ မျက်စိပူခြင်း၊ ခေါင်းခဲနောက်ခြင်း၊ ကိုယ်လက်ကိုက်ခြင်း၊ လည်ချောင်းနာခြင်း၊ ကိုယ်ငွေ့ပြင်းခြင်း စသော အမှတ်များကို မရှောင်သာ။ ခံစားရ၏။ သတိမူမိ၏။ သို့သော်လည်း ငါဖျားသည်ဟု တွေးရမည်ကို ကြောက်သဖြင့် မိမိကိုယ်ကိုပင် မိမိအကြောင်းမကြား။ ဆိတ်ဆိတ်နေသည်။

တစ်ရက်ခန့်ရှိသောအခါကား မှတ်မိသမျှ ဆေးများကို ဝယ်၍ သုံးသည်။ သက်သာရာ မရ။ ၂ ရက်ခန့် ရှိသောအခါ ငါဖျားနေပါတကား ဟု အသိအမှတ် ပြုရတော့သည်။ သို့သော်လည်း အပေါင်းအသင်းတို့အား မပြောပြရဲသေး။ ၃ ရက်မြောက်သောနေ့၌ မနေသာတော့ပြီ။ လက်ဝဲဘက် တစ်ခြမ်းလုံး ဒုက္ခပေး၏။ လည်ချောင်း ဝဲဘက်ခြမ်း အလွန်ကိုက်၏။ အစာမျို၍ မရ။ ရေသောက်လျှင်ပင် နာသည်။ ဝဲဘက်သွား၊ ဝဲဘက်ပါး၊ ဝဲဘက်နား၊ ခေါင်း ဝဲဘက်ခြမ်း ကိုက်၏။ ဝဲဘက်လက်မောင်း၊ ဝဲဘက်ခါး၊ ဝဲဘက်ပေါင် ကိုက်၏။ ထိုအခါကျမှ အပေါင်းအသင်းတို့အား ငါဖျားသည်ဟု ရဲဝံ့စွာ ကြေညာပြီးလျှင် ကျောင်းမတက်ဘဲ အခန်းထဲတွင် နေသည်။ ကိုယ်သိသောဆေး၊ သူ တစ်ပါးညွှန်သော ဆေးတို့ကို မှီဝဲသည်။ သက်သာရာ မရ။

နံနက်ပိုင်း လန်းယောင်ယောင်၊ ညနေပိုင်း ညှိုး၏။ အပုပ်ချိန်မို့ ညှိုးသည်ဟု ကြားဖူးနားဝရှိသော မိတ်ဆွေတစ်ဦးက ရမ်း၍ပြောသည်။ သက်သာဖွယ်စကားကို ကြားလိုသော လူမမာလုပ်သူကလည်း ဟုတ်ပေလိမ့်မည်ဟု အတည်ပြုကာ ရောဂါကို အောင့်၍ ခံလိုက်သည်။ ညဦးပိုင်း လန်းယောင်



www.burmeseclassic.com

www.burmeseclassic.com


ယောင်၊ သတင်းမေးလာကြသော မိတ်ဆွေများနှင့် ရယ်ကာမောကာ နေရသဖြင့် သက်သာရာ ရပါ၏။ ညဥ့်နက် အိပ်ရာဝင်သောအခါ ရောဂါ ဖမ်းသည်။ အထက်က ဆိုခဲ့သည့်အတိုင်း တစ်ခြမ်းလုံး ကိုက်သည်။ ယာဘက်စောင်း၍အိပ်၊ ဝဲဘက်စောင်း၍အိပ်၊ မှောက်အိပ်၊ လှန်အိပ်၊ အုန်းပင်စိုက်၍အိပ်၊ မသက်သာ။ မောသောအခါကျမှ ဖြစ်သလို နေလိုက်သည်။ ထိုအခါကိုယ်ပူ၍ လာ၏။ တစ်ကိုယ်လုံးပူ၏။ မခံမရပ်နိုင်အောင် ပူ၏။ အပူကန်သည်ဆိုသည်မှာ ဤအရာပင် ဖြစ်တန်၏ ဟု တွေးတောငြိမ်နေ၏။ ချွေးထွက်သည်။ လည်ပင်းစို၏။ နဖူးမှ စီးကျ၏။ ရင်ဘတ်တွင် ရွှဲနေသည်။ ပေါင်ဆီတွင် စွတ်တွတ်တွတ်။ အနေရ ကြပ်ဘိခြင်း။ နောက်ဆုံး၌ အိပ်ရာမှထကာ ချွေးသုတ်၊ အဝတ်လဲရတော့သည်။ အချိန်သန်းခေါင်ကျော်ပြီ။ တစ်မှေးမျှ မအိပ်ရသေး။ အိပ်ချင်စိတ်လည်း မရှိ။ ရေလည်း ငတ်သည်။ ထို့ကြောင့် ရေနွေးတည်ကာ သံပုရာရေ သောက်၏။ မီးဖိုရှေ့တွင် ထိုင်ကာ ထွေရာလေးပါး စဉ်းစား၏။ ထွေရာလေးပါး၏ အဆုံး၌ မအိပ်လို့မဖြစ်သေး။ အိပ်ဦးမှပေါ့ ဟု ကိုယ့်ကိုယ်ကို ချော့မော့ကာ အိပ်ရာဝင်ပြန်၏။ အိပ်၍ကား မရ။ ထိုအခါ၌ အိမ်တစ်အိမ်မှ ထ၍ထ၍ ဟောင်သော ခွေးတစ်ကောင်ကို သတိပြုမိသဖြင့် စိတ်ထွက်မိသောကြောင့် သာ၍ အိပ်မရဖြစ်တော့သည်။ အိပ်ပျော်လိမ့်မလား ဟု တွေးကာ ဂုဏ်တော်ကို စိတ်မပါဘဲ ရွတ်၏။ ရွတ်ဆဲတွင် ခွေးဟောင်သံကို နားစိုက်လျက်။ သို့ဖြင့် တပြောင်းပြန်ပြန်နေဆဲ အမှတ်မထင်သော ခဏတွင် အိပ်ပျော်သွားလေသည်။

ဤသို့ ၂ ရက် ၃ ရက်ခန့် ရှိသောအခါ မိတ်ဆွေများက ဆရာဝန်ကို ခေါ်ရအောင်ဟု အကြံပေးသည်။ ကျွန်တော်ကား ဆရာဝန်ကို သတိရပါ၏။ သို့သော်လည်း အဘယ်အကြောင်းကြောင့် မသိ၊ ဆရာဝန်ကို သတိမရကျိုးကျွန်ပြုကာ မေ့ထားလိုက်သည်။ သူတစ်ပါးက အကြံပေးခါမှ အကောင်းသားပဲ ဟု ခွင့်ပြုလိုက်သည်။ မိတ်ဆွေ ဆရာဝန်လည်း အရေးတယူ စမ်းသပ်မေးမြန်း၏။ လည်ချောင်းနာကြောင့် ဤသို့ အကိုက်အခဲများကို ရရသည်ဟု ပြောကာ ဆေးကောင်းဝါးကောင်းများကို ညွှန်းသည်။ ကျွန်တော်လည်း မှီဝဲသည်။ အခိုက်အတန့်အတွက် သက်သာရာ ရပါ၏။ အဖျားကား တိုးလျက်ပင်။ လည်ချောင်းတိုး၍ နာ၏။ အစားအသောက် မျိုဖို့ရန်ဝေးစွ၊ စကားပြောရန်ပင် ကြောက်သည်။ ပါးစပ်ကို ဟလျှင် နာ၏။ ရေးကကဲ့သို့ ကျယ်ကျယ်ဟ၍လည်း မရ။ လက်တစ်လုံးခန့် အထက်သွားနှင့် အောက်သွား ကွာရုံထက်ပို၍ ဟမရ။ မေးခိုင်လေပြီလား ဟုလည်း မထင်မရှား တွေးမိ၏။ ထင်ထင်ရှားရှားလည်း မတွေးရဲ။ ခြောက်ရက်မြောက်သောနေ့၌ကား ဆရာဝန်ကို ခေါ်


www.burmeseclassic.com

www.burmeseclassic.com


ရပြန်တော့သည်။ ဆရာဝန်လည်း ပါးစပ်တို့ကို ဖြဲ၍ အာခေါင်လည်ဝတို့ကို ကြည့်ရန် ကြိုးစား၏။ ပါးစပ် မဟနိုင်၍ မမြင်ရ။ သို့သော် ကျွန်တော်ပြော ပြသော လက္ခဏာများကို အကြောင်းပြုကာ လက်ဝဲဘက် လည်ချောင်းဝတွင် ဆုံဆို့နာ ပေါက်နေပြီ။ အခန့်မသင့်က ဖောက်ရလိမ့်မည်။ ဆေးရုံမှာ သွားနေ ပါလား ဟု စကားရိပ်ပြောသည်။ ကျွန်တော်လည်း ဆေးရုံကို သတိရပါ၏။ သို့သော် ဆရာဝန်က ပြောခါမှ ဆေးရုံအကြောင်း ရဲရဲဝံ့ဝံ့ တွေးကာ သွားမည် ဟု ပြောလိုက်သည်။ မိတ်ဆွေဆရာဝန်လည်း အခြားမိတ်ဆွေ ဆရာဝန်တစ်ဦး နှင့် တယ်လီဖုန်းဆက်၍ တိုင်ပင်ကာ စီစဉ်ပြီးနောက် မီးထွန်းချိန်လောက်တွင် ကျွန်တော့်အား ဆေးရုံသို့ လိုက်ပို့လေသည်။

ထိုဆေးရုံကား လည်ချောင်း၊ နှာခေါင်း၊ နားရွက်တို့နှင့် ပတ်သက် သည့် ရောဂါများကို ကုသရာ ဆေးရုံဖြစ်သည်။ ခမ်းခမ်းနားနား သပ်သပ်ရပ် ရပ် မဟုတ်။ ကျွန်တော့်မှာလည်း သူနာရပ်နှင့် မတင့်တယ်။ ထိုဆေးရုံက သူနာပြု ဆရာမများပင်လည်း စိုးစဉ်း ပြုံးကြသည်။ အကြောင်းကား ကျွန် တော့်မျက်နှာသည် မလှရင်းတွင် (ရောဂါဒဏ်ကြောင့်) မဲ့နေသည်။ ရှပ်လက် တို တစ်ထပ်၊ ပူးလ်အိုဗာတစ်ထပ်၊ အပေါ်က ပိုက်ဂျမာအင်္ကျီနှင့် ဘောင်းဘီ တို့ကို ဝတ်ပြီးလျှင် လည်ပင်းတွင် ပတ်တီးစည်း၍ မလှတပ ရှုပ်ထွေးသော ကျီးခြောက်ကောင် အဆင်းရှိသည့် ကျွန်တော်ကား ရယ်ပြုံးဖွယ်ပင် ဖြစ်နေ သည်။

သို့သော်လည်း ကျွန်တော်ကား ထိုလောကရေးများကို အမှတ်မပြု မိလှ။ ရောဂါပျောက်ကြောင်းကိုသာ တွေးနေမိသည်။ ဆေးရုံမှ ဆရာဝန်လည်း ကျွန်တော့်အား စမ်းသပ်ကြည့်ပြီးလျှင် သူနာပြုဆရာမများ လက်တွင်းသို့ အပ် ကာ သူနာခန်းသို့ ပို့လိုက်လေသည်။

သူနာခန်းတွင် သူနာခြောက်ယောက် ရှိနှင့်လေပြီ။ သတ္တမမြောက် ကျွန်တော် ရောက်လာသောအခါ ဝိုင်းစေ့တော့၏။ နေရာပို မကျန်တော့။ ကျွန် တော့်ကို ထောင့်ကွေးတစ်ခုတွင် ထားသည်။ ထူးခြားသောအချက်မှာ တခြား သူနာများကဲ့သို့ ကျွန်တော့်ကို ဟင်းလင်းပြင်တွင် မထား။ မှန်လိုက်ကာ ခန်း ဆီးဖြင့် ထောင့်ကွေးကို ပိတ်ကာ လှောင်ချိုင့်တွင် သားကောင်ကို ထားသကဲ့ သို့ ဝါ၊ ပြဖွယ်ပစ္စည်းကို မှန်သေတ္တာတွင် သွင်းထားသကဲ့သို့ ထားလေသည်။ ထူးခြားလှချေတကား ဟု သတိပြုမိ၏။ ထိုခဏ၌ သူနာပြုဆရာမတစ်ဦး လာ၍ ခန်းဆီးအပြင်သို့ မထွက်ရ။ အရေးကိစ္စရှိလျှင် ခေါင်းလောင်းကိုတီး။ ဆရာမ လာ၍ စီစဉ်ပေးမည်ဟု ပြောသည်။ ကျွန်တော်လည်း စိတ်အိုက်အိုက် နှင့်ပင် အိပ်ရာထဲဝင်၍ အပြင်လောကကို ကြည့်ကာ ဆင်ခြင်၏။


www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်နှင့် ဘေးချင်းကပ် ခုတင်ရှိ သူနာသည် နာခေါင်းပေါက်များကို ဂွမ်းနှင့် ပိတ်ထားသည်။ အလွန်ကြည့်ရ ကတ်၏။ သူ့ခြေရင်းရှိ သူနာကား သူနာ မဟုတ်သေး၊ လူမာပင် ဖြစ်၏။ ကျွန်တော်နှင့် မရှေးမနှောင်း ရောက်သူနှင့်တူသည်။ ခုတင်ပေါ်တွင် ထိုင်၍ စာရေးနေသည်။ သူ့ဘေးက သူနာလည်း ခရီးရောက်မဆိုက်နှင့် တူသည်။ အရပ်ဝတ် အရပ်စားကို ချွတ်ကာ အိပ်ခန်းထက် ပိုက်ဂျမာကို လဲ၍ ကိုယ်ကို အရိပ်တကြည့်ကြည့် လုပ်နေသည်။ သူ့ခြေရင်း ခုတင်တွင်ကား နာလန်ထူစ သူနာတစ်ဦး နေ၏။ သူကား ထူထူထထပင်။ တခြားသူများသောက်ရန် ရေယူပေး၊ လက်ဖက်ရည်ယူပေးနှင့် အလွန်အဖော်ရ၏။ သူနှင့် ခြေချင်းဆိုင်၍ ကျင်တွယ်ကိုက်ရှိသော ခုတင်၌ကား ကျောင်းသားငယ်တစ်ယောက် **လူကလေးသတင်းစာ**ကို ဖတ်နေသည်။ သူနှင့် ဘေးချင်းကပ် ကျွန်တော်နှင့် ခြေချင်းဆိုင် ကျင်တွယ်ကိုက် ခုတင်၌ကား လူငယ်တစ်ဦး ငြိမ်ငြိမ်အိပ်နေသည်ကို မြင်ရသည်။ ထိုသို့ လောကကို သုံးသပ်ဆင်ခြင်ပြီးနောက် ကျွန်တော်လည်း မှိန်းနေခိုက် ညစာ လာကျွေးသည်။ ကျွန်တော် မမျိုနိုင်၍ အစာငတ်နေသည်မှာ ကြာပြီ။ ဆာလှ၏။ သူတို့ ပဲစွပ်ပြုတ် လာပေး၍ သောက်ကြည့်၏။ ဘုရားသိကြားမ၍ အနည်းငယ် သောက်နိုင်သည်ကို တွေ့ရသည်။ ဆေးရုံတန်ခိုးကား ကြီးလှစွ ဟု တွေးမိ၏။ ၎င်းနောက် ကျောက်ကျော လာပေးသည်။ ဖြည်းဖြည်း ကြိုးစား၍မျို၏။ နာပင် နာသော်လည်း မျိုနိုင်သည်။ တစ်ပန်းကန် ကုန်သွား၏။ ဝမ်းအတော်တောင့်သွားသည်။ ဝမ်းသာမိ၏။ သို့ဖြင့် အိပ်ချိန်ရောက်သောအခါ ညတာဝန်ကျသူ ဆရာမကြီး လာရောက်ကြည့်ရှုပြီးလျှင် ပြန်သွားသည်။ ကျွန်တော်တို့လည်း အိပ်ကြ၏။ အိပ်သည်ဆိုသော်လည်း ကျွန်တော်ကား တကယ်အိပ်နိုင်သည် မဟုတ်။ လဲလျောင်းနေခြင်းမျှ ဖြစ်သည်။ အချိန်တန်သောအခါ ဆုံဆို့နာမှ ပြည်ကိုက်လာ၏။ သွား၊ ပါး၊ နား၊ မျက်စိ၊ ခေါင်း တို့ ကိုက်လာ၏။ သက်သာရာ သက်သာကြောင်း တွေးကာ တပြောင်းပြန်ပြန် လုပ်ရ၏။ မသက်သာ။ တိုး၍သာ ကိုက်၏။ နောက်ဆုံး၌ကား ခေါင်းလောင်းနှိပ်၍ ဆရာမကို ခေါ်ရတော့သည်။ ဆရာမလည်း ကြင်ကြင်နာနာ မေး၍ ဆေးတစ်ခွက်တိုက်ခဲ့၏။ အတန်ကြာသောအခါ အပူကန်လေသည်။ မခံမရပ်နိုင် ပူ၏။ စောင်များကို ကန်ပစ်ချင်၏။ အဝတ်အစားကို ချွတ်ပစ်ချင်၏။ လေပိတ်အောင် ကာထားသော မှန်ခန်းဆီးကို ခွဲပစ်ချင်၏။ ချွေးရွှဲရွှဲထွက်၍ အပူကျသောအခါ အကိုက်အခဲ သက်သာလေတော့သည်။ ရေငတ်၍လည်း ရေများများ သောက်လေတော့သည်။ ထိုအခါကျမှ အိပ်ရပေတော့မည်ဟု ဝမ်းသာကာ စိတ်ချလက်ချ ခေါင်းချလိုက်၏။ သို့သော် ဝမ်းသာရကျိုးမနပ်။

---

## အိပ်မက်ဦး စာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုဆေးရုံကား နှာခေါင်းရောဂါ စသည်တို့ကို ကုသရာဖြစ်၏။ ကျွန်တော်နှင့် အခန်းအတူတူ နေသူတို့လည်း နှာခေါင်းရောဂါကြောင့် လာကြသူများ ဖြစ်ကြ၏။ သူတို့ကား နှာခေါင်းနှင့် အသက်ရှူနိုင်ကြသူများ ဖြစ်ဟန်မတူ။ ပါးစပ်ကို ဟကာ ငါးကဲ့သို့ အပင်တပန်း အသက်ရှူရသော သူများဖြစ်ကြသည်။ အိပ်ပျော်သောအခါကား အကြီးအကျယ် ဟောက်ကြလေတော့၏။

အချင်းစာဖတ်သူ၊ အသင့်အနားတွင် ပုရစ်ခြောက်ကောင် စင်ပြိုင်လာ၍ မြည်လျှင် အသင် အိပ်နိုင်ပါအံ့လော။ ဖားခုံညင်း ခြောက်ကောင် သံပြိုင်လာ၍အော်လျှင် အိပ်နိုင်ပါအံ့လော။ ထိုလူပုရစ်၊ လူဖားခုံညင်း ခြောက်ကောင်တို့သည် အခန်းထဲတွင် အချီအချ၊ အတိုင်အဖောက်၊ ဟောက်နေကြသည်ကို ပထမသော် ကျွန်တော် အမှတ်မပြုမိ။ ကိုယ်လက်ကိုက်ခြင်း အပူကန်ခြင်းတို့ဖြင့် ထွေးလုံးရစ်ပတ်ဖြစ်နေစဉ်က သူတို့ကို အမှတ်မပြုမိ။ ယခု ရောဂါသက်သာ၍ အိပ်ပါတော့မည် ဟု ခေါင်းချခါမှ ထိုခြောက်ပြည်ထောင်သော မင်းတို့ တီးမှုတ်ပစ်ဖောက်သော စစ်စည်၊ စစ်နဲ့၊ စိန်၊ ပြောင်း၊ အမြောက်တို့အသံ ကို အမှတ်ပြုမိသည်။ အင်း၊ ခက်စွ၊ ခက်စွ။ ဘယ်လိုကြံ၍ ဖန်ရပ့ါမယ်။ ဘယ်လိုမှိတ်၍ အိပ်ရပ့ါမယ်။ ထိုခဏ၌ အကြံပေါ်သည်။ ထိုသူတို့ဟောက်သံကို သုံးသပ်ဆင်ခြင်မည်။ ထိုအသံမျိုးကို စုလျက်ပုံလျက် တွေ့ရခဲဘိခြင်း။ ယခုကဲ့သို့ အခွင့်သာခိုက် စုံစမ်းလေ့လာသင့်သည်။ ဘယ်ဌာန်၌ ဖြစ်သည်။ ဘယ်ကရိဏ်းကြောင့်ဖြစ်သည် စသည်တို့ကို လေ့လာအံ့။ ထိုသူတို့ ဟောက်သံကို နားစိုက်၍ ထောင်ပြန်သည်။ တစ်ယောက်နှင့်တစ်ယောက် မတူ။ တချို့က နုနု၊ တချို့က ကြမ်းကြမ်း။ တချို့က လွှသမား လွှဆွဲသကဲ့သို့ အသွားအပြန် အချီအချ။ တချို့က ထွက်သက်ဖြင့်သာ တစ်ပင်တိုင်ဟောက်သည်။ သို့သော်လည်း အားလုံးကို ခြုံ၍အများသဘောကို ပြောရလျှင် ထွက်သက်ဟောက်သံသည် အသံထင်ဃောသ "ဟ" ဖြင့် စ၍ အသံမထင် အဃောသ "က" နှင့် "ခ" အကြားတွင် ခလုတ်တိုက်သွားပြီးနောက် ပျောက်၏။ ထွက်သက်ဟောက်သံပျောက်သည်နှင့် တစ်ပြိုင်နက် ဝင်သက်ဟောက်သံဖြစ်၏။ ပဋိလုံအားဖြင့် "ခ" နှင့် "က" အကြားတွင် ခလုတ်တိုက်ကာ "ဟ" တွင် ပျင်းရိပျင်းတွဲ ခြေဆွဲလျက် ထိုဝင်သက် ဟောက်သံပျောက်ပြန်၏။ ထွက်သက်ဟောက်သံဖြစ်ပြန်၏။ ဤသို့ဖြင့် စိစစ်ကြည့်သောအခါ ဤဟ–က–ခ၊ ခ–က–ဟ ဗျည်းတို့သည် လည်ချောင်းအရပ် ကဏ္ဌဌာန်၌ ဖြစ်ကြသော ကဏ္ဌဇအသံများ ဖြစ်ကြသည်၊ သက ကရိဏ်း လည်ချောင်းကြောင့် ဖြစ်ကြသည်ဟု တွေးမိသည်။ ဌာန်ကရိဏ်း ဆရာမဟုတ်၍ ဇေန္တကား မပြောရဲ။

www.burmeseclassic.com


ဗျည်းအားဖြင့် သိရပါပြီ။ သရအားဖြင့် သိလိုပါသေး၏ဟု မိမိကိုယ်ကို အဘိယာစက ပြုပြန်၏။ သရအားဖြင့် ဆင်ခြင်ပြန်သည်။ အချို့ကား ရဿသရ "အ" နှင့် စ၍ ဒီဃသရ "အာ" မှသည် အပြေးသွားပြီးလျှင် ဝိသဇ္ဇနီပေါက်ကာ "အား" တွင် အဆုံးသတ်၏။ အချို့ကား ဝိသဇ္ဇနီပေါက် ဒီဃသရ "ဦး" ကိုသာတွယ်၍ တစ်မိုးအောက်တစ်ယောက်ပဲ ပေါင်းပါမည်ဟူသော သဘောဖြင့် အစမှသည် အဆုံးတိုင်အောင် ဟ–အူး–ကူး–ရူး–ဟု ဟောက်လေသည်။ ဤသို့ ဗျည်းတွင် တစ်စိတ်တစ်ဝမ်းတည်း ညီညွတ်ကြလျက် သရကျခါမှ ဘာကြောင့် စိတ်ဝမ်းကွဲကြရပါသလဲဟု အကြောင်းကို ရှာပြန်သောအခါ ရတ်တရက် မတွေ့ရ။ အိပ်ရာမှထကာ ထိုသူအသီးသီးတို့၏ ပါးစပ်ထားပုံကို ဓာတ်မီးထိုး၍ ကြည့်ချင်၏။ မဖြစ်နိုင်။ ထို့ကြောင့် ကျွန်တော်သည် တိုးတိုးကြိတ်ကာ အိပ်ရာထဲ၌ အ၊ အာ၊ အား ဆိုကြည့်သည်။ အု၊ အူ၊ အူး ဆိုကြည့်သည်။ နှုတ်ခမ်းကို နဂိုပုံမပျက်ထားလျှင် အ၊ အာ၊ အား ဖြစ်၏။ နှုတ်ခမ်းကို အနည်းငယ် ဝန်းဝိုင်းစေလျှင် အု၊ အူ၊ အူး ဘက်သို့ ယိမ်းသွားသည်။ သို့ဖြင့် ဟောက်ရာတွင် သရ၏ သဘောကို ဆင်ခြင်နေခိုက် လူတစ်ယောက်၏ဟောက်သံတွင် ဟ–က–ခ မှတစ်ပါး လျှာလိပ် "ရ" သံ ပါလာသည်ကို အမှတ်ပြုမိသည်။ ဘာ့ကြောင့် ဘယ်က "ရ" သံ ပါရပါသလဲ။ ဧကန္တ အာခေါင်တွင် လျှာရည်ဝပ်ပြီ။ ထိုဝပ်သောလျှာရည်ကို ထွက်သက်ဝင်သက်တို့ နင်းသွားပြီ။ ထို့ကြောင့် ဤလျှာလိပ်သံကလေး ပေါ်ရသည်ဟု ဆုံးဖြတ်လိုက်၏။ ဤသို့ ဟောက်သံအမျိုးမျိုးကို ခွဲခြားဝေဖန်ခိုက် အမှတ်မထင်သော ခဏတွင် ကျွန်တော် အိပ်ပျော်လေတော့သည်။ ကျွန်တော့်ကိုယ်တိုင် ဟောက်မဟောက်ကိုကား မပြောတတ်။

နံနက်နိုးသောအခါ ရောဂါများ သက်သာနေသည်ကို တွေ့ရ၏။ လည်ချောင်းအနာ လျော့၏။ တံတွေး မျိုနိုင်ပြီ။ သွား၊ ပါး၊ နားတို့ မကိုက်တော့။ ထို့ကြောင့် ဝမ်းသာနေသည်။ မုတ်ဆိတ်၊ ကျင်စွယ် ကောင်းစွာရိတ်၊ ဆံပင်ကို သပ်သပ်ရပ်ရပ်ဖြီး၍ အိပ်ရာတွင် ပိပိပြားပြား နေကာ မှန်ခန်းဆီးအပရှိ လောကကိုကြည့်လျက် တွေးလုံးထုတ်နေသည်။ ထိုအခိုက် လူနာတင်ရထားကလေး ဝင်လာ၏။ လွန်ခဲ့သော ညဦးက အိပ်ရာပေါ်တွင် စာရေးသောသူကို တင်ကာ ခေါ်သွားသည်။ အတန်ကြာသောအခါ ထိုသူကို ထိုရထားဖြင့်ပင် တင်လာ၍ အိပ်ရာထက်တွင် ချထားခဲ့၏။ ပါးစပ်နှင့် ထွေးခံကို တော့ထားခဲ့၏။ ထိုသူကား မေ့ဆေးသတ္တိကြောင့် သတိ မရတစ်ချက် ရတစ်ချက် အူးအူးဟု အော်သည်။ တစ်ချက်တစ်ချက် အော့သည်၊ အန်သည်။ သူ့နှာခေါင်းအတွင်း၌ တစ်ခုခုကို ခွဲစိတ်ခဲ့ရဟန် တူသည်။ နှာခေါင်းကို ဝါဂွမ်းနှင့် ပိတ်


www.burmeseclassic.com

www.burmeseclassic.com


စည်းထား၏။ ထို့ကြောင့် ပါးစပ်ကို ဟင်းလင်းထားကာ ကုန်းကြည်းတွင် ရောက်သော ငါးကဲ့သို့ အပင်တပန်း အသက်ရှုနေရရှာသည်။ တစ်ချက်တစ်ချက် အော့အန်သောအခါ တခြားသူနာများက နှိပ်ပေးရသည်။ သို့ဖြင့် တစ်နေ့လုံး ထိုသူ မှိန်းနေလေတော့သည်။ ထိုသူ ပြန်ရောက်ပြီးနောက် မကြာခင်ပင် လူနာတင်လှည်းကလေး လာပြန်၏။ ဤအခါတွင် ပိုက်ဂျမာ ဝတ်ကာ ကိုယ်ရိပ်တကြည့်ကြည့် နေခဲ့သောသူကို ခေါ်သွားသည်။ ထိုသူ ပြန်ရောက်သောအခါ တအူးအူး အော်ပြန်သည်။ အော့ပြန်အန်ပြန်သည်။ မေ့ဆေးပြေစပြုသောအခါ ထိုသူကား မှိန်းမနေ။ ခေါင်းထောင်ထ၏။ အမှတ်မထင် ရီဝေသော မျက်လုံးတို့ဖြင့် ဟိုသည်ကို ကြည့်၏။ လောကကို မသင်္ကာပုံ ရသည်။ ထိုအခါ သူနာဖော်တစ်ယောက်က ငြိမ်ငြိမ်အိပ်နေပါဟု လှမ်းပြောသည်။

နားထောင်ဟန်ဖြင့် ထိုလူ အိပ်ပြန်၏။ ၎င်းနောက် ခေါင်းထောင်ပြန်၏။ သူနာဖော်က ငြိမ်ငြိမ် အိပ်နေပါဟု ပြောပြန်၏။ ထိုအခါ၌ကား ထိုသူနာသည် နားမထောင်၊ သူနာဖော်ကို စိမ်းစိမ်းကြည့်၍ မင်းက ဘယ်သူလဲဟု ရိုင်းရိုင်းမေးသည်။ ထိုအခါ သူနာဖော်လည်း မနိုင်ပုံရသောကြောင့် ခေါင်းလောင်းတီး၍ ဆရာမကို ခေါ်သည်။ ဆရာမ လာ၍ ထိုသူနာကိုအိပ်ရန် ပြောသောအခါ သူသည် ဆရာမကို မရိုးသော မျက်နှာဖြင့် ကြည့်၍ ပြုံးစနဲ့နဲ့လုပ်သည်။ ဆရာမလည်း အနေရကြပ်သဖြင့် ထွက်ပြေးလေသည်။ အတန်ကြာသောအခါကျမှ သတိရလာ၍ ငြိမ်သက်သွားပြီးလျှင် မှိန်းနေတော့သည်။ မွန်းလွဲသောအခါ သူနာတင်လှည်းကလေး ပေါက်လာပြန်၏။ ကျောင်းသားကလေးကို ခေါ်ရန်ဖြစ်သည်။ ကျောင်းသားကလေးလည်း မေ့ဆေးကို ငါ မကြောက်ပါဘူး ဟူသော မျက်နှာထားမျိုးဖြင့် လှည်းပေါ်တက်ကာ အခြားသူနာဖော်များအား ကျောင်းသားတို့၏ အမှတ်ဖြင့် လက်တစ်ချောင်းထောင်ပြပြီးလျှင် လိုက်သွားလေသည်။ ခဏကြာ၍ ပြန်ရောက်သောအခါ သူသည် သတိမရ။ အော့ကာ အန်ကာ နေပြန်သည်။ ကျွန်တော်လည်း သူတို့ကို ကြည့်၍ ငါလည်း ဘယ်နေ့ မေ့ဆေးပေးခံရပါမလဲ ဟု တွေးနေမိသည်။ သို့သော်လည်း ထိုညမှစ၍ ကျွန်တော့်ဆုံဆို့နာ မကိုက်တော့ပြီ။ သွား၊ ပါး၊ နားတို့လည်း မကိုက်တော့ပြီ။ ၄ ရက်ခန့် ရှိသောအခါ ဆရာဝန် လာ၍ကြည့်၏။ ပါးစပ်ကိုဖြဲ၍ လည်ဝကို ကြည့်သည်။ ၎င်းနောက် ဆုံဆို့နာ အလိုလို ပေါက်သွားပြီ။ ဖောက်ဖို့ရန် မလိုတော့။ လည်ချောင်းနာလည်း လျော့သွားပြီ။ သူတစ်ပါးကို ကူးစက်ရန် အကြောင်းမရှိတော့။ မှန်ခန်းဆီးကိုလည်း ဖယ်လိုက်တော့မည်။ အများနည်းတူ သွားလာနေထိုင်ရန် လွတ်လပ်ရေးကိုလည်း ပေးပြီဟု အမိန့်ချကာ ပြန်သွား၏။ ထိုအခါကျမှ ကျွန်တော်လည်း ပြတိုက်မှန်


www.burmeseclassic.com

www.burmeseclassic.com


အိမ်တွင် လှောင်ထားခံရခြင်း ဆင်းရဲမှ လွတ်မြောက်တော့သည်။ သို့ဖြင့် ရက် သတ္တတစ်ပတ် ရှိသောအခါ ဆရာဝန်ကြီးကို သွားတွေ့ရသည်။ လိုက်ပို့သော ဆရာမလည်း အနား၌ ရပ်နေသည်။ ထိုခဏ၌ ဆရာဝန်ကြီးက ရက်သတ္တ ၃ ပတ် ကြာသောအခါ ဆေးရုံသို့ ပြန်လာခဲ့။ ဤရောဂါတို့၏ အကြောင်းရင်း ဖြစ်သော လျှာခင်နားရှိ အသားပိုများကို ဖြတ်ပေးမည်ဟု အမိန့်ချသည်။ ကျွန် တော်လည်း ခံရမည့် ဝေဒနာကို မစဉ်းစားမိ၊ ပြန်လာရမည်ကိုသာ စဉ်းစား ကာ ဝမ်းသာမိ၏။ ဆရာမကို လှမ်း၍ကြည့်လိုက်သောအခါ ကျွန်တော်ပြန် လာရမည့်အတွက် သူလည်း ဝမ်းသာပုံရသည်။ သို့ဖြင့် ကျွန်တော်လည်း ဆရာမကို ငါပြန်လာဦးမယ် ဟု နှုတ်ဆက်ကာ ထွက်ခဲ့၏။ ဆရာမလည်း ပြန်လာခဲ့ပါဦး ဟု နှုတ်ဆက်ကာ ကျန်ခဲ့လေသည်။ (၁၉၃၈)

www.burmeseclassic.com

# ငရုတ်နှင့် ငရုတ်ကောင်း

တစ်နေ့သောအခါ၌ ဝိသာခါ ဒါယိကာမကြီးသည် မြတ်စွာဘုရားအား ရိုသေစွာ ရှိခိုး၍ ဤသို့ လျှောက်ထားမေးမြန်း၏။

ဘုန်းတော်ကြီးသော အရှင်ဘုရား။ အရုက်အကြောက်ကို ဖျက်ဆီးတတ်သော ဤသေသောက်ခြင်းသည် အဘယ်ကာလမှ စ၍ဖြစ်ပါသနည်း။

ထိုအခါ မြတ်စွာဘုရားက ဝိသာခါအား ထိုအကြောင်းကို ဟောတော် မူလိုသည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

ဝိသာခါ။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ကာသိကတိုင်း၌ နေသော သုရာ မည်သော မုဆိုးတစ်ယောက်သည် ဆင်စွယ်၊ စာမရီမြီး အစရှိသော ဥစ္စာကို ရှာခြင်းငှာ ဟိမဝန္တာသို့ သွား၏။

ထိုဟိမဝန္တာ၌ တစ်ခုသော သစ်ပင်သည် အထက်သို့ ရောက်၍ တစ်ရပ်တစ်သူမျှရှိသော ခက်မသုံးခုရှိ၏။ ထိုသစ်ပင်၏ ခက်မသုံးခုတို့၏ အကြား၌ အိုးစရည်း ပမာဏရှိသော အခေါင်းသည်ရှိ၏။ ထိုအခေါင်းသည် မိုးရွာသည်ရှိသော် ရေဖြင့် ပြည့်၏။

ထိုသစ်ပင်ကိုရံ၍ သဖန်းခါးပင်သည်လည်းကောင်း၊ ရှစ်ရှားပင်သည်လည်းကောင်း၊ **ငရုတ်ချို** သည်လည်းကောင်း ရှိ၏။ ထိုသဖန်းခါး၊ ရှစ် ရှား၊ **ငရုတ်** တို့၏ အသီးမှည့်တို့သည် ကြွေ၍ ထိုသစ်ပင်အခေါင်း၌ ကျကုန်၏။ ထိုသစ်ပင်၏အနီး၌ အလိုလိုသာလျှင် ဖြစ်သော သလေးခင်းသည်ရှိ၏။ ထိုသလေးခင်းမှ သလေးနှံတို့ကို ယူ၍ ကျေးငှက်တို့သည် ထိုသစ်ပင်၌နေ၍ စားကုန်၏။ ထိုကျေးငှက်တို့ စားကုန်သော သလေးစပါးတို့သည်လည်းကောင်း၊ သလေးဆန်တို့သည်လည်းကောင်း ကျကုန်သော် ထိုသစ်ပင်အခေါင်း၌ ကျကုန်၏။ ဤသို့ ထိုရေသည် နေပူဖြင့် ကျက်သော် အရည်သည်နီသော



www.burmeseclassic.com

www.burmeseclassic.com


အဆင်းရှိသည် ဖြစ်၏။ နွေလအခါ၌ ရေငတ်ကုန်သော ငှက်တို့သည် ထိုရေကို သောက်ကုန်သဖြင့် ယစ်ကုန်၍လျှင် အထက်သို့ပျံ၍ သစ်ပင်ရင်း၌ ကျကုန်၍ အတန်ငယ် အိပ်ပျော်၍ တွန်မြူးကုန်လျက် သွားကုန်၏။ သစ်ပင်ထက်၌ မျောက် အစရှိသည်တို့လည်း ဤနည်းဖြင့်လျှင် ဖြစ်ကုန်၏။ (၅၅၀၊ ကုမ္ဘဇာတ်၊ ညောင်ကန်ဆရာတော်၏ မြန်မာပြန်ဆိုချက်။)

အထက်ပါ အဋ္ဌုပ္ပတ္တိတွင် သေရည်ဖြစ်ရာ သစ်ခေါင်းသည် တစ်ရပ်တစ်သူမျှ မြင့်သည်ဟု ဆိုသည်။ ထိုသစ်ခေါင်းတွင်းသို့ သဖန်းခါးသီးမှည့်၊ ရှစ်ရှားသီးမှည့်၊ ငရုတ်သီးမှည့်တို့သည် ကြွေကျကုန်၏ဟု ဆိုသည်။ သဖန်းခါးပင်၊ ရှစ်ရှားပင်တို့သည် တစ်ရပ်တစ်သူမက မြင့်နိုင်သော အပင်များဖြစ်၍ ယင်းတို့၏ အသီးများသည် သစ်ခေါင်းအတွင်းသို့ ကြွေကျကုန်သည် ဆိုသည်ကို အလွယ်တကူနှင့်ပင် နားလည်နိုင်ပါသည်။ သို့ပါသော်လည်း ငရုတ်ပင်မှာကား မျက်မြင်ကိုယ်တွေ့နှင့် ပြောရပါလျှင် ချုံဖုတ်ပင်မျှဖြစ်၍ အသီးတို့သည် ထိုသစ်ခေါင်းတွင်းသို့ ကြွေကျကုန်သည်ဆိုသည်ကို နားမလည်နိုင်ပါ။ တစ်ရပ်တစ်သူမြင့်သော ငရုတ်ပင်ကို တွေ့လည်း မတွေ့ဖူးပါ။ ကြားလည်း မကြားဖူးပါ။ မြန်မာပြန်တော်မူသော ဆရာတော်သည် တစ်နေရာတွင် **ငရုတ်ချို** ပင်ဟု ဆို၍ တစ်နေရာတွင် **ငရုတ်ပင်** ဟု ဆိုထားချက်မှာလည်း ထူးဆန်းနေပြန်သည်။ ထို့ကြောင့် ထိုကုမ္ဘဇာတ်ကို အခြားဆရာတို့ မည်သို့ ပြန်ဆိုကြပါသနည်းဟု ရှာဖွေကြည့်ရှုမိပြန်သည်။ ထိုအခါ ပထမ မင်းခေါင်ကြီး (၇၆၃–၇၈၃) အား သက္ကရာဇ် ၇၇၈ ခုနှစ်တွင် အဘိုးရာဇာက ဤကုမ္ဘဇာတ်ကို ဆောင်၍ လျှောက်ထားဖူးသည်ကို ဤသို့ တွေ့ရပါသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ကြီး၌ ဗြဟ္မဒတ်အမည်ရှိသော မင်းသည် မင်းမူလတ်သော် တစ်ယောက်သော ကာသိကရာဇ်တိုင်း၌နေသော တောမုဆိုးသည် ဆင်စွယ်၊ စာမရီအမြီး စသော ဥစ္စာတို့ကို ရှာခြင်းငှာ ဟိမဝန္တာသို့ သွား၏။ ထိုတော၌ တစ်ခုသော သစ်ပင်သည် အထက်သို့ တက်လေ၍ လက်ခုပ်တစ်ဖောင်မျှသော အရပ်၌ သုံးဖြာသော အခက်သည် ဖြစ်၏။ ထိုသုံးဖြာသော အခက်၏ အလယ်၌ အိုးစရည်း အတိုင်းအရှည့်ရှိသော အခေါင်းသည် ဖြစ်လတ်၏။ ထိုအခေါင်းသည် မိုးရွာသော် ရေဖြင့် ပြည့်၏။ ထိုသစ်ပင်ကို ရံ၍ သဖန်းခါး၊ ရှစ်ရှား၊ **ငရုတ်နွယ်**ပင်တို့သည် ပေါက်ရောက်ကုန်၏။ ထိုသဖန်းခါး၊ ရှစ်ရှား၊ ငရုတ်နွယ်တို့၏ အသီး ရင့်သောကာလ ကြွေ၍ ကျကုန်၏။ ထိုသစ်ပင်၏ အနီး၌ရှိသော သလေးစပါးတို့သည်လည်း ပေါက်ရောက်ကုန်၏။ ထိုသလေးစပါးတို့ကို ကျေးငှက်တို့သည် ချီဆောင်ခဲ့၍ ထိုသစ်ပင်၌ နားလျက် စားကြကုန်၏။ ထိုကျေးငှက်တို့စားသော သလေး


www.burmeseclassic.com

www.burmeseclassic.com


ဆန်တို့သည်လည်း သစ်ပင်ခေါင်း၌ ကျ၏။ ထိုသဖန်းခါး၊ ရှစ်ရှား၊ ငရုတ်နွယ်၊ သလေးဆန်တို့ ကျခြင်းကြောင့် ထိုရေသည် နေပူသဖြင့် ကျက်သည် ဖြစ်၍ နီသော အဆင်းရှိသော မွန်မြတ်သော အရသာသည် ဖြစ်၏။ (မဏိရတနာပုံကျမ်း)

ဤစာတွင်ကား **ငရုတ်ချို** ဟူ၍ အဖိုးရာဇာမဆို။ **ငရုတ်နွယ်**ပင် ဟူ၍ ဆိုသည်။ နွယ်ဆိုလျှင်ကား တစ်ရပ်တစ်သူ လက်ခုပ်တစ်ဖောင်မြင့်သော သစ်ခေါင်းရှိရာသို့ နွယ်တက်နိုင်မည်ဖြစ်သဖြင့် အသီးမှည့်တို့သည် သစ်ခေါင်းတွင်းသို့ ကြွေကျနိုင်ရာသည်။ သို့သော်လည်း ငရုတ်ပင်တို့သည် နွယ်ပင် အဖြစ်ဖြင့် တွေ့လည်းမတွေ့ဖူးပါ။ ကြားလည်း မကြားဖူးပါ။ အသို့နည်း။

ကုမ္ဘဇာတ် မြန်မာပြန်ဆိုချက် ၂ ရပ်တွင် **ငရုတ်ချို** ဟုလည်း တွေ့ရပြီ။ **ငရုတ်နွယ်** ဟုလည်း တွေ့ရပြီ။ မူရင်းပါဠိတွင် မည်သည့်ဝေါဟာရရှိ ပါသနည်း။ ရှာကြည့်ကြပါဦးစို့။

ဇာတ်အဋ္ဌကထာတွင် **ဟရိတကီ၊ အာမလကီ၊ မရိစ** ဟု ရှိသည်။ ငရုတ်ချို၊ ငရုတ်နွယ် ဟု ဆရာတို့ မြန်မာပြန်သည်မှာ **မရိစ** ဖြစ်သည်။ **မရိစ** သဒ္ဒါကို အဘိဓာန် နိဿျဆရာတို့ မည်သို့ မြန်မာပြန်ဆိုတော် မူကြပါသနည်း။ ရှာကြည့်ကြပါဦးစို့။

ပါဠိအဘိဓာန် မြန်မာနိဿျ ဟောင်းသစ် တို့တွင် **မရိစ** သဒ္ဒါကို **ငရုတ်** ဟူ၍သာလျှင် သာမန်အားဖြင့် ပြန်ဆိုတော်မူကြသည်။ သို့သော် အဘယာ ရာမ ဆရာတော်သည် အမရ ကောသနိဿျတွင်မူကား **မရီစံ၊ ငရုတ်ကောင်း** ဟူ၍ ပြန်ဆိုတော်မူသည်ကို တွေ့ရလေသည်။ ပါဠိအင်္ဂလိပ်အဘိဓာန်တွင်လည်း **မရိစ** ကို Black Pepper ဟု အနက် ဖော်ထားသည်။ ငရုတ်ကောင်းပင်တည်း။ ငရုတ်ကောင်းပင်ကား ချုံဖုတ်ပင် မဟုတ်။ ကွမ်းကဲ့သို့ အနွယ်ပေတည်း။ အနွယ်ဆိုလျှင် အထက်တွင် ဆိုခဲ့သည့်အတိုင်း သစ်ခေါင်းရှိရာသို့ နွယ်တက်ပေါက်ရောက်နိုင်ပေမည်။ ယခုမှပင် ယခင်က သဘောမပေါက်ခဲ့သော အချက်ကို သဘောပေါက်ရတော့သည်။ အဖိုးရာဇာ၏ ကျေးဇူး ပေတည်း။

သို့သော် အဘိုးရာဇာသည် ငရုတ်ကောင်းကို ငရုတ်ကောင်း ဟူ၍ မဆို။ **ငရုတ်** ဟူ၍သာ ဆိုသည်။ အဘယ့်ကြောင့်နည်း။ ကျွန်ုပ်တို့ တွေ့မိသမျှဖြင့် ပြောရမည်ဆိုပါလျှင် ငရုတ်ကောင်းဆိုသော စကားလုံးကို ကုန်းဘောင်ခေတ်နောက်ပိုင်းလောက်အထိ နောက်ကျသော စာတို့တွင်သာလျှင် တွေ့မိပေသည်။ အထက်စာတို့တွင်ကား **ငရုတ်** ဆိုသော စကားလုံးကိုသာလျှင် သတိပြုမိသည်။ **ကောင်း** မပါချေ။ ရွှေအပ်၊ မိုးမျှော်၊ ကုလားအော် စသော ငရုတ်


www.burmeseclassic.com

www.burmeseclassic.com


တို့နှင့် ငရုတ်ကောင်းကို ငရုတ်ဟူ၍သာလျှင် အမည်တစ်ခုတည်းဖြင့် ထွေးရောယှက်တင် ခေါ်ဝေါ်ထားလျက် ရှိလေသည်။

လူမျိုးခြားစကားတို့တွင် ကြည့်ပြန်လျှင်လည်း ငရုတ်နှင့် ငရုတ်ကောင်းကို မကွဲမပြားသကဲ့သို့ အမည်တစ်ပိုင်းထပ် ခေါ်ဝေါ်ထားသည်ကို တွေ့ရပေသည်။

ဥပမာအားဖြင့် (၁) မွန်စကားတွင် ငရုတ်ကို **မရေက်** ဟု ခေါ်သည်။ ငရုတ်ကောင်းကို **မရေက်ခမိဟ်** ဟု ခေါ်သည်။ **ခမိဟ်** မှာ မြန်မာလို **ကောင်း** ပင် ဖြစ်သည်။ (၂) ဟိန္ဒီစကားတွင် ငရုတ်ကို **လာလ်မိရစာ** ဟူ၍လည်းကောင်း၊ ငရုတ်ကောင်းကို **ဂေါလမိရစာ** ဟူ၍လည်းကောင်း ခေါ်သည်။ (၃) သီဟိုဠ်စကားတွင် ငရုတ်ကို **မရိစ်၊** ငရုတ်ကောင်းကို **ဂါမ်မရိစ်** ဟု ခေါ်သည်။ (၄) အင်္ဂလိပ်စကားတွင် Red Pepper ဟူ၍လည်းကောင်း၊ ငရုတ်ကောင်းကို Black Pepper ဟူ၍လည်း ခေါ်သည်။

ဤစကားလုံးတို့၏ ဇာစ်မြစ်ကို ရှာပြန်သောအခါ ငရုတ်၊ မရေက်၊ မိရစာ၊ မရိစ်တို့သည် ပါဠိသက္ကတ စကားလုံး **မရိစ** ၏ အဆက်အနွယ်များ ဖြစ်သည်ကို တွေ့နိုင်ပေသည်။ အင်္ဂလိပ်စကား Pepper သည်ပင်လည်း သက္ကတစကား ပိတ်ချင်းဟော **ပိပ္ပလီ** ၏ အနွယ်ဖြစ်သည်ဟု အဘိဓာန်ဆရာတို့က ဆိုထားလေသည်။ ဤမျှ စိတ်ဝင်စားဖွယ်ကောင်းသော အပင် ၂ မျိုး၏ အတ္ထုပ္ပတ္တိသမိုင်းကို လေ့လာကြည့်ရလျှင် ကျွန်ုပ်တို့အဖို့ ကျေးဇူးများဖွယ် ရှိပေသည်။ လေ့လာကြည့်ကြပါဦးစို့။

## ငရုတ်ကောင်း

မြန်မာတို့က ငရုတ်ကောင်း၊ မွန်တို့က မရေက်ခမိဟ် ခေါ်သော အပင်သည် ကွမ်းပင်နှင့်တူသော နွယ်ပင်ဖြစ်သည်။ ရုက္ခဗေဒ အမည်မှာ Piper Nigrum ဖြစ်သည်။ အိန္ဒိယပြည်တောင်ပိုင်း၊ ထရာဗန်ကိုနယ်နှင့်မာ လာဗာနယ်တို့တွင် တောထဲ၌ အလေ့ကျ အရိုင်းပေါက်ကြသည်။ သို့သော် ရောင်းဝယ်ဖောက်ကားမှုအတွက် အာသံ၊ ဘင်္ဂလား၊ ဘုံဘိုင်၊ မဒရပ်၊ မိုက်စိုးနယ်တို့တွင် ငရုတ်ကောင်းကို စိုက်ပျိုးလုပ်ကိုင်ကြသည်။ ငရုတ်ကောင်း ရောင်းဝယ်မှုလုပ်ငန်းသည် အာရှတိုက်နှင့် ဥရောပတိုက် ၂ တိုက်အကြားတွင် ရှေး ဦးစွာ ဆောင်ရွက်သော လုပ်ငန်းဖြစ်ပေသည်။ ငရုတ်ကောင်းနံ့ကိုခံ၍ ဥရောပတိုက်သားများ အာရှတိုက်ဘက်သို့ ခြေဦးလှည့်ကြရာ များစွာသော အာရှနယ်ပယ်များသည် ဥရောပတိုက်သားတို့၏ လက်အောက်သို့ ကျရောက်ကာ ကျွန်သပေါက် ဖြစ်ရသည်အထိ ဖြစ်ပေသည်။


www.burmeseclassic.com

www.burmeseclassic.com


## ငရုတ်

မြန်မာတို့က ငရုတ်၊ မွန် တို့က မရောက် ခေါ်သော အပင်သည် ချုံဖုတ်ပင်ငယ်မျှ ဖြစ်သည်။ ရုက္ခဗေဒ အမည်မှာ Capsicum Annuum ဖြစ်သည်။ အမေရိကတိုက်၊ အပူပိုင်းအရပ်တွင် ပေါက်ရောက်သော အမေရိကန်ဇာတိသား ဖြစ်သည်။ ဆယ့်ငါးရာစုခေတ်တွင် ကိုလမ္ဗတ်သည် ငရုတ်ပင်ကို အမေရိကမှ ဥရောပသို့ စတင်ယူဆောင်လာသည်။ ဆယ့်ခုနစ်ရာစု အလယ်လောက်တွင် ဥရောပတိုက်မှ အိန္ဒိယပြည်သို့ စတင်ယူဆောင်လာကြပြန်သည်ဟု ပညာရှိများ အယူရှိသည်။ ထိုသို့ အမေရိကတိုက်မှ ဝင်ရောက်လာသော အပင်သစ်ဖြစ်သဖြင့် ဥရောပတိုက်သား၊ အာရှတိုက်သား တို့သည် ထိုအပင်ကို အမည်မခေါ်တတ် ရှိလေသည်။ သို့သော်လည်း အရသာအားဖြင့်လည်းကောင်း၊ အသုံးအားဖြင့်လည်းကောင်း ရှိရင်းစွဲ ငရုတ်၊ မရောက်၊ မရီစ၊ Pepper တို့နှင့် ဆင်တူယိုးမှား ဖြစ်နေသဖြင့် ရောက်သစ်စ ထိုအပင်ကို ထိုအမည်ဟောင်းများဖြင့်ပင် စတင်ခေါ်ဝေါ် အသိအမှတ် ပြုကြလေတော့သည်။ ဤအပင်၏ အမည်ကို ရှေးကျသော တရုတ်၊ သက္ကတ၊ ပါဠိ၊ အာရဗီ၊ ပါရသီ၊ ဟေဗြဲ၊ ဂရိနှင့် လက်တင်စကားတို့တွင် မတွေ့ရဟု ဆိုသည်။

ဤအတ္ထုပ္ပတ္တိ စကားကို ထောက်သော် ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင် မြန်မာသက္ကရာဇ် တစ်ထောင်လောက်၊ အင်္ဂလိပ်သက္ကရာဇ် ၁၇၅၀ လောက်၏ အထက်တွင် ရွှေအပ်၊ မိုးမျှော်၊ ကုလားအော် စသော ငရုတ်သီးပင်မျိုးတို့ မရှိ ကြသေးဟု သိရပေမည်။ ငရုတ်သီးပင် မရှိသေးသော်လည်း ငရုတ်ပင်၊ ငရုတ် ချိုပင်၊ ငရုတ်နွယ်ပင်ဟု အမျိုးမျိုး ခေါ်သော အထက်ကုမ္ဘဇာတ်လာ ငရုတ် ကောင်းပင်ကား ရှေးပဝေသဏီကပင် ရှိနေပြီးဖြစ်လေသည်။ သို့ပင်ဖြစ်လင့် ကစား နောက်မှ ရောက်လာသော သူစိမ်းကို လူအသုံးများ၍ ရှိရင်းစွဲ အိမ်ရှင် ကိုမူ လူအသုံးနည်းသဖြင့် သူစိမ်းကို အိမ်ရှင်၏ အမည်ဖြင့် ငရုတ်ဟု ခေါ် စမှတ်ပြုကြသည်။ အိမ်ရှင့်ကိုမူ အမည်ရင်းတွင် **ကောင်း** တစ်လုံးတိုး၍ ငရုတ် ကောင်းဟု ခေါ်ကြလေတော့သည်။

## စာပေလာ ငရုတ်

ဤတွင် ပျို့လင်္ကာစာပေတွင် လာသည့် ငရုတ်အကြောင်းကို အနည်းငယ် စောင်းငဲ့ကြည့်ရှုရန် လိုပေသည်။ ပျို့လင်္ကာစာပေသည်ကား ထို ရှေးကာလက အဖြစ်အပျက်ဟောင်းတို့ အမြုတေသဖွယ် ကိန်းအောင်း တည်ရစ်ခဲ့ရာ ပတ္တမြားတွင်းများ ဖြစ်ပေသည်။ ရှေးဖြစ်ဟောင်းတို့ကို လေ့လာလိုသူသည် ထို ပျို့လင်္ကာစာပေတို့တွင် အမွေအစ အကြွင်းအကျန်တို့ကို ရှာဖွေရ


www.burmeseclassic.com

www.burmeseclassic.com


ပေသည်။ ပထမဦးစွာ ပါရမီတော်ခန်းပျို့တွင် အောက်ပါစာပိုဒ်တို့ကို တွေ့ရပေသည်။

တရိကဋျက်၊ ငရုတ်ချင်းဖြီး
ပိတ်ချင်းသီးက၊ စသည်အစုတ်
နာငုတ်တူးဖြို၊ ဆေးထိုထိုကား။

ဤတွင် သျှင်သီလဝံသက ရောဂါကုရာတွင် ဆေးအဖြစ် သုံးရသော တရိကဋျက် ၃ ပါးအကြောင်းကို ရေးထားခြင်းဖြစ်သည်။ တရိကဋျက် ၃ ပါးကို သက္ကတ အင်္ဂလိပ်အဘိဓာန်တွင် (၁) Black Pepper ငရုတ်ကောင်း (၂) Long Pepper ပိတ်ချင်း (၃) Dry Ginger ချင်း (ဂျင်း) တို့ ဖြစ်သည်ဟု ဆိုသည်။ ထို့ကြောင့် အထက်ပျို့လာ **ငရုတ်** မှာ ငရုတ်ကောင်းဖြစ်သည်ဟု သိရပေသည်။

သျှင်မဟာရဋ္ဌသာရက သူတို့ခေတ်က ဈေးထဲတွင် ရောင်းဝယ်ဖောက်ကားကြသည့် ကုန်ပစ္စည်းတို့အကြောင်းကို သံဝရပျို့၌ ဖွဲ့ဆိုထားရာ၌ ငရုတ်ကောင်းကိုလည်း ထည့်ထားပေသည်။

ဆေးအမျိုးနှင့်၊ ပုဆိုးသင်ထည်
ဝါခြည်တမုတ်၊ ငရုတ် ကွမ်းသီး
ချင်းဖြီး ကြက်သွန်၊ ရောင်းဝန်မရှား။

သျှင်အဂ္ဂသမာဓိက သူတို့ခေတ်တွင် ဥယျာဉ်ခြံမြေတို့၌ စိုက်ကြသော အပင်များအကြောင်းကို ဘုံခန်းပျို့တွင် ဖွဲ့ရာ ငရုတ်ကောင်းနွယ်ပင်ကိုလည်း ထည့်ထားပေသည်။

နွေခါသရစ်၊ ဥသျှစ်မှည့်ဝင်း
မုန်ညင်းငရုတ်၊ ကျေးနှုတ်ခပေါင်း
စကောင်းသာမျှ၊ ကာလမင့်။

ထို့ပြင် မဃ္ဃစိုးခန်းပျို့တွင်လည်း အောက်ပါအတိုင်း ဖွဲ့ထားပြန်ပေသေးသည်။

ခပေါင်းကျေးနှုတ်၊ ငရုတ် ကွမ်းပင်
အုန်း ထန်း ဖျင်မျှ၊ မြင်သော်အံ့မော
ကြံ ငှက်ပျောတည့်။

ငရုတ်ကောင်းကို ဆေးဝါးအဖြစ် အိမ်တွင် သုံးရပုံကိုလည်း ဘုံခန်းတွင်ပင် ဤသို့ ဖွဲ့ထားပေသေးသည်။

ကျောက်အေး ခေါင်းနာ၊ ရောဂါထွေပြား
ရှိတုံငြားလည်း၊ ဆေးဝါးဖော်ထုတ်


www.burmeseclassic.com

www.burmeseclassic.com


ငရုတ် မုန်ညင်း၊ ချဉ်ချိုသင်းနှင့်
နနွင်း ကသယ်၊ လိမ်းဆီနယ်လျက်။

ငရုတ်ကောင်းကို ဆေးအဖြစ် သုံးရပုံ၊ ဥယျာဉ်ခြံမြေတွင် စိုက်ရပုံ၊ ဈေးတွင် ရောင်းကြပုံတို့ကို အထက် သက်သေတို့တွင် တွေ့ရပြီ။ ဟင်းကျွေး ချက်ပြုတ်ရာတွင် အသုံးချပုံကိုလည်း သူဋ္ဌေးခန်းပျို့တွင် အောက်ပါအတိုင်း တွေ့ရသေးသည်။

အစပ်အဖန်၊ ကြက်သွန်ဆီပေါ်
ကောင်လုံးကြော်၍၊ ဆားလှော် ဆားဖုတ်
ငရုတ်လှောင်းလှောင်း၊ ကြက်သားပေါင်းနှင့်
ဥဒေါင်းကျေးငှက်၊ ဆက်ရက်ခိုသား
အများ ငုံး ခါ၊ အရသာတည့်။

ဤမျှကား သက္ကရာဇ် တစ်ထောင်ကျော် အထက်၊ ရွှေအပ်၊ မိုးမျှော်၊ ကုလားအော် စသည့် ငရုတ်မျိုးတို့ မြန်မာနိုင်ငံသို့ မရောက်သေးမီအခါက ပညာရှိတို့ ပြုစုသော ပျို့လင်္ကာစာပေတို့တွင် ပါသည့် ရှေးအခေါ် (ငရုတ်) ယခု အခေါ် (ငရုတ်ကောင်း) နှင့် ပတ်သက်သော သက်သေအထောက်အထား တို့ ဖြစ်ပေသည်။

## စပ်သီးခေါ် ငရုတ်

သက္ကရာဇ် တစ်ထောင်လောက်ဆီတွင် အင်းဝနေပြည်တော်၌ စာဆိုတော်ကြီး ပဒေသရာဇာသည် ပျို့လင်္ကာ ကဗျာစာပေတို့ကို ဖွဲ့ဆိုစီကုံး လျက် ရှိပေသည်။ ထိုစာဆိုကြီးသည် တောင်သူလယ်သမား ဆင်းရဲသားတို့ အကြောင်းကို ဖွဲ့ဆိုရာတွင် ဆင်းရဲသားတို့၏ မိတ်ဆွေကြီးများဖြစ်သော ရွှေအပ်၊ မိုးမျှော်၊ ကုလားအော် စသည့် ငရုတ်သီးတို့ကို အထူးအရေးပေးခဲ့လေ သည်။ ထိုအခါတွင် ငရုတ်သီးသည် နိုင်ငံခြားမှ ရောက်စဟုပင် ထင်မှတ် ဖွယ်ရှိသော်လည်း တောင်သူလယ်သမား ဆင်းရဲသားတို့ စားသုံးနိုင်လောက် အောင် ပေါများလျက် ရှိလေပြီဟု မှတ်ယူရပေမည်။ ငရုတ်အကြောင်းကို ဖွဲ့ ဆိုရာတွင် စာဆိုကြီးသည် ငရုတ်ဟု ခေါ်ရင်းစွဲဖြစ်သော ငရုတ်ကောင်းနှင့် မလွဲမမှားရလေအောင် **မိုးမျှော်ငရုတ်၊ ရှမ်းငရုတ်** ဟု အခြား စကားလုံး အထောက်အပံ့တို့နှင့် တွဲကာ ဖွဲ့ဆိုသည်ကို သတိပြုကြရပေမည်။ ထန်းတက် သမားဘွဲ့တျာတွင် အောက်ပါအပိုဒ်များကို တွေ့ရသည်။

ဟင်းအိုးဆူလျှင်၊ အကင်ခတ်ပြီး
အိုးခင်းနှင့်လှော်၊ ရေနှင့်ကြော်


www.burmeseclassic.com

www.burmeseclassic.com


မိုးမျှော်ငရုတ်သီးငယ်နှင့်လေး။

လယ်ထွန်သမားဘွဲ့ တျာတွင် ငရုတ်သီးစပ်စပ်နှင့် တရှုးရှုး တရှဲရှဲ ထမင်းစားနေသော လယ်သမားကြီးကို ထင်ယောင်မြင်ယောင် ဖြစ်လာအောင် ပဒေသရာဇာက ဤသို့ ဖွဲ့ဆိုထားပြန်သည်။

ချိုလည်း ချိုလွန်း၊ ရည်ရွှန်းများစွာ
ကြွံဟင်း ကြွက်နပေါင်း၊ သောင်းပြောင်းရောစ၍သာ။
အိမ်သို့ရောက်ခါ၊ လျင်စွာချက်ပြုတ်
ထမင်းကပူ၊ ဟင်းကပူ
ရှူရှူသာ ရှမ်းငရုတ်ကယ်နှင့်လေး။

ပဒေသရာဇာ အမတ်ကြီးက ထိုသို့ ဖွဲ့ဆိုခိုက်တွင် ဆယ့်သုံးနှစ်သားအရွယ် မောင်ဩက ငရုတ်ကို စပ်သီးဟု ခေါ်ကာ အောက်ပါသံပေါက်ကို ဖွဲ့ဆိုလေသည်။ ဤအချက်ကို ထောက်သော် ရောက်စ ငရုတ်ကို အမည် အမျိုးမျိုးဖြင့် စမ်း၍ ခေါ်နေကြောင်းကို သတိပြုရန် ရှိပေသည်။ ရုပ်ရှင်ကို ကျွန်ုပ်တို့သည် ဘိုင်စကုပ်၊ အရိပ်ပြ၊ ဓာတ်ရှင် စသည်ဖြင့် စမ်း၍ ခေါ်နေကြသည်နှင့် တူပေသည်။

စပ်သီးရှိမ်းရှိမ်း၊
သွားကြိမ်းကြိမ်း၊
ပင်စိမ်းခတ်ပါလေ။

သို့ပင် ဖြစ်လင့်ကစား မောင်ဩသည် ငရုတ်ကို ငရုတ်ကောင်းနှင့် ရောထွေး မှတ်မှားလျက်ရှိပေသေးသည်။ အထက်တွင် ပြဆိုခဲ့သည့်အတိုင်း သက္ကတ ကျမ်းဂန်များတွင် တရိကဋုက် ၃ ပါးကို (၁) ငရုတ်ကောင်း (၂) ပိတ်ချင်း (၃) ချင်း ဟု သတ်မှတ်ကြပေသည်။ မောင်ဩကား အောက်ပါသံပေါက်တွင် ငရုတ်ကောင်းအစား ငရုတ်သီးနီနီကို ထည့်ထားမိလေသည်။

တရိကဋုက်၊
ပိတ်ချင်းဟုတ်၊
ငရုတ်ချင်းချင်းနီ၊

စပ်သီးခေါ် ငရုတ်သီးကို ထမင်းပွဲတွင်သာ အသုံးပြုသလော။ မဟုတ်ပါ။ အင်းဝ ပျက်ပြီးခါစ၊ အလောင်းဘုရား ထခါစ၊ စစ်ရေး မက်ရေး၊ တိုက်ရေး ခိုက်ရေးများ အများအပြား ဖြစ်ပေါ်နေသည်တွင် ငရုတ်သီးကို စစ်ရေးမက်ရေးတွင် သုံးလေသေးသည်။ ထိုစဉ်အခါက စစ်တိုက်ရာတွင် မြို့ရိုး မြို့တာတို့ကို ချဉ်းကပ်၍ ချိုးဖျက်ကြရသည်။ လှေကားထောင်၍ တက်ကြရသည်။ ထိုအခါမျိုး၌ မြို့တွင်းသား ခံစစ်သမားတို့က ရန်သူ တိုက်စစ်သမား


www.burmeseclassic.com

www.burmeseclassic.com



တို့ အပေါ်သို့ မြို့ရိုးထိပ်မှ ပွဲလျက်ရည်ကျို၍ လောင်းချကြသည်။ ကျောက်တုံး၊ သစ်တုံးကြီးများကို ပစ်ချကြသည်။ နီးကပ်လာလျှင် ငရုတ်သီးရည်ဖြင့် မျက်စိထဲဝင်အောင် မှုတ်ထည့်ကြသည်။ ဤနည်းဖြင့် ငရုတ်သီးသည် မြို့ပေါင်းများစွာကို ကယ်ဆယ်ဖူးခဲ့ပေမည်။ ငရုတ်သီးရည် မှုတ်သည့် သက်သေကို လက်ဝဲသုန္ဒရအမတ်၏ ဗျူဟာစက္ကိပျို့တွင် အောက်ပါအတိုင်း တွေ့ရပေသည်။ သို့သော် လက်ဝဲသုန္ဒရသည် ငရုတ်ဟု မခေါ်၊ စပ်သီးဟု ခေါ်သည်ကို သတိမူရာသည်။

ပြည်စားပုံချီ၊ မိုးကြိုးသီသို့
အစီအရင်၊ မြို့ထိပ်ပြင်က
တုတ်တင်ရိုက်ထိုး၊ မီးအိုးမှောက်သွန်
ဝါးချွန်သန၊ မီးစတချို့
မီးရှို့တခြား၊ မီးပွားလျှံလျှံ
ရေနံသဲသဲ၊ အင်တွဲပွက်ပွက်
ပွဲလျက်ပူပူ၊ ကိုင်ယူဆို့ဆီး
စပ်သီးရည်မှုတ်၊ ကျောက်အုတ်လောက်လွှဲ
ဘိဆွဲတုံးမောင်း၊ အုပ်ဆောင်းငင်တွယ်
သစ်ငယ်သစ်ကြီး၊ နွယ်နှီးမှိုက်မြက်
လောင်းစွက်ဝါးပို၊ ခြင်းကိုမီးတိုက်
ချထားလိုက်သော်၊ မီးမြိုက်သော့လား
ပဲခူးသားတို့၊ ဆုံးပါးသေသူ။

ဤမျှဖြင့် အိန္ဒိယပြည်မှ ကူးရောက်လာသော ငရုတ်ကောင်းနှင့် အမေရိကတိုက်မှ ကူးရောက်လာသော စပ်သီးငရုတ်တို့အကြောင်းကို အဆုံးသတ်ပါ၏။ ဒန်အိုးများ ရောက်လာသောအခါ မြေအိုးများ ခေတ်တိမ်ရသကဲ့သို့၊ ရေနံဆီပုံးများ ဝင်လာသောအခါ ရွက်အိုးများပျောက်ကွယ်ရသကဲ့သို့ ငရုတ်သီး ရောက်လာသောအခါ ငရုတ်ကောင်းမှာ မျက်နှာငယ်ရရှာလေသည် တကား။ (၁၉၅၆)

www.burmeseclassic.com

www.burmeseclassic.com

# မဏိမေခလာ တောထွက်ခန်း
# ဒမိလ ကဗျာကြီး

တစ်ခါတုန်းက အိန္ဒိယပြည်တောင်ပိုင်း၊ သီရိလင်္ကာကျွန်း၊ မလ္လာယုကျွန်းစွယ်၊ အင်ဒိုနီးရှားကျွန်းစု၊ ကမ္ဘောဇတိုင်း၊ ယိုးဒယားပြည်၊ မြန်မာပြည်၊ ဘင်္ဂလားပြည်၊ မဒရပ်နယ်တို့ကို ဗုဒ္ဓသာသနာတော်သည် ပုတီးစေ့ကို သီကုံးသော ပိုးခြည်ကြိုးလွန်းသဖွယ် သီကုံးခဲ့လေသည်။ ထို့ကြောင့်လည်း ထိုထိုသော တိုင်းပြည်၊ ထိုထိုသော လူမျိုးတို့သည်၊ ပင်လယ်ရပ်ခြား တိုင်းတစ်ပါးသားများ ဖြစ်လင့်ကစား တစ်ပြည်နှင့်တစ်ပြည်၊ တစ်မျိုးနှင့်တစ်မျိုး၊ ရွှေလမ်းငွေလမ်း ပေါက်၍ ရင်းနှီးကျွမ်းဝင် ချစ်ခင်ကြလေသည်။ ထိုသို့ ရင်းနှီးချစ်ခင်ကာ တစ်ပြည်နှင့်တစ်ပြည်၊ တစ်မင်းနှင့်တစ်မင်း၊ လက်ဆောင်ပဏ္ဏာများ ကမ်းလှမ်းဆက်သခဲ့ကြသည့် အကြောင်းများကို ရာဇဝင်သမိုင်းတို့တွင် မကြာခဏ တွေ့ရလေသည်။ နောင်ကာလတွင်ကား ဗုဒ္ဓသာသနာတော်၏ ရောင်ဝါမှာ အချို့အချို့သော တိုင်းပြည်များ၌ မှေးမှိန် ကွယ်ပရရှာသဖြင့် တစ်ပြည်နှင့်တစ်ပြည်၊ တစ်မျိုးနှင့်တစ်မျိုး၊ ကူးလူးဆက်ဆံမှု နည်းပါးကာ သူစိမ်းဘဝသို့ ရောက်ကြရပြန်လေတော့သည်။ ထိုထိုနိုင်ငံတို့၌ ဗုဒ္ဓဝါဒီများ တည်ဆောက်လှူဒါန်းခဲ့သော ဘုရားစေတီ ကျောင်းကန်ဇရပ်တို့သည်လည်း ပျက်စီးယိုယွင်းခြင်းသို့ ရောက်ကြရရှာလေသည်။ ဗုဒ္ဓဘာသာ စာပေကျမ်းဂန်တို့သည်လည်း မှေးမှိန်ကွယ်ပျောက်ခဲ့ရရှာလေသည်။ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုကြီးသည် တိမ်ကောသွားရလေတော့သည်။

သို့ပင်ဖြစ်လင့်ကစား ယခုခေတ်အခါတွင် ရှေးဟောင်းယဉ်ကျေးမှုကို လေးစားရှာဖွေကြသော ပညာရှင်တစ်စုတို့ ပေါ်ပေါက်လာသဖြင့် ထိုပုဂ္ဂိုလ်ကြီးတို့၏ လုံ့လပယောဂကြောင့် ဘုရား၊ ပုထိုး၊ စေတီဟောင်း၊ ကျောင်းဟောင်းတို့သည် ထိုထိုသော မလ္လာယုကျွန်းစွယ်နှင့် အင်ဒိုနီးရှားကျွန်းစုတို့



www.burmeseclassic.com

www.burmeseclassic.com


၌ ပေါ်တော်မူ ဘဝသို့ ရောက်ကြရပြန်လေသည်။ အဆောက်အအုံဟောင်းများ သာမကသေး၊ ဗုဒ္ဓသာသနာ ထွန်းကားစဉ်အခါက ပြုစုရေးသားထားခဲ့သော ဗုဒ္ဓဘာသာ ကျမ်းဟောင်းတို့သည်လည်း တိမ်ကောပပျောက်ရာမှ တစ်စတစ်စ ပေါ်ထွက်လာကြပြန်လေပြီ။ ပညာရှင်တို့သည် စာတိုစာစ တစ်ညို့တစ်ထွာမကျန် လိုက်လံရှာဖွေကာ ဆက်စပ်လေ့လာလျက် ရှိကြသည်။ မိမိတို့တွေ့ဆုံသော အကြောင်းရပ်တို့ကိုလည်း ပြည့်ပြည့်စုံစုံ ရေးသားကာ ပညာမဂ္ဂဇင်းတို့တွင် ထည့်သွင်းဖော်ပြ ဝေငှလျက်ရှိကြလေသည်။ ထို့ကြောင့် ဗုဒ္ဓသာသနာတော်ကြီးသည် ဘာသာအယူဝါဒ တစ်ခုအနေနှင့် ပြန်လည်တောက်ပြောင် ပေါ်ထွန်းနိုင်သော အခွင့်အရေးကို မရနိုင်တော့ပြီဟု ဆိုကြဦးတော့၊ ဗုဒ္ဓဘာသာ စာဟောင်းပေဟောင်းတို့သည်လည်းကောင်း၊ ဗုဒ္ဓဘာသာ ရှေးဟောင်းစေတီ၊ ဂူ၊ ကျောင်းတို့သည်လည်းကောင်း လူအပေါင်းတို့ လေ့လာဆည်းပူး နိုင်ကြရန် ပြန်လည်ပေါ်ပေါက်လျက်ကား ရှိလေပြီ။

သာသနာရောင်ဝါ ကွယ်ပသွားသော ထိုထိုတိုင်းနိုင်ငံတို့၌ သာသနာပင် ကွယ်ပသွားသည်ဆိုသော်လည်း သာသနာ့အရိပ်အရောင်တို့ကား လုံးဝကွယ်ပသွားသည်မဟုတ်။ လူတို့၏ ထုံးစံ၊ အစဉ်အလာ၊ နေထိုင်မှု၊ ပြောမှုဆိုမှုတို့၌ ကြိုကြားကြိုကြား အမြစ်တွယ်ကာ ကျန်ရစ်ခဲ့ကြပေသေးသည်။ ထို့ ကြောင့်လည်း ယခုခေတ် လူမှုဆက်ဆံရေး ဖွဲ့စည်းပုံကို လေ့လာလိုသော ပညာရှင်သည် အတိတ်က ရာဇဝင်ဟောင်း၊ အဖြစ်ဟောင်းများကို ရှာဖွေတူးဖော် လေ့လာရလေတော့သည်။ အာရှတောင်ပိုင်းရှိ လူမျိုးအသီးသီး၏ မျက်မှောက်ကာလ လူမှုဆက်ဆံရေး ဖွဲ့စည်းပုံကို လေ့လာလိုသူသည် ထိုအတိတ်ခေတ် ထိုထို တိုင်းပြည်နိုင်ငံများကို ဖွဲ့စည်းခဲ့သော ဗုဒ္ဓသာသနာ ယဉ်ကျေးမှုပုတီးသီကြိုးကို မလေ့လာဘဲနှင့် ပြည့်စုံခြင်းသို့ ရောက်နိုင်မည် မဟုတ်ပေ။ ထိုပုတီးသီကြိုးတွင် ကြိုးလွန်းငယ်တစ်ခုဖြစ်သော အရာသည်ကား အိန္ဒိယတောင်ပိုင်း ဒမိလနယ်ပယ်တွင် ယခုတိုင် ထင်ရှားကျန်ရစ်နေသေးသော ဒမိလဘာသာရေး **မဏိမေခလာတောထွက်ခန်း** ကဗျာကြီးပင် ဖြစ်ပေသည်။ ထိုကဗျာအကြောင်းကို နီလကန္တ ဆတရိ ခေါ်သော ပညာရှင်က အိန္ဒိယနိုင်ငံလုံးဆိုင်ရာ အသံလွှင့်ရုံမှ ဟောပြောလိုက်သဖြင့် ထိုဟောပြောချက်ကို အခြေပြုကာ ဤတွင် ရေးသားဖော်ပြရခြင်းဖြစ်ပါသည်။

ဒမိလဆိုသည်မှာ အိန္ဒိယတောင်ပိုင်းတွင် နေထိုင်သော လူမျိုးကြီးတစ်မျိုး၏ အမည်ဖြစ်သည်။ သူတို့ပြောသော စကားကိုလည်း ဒမိလစကားဟုပင် ခေါ်သည်။ ဒမိလ စာပေသည် အလွန်ရှေးကျ၍ အလွန်ကြွယ်ဝသည်ဟု ကျော်စောသည်။ ရှေးဟောင်း ဒမိလစာပေတွင် ထင်ရှားသော ကျမ်းဟောင်း


www.burmeseclassic.com

www.burmeseclassic.com


ကြီး ငါးကျမ်းရှိသည့်အနက် **မဏိမေခလာတောထွက်ခန်းကဗျာ** မှာ တစ်ခု အပါအဝင် ဖြစ်ပေသည်။ ယင်းကဗျာသည်ပင် ဒမိလ စာပေလောကတွင် တစ်ခုတည်းကျန်ရစ်သော ဗုဒ္ဓဘာသာ ကျမ်းဖြစ်သည်ဟု ဆိုသည်။ အခြားဗုဒ္ဓဘာသာ စာပေကျမ်းဂန်တို့မှာကား ကွယ်ပခဲ့လေပြီ။ ဤကျမ်းတစ်ကျမ်းသာလျှင် မည်သည့်သတ္တိကြောင့် ဆန်ခါတင် ကျန်ရစ်ခဲ့လေသည် မသိရပေ။ အစဉ်အလာ စကားအရဆိုလျှင် မဏိမေခလာ ကဗျာနှင့် တွဲဖက် **သီလပ္ပါဒိကာရမ်** ခေါ် ကဗျာလည်း ရှိခဲ့ဖူးသေးသည် ဆိုသည်။ ထိုကဗျာတို့ကို သီကုံးဖွဲ့နွဲ့သော စာဆိုနှစ်ဦးမှာ ခေတ်ပြိုင်များ ဖြစ်သည်ဟုလည်း ဆိုလေသည်။

မဏိမေခလာ ကဗျာ၏ အမည်အပြည့်အစုံမှာ **မဏိမေခလဲတုရဗု** ဖြစ်ပါသည်။ ရှေးသရောအခါက ဘင်္ဂလားပင်လယ်အော်တွင် အလွန်စည်ကားကြီးပွားနေသော ကာဝေရီပတ္တိနမ်ခေါ် သင်္ဘောဆိပ် နေပြည်တော်တစ်ခု ရှိလေသည်။ ထိုသင်္ဘောဆိပ်တွင် လူမျိုးတစ်ရာ့တစ်ပါးတို့သည် လာရောက်၍ ကုန်ကူးသန်းရောင်းဝယ်စမှတ် ပြုကြသည်။ ထိုမြို့၌ မာဓဝီ အမည်ရှိသော ပြည့်တန်ဆာမတစ်ဦးသည် မိန်းမချော၊ မိန်းမလှ၊ မိန်းမလိမ္မာတစ်ဦးဖြစ်လေသည်။ မာဓဝီနှင့် အကြောင်းမျှသူမှာကား ထိုမြို့ရှိ ကုန်သည်ပျို ကောဝလန်ဖြစ်လေသည်။ သူတို့၏ အိမ်ထောင်ရေးဇာတ်လမ်းမှာ ချောချောမွေ့မွေ့ ပျော်ပျော်ရွှင်ရွှင် မဟုတ်ပေ။ ထိုဇာတ်လမ်းကို သီလပ္ပါဒိကာရမ် ကဗျာအဖြစ် ရှေးပညာရှိတစ်ဦး ဖွဲ့ဆိုခဲ့သည်ဟု ဆိုသည်။

မာဓဝီနှင့် ကောဝလန်တို့မှ မွေးဖွားသော သမီးမှာ မဏိမေခလာပင် ဖြစ်ပေသည်။ ဤအမည်မှာ သူ၏ အမည်ရင်း မဟုတ်။ အိန္ဒိယ သမုဒ္ဒရာကို စောင့်ရှောက်သော နတ်သမီး၏ အမည်ကို ယူထားခြင်းဖြစ်လေသည်။ မိခင် မာဓဝီသည် လောကကိုငြီးငွေ့၍ ဘိက္ခုနီမအဝတ်ကိုဝတ်ကာ တောထွက်လေသည်။ သူ့သမီး မဏိမေခလာကိုလည်း မိမိနည်းတူ သူတော်စင်အဖြစ်သို့ ကူးပြောင်းစေလိုသည်။ သို့သော်လည်း မဏိမေခလာမှာ မိခင်၏ အလိုသို့ ရုတ်တရက် မလိုက်နိုင်ခဲ့ရှာပေ။

အကြောင်းသော်ကား တစ်ခုသော နံနက်ခင်းတွင် မဏိမေခလာသည် ဥယျာဉ်တော်တစ်ခု၌ လှည့်လည်ကြည့်ရှုနေစဉ် ပြည့်ရှင်မင်းကြီး၏ သားတော် ဥဒယကုမာသည် တွေ့၍ မေတ္တာသက်ဝင် ချစ်ခင်လေသောကြောင့် သုံးခွန်းသော စကားကို ပြောလေသည်။ မဏိမေခလာကမူ မေတ္တာ မတုံ့လှယ်နိုင်ပေ။ မင်းသား၏ စက်ကွင်းကို တိမ်းရှောင်အံ့ဟု အမျိုးမျိုးအဖုံဖုံကြိုးစားကြံဆောင်ရာတွင် သမုဒ္ဒရာစောင့်နတ်သမီး မဏိမေခလာနှင့် တွေ့၍ နတ်သမီး၏ အကူအညီဖြင့် မဏိပလ္လဝန် ခေါ်သော ကျွန်းတစ်ကျွန်းသို့ ရောက်သွားလေ


www.burmeseclassic.com

www.burmeseclassic.com


သည်။ ထိုကျွန်း၌ နေစဉ် မဏိမေခလာသည် အလွန်ထူးဆန်းသော အိုးတစ်လုံးကို ရလေသည်။ ထိုအိုးကို နှိုက်တိုင်း စားဖွယ်သောက်ဖွယ် ထွက်၍ မည်သည့်အခါမှ ကုန်ခမ်းသည်မရှိပေ။ ထို့ကြောင့် ထိုအိုးကို **ထွက်ကရအိုးစကြာ** ဟု မြန်မာလို ခေါ်ရပေတော့မည်။ ထိုအိုးကို ရသောအခါ မဏိမေခလာသည် ဂါထာတစ်ပုဒ်၏ အစွမ်းဖြင့် ကောင်းကင်ခရီးမှ ဇာတိရပ်ရွာ ကာဝေရိပတ္တိနမ်မြို့သို့ ပြန်ခဲ့လေသည်။

မြို့သို့ရောက်သောအခါ မဏိမေခလာသည် မရှိဆင်းရဲသားအပေါင်းတို့ကို နေ့စဉ်နေ့တိုင်း မိမိတို့အိမ်သို့ ဖိတ်ခေါ်ပြီးလျှင် ထွက်ကရအိုးစကြာမှ စားဖွယ်သောက်ဖွယ်တို့ကို နှိုက်ယူကာ မပြတ်ကျွေးမွေး လှူဒါန်းစမြဲပြုလေသည်။ ထိုအခါ ရှေးကပင် မေတ္တာသက်ဝင် ချစ်ခင်လျက်ရှိသော ပြည့်ရှင်မင်းကြီး၏သားတော် ဥဒယကုမာသည် အထိန်းအယ အိမ်ကျွန်မတို့ကို လာဘ်ပေး၍ မဏိမေခလာရှိရာသို့ အရောက်ဝင်လေတော့သည်။ ထိုအခါ မဏိမေခလာလည်း မတတ်နိုင်တော့ပြီဖြစ်၍ နာနာရုပ်ဂါထာကို ရွတ်ဖတ်သရဇ္ဈာယ်လေရာ လူစင်စစ်မှ ဝိဇ္ဇာခိုရ်မအဖြစ်သို့ ကူးပြောင်းသွားလေတော့သည်။ ဝိဇ္ဇာခိုရ်ဆိုသော လူတစ်ပိုင်း နတ်တစ်ပိုင်း ပုဂ္ဂိုလ်တို့သည် ဟိမဝန္တာ၌ နေ၍ သီဝနတ်ကြီး ထံပါး၌ ခစား ထမ်းရွက်ကြရလေသည်။ ထိုသို့ ခစား ထမ်းရွက်ရာတွင် မဏိမေခလာသည် ကဥ္စန အမည်ရှိသော ဝိဇ္ဇာခိုရ်တစ်ဦးနှင့် မေတ္တာမျှလေသည်။ သို့ပင် မေတ္တာမျှနေသော်လည်း ဥဒယကုမာ မင်းသားကား လက်မလျှော့သေးချေ။ ဆက်လက်၍သာလျှင် မဏိမေခလာ၏ မေတ္တာပန်းကို ဆင်မြန်းရအောင် ကြိုးပမ်းလေရာ ဝိဇ္ဇာခိုရ် ကဥ္စနက ဓားဖြင့် စီရင်သဖြင့် အနိစ္စရောက်ရရှာတော့သည်။

ထိုအခါ မဏိမေခလာသည် လူ့အဖြစ်သို့ ပြန်၍ လဲလိုက်လေရာ ပြည့်ရှင်မင်းကြီးက သားတော်သေရာတွင် ပယောဂမကင်းဟု ဆိုလျက် မဏိမေခလာကို ထောင်သွင်းအကျဉ်းထားလေတော့သည်။ မင်းကြီး၏ မိဖုရားသည်လည်း သေလွန်သူ သားအတွက် မဏိမေခလာအပေါ်တွင် အမျက်ကြီးစွာထားကာ အမျိုးမျိုး နှိပ်စက်ရန် ကြံစည်လေသည်။ သို့သော်လည်း မဏိမေခလာသည် မိမိ၏ တန်ခိုးအာနုဘော်ဖြင့် ထိုထိုသို့သော ဘေးရန်ဥပါဒ်တို့ကို ကာဆီးဟန့်တားလေလျှင် မိဖုရားကြီးလည်း မဏိမေခလာ၏ အစွမ်းကိုသိကာ လက်လျှော့လိုက်လေတော့သည်။ ထိုအခါကျမှ မဏိမေခလာသည် ကောင်းကင်သွားမန္တာန်ကို ရွတ်ကာ မဏိပလ္လဝန်ကျွန်းသို့ သွားပြီးလျှင် ဘုရားသခင်၏ ပလ္လင်တော်ကို ရက်ပေါင်းများစွာ ပူဇော်လေသည်။ ထို့နောက် ကဉ္စိပူရမြို့သို့ သွား၍ မိခင် ဘိက္ခုနီမနှင့်အတူ ရဟန်းတော်တို့ထံတွင် တရားယူ


www.burmeseclassic.com

www.burmeseclassic.com


ကာ သူတော်ကောင်းတရားကို ပွားများနေခိုက် မိမိ၏ မွေးဌာန ကာဝေရီ ပတ္တိနမ် မြို့မှာ သမုဒ္ဒရာကြီး မျို၍ ပျက်စီးသွားကြောင်း သတင်းရလေသည်။ ထို့နောက် မိခင် ဘိက္ခုနီမ၏ ဆရာတော် ရဟန်းက သွန်သင်ဆုံးမ တရားချ သဖြင့် နောက်ဆုံး၌ မဏိမေခလာသည် ရဟန်းဘောင်သို့ ကူးပြောင်းခဲ့လေ တော့သည်။ ထို သားအမိ၏ ဆရာတော်သည်ကား အခြားမဟုတ်။ ခုနစ်ရာစု ခေတ်အခါက နာလန္ဒာတက္ကသိုလ်တွင် တိုက်အုပ်တစ်ပါးဖြစ်သော ဓမ္မပါလ မထေရ်ဖြစ်သည်ဟုလည်း စကားစဉ် ရှိလေသတတ်။

ဤကဗျာကြီးတွင် ပါသော အဖြစ်အပျက်တို့သည်ကား ဗုဒ္ဓဘာသာ အတွေးအခေါ်မျိုးမှ ပေါက်ဖွားလာသော အတွေးအခေါ်မျိုးဖြစ်၍ ရာဇဝင် သမိုင်းဆရာတို့အတွက် များစွာသော အထောက်အပံ့ ဖြစ်ပေလိမ့်မည် ထင်မိ ပါသည်။ (၁၉၅၃)

www.burmeseclassic.com

www.burmeseclassic.com

# ကြောင်တစ်သက် ကြွက်တစ်မြုံ့

ပုဂ္ဂိုလ်တစ်ဦး သောင်းကျန်းနေခြင်းကြောင့် ပုဂ္ဂိုလ်အများ အတိဒုက္ခ ရောက်နေရသောအခါမျိုး၌ **ကြောင်တစ်လက် ကြွက်တစ်မြုံ့ပဲဟေ့** ဟု လူကြီးသူမများ ပုံခိုင်းပြောဆို ညည်းညူသည်ကို ကြားဖူးရသည်။ ဤစကားပုံကို ငယ်ငယ်ကပင် ကြားဖူးသည်။ အခြေခံသဘောကို ငယ်ငယ်ကပင် နားလည်လိုက်သည်။ ကြောင်သည် ကြွက်တို့ကို ခုပ်၍ စားသည်ကို ခဏခဏ ကြုံတွေ့နေရသောကြောင့် ဤစကားပုံကို အလွယ်နှင့်ပင် နားလည်လိုက်ပုံရပါသည်။ ထို့ပြင်လည်း ကြောင် ကြွက်တို့နှင့် ပုံခိုင်းရလောက်အောင် ထပ်တူထပ်မျှ ဖြစ်ပေါ်နေသော ပတ်ဝန်းကျင်ကိစ္စတို့ကလည်း ဤစကားပုံကို အဓိပ္ပာယ်ရှင်းပြလျက်ရှိပြန်သည်။

စာဖတ်တတ်သောအရွယ် စကားပုံ စာအုပ်များကို ကြည့်ရသောအခါ **ကြောင်တစ်သက်ပုံ၊ ကြွက်တစ်မြုံ့** ဟူ၍လည်းကောင်း၊ **ကြောင်တစ်ကောင်အတွက် ကြွက်တစ်မြုံ့ပျက်သည်** ဟူ၍လည်းကောင်း စကားပုံတို့ကို ငယ်စဉ်က ကြားဖူးသည်နှင့် အနည်းငယ် ကွဲ၍ တွေ့ရပြန်သည်။ **ကြောင်တစ်လက်** မှ **ကြောင်တစ်သက်** ဟု ပြောင်းသွားသည်သာ။ အခြေခံသဘောမှာ မထူးခြားပေ။ ပုဂ္ဂိုလ်တစ်ဦး သောင်းကျန်းနေခြင်းကြောင့် ပုဂ္ဂိုလ်အများ အတိဒုက္ခရောက်ရခြင်းကိုပင် ဖော်ပြပေသည်။ ထို့ကြောင့်လည်း စလေဆရာကြီး ဦးပုညသည် ဝိဇယပြဇာတ်၌ ဝိဇယမင်းသား သောင်းကျန်းပုံကို ပြောပြရာတွင် ဤစကားကို ထည့်သွင်းထားခြင်းဖြစ်ပေရာသည်။

သားရှူးသားမိုက်၊ ဒုစရိုက်ကို
လိုလိုက်မိ၍၊ ဧကရာဇ်ဘုန်းထက်
မင်းဖြစ်လျက်နှင့်၊ ငါအရှက်တွေ့ရပြီ။
ရေမြေ့သနင်း၊ မင်းတို့ခမ္မတာ

**အိပ်မက်ဦး စာပေ**

www.burmeseclassic.com

www.burmeseclassic.com


ပြည်သူနှင့်သား၊ အချစ်အားဖြင့်၊ မခြားရာ။
မေတ္တာညီမျှကောင်းပေသည်။
စရိုက်မသို၊ အမိုက်ပိုကို
အလိုမလိုက် ကောင်းသင့်ပေ။
ကြောင်တစ်သက်ပုံ၊ ကြွက်တစ်မြုံသို့
ကြုံလာချေမင့်၊ သင်း သေမှမြန်စွာ
ပြည်ထဲရေး သာတော့မည်။
ခုနစ်ရာ ဓားပြနှင့်၊ ဝိဇယလူငယ်တို့ကို
အမိုက်နွယ် မကျန်ကြွင်းရအောင်
ခုချက်ချင်း သတ်ကြရမည် မှူးမတ်များ။

အသက်အနည်းငယ်ရ၍ စာအတော် ဖတ်မိသောအခါတွင်ကား ဤစကားပုံ၏ ရင့်ကျက်သောအဖြစ် ရေးကျသော အတ္ထုပ္ပတ္တိတို့ကို တွေ့သိရပြန်သည်။ မြန်မာစကားပုံ များစွာရှိသည့်အနက် အတ္ထုပ္ပတ္တိကို အခိုင်အခံ့ ပြောပြနိုင်ရလောက်အောင် စာပေ အထောက်အထားရှိသည့် စကားပုံတို့မှာ အတော်နည်းပေသည်။ သို့ပြောခြင်းဖြင့် များစွာသော စကားပုံတို့သည် ယခုမှ ပေါ်သော ခေတ်သစ် စကားပုံများ ဖြစ်ကြသည်ဟု မဆိုလိုပါ။ ရေးကျကြမည်ပင်ဖြစ်သော်လည်း စာပေအထောက်အထား မရှိကြ ဟူ၍သာ ဆိုလိုပါသည်။ **ကြောင်တစ်သက်ပုံ၊ ကြွက်တစ်မြုံ** ဆိုသော စကားပုံမှာကား စာပေမှတ်တမ်းရှိသော စကားပုံတစ်ရပ် ဖြစ်ပေသည်။ သို့သော်လည်း ထိုရေးက အထောက်အထား မှတ်တမ်းများမှာပါသည့် စကားပုံသည် ယခုလက်ရှိ စကားပုံနှင့် မတူ။ စကားအရာတွင် ကွဲလွဲလျက်ရှိသည်ကို တွေ့ရသည်။ ဥပမာအားဖြင့်ဆိုရသော် ပုဂံပြည် အလောင်းစည်သူ မင်းကြီးသည် သားတော် မင်းရှင်စော၏ မသင့်သော အမှုအရာနှင့်စပ်၍ ပြောသည့် စကားတို့တွင် ဤစကားပုံကို တွေ့ရသည်။

ငါမသေခင်ကပင် ဤကဲ့သို့ ကျင့်သည်။ ငါမရှိ၍ မင်းဖြစ်တပြီးကား ငါ့သားတော်၊ ငါ့သမီးတော်၊ ငါ့မှူးတော် မတ်တော်တို့ကို ညှဉ်းပန်းနှိပ်စက်လတံ့သည်ဟု ကြောင်တစ်ကောင်နှင့် ကြက်တစ်မြုံကို ပုံပမာပြု၍ စားကျေး စားလက်နှင့်တကွ အခြွေအရံ ဥစ္စာရွှေငွေတို့ကို ရုပ်သိမ်းတော်မူ၍ နှောင်အိမ်သွင်းထားလေ၏။

ဤကား မဟာရာဇဝင်ကြီးတွင် ဦးကုလား မှတ်တမ်းတင်ခဲ့ခြင်းဖြစ်သည်။ ဤစကားပုံကို အလောင်းစည်သူမင်းကြီး အကယ်ပင် သုံးခဲ့သည် မသုံး ခဲ့သည်ကို တပ်အပ်မပြောသာချေ။ မည်သို့ပင်ဖြစ်စေ ဦးကုလားတို့ခေတ်



www.burmeseclassic.com

www.burmeseclassic.com


သက္ကရာဇ် ၁၁၀၀ (တစ်ထောင့်တစ်ရာ) ဆီတွင် ဤစကားပုံ ခေတ်စားနေလေပြီဟုကား မှတ်ယူဖွယ်ရှိသည်။ ဤတွင် သတိပြုရန်မှာ ယခုလက်ရှိ စကားပုံတို့တွင် ကြွက်ဟု ဆိုသော်လည်း ထိုအခါကမူ ကြက်ဟု ဆိုခြင်းပင် ဖြစ်ပေသည်။ ကြောင်နှင့် ကြွက် မှာ ကမ္ဘာရန်ဖြစ်၍ အလွန်နီးစပ်သည်။ ကြောင်နှင့် ကြက်မှာကား ထိုမျှ မနီးစပ်လှပေ။ ကြွက်ဆိုရမည်ကို ကြက်ဟူ၍ စာကူးချွတ်ခဲ့လေသလား။ ပုံနှိပ်မှားခဲ့လေသလား။ စဉ်းစားဖွယ်ရာပင်။ သို့သော်လည်း အလေးပြုလောက်သော စာတို့တွင် ဥ ဥသော ကြက်ကိုသာ တွေ့ရသည်။ အကောင်မွေးသည့် ကြွက်ကို မတွေ့ရချေ။

သက္ကရာဇ် ၈၃၄ ခုနှစ်တွင် စစ်လျှင်ထောင်မှူး ရှင်ထွေးညို စီကုံးသည့် ပြည်စုန် မော်ကွန်း အပိုဒ် (၈) ၌ အောက်ပါအတိုင်း တွေ့နိုင်ပေသည်။

ရွှေတောင်နန်းကို၊ ပြင္ဒာန်းစိုးလစ်
ယင်းသည့်နှစ်က၊ သက္ကရာဇ်အစွန်
လေးခုလွန်သော်၊ မျက်မာန်မရေး
ဖရင်သွေးအား၊ လုပ်ပေးကြံရှာ
လျာကာသို့အောင်၊ ညှာတာရှောင်လည်း
ကြောင်နှင့်ကြက်မြဲ၊ ပမာတုံသား
ထုံးပုံပြင်ကို၊ နတ်ရှင်မှတ်ပြီး
မုန်ညင်းသီးရှိ၊ မီးကိုတျင်းတျင်း
အကြွင်းမထား၊ ပွားသော်လောင်ပြန်
ရန်လည်းထို့နှယ်၊ ပယ်သော်ကောင်းဟု
ကျိုးကြောင်းမျှော်တင်း၊ နားတော်သွင်းသည်
ခပင်းအားလုံး မှတ်ရာတည်း။ ။

ရှင်ထွေးညိုတို့လက်ထက် ပထမအင်းဝခေတ်တွင် ဤစကားပုံမှာ (ဝါ) ပုံခိုင်းမှာ ပုံပြင် ထုံးစံ ဘဝသို့ ရောက်နေပြီကို ထောက်သော် ဤစကားပုံ၏ အသက်မှာ မငယ်လှကြောင်း မှတ်ယူရပေမည်။ အလောင်းစည်သူ ခေတ်ကို ရောက်သည်ဟု အခိုင်အမာ မဆိုရဲသော်လည်း ပုဂံခေတ်တွင် ပေါ်နေပြီဟူ၍ကား ဆိုနိုင်စရာ ရှိပေသည်။ ဤစကားပုံကို ပညာရှိတို့ လွန်စွာ လေးစားခဲ့ပုံရသည်။ စာဆိုတော် နဝဒေးကြီးသည် ဘုရင့်နောင်၏ မြေးတော်တစ်ပါးအတွက် ဖွဲ့ဆိုခဲ့သော ယိုးဒယားမိဖုရား ဧချင်း အပိုဒ် (၁၈) တွင် . . .

မြစ်ပြည့်လျှင်းအောင်၊ သူကောင်ပိတ်ထိုင်း
စစ်ကိုင်း ပင်းယ၊ ရေမျှလွယ်ကာ
မခပ်သာတည့်၊ တစ်ခါချောင်း နှောင်း


www.burmeseclassic.com

www.burmeseclassic.com


တောင်းလတ်လျှောက်တုံ၊ သစ္စာယုံမှ
တစ်မြုံကြက်ပြောင်၊ ကြောင်တစ်ကောင်သို့
နောက်နောင်ကျွန်စစ်၊ ဖြစ်တကောင်း စေ
ပေးလိုက်ပေရှင့်။

ဤသည်တို့တွင် ကြောင်ဟု ဆိုသဖြင့် ကြွက်ကို နှစ်သက်ရမည်ကဲ့သို့ ရှိသည်။ သို့သော် မြုံ ဟူသော စကားကို ကြည့်ပြန်သော် ကြက်ကို နှစ်သက်ရမည်သို့ ရှိပြန်လေသည်။ ကြက်မြုံဟု ဆိုကြသည်။ ကြွက်မြုံဟူ၍ မဆိုကြ။ ဤသို့ ဟိုနှယ် သည့်နှယ် အတွေးနယ်ချဲ့နေခိုက်တွင် သတိရမိသည်မှာကား ဓမ္မပဒ ဝတ္ထုတော်ကြီးလာ ကာဠီဘီလူးမ ဝတ္ထုပေတည်း။ ထိုဝတ္ထုတွင် လင်တူမယားနှစ်ဦးတို့သည် တစ်ဦးနှင့်တစ်ဦး ဘဝပေါင်းများစွာ ရန်မူကြရာတွင် တစ်ခုသောဘဝ၌ တစ်ယောက်သောသူက ကြောင်မ ဖြစ်သည်။ တစ်ယောက်သောသူက ကြက်မဖြစ်သည်။ ထိုအခါ ထိုကြက်မသည် မကြာမြင့်မီ . . .

အဥတို့ကို ဥသည်ရှိသော် ကြောင်မသည် လာ၍ အဥတို့ကို
စား၏။ နှစ်ကြိမ်မြောက်လည်းကောင်း၊ သုံးကြိမ်မြောက်လည်း
ကောင်း စားသည်သာလျှင်တည်း။

ဟူ၍ ဖတ်ရသည်။ ဤဓမ္မပဒ ဝတ္ထုသည်ပင် ကြောင်တစ်သက်ပုံ၊ ကြက်တစ်မြုံ ဟူသော မြန်မာစကားပုံ၏ ဇာစ်မြစ်ဖြစ်လေရော့သလားဟု တွေးမိလျက်ရှိပါတော့သည်။ ကာလလျား၍ မှတ်မှားသည်တို့ကား များစွ။ (၁၉၅၆)

www.burmeseclassic.com

www.burmeseclassic.com

# အရိုးစုအဘိဓာန်

[အသင်စာရှုသူ။ ။ပခုံးနှင့် တံတောင်ဆစ်အကြား ကိုယ်အင်္ဂါကို မည်သို့ ခေါ်ပါသနည်း။ တစ်ဖန်တုံလည်း တံတောင်ဆစ်နှင့် လက်ကောက်ဝတ်အကြား ကိုယ်အင်္ဂါကို မည်သို့ ခေါ်ပါသနည်း။ မိမိ၏ အဖြေကို ရေးမှတ်ထားပြီးနောက် အောက်ပါဆောင်းပါးကို ဆက်ဖတ်ပါ။ ပညာရှိကြီးတို့၏ အယူ ကို သိရပါအံ့။]

စာပေဗိမာန်၏ တစ်ခုသော သုခမိန် အစည်းအဝေးတွင် ပြဿနာတစ်ခု ပေါ်ပေါက်ခဲ့သည်။ ပခုံးနှင့် တံတောင်ဆစ်အကြား အစိတ်အပိုင်းကို မည်သို့ ခေါ်သနည်း။ တံတောင်ဆစ်နှင့် လက်ကောက်ဝတ်အကြား အစိတ်အပိုင်းကို မည်သို့ ခေါ်သနည်း။ ဤအမေးတို့သည် လွယ်ယောင်နှင့် ခက်သည်ကို ဖြေကြည့်မှ သိကြရသည်။ ယင်းတို့ကို ခိုင်လုံသော အကိုးအကားနှင့် ဖြေနိုင်အံ့သောငှာ ကျွန်တော်သည် စာပေကြည့်ရှု၏။ ယင်းသို့ ကြည့်ရှုရာမှ တစ်နွယ်ငင် တစ်စင်ပါ ဆိုသကဲ့သို့ ဤအရိုးစုအကြောင်းကို သတိပြုမိသည်။

ကျွန်တော်တို့သည် ခေတ်မီသိပ္ပံပညာတို့ကို လိုက်စားရာတွင် ဘာသာစကားဆိုင်ရာ အခက်အခဲတို့ကို များစွာတွေ့နေရပြီ။ ဤဝေါဟာရ အခက်အခဲတို့ကို အောင်မြင်စွာ ကျော်လွှန်နိုင်သောနေ့၌ သိပ္ပံပညာသည် မြန်မာ့ပညာဖြစ်တော့မည်။ မြန်မာတို့သည် သိပ္ပံပညာနည်းအရ လောကကို သုံးသပ်ဆင်ခြင်နိုင်တော့မည်။ ထိုအခါ မြန်မာတို့၏ ထွက်ရပ်လမ်းကြီး ပေါက်တော့မည်ဖြစ်သည်။ ထို့ကြောင့် ဤဝေါဟာရ ခရီးခဲကို ကူးသန်းရာတွင် တစ်စိတ်တစ်ဒေသ အထောက်အပံ့ ပြုနိုင်လိမ့်မည်ဟု ယုံကြည်မိသော ကျွန်တော်သည် အရိုးစုဆိုင်ရာ သုတေသန စာတမ်းငယ်ကို ရေးသားရပါသည်။ ကျွန်တော်ကိုးကားမည့် ကျမ်းတို့မှာ အောက်ပါတို့ဖြစ်ကြပါသည်။

**အိပ်မက်ဦး စာပေ**

www.burmeseclassic.com

www.burmeseclassic.com


(၁) ၉၈၇ – ခု။ အရှင်ကုမာရကဿပ စီကုံးသော
**ဓမ္မရာသီပျို့။**
(၂) ၁၁၀၈ – ခု။ ကျော်အောင်စံထားဆရာတော်ပြုသော
**အဘိဓာန်နိသျှဟောင်း။**
(၃) သာယာဝတီမင်းလက်ထက်၊ ပြည်ဆရာတော်ပြုသော
**ဝိသုဒ္ဓိမဂ် အဋ္ဌကထာ နိဿယ။**
(၄) ၁၂၁၁ – ခု။ မောင်းထောင်ဆရာတော်ပြုသော
**အဘိဓာန်ဋီကာနိဿယ။**
(၅) ၁၂၂၇ – ခု။ ကျီးသဲဆရာတော်ပြုသော
**စွယ်စုံကျော်ထင်ကျမ်း။**
(၆) ၁၂၃၇ – ခု။ ယောမင်းကြီးပြုသော
**ကာယာနုပဿနာကျမ်း။**
(၇) ၁၂၇၆ – ခု။ အဘယာရာမ ဆရာတော်ပြုသော
**အမရကောသနိဿယ။**
(၈) ၁၂၈၇ – ခု။ ယင်းဆရာတော်ပြုသော
**အဘိဓာန်နိသျှသစ်။**
(၉) ၁၂၉၃ – ခု ပုံနှိပ်။ ညောင်လေးပင်တောရဆရာတော်ပြုသော
**ဓမ္မပဒ ဝတ္ထုတော်ကြီး။**

ဤအရိုးစုအကြောင်း အခြေခံကျမ်းရင်းမှာ ဝိသုဒ္ဓိမဂ်ဖြစ်၍ ကျမ်းအမှတ် (၁) (၅) (၆) (၉) တို့တွင်မူ ကျမ်းရင်းမှ ထုတ်ဆောင်ချက်တို့ကို တွေ့ရသည်။

ပါဠိဝေါဟာရ အနက်ပြန်ဆိုချက်တို့ကို အဘိဓာန်နိဿယများနှင့် ညှိနှိုင်းလို၍ အဘိဓာန်များကို ဤတွင် ထည့်ထားခြင်းဖြစ်သည်။

ခန္ဓာကိုယ်၌ အရိုးစုကြီး တည်နေပုံကို ယောမင်းကြီးက အကျဉ်းအားဖြင့် သိလွယ်မြင်လွယ်ရှိအောင် အောက်ပါအတိုင်း ရေးသားခဲ့သည်။

(၁) ခေါင်းရိုးသည် လည်ရိုး၌။ (၂) လည်ရိုးသည် ကျောကုန်းရိုး၌။ (၃) ကျောကုန်းရိုးသည် ထားမချပ်ရိုး၌။ (၄) ထားမချပ်ရိုးသည် တင်ပါးရိုး၌။ (၅) တင်ပါးရိုးသည် ပေါင်ရိုးတို့၌။ (၆) ပေါင်ရိုး တို့သည် မြင်းခေါင်းရိုးတို့၌။ (၇) မြင်းခေါင်းရိုးတို့သည် ခြေချင်း ဝတ်ရိုးတို့၌။ (၈) ခြေချင်းဝတ်ရိုးတို့သည် ဖမိုးရိုးတို့၌ တည်ကြကုန် ၏။ (၉) ထူးခွက်ခုံညင်းရိုးမှာကား မြင်းခေါင်းရိုးနှင့် ပေါင်ရိုးတို့ အကြားမှာ အကြောတို့ဖြင့် တွယ်လျက်ရှိ၏။


www.burmeseclassic.com

www.burmeseclassic.com


ဤစာကိုဖတ်၍ လူ၏ ခန္ဓာကိုယ်ကို ဆင်ခြင်ကြည့်လျှင် မည်သည့်အပိုင်းကို မြန်မာစကားဖြင့် မည်သို့ခေါ်သည်ဟု ထင်မြင်နိုင်မည်ဖြစ်သည်။ အမှတ်တမဲ့အားဖြင့်ကား ကျွန်တော်တို့သည် ဤအမည်များကို သတိမပြုမိကြချေ။

ခန္ဓာအိမ်အတွင်း၌ အရိုးပေါင်းသုံးရာ ရှိသည်ဟူ၍လည်းကောင်း၊ သုံးရာထက်ကျော်သည်ဟူ၍လည်းကောင်း၊ သုံးရာအောက် လျော့သည်ဟူ၍လည်းကောင်း အမျိုးမျိုး ဆုံးဖြတ်ကြကာ ကျမ်းဆရာချင်း အယူမညီကြသည်ကို တွေ့ရသည်။ ထိုနည်းတူစွာ အနက်မြန်မာပြန်ကြရာတွင်လည်း ကွဲလွဲချက်တို့ကို တွေ့ရပြန်သည်။ ဤတွင် ဝိသုဒ္ဓိမဂ်လာ ပါဠိစကားကို အရင်းတည်၍ မြန်မာပြန်မှုတို့ကို ဆွေးနွေးပါအံ့။ အရိုး၏ အရေအတွက်နှင့် ပတ်သက်၍ကား မျက်မြင်ပုဂ္ဂိုလ်တို့ ဆုံးဖြတ်နိုင်ပါသည်။

(၁) ဒန္တဋ္ဌိ ။ ။ သွားရိုးဟု အဆိုညီကြသည်။
(၂) ဟတ္ထဋ္ဌိ ။ ။ လက်ရိုးဟု အဆိုညီကြသည်။
(၃) ပါဒဋ္ဌိ ။ ။ ခြေရိုးဟု အဆိုညီကြသည်။
(၄) မုဒုအဋ္ဌိ ။ ။ မှီထအသား (ပျို့)။ နုငယ်သောအရိုး (စွယ်စုံ)။ နုသောအရိုး။ (ဝိသုဒ္ဓိ)။ အရိုးနု (ကာယာ။ ဓမ္မပဒ) ဟူ၍ အဆိုပြားကြသည်။
(၅) ပဏှိကဋ္ဌိ ။ ။ ဖနောင့်ရိုးဟု အဆိုညီကြသည်။
(၆) ဂေါပ္ဖကဋ္ဌိ ။ ။ ဖမျက်၊ ဖမျက်ရိုး(ပျို့။ စွယ်စုံ။ ဝိသုဒ္ဓိ။ ဓမ္မပဒ)။ ခြေမျက်စိ၊ ခြေမျက်စိရိုး (အဘိဓာန်ဟောင်း။ အဘိဓာန်ဋီကာ။ ကာယာ။ အဘိဓာန်သစ်)။ ဖဝါးမျက် (အဘိဓာန်ဋီကာ) ဟူ၍ အဆိုပြား ကြသည်။
(၇) ဇင်္ဃဋ္ဌိ ။ ။ သားလုံးသား (ပျို့)။ မြင်းခေါင်းရိုး။ (စွယ်စုံ။ ဝိသုဒ္ဓိ။ ကာယာ။ ဓမ္မပဒ) ဟူ၍ အဆိုပြားကြသည်။
(၈) ဇဏ္ဏုကဋ္ဌိ ။ ။ ပုဆစ်၊ ပုဆစ်ရိုး (ပျို့။ အဘိဓာန်ဟောင်း။ စွယ်စုံ။ ဝိသုဒ္ဓိ။ အဘိဓာန်ဋီကာ)။ ထူးခွက်ခုံညင်းရိုး (ကာယာ)။ ပေါင်ဆစ် (အဘိဓာန်သစ်)။ ဒူးဆစ်၊ ဒူးရိုး (အဘိဓာန်သစ်။ ဓမ္မပဒ)။ အဘိဓာန်ဋီကာ နိဿယဆရာကား မြင်းခေါင်းဟုလည်း ပြန်လိုရိပ်ရှိသည်။


www.burmeseclassic.com

www.burmeseclassic.com


(၉) ဦရင္ဒ ။ ။ ပေါင်ရိုးဟု အဆိုညီကြသည်။
(၁၀) ကင္ဒိုင္ဒ ။ ။ ခါးရိုးဟု အများက ဆိုသော်လည်း အဘယာ ရာမ ဆရာတော်ကမူ ခါးမှာမသင့်၊ တင်ပါးသာ သင့်သည်ဟု ဆုံးဖြတ်သည်။
(၁၁) ပိဋ္ဌိကဏ္ဍကဋ္ဌိ ။ ။ ကျောက်ဆက်ရိုး (ပျို့) ကျောက်ကုံးရိုး (စွယ်စုံ)။ ကျောရိုးဆစ် (ကာယာ)။ ဝိသုဒ္ဓိနှင့် ဓမ္မပဒ ဆရာတို့ကမူ ပါဠိသို့ လိုက်၍ ကျောက်ဆူးရိုး ဟု ပြန်တော်မူကြသည်။
(၁၂) ပါသုကဋ္ဌိ ။ ။ နံရိုးဟု အဆိုညီကြသည်။ ယောမင်းကြီးကမူ နံတိုရိုးဟုပင် သီးခြားခွဲထုတ်သေးသည်။
(၁၃) ဥရဋ္ဌိ ။ ။ ရင်ခေါင်းရိုး (ပျို့)။ ရင်ဖုံးရိုး (စွယ်စုံ)။ ရင်ရိုး (ဝိသုဒ္ဓိ။ ကာယာ။ ဓမ္မပဒ)။
(၁၄) ဟဒယဋ္ဌိ ။ ။ နှလုံးရိုးနု၊ နှလုံးရိုး (ပျို့။ ဝိသုဒ္ဓိ။ ဓမ္မပဒ)။ ဟဒယဝတ္ထုရိုး။ (စွယ်စုံ)။ ယောမင်းကြီးကမူ နှလုံးနှင့် တည့်တည့်တွင် ရှိသော ရင်ညွန့်ရိုး ဟု ဆိုသည်။
(၁၅) အက္ခကဋ္ဌိ ။ ။ မြှုပ်ရိုး (အဘိဓာန်ဟောင်း)။ ညှပ်ရိုး (ကျန် ကျမ်းများ)။
(၁၆) ကောဋ္ဌဋ္ဌိ ။ ။ လက်ပြင်ရိုး (စွယ်စုံ။ ဝိသုဒ္ဓိ။ ကာယာ။ ဓမ္မပဒ) ဓမ္မရာသီပျို့ဆရာကား ဤအရိုးကို လုံးဝချန်ခဲ့ သည်။ ပါဠိ အင်္ဂလိပ် အဘိဓာန်ဆရာကမူ ကောဋ္ဌဋ္ဌိ ဟု စာကို ပြင်၍ အစာအိမ်ရိုးဟု အနက်ဖော်ထားသည်။ ကျွန်တော်တို့၏ ပါဠိ ပါရဂူများ သတိပြုဖွယ် အချက်ဖြစ်သည်။
(၁၇) ဗာဟဋ္ဌိ ။ ။ လက်မောင်းရိုး (ပျို့။ ကာယာ။ ဓမ္မပဒ)။ လက် ရုံးရိုး (အဘိဓာန်ဟောင်း။ ဝိသုဒ္ဓိ)။ မောင်းရင်း ရိုး (စွယ်စုံ)။
(၁၈) အဂ္ဂဗာဟဋ္ဌိ ။ ။ လက်ဖျံရိုး (ဝိသုဒ္ဓိ။ ကာယာ)။ လက်မောင်း ဖျားရိုး (ဓမ္မပဒ)။ မောင်းဖျားလက်ဖျံရိုး (စွယ် စုံ)။ လက်ရုံး (ပျို့)။
(၁၉) ဂီဝဋ္ဌိ ။ ။ လည်ရိုး (ပျို့။ ဝိသုဒ္ဓိ။) လည်ကုပ်ရိုး (စွယ်စုံ။ ကာယာ။) လည်ပင်းရိုး (ဓမ္မပဒ။)


www.burmeseclassic.com

www.burmeseclassic.com


(၂၀) ဟနုကဋ္ဌိ ။ ။ မေးရိုး။
(၂၁) နာသိကဋ္ဌိ ။ ။ နှာခေါင်းရိုး။
(၂၂) အက္ခိဋ္ဌိ ။ ။ မျက်ကွင်းရိုး။
(၂၃) ကဏ္ဏဋ္ဌိ ။ ။ နားရိုး။
(၂၄) နလာဋဋ္ဌိ ။ ။ ရှေ့ပြင် (ပျို့။) နဖူးရိုး (ကျန်ကျမ်းများ။)
(၂၅) မုဒ္ဓဋ္ဌိ ။ ။ ထိပ်ကွပ် (ပျို့။) ထိပ်ရိုး (စွယ်စုံ။) ဦးထိပ်ရိုး (ကာယာ။ ဓမ္မပဒ။) ဦးခေါင်းရိုး (ဝိသုဒ္ဓိ။)
(၂၆) သီသကပါလဋ္ဌိ။။ နောက်ခွက် (ပျို့။) ခေါင်းခွံရိုး (စွယ်စုံ။) ဦးခေါင်းခွံရိုး (ဝိသုဒ္ဓိ။ ဓမ္မပဒ။)

အထက်ပါ အနက်မြန်မာပြန်ဆိုချက်တို့ကို လေ့လာကြည့်သောအခါ ကျွန်တော်တို့၏ ကိုယ်ခန္ဓာအတွင်း၌ရှိသော ၂၆ မျိုးမျှသာ ဖြစ်သော ကိုယ်အင်္ဂါအရိုးတို့ကို ပညာကျော်ဆရာကြီးတို့သည် အခေါ်တူသည်လည်း ရှိသည်။ မတူသည်လည်း ရှိသည်ကို တွေ့ရသည်။ ညှပ်ရိုးကို မြှုပ်ရိုးဟု ခေါ်သော အသံကွဲရုံမျှ မတူသည်လည်းရှိသည်။ ထိပ်ရိုးကို ဦးထိပ်ရိုး၊ ခေါင်းခွံရိုးကို ဦးခေါင်းခွံရိုးခေါ်သော အတိုအရှည် ကွဲရုံမျှမတူသည်လည်း ရှိသည်။ လည်ရိုး၊ လည်ကုပ်ရိုး၊ လည်ပင်းရိုးဟု မသေမချာ မတိမကျ သံသယရှိနိုင်လောက်အောင် မတူသည်လည်း ရှိသည်။

မည်သို့ပင်ဖြစ်စေ ဤသို့ အခေါ်အဝေါ် ကွဲပြားမှုသည် သံသယဖြစ်စေနိုင်သည်ကိုကား သတိမေ့၍မဖြစ်။ အချို့က ဆိုကြလိမ့်မည်။ အခေါ်အဝေါ်ကွဲပြားမှုသည် စကားပရိယာယ်ကြွယ်ဝမှု ဖြစ်သဖြင့် မြန်မာဘာသာ၏ ကောင်းသော ဂုဏ်တစ်ရပ်ဖြစ်သည်ဟု ဆိုကြပေလိမ့်မည်။ ကဗျာလင်္ကာ စီကုံးဖွဲ့နွဲ့ရာတွင် ပရိယာယ်ကြွယ်ဝမှုသည် တစ်ခါတစ်ရံ ဂုဏ်တစ်ရပ် ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။

သို့ပင်ဖြစ်လင့်ကစား ပရိယာယ်ကြွယ်ဝရုံမျှနှင့် သံသယဒေါသကို ဖြစ်စေမည် ဆိုပါက ပရိယာယ်ကြွယ်ဝမှုကို လက်ခံအံ့လော။ သို့တည်းမဟုတ် ဒေါသကို လက်ခံအံ့လော။ စဉ်းစားဖွယ်ရှိသည်။ သိပ္ပံပညာတွင်မူ တိကျသေချာ မှုမှာ အရေးအကြီးဆုံးဖြစ် သည်။ သိပ္ပံပညာဟု ဆိုလိုက်လျှင်ပင် တိကျသေချာ သောပညာဟု နားလည်နေကြလေပြီ။ ထို့ကြောင့် သိပ္ပံပညာ၏ နယ်ပယ်တွင် ပရိယာယ်ဝေဝုစ်ကို လက်ခံနိုင်မည်မဟုတ်။

ထို့ကြောင့် ကျွန်တော်တို့သည် အခေါ်အဝေါ် ဝေါဟာရတို့ကို အထက်ပါအတိုင်း ပညာကျော် အသီးသီးတို့၏ အဆိုအမိန့်တို့မှ ရှာဖွေစုဆောင်း၍ တိုက်ဆိုင်နှိုင်းရှည့်ပြီးလျှင် ပြောဆိုမှတ်သားရလွယ်သောဂုဏ်၊


www.burmeseclassic.com

www.burmeseclassic.com


တိကျမှန်ကန်သော ဂုဏ်တို့နှင့် ပြည့်စုံသည်တို့ကို ရွေးချယ်ပြီးလျှင် အပြီးအပိုင် ဆုံးဖြတ်ထိုက်သော ကာလသို့ ဆိုက်ရောက်နေလေပြီ။ အကယ်၍ မဆုံးဖြတ်သေးပါက ပခုံးနှင့် တံတောင်ဆစ်အကြား ကိုယ်အင်္ဂါနှင့် တံတောင်ဆစ်နှင့် လက်ကောက်ဝတ်အကြား ကိုယ်အင်္ဂါနှစ်ခုအတွက်နှင့်ပင် နောင်အခါ အကြီးအကျယ် အငြင်းထွက်ဖွယ် ဖြစ်နေသည်ကို အထက်ပါစာရင်းက ညွှန်ပြလျက်ရှိပြီ ဖြစ်လေသည်။ (၁၉၅၁)


www.burmeseclassic.com

www.burmeseclassic.com

## ကျွန်တော်၏ အောက်ငုံ့တောလား

ထိုနေ့နံနက်ခင်းကား မိုးရိပ်တက်နေ၍ အေးချမ်းပါပေသည်။ ဝေလီဝေလင်းက သီဆိုကျူးရင့်ကြသော ငှက်ကလေးတို့၏ တေးသံ တိတ်ခဲ့ပြီ။ မှတ်မိပါသေးသည်။ ဥသြငှက်ကလည်း စောစောကြီးတွန်သည်။ သပိတ်လွယ်ငှက်ကလည်း လင်းအားကြီးသီသည်။ ဗွတ်ချွဲကလေးတွေကလည်း ရောင်နီအလာမှာ စကားများကြသည်။ ယခု သူတို့ တိတ်သွားကြပြီ။ စာကလေးနှင့် ကျီးကန်းတို့၏ အသံများသာလျှင် လောကကို မင်းမူနေကြလေပြီ။

ထိုနံနက်ခင်းကား အေးချမ်းပါပေသည်။ အခါတိုင်းတွင် နေပူလှသဖြင့် လမ်းလျှောက်မထွက်နိုင်သည်မှာ ကြာပြီ။ ယနေ့ကား အုံ့ပျပျ။ မိုးကို မျှော်နေသော ရေမြေ တောတောင်တို့သည်ကား မြေသင်းခဲပမာ ခြောက်သွေ့လျက်၊ ရေငတ်သော ခွေးကြီးကဲ့သို့ လျှာထွက်ပြီးလျှင် တဟဲဟဲ မြည်နေသည်ပင် ထင်မိတော့သည်။ ထိုအခိုက် ဘာကြောင့်မှန်းမသိ။ ငယ်စဉ်က ဖတ်ဖူးသော ဘုံခန်း ပျို့လင်္ကာစကလေးကို ပြေး၍ သတိရမိပါသည်။

မြေသင်းရနံ့
တပျံ့ပျူးပျူး၊ မင်းလွင်မြူး၍
တန်ခူးလည်းကုန်၊ လကဆုန်သည်
ပဇ္ဇုန်ရိုက်မြည် ချုန်းချုန်းတည်း။

နေမိမင်းကြီးကို မာတလိနတ်သားက တာဝတိံသာသို့ ခေါ်ဆောင်သွားသော အခါသည်ကား ဤအခါမျိုးပါတကား။ ဟုတ်ကဲ့။ ကျမ်းဂန်တွင် ဘယ်လ ဘယ်အခါတွင် နေမိမင်းကြီး ကောင်းကင်သို့ သွားသည်ဟု ပါချင်မှ ပါပေမည်။ သို့သော်လည်း ဘုံခန်းပျို့ဆရာ သျှင်အဂ္ဂသမာဓိကား နေမိမင်းကြီးကို ကဆုန်လတွင် နတ်ပြည်သို့ ပို့လိုက်လေသည်။ ဘာကြောင့်နည်း။ ဤလ ဤရာသီ၊ ဤမြေသင်းနံ့၊ ဤမင်းလွင် တို့ကို နှစ်သက်စွဲလမ်းဟန် ရှိ



www.burmeseclassic.com

www.burmeseclassic.com


ပေသည်။ ထို့ကြောင့် ကဆုန်လကောင်းကင်လား ပျို့ကြီးကို သျှင်အဂ္ဂသမာဓိသည် တခမ်းတနား ရေးသားဖွဲ့ဆိုလိုက်ရာ ဟိုးလေးတကျော်ကျော် ဖြစ်လျက်ကျန်ခဲ့လေသည်။

ကျွန်တော်လည်း ဤမြေသင်းရနံ့ကလေးကို ခံကြည့်ချင်မိသည်။ မြေသင်းရနံ့ဟာ ဘယ်လိုနေသလဲ။ လိပ်ပြာကလေးလို ဝဲပျံနေသလား။ ပန်းကလေးလို ပွင့်နေသလား။ ငါးကလေးလို ကူးနေသလား။ ဖြူဖြူကလေးလား။ ပြာပြာကလေးလား။ ဝိုင်းဝိုင်းကလေးလား။ ရှည်ရှည်ကလေးလား။ ကျွန်တော်လိုက်ရှာမည်။

ဤခရီး၊ ဤလမ်း၊ ဤတောင်ကုန်း၊ ဤလျှိုကြားတို့သို့ ကျွန်တော်မရောက်သည်မှာ ကြာသွားပြီ။ ရေးက သူတို့ဟာ ခြောက်လို့၊ ရှင်းလို့၊ နံနက်ခင်းမှာ နှင်းကလေးစိုစိုနှင့်။ ပင့်ကူအိမ်ပိုက်ကွန်တွေဟာလည်း နှင်းကလေးနဲ့ဖြူပြီး ဟိုတစ်ကွက် သည်တစ်ကွက်နှင့်။ သည်တစ်ခါတော့ ထူးခြားနေပါကလား။ တောကြားလမ်းကလေးတောင် အစပျောက်နေပြီ။ မြက်တွေက စိမ်းလို့။ တစ်ထွာတစ်မိုက်တောင် ရှည်နေကြပြီ။

အော်၊ လက်စသတ်တော့၊ သင်္ကြန်မိုး ရွာပြီးကတည်းက သူတို့တစ်တွေ ပြန်ထလာကြတာကိုး။ ဒါကြောင့် မျက်နှာဝိုင်းကြီး ငိုလိမ့်မယ်။ ပဟိုရ်စည်ကြီး တီးလိမ့်မယ်။ သေသောသူများ ရှင်လိမ့်မယ်လို့ ရှေးသူဟောင်းများ စကားထာဝှက်ကြတာကိုး။ စိမ်းစိမ်းစိုစိုနှင့်။ နွားတွေမြင်လျှင် အားရစရာကြီး။ ဆင်ငိုမြက်တွေများ ကားယားကားယားနှင့် ပေါက်နေလိုက်ကြတာ။ ဟောဟိုအနိမ့်ထဲမှာတော့ နေစာမြက်။ ပိန်သာပိန်သေးသာသေးတယ်။ ဆင်ငိုမြက်ကိုသူတို့က လွှမ်းမိုးတော့တယ်။ သည်အခါမှာ ကျွန်တော်သည် ရာမရကန်လာနေစာမြက်ချီး စကားများကို ပြေး၍ သတိရမိပြန်သည်။ နှုတ်တက်မရ၍ ကူးရေးလိုက်ပါအံ့။

မြက်ဟသ်ာမြီး၊ မြက်ရှဥ့်မြီးနှင့်
မျောက်မြီး ယုန်လျှေး၊ မြက်မွေး မြေရင်း
နမိန်ညင်း သရောင်၊ ပျားကြီးတောင် ပြောင်စာ
မြက်သဏ္ဍာနှင့်၊ ချိုးခြေရာ သမင်မွေး
ပန်းသေး ပန်းပျား၊ သများ နားတောင်း
ဖောင်းနှင့်ဆွဲလွဲ၊ စေးနဲ့ နကျယ်
ဖနွယ် ဖြူဆန်၊ မြက်ပန်း ပန်တူ
ပတော်ဖြူ ပတော်နီ၊ ဝမ်းဘဲခြီ ကျားမုတ်ဆိတ်
ဆံမြိတ်ဆိုထင့်၊ ဒေါင်းမင့်ဦးစွန်း


www.burmeseclassic.com

www.burmeseclassic.com


မြက်သမန်းနှင့်၊ မြက်ပန်းညိုရွက်
ငွေကြေး ချက်ရသည်၊ မြက်ကြက်သွန်များ
မြက်ချဉ်ခါးနှင့်၊ မြင်းမစားရက်
မြင်းသေမြက်တို့
ဆေးဘက်သင်းဝင်၊ သမားကြင်ဟု
လူရှင်စဉ်းသိ၊ ဂုဏ်ကိုယ်စီ ရှိကတည်း
လောကီထိပ်မိုး၊ မဟာမျိုးကို
ဘုန်းတန်ခိုး မင်္ဂလာ၊ ပွားကြောင်းရှာပေသည့်
ငွေနေစာ ရွှေနေစာ၊ မြက်တကာ့ ရွှေကွန်ချာ
သူမပါသဖြင့်၊ ရာဇာများပန်း
ဘိသိက်သွန်းကိုမှ၊ မသွန်းသင့်၍
ရေမြေပန်းပွင့်၊ သူ့ကိုပင့်ရသည်
သခင့်ထက်သခင်၊ မော်ကွန်းဝင်ကြီးကို
မြက်ဆင်ငိုဖုတ်၊ မွဲသုတ်သုတ်ကများ
အနုတ္တရ၊ မင်းထင်ကြမလ
သခ်အာနီ၊ လက်ျာချီမှာ
ရွှေသိင်္ဂီမြက်၊ သူသိ ခက်ကရော့မည်
မရောင့်တက်ကြနှင့်၊ အနက်မရှိ
ကိုယ်ရမ်းသိ၊ လွတ်ရိလွတ်ရာ
ရှောင်နိုင်စေ။ ။

ကဲ မြက်မျိုးတွေကို စုံနေတာပါပဲ။ မြက်များ၏ ကျေးဇူးတစ်ကွက်ကို ထီးနန်းဘက်ကနေပြီး ဦးတိုးက ဖွဲ့လိုက်ပေသည်။ သို့သော် လောကမှာ မြက်မရှိလျှင် သတ္တဝါတွေ ရှိနိုင်ပါအံ့လော။ ကျွန်တော်တွေးမိသည်။ မြက်ကို မြင်းတို့ နွားတို့ ကျွဲတို့ စားသည်။ မြင်း၊ နွား၊ ကျွဲတို့ ထွန်ယက် လုပ်ကိုင်ပေး၍ ဆန်စပါး၊ ဂျုံ၊ မုယော ဖြစ်ရသည်။ ဆန်စပါး၊ ဂျုံ၊ မုယောသည် မြက်မျိုးထဲတွင် အပါအဝင်ပင်။ အိမ်ဆောက်ဖို့ ဝါးကကော မြက်ပင်မဟုတ်ပါလား။ သကြားထွက်တဲ့ကြံလည်း မြက်ပဲဖြစ်မှာပဲ။ ကမ္ဘာမှာ နေစာတုံးလျှင် ကျွန်တော်တို့ ဘာစားမလဲ။ နေစာမပေါက်သေးခင် ကမ္ဘာဦးကတော့ ဗြဟ္မာကြီးတွေ ပီတိတည်းဟူသော အာဟာရကို သုံးဆောင်ကြသတဲ့။ ဤသို့ စဉ်းစားရင်းသွားရာ ပျာတာလာလျှင် အိပ်ကြသည့် ထိကရုန်းပင်ကလေးတွေကို သတိပြုမိပြန်သည်။ အရိုးခြောက်ကလေးတွေမှာ အရွက်ဟောင်း ကလေးတွေနှင့်။ အရွက်သစ်အချို့လည်း ပေါက်နေကြသည်။ အပွင့်လုံးကလေးများလည်း ကျန်ပါ


www.burmeseclassic.com

www.burmeseclassic.com


သေး၏။ အသက်ပင် အိုမင်းပြီဖြစ်သော်လည်း ထိလိုက်လျှင်ကား ရန်းတုန်း ပင်ပါတကား။

ဟောဟိုနားက ခပ်ထောင်ထောင်ကလေးက ဘာပါလိမ့်။ အော် ကျွဲကျောင်းမင်သေပင်ကိုး။ သူ့ကို ကျွန်တော် မှတ်မိပါသည်။ တစ်ခါက ဝမ်းကိုက်လို့ သူ့ကို ကျွန်တော် သုတ်စားခဲ့ရသည်။ သူကား မြက်မဟုတ်။ အရွက်ကလေးတွေ အညှာဆိုင်ပြီး ရိုးတံနီနီနှင့် အပင်ကလေး။ ထိုအခိုက် သစ်ငုတ်ကြီးကို ပုဆိန်နှင့်ပေါက်၍ ထင်းခွေနေသော လူကြီးတစ်ဦးကို တွေ့၍ 'ဗျို့ ဦးကြီး။ ဟောဒါ ဘာပင်လဲ' ဟု ကျွန်တော့်အသိကို အဖြေကိုက်ကြည့်ရာ 'ကျွဲကျောင်းမြင်းစီးလို့ ခေါ်တယ်' ဟု ပြန်ဖြေလိုက်သည်။ အော် တစ်ကျောင်း တစ်ဂါထာပေကိုး။

ဟိုနားကတော့ ဆူးသီးကလေးတွေစီလို့။ သီးနှံကလေး ထောင်ပြီး ပေါက်နေတဲ့ ပင်ပျပ်ကလေး။ အော် ကျွဲနှာခေါင်းချိတ်ပင်ဆိုတာ သူပဲကိုး။ ကျွန်တော်တို့ ငယ်ငယ်က ငါးပိစော်နံတယ်။ နမ်းကြည့် ဆိုပြီး နမ်းတဲ့အခါ ဆွဲလိုက်လို့ အသီးကလေးတွေ နှာခေါင်းမှာ ချိတ်ပြီး ကျန်ခဲ့တာကို သတိရမိပြန်သည်။

ဇာတ်တော်ထဲများမှာတော့ ကျွဲနှာခေါင်းစူးလို့ ခေါ်တဲ့အခါ ခေါ်တယ်။ ကျွဲနဖားစူး ခေါ်တဲ့အခါ ခေါ်တယ်။ အရပ်ထဲမေးကြည့်တော့ ကြွက်နဖောင်းပင်တဲ့။ တစ်ရွာ တစ်ပုဒ်ဆန်းပဲ ထင်ပါရဲ့။

အမယ်၊ ဟောသည် သစ်ရွက်ကလေးက မြက်ကြားထဲမှာ အဆန်းပါကလား။ ဆီစိမ်စက္ကူကလေးလိုပဲ။ အော် နံဘေးမှာ အသီးကလေးတစ်လုံးစီနှင့်။ 'ဗျို့၊ ဦးကြီး။ ဟောဒါက ဘာရွက်လဲဗျ' ကျွန်တော်က မေးသည်။ လူကြီးက 'ဒါအရွက်မဟုတ်ဘူး။ ဝက်လျှော်ပင်ကအသီးပဲ။ စားကြည့်၊ ဆိမ့်တယ်။ များများစားရင် တောက်တတ်တယ်' ဟု အဘက်ဘက်က ကျွန်တော့်ကို သင်ပေးရှာသည်။ ဟုတ်ကဲ့၊ စားကြည့်တော့ ခပ်ဆိမ့်ဆိမ့်ပဲ။ ဒါပေမယ့် သူ့အသီးက ဆန်းလှပါသည်။ အရွက်ကလေးလိုပဲ။ အတောင့်ကလေး ကွဲတော့ အဲသည် အရွက်ကလေးတွေကို လေကယူသွားလို့ ဟိုရောက်သည်ရောက် အမျိုးပွားတာပေါ့။ သဘာဝတရားဟာ ထူးဆန်းပါပေတယ်။ ကျွဲနှာခေါင်းချိတ်ပင်ကတော့ သူ့ကို သူတစ်ပါး မနှိပ်စက်ရအောင် ဆူးသီးတွေစီပြီး ကင်းစောင့်နေတယ်။ ဝက်လျှော်သီးကတော့ နိုင်ငံချဲ့ဖို့ အတောင်တပ်ထားတော့တယ်။

ခြံစည်းရိုးကို နွယ်နေတဲ့ ဟာတွေကတော့ ဘာတွေပါလိမ့်။ ကျီးအာနွယ်တွေကိုး။ သူတို့ကဖြင့် အသုံးမကျလို့ ထင်ပါရဲ့။ မီးလောင်ရာကတောင် ထပေါက်တယ်။ ဟော၊ မြောင်းကြီးထဲမှာ ဖြာဖြာဝေတွယ်ပြီး ပေါက်နေတာ


www.burmeseclassic.com

www.burmeseclassic.com


တွေကကော။ ကင်းပုံတွေကိုး။ သူတို့လည်း အငုတ်က ထပေါက်တာပဲ။ သကြ်န်မိုးကလေးကြောင့် သူတို့ထပြီး ကြဲနေကြတာကိုး။

ဟောသည် မြေမွမွမှာတော့ ထောင်ထောင်ကားကား ကိုးယိုးကားယားနဲ့၊ ဖူးတံတွေချီပြီး ဘာတွေပါလိမ့်။ ဟင်းနုနယ်ဆူးပေါက်တွေကိုး။ သူကလည်း ဆူးရှပ်ကြီးတွေထောင်ပြီး ကင်းစောင့်နေတာပဲ။ ကြောက်စရာ။

ဟော၊ သဲနုန်းစပ်မှာ ဖွေးဖွေးဖြူဖြူနဲ့ ဘာတွေများပါလိမ့်။ ဆင်းကြည့်ဦးမည်။ အော်၊ ဆင်နှာမောင်းပင်တွေကိုး။ အင်း၊ ဆီးဆေးဖော်ဖို့ လူကြီးတွေ လိုက်ရှာတာဟာ သူတို့ပဲ မဟုတ်လား။ ဟုတ်ပါတယ်။ ကျွဲနွားခေါင်းချိတ်ပင်လိုပဲ လက်တံကလေးချီပြီး အပွင့်ဖြူကလေးတွေ တန်းပွင့်နေကြတယ်။

အချို့ မြေနိမ့်ရာတွင် သစ်ရွက်ဟောင်းများ တန်းစီ၍ စုနေသည်ကို မြင်မိသည်။ မိုးရေစီးရာ ပါသွားပြီး တင်ကျန်နေရစ်ခဲ့ကြတာပဲ။ သူတို့အထဲမှာ ဝမ်းဘဲနှုတ်သီးလို ပေါက်နေတာက စိန်ပန်းပင်ပေါက်ကလေး။ မင်္ဂလာရွက်တောင် မထွက်သေးဘူး။ အစေ့ကလေး ထက်ခြမ်းကွဲပြီး ဝမ်းဘဲနှုတ်သီးဟနေတာနှင့် တူတော့တယ်။

ကပ်စေးနဲပင် အသစ်တွေတောင် ပေါက်နေပါပေါ့ကလား။ မိုးပြတ်သွားလို့ ထင်ပါရဲ့။ သိပ်မသန်ဘူး။ အပင်အိုကြီးတွေမှာတော့ အရွက်တွေဟာ ပိုးကိုက်လို့ ဇာကျနေတာပဲ။

ဝက်ချေး ထမနဲပင်တွေလည်း အငုတ်ဟောင်းက အရွက်စည်နေကြပြီ။ တလင်းထဲမှာ လှည်းဖို့ သူ့ကိုပဲ တံမြည်စည်းလုပ်ရတယ်။ တချို့ကဒါကြောင့် သူ့ကို တံမြက်စည်းပင်တဲ့၊ ခေါ်ကြတယ်။ သူ့အနားက အရွက်ဝိုင်းဝိုင်းကလေးဟာ သူနဲ့ ခပ်ဆင်ဆင်ပဲ။ ဘာပါလိမ့်။ လူကြီးကို ကျွန်တော်မေးကြည့်သည်။ သကြားသြဇာပင်တဲ့။ အနာပေါက်ရင် အရည်ညှစ်ထည့်ရတယ်ဆိုပဲ။

ကြိတ်မှန်ပင်ကလေးတွေလည်း ပွင့်နေကြပါပေါ့လား။ တယ်သန်တယ်။ သုတ်စားချင်တဲ့လူ ရှိရင်တော့ အတော်ပဲ။ ကန့်ကလာတွေလည်း တို့စရာ ရှာသူတွေကို မျှော်နေကြလေရဲ့။

ဟောသည် အပွင့်ဖြူကလေးနဲ့ အပင်ထောင်ကလေးက ဒန္တသုခတဲ့။ သွားနာကောင်းတယ်ဆိုပဲ။ အပင်ကလေးက အတော်ကြံ့ခိုင်ရတယ်။ နှုတ်ရလည်း အတော်ခက်ပါကလား။ ဟောသည် ဒန့်ကျွဲပင်တွေကတော့ ပုခက်ဆင်မယ့်လူ စောင့်နေတယ် ထင်ပါရဲ့။ ဤသို့ဖြင့် ထိုနေ့နံနက်က ကျွန်တော်လမ်းလျှောက်ထွက်သွားရာ မြေသင်းနံ့ကိုတော့ ရှာမတွေ့ခဲ့ရ၊ အောက်ငုံ့တော့လား တစ်ပုဒ်ကိုကား စီကုံးမိတော့သတည်း။ (၁၉၄၉)

www.burmeseclassic.com

www.burmeseclassic.com

# မြန်မာစာလုံးပေါင်းဖြစ်စဉ်
(ပုဂံခေတ်မှ မျက်မှောက်ခေတ်အထိ)

အကြမ်းအားဖြင့် မြန်မာစကားကို သက္ကရာဇ် ၄၅၀ ခန့်တွင် အက္ခရာတင်သည်ဟု ယူမှတ်ကြပါစို့။ ထိုသို့ အက္ခရာတင်စဉ်က မွန်သုံး၊ ပါဠိသုံး ဌာန်ကရိုဏ်းများနှင့်အညီ မြန်မာစကားသံကို အိန္ဒိယ အက္ခရာတို့ဖြင့် ကိုယ်စားပြုကာ အက္ခရာတင်သည်ဟု ယူမှတ်ရန်ရှိပါသည်။

ပုဂံခေတ် ကျောက်စာ မင်စာတို့ကို လေ့လာကြည့်သောအခါ ပထမတွင် မြန်မာစာလုံးပေါင်းသည် ခိုင်မြဲသည်မရှိ။ ဗျည်းအရာတွင်လည်းကောင်း၊ သရအရာတွင်လည်းကောင်း ယိမ်းယိုင်နေသည်ကို တွေ့ရပါသည်။

ဥပမာအားဖြင့် ဆိုသော် ပုဂံပညာရှင်တို့သည် **အစဗျည်း** အရာတွင် (မင်ဂြီ၊ မင်ကြီ။ ဗြီ၊ ပြီ) စသည်တို့ကဲ့သို့ တတိယက္ခရာနှင့် ပထမက္ခရာတို့ကို လက်ခုပ်လက်ဝါး ရေးကြပါသည်။

**အဆုံးဗျည်း**၊ ဝါ၊ **အသတ်** အရာတွင် (အတ်ကို၊ အစ်ကို။ ချတ်၊ ချစ်)စသည်တို့ကဲ့သို့ တသတ်နှင့်စသတ်ကို လက်ခုပ်လက်ဝါး ရေးကြပါသည်။

**အလယ်သရ** အရာတွင် (ပါယ်လွမ်၊ ပယ်လွမ်။ ဖွေစ်၊ ဖွစ်။ ထိဝ်၊ ထိုဝ်) စသည်တို့ကဲ့သို့ **အာ** သရနှင့် **အ** သရ။ **ေ** သရနှင့် **အ** သရ။ **အိ** သရနှင့် **အို** သရတို့ကို လက်ခုပ်လက်ဝါး ရေးကြပါသည်။ ဤတွင် (ကျောန်၊ ကျွန်။ လောန်၊ လွန်) စသည်တို့ကဲ့သို့ **ဩ** သရနှင့် အောက်ဆွဲ **ဝ** အက္ခရာ (အဒ္ဓသရ) တို့ကို လက်ခုပ်လက်ဝါး ရေးကြသည်ကိုလည်း ထည့်သွင်းရပါမည်။

**အဆုံးသရ** အရာတွင် (ပ္လိ ၊ ပ္လိယ် ။ ရိ ၊ ရိယ်။ ဖ္လော၊ ဖ္လူ။ ယော၊ ယူ) စသည်တို့ကဲ့သို့ **ဣ** နှင့် **ဣယ်**။ **ဩ** နှင့် **ဦ** တို့ကို လက်ခုပ်လက်ဝါး ရေးကြပါသည်။

---

**အိပ်မက်ဦး စာပေ**

www.burmeseclassic.com

www.burmeseclassic.com


သို့သော်လည်း ယပင့်၊ ရရစ်၊ လဆွဲ သံယုတ်အရာတို့တွင်လည်း ကောင်း (စသတ် တသတ် လျှဉ်းပါးမှု အနည်းငယ်မှတစ်ပါး) ကျန်အသတ် အမျိုးမျိုး အရာတွင်လည်းကောင်း ပုဂံခေတ်စာလုံးပေါင်းသည် အတော်မြဲမြံ သည်ဟု ယူမှတ်ရပါမည်။

အထက်ပါ အချက်တို့ကို ကြည့်လျှင် မြန်မာစကားကို အက္ခရာတင် ဦး အခါက ဗျည်းသံတို့ကို စာဖြင့် ကိုယ်စားပြုပုံသည် အတော်တည်ငြိမ်၍ သရသံတို့ကို ကိုယ်စားပြုရာတွင်မူ အတော် ဒယိမ်းဒယိုင် ရှိနေသည်ကို တွေ့ ရပါသည်။ မွန်တို့ထံမှရသော သရသံနှင့် မြန်မာတို့ပြောဆိုနေသော သရသံ တို့ ကာရန်မသင့်သေးသကဲ့သို့ ရှိသည်။ သွားစိုက်ပြီးခါစ အံမကိုက် သေးသည် နှင့် တူပါလိမ့်မည်။ အချုပ်အားဖြင့်သော် ပုဂံခေတ် စာလုံးပေါင်းပြဿနာ သည် **သရပြဿနာ** ဖြစ်သည်ဟု ဆိုရပါလိမ့်မည်။ သို့ပင်ဖြစ်လင့်ကစား အနှစ် ၁၅၀ ခန့် မြန်မာစကားကို စမ်းတဝါးဝါးနှင့် ရေးခဲ့မိသောအခါ ပုဂံခေတ် စာလုံးပေါင်းသည် အတော်တည်ငြိမ်ခိုင်မြဲ စံကျလာ၍ သက္ကရာဇ် ၆၀၀ မှ ၆၆၀ ကျော် ပုဂံခေတ်ကုန်ဆုံးသည်အထိပင် ဤအတိုင်း ဖြစ်နေသည်ကို တွေ့ ရပါသည်။

ပုဂံခေတ် ကုန်ဆုံးပြီးသည့်နောက် ပင်းယခေတ်၊ အဝခေတ်တို့တွင် မြန်မာတို့၏ စကားပြောသံသည် အချို့အချို့သော အရာတို့၌ အမှတ်မထင် ရွေ့လျားခဲ့ပုံရပါသည်။ အဘယ့်ကြောင့်ဆိုသော် ပုဂံခေတ်အခါက မမေ့မလျော့ ရေးသားခဲ့သော လဆွဲ သံယုတ်သည် ယပင့်၊ ရရစ်အဖြစ်သို့ သင့်လျော်သလို ရွေ့လျောသွားသည်ကို တွေ့ရသောကြောင့်ဖြစ်ပါသည်။ သက္ကရာဇ် ၇၂၉ ခု တွင် နန်းတက်သော မင်းကြီးစွာစော်ကဲ လက်ထက်မှစ၍ လိုက်နာကြသည် ဆိုသော **သဗ္ဗညာဏ်ချီ သတ်ပုံဟောင်း** ကြီးတွင် လဆွဲ သံယုတ်ကို မတွေ့ရ ပါ။ ဤတွင် သျှင်မဟာသီလဝံသ မျက်မှောက်၌ ရေးထိုးသည်ဟု ယူမှတ်ရ သော **ရတနာ ဗိမာန်ကျောင်းတော် ကျောက်စာ** ကို မှတ်တိုင်တစ်ခုအဖြစ် ထုတ်ဆောင်ကိုးကားလိုပါသည်။

ယင်းကျောက်စာ မျက်နှာဘက်တွင် စာကြောင်း ၅၃ ကြောင်းရှိပါ သည်။ နောက်အကျဆုံး သက္ကရာဇ်မှာ ၈၇၁ ခု ဖြစ်ပါသည်။ ဤကျောက်စာ ကို ကြောင်းရေ ၁ မှ ၄၀ အထိတစ်ပိုင်း၊ ကြောင်းရေ ၄၁ မှ ၅၃ အထိ တစ် ပိုင်းဟူ၍ စာလုံးပေါင်းပုံ ထူးခြားသည်ကို ထောက်ကာ ၂ ပိုင်း ခွဲလိုပါသည်။

ပထမပိုင်းသည် အဝခေတ်၏ စာလုံးပေါင်း အမူအရာများဖြစ်သော (**သျှင်ချစ်** = ရှင်ချစ်၊ **သျှင်သျှင်** = ရှင်းရှင်း၊ **သျှစ်** = ရှစ်ခု၊ **ငါစီသျှင်** = ငါး စီးရှင်ဟူသော **အစဗျည်းထူးခြားချက်**၊ **အနွယ်** = အမျိုးအနွယ်၊ **အမွန်** =


www.burmeseclassic.com

www.burmeseclassic.com


အမွန်အစ ဟူသော **အလယ်ဗျည်းထူးခြားချက်**၊ **ကြေည်** = ကြဦးဆောင်၊ **စေည်** = စဉ်စီဟူသော **အလယ်သရထူးခြားချက်**၊ **ရသေိ** = ရသေ့၊ **စေိစေိ** = စေ့စေ့ဟူသော **အဆုံးသရထူးခြားချက်**) စသည်တို့ဖြင့် အဝခေတ်ကို ကိုယ်စား ပြုထားသည်ဟု ထင်ပါသည်။

ဒုတိယပိုင်းသည်ကား အဝခေတ်ကို ကိုယ်စားမပြု၊ ပုဂံခေတ်၊ ပင်းယ ခေတ်ဆိုသည့် ရှေးဟောင်းခေတ်တို့၏ ရေးထုံးရေးစံကို ကိုယ်စားပြုလို၍ တုပ ရေးထားသည့် စာဖြစ်သည်ဟု ထင်ပါသည်။ ဤအပိုင်းတွင် ပုဂံခေတ်၊ ပင်းယ ခေတ်သုံး အတိုကောက် (တ် = တော်) ကို တွေ့ရပါသည်။ လဆွဲ သံယုတ် တို့ကိုလည်း အများအစား တွေ့ရပါသည်။ ဤသို့ ပုဂံ၊ ပင်းယ အမူအရာတို့ ကို တုပသော်လည်း တူကား မတူပါ။ စာလုံးပေါင်းပုံကပင် မူမမှန်ပုံကို တစ် ချက်တစ်ချက် ထုတ်ဖော်ပြလျက် ရှိသည်ဟု ထင်ပါသည်။ အဘယ့်ကြောင့် ဆိုသော် (မင်းကြီးကို **မင်ကြ္လီ**၊ ကြမ္မာကို **ကွ္လံမာ**၊ ပြီးသည်ကို **ပ္လိ** ၊ မြင်းမိုရ်ကို **မ္လင်မို**၊ ခြောက်ခုကို **ခ္လောက်**) ဟု ရေးထိုးသည်ကို တွေ့ရသောကြောင့် ဖြစ်ပါ သည်။

ဤသည်တို့ကို ထောက်ချင့်ခြင်းအားဖြင့် မြန်မာစာပေသမိုင်းတွင် အထွတ်အထိပ်ကာလဟု ယူမှတ်ရသော အဝခေတ် သက္ကရာဇ် ၈၀၀ ကျော် ၉၀၀ ဆီတွင် ပညာရှင်တို့သည် ရှေးထုံး ရှေးစံကို ပယ်ရမည်လည်း တစ်ခက်၊ လက်တွေ့အဖြစ်မှန်ကို လျစ်လျူပြုရမည်လည်း တစ်ခက်နှင့် ဇဝေဇဝါဖြစ်နေသည်ကို တွေ့ရပါသည်။

ဤသို့ ဇဝေဇဝါဖြစ်သည့် အစိတ်အပိုင်းရှိသည့် နည်းတူ မြန်မာစာ လုံးပေါင်းကို စံကိုက်ဖြစ်အောင် ကြံဆောင်လုပ်ကိုင်နေသော အစိတ်အပိုင်း ရှိသည်ကိုလည်း တွေ့ရပါသည်။ ဤအစိတ်အပိုင်းတွင် ဦးဆောင်ပုဂ္ဂိုလ်မှာ သျှင်မဟာရဋ္ဌသာရ ဖြစ်ပါသည်။ သျှင်မဟာရဋ္ဌသာရသည် **စာသင်ပထမချီ သတ်ပုံ** ကို ပြုစုကြောင်း အဆိုရှိသော်လည်း ယခုရှာဖွေတွေ့ရှိရသော **စာသင် ပထမချီသတ်ပုံ** စာမူတို့သည်ကား သျှင်မဟာရဋ္ဌသာရ၏ ဂုဏ်နှင့် မလျော် သော စာတို့ ဖြစ်ပါသည်။

ဂဇဗလအမတ်နှင့် သျှင်ဥက္ကံသမာလာတို့ကလည်း မိမိတို့၏ သတ်ညွှန်းတို့တွင် သျှင်ရဋ္ဌသာရ သတ်ပုံဟု တစ်ပိုဒ်တလေ ထုတ်ဆောင်ကိုး ကားကြသေးသည်။ အပြည့်အစုံကို မတွေ့ရပြီ။ သို့သော်လည်း သျှင်မဟာ ရဋ္ဌသာရ၏ လေးလုံးစပ်လင်္ကာအမျိုးမျိုးတွင် ပါဝင်သော ကာရန်နှင့် ခွဲထား တို့သည်ကား သျှင်မဟာရဋ္ဌသာရ၏ ထုံးမှီစံမျှ အရိုးကျ စာလုံးပေါင်းတို့ ဖြစ် ပါသည်။


www.burmeseclassic.com

www.burmeseclassic.com



ကိုးခန်းပျို့ အပိုဒ် ၂ လာ သံမြတ်သာအိန့်၊ ဤသို့မိန့်၏၊ ကျော်ထိန့်အံ့ဘွယ် ဆိုသော စပ်ထုံး၊ ယင်းပျို့ အပိုဒ် ၂၇၉ လာ သက္ကသကြ၊ မာဂဓနှင့် စသည့် သိကြားနတ်မင်း ရေးထုံး၊ သံဝရပျို့ အပိုဒ် ၁၅၄ မှ ၁၆၄ အထိ အချများတွင် ဖော်ပြထားသော သဝေထိုး ဝဆွဲအမြစ် ၁၁ မျိုး ရေးထုံးတို့သည် လည်း ထိုခေတ် ထိုအခါက စာလုံးပေါင်းနှင့် ဆိုင်ရာ ဇဝေဇဝါ စိတ်ကို ပယ်ဖျောက်ရန် မြန်မာစာရေးထုံးကို အကျယ်အပြန့် အလေးအနက် စနစ်တကျ သုတေသနပြုလျက် စုံစမ်း စစ်ဆေးပြဋ္ဌာန်းထားချက်တို့ဖြစ်သည်ဟု ယူမှတ်ရန်အကြောင်း ရှိပါသည်။ ထို့ကြောင့်လည်း နှောင်းသတ်ပုံ သတ်ညွှန်းဆရာတို့သည် သျှင်မဟာရဋ္ဌသာရကို ယုံကြည်စွာအားကိုးလျက် **ပုဗ္ဗာစရိယသီဟာန်** ထဲတွင် ထိပ်တန်းက တင်ထားခြင်းဖြစ်ပေလိမ့်မည်။

ဤအခိုက်တွင်ပင် ကျောက်ရေးအက္ခရာတို့၌ မလွတ်တမ်း ရေးထိုးလျက်ရှိသည့် အချက်တစ်ရပ်မှာ အတိုကောက်ရေးနည်းပင်ဖြစ်ပါသည်။ တချို့သော အတိုကောက် ရေးနည်းတို့မှာ ပုဂံမှ ဆင်းသက်လာ၍ အချို့တို့မှာ နှောင်း ခေတ်တိုးပွားချက်တို့ ဖြစ်ပါသည်။ ဥပမာအားဖြင့်ဆိုလျှင် သဝေထိုးရေးချ ရှေ့ထိုး **အော်** ကာရန်ကို ရှေ့ထိုးသဏ္ဌာန် တံခွန်တင်ရုံမျှဖြင့် ကိစ္စပြီးစေခြင်း။ **သည်၊ လည်** တို့ကို သ်၊ လ် ဟု ရေးခြင်း။ **အား** ကာရန်ကို ရေးချဖြုတ်၍ **အး** ဟု ရေးခြင်း။ **သော** ကို **ဩ** ဂဏန်းဖြင့်လည်းကောင်း၊ **ကိုဝ်** ကို **၉** ဂဏန်း ဖြင့်လည်းကောင်း ဖလှယ်၍ ရေးခြင်းတို့သည် ထိုခေတ်တွင် အသုံးများသော အတိုကောက်စာလုံးပေါင်းတို့ ဖြစ်ပါသည်။

ထို့နောက်တွင် သတ်ပုံသတ်ညွှန်းဆရာတို့ တစ်ခါတစ်ခါ မှတ်ကျောက်သဖွယ် ထုတ်ဆောင်ကိုးကားကြသော စာသည်ကား **၁၀၁၂** ခုနှစ်တွင် တောင်ဖီလာဆရာတော် ရေးထိုးသည့် စစ်ကိုင်းမြို့ **ရာဇမဏိစူဠာကောင်းမှုတော်ကြီးကျောက်စာ** ဖြစ်ပါသည်။ ဤကျောက်စာလာ စာလုံးပေါင်းတို့သည် အဝခေတ် ရေးထုံး၏ ပွဲတင်သံဖြစ်သည်ဟု ယူဆရန် အကြောင်းရှိသည် ထင်ပါသည်။ သို့သော်လည်း ဖဦးထုပ်နှင့် ဘကုန်းကို လက်ခုပ်လက်ဝါးရေးခြင်းမှာ ဤကျောက်စာ၏ ယိမ်းယိုင်ချက်ဖြစ်၍ ကုန်းဘောင်ခေတ် ဘကုန်းရေးထုံးကို ကြိုဆိုနေသကဲ့သို့ ရှိပါသည်။ တစ်နည်းအားဖြင့်ဆိုသော် လမ်းပြနေသကဲ့သို့ ရှိပါသည်။

တောင်ဖီလာဆရာတော် နောက်တွင် ထင်ရှားသော ပုဂ္ဂိုလ်မှာ သက္ကရာဇ် **၁၀၅၀** ခန့်တွင် စတင် ထင်ပေါ်လာသည်ဟု ယူဆထိုက်သည့် ရွှေယင်မော်ရွာကြီးသား သျှင်ဥက္ကံသမာလာ ဆရာတော်ဖြစ်ပါသည်။ ယင်းဆရာတော်၏ **သတ်ညွှန်းနှင့် ဝဏ္ဏဗောဓနသတ်အင်း** တို့မှာ အထင်အရှား



www.burmeseclassic.com

www.burmeseclassic.com


ရှိနေသည်ဖြစ်၍ ဤတွင် မဆိုတော့ပါပြီ။ သို့သော်လည်း ဤဆရာတော်နှင့် ခေတ်ပြိုင်လောက်တွင်ဟု ဆိုရာသည့် သက္ကရာဇ် ၁၁၀၀ ပြည့်တွင် စာကူးပြီး သော **သဗ္ဗညုဏ်ချီသတ်ပုံဟောင်း** စာမူ၌ တွေ့ရသည့် စာလုံးပေါင်းပုံ အထူး အဆန်းတို့ကို ထုတ်ဖော်တင်ပြလိုပါသည်။ (ဤသတ်ပုံဟောင်းအကြောင်းကို အထက်တွင် ဆိုခဲ့ပြီ။)

ယင်းသတ်ပုံဟောင်းအဆုံးတွင် မှတ်လေကျစ်လစ်။ ပညာသစ်တို့ဝ်။ တစ်နှစ်ပေါက်ထိုးဝ်။ ဗိန္ဒုမျိုးဝ်ကိုဝ်။ အကြိုဝ်အကြား။ တွံင်သာထားလော့။ သီးခြားစတေ။ သဝေအသတ်။ ကးင်လွတ်အလျောက်။ ရှေ့၌ပေါက်လေ။ မြစ် ပေသမျှ။ အောက်ကလုတ်လိုဝ်။ စာကိုဝ်ဝယ်လွှတ် စသည်ဖြင့် ညွှန်းဆိုခဲ့သည်။ ညွှန်းဆိုတိုင်းလည်း အောက်ပါအတိုင်း ရေးထုံးပြုသည်ကို တွေ့ရပါသည်။

**ဧချနာစုမ့်နံ့။ ရောင်မစွံ။ ဧဝလံမဆစ်စွက်။**
**ဘုရားအဓေ့စ။ ချောဓမြဓမြ။ ချင်ဓသနိုင်တူကျင့်။**

ယခုအခါ ဉ ကလေး သတ်ရေးနေသော **အဉ်** ကာရန်ကို ရေးရာ တွင် ညကြီးသတ်အထက်တွင် ဗိန္ဒုတင်သည်မှာလည်း ထူးခြားချက်တစ်ရပ် ဖြစ်ပါသည်။ အောက်ပါသံပေါက်ကို ရှုပါ။

**ရဟတ်စက်ယျာည်ံ ။ လူ့ဝိညာည်ံ ။ ဖိတ်စည်ံ**
**ဖျင်ပေါပးည်။**

ဘကြီးတော်လက်ထက်တွင်ပြုစုသော ယုဒသန်၏ အဘိဓာန်တွင် ဤနောက်ဆုံးရေးထုံးကို လက်ခံထားသည်ကို တွေ့နိုင်ပါသည်။ ယခုအခါ တွင် ဉ ကလေး သတ်ရေးနေသော **အဉ်** ကာရန်၏ဖြစ်စဉ်မှာ အတော်ပြောင်း လဲခဲ့ရသည်ကို သတိမူသင့်ပါသည်။ ဥပမာ ပုဂံခေတ်တွင် ပျန် ဟု ရေးသည် ကို နှောင်းခေတ်တို့တွင် **ပျေည်၊ ပျည်ံ၊ ပျည်၊ ပျဉ်** ဟု အမျိုးမျိုး ရေးကြ သည်ကို တွေ့ရပါသည်။

လူမှုကိစ္စ အရပ်ရပ်တွင် အရိုးအစဉ်ကို ဖျောက်ဖျက်၍ အထူးအဆန်း ကို မြင်တတ် ကြံတတ် ပြောဟောတတ်သောသူတို့ ပေါ်ပေါက်တတ်ပါသည်။ မြန်မာစာပေလောကတွင်လည်း ဤသို့သော ပုဂ္ဂိုလ်တစ်ဦးသည် ဟံသာဝတီ ရောက် မင်းတရားလက်ထက်တွင် ပေါ်ပေါက်ခဲ့ပါသည်။ ဤပုဂ္ဂိုလ်သည် "ရှေး ပညာရှိတို့ စကားကို ပြစ်မှားလွန်းမည်ထင်သည်။ ယခု ပညာရှိတို့နှလုံးကို နှောင့်ယှက်သည်" ဟူ၍ စိတ္တကျော်သူ ဦးသြက လေးလေးနက်နက် အပြစ်တင် ၍ တွင်းသင်းမင်းကြီး ဦးထွန်းညိုက ယင်းပုဂ္ဂိုလ်၏ ဝါဒသစ်ကို ချေပပယ် ဖျက်သောအားဖြင့် သတ်ညွှန်းသစ်တစ်စောင် ရေးသားရသည်အထိ မြန်မာ စာပေလောကကို ချောက်ချား တုန်လှုပ်စေခဲ့လေသည်။ သို့သော်လည်း ယင်း


www.burmeseclassic.com

www.burmeseclassic.com


ပုဂ္ဂိုလ်၏ အထူးအဆန်း တွေးတောချက်၊ အထူးအဆန်း ရေးသားချက်တို့သည် ကွယ်ပျောက်သွားသည်မရှိ။ အထူးအဆန်းကို ကြိုက်တတ် လိုက်တတ်သော သူတို့၏ လက်တွင် ကျန်ခဲ့၍ ပုံနှိပ်စာခေတ်သို့ပင် ကူးစက်ခဲ့ပါသည်။ ယင်းပုဂ္ဂိုလ်ကား အခြားမဟုတ်။ သျှင်ဝိစိတ္တာစာရဟူ၍လည်းကောင်း၊ သျှင်ဝိစိတ္တာလင်္ကာရဟူ၍လည်းကောင်း အမည် ၂ မျိုးဖြင့် မှတ်တမ်းတင်ခံရသော ရဟန်းတော်ပင် ဖြစ်ပါသည်။

သျှင်ဝိစိတ္တာစာရသည် အသတ်ခြောက်ပါးကို ပြသည့် **သတ်နည်းထူး**ကို ရေးခဲ့ပါသည်။ (၁) ပရမတ်သံ (၂) ပညတ်သံ (၃) ဂရုသံ (၄) လဟုသံ (၅) အလိုရှိအပ်သောအသံ (၆) အလိုမရှိအပ်သောအသံ ဟူ၍ အသံ ၆ ပါးနှင့်အညီ အသတ် ၆ ပါး ရှိကြောင်းကို ဆို၍ ပင်လယ်ရေငင်ခြင်းသည် အလိုမရှိအပ်သဖြင့် သေးသေးတင်နှင့် **ငံ**ရသည်။ တွင်းရေ ကန်ရေ ငန်ခြင်းသည် သုံး၍ရသေးသဖြင့် အလိုရှိအပ်သည်ဖြစ်သောကြောင့် နသတ်နှင့် **ငန်**ရသည်ဟူ၍ ညွှန်ကြားပါသည်။

သျှင်ဝိစိတ္တာစာရသည် ဤကဲ့သို့ အထူးအဆန်းစကားတို့ကို ဆိုခဲ့ရာတွင် အရိုးအစဉ်ကို ကာကွယ်လိုသော ဆန္ဒကိုလည်း ပြခဲ့ပါသေးသည်။ ယခု မျက်မှောက်ခေတ်တွင် များစွာသော အရပ်သားတို့သည် မိမိတို့ပြောဆိုနေသော စကားသံကို လိုက်၍ စာလုံးကို ပေါင်းနေကြသည်။ **ဖြည်းဖြည်း**ကို **ဖြေးဖြေး** ဟု ရေးနေကြသည်။ **ကျွန်တော်၊ ကျွန်မ** ကို **ကျနော်၊ ကျမ** ဟု ရေးနေကြသည်။ အလင်္ကာစကားဖြင့် ပြောရပါလျှင် ဂမ္ဘီရသသင့်သော ရေး နည်းတို့ဖြစ်ပါသည်။

ထိုဟံသာဝတီရောက် မင်းတရားလက်ထက်တွင်လည်း ဤသို့ပင် အသံထွက် စာလုံးပေါင်းများ အတော် ခေတ်စားနေပုံရပါသည်။ ထို့ကြောင့် သျှင်ဝိစိတ္တာစာရက ပါဠိစီ၍ ဤသို့ ဝေဖန်ပြစ်တင် တားမြစ်ခဲ့ခြင်း ဖြစ်ရာပါသည်။

### ဝိုင်း – ပြေ့ – ကြေ့ – ရှေ၊ လောကေနိတ္ထိ။

အနက်မှာ မြန်မာစာလုံးပေါင်း လောကတွင် **ဝန်း**သည် ဟူ၍သာ ရှိသည်။ **ဝိုင်း**သည်ဟူ၍ မရှိ။ **ပြည့်**ဝသည်ဟူ၍သာ ရှိသည်။ **ပြေ့**ဝသည်ဟူ၍မရှိ။ **ကြည့်**ရှုသည် ဟူ၍သာရှိသည်။ **ကြေ့**ရှုသည်ဟူ၍မရှိ။ **ရှည်**လျားသည် ဟူ၍သာ ရှိသည်။ **ရှေ**လျားသည်ဟူ၍ မရှိ။

အခြားအခြားသော သတ်ပုံဆရာ သတ်ညွှန်းဆရာတို့၏ သတ်ပုံ သတ်ညွှန်းကျမ်းများနှင့် ဝါဒများအကြောင်းကို **မြန်မာသတ်ထုံးအစဉ်အလာ** ဟောပြောချက်တွင် တင်ပြထားပြီး ရှိပါသည်။


www.burmeseclassic.com

www.burmeseclassic.com


မြန်မာစာလုံးပေါင်းသည် တစ်ခါဖူးမျှ အရာခပ်သိမ်းတွင် ခိုင်မြဲခဲ့သည် မရှိခဲ့။ နေပြည်တော်တွင်တစ်မျိုး၊ တောကျေးလက်တွင်တစ်မျိုး၊ လွှတ်တော်ရုံးတော်တွင် တစ်မျိုး၊ ရဟန်းကျောင်းတွင်တစ်မျိုး အမျိုးမျိုး ဖြစ်ခဲ့ပါသည်။ အသွားရ အလာရ မလွယ်ကူသောခေတ်၊ ပုံနှိပ်တိုက်မရှိ ပေပုရပိုက်တွင် စာရေးရသောခေတ်၊ ပညာကို နှုတ်တက် အာဂုံဆောင်သောခေတ်တွင် ဤသို့ စာလုံးပေါင်း မခိုင်မြဲခဲ့သည်မှာ မထူးဆန်းလှဟု ထင်မှတ်ဖွယ်ရှိပါသည်။ ယခု အနုမြူခေတ်တွင်ကား ခိုင်မြဲတန်သလောက် ခိုင်မြဲမှ သင့်လျော်ပါမည်။ ခိုင်မြဲအောင်လည်း ကြိုးစားရမည့် အခါသို့ ရောက်နေပါပြီ။

ယနေ့ မြန်မာစာလုံးပေါင်း ပြဿနာသည် ရှေးရှေးခေတ်တို့က ပြဿနာတို့ထက် ရှုပ်ထွေးခက်ခဲလျက် ရှိပါသည်။ ရှေးရှေးခေတ်တို့က လဆွဲသံယုတ်သံ ပြောကြသည်။ ပြောသည့်အတိုင်း ရေးကြသည်။ စံကိုက်သည်။ ယပက်လက်နှင့် ရကောက်ကို ခွဲခြား၍ ဆိုကြသည်။ ဆိုသည့်အတိုင်း ရေးကြသည်။ စံကိုက်သည်။ တသတ် ပသတ်၊ နသတ် မသတ် စသည်တို့ကို မိမိတို့၏ ဆရာများဖြစ်သော မွန်တို့နည်းတူ ဌာန်ကရိုဏ်းကျကျ ရွတ်ဆိုခဲ့ကြပုံရသည်။ ရွတ်ဆိုသည့်အတိုင်း ရေးခဲ့ကြပုံရသည်။ စံကိုက်သည်။ ယခုအခါတွင်ကား ထားဝယ်နယ်နှင့် အင်းလေးအရပ်တို့တွင်မှတစ်ပါး လဆွဲသံယုတ်သံကို မဆိုကြတော့ပြီ။ ရခိုင်နယ်တွင်မှတစ်ပါး ယပက်လက်နှင့် ရကောက်သံတို့ကို မခွဲခြားတော့ပြီ။ မွန်တို့မှတစ်ပါး မြန်မာတို့သည် အသတ်ဆုံးသံတို့ကို ဌာန်ကရိုဏ်းနှင့်အညီ မဆိုကြတော့ပြီ။ ဤအထဲတွင် ပါဠိသက္ကတ အလေ့အလာသည်လည်း တစ်နေ့တခြား နည်းပါးလျက်လာလေပြီ။ မြန်မာစကားသံသည်လည်း အမှတ်မထင် ရွေ့ပါးလျက်သာရှိပါသည်။ ရှေးခေတ်အသီးသီးတွင် ရှေးဆရာအသီးသီးတို့သည် ရှေးမူအသီးသီးနှင့် တစ်ပိုင်းစီ တစ်စစီ ညှိနှိုင်းပြဋ္ဌာန်းခဲ့သော မြန်မာစာလုံးပေါင်း အမျိုးမျိုး အလွှာလွှာ အစိတ်စိတ်ကို တစ်ကျမ်းတည်း တစ်စည်းတကမ်းတည်း ဖြစ်အောင် ညှိနှိုင်းပြဋ္ဌာန်းရမည့် တာဝန်သည် အလွန်ကြီးလေးသော တာဝန်ဖြစ်ပါသည်။ ကိစ္စသည်လည်း အလွန်ကျယ်ပြန့် နက်နဲသောကိစ္စ ဖြစ်ပါသည်။ ရာဇဝင်သမိုင်းကိုလည်း ဆင်ခြင်ရန် ရှိပါသည်။ ခေတ်ကာလ၏ လိုအင်ဆန္ဒကိုလည်း ဆင်ခြင်ရန် ရှိပါသည်။ အဘက်ဘက်ကို ဆင်ခြင်၍ ညှိနှိုင်းပြဋ္ဌာန်းနိုင်မှ ယခုလူတို့လည်း လက်ခံနိုင်ကြပေမည်။ နောင်လာနောက်သားတို့လည်း လက်ခံနိုင်ကြပေမည်။

(၁၉၆၄)

www.burmeseclassic.com

www.burmeseclassic.com

## ရှေးဟောင်းဂဏန်းသင်္ချာ

တစ်ခါတစ်ခါ ကျွန်တော် တွေးမိသည်။ တို့ဘိုး တို့ဘေးများ ရွှေစည်းခုံကို တည်ခဲ့သည်။ မင်းကွန်းခေါင်းလောင်းကြီးကို သွန်းခဲ့သည်။ နေကြတ် လကြတ် ဂြိုဟ်သွား ဂြိုဟ်လာ စသည်တို့ကို တွက်ခဲ့သည်။ ကျုံး မြောင်း မြို့ရိုးတို့ကို တူးဖို့ ဆောက်တည်ခဲ့သည်။ မြို့ကြီး ပြကြီးများကို ဖန်ဆင်းခဲ့သည်။ ဤကိစ္စအသီးသီးကို ဆောင်ရွက်နိုင်ရအောင် အတွက်အချက် ဂဏန်းသင်္ချာပညာများကို တတ်ရပေမည်။ ဘယ်သို့သော ဂဏန်းသင်္ချာကျမ်းများကို လေ့လာခဲ့ကြပါလိမ့်၊ ဘယ်ကျောင်းမျိုးတွင် ဘယ်ဆရာမျိုးက ဘယ်နည်းမျိုးဖြင့် သင်ကြားပေးခဲ့ကြပါလိမ့် စသည်ဖြင့် အမျှင်မပြတ် အဆုံးမသတ် တွေးမိသည်။

ဥရောပတိုက်တွင်ကား သူတို့၏ ပညာတို့သည် ရာဇဝင်ခေတ်ဦး မှစ၍ ယနေ့တိုင်အောင် အမှောင်ခေတ်ကြီးကို ကျော်နင်း၍ အဆက်မပြတ်ဆိုသလိုပင် ဆက်လက်တိုးပွားခဲ့သည်။ ကျွန်တော်တို့ဆီတွင်ကား ကျွန်တော်တို့၏ ရှေးဟောင်းပညာရပ်တို့သည် မျိုးခြားမင်း ဝင်ရောက်စိုးမိုးလျှင်ပင် အစဉ်အလာပြတ်ကာ တိမ်ကောခဲ့ရလေသည်။ တိုးပွားမှုမှာ ဝေးလေစွ။ ဥရောပမှ ဝင်ရောက်လာသော ပညာရပ်တို့သည် ကောင်းပါပေသည်၊ ခေတ်မီပါပေသည်။ တိုင်းရင်းရှေးဟောင်းပညာရပ်တို့ကို လွမ်းဆွေးနေဖို့ မလိုတော့ပါဘူးဟု ပြောမည့်သူတို့က ပြောကြပေလိမ့်မည်။ သို့သော် ကျွန်တော်တို့ကား လွမ်းမိပေသည်။ ဆွေးမိပေသည်။ လွမ်းမိ ဆွေးမိသောကြောင့်လည်း ကျွန်တော်တို့၏ ဘိုးဘေးဘီဘင်တို့ မည်သည့် ဂဏန်းကျမ်းများကို လေ့လာခဲ့ပါသနည်းဟု တွေးမိခြင်းဖြစ်ပါသည်။

ရှေးလူဟောင်းတို့ လေ့လာလိုက်စားခဲ့သော လောကီဆိုင်ရာကျမ်းများ၊ လောကုတ္တရာဆိုင်ရာကျမ်းများကို စာရင်းလုပ်၍ ပိဋကတ်သမိုင်း စာ



www.burmeseclassic.com

www.burmeseclassic.com


တန်းဟု စာအုပ်ပြုလုပ်ထုတ်ဝေထားလျက် ရှိပါသည်။ ထိုစာအုပ်တွင် ဂဏန်းကျမ်းအမည်များ ပါလေမည်လားဟု ရှာဖွေကြည့်ပါသည်။ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ စသော ကျမ်းတို့ဆိုင်ရာ စာရင်းများကို တွေ့ရသည်။ သဒ္ဒါကျမ်းစာရင်း၊ ဆေးကျမ်းစာရင်း၊ ဗေဒင်ကျမ်းစာရင်း စသည်တို့ကိုလည်း တွေ့ရပါသည်။ အရပ်ရပ်ကျမ်းပေါင်း နှစ်ထောင်ကျော် စာရင်းတို့ကို တွေ့ရပါသည်။ သို့သော်လည်း ဂဏန်းကျမ်းဟူ၍ကား မတွေ့မိပါ။ ကျွန်တော် မတွေ့သော်လည်း ရှိရမည်။ ကျွန်တော်တို့ ဘေးဘိုးများ ဂဏန်းသင်္ချာ၊ အက္ခရာသင်္ချာ၊ ဂျီဩမေတြီပညာတို့ကို တတ်ခဲ့ရမည်ဟု ကျွန်တော် ယုံကြည်သည်။ ထို့ကြောင့် ဆက်လက်စဉ်းစားရှာဖွေရာ ရှာရင်း ဖွေရင်း လေ့လာရင်းနှင့် ဗေဒင်ကျမ်းစာရင်းတွင် သိဒ္ဓန္တသိရောမဏိဗေဒင်ကျမ်းအမည်ကို သွား၍ သတိပြုမိသည်။ ထိုကျမ်းကား ရှေးဟောင်းအိန္ဒိယနိုင်ငံတွင် အလွန်ထင်ရှားခဲ့သော သင်္ချာကျမ်းကြီးဖြစ်သည်ဟု ကျွန်တော်တို့ ဖတ်ရဖူးသည်။

သိဒ္ဓန္တသိရောမဏိကျမ်းတွင် (၁) လီလာဝတီ (၂) ဗီဇဂဏိတ (၃) ဂဏိတဓျာယ (၄) ဂေါလဓျာယ ဟု အခန်း ၄ ခန်း ပိုင်းခြားထားသည်။ ထိုအခန်းတို့တွင် လီလာဝတီအခန်း၌ ဂဏန်းသင်္ချာ၊ အက္ခရာသင်္ချာ၊ ဂျီဩမေတြီပညာတို့ ပါဝင်ကြသည်ဟု သိရပေသည်။ သို့ဖြစ်ပါက ကျွန်တော်တို့၏ ဘိုးဘေးဘီဘင်တို့သည် ထိုပညာရပ်များကို လေ့လာတတ်ကျွမ်းခဲ့ကြသူများ ဖြစ်လေသည်။ သို့ဖြစ်ပါလျက်နှင့် ဤပညာများ ယခုအခါ တိမ်မြုပ်နေရသည်မှာ နှမြောဖွယ်ကောင်းလေစွဟု လွမ်းဆွတ်တသမိပါသည်။

ဟိုတွေး သည်တွေးနှင့် ရောက်တတ်ရာရာ တွေးသောအခါ မင်းတုန်းမင်းကြီးက ကင်းဝန်မင်းကြီးဖြစ်လတ္တံ့သော ဘဏ္ဍာစာရေး ဦးကောင်းအား ဂဏန်းသင်္ချာနှင့်စပ်၍ ပညာစမ်းသည့် အတ္ထုပ္ပတ္တိကလေးကို သွား၍ သတိရမိသည်။ ထိုအတ္ထုပ္ပတ္တိကို ကင်းဝန်မင်းကြီး သမိုင်းစာအုပ်၌ အောက်ပါအတိုင်း တွေ့ရပေသည်။

> တစ်နေ့သ၌ လျှောင်းတော်ဦးသို့ မင်းတုန်းမင်းထွက်စံတော်မူ၍ အပျင်းပြေလိုတော်မူသဖြင့် ဆန်တစ်စေ့က စပြီးလျှင် ဆန်အပြန်သုံးဆယ်ကုန်အောင် စားနိုင်သူကို မြင်းတစ်စီးနှင့် ပုဆိုးတစ်ထည် သနားတော်မူမည်။ ကုန်အောင် မစားနိုင်ခဲ့လျှင် ဥယျာဉ်တော်မှာ ရေလောင်းရမည်။ အမိန့်တော်ရှိရာ ဘဏ္ဍာစာရေး ဦးကောင်းနှင့် ဦးမိုးတို့က ဘုရားကျွန်တော် ဘဏ္ဍာစာရေး နှစ်ယောက်တို့က စားနိုင်ပါကြောင်းနှင့် လျှောက်ထားကြသောအခါ ဦးကောင်းနှင့် ဦးမိုးတို့သည် ပုရပိုက်ပေါ်တွင် ကန့်ကူဖြင့် ဂဏန်းရေးမှတ်ပြီးလျှင် ဆန်


www.burmeseclassic.com

www.burmeseclassic.com


တစ်စေ့က နှစ်စေ့၊ လေးစေ့၊ ရှစ်စေ့၊ တစ်ဆယ့်ခြောက်စေ့၊ သုံးဆယ့်နှစ်စေ့၊ ခြောက်ဆယ့်လေးစေ့ စသဖြင့် အပြန်သုံးဆယ်ထိအောင် ထမ်းပိုးတက်၍ ရေတွက်ကြသောအခါ ဆန်စေ့ပေါင်း (၁၀၇, ၃၇၄ ၁၈၂၃) တစ်ရာ့ခုနစ်ကုဋေ့ သုံးသန်းခုနစ်သိန်း လေးသောင်း တစ်ထောင့် ရှစ်ရာနှစ်ဆယ့်သုံးစေ့ ရရှိသည်ဖြစ်၍ ဘုရားကျွန်တော်မျိုး ဘဏ္ဍာစာရေးနှစ်ယောက်တို့ ဆန်ကိုစားရန် သင်္ချာအားဖြင့် ရေတွက်ကြည့်ကြရာ တစ်သက်မက နှစ်သက်ဆက်၍ စားစေကာမူ ကုန်ဖွယ်မရှိဖြစ်ပါ၍ ဥယျာဉ်တော်အတွင်း ပန်းသစ်ပင်များကို ကုန်စင်အောင် ရေလောင်းပါရမည့်အကြောင်းနှင့် ခွင့်တောင်းတင်လျှောက်သည်။

ဤအတ္ထုပ္ပတ္တိကို ထောက်ရှုသော် ရှေးက လူများသည် အတွက်အချက်ကို အလေ့အလာပြုကြသည်၊ စိတ်ပါဝင်စားကြသည်၊ အပျင်းလည်းပြေ၊ ဉာဏ်လည်းပွားအောင် ကစားကြသည်ဟု သိရသဖြင့် ဝမ်းသာမိသည်။ သို့သော် ထိုအလေ့အလာများ ပျောက်ကွယ်ခဲ့ပြီတကားဟု တွေးမိပြန်သောအခါ ဝမ်းနည်းမိသည်။

ဦးကောင်းတို့ တွက်သော ပုစ္ဆာမှာ ခက်ခဲလှသည်မဟုတ်ပါ။ သို့သော် ရုတ်တရက် အမေးတော်ရှိ၍ ဖြေရသောအခါ မှားတတ်သည့်အဖြစ်ကိုကား ပြထားပေသည်။ ဆန်အစေ့ပေါင်း တစ်ရာ့ခုနစ်ကုဋေကျော်ကို တင်းနှင့်ခြင်လျှင် မည်မျှရှိမည်နည်း။ ဤပုစ္ဆာကိုဖြေရန်ကား ရုတ်တရက် မလွယ်ကူပေ။ သို့သော် ရှေးလူကြီးများ ဖြေနိုင်ပေသည်။ စွယ်စုံကျော်ထင်ကျမ်းတွင် **သက်တစ်ရာမှန်၊ စားလေဟန်၊ ဆန်ကားစေ့ပေါင်းမည်မျှနည်း** ဟူသော ပုစ္ဆာပါရှိသည်။ လူတစ်ယောက်သည် တစ်လလျှင် ဆန်တစ်တင်း ကုန်အောင်စားလျှင် အနှစ်တစ်ရာရှိသောအခါ ဆန်အစေ့ပေါင်း မည်မျှစားမည်နည်းဟု မေးထားခြင်းဖြစ်ပေသည်။ ထိုမေးခွန်းကို ဖြေရာ၌ ကျီးသဲဆရာတော်ကြီးက ဆန်တစ်တင်းလျှင် အစေ့ပေါင်း ခုနစ်သိန်းခြောက်သောင်းရှစ်ထောင် (၇၆၈,၀၀၀) ရှိသည်ဟု ဆိုထားချက်ရှိပေသည်။ ထို့ကြောင့် ဦးကောင်းတို့ ဆန်တစ်စေ့ကို အကြိမ်သုံးဆယ် ထမ်းပိုးပွား၍ရသော ဆန်စေ့ပေါင်း တစ်ရာ့ခုနစ်ကုဋေကျော်ကို တင်းဖွဲ့လျှင် တစ်ထောင့်သုံးရာ ကိုးဆယ့်ရှစ်တင်း တစ်ပြည်တစ်ခွက်တစ်လမြက်တစ်လမြူနှင့် အစေ့ထောင့်သုံးရာနှစ်ဆယ့် သုံးစေ့ရပေမည်။ ထိုဆန်တို့ကို ဦးကောင်းတို့နှစ်ဦး မစားနိုင်၍ ဥယျာဉ်တော်၌ ရေလောင်းခဲ့ရဖူးလေပြီ။ အဆိုပါ စွယ်စုံကျော်ထင် ကျမ်းတွင် စိတ်ဝင်စားဖွယ်ကောင်းသော ပုစ္ဆာတစ်ရပ်ပါရှိသေးသည်။ ထိုပုစ္ဆာမှာ မြင်းမိုရ်တောင်ကို ချိန်ကြည့်လျှင် ဘယ်နကျပ်သားရှိမည်နည်းဟု မေးထားခြင်းဖြစ်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com


မြင်းမိုရ်ရောင်ရှိန်
တောင်ဂီရိန်
ကျပ်ချိန်ဘယ်မျှရှိသနည်း။

ထိုပုစ္ဆာကို ကျီးသဲဆရာတော်ဘုရားက နည်းအမျိုးမျိုးပြ၍ ဖြေဆိုတော်မူခဲ့သည်။ တစ်နည်းတွင်ကား မြင်းမိုရ်တောင်သည် ထောင်ထားသည့် ဖျာလိပ်နှင့် တူသည်။ အစောက် ယူဇနာရှစ်သောင်းလေးထောင်ရှိသည်။ အဝန်း ယူဇနာ နှစ်သိန်းငါးသောင်းနှစ်ထောင်ရှိသည်။ ထိုယူဇနာအသီးသီးကို လက်သစ်ဖွဲ့ပြီးနောက် မြှောက်တုံစားတုံပြုလျက် ကျပ်ချိန်ရအောင် တွက်ပြသည်။ နားရှုပ်မည်စိုး၍ ဤတွင် အကျယ်မပြလိုက်။

တစ်နည်းတွင်ကား ကျီဝန်းတွက်နည်းလင်္ကာကိုပြ၍ ထိုလင်္ကာအတိုင်းတွက်ရမည်ဟု ဆိုထားသည်။ ကျီဝန်းဆိုသည်မှာ ဖျာလိပ်ကြီးထောင်ထားသကဲ့သို့ စပါးထည့်ရန် ဆောက်လုပ်ထားသော ကျီအဝန်းအဝိုင်းကို ဆိုလေသည်။ ကျီဝန်းတွက်နည်းလင်္ကာမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

နမ်း ဆန် စပါး၊ ထားသည့်ကျီဝန်း၊ တွက်ရိုးလမ်းကား၊ ထုပ်
သန်း တောင် ပေါင်းတည်၊ မြှောက်သည် သင်္ချာတူ၊ စားမူစတု၊
လဒ်အစုကို၊ သုံးခုနှင့်မြှောက်၊ မြင့်အစောက်၊ မြှောက်၍တစ်ဖန်ယူ၊
ထိုသင်္ချာအား၊ ဒွေးမြှောက်လွှား၊ စပါးတင်းပေါင်းဟူ။

အထက်ပါ လင်္ကာအတိုင်း ဂဏန်းတတ်သူတို့ တွက်ချက်ကြည့်ပါလျှင် ရှေးလူဟောင်းတို့ အတွက်အချက် မည်မျှနားလည်သည်ကို တွေ့နိုင်ပေလိမ့်မည်။

ထို့ပြင် ကာလသမီး ကာလသားတို့ ဝှက်ဆိုလေ့ရှိသည်ဟု စကားစဉ်ရှိသော အလံတရာမြွေ၊ တွင်းမှာခွေ ပုစ္ဆာသည်လည်း မြန်မာဂဏန်းအပါအဝင်ဖြစ်ပေသည်။ ထို့ပြင် အောက်ပါ ခိုခွဲ၊ ဝမ်းဘဲငါးကျပ်၊ စာတစ်မတ်၊ ပုစ္ဆာလင်္ကာသည်လည်း ဂဏန်းသင်္ချာပင် ဖြစ်ပေသည်။ သာမန်လူတို့အဖို့ လွယ်ကူသော ပုစ္ဆာကား မဟုတ်ချေ။ ရှေးလူတို့သည် ဤပုစ္ဆာ၏ အဖြေကို ပေးခဲ့ကြသည်။ တွက်ပုံတွက်နည်းကိုကား ထားခဲ့ကြပုံမရပေ။

(အဖြေ။ ။ ခို – ၁၈၊ ဝမ်းဘဲ – ၃၊ စာ – ၄။)

အရှင့်သားလေ –
ယောကျ်ားတကာ၊ တတ်စရာကို
သိသာခြင်းရာ၊ မေးလျှောက်ပါအံ့။
ခိုမှာကားခွဲ၊ ဝမ်းဘဲငါးကျပ်
စာတစ်မတ်ကို


www.burmeseclassic.com

www.burmeseclassic.com


မပြတ်နေ့ည၊ ရောင်းဝယ်ကြသည်
ငှက်လုအစိတ်၊ ကြေးအစိတ်ကို
မဖိတ်မယွင်း၊ မယှ်သက်နှင်းကို
လျင်ပြင်းမကြာ၊ ဝယ်စမ်းပါ ဟု
ခြင်းရာသက်စု၊ မင်းယဉ်နုသည်
ယခုမကြာ ဝယ်စမ်းပါ။

ဤပုစ္ဆာမျိုးကို သိဒ္ဓန္တသိရောမဏိကျမ်း၊ ဗီဇဂဏိတကဏ္ဍတွင်လည်း အောက်ပါအတိုင်း တွေ့ရသည်ဟု သိရသည်။ ဂဏန်းကျွမ်းကျင်သူတို့ ဖြေကြည့်နိုင်ပေသည်။

သုံးအသပြာ ပေးလျှင် ချိုးငှက် ငါးကောင်ရသည်၊
ငါးအသပြာ ပေးလျှင် ကြိုးကြာ ခုနစ်ကောင်ရသည်၊
ခုနစ်အသပြာ ပေးလျှင် ငန်း ကိုးကောင်ရသည်၊
ကိုးအသပြာ ပေးလျှင် ဥဒေါင်း သုံးကောင်ရသည်၊
အသပြာတစ်ရာနှင့် ငှက် အကောင်တစ်ရာ ရအောင်ဝယ်ပါ။

အိန္ဒိယပြည်ဖြစ် ဗီဇဂဏိတတွင် သာမက တရုတ်ပြည်ဖြစ် **ချန် ချူး ချင် စွန် ချိန်** ခေါ် စာအုပ်၌လည်း အလားတူပုစ္ဆာမျိုးကို အောက်ပါအတိုင်း ပါရှိသည်ဟု သိရပေသည်။

ကြက်ဖတစ်ကောင်ကို ငွေငါးကျပ်၊
ကြက်မတစ်ကောင်ကို ငွေသုံးကျပ်၊
ကြက်ကလေးသုံးကောင်တွဲကို ငွေတစ်ကျပ်ပေးရသည်၊
ငွေတစ်ရာနှင့် အကောင်တစ်ရာ ဝယ်၍ရလျှင်
တစ်မျိုးလျှင် အကောင်မည်မျှ ရရှိမည်နည်း။

အထက်ပါပုစ္ဆာသုံးမျိုးမှာ အက္ခရာသင်္ချာ ပုစ္ဆာများ ဖြစ်သည်ဟု ကျွန်တော်ထင်မိပါသည်။ ထိုပုစ္ဆာမျိုးများဖြင့် ကာလသမီး ကာလသားတို့ အပျင်းပြေ စကားထာ ဝှက်ခဲ့သော ရှေးခေတ်မြန်မာများ၏ ဂဏန်းသင်္ချာ ပညာအဆင့်အတန်းကို သင်္ချာပညာ ကျွမ်းကျင်သော ပုဂ္ဂိုလ်တို့ သုတေသနလုပ်၍ လေ့လာရှာဖွေကြပါမူ မြန်မာ့ယဉ်ကျေးမှု သမိုင်း၏ ကဏ္ဍတစ်ရပ်မှာ ပြန်လည်ပေါ်ပေါက်လာဖွယ် အကြောင်းရှိပေသတည်း။ (၁၉၆၁)

www.burmeseclassic.com

www.burmeseclassic.com

# ထမင်းဆီဆမ်း

မည်သည့်အတွေးအခေါ် စိတ်ကူးစိတ်သန်းသည် မည်သည်က လာခြင်းဖြစ်ဟန်တူသည်ဟု ဇာစ်မြစ်ကို လိုက်လံရှာမှ နည်းပါးလှပါသည် ဟူ၍ ငွေတာရီမဂ္ဂဇင်း အမှတ် ၃၅ **စာပေအဖွင့်ပုံသစ်လောင်းသင့်ပြီ**ဆိုသော မြန်မာစာပေဆိုင်ရာ အကြံပေးဆောင်းပါးတွင် ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာ ပါမောက္ခ ဦးမျိုးမင်းက ရေးသားလိုက်ပါသည်။ အင်္ဂလိပ်စာပေဆိုင်ရာ အဋ္ဌကထာ၊ ဋီကာ၊ အနု၊ မဓု၊ လက်သန်း စသော ကျမ်းကြီးကျမ်းငယ် အသွယ်သွယ်တို့အကြားတွင် ကိုယ်လုံးပျောက် နစ်မြုပ်နေသော သူတစ်ယောက်သည် မြန်မာစာဘက်သို့ ငဲ့စောင်းကြည့်လိုက်သောအခါ အဖွင့်ကျမ်းများ ခေါင်းပါးလှသည်ကို တွေ့ရသဖြင့် အားမလို အားမရဖြစ်ကာ ဤသို့ ဟစ်အော်ကြွေးကြော် အကြံပေးလိုက်သည်ကို ကြားရသဖြင့် စာပေဝါသနာ ပါသည်ဆိုသော ကျွန်တော်တို့သည် ဟုတ်ပါပေသည် တကား ဟုဆိုလျက် ဝမ်းနည်းမိသည်။ အားငယ်မိသည်။ ရှက်သွေးဖြန်းမိသည်။ သို့ဖြစ်သည့်အားလျော်စွာ တတ်သမျှ မှတ်သမျှနှင့် ဥုံဖွမန်းကာ ဤလစ်ဟင်းချက်ကြီးကို ဖြည့်တင်းရန် ကြိုးစားကြရပေလိမ့်မည်။

ဦးမျိုးမင်း၏ဆောင်းပါးကို ဖတ်ခိုက်တွင် ကျွန်တော်သည် ဆလိမ်လုံးကြီးတင် မသတ်ဝစ္စနှစ်လုံးပေါက် "ဆမ်း" ဆိုသော သဒ္ဒါတွင် စိတ်ပါဝင်စားလျက်ရှိပါသည်။ ယင်းသဒ္ဒါနှင့် ပတ်သက်၍ ကျွန်တော်တွေ့မိသမျှ၊ တွေးမိသမျှ ကိစ္စတို့ကို စွမ်းအားရှိသလို မှတ်တမ်းတင်ရလျှင် နောင်လာနောက်သားပညာရှင်များအတွက် ခုတုံးတစ်ခု ဖြစ်တန်ရာသည်ဟု ထင်မိပါသည်။

ဆမ်း ဆိုသော သဒ္ဒါကို မြန်မာစကားသက်တမ်းတွင် မည်သည့် အခါ၌ အစောဆုံး သုံးခဲ့သည်ဟု သိရှိနိုင်ရန် လေ့လာဖို့ကား လွယ်ကူမည်မဟုတ်ချေ။ သို့သော် မြန်မာတစ်ဦး၏ သက်တမ်းတွင် မည်သည့်အရွယ်


www.burmeseclassic.com

www.burmeseclassic.com


လောက်၌ ဤသဒ္ဒါကို စတင်ကြားရတတ်သည်ကိုကား အလွယ်တကူပင် သိရှိနိုင်ပေသည်။ အဘယ့်ကြောင့်ဆိုသော် သားသည်မိခင်သည် မိမိ၏ ရင်ခွင်ပိုက် သားငယ် သမီးငယ်ကို စကားမျှမပြောတတ်သေးခင် ညချမ်းချိန် လရောင်အောက်သို့ ခေါ်ထုတ်၍ ဖိုးလမင်းကို လက်ညှိုးညွှန်ပြကာ **ဖိုးလမင်းရေ၊ ထမင်းတစ်ဆုပ်၊ ရေတစ်မှုတ် ပေးပါဟော၊ ဝါ၊ ဝါ၊ ဝါ၊ ဖိုးလမင်းရေ ထမင်းဆီဆမ်း၊ ရွှေလင်ပန်းနှင့် ပေးပါဟော၊ ဝါ၊ ဝါ၊ ဝါ** ဟု ပြောပြလေ့ရှိသောကြောင့် ဖြစ်ပါသည်။

မြန်မာတို့သည် ထမင်းပူပူကို ဆီဆမ်း ဆားဖြူးကာ စားလေ့ရှိသည်။ ကြိုက်လည်းကြိုက်သည်။ အသက်ကြီးသူများသည် ငယ်ငယ်က ဆီဆမ်းဆားဖြူး၍ ထမင်းမြိန်မြိန် စားခဲ့ရသည်ကို မကြာခဏ သတိရ၍ ပြန်လည်စမြုံ့ ပြန်ပြောဆိုတတ်ကြသည်။ သို့ပင်ဖြစ်လင့်ကစား မြန်မာစာပေတွင် ထမင်းဆီဆမ်း စားသည့်အကြောင်းကို တိုက်ရိုက်မတွေ့မိပါ။ အကယ်၍ ရှေးအခါက မြန်မာများသည် ကျမ်းဂန်စာပေအပြင် လူမှုရေးရာ ဝတ္ထုပုံပြင် နေ့စဉ်အဖြစ်အပျက်တို့ကိုလည်း မှတ်တမ်းတင်ခဲ့ပါမူ ဤအကြောင်းရပ်လည်း ပါလာရမည်ဖြစ်ပေသည်။

လူမှုရေးစာပေ ခေါင်းပါးခြင်းသည် မြန်မာစကားအတွက်လည်းကောင်း၊ မြန်မာစာပေအတွက်လည်းကောင်း၊ မြန်မာသမိုင်းအတွက်လည်းကောင်း ဝမ်းနည်းဖွယ်တစ်ရပ်ပင် ဖြစ်ချေသည်။ လူမှုရေးစာပေ ခေါင်းပါးသည့်အတွက် များစွာသော မြန်မာတို့သည် လူမှုရေးစာပေကို အဖိုးတန်သည်ဟူ၍မျှပင် သဘောမပိုက်ကြချေ။

သို့ပင်ဖြစ်လင့်ကစား ဆီဆမ်းသည့်အဖြစ်ကို သွယ်ဝိုက်သည့်နည်းဖြင့် သိရပါသည်။ မည်သို့သိရပါသနည်း။ ရှေးဆရာတို့ပေးသည့် ဥပမာများကို တွေ့၍ သိရပါသည်။ သို့သော်လည်း ထမင်းဆီဆမ်းကို မတွေ့ရ။ အခြားဆီဆမ်းများကိုသာ တွေ့ရပါသည်။

မြန်မာစာပေ၌ ပျို့၊ လင်္ကာ၊ ဆရာတို့တွင် မျက်မြင်ကိုယ်တွေ့ လူမှုရေးရာများကို မိမိပြုစုသော စာတို့၏ ကြိုးကြားကြိုးကြား အတော်များများဖော်ပြလေ့ရှိသော ပုဂ္ဂိုလ်သည်ကား သျှင်အဂ္ဂသမာဓိဖြစ်ပါသည်။ အင်းဝခေတ်မြန်မာ့သမိုင်းကို လေ့လာသူသည် သျှင်အဂ္ဂသမာဓိ၏ စာများကို ထိုးထွင်းလေ့လာနိုင်လျှင် များစွာ အကျိုးရှိနိုင်ပေလိမ့်မည်။ ဤသျှင်အဂ္ဂသမာဓိသည် စိုပြည်သော သစ်ပင်သစ်ရွက်များ တောက်ပြောင်နေပုံကို ဆီဆမ်းထားသကဲ့သို့ ဖြစ်တော့သည်ဟု ဥပမာပြုသည်ကို သစ္စာခန်းပျို့ (၆၀) တွင် ဤသို့တွေ့ရပါသည်။


www.burmeseclassic.com

www.burmeseclassic.com


စိမ်းညို့လတ်လတ်၊ မြရောင်စွတ်လျက်
ပင်ထွတ်ထွားထွား၊ ဖားဖားရွက်စည်
အရည်ရွှမ်းရွှမ်း၊ ဆီလျှင်ဆမ်းသို့။

တစ်ဖန်လည်း မဃ္ဃစိုးခန်းပျို့ (၆၆) တွင် ဖရဏာပီတိ ဝမ်းဆီထိဖြစ်ပုံကို ဖွဲ့ဆိုရာ၌ ဆီဆမ်းသည်ကို ထည့်ထားပါသည်။

ဖိုင်းဝါဝမ်းထက်
ဆမ်းသည့်ဆီလား၊ ပီတိအားဖြင့်။

ဤသို့ အိမ်တွင်လည်းကောင်း၊ ကျောင်းတွင်လည်းကောင်း ထမင်းကို ဆီဆမ်းသည်၊ ပဲပြုတ်ကို ဆီဆမ်းသည်၊ လက်ဖက်ကို ဆီဆမ်းသည် စသည်ဖြင့် တကယ်စင်စစ် ဆီဆမ်းသည်တို့ကို တွေ့မြင်နေရသည့်အတိုင်း ဥပမာပြု၍ စပ်ဆိုရာမှ သျှင်အဂ္ဂသမာဓိသည် တကယ်စင်စစ် မဖြစ်သော်လည်း ဖြစ်လေဘိသကဲ့သို့ တင်စားကာ သမာဓိဂုဏ်မြောက်အောင် သုံးစွဲစပ်ဆိုထားသည့် အရည်ဆမ်းမှုများကို တွေ့ရပြန်သေးသည်။ ဥပမာအားဖြင့်ဆိုသော် မြင်းမိုရ်တောင်၏ တစ်ခုသော မျက်နှာသည် စိမ်းသောအရောင် ရှိသည်ကို တိုက်ရိုက်မဆိုဘဲ မြရည်ဆမ်းထားသကဲ့သို့ ဖြစ်သည်ဟု ငရဲခန်းပျို့ (၃၁) တွင် ဆိုထားသည်။ မြရည်ဟူသော ဝတ္ထုပစ္စည်းသည် စင်စစ်အားဖြင့် မရှိ။ သို့သော်လည်း ရှိလေသကဲ့သို့ ဖွဲ့ဆိုထားသည်မှာ ကဝိတို့၏ အစွမ်းတစ်ရပ်ပင် ဖြစ်ချေသည်။

ရံဆီးစကြာဝဠာ၊ အချာဗဟို
မြင်းမိုရ်တစ်ခြမ်း၊ မြရည်ဆမ်းသော်။

တစ်ဖန်လည်း ဘုံခန်းပျို့ (၃၅) တွင် နီရဲသော ပန်းတို့ကို ဖွဲ့ဆိုရာ၌ သန္တာရည်ဆမ်းထားသကဲ့သို့ ဖြစ်သည်ဟု ရေးထားပြန်သည်။ အသွေးအရောင်တို့ကို အလွန်နှစ်သက်၍ ဖွဲ့ဆိုလေ့ရှိသော သျှင်အဂ္ဂသမာဓိသည် သန္တာ ရည်ဆမ်းထားသကဲ့သို့ ဆိုသော အဆိုအမိန့်ကို ဖန်တီးလိုက်သည်မှာ သူ့ ဝါသနာနှင့် ကိုက်ညီလှပေသည်။

စိန်ကြောင်ဝတ်ဆံ၊ ပွင့်တံပွင့်ခက်
ပွင့်ယှက်ပွင့်ခြမ်း၊ သန္တာဆမ်းသို့
ခပ်သမ်းမည်းလို၊ နွယ်ညိုပြန်းလား
တန့်ကာခြား၍။

ဤသို့ ဆီဆမ်းသည်ကို လေ့လာခိုက်တွင် စိတ်ပါဝင်စားဖွယ်ဖြစ်သော စာဆိုတို့၏ ဖြစ်ရပ်တစ်ခုကို သတိပြုမိသည်။ အချို့သော အဖွဲ့အနွဲ့ အဆိုအမိန့် ဥပမာ ဥပစာတို့သည် စာဆိုတစ်ဦးမှ စာဆိုတစ်ဦးသို့ ကူးစက်


www.burmeseclassic.com

www.burmeseclassic.com


ပုံ့ပွားသွားတတ်သည်မှာ စာပေလောက၏ ဖြစ်ရပ်တစ်ခုဟု သတိပြုမိလာပါသည်။ သူ့စာကို ငါဖတ်၊ ငါ့စာကို သူဖတ်နှင့် ကောင်းမြတ်သောအဖွဲ့အနွဲ့၊ အဆိုအမိန့်၊ ဥပမာ၊ ဥပစာတို့သည် ဖတ်သူ၏ နှုတ်ဖျားတွင် အမှတ်တမဲ့ ကျန်ခဲ့ပါသည်။ သဘောတူကိစ္စမျိုးကို မိမိပြောလို ဟောလို ရေးသားလိုသောအခါ ထိုတင်ကျန်ခဲ့သည့် အဖွဲ့အနွဲ့၊ အဆိုအမိန့်၊ ဥပမာ၊ ဥပစာတို့သည် သူ့ကို သုံးပါ၊ ငါ့ကိုသုံးပါဟု အသုံးပြုရန် ဖိတ်ခေါ်လာကြပါသည်။ သို့ဖြင့် သူတစ်ပါး၏ အဖွဲ့အနွဲ့၊ အဆိုအမိန့်၊ ဥပမာ၊ ဥပစာတို့ကို မိမိစကား မိမိစာပေတွင် သုံးမိ စွဲမိ ထည့်သွင်းရေးသားမိပါတော့သည်။ ဤအဖြစ်မျိုးကို သျှင်မဟာရဋ္ဌသာရသည် သတိပြုမိသဖြင့် ဘူရိဒတ်ဇာတ်ပေါင်းပျို့ နိဂုံးတွင် ဤသို့ သံပေါက် ရေးသားဖော်ပြခဲ့ပေသည်။

ပွဲတွေ့ဆန်းပြား၊ သူ့စကား၊ ကြားကရောင်မည်သာ။
မကြားမသိ၊ ဆိုတတ်ဘိ၊ နောက်ပြိ နမြောစွာ။
ရှေးကလူမျိုး၊ ဆိုလမ်းရိုး၊ စာခိုးမမည်ရာ။

## ပျားရည်ဆမ်း

ပျားရည်ဆမ်းသည်ဆိုသော အဆိုအမိန့်ကို စာဆိုနှစ်ဦး၏ ပျို့တို့တွင် တွေ့ရသည်။ လွတ်လွတ်လပ်လပ် တွေး၍ လွတ်လွတ်လပ်လပ် ရေးခဲ့ကြသည်။ မည်သူ့ကို မည်သူက တုပသည် မဟုတ်ဟု ဆိုချင်လျှင်လည်း ဆိုနိုင်ပါသည်။ သို့သော် ရှေ့လူ၏ အဆိုအမိန့်သည် နောက်လူသို့ ကူးစက်သွားတတ်သည်မှာကား သျှင်မဟာရဋ္ဌသာရ ဝန်ခံထားသည့်အတိုင်းပင် ဖြစ်ချေသည်။

သက္ကရာဇ် ၈၇၁ ခုနှစ်တွင် ရေးပြီးသော ရွှေဟင်္သာမင်းပျို့ (၄၄) ၌ သျှင်တေဇောသာရသည် ဤသို့ ဖွဲ့ဆိုခဲ့ပါသည်။

ငါ့အားချမ်းချမ်း၊ ပျားရည်ဆမ်းသို့
ရွှမ်းရွှမ်းသံချို၊ ပြောပဆိုသည်
ရွှေကိုယ်ရောင်ပြေး၊ အို ငါ့မြေး။

တစ်ဖန် သက္ကရာဇ် ၉၀၄ ခုနှစ်တွင် ရေးပြီးသော ဘုံခန်းပျို့ (၁) ၌ သျှင်အဂ္ဂသမာဓိက ဤနည်းနှင်နှင် ဖွဲ့ခဲ့ပြန်ပါသည်။

ဝမ်းထဲကြည်မွမ်း၊ ပျားရည်ဆမ်းသို့
ချစ်ကျွမ်းဝင်ဘိ၊ မာတလိ။


www.burmeseclassic.com

www.burmeseclassic.com


## ပေါ်ဆမ်းပျားရည်

သျှင်တေဇောသာရနှင့် သျှင်အဂ္ဂသမာဓိ တို့က စကားချိုသာခြင်း၊ သဘောချိုသာခြင်းတို့ကို ပျားရည်ဆမ်း ဥပမာဖြင့် ခိုင်းနှိုင်းခဲ့ကြသည်။ သို့သော်လည်း အချို့စာဆိုတို့ကား အတွင်းတစ်မျိုး အပြင်တစ်မျိုး လုပ်တတ်သည့် ကောက်ကျစ်သူတို့၏ သဘောကို ပေါ်လွင်စေလိုသဖြင့် ပျားရည်ဆမ်း ဥပမာကို မကောင်းသည့်ဘက်တွင် သုံးနှုန်းဖွဲ့ဆိုခဲ့ကြသည်။

အလောင်းမင်းတရား အနိစ္စရောက်သောအခါ မင်းခေါင်နော်ရထာ ဘွဲ့ခံ ရဲဘော်ကြီး ဦးတွန်သည် နောင်တော်ကြီးထံသို့ မဝင်ဘဲ အင်းဝမြို့ကို စီးကာ ပုန်ကန်ပုံကို ဖွဲ့ထားရာ ပလိပ်စား ချေင်း (၆၂) တွင် ဤသို့ တွေ့ရသည်။

ညစ်ကျူမည်းသမ်း၊ နှလုံးနှမ်းနှင့်
ပေါ်ဆမ်းပျားရည်၊ ထဲကွေ့လည်သား
ကြံစည်မှားလေ၊ သစ္စာသွေလျက်
မြို့ရွှေဝတွင်း၊ ဗိုလ်ပါသွင်း၍
တစ်စင်းပြည်ကြောင့်၊ တွန် မှောင့်သော်။

ပလိပ်စား ချေင်းစကားကို လိုက်၍ မန်လည်ဆရာတော်ဘုရားက မဃဒေဝလင်္ကာ (၃၀၈) တွင် ဖွဲ့ပြန်သည်မှာ ဤသို့ ဖြစ်သည်။ ချေင်းဆရာက ဦးတွန်ကို မဲ၍ရေးသည်။ လင်္ကာဆရာက မိန်းမကို မဲ၍ရေးသည်။ ခံရသူတို့ကား သက်သာမည် မဟုတ်။

လူဆိုးဟော့ရမ်း၊ မိန်းမသွမ်းတို့
ပေါ်ဆမ်းပျားရည်၊ ယုံစိမ့်သည်ဟု
ထွေလည်ထိုထို၊ တောင်ကြီးမျို၍
ရွတ်ဆိုနှုတ်က၊ ကျိန်သမျှလည်း
မိန်းမသစ္စာ၊ မုသား သာတည်း။

## သီတာရေချမ်း၊ ထိပ်ထက်ဆမ်း

သာမန် မြန်မာစကားတွင် ရေဖျန်းသည်၊ ရေသွန်းသည်၊ ရေလောင်းသည် ဟူ၍သာ အဆိုရှိသည်။ စားမှုသောက်မှုနှင့် မဆိုင်ရာတွင် ရေဆမ်းသည် ဟူ၍ မရှိ။

သို့သော် စာဆိုတို့ကား **ကဗျာ့လိုက်စင်** ရရှိသူများ ဖြစ်ကြသဖြင့် ရေဆမ်းသည်ဟု သင့်လျော်သောအခိုက် ကြုံလျှင် ရေးနိုင်ကြသည်။ ရေးကြသည်။ (မြနှင့်သန္တာကိုပင် အရည်ဖျော်၍ ဆမ်းခဲ့ကြပြီ မဟုတ်ပါလား။)

---

**အိပ်မက်ဦး စာပေ**

www.burmeseclassic.com

www.burmeseclassic.com


စိန္တကျော်သူ ဦးသြသည် ၁၁၁၉ ခုနှစ်တွင် အလောင်းဘုရား၏ သား တော်တစ်ပါး အိမ်တော်သိမ်းမင်္ဂလာ ကျင်းပရာ၌ ရတုပိုဒ်စုံ ရေးဆက်သည်။ ယင်းရတုတွင် ဤသို့ ရေဆမ်းလိုက်သည်။

ပြည်သူတကာ၊ ရွှင်မျက်နှာနှင့်
သီတာရေချမ်း၊ ထိပ်ထက်ဆမ်းသို့
ဘေးဘျမ်းရန်ကွာ၊ သာယာတော့မည်
မှန်လှသည်ဟု၊ သက်ရှည်ပါစေ
တောင်းဆုဝေရှင့်။

မိမိ၏ တူဖြစ်သော မောင်သြ၏ စာကို သဘောကျ၍လားမသိ။ တွင်းသင်းမင်းကြီး ဦးထွန်းညိုသည် မဟာဇနကပျို့ (၄) တွင် သီတာရေချမ်း၊ ထိပ်ထက်ဆမ်းကို သုံးလိုက်ပြန်သည်။

ပွင့်ငုံရွှယ်လှ၊ ညီပေါလကို
အဘလွှန်မင်း၊ အိမ်ရှေ့နှင်း၍
မှူးသင်းမတ်ပုံ၊ ဝိုင်းအုံညီညာ
သီတာရေချမ်း၊ ထိပ်ထက်ဆမ်းလျက်
ဆော်ရွှမ်းသံကျာ၊ တူရိယာတို့
အုတ်အာကျုံကျုံ၊ ညံ့ညံ့ရိုက်ချင်း။

သီတာရေချမ်း၊ ထိပ်ထက်ဆမ်း ဆိုသော စကားကို စိန္တကျော်သူ သည် မင်းညီမင်းသားနှင့် စပ်၍ သုံးသည်။ တွင်းသင်းမင်းကြီးလည်း မင်းညီ မင်းသားနှင့် စပ်၍သုံးသည်။ သို့သော်လည်း ကျည်းကန်ရှာသူ မိခင်တစ်ဦး က ရှမ်းပြည်သို့ သွားနေသော သားကို လွမ်းသဖြင့် စာပေးလို၍ ကျည်းကန် ရှင်ကြီးအား မေတ္တာစာရေးပေးရန် တောင်းပန်သောအခါ ကျည်းကန်ရှင်ကြီး သည် ဤစကားကို သတိရသည်။ ရသည့်အတိုင်း ကျည်းကန်ရှာသူနှင့်စပ်၍ သုံးလိုက်သည်။ စကားကောင်းတစ်ရပ် လူထုလက်သို့ ရောက်လာခြင်းဖြစ်ပေ သည်။

သီတာရေချမ်း၊ ထိပ်ထက်ဆမ်းသို့
လွမ်းတစ်ပိုင်းပြေ၊ နေရပေ၏။

ဤသို့ဖြင့် **ဆမ်း** သဒ္ဒါသည် သားသည်အမေ သားချော့ရာမှ စတင် ကာ သားလွမ်းသူမိခင်၏ မေတ္တာစာထဲသို့ ရောက်သည်အထိ သံသရာလည် ပုံကို လေ့လာကာ မြန်မာသဒ္ဒါတစ်လုံး၏ ဖြစ်စဉ်ကို သတိပြုမိပါသတည်း။ (၁၉၆၃)

www.burmeseclassic.com

www.burmeseclassic.com

## တောင်တော်ရွှေပုပ္ပား

ဖျဉ်းညီနောင် တောင်ကလပ်မှာလ
ငုစပ်ကယ် ဒဝွေနဲ့
ပန်းငုရွှေ ဝါဝါဝင်းတဲ့ပြင်
စကားငုံ ထုံထုံသင်းချိန်မို့
မင်းလွင်က မှုန်ရီရီ။
ချောက် ကမ်းပါးငယ်နဲ့
ချပ်ကြားမှာ နေခိုလို့
တယိုယို စမ်းရေထွက်တွေက
တောင်ရှင်ကို ရေစင်ဆက်ရှာကြ
အေးမြက်ချို့ကြည်။
စပါးပုံ မာလာထွတ်ကိုဖြင့်
ဝေရီရီ နေခြည်ဆွတ်ပြန်တော့
ဦးညွှတ်လို့ လက်စုံချီ
စေတီနဲ့ ဂူကျောင်း။
ပတ်ဝန်းကျင် မျှော်
နတ်ကွန်း သည်တောင်မော်က
ရေကြည်သော် ဘယ်ညာလောင်းရင်ဖြင့်
တစ်သောင်းငယ် ဇမ္ဗူအေးပါလိမ့်
မြတ်ဓမ္မာ သံစုံကြွေးပါလို့
တောသစ်ပင် ထူထောင်မွေးကြပ
ကျေးလက်သာကြောင်း။

**ကြိုးဆိုပါ၏** ဆိုသော အဝါရောင် မော်ကွန်းတိုင်များကို တစ်တိုင်

**အိပ်မက်ဦး စာပေ**

www.burmeseclassic.com

www.burmeseclassic.com


ပြီးတစ်တိုင် ကျော်ဖြတ်၍ တစ်မြို့ဝင်တစ်မြို့ထွက်နှင့် လာခဲ့ရာ မြေပြန့်လွင်ပြင်ကို လွန်လျှင် ကုန်းမြင့်တောင်ခြေကို ကောက်တိကောက်ကွေးနှင့် တက်ရ၍ နောက်ဆုံးတွင် ကျွန်တော်တို့၏ ရည်မှန်းချက်ဖြစ်သော ပုပ္ပားမြို့သို့ ဆိုက်ရောက်ပါတော့သည်။ ပုပ္ပားမြို့သည် အနိမ့်ထဲက အမြင့်ဖြစ်သည်။ အခြောက်ထဲက အစိုဖြစ်သည်။ အဝါထဲက အစိမ်းဖြစ်သည်။ အပူထဲက အအေးဖြစ်သည်။ ဦးတင့်တယ်နတ်နန်းသို့ တက်ရာလမ်းနှင့် တောင်ကလပ်သို့ သွားရာလမ်း နှစ်ခုဆုံရာ ပုပ္ပားမြို့ထိပ်တွင် မြေကျေးရှင်းရိပ်သာ ရှိပါသည်။ ဤတွင် ကျွန်တော်တို့ အိမ်သားတစ်စု စခန်းချ ရပ်နားကြပါသည်။

ပုပ္ပားတောင် ရေဝေရေလဲနယ် မြေပုံကိုကြည့်လျှင် ရေထွက်များ၊ ချောင်းများ၊ ဖုန်းဆိုးများ၊ တောင်ယာများ၊ တောစိုများ၊ တောခြောက်များ၊ ငှက်ပျောခြံများ ဟူ၍ အကွက်အကွက် ရောင်စုံခြယ်ကာ သတ်မှတ်ထားသည်ကို တွေ့ရပါမည်။ ထိုနယ်တစ်ဝိုက်တွင် မကြာသေးမီကာလအတွင်းက သစ်ကြီးဝါးကြီးများ ပေါက်ရောက်တည်ရှိသဖြင့် နေပြောက်မထိုးအောင် ရှိသည်ဟု ဆိုသည်။ သို့သော် ကာလပျက်သောအခါအတွင်းက မင်းမဲ့ စိုးမဲ့သကဲ့သို့ဖြစ်ကာ သစ်ဝါးများကို စည်းမဲ့ကမ်းမဲ့ ခုတ်လှဲဖျက်ဆီးကြရာ ယခုအခါ ပုပ္ပါးတောင်မှာ တောင်ကတုံးနီးပါးမျှ ဖြစ်လျက်ရှိလေပြီ။ တောင်ယာက ဖုန်းဆိုးဖြစ်၍ တောစိုက တောခြောက်ဖြစ်ကာ ရေထွက်များလည်း ရေအထွက် ဆုတ်ခဲ့လေပြီ။

မြေဆီမြေဩလည်း အထိန်းအကွပ် မခိုင်သဖြင့် ရေတိုက်စားရာတွင်ပါ၍ အလဟဿ ဖြစ်ရလေပြီ။ သားငှက်တိရစ္ဆာန်တို့မှာလည်း မှီခိုရာ ရှားသည်တစ်ကြောင်း၊ အပစ်အခတ် အသတ်အညှစ်များသည် တစ်ကြောင်းကြောင့် တစ်နေ့တခြား လုံးပါးပါးလျက် ရှိလေပြီ။ ဤအချက်တို့ကို သတိမူမိသော နိုင်ငံတော်အစိုးရသည် သစ်တောဌာနနှင့် မြေကျေးရှင်းအဖွဲ့တို့ကို တာဝန်ပေးကာ ပုပ္ပားတောင် ပြန်လည်ထူထောင်ရေးကို အပူတပြင်း လုပ်ဆောင်လျက်ရှိလေသည်။ ပုပ္ပားမြို့ မြေကျေးရှင်းရိပ်သာသည် ဤလုပ်ငန်းအတွက် အချက်အချာဌာနပေတည်း။

ရိပ်သာ၏ ဝင်းခြံထဲတွင် ရေပန်းပဒေသာဖြင့် ဖျန်းပက်၍ ဝါးဆစ်တို့ဖြင့် ပျိုးထားသော ပျိုးပင်မျိုးစုံကို မျက်ကွက်ထရံမိုး၍ တစ်မျိုး၊ နေပူခံ၍ တစ်ဖုံ များစွာ တွေ့ရပါသည်။ ထိုပျိုးပင်ငယ်တို့ဖြင့် ပုပ္ပားမောင် **တောင်ကတုံးကို၊ သျှောင်ထုံးရန်** အားထုတ်လျက် ရှိကြသူတို့မှာ သကြ်န် ရက်အတွင်းတွင်ပင် မအားရှာကြပါ။ မြေဆွေးချသူကချ၊ မြေသြဇာ စပ်သူကစပ်၊ ပျိုးပင်ငယ်စိုက်သူကစိုက်၊ ရေဖျန်းသူက ဖျန်းနှင့် တပျော်တပါးကြီး ဖြစ်ပါသည်။ စပျစ်


www.burmeseclassic.com

www.burmeseclassic.com


နွယ်တွင် စပျစ်ခိုင် တွဲလဲ၊ စထရောဘယ်ရီ ဖုတ်တွင် စထရောဘယ်ရီသီး ရဲရဲ၊ ပျိုးပင်ခြံထဲတွင် ပျိုးပင်တွေ မဲမဲနှင့် အားရစရာကြီး ဖြစ်ပါသည်။

သူတို့ပျိုးထားသော အပင်များကို ရှုပါဦးလော့။ (၁) ကတွတ်ပင် (၂)ကော်ဖီပင် (၃) ကင်ပွန်းပင် (၄) ကုံကော်ပင် (၅) ကျောက်ပန်းပင် (၆) ချယ်ရီပင် (၇) ငုစပ်ပင် (၈) ငုရွှေပင် (၉) စကားစိမ်းပင် (၁၀) စထရော ဘယ်ရီပင် (၁၁) စပျစ်နွယ်ပင် (၁၂) စိန်ပန်းနီပင် (၁၃) စိန်ပန်းပြာပင် (၁၄) ဆေးရွက်ကြီးပင် (၁၅) ဆီးတော်ပင် (၁၆) ညောင်ပင် (၁၇) တမာပင် (၁၈) တောင်ထန်းပင် (၁၉) ဒန့်သလွန်ပင် (၂၀) ပရုပ်ဆီပင် (၂၁) ပိတောက်ပင် (၂၂) ပင်လယ်ကဗွီးပင် (၂၃) ပြည်ပန်းညိုပင် (၂၄) ပြည်လုံးချမ်းသာပင် (၂၅) ပွေးကိုင်းပင် (၂၆) ဗန္ဓာပင် (၂၇) မာလကာပင် (၂၈) မယ်ဇလီပင် (၂၉) ရှောက်ချဉ်ပင် (၃၀) ရှောက်ချိုပင် (၃၁) လိမ္မော်ပင် (၃၂) သဘော်တည်ပင် (၃၃) သဘော်မယ်ဇလီပင် (၃၄) အဝေရာပင် စသည်တို့ ဖြစ်ပါသည်။ ပုပ္ပားတောင် နဂိုရ်ရှိရင်း အပင်များတွင် ဤအပင်များကို ထပ်ဖြည့်လိုက်ပါက မည်သို့ဖြစ်လာမည်ကို စဉ်းစားကြည့်နိုင်ပါသည်။

လာမည့် ငါးနှစ်၊ ဆယ်နှစ်၊ ဆယ့်ငါးနှစ်ကို လှမ်းမျှော်၍ နွားပိန် အသားထိုးကြည့်လျှင် ဝမ်းသာစရာကြီးဖြစ်သည်။ ပင်လယ်ကမ်းစပ်က တက်ရောက်လာသော ကဗွီးပင်ကြီးများသည် လေထဲတွင် တရှဲရှဲမြည်ကာ ယိမ်းထိုးလျက် ပြည်လုံးချမ်းသာ (ယူကလစ်တတ်) ပင်တို့၏ အနံ့သည် သင်းထုံမွှေးပျံ့လျက် စိန်ပန်းနီ၊ စိန်ပန်းပြာတို့က တောင်စွယ်တောင်စောင်း တောင်လမောင်းကို ပတ္တမြားတစ်ရစ်၊ နီလာတစ်ရစ် စီခြယ်လျက် ပိတောက်နှင့် ငုရွှေဝါတို့က ဇမ္ဗူရစ်ပမာ အောက်ခံပြုလျက် ရှိစဉ်တွင် ကုံကော်ပင်ရိပ်၌ ထိုင်ကာ စပျစ်သီးကို ဝါးရင်း ကော်ဖီဖျော်သောက်ရပါမူ မည်မျှဇိမ်ရှိပါမည်လဲဟု စိတ်ကူးနှင့် ရှုးကြည့်နိုင်ပါသည်။ ထိုအပင်များကို စိုက်ပျိုးနေရုံမျှမက သားငှက်တိရစ္ဆာန်တို့ကို မပစ်မခတ် မသတ်မညှစ်ရဟု ပိတ်ပင်ကာ ဘေးမဲ့တောအဖြစ် ကြေညာထားသည်ဖြစ်၍လည်း ပုပ္ပားတောင် ရေဝေရေလဲနယ်မြေသည် ရှေးတောလားကြီးများကို ရုပ်လုံးဖော်ရာ ဒေသကြီး ဖြစ်လာစရာအကြောင်း ရှိပါသည်။

ကျွန်တော်တို့သည် ခရီးရောက်မဆိုက်ပင် အထုပ်မျှ မဖြေသေးခင် ပုပ္ပား၏ သာယာမှုကို ခံစားလိုသဖြင့် ဦးတင့်တယ်ခေါ် **မင်းမှာဂရီ** ၏ နတ်ကွန်းရှိရာသို့ တက်ကြပါသည်။ လမ်းဘေးတွင် တသွင်သွင် စီးဆင်းလျက်ရှိသော ရေစီးကား နမတော် ရေထွက်မှ လာသောရေဟု သိရသည်။ အတန်သွားမိလျှင် ဦးတင့်တယ်၏ နမတော် ရှင်မြတ်လှ၏ နတ်ကွန်းသို့ ရောက်ပါ


www.burmeseclassic.com

www.burmeseclassic.com


သည်။ ထိုမှတစ်ဆင့် တက်ပြန်သော် ဦးတင့်တယ်၏ နတ်ကွန်းအနီးတွင် ဦးခန္တီ တည်လုပ်ခဲ့သော လျောင်းတော်မူကိုယ်တော်ကြီးမှာ တန်ဆောင်းဒကာကို မျှော်လင့်လျက်ရှိပါသည်။ နတ်ကွန်း၏ လက်ယာဘက်တွင်ကား အသူတရာချောက်ကြီးကို မြင်ရပါသည်။ ကမ်းပါးစောက်ကြီးမှာ ကျောက်ထရံကြီးသဖွယ် ဖြစ်ပါတော့သည်။ ဤချောက်ထဲတွင် မောင်တော်ရေထွက်နှင့် နှမတော်ရေထွက်ရှိသည်ဟု သိရသည်။ ထို့ကြောင့် ကျွန်တော်တို့သည် လာလမ်းအတိုင်း ပြန်ဆင်းခဲ့ရာ ခြံစည်းရိုးတွင် ပန်းရောင်ပန်းပွားကလေးများသဖွယ် ပွင့်နေသော သန်လျက်ကြီးပင်၊ ဆူးထက်ထက်နှင့် ရန်ထောင်နေသော ဆူးချဉ်ပင်၊ ဆေးဖက်ဝင်သော ရှင်ကစ္စည်းပင် စသည်တို့ကို ကြည့်ရှုလေ့လာရင်းနှင့် နှမတော်နတ်ကွန်းအနီးသို့ ရောက်လာကြပါသည်။

ဤတွင် လက်ယာဘက်သို့ ဖဲ့ထွက်ကာ တောင်စောင်းကော်ဖိခြံကို ဝင်ခဲ့ကြရာ ခဏအတွင်းတွင်ပင် နှမတော် ရေထွက်သို့ ရောက်ပါသည်။ မမြင်ရသော ကျောက်ကြားမှ အေးမြကြည်လင်သော ရေသည် တရစပ် စီးထွက်လျက်ရှိသည်။ ထိုနေရာကမှ တစ်ဖန် ချောက်ကြားချောင်းတွင်းသို့ ဆင်းပြန်သောအခါ မောင်တော်ရေထွက်သို့ ရောက်ပါသည်။ ဖိုးခေါင်ငှက်၏ အော်မြည်သံကို နာခံရင်း ရေထွက်အနီး ကျောက်ဆောင်ထက်တွင် ထိုင်ကာ အပန်းဖြေခိုက်တွင် စံကားပန်းနံ့သင်းသင်းကို ရှုရှိုက်ရပါသည်။ အနီးတွင် ပေါက်နေသော စံကားပင်ကြီးကား အဓိကရပါတည်း။ ငှက်ပျောတောကြီးမှာလည်း မိုက် နေပါသည်။ ထိုနေရာတွင် ရွှေရာသီမှ ရှိပါလေစဟု သံသယဖြစ်မိပါတော့သည်။

နောက်တစ်နေ့နံနက်တွင်ကား တောင်ကလပ်ကို တက်ရန် ဖြစ်ပါသည်။ တောင်ကလပ်ကို တက်လိုသောသူသည် တောင်ကလပ်ခြေရင်းသို့ ပထမ သွားရပါသည်။ တောင်ကလပ်ခြေရင်းသို့ လမ်းသုံးသွယ်ဖြင့် ရောက်နိုင်ပါသည်။ ပထမလမ်းမှာ ပုပ္ပားမြို့သို့ မတက်ခင် မြေနိမ့်ပိုင်း မိုးခေါင်ကျော်စွာ နတ်ကွန်းမှ စသော မော်တော်ကားလမ်း ဖြစ်ပါသည်။ ဒုတိယလမ်းမှာ မြေကျေးရှင်းရိပ်သာဘေးမှ တက်ရသော ခြေကျင်တောလမ်း ဖြစ်ပါသည်။ တတိယလမ်းမှာ နှမတော်နတ်ကွန်းမှ ရသေ့ညီနောင်ဂူကို ဖြတ်ကျော်သွားရသော ခြေကျင်တောလမ်းဖြစ်ပါသည်။ ကျွန်တော်တို့အဖို့မှာ ဒုတိယလမ်းသည် အသင့်ဆုံးဖြစ်သဖြင့် ထိုလမ်းဖြင့် တက်ကြပါသည်။ လမ်းဆိုသော်လည်း ပြုပြင်ဖောက်လုပ်ထားသော လမ်းမျိုးမဟုတ်။ သူသွားငါသွားနှင့် တောကြားတွင်ဖြစ်နေသော ခြေသွားလမ်းမျှဖြစ်ပါသည်။ ထိုလမ်းသည် တောင်ခါးပန်းကို လျှောက်သွားသဖြင့် အတော်ပင် ပြေပါသည်။ တစ်ချက်တစ်ချက် အတက်


www.burmeseclassic.com

www.burmeseclassic.com


ရှိ၍ မောသော်လည်း သစ်ပင်ရိပ် ကျောက်တုံးထက်တွင် ခဏနားလျှင် အမော ပြေပါသည်။ ထိုမျှမကသေး ကျေးငှက်သံတို့လည်း သာယာပါသည်။ တော ပန်းတောင်ပန်းတို့လည်း တင့်တယ်ပါသည်။ ဖွန်ပန်းနှင့် ခပ်ဆင်ဆင်ပွင့်နေ သော ပန်းကလေးမှာ မွှေးလည်းမွှေး လှလည်းလှပါသည်။ ငှက်ပျောသီးထမ်း ၍ တောင်ပေါ်မှ ဆင်းလာသော သူငယ်မကလေးတစ်ဦး၏ ခေါင်းပေါ်တွင် ဝေနေအောင် ပန်ထားသည်ကို မြင်၍ မေးကြည့်ရာ ဒဂွေပန်းဟု ပြောပါသည်။ နောက်တစ်ဦးကို မေးမြန်းသောအခါလည်း ထိုအတိုင်းပင် ဖြေပါသည်။ ကျွန် တော်ကား ထိုအမည်မျိုးကို ကြားလည်းမကြားဘူးပါ။ စာထဲပေထဲတွင်လည်း မတွေ့ဘူးပါ။ သို့ဖြင့် တတွေးတွေးနှင့် တက်လာရာ ပင်းယ ကာချင်းများတွင် ပါသော သင်းခွေပန်းကို ရုတ်တရက် ပြေး၍ သတိရမိပါသည်။ ထို့ကြောင့် **သင်းခွေ** မှ **ဒဂွေ** သို့ ပြောင်းလဲလာလေသလားဟု တွေးမိပါသည်။ လက် ထုတ်ပွင့်နှင့် ခေါင်တံပန်းကလေးတို့မှာလည်း ဣန္ဒြေရရနှင့် ယဉ်ပါပေသည်။ တစ်ချက်တစ်ချက်တွင် ငုရွှေပန်းများ ဝင်းခနဲ၊ ငုစပ်ပန်းများ လက်ခနဲကို မြင် ရပါသေးသည်။

သို့ဖြင့် အဆင်းတစ်ခုသို့ ရောက်သောအခါ လမ်းခွဲကလေးတစ်ခု ကို တွေ့၍ စွတ်လိုက်သွားမိသည်။ ခဏအကြာတွင် ရေထွက်တစ်ခုကို တွေ့ရ ပါသည်။ ရင်နင်းရေဟု ခေါ်၍ တောင်ကလပ်ခြေရင်းသို့ ပြွန်ဖြင့် ပို့ရသော ရေဖြစ်ကြောင်း သိရပါသည်။ ထိုမှ မော့ကြည့်လိုက်လျှင် တောင်ကလပ်ကြီး မိုးနေသည်ကို မြင်ရပါသည်။ သစ်လွင်သော တိုက်တာအဆောက်အအုံတို့ကို လည်း တောင်ခြေတွင် မြင်ရပါသည်။ ရောက်ချင်ဇောဖြင့် မောရမှန်းမသိဘဲ တက်လိုက်ရာ တောင်ခြေသို့ ရောက်သွားပါတော့သည်။ ဘုရားဖူး လူကြီး လူငယ်တို့မှာ ခြေချင်းလိမ်လျက်၊ ဆင်းသူဆင်း၊ တက်သူတက်၊ ခေါ်သူခေါ်၊ အော်သူအော်နှင့် ရှိကြပါသည်။ ဇရပ်ကြီးများ၏ ဥပစာတွင် အင်္ဂတေဖြင့် ပြုလုပ်ထားသော ဇော်ဂျီရုပ်များ၊ ဝိဇ္ဇာရုပ်များမှာ အသစ်စက်စက်ပင် ရှိပါသေး သည်။ ထမင်းဆိုင်၊ လက်ဖက်ရည်ဆိုင်၊ ပန်းဆိုင် တို့ကလည်း တစာစာ ဖိတ် ခေါ်လျက်ရှိကြသေးသည်။

တခြား ဘုရားဈေးများနှင့် မတူသောအချက်တစ်ရပ်မှာ ပုပ္ပားထွက် ပရဆေးဆိုင်များ ရှိခြင်းဖြစ်ပါသည်။ အရိုးစူးလျှင် ကျစေတတ်သည့် ဆေး လက်ဝါးတဲ့၊ ဆီးအောင့်လျှင် ပျောက်စေတတ်သည့် လေသိုက်တဲ့၊ ဆီးအောင့် ကျောက်တည် ပျောက်စေတတ်သည့် ကျောက်ခရုတဲ့၊ စုံပါတော့သည်။ အထူး သဖြင့်ကား ဆေးမြစ်စုံ အစည်းကလေးများ ဖြစ်ပါသည်။ တစ်စည်းလျှင် ဆေး မြစ်စုံ ခုနစ်မျိုး နံပါတ်ထိုး၍ အညွှန်းနှင့်တကွ ပါပါသည်။ (၁)

www.burmeseclassic.com


တောင်တန် ကြီး (၂) ရင်းပြား (၃) ရာဇဝင် (၄) အကျော် (၅) ဆေးဝါကြီးခေါ် တောင် လုံးကျော် (၆) စောင်ခြမ်းနက် (၇) မယားနင်းတို့ ဖြစ်ပါသည်။ လုပ်ရပ်သမား များအတွက် ဂမုန်းမျိုးစုံ၊ ကျောက်မျိုးစုံတို့လည်း ရှိပါသေးသည်။ ဦးကြင်ဥ သီချင်းများကို သတိရစရာပင် ဖြစ်ပါတော့သည်။

နောက် ထူးခြားချက်တစ်ရပ်မှာ စေတီကျောက်ကလေးများ ဖြစ်ပါသည်။ ပုပ္ပားတောင်တစ်ဝိုက်တွင် သလင်းကျောက်ကဲ့သို့ ဖောက်ထွင်း၍မြင်ရသော ကျောက်ကြည်ကလေးများ ထွက်ပါသည်။ ထိုကျောက်တို့တွင် အစင်းအကွက်ကလေးများ သဘာဝအလျောက် ဖြစ်နေရာ ရွှေးတတ်သွေးတတ်လျှင် စေတီပုံများ၊ တောပုံတောင်ပုံများကို ရပါသည်။ တံခွန်တိုင်၊ တန်ဆောင်း၊ ဇရပ်တို့နှင့် ပြည့်စုံသော တောင်ကလပ်ပုံပင် ရှိသည်ဟု ကြားရပါသည်။ အဖိုးလည်း ထိုက်ပေသည်။ ငါးကျပ်၊ တစ်ဆယ်တန်မှ နှစ်ရာ သုံးရာတန်အထိ ဈေးခေါ်သည်ကို ကြားခဲ့ရပါသည်။ ထိုကျောက်တို့ကို လက်စွပ်ကွင်းနိုင်သည်။ နားဆွဲလုပ်နိုင်သည်။ ဆွဲပြားချိတ်နိုင်သည်။

ထိုမှတစ်ပါးလည်း ဘုရားတရားတော်ကို မိမိနည်းဖြင့် မိမိယုံကြည်ချက်အတိုင်း လိုက်နာကျင့်သုံးကာ ကမ္ဘာ့ငြိမ်းချမ်းရေး၊ မြန်မာ့ငြိမ်းချမ်းရေးအတွက် မေတ္တာရေမောင်း သွန်းလောင်းနေကြသော ပုဂ္ဂိုလ်များနှင့် လောကီကျွတ်တမ်း လောကုတ္တရာကျွတ်တမ်း ရှာနေသော ပုဂ္ဂိုလ်များသည် တောအနှံ့ တောင်အနှံ့ ပုပ္ပားရိပ်ခိုလျက် ရှိကြောင်းကိုလည်း တစ်ဆင့်စကား ကြားသိခဲ့ရပါသည်။

ကဲ၊ တောင်ကလပ်ကို တက်ကြဦးစို့။ နဂါးရုပ်ကြီးများ ပါးပျဉ်းထောင်ကာ စောင့်လင့်ကြိုဆိုနေသော စောင်းတန်းမုခ်ဦးမှ တက်လိုက်လျှင် မယ်ဝဏ္ဏနတ်ကွန်းကို ရောက်ပါသည်။ ကျွန်တော်တို့ ရောက်စဉ်က ဆိုင်းနှင့်ဝိုင်းနှင့် နတ်ပွဲပေးလျက်ရှိပါသည်။ နတ်ကသူလည်း တမော၊ ပွဲကြည့်သူလည်း တမောပင်။ မယ်ဝဏ္ဏမှာ ရွှေဖျဉ်းညီနောင်၏ မယ်တော်ဖြစ်၍ နော်ရထာမင်းစောခေတ်က ဤတောင်တွင် ပန်းခူးနေသော အမျိုးသမီးတစ်ဦးဖြစ်ပေသည်။ ဤတောင်တွင် မယ်ဝဏ္ဏ ပုပ္ပားသူနှင့် ပင်လယ်ရပ်ခြား တိုင်းတစ်ပါးသားဖြစ်သော မောင်ဗျတ္တတို့ ဖူးစာဆုံရာအရပ် ဖြစ်သောကြောင့် မေတ္တာပန်းရနံ့ မွှေးပျံ့နေသော ဒေသဖြစ်ကြောင်းကို ကျောက်တုံးကျောက်ဆောင် အုတ်ထရံ သံလှေကားတို့တွင် ဘုရားဖူးလာကြသော ကာလသမီး ကာလသားတို့ ရေးထိုးခဲ့ကြသည့် မေဖြူစာ၊ မီးသွေးစာတို့က သက်သေခံလျက်ရှိပေသည်။ ဆက်၍ တက်ပြန်သော် မောတစ်လှည့် နားတစ်လှည့် ပတ်ဝန်းကျင်ကို မျှော်တစ်လှည့်နှင့် ရွှေဖျဉ်းညီနောင် နတ်ကွန်းသို့ ရောက်ပါသည်။ ရွှေဖျဉ်းညီနောင်


www.burmeseclassic.com

www.burmeseclassic.com


တို့ ဤတောင်တွင် လှည့်လည် ပျော်ပါးခဲ့စဉ်က လူသူမနီး တောကြီးမျက်မည်း ဖြစ်ပေရာသည်။ ဤမျှ မတ်စောက်သော တောင်ကို သူတို့ညီနောင်လို လူစွမ်းကောင်းများမှ တက်တုံ သက်တုံ ပြုနိုင်ပေမည်။ သံလှေကားကို ဖက်တက်ရသော နေရာကား အသည်းအေးစရာ ဖြစ်ပါသည်။ လူများက တခဲတယဉ်း သက်ပြင်းရှူ၍ တက်နေကြသည်ကို ချောက်ထဲကနေ၍ ငှက်ပျောသီး တောင်းနေသော မျောက်တွေ သတိပြုမိလျှင် ပြုံးကြရယ်ကြပေလိမ့်မည်။ တောင်ကလပ်မျက်နှာပြင်ကား တစ်ဧကခန့် ရှိမည်ဟု ဆိုသည်။ တန်ဆောင်းများ၊ ဘုရားများ၊ တံခွန်တိုင်များနှင့် ပြည့်လျက်ရှိသည်။ သပြေပန်းဝယ်၍ ဘုရားဖူး၊ ဆုတောင်း၊ မေတ္တာပို့ပြီးလျှင် အရပ်ရှစ်မျက်နှာသို့ မျှော်မှန်းကြည့်ရှုနိုင်သည်။ သို့သော် ထိုကာလကား မြူဝဲသော ကာလ မင်းလွင်မြူးသော ကာလ ဖြစ်၍ ဝေးဝေးကို မမြင်နိုင်ပါ။ ထိုသို့ အမြင်ကျဉ်းသောကာလ ဖြစ်၍လား မသိ၊ တောင်၏ အထက်ပိုင်းနှင့် အောက်ပိုင်းမှာ ဝါဒကွဲကာ စိတ်ဝမ်းမညီမညွတ် ရှိသည်ဟု ဝမ်းနည်းဖွယ်သတင်းကို တိုးတိုးတိတ်တိတ် ကြားခဲ့ရပါသည်။

သိမီလိုက်သူတို့ စကားအရဆိုလျှင် မဝေးသေးသော လွန်ခဲ့သည့်အခါက တောင်ကလပ်တွင် ဘုရားပုထိုးမရှိ။ လူသူအရောက်အပေါက် နည်းသည်။ တက်လို့လည်း မလွယ်ကူလှ။ သို့သော် သင်းအုံပင်များ ပေါက်သည်။ သင်းအုံဥမှာ စား၍ကောင်းသည်။ သင်းအုံဥအောင်သော နတ်တော်လတွင် ရဲစွမ်းသော သူတို့သည် နွယ်ငန်းကို ဆွဲ၍ဖြစ်စေ၊ ဝါးကိုထောင်၍ ဖြစ်စေ တက်ကြသည်။ နောင်သောအခါမှ ရသေ့ကြီးဦးခန္တီ စသော ပုဂ္ဂိုလ်တို့ ပြုပြင်ဖန်ဆင်းသဖြင့် ဤသို့ သူရော ငါပါလွယ်ကူစွာ တက်နိုင်သော အခြေသို့ ရောက်လာသည်ဟု ကြားသိရပါသည်။

တောင်ကလပ်မှ မြောက်သို့ မျှော်လိုက်လျှင် မြင့်မားသော တောင်ထွတ်အများကို မြင်ရပါသည်။ ချုံးမတွင်း ချောက်ကြီးကို ရံ၍ ထိုတောင်ထွတ်များ ပေါက်လျက်ရှိသည်။ အမြင့်ဆုံးမှာ မှန်ပြတောင်ဟု ခေါ်သော ပုပ္ပားတောင်ထွတ်ဖြစ်၍ ပေပေါင်း ၄၉၈၁ မြင့်ပါသည်။ ဆယ့်ကိုးယုတ် ငါးထောင်ဟု မှတ်ကြပါသည်။

စပါးပုံတောင်၊ ဆေးပွင့်တောင်၊ နွားလပို့တောင်၊ မောင်တော်ငုတ်တုတ်တောင်၊ မြင်းကတောင်၊ မာလာတောင်တို့သည်လည်း ထင်ရှားသော တောင်ထွတ်များ ဖြစ်ကြပါသည်။ ထိုတောင်ထွတ်များ ပါဝင်သော ပုပ္ပားတောင်မကြီးကို စောစောတက်လျှင် နံနက်စာအမီ ပြန်နိုင်ကြောင်းကိုလည်း သိရပါသည်။


www.burmeseclassic.com

www.burmeseclassic.com


နောက်တစ်နေ့ နံနက်စောစောတွင် ကျွန်တော်တို့ တောင်မကြီးကို တက်ကြပါသည်။ အသက်ခုနစ်ဆယ်ကျော် ဦးကြီး ဦးစံဖေက လိုက်ပို့ပါသည်။ ပထမဦးစွာ ဦးတင့်တယ် နတ်ကွန်းသို့ သွား၍ ထိုမှတစ်ဆင့် မောင်တော်တောင်ကို ပြေချည်မတ်ချည်နှင့် တက်ရပါသည်။ လမ်းတစ်လျှောက်တွင် ဓာတ်မီးတိုင်များ စိုက်ထားသည်ကို တွေ့ရ၍ စုံစမ်းကြည့်ရာ ဘုရား စသည်တို့ကို မီးပူဇော်သော တိုင်များဟု သိရပါသည်။ သို့သော်လည်း ယခုအခါ ကြိုးများ ပျောက်၍ ဘုရားမှာ မှောင်ကျလျက်ရှိကြောင်း ပြောကြပါသည်။ အချို့ကလည်း မှောင်ကျပြီးမှ ကြိုးပျောက်ကြောင်း၊ တချို့ကလည်း ကြိုးပျောက်ပြီးမှ မှောင်ကျကြောင်း ဝါဒကွဲလျက် ရှိပါသည်။ ပြည်ထဲရေးဂယက် ဘုရားကို ရိုက်ခတ်သယောင်ယောင်ပင် ဆိုကြပါသည်။ ကျွန်တော့်အဖို့မှာကား တောင်မြောင် ချောက်ကြားကိုဖြတ်၍ ခဲခဲယဉ်းယဉ်းနှင့် ငွေကုန်ကြေးကျခံကာ ဓာတ်တိုင်များကို စိုက်ပြီးမှ ဘုရားမီး မလင်းသည်ကို နှမြောမိပါသည်။ သံဝေဂ ရမိပါသည်။

မောင်တော်တောင်ကား တောင်ထွတ်များနှင့် စာလျှင် အနိမ့်ပိုင်းဖြစ်၍ တောစိုများ ငှက်ပျောခြံများနှင့် စိမ်းလန်းလျက်ရှိသည်။ သားငှက်တိရစ္ဆာန်တို့ကို ဘေးမဲ့ပေးထားရာ အရပ်ဖြစ်ကြောင်း ကြော်ငြာစာများကိုလည်း ဖတ်ရပါသည်။ တောင်အဆုံးလောက်တွင် ဗိုလ်ရုံအိုင့်ခေါ်သော နေရာသို့ ရောက်ပါသည်။ ရှေးက ဗိုလ်ရုံခေါ် ဗိုလ်တဲတစ်ခုကို အင်္ဂလိပ်များ ဆောက်လုပ်ထားဖူး၍ ဤအမည်တွင်ကြောင်း သိရပါသည်။

ထို့နောက် လယ်ယာဘက်တွင် မာလာတောင်၊ လက်ဝဲဘက်တွင် မောင်တော်ငုတ်တုတ်တောင်ကို ထား၍ စပါးပုံတောင်ကို တက်ရပါသည်။ ဤတောင်ကား မြင့်လည်းမြင့်၊ မတ်လည်းမတ်၍ မကြာခဏ နားရပါသည်။ တောလည်းပါးလာ၍ မြက်ခြောက်များသာ အရှိများပါသည်။ နေလည်း ရင့်လာပါပြီ။ သို့သော် နားရင်း နေရင်းနှင့် အဝေးသို့ မြင်သ၍ လှမ်း၍ကြည့်ကာ တက်လျှင် သက်သာပါသည်။

ပထမဦးစွာ ဦးတင့်တယ် နတ်ကွန်းကို တက်စဉ်က မြင့်လှစောက်လှသည်ဟု ထင်ခဲ့သည်။ ဒုတိယ တောင်ကလပ်ကို တက်စဉ်က သာ၍ မြင့်သည်၊ သာ၍ စောက်သည်ဟု ထင်ပြန်သည်။ ယခု စပါးပုံတောင်ကို တက်သောအခါ အမြင့်ဆုံး အစောက်ဆုံးကို တွေ့ရပါသည်။ မီးတောင်ဟောင်း၏ ခံတွင်းဝ ဟုဆိုသော ချုံးမတွင်း ချောက်ကြီးကို ငုံ့ကြည့်သောအခါ အသည်း ယားမိပါသည်။ ချောက်ထဲတွင် ရေထွက်ရှိ၍ တောဝက်များ ခိုအောင်း နေထိုင်ကြောင်း သိရပါသည်။


www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော့်အတွက် အဆိုးဆုံးနေရာကား စပါးပုံ တောင်ထွတ်ကို ပတ်၍ ဖောက်ထားသော သုံးလေးမိနစ် သွားရသည့်လမ်းကျဉ်းကလေး ဖြစ်ပါသည်။ လက်ဝဲဘက်တွင် တောင်ထွတ်ကြီးမိုးလျက် လက်ယာဘက်တွင် ချောက်ကမ်းပါးကြီးစောက်လျက်၊ တွယ်စရာ ဖက်စရာ ဘာမျှမရှိ။ မတော်တဆ တစ်စုံတစ်ရာဖြစ်ပါက အချောပဲ ဟူသော အတွေးသည် အလိုလို ရောက်လာ၍ ကြောက်မိသည်။ ရွံ့မိသည်။ ထိတ်မိသည်။ အူထဲက ယားလာသည်။ ခြေထဲက ဆာလာသည်။ ခေါင်းထဲက နောက်လာသည်။ ဖြစ်မှဖြစ်ပါ့မလား။ ခဏရပ်နား၍ မျက်စိမှိတ်ကာ စိတ်ကို ရဲဆေးတင်လိုက်ရသည်။ ထို့နောက် ဆက်သွားပြန်ရာ မသိမသာပင် ထိုကြောက်ဖွယ်ခရီးကို လွန်မြောက်သွားပါတော့သည်။ သို့သော် အကြောက်ကား မပြေ။ တောင်ထွတ်ထက်တွင် ဦးခန္တီ တည်ခဲ့သည်ဆိုသော ထူပါရုံစေတီကိုမျှ လွတ်လပ်စွာ မဖူးရ။ စိန်ဖူးတင်နေသူတို့အဖို့မှ သာစုမခေါ်မိ။ မည်ကဲ့သို့ ပြန်၍ဆင်းရပါမည်နည်းဟူသော တိတ်တိတ်ခိုး၍ ရှက်ရှက်နှင့် တွေးနေမိတော့သည်။

ဆက်၍ လှမ်းမျှော်လိုက်သောအခါ မှန်ပြတောင်ထွတ်တွင် ဘုရားနှစ်ဆူကို မြင်ရသည်။ ထိုဘုရားနှစ်ဆူ၏ စိတ်ဝင်စားဖွယ် သမိုင်းများကိုလည်း ဘုရားဖူးများ ပြောကြားနေသဖြင့် ကြောက်ရင်း ရွံ့ရင်း ကြားမိခဲ့ရသည်။ ထိုဘုရားများကို သွား၍ ဖူးရအောင်ဟု ဘုရားဖူးများက အဖော်ညှိသောအခါ နေမြင့်ပြီဗျာ၊ နောက်တစ်ကြိမ်မှ ဖူးတော့မည်ဟု စကားပြေပြောလိုက်ရသော်လည်း အမြင့်အစောက်ကို ကြောက်တတ်သော ကျွန်တော့်အဖို့မှာကား ဒုတိယအကြိမ်ကို မစဉ်းစားမိတော့ပါ။

ပုပ္ပားမြို့ကို ခလုတ်မထိ ဆူးမငြိဘဲ မည်သို့ ပြန်ရောက်ရပါမည်နည်းဟုသာ တွေးနေမိပါသည်။ သို့သော် တကယ်တမ်း ပြန်ကြစို့ဟု ခရီးတွက်လိုက်သောအခါတွင်ကား စောစောက ကြို၍ ကြောက်မိချက် ရွံ့မိချက်တို့မှာ အကြောင်းမဲ့မျှသာ ဖြစ်၍ စကားတပြောပြောနှင့်ပင် တောင်ခုလတ်သို့ ရောက်ခဲ့ရပါတော့သည်။ စပါးပုံတောင်ခါးပန်းမှာလ၊ နတ်လမ်းအလွန်စောက်သောကြောင့်၊ ကြောက်ကြောက်နှင့် တက်ရတယ်၊ ရှက်ဖွယ်ကွဲ့ပါတကား ဟုပင် ရေရွတ်မိပါတော့သည်။

တောင်ခုလတ်တွင် လာရင်းလမ်းမှ မြောက်ဘက်သို့ ချိုးဆင်းကြပါသည်။ တောင်စောက်သော လမ်းငယ်ဖြစ်ပါသည်။ ဖိုးခေါင်ငှက်အော်သံ၊ ခါတုတ်သံ၊ ဘုတ်မြည်သံတို့ကို ကြားရပါသည်။ နေပူသောအခါ သစ်ပင်ပျိုတို့၏ ရွက်သစ်ရိပ်တွင် ခိုရပါသည်။ တစ်ခုသောသစ်ပင်တွင် စက္ကူမုလေးပွားနှင့် တူသည့် သစ်ရွက်နုရောင် ပန်းများ တွဲလျားကျနေသည်ကို တွေ့၍ မေး


www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရာ ရေခမိုးပင် ဟု ခေါ်ကြောင်း သိရပါသည်။ သို့ဖြင့် ဥမင်ရေခေါ်သော မီးစောင့်ကင်းစခန်းသို့ ရောက်သွားပါသည်။ ပုပ္ပားတောင်ပေါ်တွင် ဆေးလိပ်မသောက်ရဟု တားမြစ်ထားသည်။ မီးသတိပြုဆိုသော ဆိုင်းဘုတ်များကို တောအနှံ့ တောင်အနှံ့ တွေ့ရသည်။ မီးတားလမ်းများကို တောင်စောင်း တောင်ထွတ်တို့တွင် ရှင်းလင်းဖောက်လုပ်ထားပါသည်။ မီးသတ်သမားများကို ကင်းတဲများနှင့် နေ့ရောညပါ စောင့်စေသည်။ ဥမင်ရေစခန်းတွင် ကျွန်တော်တို့ နံနက်စာ စားသောအခါ မွန်းတိမ်းပြီဖြစ်ပါသည်။ စခန်းမှ အောက်ဘက်ချောက်တွင်းသို့ ဆင်းလိုက်သောအခါတွင် ရေတသွင်သွင် စီးထွက်နေသော ရေထွက်တစ်ခုကို မြင့်မားထူထပ်သော တောအုပ်အောက်တွင် တွေ့ရပါသည်။ အချို့ဘုရားဖူးများ ရေချိုးနေကြပါသည်။ အထက်သို့ အနည်းငယ် တက်ပြန်သော် တောင်ခါးပန်းတွင် ထွင်းထားသော ဥမင်ဂူတစ်ခုကို တွေ့ရသည်။ ရှေးအခါက ပထမဦးအောင် စသူတို့ ထွက်ရပ်လမ်း ရှာခဲ့ကြရာ ဂူဖြစ်ကြောင်း ပြောကြပါသည်။ ဂူရိပ်တွင် ကျွန်တော်တို့သည် တရေးတမောအိပ်၍ နေချိုမှ ပုပ္ပါးမြို့သို့ ပြန်ခဲ့ကြပါသည်။

ဤသို့ဖြင့် ရောဂါကို ပျောက်စေသော ဆေးပင်များပေါက်ရာ ကမ္ဘာ့ငြိမ်းချမ်းရေး၊ မြန်မာ့ငြိမ်းချမ်းရေးကို လိုလားသော သူတော်စင်တို့ မွေ့လျော်ရာ စမ်းရေထွက်များပေါများရာ ပုပ္ပားတောင်ကြီးတွင် လှည့်လည်ပြီးနောက် အချိန်ရောက်သောအခါ ကြိုဆိုပါ၏ဆိုသော မော်ကွန်းတိုင်များကို ဖြတ်ကျော်ပြန်၍ ပေါက္ကံပြည်ကြီးဆီသို့ ထွက်ခွာခဲ့ပါတော့သတည်း။ (၁၉၆၀)

www.burmeseclassic.com

www.burmeseclassic.com

## ဦးပုညနှင့် ဒုံးချင်း

မီးကျည် မီးပန်း မီးရှူး မီးပုံ ရှို့လွှတ်ခြင်းကို ရှေးအခါက စစ်ရေး မက်ရေးတွင်လည်း အသုံးပြုသည်။ ပျော်ရေး ရွှင်ရေးတွင်လည်း အသုံးပြု သည်။ စစ်ရေးမက်ရေးအတွက် မီးကျည်မီးပန်း စသည်တို့ကို မြို့ရိုးအနီးတွင် အသင့်ထားရသည်။ ရန်သူ၏ ဆင်မြင်းတို့ကို ထိတ်လန့်ထွက်ပြေးအောင် ရှို့ လွှတ်ပစ်ဖောက်ကြသည်။ ပျော်ရေး ရွှင်ရေး အတွက်ကား သင့်လျော်သည့်အခါ တိုင်းတွင် မီးကျည်မီးပန်း စသည်တို့ကို ရှို့လွှတ်ကြသည်။ ဤသို့ ရှို့လွှတ် ရာတွင် ထိခိုက်၍ အသက်အန္တရာယ်ဖြစ်တတ်သည်။ ဥပမာဆိုလျှင် ကိုး ကျောင်းဒကာနတ်သည် အနော်ရထာမင်းလက်ထက် ရွှေစည်းခုံ ဘုရားပွဲ မီးကျည် မီးပန်း လွှတ်ရာတွင် မီးမှန်၍ ဘဝပြောင်းရကာ နတ်ဖြစ်သည်ဟု ဆိုသည်။ ထို့ကြောင့် သူ့နတ်သံတွင် . . .

တန်ခိုးရယ်မှ ရောင်ဟုန်  
ရွှေစည်းခုံဝယ်  
ကြည်ယုံငယ်မှ အမြဲ  
များပုံယင်သည်  
ရှင်တော်ပွဲ၌  
မလွဲမသွေ  
မီးမှန်ချေလို့  
ဆုံးလေခဏ  
ကိုးကျောင်းဒကာ  
နတ်ချမ်းသာငယ်  
ဖြစ်လာရင့်။  
မှတ်ကြမပျက်



www.burmeseclassic.com

www.burmeseclassic.com


မနက်မရှို့ မကြည်မြို့နှင့်။
ကိုယ်ဖို့မဆောင်
ရွှေပြည်တွင်းမှာ၊ မင်းကုန်အောင်တို့။

ဟု နောင်တကြီးစွာနှင့် မှာကြား ဆုံးမထားလေသည်။ ဘုရားပွဲ၊ ဘုန်းကြီးပျံပွဲ စသည်တို့တွင် မီးကျည် မီးပန်း စသည်တို့ ရှို့လွှတ်ပစ်ဖောက်မှုကို ရဟန်းတော်များလည်း ပြုလုပ်ပုံရသည်။ အဘယ်ကြောင့်ဆိုသော် သီပေါမင်းလက်ထက် ထုတ်ပြန်သော သာသနာပိုင် ဆရာတော်ဘုရားကြီး၏ အမိန့်တော်တွင် အောက်ပါအတိုင်း ပါနေသည်ကို တွေ့ရသောကြောင့် ဖြစ်ပါသည်။

"တုံး (ဒုံး) ရှို့၊ ဗြောက်ခွဲ၊ မီးပန်း မီးကျည် မီးအိမ်ပျံ စသည်တို့ကို ပြုလုပ်၍ ရှို့ခြင်း၊ လွှတ်ခြင်း အမှုတို့သည် ရဟန်းသာမဏေတို့နှင့် မလျောက်ပတ်သော အသာရုပ္ပ အမှုဖြစ်၍ ထိုအမှုတို့ကို မပြုမကျင့်စေခြင်းငှာ ရဟန်းသာမဏေတို့ကို တည်းတည်းကြပ်ကြပ် ဆင့်ဆိုတားမြစ်ကြရမည်။"

ဤကဲ့သို့ နတ်က တား၍ သာသနာပိုင်က မြစ်လျက် ဖြစ်သော်လည်း မီးပန်းပွဲများသည် ခေတ်အလျောက် ခေတ်စားလျက်သာရှိသည်။ အရပ်သူ အရပ်သားတို့သည် မိမိတို့ရပ်ကွက်အလိုက် အခါအခွင့် သင့်သောအခါများတွင် မီးကျည် မီးပန်း စသည်တို့ကို မိမိတို့ အင်အားတလျောက် တပျော်တပါး ပြုလုပ်ကြ၍ တစ်နေရာရာတွင် စည်းဝေးကြကာ ပွဲကြီးလမ်းကြီးခင်းကျင်းလျက် ရှို့လွှတ်ပစ်ဖောက်လေ့ရှိကြလေသည်။ ထိုအခါမျိုး၌ ဘုရင်မင်းမြတ်နှင့် မိဖုရားမောင်းမမိဿံ တို့သည် ရှုစားပျော်ပါး တတ်ကြလေသည်။ ၁၁၉၈ ခုနှစ်က ဘကြီးတော်ဘုရား မီးပန်းပွဲကြည့်သည်ကို ဤသို့ ရာဇဝင်တွင် တွေ့ရသည်။

"နယုန်လပြည့်ကျော် ၁၄ ရက်နေ့၊ ဒုတ္တာဝတီမြစ် အနောက်ဘက်ကမ်းနဖူးတွင် ဆောက်ထားရှိသည့် စံနန်းတော်သို့ မင်းမိဖုရား၊ မင်းညီမင်းသား၊ စော်ဘွားမြို့စား၊ မှူးတော် မတ်တော်၊ သူဌေးသူကြွယ်တို့နှင့် နေပြည်တော် ရတနာပူရ မြို့တွင်း မြို့ပြင် ရပ်စုရပ်ကွက်များက လုပ်ဆောင်ကြသည့် တုံး (ဒုံး)၊ စက်မီး၊ ရှူးမီးများကို အရှေ့ဘက်ကမ်းထိပ်တွင် ရှို့လွှတ်စေ၍ ကြည့်ရှုတော်မူသည်။"

ဤရှို့လွှတ်ခြင်းအမျိုးမျိုးတွင် ဒုံးရှို့လွှတ်ခြင်းကို လေ့လာကြည့်ရန်လိုသည်။ ဒုံးသည် သစ်တုံး၊ ထန်းတုံး စသည်တို့တွင် ပါသည့် တုံးမှ အသံပြောင်းလာသော စကားဖြစ်သည်။ သစ်တုံး၊ ထန်းတုံး စသည်တို့ကို အခေါင်းထွင်း ယမ်းသွတ်၍ စနက်တံတပ်ကာ မီးရှို့ပစ်လွှတ်ခြင်းကို ဒုံးလွှတ်သည်ဟု ဆိုသည်။ ဤသို့လွှတ်ရာတွင် (၁) အဝေးလွှတ် (၂) အမြင့်လွှတ် နှစ်မျိုးရှိ


www.burmeseclassic.com

www.burmeseclassic.com


သည်ကို သတိပြုမိသည်။ အဝေးလွှတ်လိုသော် ဒုံးကို လှည်းဘီးတပ်၍ ရှို့လွှတ်ရသည်။ အမြင့်လွှတ်လိုသောအခါ ငြမ်းဆင်၍ မိုးသို့ရွယ်ကာ ရှို့လွှတ်ရသည်။ ရပ်သူရွာသားတို့သည် ဒုံးလုပ်ပြီး၍ ဒုံးလွှတ်မည့် မြေကွက်လပ်သို့ ရပ်ရွာအလိုက် လူစုလူဝေးနှင့် လာကြသောအခါ မိမိတို့၏ဒုံး ကောင်းကြောင်းကို သီချင်းဆို၊ သံချပ်ထိုး၍ ကခုန်ကာ လာကြသည်။ မိမိတို့ ထမ်းလာသော ဒုံးပေါ်တွင် တောင်သူကြီးရုပ်၊ ဖိုးသူတော်ရုပ်၊ ဇီးကွက်ရုပ်၊ တောက်တဲ့ရုပ် စသည့် မိမိတို့နှစ်သက်ရာ အရုပ်တို့ကို လုပ်၍ ဒုံးစီးရုပ်အဖြစ် တင်ဆောင်ခဲ့ကြသည်။

ယင်းအရုပ်တို့အကြောင်းကို ရယ်ပြုံးစဖွယ်လည်းကောင်း၊ တစ်ဖက်သားကို ချိုးနှိမ်၍လည်းကောင်း၊ ချီးမြှောက်၍လည်းကောင်း စီကုံးကာ သီဆိုကြသည်။ အချို့ပုဂ္ဂိုလ်များသည် ဒုံးချင်း အဆိုအကများကို စွဲလမ်းကြသဖြင့် ရဟန်းဘဝသို့ ရောက်သည့်တိုင်အောင်လည်း တိတ်တိတ်ခိုး၍ သီဆိုကခုန်ပုံကို သင်္ဂဇာဆရာတော်စကားပုံတွင် ဖတ်ရဖူးသည်။ ဤစကားပုံပါ စကားအနည်းငယ်ကို ထုတ်ဖော်ပြလိုပါသည်။ ဒုံးချင်း၏သဘောနှင့် ဆိုပုံကပုံ သဘောတို့ကို အနည်းအကျဉ်း ရိပ်မိနိုင်ရန်ရှိပါသည်။

"နိက္ခမခင်ကြီး (တောထွက်ဘုန်းကြီး) သည် တစ်ကိုယ်တည်း ငါချည့်၊ သူတစ်ပါးမရှိဟု၊ ပျင်းရိသည့်အလျောက်ဖြင့်၊ လက်ဖျောက်နှင့် စည်းချလျက်၊ ခြေမကို ချက်နှင့် နင်းပြီးလျှင် ဒုံးသီချင်းဆိုသည်မှာ . . .

ဘာဘာတဲ့ညာညာ
ကျုပ်မီးရှေ့ဝါ တိမ်ကိုထိုးမယ်
စိုးရိမ်လှပါ
သိကြားမင်းကြီးခင်ဗျာ
ကျုပ်မီးရှေ့ဝါ တိမ်ကဆင်းအောင်
နင်းချလိုက်ပါ။"

ဤပုံသဏ္ဌာန် ဒုံးသီချင်းအပြင် ဖိုးသူတော်ဦးမင်း၊ လူဦးမင်း စသောစာဆိုများ သီကုံးလေ့ရှိသည့် ဒုံးချင်းများလည်း ရှိသေးသည်။ ယင်းဒုံးချင်းမျိုးကို ဦးပုညလည်း သီကုံးခဲ့သည်။ သို့သော် ယခုအခါ ယင်းဒုံးချင်းမျိုး ဆိုသည်ကိုလည်းကောင်း၊ ကသည်ကိုလည်းကောင်း၊ မကြားဘူး၊ မတွေ့ဘူးပါ။ ဝဇီရဗုဒ္ဓိ ဦးဖိုးစိန် ရေးသော **အညောင်းပြေ အားတိုး ကစားမျိုးစာအုပ်** တွင် အနည်းငယ် ညွှန်ပြထားသည်ကိုသာ တွေ့ရပါသည်။ သူ၏အညွှန်းမှာ ဤဒုံးချင်းကို ဆိုသောအခါ လက်သီးလက်မောင်းတန်းလျက်၊ ခြေက သိုင်းကွက်ကျအောင် နင်း၍ ရှေ့တိုးနောက်ငင် ပြုလုပ်ရသည် ဟု ဖြစ်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com



ဦးပုညသည် ခေတ်သဘောနှင့်အညီ ဒုံးချင်းများကို သီကုံးခဲ့သည်။ ဒုံးပွဲများတွင် ဦးပုညကို စောင်းချိတ်၍ **ဘယ်နှင့်ရေးသည့် ငပုတ်စည်၊ ဆန်တစ်ပြည် တေးတစ်ပုဒ်ပဲ** ဟု သီဆိုကြကြောင်း စကားစဉ်ရှိသည်။ **ရှမ်းကြက်သွန်ဖြူ မုတ်ဆိတ်မွေးနှင့်၊ စာရေးတော်ကြီး ကိုဦးကာ** ဟု ဦးပုညက သူတစ်ပါးကို စောင်းချိတ် သီကုံးကြောင်းလည်း အပြောအဆို ရှိပါသည်။ သို့သော် ပျော်ပွဲရွှင်ပွဲ ကိစ္စမျိုးဖြစ်၍ ပြောမနာ ဆိုမနာ ရယ်စရာ ပြုံးစရာများပင် ဖြစ်ခဲ့ပုံရပါသည်။ ဤသံချပ်ကလေးများထက် ရယ်ဖွယ် မြူးဖွယ်ဖြစ်သော ဒုံးချင်းမျိုးကိုလည်း ဦးပုည ရေးသေးသည်။

သူရေးသော ယောကျ်ားကလေးရုပ် ဒုံးချင်းတစ်ပုဒ်ကို အောက်ပါအတိုင်း ဖော်ပြလိုက်ပါသည်။

လေးကျွန်းဦးကိုင် မဏ္ဍိုင်စက်မှာ
ကုန်းဘောင်အောင်ချက် တိုင်းကြီးရှင်။
ဘုန်းတော်တောက်လို့ နောက်မှပေါ်
သုံးခါလည်ကျော် သူငယ်တမ်းမို့
ပေါက်လွှတ်ဗလဗွေ ပွေအောင်ကြမ်းချည့်
ရွယ်မတူ ဘယ်သူစမ်းမလဲ
လမ်းရှေ့ကထွင်။
ရွှေလမင်းကျား ဘကြီးသား
လွတ်ရာရှားဟဲ့ သွားလာစေ
ယွန်းတန်းအောင်မြေ ရုပ်မျှော့မှုံးက
ပွဲတော်ဦးမို့ ဖူးမဲ့လာ
ရန်မျိုးဆုတ်ခွာ ဝေးကရှင်းရှင်း။
မိန့်တော်အပ်လို့ လက်မှတ်ဆောင်
သူငယ်ငါမောင် လိုသရွေ့
ဘယ်နေ့ဘယ်ရက် မရွေးချယ်
ဘယ်နယ်ဘယ်ရွာ ဘယ်အရပ်လို့
ကမ်းမသတ်ဘူး စိတ်ကြိုက်ရာ
ပျိုခင်ကညာ ရင်စို့စို့
နို့ထိန်းလုပ်ဖို့ ကောက်ယူစေ
နို့မှာတိုရှေ ရွေးဆက်လို့သွင်း။
ဝါဝါဝင်းတဲ့ ကြော့ရှင်းပြာဖြူ
သိမ်းပိုက်တော်မူမယ်လေး။



www.burmeseclassic.com

www.burmeseclassic.com


ဧးဟော့ မယ်မြှု
မြွှေကြူ ဇာပုခက်မှာ
တေး ဆက်လို့မြိုင်မြိုင်
သံတိုင်နှင့်လွှဲ။
မအိပ်လို
မငိုအောင် အပျိုပိုက်မယ်
အသားပုံ သူငယ်ကြိုက်ကို
သွားကိုက်လို့ခဲ။ ။ (၁၉၆၃။)

www.burmeseclassic.com

www.burmeseclassic.com

## စကားတစ်လုံး၏ ဖြစ်စဉ်

ဇာတ်တူသားကို စား၍ ဟသ်ာကိုးသောင်း ပျက်ရသည် ဟူသော စကားကို ယခုအခါ ကျွန်ုပ်တို့သည် အလွယ်တကူ ကောက်ကာငင်ကာ ပြောဆိုနေကြပြီ။ ရေးသားနေကြပြီ။ ဇာတ်တူသား ဆိုသော သဒ္ဒါသုံးခုသည် ဝေါဟာရတစ်လုံး ပုဒ်တစ်ခု ဖြစ်နေလေပြီ။ သူ့ကို အဘိဓာန်တွင် စကားတစ်လုံး အနေဖြင့် ထည့်သွင်း အနက်ဖော်ထားသည်ကို နှောင်းခေတ်ထုတ် ယုဒသန်၏ မြန်မာအင်္ဂလိပ်အဘိဓာန် စာအုပ်များတွင် တွေ့နေရလေပြီ။ သို့သော်လည်း သူ၏ ဘဝဖြစ်စဉ်ကား ရွေ့လျားပြောင်းလဲမှုတို့နှင့် ပြည့်စုံခဲ့သည်။

မိုးဦးကာလ မိုးရွာသောအခါ ဖားသတ္တဝါများ မြူးထူးပျော်ပါးကြသည်။ အတန်ကြာလျှင် ဖားမသည် ဖားဥတို့ကို ဥသည်။ ထိုဖားဥတို့မှ ဖားတစ်ပိုင်း ငါးတစ်ပိုင်းခေါ် ဖားလောင်းကလေးများ ပေါက်ကြသည်။ ထိုဖားလောင်းကလေးများသည် နေပူမှု၊ ရေခန်းမှု၊ ရေစီးထဲမျောပါမှု စသော အန္တရာယ်တို့နှင့် ကြုံကြိုက်ရသဖြင့် များစွာ ပျက်စီးကြရသည်။ အနည်းငယ်သာလျှင် ဖားသူငယ်ဘဝသို့ ရောက်ကြရသည်။ ထို့ကြောင့်လည်း **ကံကောင်းမှ ဖားလောင်း ဖားဖြစ်မည်** ဆိုသော စကားပုံ ပေါ်ပေါက်ရခြင်းဖြစ်သည်။ ဤ ဖားသတ္တဝါ၏ ဘဝဖြစ်စဉ်သည် အချို့သော ဝေါဟာရ စကားလုံးတို့၏ ဘဝဖြစ်စဉ်နှင့် အလွန်တူလေသည်။ **ဇာတ်တူသား** ဆိုသော ဝေါဟာရစကားလုံး၏ ဖြစ်စဉ်သည် ဤဖားသတ္တဝါ၏ ဖြစ်စဉ်နှင့် အထူးတူသည်ဟု ထင်မှတ်မိသည်။

ပထမဦးစွာ **ဇာတ်** ဆိုသော စကားလုံးကို ကျွန်ုပ်တို့ လေ့လာကြည့်ပါစို့။ အိန္ဒိယယဉ်ကျေးမှုနှင့် မတွေ့ရသေးခင် ရှေးအထက်ကျော်ကာရီက ကျွန်ုပ်တို့ မြန်မာစကားတွင် ဇာတ်ဆိုသော စကားလုံး မရှိနိုင်။ ကျွန်ုပ်တို့သည် အိန္ဒိယတိုင်းသားတို့ကဲ့သို့ (၁) ပုဏ္ဏားမျိုး (၂) မင်းမျိုး (၃) သူကြွယ်မျိုး (၄)



www.burmeseclassic.com

www.burmeseclassic.com


သူဆင်းရဲမျိုး ဟူ၍ ဇာတ်ခွဲခြားသော အလေ့အကျင့်ကို နားလည်သုံးစွဲခဲ့ပုံ မရ။ ထို့ကြောင့် အိန္ဒိယယဉ်ကျေးမှုနှင့် ကြုံကြိုက်လာသောအခါ ဤဇာတ်ခွဲခြားမှုကို မြန်မာစကားနှင့် မပြောတတ်သောကြောင့် အိန္ဒိယစကား **ဇာတိ** ကို ယူကာ **ဇာတ်** ဟူ၍ နာမသတ်ဘာသာပြန်ဆိုခြင်းဖြင့် မြန်မာစကားတစ်လုံးကို တီထွင်ခဲ့ရလေသည်။ မြန်မာဘာသာတွင် **မျိုးရိုး** ဆိုသော စကားလုံးရှိသည်။ ဇာတိကို မျိုးရိုးဟု မြန်မာပြန်လျှင် ဖြစ်နိုင်သည်။

သို့သော်လည်း ဇာတိဆိုသော သဒ္ဒါတွင် ကိန်းအောင်းနေသည့် ဇာတ်နိမ့်၊ ဇာတ်မြင့်၊ ပုဏ္ဏား ဇာတ်၊ ခတ္တိယဇာတ် စသော အနုသယ သဘောတရားတို့ကို **မျိုးရိုး** ဆိုသော မြန်မာစကားက မထွန်းပြနိုင်ပေ။ ထို့ကြောင့် ပါဠိပုဒ် ဇာတိကိုပင် ဖျက်၍ ဇာတ်ဟု မြန်မာစကားလုံးတစ်လုံးအနေဖြင့် ထွင်လိုက်ရခြင်းဖြစ်လေသည်။

ယင်း ဇာတ်ဆိုသော စကားလုံးကို ရရှိပြီးနောက် **ဇာတ်တူ** ဆိုသော စကားလုံးကို မြန်မာတို့ တီထွင်လာပုံမှာ စိတ်ဝင်စားဖွယ်ကောင်းသည်။ လူမျိုး၏ အတွေးအကြံ၊ ဆက်ဆံပြုမူမှုတွင် ဇာတ်ဆိုသောသဘော မရှိခဲ့ဖူးသည့် မြန်မာ့အဘိဓာန်တွင် **ဇာတ်တူ** ဆိုသော သဘောတရားနှင့် ဝေါဟာရသည်လည်း ရှိနိုင်မည်မဟုတ်ချေ။

ထို့ကြောင့် ယင်းသဘောတရားနှင့် ဝေါဟာရတို့ကိုလည်း မြန်မာတို့သည် အိန္ဒိယယဉ်ကျေးမှုမှ ရယူလက်ခံ သုံးစွဲရမည် ဖြစ်လေသည်။ ဤသို့ သဘောပိုက်ကာ ရှာဖွေလေ့လာကြည့်သောအခါ **ဇာတ်တူ** ၏ သမိုင်းကို အောက်ပါအတိုင်း တွေ့ရပေတော့သည်။

မြန်မာတို့သည် ငါးရာ့ငါးဆယ် နိပါတ်တော်ကို လေ့လာ ဖတ်ရွတ်ကြားနာခဲ့သည်မှာ ကာလတောင်တာ ကြာမြင့်လှလေပြီ။ ပုဂံမြို့ ဂူဘုရားတို့၏ နံရံတွင် ငါးရာ့ငါးဆယ် ဇာတ်ရုပ်ပုံများကို ကမ္ပည်းစာနှင့်တကွ အမြောက်အမြား တွေ့နေရခြင်းက သက်သေခံလျက် ရှိပေသည်။ ထိုဇာတ်တို့မှ ကျွန်ုပ်တို့သည် အတွေးသစ် အကြံသစ် မြောက်မြားစွာကို ရခဲ့ပြီ။ အခေါ်သစ် အဝေါ်သစ် စကားလုံးသစ် မြောက်မြားစွာကိုလည်း ရခဲ့ပြီ။ ယနေ့ မြန်မာ့ယဉ်ကျေးမှုသည် ၅၅၀ ယဉ်ကျေးမှု ဖြစ်သည်ဟူ၍ ဆိုလျှင်ပင် မှားနိုင်မည်မဟုတ်ဟု ထင်မိပေသည်။ ယခု ကျွန်ုပ်တို့ လေ့လာနေသော **ဇာတ်တူ** ဆိုသော ဝေါဟာရသည် ဤ ၅၅၀ ဇာတ်တို့မှ ဆင်းသက်လာသော ဝေါဟာရဖြစ်ပေသည်။

၅၅၀ တွင် မိုးရှာအောင် သစ္စာပြုခဲ့သည့် မစ္ဆဇာတ် ရှိသည်။ ယင်း မစ္ဆဇာတ်လာ သစ္စာစကားကို ငါးရာ့ငါးဆယ် မြန်မာပြန်တွင် ဤသို့ တွေ့ရသည်။


www.burmeseclassic.com

www.burmeseclassic.com


ငါသည် ဓာတ်တူဖြစ်သော သတ္တဝါတို့ကို စားတတ်သော အမျိုး၌ ဖြစ်၍ ဆန်လုံး (နှမ်းစေ့) ပမာဏရှိသော ငါးကို အစပြု၍ စားဖူးသော မည်သည်မရှိ။

ဤမြန်မာပြန်အတွက် ပါဠိမှာ ဤသို့ဖြစ်၏။

မယာ သမာန ဇာတိကာနံ ခါဒနဋ္ဌာနေ နိဗ္ဗတ္တိတွာ တဏ္ဍုလ ပမာနံပိ မစ္ဆံ အာဒိံကတွာ ခါဒိတ ပုဗ္ဗောနာမ နတ္ထိ။

ဤစာပိုဒ်နှစ်ရပ်ကို နှိုင်းရှည့်ကြည့်လျှင် ပါဠိပုဒ်ရင်း **သမာနဇာတိက** မှ **ဓာတ်တူ** ဆိုသော မြန်မာစကား ပေါက်ဖွားလာပုံကို အလွယ်နှင့် တွေ့နိုင်ပေသည်။

ကောင်းပြီ။ ကျွန်ုပ်တို့သည် **ဓာတ်တူ** ဆိုသော ကပြားစကား ကိတ္တိမ ဝေါဟာရကို ရကြပြီ။ **ဓာတ်တူသား** ဆိုသော ဝေါဟာရကိုလည်း ဤသို့ပင် ပါဠိမှ ခံယူမွေးစားလေသလား။ ဆက်လက် လေ့လာကြဦးစို့။

ရှေးဝယ်မယွင်း
မင်းပေါရိသာဒ်၊ ဗြဟ္မဒတ်ရာဇာ
အာနန္ဒာနှင့်၊ ဟသ်ာကိုးသောင်း
ထိုအပေါင်းတို့
တိမ်းစောင်းတရား၊ ဓာတ်တူသားကို
စား၍မုချ၊ ပျက်စီးကြ၏။

ဤကဲ့သို့ မန်လည်ဆရာတော်ဘုရားသည် မဃဒေဝလင်္ကာသစ်တွင် ညွှန်ပြခဲ့သည်။

မဟာသုတသောမဇာတ်တွင် ဓာတ်တူသားကို စား၍ ဟသ်ာကိုး သောင်း ပျက်စီးရပုံ အတ္ထုပ္ပတ္တိကို တွေ့ရသည်။ ယင်းဇာတ်လာ ဆီလျော်ရာ ပါဠိစာပိုဒ်တို့မှာ ဤသို့ဖြစ်သည်။

(၁) ဟံသာ သကဇာတိကာနံ မံသံ ခါဒိတွာ အပ္ပထာမာ ဇာတာ။

(၂) ဧဝမေဝ တုဝတ္တိ ယထာ ဧတေ ဟံသာ အဘက္ခံ သကဇာတိက မံသံ ခါဒိံသု။ တထာတွံပိ ခါဒသိ။

ယင်းစာပိုဒ်တို့ကို မြန်မာပြန်ချက်မှာ အောက်ပါအတိုင်း ဖြစ်သည်။

(၁) ဟသ်ာတို့သည် မိမိနှင့် ဓာတ်တူတို့၏ အသားကို စားကုန်သော ကြောင့် နည်းသောအား ရှိသည်ဖြစ်ကုန်၏။

(၂) ထိုဟသ်ာတို့သည် မစားအပ်သော မိမိတို့နှင့် ဓာတ်တူတို့၏ အသားကို စားကုန်သကဲ့သို့ ထို့အတူ အရှင်မင်းကြီးသည်လည်း (မစားအပ် သောလူသားကို) စားတော်မူဘိ၏။


www.burmeseclassic.com

www.burmeseclassic.com


ဤတွင် ကျွန်ုပ်တို့ တွေ့ရသည်ကား ပါဠိ (၁) **ဉာတိကာနံမံသံ** (၂) **ဉာတိကမံသံ** ကို **ဉာတ်တူတို့၏အသား** ဟူ၍ ဘာသာပြန်ဆိုထားချက်ဖြစ်သည်။

ဤ ၅၅၀ ဘာသာပြန်မပေါ်သေးမီ သာလွန်မင်းတရားလက်ထက် သက္ကရာဇ် ၉၉၁ ခုနှစ်တွင် **ဝရာဘိသံဃနာထမထေရ်** ပြုစုတော်မူသည့် **မဏိကုဏ္ဍလဝတ္ထု** တွင်လည်း ဤပါဠိတို့ကို **ဉာတ်တူအသား** ဟူ၍လည်းကောင်း၊ **ဉာတ်တူသောအသား** ဟူ၍လည်းကောင်း မြန်မာပြန်ထားချက် တွေ့ရသည်။ အင်္ဂလိပ်ဘာသာပြန်ဆရာတို့က The flesh of their kin ဟု ပြန်ဆိုကြသည်။

ဤအချက်တို့ကို ထောက်လျှင် **ဉာတ်တူသား** ဆိုသော မြန်မာ့ဝေါဟာရသည် ၅၅၀ ကို ညောင်ကန်ဆရာတော် မြန်မာပြန်ဆိုသည့် ဆင်ဖြူရှင်မင်းလက်ထက်တိုင်အောင် မပေါ်ပေါက်သေးဟု ယူဆရပေမည်။ ဘကြီးတော်ဘုရားလက်ထက် တိုင်အောင်လည်း မပေါ်ပေါက်သေးဟု ယူဆလျှင် ဖြစ်နိုင်စရာအကြောင်း ရှိပါသည်။ အဘယ့်ကြောင့်ဆိုသော် ဘကြီးတော်လက်ထက်ဆီတွင် ပြုစုသော **ဆရာယုဒသန်၏ မြန်မာအင်္ဂလိပ်အဘိဓာန်** ပထမပုံနှိပ်ချက်တွင် ဤစကားလုံးကို မတွေ့ရသောကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် ထိုနေ့ ထိုရက်တိုင်အောင် **ဉာတ်တူသား** ဆိုသော ဖားသူငယ် မဖြစ်ပေါ်သေးချေ။ **ဉာတ်တူတို့၏အသား၊ ဉာတ်တူသောအသား၊ ဉာတ်တူအသား** ဆိုသည့် ဖားတစ်ပိုင်း ငါးတစ်ပိုင်းတို့သာ ရှိလေသေးသည်ဟု ဆိုရပေမည်။ သို့သော် မန်လည်ဆရာတော်လက်ထက်သို့ ရောက်သောအခါ အထက်တွင် ထုတ်ဆောင်ကိုးကားခဲ့သည့် မာဃဒေဝလင်္ကာသစ် စာပိုဒ်အရ **ဉာတ်တူသား** ဆိုသော ဖားသူငယ်သည် ဖြစ်ပေါ်နေပြီကို သိရသည်။ မည်သည့်အခါက ဖားသူငယ်ဘဝသို့ ကူးပြောင်းလာသည်ဟူ၍ကား မသိရသေးချေ။ ခြေရာခံလိုက်ရန် လိုပေသေးသည်။

ဤသို့ဖြင့် ဉာတ်တူသား ဆိုသော စကားတစ်လုံး၏ ဖြစ်စဉ်ကို လေ့လာကြည့်လိုက်သော် (၁) ပါဠိစကား **ဉာတိ** မှ **ဉာတ်** ဆိုသော မြန်မာစကား ဖြစ်ပေါ်လာသည်။ (၂) **သမာန ဉာတိက** မှ **ဉာတ်တူ** ဆိုသော မြန်မာစကား ပေါက်ပွားလာသည်။ ဤစကား ပေါက်ပွားပြီးနောက် (၃) ဉာတိကာနံမံသံ၊ ဉာတိကမံသံတို့မှ **ဉာတ်တူတို့၏အသား၊ ဉာတ်တူသောအသား၊ ဉာတ်တူအသား** ဆိုသည့် ပုဒ်စုတို့ ပေါက်ပွားလာသည်။ (၄) ထို့နောက်မှ သုံးရင်းစွဲရင်း အနည်ထိုင် အနှစ်ကျ အရေစစ်ကာ ယခု ကျွန်ုပ်တို့သိနေသည့် **ဉာတ်တူသား** ဆိုသော ပုဒ်သည် သီးခြားပေါ်ပေါက်လာတော့သည်ကို တွေ့ရသည်။


www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူ၏ဖြစ်စဉ်သည် ဤတွင် မရပ်သေးပါချေ။ အမှတ်လွဲ၊ အသိချွတ်၊ အထင်မှားသဖြင့် စကားသစ်တစ်လုံး ပွားလာသည်ကို သူ့ဖြစ်စဉ်၏ နောက်ဆက်တွဲအနေဖြင့် ဤသို့ တွေ့ရပြန်သည်။

ဆရာယုဒသန်၏ မူလ **မြန်မာအင်္ဂလိပ်အဘိဓာန်** တွင် **ဇာတ်တူသား** ဆိုသော ဝေါဟာရ မပါခဲ့ပုံကို ဆိုခဲ့ပြီ။ သို့သော်လည်း ယင်းအဘိဓာန်ကို နှောင်းဆရာတို့ ထပ်မံတိုးချဲ့ ပုံနှိပ်ရာတွင်ကား ယင်း ဝေါဟာရ ပါလာသည်ကို ဤသို့ တွေ့ရသည်။ **ဇာတ်တူသား** Members of the same caste, family, country အထက်တွင် ဖော်ပြခဲ့သည့် The flesh of their kin နှင့် အနက် တစ်စိတ်တစ်ပိုင်း ကွဲသွားသည်ကို သတိပြုနိုင်ကြပါသည်။ **ဇာတ်တူသား** တွင် ပါသည့် **သား**၏ အနက်မှာ ပါဠိ **မံသ** ဖြစ်ပါသည်။ အင်္ဂလိပ် flesh ဖြစ်ပါသည်။ သို့သော်လည်း ဆရာယုဒသန် အဘိဓာန်က ပေးသည့် အနက်အရဆိုသော် **သား** သည် နတ်သား၊ အမျိုးသား၊ မြို့သား၊ ရွာသား တို့တွင် ပါသည့် ပါဠိ **ပုတ္တ** နှင့် အနက်တူသော **သား** ဖြစ်နေပေသည်။ ဤသို့ဖြင့် အနက်တစ်စိတ်ကွဲသော စကားသစ်တစ်လုံး ဖြစ်ပေါ်လာသည်ကို တွေ့ရသည်။

ဆရာယုဒသန် တစ်ဦးသာလျှင် ဤအနက်သစ်နှင့် ဝေါဟာရကို သုံး သည်မဟုတ်။ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးသည်လည်း စာဏကျနီတိ ကျမ်း၊ တတိယတွဲ၊ မျက်နှာ ၁၅၂ တွင် **ပျားနှင့်ခြပုန်းတို့သည်ကား ဇာတ်တူ သားတို့ အားထုတ်ဆောင်ရွက်ဖွယ်ဖြစ်သော ကိစ္စတို့၌ တွက်ကပ်ခြင်း မရှိ။ သူ့ထက်ငါ အားထုတ်ကြိုးပမ်းလေ့ ရှိကြကုန်၏** ဟူ၍ ရေးသားရာ၌ ဒုတိယ အနက်ဖြင့် သုံးထားသည်ကို တွေ့ရပေသည်။ ဤကဲ့သို့ **အမှတ်လွဲ၊ အသိချွတ်၊ အထင်မှားခြင်း** မျိုးကို ကျွန်ုပ်သည် ငယ်ရွယ်စဉ်အခါကဆိုလျှင် များစွာ အပြစ် ဆိုမိပေလိမ့်မည် ထင်သည်။ သို့သော် လောကသဘာဝတွင် ဤသို့ အမှတ် လွဲ၊ အသိချွတ်၊ အထင်မှားရာမှ ကောင်းမြတ်သော အကျိုးတရားများ ပွားစီး လာတတ်သည်ကို သတိပြုမိသဖြင့် အမှားပင် ဖြစ်လင့်ကစား အမှားကောင်း ပေတကား ဟု မှတ်ယူမိပေသည်။

ဤမျှကား တစ်လုံးသော မြန်မာဝေါဟာရ၏ နုရာမှ ရင့်လာရပုံ၊ မပီသရာမှ ပီသလာရပုံ၊ ပွဖောင်းရာမှ ကျစ်လစ်လာရပုံ၊ အနက်ရင်းမှ အနက် သစ် တိုးပွားလာရပုံတို့ကို ဖော်ပြချက်ဖြစ်ပါသည်။ ယခုခေတ်တွင် ကျွန်ုပ်တို့ တီထွင်နေသော ခေတ်သစ်ဝေါဟာရတို့သည်လည်း ဤလမ်းစဉ်ကို အနည်း နှင့် အများ လိုက်ကြလိမ့်မည်ကိုလည်း ကြိုတင် မျှော်ခေါ် သိထားနိုင်ကြပါ သတည်း။ (၁၉၆၄)

www.burmeseclassic.com

www.burmeseclassic.com

## သာခရေခေါ်၍ အမျှဝေပါ၏

အောင်ဆုသြဘာ၊ မင်္ဂလာဖြင့်
ဆယ်ဖြာလက်မြှောက်၊ ဆက်ကာလျှောက်ပိမ့်
စိုက်ဆောက်အောင်လံ၊ ဂရိတ်ဗြိတိန်နှင့်
နိုင်ငံအိန္ဒိယ၊ အစိုးရသည်
ဘဝသခင်၊ ဂျော့ဘုရင်နှင့်
ရှင်မိဖုရား၊ မြတ်နှစ်ပါးတို့
တိုင်းကားစိုးစံ၊ ပြည်နိုင်ငံကို
ရန်မာန်ကင်းပြီး၊ ဘုန်းတော်ကြီး၍
သက်တော်ရှည်စွာ၊ ဆယ်ဖြာဓမ္မ
သင်္ဂဟနှင့်၊ နာယကဂုဏ်
ကိုယ်လုံးခြုံ၍၊ တိမ်မှုန်မသန်း
လပြည့်ဝန်းသို့၊ ရွှေနန်းပေါ်ထက်
နှစ်သက်မြတ်နိုး၊ ဥစ္စာစိုးသည်
တန်ခိုးနေသို့ ထွန်းစေသောဝ်

လွန်ခဲ့သော အနှစ်လေးဆယ်အထက်က ဖော်ပြပါ ထုတိသြဘာ မင်္ဂလာဧကပိုဒ်ကို တောရောမြို့ပါ ကျောင်းသားကျောင်းသူတို့သည် နှုတ်တက်ကျက်မှတ် သီဆိုရင့်ကျူးကာ ပဉ္စမမြောက် ဂျော့ဘုရင်နှင့် မေရီမိဖုရားတို့ကို သက်တော်ရာကျော် ရှည်စေကြောင်း ဆုတောင်း ဆုယူပြုခဲ့ကြရလေသည်။

ခပ်ရေးရေးပင် မှတ်မိပါသေးသည်။ မျက်နှာဖြူမဟုတ်သော ဘောင်းဘီဝတ် ပညာဝန်ထောက်တစ်ပါးသည် ဘုန်းကြီးကျောင်း ပရဝုဏ်အတွင်းရှိသည့် သာလာယံဇရပ်ကြီးတစ်ဆောင်တွင် တည်ထောင်ထားသော ကျွန်တော်တို့၏ စာသင်ကျောင်းပေါ်သို့ နောက်ပိတ်ဖိနပ်ကြီးကို တဒေါက်ဒေါက်စီးကာ

www.burmeseclassic.com



တက်လာသည်ကို မှတ်မိပါသေးသည်။ ဝတ်ကောင်းစားလှကို တောက်တောက်ပြောင်ပြောင် ဝတ်ဆင်ထားသော ကျွန်တော်တို့ ကျောင်းသားကျောင်းသူတစ်ရာကျော်တို့သည် အထက်ပါ မင်္ဂလာဧကပိုဒ်ကို သာယာညီညွတ်စွာ သီဆိုရင့်ကျူး၍ အဆိုပါ ဝန်ထောက်မင်းအား ပထမ၊ ဒုတိယ၊ တတိယ၊ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်မြောက်အောင် ရှိခိုးပူဇော် ဖူးမြော်၊ မာန်လျှော့၊ ကန်တော့ခဲ့ရသည်ကို မှတ်မိပါသေးတော့သည်။

ကျော့ဘုရင် ရွှေဘုန်း
နေတစ်လုံး ပမာတစ်ဆူ
သတ္တဝါကြည်ဖြူ
ထီးဖြူ ထီးနန်းသရဖူ
အုပ်စိုးပိုင်ယူ
ဆရာစိန်တေးသီချင်း
ဘေးကင်းတော်မူ
ဂရိဗြိတိန်
သာသာကြည်ကြည်ဝိုင်းလို့
ဘာလင် ဂျာမာန်တိုင်းကို
မဆိုင်းဘဲ အောင်တော်မူ။

ဇာတ်ဆရာကြီးတစ်ဦးက လူပေါင်းခြောက်ဆယ်ကျော်နှင့်ရွက်ထည် ရုံကြီး သယ်ဆောင်ကာ နိုင်ငံတော်လေးရပ်သို့ လှည့်လည်ပြီးလျှင် အထက်ပါ တေးကဗျာကို သီကျူး၍ ပထမကမ္ဘာစစ်ကြီးတွင် ပန်းသပြေနှင့် ညောင်ရေလောင်းပြီး အောင်ဆုများ ဝေဝေဆာဆာတောင်းခံခဲ့လေသည်။ လူငယ်ကာလသားများကလည်း သံစုံဘာဂျာသင်စ၊ ပလွေသင်စ၊ အိုးစည် ဗုံမောင်းသင်စတွင် ဤတေးကဗျာကို သာသာယာယာ တီးမှုတ်သီဆိုကြသည်မှာ လသာ လမိုက် မရှောင် ဖြစ်ပါတော့သည်။ သုဘ၊ အသုဘ မရွေးဖြစ်ပါတော့သည်။

အရှင်အင်္ဂလိပ် အစိုးရမင်းတို့၏ ဘုန်းတန်ခိုး အရှိန်အဝါ အာနုဘော်ကား ကြီးပါပေသည်။ မျက်နှာဖြူအထက်တန်းစားအရာရှိကြီးများကို မဆို ထားဘိ သူတို့နှင့် ထက်ကြပ်မကွာနောက်တော်ပါးက ခစား၍ ပါလာကြကုန် သော ပန်ချာပီကုလားခေါင်းပေါင်းရှည်ပျာတာများကိုပင် ပြားပြားဝပ်ကြောက် ကြရပါသည်။ ဇာတ်ခုံပေါ်မှ ဇာတ်မင်းသားတစ်ဦး သီဆိုသော တေးတိုအစ တစ်ခုကို မှတ်မိပါသေးသည်။ ဘာတဲ့။

ဂတ်တဲလေးပေါ်မှာနေဘ်ဗျာ
ကျွန်တော်အငယ်ဆုံးပါပဲ



www.burmeseclassic.com

www.burmeseclassic.com


ပန်ချာပီတွေ ဝိုင်းပါလို့
ကြောက်အား လန့်အားပို။

ကလေးသူငယ်တို့ဘာဝ ကစားကြရာတွင် လမ်းဘေးတွင် ပေါက်ရောက်နေသည့် ကုန်းထိကရုန်းပင်များကို လက်နှင့်တို့၊ တုတ်နှင့်ထိုး၍ ကစားကြပါသည်။ ထိုအခါမျိုးတွင် **ပျာတာလာပြီ၊ အိပ်အိပ်** ဟုဆိုလေ့ရှိကြပါသည်။ အငိုသန်သော ကလေးများပင်လည်း **ပျာတာလာပြီ၊ တိတ်တိတ်** ဆိုလျှင် အငိုတိတ်ကြပါသည်။

ထိုမင်္ဂလာသြဘာ တေးကဗျာများ ကြားတွင် ထိုးထွက်ပေါ်ပေါက်လာသော တေးမှာကား ရွှေပြည်ကြီးသီချင်းဖြစ်ပါသည်။

ရွှေပြည်အောင်ချာဝေးရသည်တစ်ခါ
နေပြည်တော်ကိုသာ လွမ်းလှပါပေ့ဘုရာ
ဘယ်တော့ခါမှ နီးရပါ့
နန်းစည်ထီးနှင့်ကွာ။

ဤသီပေါမင်း ပါတော်မူကဗျာကို အရပ်တိုင်းတွင်ပင် သီဆိုကြပါသည်။ သို့သော်လည်း မည်သူ၏ ဝါဒဖြန့် ခြေထိုးမှုအတွက်ကြောင့်မသိ။ ဤသီချင်းကို နိမိတ်မရှိ နမာမရှိ အမင်္ဂလာသီချင်းဟုဆိုကာ လူကြီးများက တိုးတိုးတိတ်တိတ် ပိတ်ပင်တားမြစ်ကြပါသည်။

ထိုသို့ပင် ဖြစ်လင့်ကစား ထိုအခါ၌ပင်လျှင် ရန်ကုန်ကောလိပ်သပိတ်ကြီးကို အောင်စည်ရွမ်း၍ မှောက်လိုက်ကြရာ တစ်နိုင်ငံလုံး သပိတ်မှောက်မင်္ဂလာကြီး ကူးစက်ပြန့်ပွားသွားပါတော့သည်။ ပညာတတ်ပုဂ္ဂိုလ်ကျောင်းသားကျောင်းသူကြီးများသည် ဆရာသမား၏ အငြိုအငြင်၊ မိဘဆွေမျိုးတို့၏ အငြိုအငြင်ကို ခံယူကာ နယ်လေးရပ်သို့ တောထွက်ပြီးလျှင် နေရှင်နယ်ကျောင်းခေါ် အမျိုးသားကျောင်းများကို တည်ထောင်ဖန်ဆင်းကြပါတော့သည်။ ထိုအခါ ကျွန်တော်တို့ သီဆိုရင့်ကျူးနေကျ အောင်ဆုသြဘာ မင်္ဂလာ ဧကပိုဒ်သည် ဘယ်သို့ရောက်သွားသည်မသိ။ သူ၏နေရာတွင်

Is there a man with soul so dead,
Who never to himself hath said,
"This is my own, my native land"?

စသော အင်္ဂလိပ်ကဗျာ ဝင်ရောက်လာပါသည်။ အေ–ဘီ–စီ–ဒီ သင်ကာစ ကျွန်တော်တို့မှာ အသံမပီ၊ အဓိပ္ပာယ်လည်း မသိဘဲနှင့် ဤကဗျာကို အထပ်ထပ်အကြိမ်ကြိမ် သီဆိုခဲ့ကြရာ ယနေ့ထိအောင်ပင် အထက်ပါ အစအနကလေးကို မှတ်မိလျှက် ရှိပါသေးသည်။

---

**အိပ်မက်ဦး စာပေ**

www.burmeseclassic.com

www.burmeseclassic.com


ထိုအခါ မစ္စတာမောင်မှိုင်းက ရာဇဝင်ကားချပ်တစ်ချပ်ကို ရေးဆွဲသည်တွင် ပါဝင်သော **သပြေနုချိန်မှာ တင်ရန်ပန်းတွေက များပါဘိသနဲ့၊ ဖေပုရှိန် အင်္ဂလန်နန်းမြေသွားတို့ကိုတော့** ဆိုသော အပိုဒ်ကလေးမှာ ကျွန်တော့် မှတ်ဉာဏ်ထဲတွင် စွဲလျက် ကျန်နေပါသေးသည်။ အင်္ဂလန်နန်းမြေမှ အပြန်တွင် ဦးထွန်းရှိန်ကွယ်လွန်သွားရာသည်။ သူ၏ ဓာတ်ပုံကို The Late U Tun Shein ဟူ၍ ကမ္ပည်းတပ်ကာ ကျွန်တော်တို့ အမျိုးသားကျောင်းတွင် ဆွဲချိတ် ထားသည်ကို မှတ်မိမြင်ယောင်နေပါသေးသည်။

ဝံသာနုတရားဟော ပုဂ္ဂိုလ်ကြီးများ နယ်လှည့်ဟောကြပါသည်။ ကျွန်တော်တို့က စည်တော်ရွှမ်း၍ ရွှေထီးမိုးကာ ကြိုဆိုကြပါသည်။ ဦးဥတ္တမ ကိုယ်တော်၊ ဦးချစ်လှိုင်၊ သာယာဝတီ ဦးပု။ သူတို့ဘာကို ဟောကြပြောကြပါသလဲ။ အကြမ်းမဖက်ရေး အဟိံသတရား၊ နန်းကိုအော်ပါရေးရှင်းခေါ် အစိုးရ နှင့် မပူးပေါင်းရေးတရား၊ နိုင်ငံခြားပစ္စည်းသပိတ်မှောက်ရေးတရား။ လိုက်နာ ဆောင်ရွက်ဖို့ရန် လွယ်ကူမယောင်ယောင်။ အလွန်လှချင်သော ကျွန်တော်တို့ တစ်တွေ အင်္ဂလိပ်ဆံတောက်ကို ပယ်၍ ခေါင်းတုံးရိတ်ကြပြီ။ ထောင်ထွက် လိုလို၊ ဘာလိုလို။ နိုင်ငံခြား အထည်အလိပ်၊ အနအယဉ်၊ အလှအပများကို သပိတ်မှောက်ကြပြီ။ ပင်နီအင်္ကျီနှင့် ယောလုံချည်ကို ဝတ်ဆင်ကြပြီ။ ဆီသည် လိုလို၊ ဆီးပေါင်းသည်လိုလို။ ထိုအခိုက်တွင် ရုပ်ကြီးစင်ဆရာ မောင်ထွန်း ဆိုသူ၏ ဇာတ်ခုံပေါ်မှ ရုပ်သေးမင်းသမီးက

ကိုထွန်းလင် ကျမဆင်
ယောပုဆိုး ခါးပုံထိုး ဝယ်ပေးမရှင်
မောင်နှံစုံ ခရီးထွက်လျှင်
စီးကရက်ကိုပယ်ကြပါစို့ရှင်။

စသည်ဖြင့် သီဆိုကာ ကျွန်တော်တို့အား အားပေးအားမြှောက်ပြုလျက်ရှိပါသည်။

ဟိုတစ်ဖက်တွင်ကား အစိုးရဘက်သားများ၊ သူဌေးသူကြွယ်များ စသော အချို့သော ပုဂ္ဂိုလ်တို့သည် **ငို့ဘ** ဟူသော ဘွဲ့ထူးများကို တိုင်းသူပြည်သားများထံမှ ခံယူကာ ဘုန်းတန်ခိုးကြီးလျက် ပစ္စည်းဥစ္စာ တိုးတက်နေကြလေသည်။ တို့မီးရှို့မီးလုပ်လျက်နေကြပေသည်။

ထောင်တံခါးကြီးကို ဖွင့်လျက် ဝံသာနုခေါင်းဆောင်များသည် မင်္ဂလာစည်တော်ရွှမ်းသံ နာခံကာ ထောင်နန်းစံကြလေသည်။ ဦးဥတ္တမ၊ ဦးချစ်လှိုင်၊ ဦးပု။ သူတို့သည် နောက်လိုက် ဗိုလ်ပါတို့ လက်ထဲတွင် ဘာလက်နက် အပ်ခဲ့ကြပါသလဲ။ အဟိံသနက်လက်၊ နန်းကိုအော်ပါရေးရှင်းလက်နက်၊ ကိုယ်


www.burmeseclassic.com

www.burmeseclassic.com


ကျင့်တရား လက်နက်၊ ခြိုးခြံရေးလက်နက်၊ ညီညွတ်ရေးလက်နက်၊ ပညာရေး လက်နက်၊ သည်းခံရေးလက်နက်။

ညီညွတ်ကြပါသလား။ မညီညွတ်ကြ။ အကွဲကွဲ အပြဲပြဲ။ နှစ်ဆဲ့တစ်ဦး၊ လှိုင်ပုကျော်၊ မော်မြင့်ဖြူ။ အကွဲကွဲ အပြဲပြဲ။ သို့သော်လည်း ကွဲလျက်နှင့်လည်း တွဲနေကြလေသည်။ အကွဲထဲမှ အတွဲ၊ တိုင်းပြည်လူထုကား ရည်မှန်းရင်းပန်းတိုင်ကို ရှေးရှု၍ ချီတက်လျက်။ ခေါင်းဆောင်များ တဖွဖွဟော၊ တတေတေပြောကာ ပေးအပ်ခဲ့သော လောဘချုပ်တီးမှုလက်နက်၊ ဒေါသချုပ်တီးမှု လက်နက်၊ မောဟချုပ်တီးမှု လက်နက်များကို ကိုင်ဆောင်ချီတက်လျက်။

စပ်ကြားတွင် ဖြစ်ပေါ်သော နိုင်ငံရေးကိုကား အများသိမှီ မှတ်မိကြဆဲပင် ဖြစ်၍ ပေယျာလကန်ပါအံ့။ သို့သော် နောက်ဆုံးတွင်ကား အသက်အိုးအိမ် စည်းစိမ်မြို့ရွာ မချောက်မချား အပျက်အစီးမများဘဲနှင့် ပထမရည်မှန်းရင်းစွဲ ပန်းတိုင်ကို ကျော်လွန်ကာ အချုပ်အချာ အာဏာပိုင်လွတ်လပ်ရေးကို ရခဲ့ကြလေပြီ။ သာဓု၊ သာဓု၊ သာဓု။ အမျှ၊ အမျှ၊ အမျှ။ (၁၉၆၂။)

www.burmeseclassic.com

www.burmeseclassic.com

## ခေတ်စမ်းစာပေပေါ်စက
## (အနှစ် ၂၀ ကျော်ခဲ့ပြီ)

၁၉၃၄ ခုနှစ်တွင် မြန်မာနိုင်ငံ ပညာပြန့်ပွားရေးအသင်းက ကြီးမှူး ထုတ်ဝေ၍ **ခေတ်စမ်းပုံပြင်** စာအုပ်ထွက်လာသည်။ စုဆောင်းတည်းဖြတ်သူ ကား ပါမောက္ခ ဦးဖေမောင်တင်တည်း။

ဦးဖေမောင်တင်ကား မြန်မာစာကို ဗြိတိသျှအစိုးရတို့ အသိအမှတ် မပြုလျှင် မနေနိုင်အောင် ဆောင်ရွက်လျက်ရှိသည်။ မြန်မာစာကို တက္ကသိုလ်မှာ သင်ရအောင် စာကောင်းပေကောင်းတို့ကို ထုတ်ပြနိုင်ပါမည်လားဟု ဗြိတိသျှ တို့က တောင်းဆိုသည်။ ဦးဖေမောင်တင်က ပျို့လင်္ကာ၊ ရာဇဝင်၊ မော်ကွန်း၊ ကမ္ပည်း ကျောက်စာတို့ကို ရှာဖွေတည်းဖြတ်ကာ ထုတ်ပြလိုက်သည်။ ရှေး စာဟောင်းရှိသည်ကား မှန်၏။ ခေတ်မီသော စာမရှိသေးတကားဟု ဆိုကြပြန် သည်။ ဟုတ်ပေ၏။ ချို့တဲ့ချက်ရှိလျှင် ဖြည့်စွက်ရပေမည်။ ဗြိတိသျှတို့၏ ဝေဖန်မှု မှန်ပေသည်။

သူတို့ကို စိတ်ဆိုးနေရန် မဟုတ်ပေ။ စိတ်ဆိုးနေ၍ မပြီး။ ထို့ကြောင့် ဦးဖေမောင်တင်သည် မိမိ၏တပည့် ကျောင်းသားတို့အား ခေတ်မီစာပေများ ပြုစုကြရန် တိုက်တွန်းနှိုးဆော်အားပေးလေသည်။ ဦးစိန်တင် အမှူးရှိသော တပည့်တို့သည် ဆရာ၏ ခိုင်းစေမှုတာဝန်ကို ကျိုးနွံစွာ ထမ်းယူကာ ခေတ်မီ စာပေကို မိမိတို့စွမ်းသမျှ ပြုစုကြသည်။ ထိုသို့ ပြုစုကြ၍ ၄၊ ၅ နှစ်ခန့် ရှိသောအခါ ဦးဖေမောင်တင်သည် ခေတ်မီစာပေကို တစ်စုတစ်ပေါင်းတည်း ရိုက်နှိပ်၍ ထုတ်ပြရန်သင့်ပြီဟု ယူဆလေသည်။ ထိုသို့ ထုတ်ပြရာ၌ ရည်ရွယ် ချက်အကြမ်းအားဖြင့် နှစ်ရပ်ရှိလေသည်။

(၁) မြန်မာစာကို ခေတ်မီအောင် လုပ်နိုင်ပါသည်ဟု ဗြိတိသျှတို့ကို ပြရန်နှင့်



www.burmeseclassic.com

www.burmeseclassic.com


(၂) ခေတ်မီအောင် လုပ်ထားသော မြန်မာစာကို ဖတ်ကြစမ်းပါဟု မြန်မာတို့ကို တိုက်တွန်းရန် ဖြစ်ပေသည်။

ထို **ခေတ်စမ်းပုံပြင်စာအုပ်** ထွက်လာလျှင် သူဝယ်ဖတ် ငါဝယ်ဖတ်နှင့် ခဏအတွင်းမှာပင် တိုင်းပြည်တွင် ပြန့်သွားသည်။ ဗြိတိန်ကျွန်းသို့ပင်လည်း ရောက်သွားသည်။ ထိုအခါ လန်ဒန်တက္ကသိုလ်တွင် မြန်မာစာပို့ချလျက်ရှိသော အဘိဓာန်ကျမ်းပြုပုဂ္ဂိုလ်ကြီး ဒေါက်တာ ဂျေ၊ အေ၊ စတီးဝပ်က ထိုစာအုပ်ကို ကောင်းစွာလေ့လာ၍ ဝေဖန်စာရေးလေသည်။စာရေးသူတို့ ဝါနုသေး၍ အနည်းငယ်ချို့တဲ့လျက်ရှိသည်ကို ဖော်ပြပြီးသည်၏ နောက်၌ကား ချီးမွမ်းစကားကိုသာ ပြောလေသည်။ ဗြိတိသျှတို့အထဲတွင် ထိုပုဂ္ဂိုလ်သည် မြန်မာပညာရှိဖြစ်သည်။ သူပြီးလျှင် အားလုံးပြီးတော့သည်။ ထို့ကြောင့် ပါမောက္ခ ဦးဖေမောင်တင် ၏ ပထမရည်ရွယ်ချက်မှာ အောင်မြင်လေတော့သည်။ ဦးဖေမောင်တင်သည် မြန်မာလူငယ်များ ပျို့လင်္ကာသင်ကြားရုံနှင့် ကိစ္စမပြီးသေး။ စကားပြေကိုလည်း နိုင်ရမည်ဟု ယုံကြည်သော ဉာဏ်ကြီးရှင်ဖြစ်သည်။ ထို့ကြောင့် ကျောင်းသားများ ဖတ်ရှုတ်လေ့လာရအောင် ဦးကုလား ရာဇဝင်စသော စကားပြေကျမ်းကြီး ကျမ်းငယ်တို့ကို ရှာဖွေကူးယူပုံနှိပ်ကာ ပြဋ္ဌာန်းလေသည်။ ထို့ကြောင့်လည်း ထိုခေတ်က ကျောင်းသားများ စကားပြေကို အရေးအသားနိုင်ကြခြင်းဖြစ်တန်ရာသည်။ ရှေးဟောင်းလင်္ကာစကားပြေကို တတ်ရုံနှင့်လည်း ကိစ္စမပြီးသေး။ လက်ရှိအခြေအနေကို ဖော်ပြသည့် ခေတ်မီလင်္ကာစကားပြေတို့ကို ဖတ်ရှုလေ့လာခွင့်ရပါမှလည်း ကျောင်းသားတို့မှာ တစ်ဖက်သတ် တစ်ပေါင်ကျိုးဘဝမှ လွတ်၍ လူစဉ်မီ လူတမ်းစေ့မည်ဟု ယုံကြည်သည်။ ထို့ကြောင့် ပါမောက္ခ ဦးဖေမောင်တင်သည် **ခေတ်စမ်းပုံပြင်စာအုပ်** ကို ကျောင်း သုံးစာအုပ်အဖြစ် ပြဋ္ဌာန်းလေသည်။ (ထိုသို့ ပြဋ္ဌာန်းသော်လည်း ထိုစာအုပ်မှ ထွက်ပေါ်သော အကျိုးအမြတ်ကို ဦးဖေမောင်တင် ယူသည်မဟုတ်။ စာရေးသူ တို့လည်း မယူ။ ဤသို့သော ခေတ်မီစာအုပ်အမျိုးမျိုးကို ဆက်လက်ထုတ်ဝေကာ မြန်မာစာပေ တိုးပွားရေး ဆောင်ရွက်နိုင်အောင် **မြန်မာပြည်ပညာ ပြန့်ပွားရေးအသင်း** က အကျိုးအမြတ်ခံစားသည်။) ခေတ်စမ်းပုံပြင်စာအုပ်သည် တစ်ပြည်လုံးသို့ ပျံ့နှံ့သွားလေပြီ။ ကျောင်းသူကျောင်းသားအများ ဖတ်ရှုတ်လေ့လာကြ၍ နှစ်ခြိုက် ရွှင်ပြုံးစွဲလမ်းကြလေပြီ။ ဦးဖေမောင်တင်၏ ဒုတိယရည်ရွယ်ချက် အောင်ပြီ။

သို့သော်လည်း ခေတ်စမ်းစာပေ၏ ဘဝခရီးစဉ်သည် ယခုပြောသကဲ့သို့ ချောမောခဲ့သည် မဟုတ်ပေ။ (၁) အသစ်တီထွင်သည်ကို ရိုးသားစွာနှင့် ကြောက်တတ်သော ရှေးဆန် လူတစ်စုနှင့် (၂) အသစ်တီထွင်သည်ကို မနာလို


www.burmeseclassic.com

www.burmeseclassic.com


မုန်းထားတတ်သော လူဖျင်းလူညံ့တစ်စုတို့သည် တီးတိုးတစ်မျိုး ကျယ်ကျယ်တစ်မျိုး နှုတ်ဖြင့် တစ်မျိုး လက်ဖြင့်တစ်မျိုး ကဲ့ရဲ့သင်္ဂြိုဟ် စကားတင်းဆိုကြလေသည်။ ထိုသို့ စကားတင်းဆိုနေသည့်အထဲတွင် ရှေ့ရေးကို မျှော်ခေါ်တတ်သော ပညာရှင်တစ်စုကမူ အတွင်သာချီးမွမ်းအားပေးလေသည်။ ထိုနှစ်ဖက်သော စကားတို့ကို ထိုခေတ် ထိုအခါက အများအစား ကြားခဲ့ရ ဖတ်ခဲ့ရလေသည်။ အချို့ကို ယခုအခါ ပြန်လည်ရှာဖွေရရှိသဖြင့် နောင်လာနောက်သားတို့ ပြန်လည်သုံးသပ်ကာ ချင့်ချိန်နိုင်ကြစေရန် ဤတွင် စုပေါင်းဖော်ပြကြပါသည်။

ဤဆောင်းပါးတို့တွင် သိပ္ပံမောင်ဝ၏ ဆောင်းပါးလာ ဤစာပိုဒ်ကို သတိပြုမိကြပေလိမ့်မည်။ **ဆရာတင်ကား ခေါင်းမာသော တစ်ဖက်သတ်ဆရာ မဟုတ်။ ကောင်းသော နည်းလမ်းများကို အမြဲလိုက်နာရန် အသင့်ရှိပေသည်။** ဤကား ပါမောက္ခ ဦးဖေမောင်တင်၏ လက်ဦးတပည့်ကြီး ဦးစိန်တင်က မိမိ၏ ဆရာ သဘောထားကြီးပုံကို အတိုဆုံး အကောင်းဆုံးချီးကျူးလိုက်ခြင်း ဖြစ်ပေသည်။ မှန်ပေသည်။ ဦးဖေမောင်တင်သည် ဗြိတိသျှအရှင်သခင်များကို စိတ်ရှည်လက်ရှည်သဘောထားကြီးစွာနှင့် ဟောပြောပြသချေချွတ်ပြီးမှ မြန်မာစာကို မီးဖိုချောင်ထဲမှ အိမ်ဦးခန်းသို့ ပင့်ဆောင်လိုက်လေသည်။ ဦးဖေမောင်တင်သာလျှင် တစ်ဖက်သတ်သမားလုပ်၍ အရေပါးကာ ရန်စစ်ချည်း ထိုးနေခဲ့ပါမူ မြန်မာစာ၏ ကံကြမ္မာမည်သို့ဖြစ်မည်ကို မတွေးတောရဲလောက်အောင် ရှိတော့သည်။ သူ၏ စိတ်ရှည်သည်းခံမှုကြောင့်လည်း ဤခေတ်စမ်းစာပေဖြစ်ထွန်းခဲ့ရသည်။ ခေတ်စမ်းစာပေဖြစ်ထွန်းခဲ့၍လည်း လွတ်လပ်ရေးရသောအခါ မြန်မာစာ၏ အခြေအနေမှာ တစ်နည်းတစ်ဖုံအားဖြင့် လွတ်လပ်သော လူမျိုးနှင့် ထိုက်တန်သောဘဝသို့ ရောက်ရှိနေခြင်းဖြစ်သည်။ ထို့ကြောင့် ခေတ်စမ်းစာပေ၏ သမိုင်းကား မြန်မာစာပေသမိုင်း၏ အရေးပါသော ကဏ္ဍကြီးတစ်ရပ်ဖြစ်ပေသတည်း။ ။ဆက်လက်ဖတ်ကြပါဘိ။

မင်းသုဝဏ်

## ဦးဖေမောင်တင်ထံသို့ ခေတ်စမ်းပုံပြင်များအကြောင်း ဝေဖန်စာ (သူရိယသတင်းစာ။ ၂-၅-၃၄။)

သိပ္ပံမောင်ဝ၊ မောင်သန့်စင်၊ ဇော်ဂျီ၊ မင်းသုဝဏ်၊ ကုသအမည်ခံဖြင့် ရေးသော ဆောင်းပါးဝတ္ထုများကို စုဆောင်း၍ ပါမောက္ခဆရာကြီးဦးဖေမောင်တင်သည် တည်းဖြတ်စီရင်အပ်သော ခေတ်စမ်းပုံပြင်ဝတ္ထုများသည် ဖတ်ရှုဖွယ်ကောင်းလှ၏။ ယခုကာလ မြန်မာစာပေလေ့လာကြသော ကျောင်းသားများသည် တိုတိုတုတ်တုတ်နှင့် သရုပ်ပေါ်အောင်ရေးသားနိုင်စေရန် ၎င်းစာအုပ်ကို


www.burmeseclassic.com

www.burmeseclassic.com


စံတင်ထား၍ နည်းယူသင့်၏။ ဤပုံပြင်များကို ဂန္ထလောကမဂ္ဂဇင်း၊ သိပ္ပံကျောင်းတိုက်မဂ္ဂဇင်းများ၌ ခဏခဏ ဖတ်ဖူးကြပေလိမ့်မည်။ သရုပ်ပေါ်အောင် ရေးသားရာ၌ ဝါကျရှည်စွာ ရေးမှသာလျှင် ပြီးမြောက်သည် မဟုတ်၊ တိုတိုတုတ်တုတ်ရေးရာ၌လည်း ခရီးရောက်နိုင်ကြောင်းကို သိသာ၏။

စိတ်ကူးရာ၌လည်းကောင်း၊ အရာတစ်ခုကို ကြည့်ရှုရင်း စိတ်ဝင်စားရာ၌လည်းကောင်း၊ သရုပ်တို့သည် ရုတ်ချည်း ရုတ်ချည်း ဖျတ်ခနဲ ဖျတ်ခနဲ စိတ်တွင် ကတ္တားခြား၍ ပေါ်လာသကဲ့သို့ ဝါကျများလည်း စိတ်ကူးအလိုက် သရုပ်ပေါ်အောင် တိုတိုတောင်းတောင်း၊ ဝါကျချင်းမရောယှက်အပ်။ သို့မှသာလျှင် သဘာဝအတိုင်းဖြစ်မည်။ ယခုခေတ်စမ်းဆိုအပ်သော ဝတ္ထုပုံပြင်များသည် ဤကဲ့သို့ သရုပ်ပေါ်အဖွဲ့များဖြစ်၏။ နားလည်လွယ်၏။ မျက်စိထဲ၌ သရုပ်တို့သည် အကွင်းအကွက်ပေါ်လာ၏။ စိတ်ကူးထဲ၌ တစ်ခုပြီးတစ်ခု ပေါ် သလို ရှုမျှော်ခင်းများကို တစ်ခုပြီးမှ တစ်ခုမြင်သလို၊ ဝါကျများလည်း တစ်ခုပြီး တစ်ခု ပေါ်လာ၏။ သဘာဝအတိုင်း ဖြစ်ပါပေ၏။

ဖွဲ့နွဲ့သော အကြောင်း ဝတ္ထုများကလည်း ရှေးကအကြောင်း ဝတ္ထုမျိုး မဟုတ်။ နေ့စဉ် တွေ့လွယ် မြင်လွယ်သော အကြောင်းများ ဖြစ်သဖြင့် ရှေးကကဲ့ သို့ ဝါကျရှည်ကြီးများ မဟုတ်၊ ဘုရားဘွဲ့၊ ဘုန်းတော်ဘွဲ့၊ တောဘွဲ့၊ မြို့ဘွဲ့ကြီး တို့နှင့် နက်နဲသောတရား၊ စိတ်ကူးဉာဏ်တို့သာလျှင် စိတ်ကူးနက်နဲသကဲ့သို့ စိတ်ကူးဆက်မပြတ်သကဲ့သို့ ဝါကျရှည်စွာရေးလျှင် ထိုထိုတို့၏ သဘာဝ အလိုက်ဝါကျရှည်ကြီးများကို ရေးသားခဲ့ကြ၏။

ယခု ခေတ်စမ်းပုံပြင်များ၌ ရေးပုံရေးနည်းများမှာ ခေတ်တစ်မျိုးဆန်းသည့်အလျှောက် ခေတ်ကို 'စမ်း'သော အနေဖြင့် ရေးသားသောကြောင့် ခေတ်စမ်းပုံပြင်များဟု ဆို၏။ ဤသို့ ခေတ်ကို စမ်း၍ကြည့်ရာ၌ လူတိုင်းလိုပင် စမ်းသပ်ဝယ်ယူဖတ်သင့်၏။ ကျောင်းသားများမှာ မဖတ်ဘဲ မနေသင့်။ သို့မှသာလျှင် စာမေးပွဲ၌ ခေတ်မီအောင် ရေးနိုင်မည်။ ခေတ်စမ်းသော မေးခွန်းများကို ဖြေနိုင်မည်။

**ဦးဖေမောင်တင်အားလည်း များစွာ ကျေးဇူးတင်စရာပင်။ အနှစ်သာရနှင့် ပြည့်စုံကာ အထက်တန်းကျသော စာပေဟောင်းများကို ပြန်၍ပေါ်ပေါက်အောင် ကြိုးပမ်းသည်နှင့် အားမရသေး။ ခေတ်အလိုက်ပေါ်ပေါက်လာသော စာဆန်း၊ ကဗျာဆန်းများကိုပင် ခေတ်စားအောင် ဆောင်ရွက်နိုင်ပေ၏။**

သို့သော် ဦးဖေမောင်တင်အား အကြံပေးလိုသေး၏။ ကျွန်တော်လည်း ဤဆောင်းပါးဝတ္ထုများကို ဂန္ထလောကမဂ္ဂဇင်း၊ တက္ကသိုလ်ကျောင်းတိုက် မဂ္ဂဇင်းတို့၌ ယခင်ကဖတ်ဖူးခဲ့ရာ ဖတ်စဉ်အခါ ဖတ်၍ အလွန်ပင်


www.burmeseclassic.com

www.burmeseclassic.com



အရသာရှိ၏။ မြိန်ယှက်၏။ စိတ်ပျော်မြူး၏။ နောင်ဖတ်လို၍ ခဏခဏ ဖတ်ပြန်ပါလည်း အရသာရှိ၏။ တိုး၍ပင် အရသာရှိ၏။ ဖတ်လေ ဖတ်လေ ဖတ်ချင်လေဖြစ်၏။ ဆောင်းပါးရှင်တို့ ငယ်နာမည်ရင်းကို တစ်မျိုးတစ်မည်ဖြင့် သိရသော်လည်း အရသာမပျက်။ ဤဝတ္ထုများကို တစ်ဖန်စုဆောင်း၍ ပုံနှိပ်ထုတ်ဝေကြောင်းကို ကြားသိရသည်နှင့်တစ်ပြိုင်နက် ဖတ်ချင်ဇောနှင့် ဝယ်ဖတ်ကြည့်ရာ ဆောင်းပါးရှင်၊ ဝတ္ထုရှင်တို့၏ အမည်ရင်းကို ဝတ္ထုတိုင်းတို့၌ ခေါင်းစဉ်စာလုံးကြီးတို့ဖြင့် ထုတ်ဖော်ရေးသားထားသည်ကို တွေ့ရ၏။ ဤနာမည်ကြီးတွေကို တွေ့ရသည်နှင့် တစ်ပြိုင်နက် ဖတ်ရသည့် အရသာ ပျက်သိသိဖြစ်သွား၏။ ဤသို့ ဖြစ်ရခြင်းသည် စိတ်ဓာတ်ပင်ဖြစ်၏။

စိတ်ဓာတ်သက်သက်ဖြစ်ခြင်းကြောင့် ဟူ၍လော မသိ၊ အဘယ့်ကြောင့် အရသာပျက်ရသည်ကို ဝတ္ထုဒြပ်အားဖြင့် ပြနိုင်သော အကြောင်းရှာမရ။ အခြားမိတ်ဆွေများကိုလည်း ဖတ်ခိုင်း၏။ သူတို့လည်း အခြားမဂ္ဂဇင်းများတွင် ဖတ်ဖူးခဲ့ကြ၏။ နာမည်ကြီးတွေကြောင့် အရသာပျက်သည်ဟု ပြောပြ ကြ၏။ အရသာပျက်သည်လည်း မဟုတ်လှ။ နာမည်ကြီးတွေကို မြင်ရသည်မှာ အောင့်သီးအောင့်သက်ဖြစ်၏။

အကြောင်းရှာမည်ဆိုလျှင် မစ္စတာမောင်မှိုင်းရေးသော ဆောင်းပါးများကို မည်သူရေးသည်ဟု အများပင်သိရှိကြပြီးဖြစ်သော်လည်း အမည်ထုတ်က ဆရာလွန်းဟု ရေးလျှင် ပေါ့ပျက်ပျက်ဖြစ်သွားမည် အမှန်။

ရေးပုံသားပုံ၊ စကားအသုံးအနှုန်းတို့သည် ဆရာမှိုင်းဟူသော အမည်ခံနှင့် လိုက်အောင် ရေးသားထား၏။ နာမည်ကိုကပင်လျှင် စာ၏ အသွားအလာကို ထိထိရောက်ရောက်ရှိစေ၏။ ဆရာမှိုင်းသည် ဆရာလွန်းဟု ထုတ်ဖော်လျက် ရာဇဝင်၊ မြန်မာစာပေအကြောင်းများကို ရေးလျှင်စာ၏ အရသာပျက်မည် မဟုတ်။ ဥပမာ မောင်သန့်စင် အမည်ခံ ဦးအေးမောင်သည် ရတု၏ အကဲခတ်နည်းကို ဂန္ထလောက၌ နာမည်ထုတ်ဖော်ရေးသဖြင့် ဆောင်းပါးသည် ပို၍ လေးနက်၏။

အကြောင်းကား ထိုပုဂ္ဂိုလ်တို့ကား ဤနေရာ၌ ငြိမ်းမှီလောက်သော ပုဂ္ဂိုလ်များဖြစ်၏။ ရေးသော အကြောင်းများကလည်း စိတ်ကူးဉာဏ်ကစား၍ စကားတန်ဆာဆင်၍ ပရိယာယ်နည်းဖြင့် ရေးသားသော စာများမဟုတ်။ အကြောင်းရင်း မူလအကြောင်းများသောကြောင့် ဖြစ်သည်။

အနောက်နိုင်ငံ စာရေးဆရာကြီးတို့သည် မိမိတို့၏ နာမည်ရင်း မထုတ်ဖော်ဘဲ ရေးသားလေ့ရှိကြောင်း သက်သေသာဓကတို့ကို ဦးဖေမောင်တင် မသိဟု မဆိုနိုင်။ အချို့လည်း နာမည်ရပြီး၍ မိမိတို့၏ ရေးသားပုံမှာ မယိမ်း



www.burmeseclassic.com

www.burmeseclassic.com


မယိုင်နိုင်၊ လူကို သိသဖြင့် အများက မကဲ့ရဲ့နိုင်တော့ဟူသော အခြေရောက်မှ နာမည်ကို ထုတ်ဖော်ကြ၏။ သို့သော် ဆောင်းပါးအမည်ခံကို ဖျောက်၍ နာမည် ရင်းနှင့် တစ်ဖန် ရေးသားသည်ဟု ကျွန်တော်မတွေ့ဘူးသေးချေ။

ပထမ စာကိုမင်၍ ပုဂ္ဂိုလ်ကို ခင်လာကြ၏။ သို့ပုဂ္ဂိုလ်ကို ခင်ရာမှ စာကို ခင်လာပြန်၏။ စာဖတ်သူသည် ဆောင်းပါးများကို အလွန်နှစ်သက်၍ ဆောင်းပါးရှင်ကို သိလိုကြသော်လည်း ရုတ်တရက် သိခွင့်မပေးသင့်သေး။ နောက်ပုဂ္ဂိုလ်ကို သိသော်လည်း ဆောင်းပါး၏ ဩဇာမပျက်နိုင်လောက်သော အခြေရောက်ပြီဟု စိတ်လုံးလုံး ချရမှသာလျှင် နာမည်ထုတ်ဖော်သင့်၏။ ထို အခါ ဆောင်းပါးရှင် ပုဂ္ဂိုလ်အား ခင်လာကြ၏။ ဤသို့ ခင်ပြီးနောက် ထိုပုဂ္ဂိုလ် ရေးသမျှ အကောင်းချည့်ပင် ဖြစ်တော့၏။

ထို့အတူ သိပ္ပံမောင်ဝအမည်ခံဆောင်းပါးရှင် ဝန်ထောက်ဦးစိန်တင် မှာမူ နှစ်ရှည်လများ ရေးသားလာသောကြောင့် ထိုပုဂ္ဂိုလ်၏ ဆောင်းပါးကို ဖတ်၍ အဝါးဝသောသူတို့သည် အပြစ်ဆိုကြတော့မည်မဟုတ်ချေ။ ကျောင်း သားကလေးများပင် အတုခိုး၍ ရေးသားလျက်ရှိကြပြီ။ 'သိပ္ပံမောင်ဝစတိုင်'ဆို သော စကားသည် ကျောင်းစကားဖြစ်လာပြီ။ ထိုပုဂ္ဂိုလ်ကလည်း ရာထူးဌာနန္တရ ဘွဲ့တို့ဖြင့် ပြည့်စုံနေပေပြီ။ ယခုမှစ၍ ဤအသွားမျိုးဖတ်ရသူတို့က မည်သို့ ဆိုမည်မသိ။

မြန်မာစာလိုက်စားသော သူတို့သည် ဦးဖေမောင်တင်၏ သတ္တိကို သိလာကြပြီ။ အခြားဆောင်းပါးရှင် ဦးသိန်းဟန်၊ ဦးဝန်၊ ဦးတိုးအောင်တို့သည် ကား ကျောင်းမှ ထွက်သည်မှာ မကြာမြင့်လှသေးဟု သိရ၏။ ထိုပုဂ္ဂိုလ်တို့၏ အမည်မသိမီ ၎င်းတို့၏ ဆောင်းပါးများကို ချီးမွမ်းမိ၏။ ချီးလည်း ချီးမွမ်းထိုက် ၏။ သို့သော် ထိုပုဂ္ဂိုလ်တို့ ဆောင်းပါးများကို ယခုမှ သိရဖတ်ရသူတို့က မည်သို့ဆိုမည်မသိ။ ဆောင်းပါးများကို ဖတ်ဖူးသော်လည်း ပုဂ္ဂိုလ်ကို သိ သည်နှင့် တစ်ပြိုင်နက် တစ်ခါတစ်ရံ ကလောင်တွေ့၍ ကောင်းသွားဟန်ရှိ၏ဟု ဆိုကောင်းဆိုကြပေလိမ့်မည်။ နောက်ထပ်ရေးသားသော ဆောင်းပါးများကို ချီးမွမ်းသင့်သလောက် ချီးမွမ်းကြမည်မဟုတ်။

ထိုကြောင့် နည်းသစ်နည်းဆန်းဖြင့် ခေတ်ထွင်၍ရေးသားသော၊ ဤ ခေတ်ကို စမ်းသပ်သည့်အနေဖြင့် ထုတ်ဝေသော ဤခေတ်စမ်းပုံပြင်ဝတ္ထုမျိုး၌ ပထမစာကိုပင် မင်အောင် ပဓာနပြုသင့်၏။ သို့မှသာလျှင် ပုဂ္ဂလဓိဋ္ဌာန်မဖက် ဘဲ ပြည်သူက တရားအတိုင်းဆုံးဖြတ်လိမ့်မည်။ နာမည်များကို နိဒါန်း၌ ထုတ် ဖော်သင့်၏။ သိပ္ပံမောင်ဝ၊ မောင်သန့်စင်၊ ဇော်ဂျီ၊ မင်းသုဝဏ်၊ ကုသစသော နာမည်ကလေးများသည် သုတိသာယာဖြစ်၏။ နုလည်း နု၊ ယဉ်လည်း ယဉ်


www.burmeseclassic.com

www.burmeseclassic.com


၏။ နာမည်များကပင် ကဗျာသံ ကဗျာသဘောပါနေ၏။ များမကြာမီ ခေတ်စမ်း ကဗျာများထုတ်ဝေမည်ကို သိရ၏။ သို့ပါ၍ ထိုကဗျာများ၌ ဤနာမည်ကလေးများသာ တပ်သင့်ကြောင်း၊ နာမည်ရင်းများကို ထုတ်ဖော်လိုက နိဒါန်းမှာသာ ရေးသင့်၏။ မဂ္ဂဇင်းအသီးသီး၌ ပါပြီးသော ကဗျာများမှာ ယဉ်ကျေးနူးညံ့လှသဖြင့် ၎င်းနာမည်များနှင့် မခွဲခွာသင့်။

နာမည်ဝှက်ထားသော ဆောင်းပါးရှင်၊ ကဗျာရှင်တို့သည် မည်သူမည်ဝါပဲဟု စကားလက်ဆုံကျသည့်အခါ အချင်းချင်း ထုတ်ဖော်ပြောဆိုရခြင်းသည်လည်း တစ်မျိုးအရသာရှိ၏။ တစ်ခါတစ်ရံ ဂုဏ်ရှိသလိုထင်မိ၏။

သို့ပါ၍ နောင်ခေတ်စမ်းကဗျာများ ထုတ်ဝေခဲ့ပါလျှင် နာမည်ရင်းများ ထင်ထင်ရှားရှား မထုတ်ဖော်ရန် ဦးဖေမောင်တင်အား တောင်းပန်ပါသည်။

ရွှေဥဒေါင်း။

(မှတ်ချက်။ ။ဤဆောင်းပါးရှင် ရွှေဥဒေါင်းကား ဝတ္ထုရေးဆရာ ရွှေဥဒေါင်း မဟုတ်။ ။အယ်ဒီတာ။)

**ခေတ်စမ်းပုံပြင်များ**

**မြန်မာနိုင်ငံ ပညာပြန့်ပွားရေးအသင်းမှ ဦးဖေမောင်တင် တည်းဖြတ် အုပ်ချုပ်၍ ထုတ်ဝေသည်။**

**အဖိုးငွေ ၁ ကျပ်။**

**(သူရိယ။ ၃-၅-၃၄)**

ရှေးလွန်လေပြီးသောအခါကစ၍ မြန်မာပြည်တွင် ရေးသားသုံးစွဲလာခဲ့သော မြန်မာစာသည် တစ်ခေတ်နှင့် တစ်ခေတ်ပြောင်းလွဲလာသည်ကိုကား ယခုကာလပုံနှိပ်ထုတ်ဝေနေသော သတင်းစာများကို ဖတ်ရှုခြင်းအားဖြင့် သိနိုင်ပေသည်။ မြန်မာပြည်၌ ပါဠိဘာသာ ရေးသားရာတွင် ပါဠိဘာသာစကားအသွားအလာမျိုး ရေးသားရာမှ တဖြည်းတဖြည်း မြန်မာစကားပြေရေး တိုးတက်လာပုံအလုံးစုံကို သေချာစွာ လေ့လာဖတ်ရှုလိုလျှင် အဆိုပါ ခေတ်စမ်းပုံပြင်များကို ဖတ်ရှုသင့်ကြပေသည်။

ခေတ်စမ်းပုံပြင်များမှာ ဂန္ထလောကမဂ္ဂဇင်း၊ တက္ကသိုလ်မဂ္ဂဇင်း၊ သမဂ္ဂမဂ္ဂဇင်းများတွင် မိမိတို့ ကြိုက်နှစ်သက်သော နာမည်ဝှက်ကလေးများဖြင့် ရေးသားထားသော စာများမှ သင့်ရာ သင့်ရာ ထုတ်နှုတ် စုပေါင်းသော ပုံပြင်များပင် ဖြစ်၏။ စာရေးသူ တွေ့ကြုံထင်မြင်ရသမျှကို ဖတ်ရှုသူများ၏ စိတ်တွင် ပန်းချီကား သဏ္ဍာန်ထင်မြင်လာစေရန် ရေးသားခြင်းသည် ယခုခေတ်သုံး စကားပြေ ရေးနည်းပင်ဖြစ်၏။


www.burmeseclassic.com

www.burmeseclassic.com


'ကတ္တား–ကံ–ဝါစက'စသည်ဖြင့် စကားအစီအစဉ်ညီညွတ်ဖို့ထက် စာဖတ်သူများ စွဲလမ်းဖို့ကား သာ၍ အရေးကြီး၏။ ရှေးရှေးက ဇာတ်သဘင်များတွင် နှစ်ပါးသွားသည့်အခါ သီချင်းတစ်မျိုး၊ အပူတိုက်စခန်းတွင် သီချင်းတစ်မျိုး၊ တရားသံဝေဂရသည့်အခါ တေးထပ်၊ လေးချိုး၊ သီချင်းကြီးများဖြင့် တစ်မျိုး၊ လူပြက်များက ပရိသတ်များကို ဟာသပညာဖြင့် အသုံးခံကြသည့်အခါတစ်မျိုး သီဆိုကပြကြရ၏။ ယခုခေတ်၌ ထိုသဘောမျိုးအလုံးစုံကို စကားပြေအရေးအသားတွင် လွတ်လွတ်လပ်လပ်ထုတ်ယူသုံးစွဲလာကြ၏။ နောက်နောင် မြန်မာစာပေ၊ မြန်မာကဗျာ၊ မြန်မာပြဇာတ်အရေးအသားကို နားလည်ကြလေလေ စကားပြေအရေးအသားမှာ ပိုမိုတိုးတက်လေလေ ဖြစ်မည်ကား မလွဲဖြစ်ပေသည်။

ဇာတ်ပွဲကြည့်သူပရိသတ်များ တဝါးဝါး ရယ်မောရစေရန် ပြက်လုံးထွင်စေသော တာဝန်ကို 'ဝဇီကိုင်'ရေး မောင်တိုးအောင်ကို လွှဲထား၏။ ပရိသတ်များ မျက်ရည်ကျလောက်အောင် ငိုချင်း၊ လွမ်းချင်းများကို ဆိုစေရန် 'ဉသြ'ခန်းတွင် ရေးသူမောင်ဝန်ကို လွှဲထား၏။ ဇာတ်ကွက်ဇာတ်လမ်းကို ဖော်၍ပြစေသော မင်းသားကြီး၏ အလုပ်ကို မောင်သိန်းဟန်သို့ ပေးထား၏။ မင်းသမီးကို ဖူးညိုကဲ့သို့ စကားအရာ ပလီပလာပြောဆို၍ ပရိသတ်စိတ်ဓာတ်ကို ဆွဲစေသော အလုပ်ကို မောင်ဇမောင်ကို ပေးထား၏။ ဇာတ်လမ်းတိုင်းတွင် တရားရှာ၍ လျှောက်ထားရသော ဝန်ကြီးအလုပ်ကို မောင်စိန်တင်သို့ ပေးထား၏။ (ဤ နေရာတွင် မူလနာမည်ဂှက်ကလေးများကို ဖော်ပြနိုင်လျှင် ကောင်းလေစွ။ နာ မည်ဂှက်များကို စာအုပ်တွင် မပါသဖြင့် မထည့်သွင်းလိုက်ရချေ။)

စကားပြေရေးသားရာတွင် (သိန်းရင်၏ မျက်ခွက်ပေါ်တွင် စားပွဲထိုင်လျက်ရှိကြ၏။ × × တစ်ခါတစ်ခါ ပုတ်သင်ညိုလို ခေါင်းညိတ်ကာလည် ညိတ်ကာ ပြုလုပ်နေသဖြင့် ဆံမြိတ်သည် တိုက်ခတ်သော လေထဲတွင် အလံ ပြသလို ပြနေလေ၏။ × × ပုလိပ်ဂတ်စာရေးသည် တရားခံကို ကြည့်သကဲ့သို့ အစိမ်းစားတော့မလို ကြည့်နေလေ၏။ × × အသည်းကို ငါးပူတင်းတွပ်သလို × × ထမင်းစားရုံကြီးမှ ပုံလွှားပုံသကဲ့သို့ နိမ့်ချည် မြင့်ချည် ပြုလုပ်နေသော ကုလားလက်ထဲက ခေါင်းလောင်းသည် "ထမင်းစားလှည့်၊ ဆာဆာ၊ မဆာဆာ၊ လာစား၊ နို့မို့ရင် ငတ်မည်" ဟု အသံတစာစာနှင့် အော်ပြောသည့်အလား စသဖြင့် ဖန်တီးရေးသားထားပုံများကို များစွာနှစ်သက်ကြ၏။ စာရေးသားသူများသည် ဤစာမှာ နုပ်သည်၊ သိမ်ဖျင်းသည် ဟူ၍ ဆိုမည်ကို အလျဉ်း မစဉ်းစားဘဲ စာဖတ်သူများ၏ စိတ်တွင် ထိစေရန်သာ ရည်ရွယ်ရေးသားကြ၏။ ထိုစာများကို ရေးသားသူ မောင်ဝန်၊ မောင်အေးမောင်၊


www.burmeseclassic.com

www.burmeseclassic.com


မောင်သိန်းဟန် အစရှိသည်တို့သည် တစ်ချက်တစ်ချက်တွင် မြန်မာသီချင်းကြီးများမှ ထုတ်ယူသုံးစွဲထားကြသည်ကို တွေ့ရပေလိမ့်မည်။ တစ်ခါတစ်ခါ အင်္ဂလိပ်သံပါသွားကြ၏။ "တစ်စုံ တစ်ခုမှာ မပြည့်စုံသကဲ့သို့ဖြစ်နေ၏" ဟူ၍ ရေးသားသည်မှာ အင်္ဂလိပ်စကား သွားပင်ဖြစ်၏။

မြန်မာစာများကို ယခုအခါထက် ပို၍လိုက်စားလျှင် နောက်နောင် ထိုစာများထက်ပင် ကောင်းမွန်လာမည်ကား မလွဲပေတည်း။

မောင်။

## ခေတ်စမ်းပုံပြင်များ
## (သူရိယ။ ၁၁-၅-၃၄)

ယခု မေလ ၂ ရက်နေ့ထုတ် သူရိယသတင်းစာတွင် ရွှေဥဒေါင်း အမည်ခံဆောင်းပါးရှင်က ရန်ကုန်တက္ကသိုလ်ပါမောက္ခ ဦးဖေမောင်တင် တည်းဖြတ်အပ်သော ခေတ်စမ်းပုံပြင်များကို ပိုင်းခြားဝေဖန် စာကဲခတ်ထားသည်ကို ဖတ်ရှုရပါသည်။ ကျွန်ုပ်သည် ဆောင်းပါးရှင် ရွှေဥဒေါင်းကဲ့သို့ပင် ဤခေတ်စမ်းပုံပြင်များကို အစမှအဆုံး ဖတ်ကြည့်ရာ အလွန်မွန်မြတ်သော စာပေ၏ အရသာကို ခံစားရပါသဖြင့် စာရေးဆရာအသီးသီးတို့အား များစွာမှပင် ချီးမွမ်းထောမနာ ပြုမိပါ၏။ ယခုခေတ်ကို စုံစမ်းသည့် အနေဖြင့်သော်လည်းကောင်း၊ စမ်းသပ်သည့် အနေဖြင့်သော်လည်းကောင်း၊ တက္ကသိုလ်စာရေးဆရာကလေးများသည်သရုပ်ပါပါနှင့် မြန်မာစာပေကို တစ်မျိုးတစ်ဖုံအားဖြင့် အဆင့်အတန်းမြှင့်ကာ ရေးသားကြသည်တကားဟု စိတ်၌ လွန်စွာမှ ပီတိဖြစ်မိပါတော့၏။

ဤကဲ့သို့ စာရတနာကလေးများကို ကြိုးပန်းအားပြုပေါင်းစု ပုံနှိပ်ကာ မြန်မာစာတည်းဟူသော ရွံ့ညွန်တွင် နစ်နေသည့် ပတ္တမြားပြည်တန်ကို ထုတ်ယူ၍ တောက်ပြောင်လာအောင် ပြုနိုင်စွမ်းရှိသည့်အတွက် ပါမောက္ခ ဦးဖေမောင်တင်အား ကျေးဇူးတင်၍ မဆုံးနိုင်အောင်ပင် ရှိပါတော့၏။

ရွှေဥဒေါင်းက ပါမောက္ခ ဦးဖေမောင်တင်အား အကြံအနည်းငယ်ပေးထားသည်ကို တွေ့မိပါ၏။ ရွှေဥဒေါင်း အလိုအားဖြင့် ထိုခေတ်စမ်းပုံပြင် စာအုပ်တွင် မောင်စိန်တင်၊ မောင်ဇမောင်၊ မောင်သိန်းဟန်၊ မောင်ဝန်၊ မောင်တိုးအောင်ဟူ၍ စာရေးသူများ၏ အမည်များကို ထည့်မည့်အစား ၎င်းတို့ အသီးသီး၏ ဝှက်နာမည်များဖြစ်သော သိပ္ပံမောင်ဝ၊ မောင်သန့်စင်၊ ဇော်ဂျီ၊ မင်းသုဝဏ်၊ ကုသတို့ကို ထည့်သွင်းစေလိုကြောင်း အကြံပေးထား၏။ အဘယ့်ကြောင့်ဆိုသော် စာရေးသူအမည်မှန်များကို သိရသဖြင့် ၎င်းတို့ ရေးသားကြသည့် စာများ၏ အရသာသည် ပေါ့ပျက်ပျက်ဖြစ်သွားသည်ဟု ဆိုထား၏။ ဤနေရာ


www.burmeseclassic.com

www.burmeseclassic.com


တွင် ရွှေဥဒေါင်းနှင့် ကျွန်ုပ်သဘောကွဲလွဲချေ၏။ ပါမောက္ခ ဦးဖေမောင်တင် စီစဉ်ထားသည့်အတိုင်း စာရေးသူများ၏ နာမည်ရင်းများကိုသာ ထည့်စေလို၏။

ခေတ်စမ်းပုံပြင်များကို ကျောင်းသုံးအဖြစ် ပြဋ္ဌာန်းလိုက်ပြီဖြစ်ကြောင်းကို သတိပြုစေလို၏။ သို့သည့်အားလျော်စွာ ထိုစာအုပ်ကို ဖတ်ရသော ကျောင်းသားတို့သည် စာရေးသူတို့၏ အမည်ရင်းများကို သိချင်ကြပြီ မဟုတ်ပါလော။ ယခုအခါ စာမေးပွဲ မေးခွန်းများတွင် စာရေးသူတို့၏ အတ္ထုပ္ပတ္တိတို့ကို မေးနေကျဖြစ်ကြောင်းကို ရွှေဥဒေါင်း သိပေလိမ့်မည်။ ကျောင်းသုံးစာအုပ်များတွင် စာရေးသူ၏ နာမည်ရင်းများကို စာမျက်နှာတွင် ထည့်သွင်းထားခြင်းမှာ အသစ်အဆန်းမဟုတ်။ အင်္ဂလန်ပြည် ကိန်းဗရစ် ဖတ်စာအစရှိသည်တို့ကို ဖတ်မိလျှင် မှန်ကြောင်း သိပါလိမ့်မည်။ ကာလပေါ် ဆထရင်းမဂ္ဂဇင်းနှင့် အခြားမဂ္ဂဇင်းများတွင် ပီ၊ ဂျီ၊ ဝုဒ်ဟောက်(စ်) အစရှိသဖြင့် စာရေးသူအမည်ကို အစဉ်ထည့်သွင်းလေ့ရှိကြောင်းကို ဖတ်ဖူးက သိပေလိမ့်မည်။ ဤကဲ့သို့ ထည့်သွင်းသဖြင့် စာပေ၏ အရသာသည် ပေါ့ပျက်ပျက်ဖြစ်သွားသည်ဟု ဆိုနိုင်ပါသလော။ ပေါ့ပျက်ပျက်မဖြစ်သည့်အပြင် စာရေးသူ၏ နာမည်ကို တွေ့ရသဖြင့် တိုး၍ပင် အရသာပေါ်လာသည်ဟု ကျွန်တော် ထင်မိကြုံတွေ့ခံစားမိ၏။ ဤခေတ်စမ်းပုံပြင်များတွင် စာရေးသူအမည်ကို ထည့်သွင်းထားသဖြင့် စာရေးသူများသည် လူရွယ်များဖြစ်ကြောင်း၊ မြန်မာစာပေကို တက္ကသိုလ်ကျောင်းကြီးတွင် ထိထိရောက် ရောက်သင်ခဲ့သူများ ဖြစ်ကြောင်းကို သိနိုင်ပါ၏။ ဤကား တစ်စိတ်တစ်ဒေသဖြစ်သော အကျိုးကျေးဇူးတည်း။ များအံ့စိုး၍ အကျယ်မဆိုပြီ။

ဆောင်းပါးရှင် ရွှေဥဒေါင်း၏ အလိုအတိုင်း ဝှက်နာမည်များကို နာ မည်ရင်းအစား ထည့်သွင်း၍ မဖြစ်နိုင်ကြောင်းကို ဆိုပါအံ့။ ဤခေတ်စမ်းပုံပြင်စာရေးဆရာများအနက် အချို့မှာလူတစ်ဦးလျှင် တစ်ခုထက်ပိုသော ဝှက်နာမည်များ ရှိကြောင်းကို ရွှေဥဒေါင်း သိစေလို၏။ သိပ္ပံမောင်ဝ၊ တင်မောင်မြင့်၊ မောင်စိန်တင်၊ မောင်လူအေး၊ ကောလိပ်ခင်တို့မှာ လူတစ်ယောက်တည်းဖြစ်သည်ဟု ကြားသိရပါ၏။ ထို့အတူ မင်းသုဝဏ်၊ မြဝတ်ရည်၊ ဟံသာကျေး၊ သုဝဏ်၊ အညတြတို့မှာ လူတစ်ယောက်တည်းပင်ဟု ကြားသိရပါ၏။မောင်သန့်စင်၊ ဇော်ဂျီနှင့် ကုသတို့မှာကား နာမည်တစ်ခုတည်း ရေးနေကြသည်ဟု ကြားရပါ၏။ လူတစ်ယောက်တည်း နာမည်များများထား၍ ရေးသားသော သူတို့အဖို့ အခက်အခဲကြုံရ၏။ ထိုအခက်အခဲကား အခြားမဟုတ်။ အဘယ် ဝှက်နာမည်ကို ထည့်သွင်းရပေမည်နည်း။ ဝှက်နာမည်အားလုံးကိုပင်


www.burmeseclassic.com

www.burmeseclassic.com


ထည့်သွင်းပါလျှင် ဖတ်သူများက စာရေးသူအလွန်များသည်ဟု တစ်ထစ်ချ ယုံကြည်ထင်မှတ်ကြပေလိမ့်မည်။ မထင်ရလေအောင် ဖြေရှင်းရန် ဝတ္ထုရေး တစ်ခု ဦးဖေမောင်တင်အပေါ်သို့ ကျရောက်ပြန်ချေ၏။ လွယ်လွယ်နှင့်ပြီးနိုင်သော အမှုတစ်ခုကို ရွှေဥဒေါင်းသည် အဘယ့်ကြောင့် ခက်စေလိုပါသနည်း။

ယခုအခါဝယ် အချို့သက်ရွယ်ကြီးရင့်သော စာရေးဆရာကြီးများသည် ပျိုရွယ်သော သူတို့သာ ခံယူထိုက်သော ဂုဏ်နာမည်များကိုခံယူကာ အသုံးပြုနေကြချေပြီ။ အချို့သက်န်းဝတ်များပင်လျှင် မိန်းမပျိုများ အမည်ကို ခံယူသုံးစွဲကာ ဆောင်းပါးကဗျာများကို စီကုံးရေးသားနေကြကြောင်းကို အမှန်သိရှိရ၏။ အချို့ယောကျ်ားများသည် မိန်းမအမည်တပ်၊ အချို့မိန်းမများသည် ယောကျ်ားအမည်တပ်ကာ စာရေးနေကြပြီ။ မည်သူသည် မည်ဝါပဲ၊ မည်သူဟာ မိန်းမ၊ မည်သူဟာ ယောကျ်ား စသည်ဖြင့် ငြင်းခုံနေကြသည်ကို မကြာမကြာ တွေ့မိ၏။ ဤကဲ့သို့ ထင်ယောင်ထင်မှား ငြင်းခုံမှုတို့မှ ကင်းရှင်းအောင် ဂုဏ် နာမည်များ အစား နာမည်ရင်းများ ထည့်သွင်းခြင်းကို ရွှေဥဒေါင်းမကြိုက်ပါ သလော။ ရှုပ်မည်အစား ရှင်းအောင်ပြုထားနိုင်ကသာ၍ပင် မကောင်းပါသ လော။ ရွှေဥဒေါင်း စဉ်းစားစေလို၏။

မစ္စတာမောင်မှိုင်း–ဆရာလွန်းဟု အမည်ထုတ်ဖော်ကာ ဆောင်းပါးများရေးလျှင် အရသာပေါ့ပျက်ပျက် ဖြစ်သွားမည်ဟု ရွှေဥဒေါင်းဆို၏။ ဤသို့ဆိုရာ၌ ရွှေဥဒေါင်းမှားချေပြီ။ အမည်ထုတ်ဖော်ရုံသာမဟုတ်ဘဲ ဓာတ်ပုံနှင့်တကွ 'ပရိဖက်ဆာဆရာလွန်း' ဟု အမည်တပ်ကာ မစ္စတာမောင်မှိုင်းဘွဲ့ခံဆရာကြီးဦးလွန်းသည် မဂ္ဂဇင်းများတွင် ရေးနေကြောင်းကို လူတိုင်းလိုပင်တွေ့မြင်ဖတ်ရှုနိုင်ပေ၏။ အမည်နှင့်တကွ ဓာတ်ပုံကိုပါမြင်ရသဖြင့် အရသာပျက်ပါသလော။ စာရေးသူ၏ ငယ်အမည်ကိုပင် မထုတ်ဖော်ဘဲရေးမှ စာပေအရသာတိုးမည်မှန်ပါက စာရေးဆရာတိုင်း လိုက်နာကြမည်ကား မလွဲပေ။ အဂ္ဂမဟာပဏ္ဍိတဘွဲ့ခံ ဆရာလင်း၊ ဆရာပွား၊ လယ်တီပဏ္ဍိတဆရာကြီးဦးမောင်ကြီး၊ မြန်မာပညာရှိ ဦးဖေ၊ ကွယ်လွန်သူ ပုဂံဝန်ထောက်ဦးတင်တို့ ၎င်းတို့၏ နာမည်ရင်းကို ထုတ်ဖော်၍ ရေးသားသော စာများကို ဖတ်ကြည့်ပါ၊ အရသာပျက်ပါက အလွန်ထူးဆန်းသော အကြောင်းတစ်ရပ်ဟု မှတ်ယူရပေမည်။ ရွှေဥဒေါင်းစမ်းသပ်စေလို၏။ ကျွန်ုပ်မှာကား ၎င်းတို့၏ နာမည်များကို ဖတ်ရသည်နှင့် တစ်ပြိုင်နက် ၎င်းတို့ရေးသော စာများကို အမြတ်တနိုးဖတ်ရ၏။

ရွှေဥဒေါင်း ဝါကျတိုများကို နှစ်သက်သည်ဟုဆို၏။ သို့သော် ခေတ်စမ်းပုံပြင်ထဲတွင် ဝါကျတိုများကို လူတိုင်းမရေးချေ။ သိပ္ပံမောင်ဝတစ်ဦးသာ


www.burmeseclassic.com

www.burmeseclassic.com


လျှင် (ဝါ) မောင်စိန်တင် တစ်ယောက်သာလျှင် အမြတ်တနိုးပြု၍ ဝါကျတိုများကို ရေးသားလေသည်။ နိဒါန်းနှင့်တကွ ခေတ်စမ်းပုံပြင်များကို ဖတ်ကြည့်ပါက မည်သူသည် မည်သည့်ဝါကျမျိုး၊ စာသွားမျိုးရေးလေ့ ရေးထရှိကြောင်း သိပါလိမ့်မည်။ ကျွန်ုပ်ကား ဝါကျတိုများကို မနှစ်သက်လှ။ သုံးလေးတန်းမှ ကလေးများပင်လျှင် ရေးနိုင်သော ဝါကျမျိုးဟု ကျွန်ုပ်စိတ်၌ ထင်မိ၏။ သို့ဖြစ်ရကား ဝါကျတိုအရေးအသားကို ကျွန်ုပ်အတုမခိုးလို။ တက္ကသိုလ်ကျောင်းတွင်လည်း ဝါကျတိုအရေးအသားကို အားမပေးဟု ကြားရ၏။ အားပေးရန်လည်း မထိုက်။ အလွန်အဖိုးတန်သော မြန်မာတို့ စာစီစာကုံးမှုသည် ကမောက်ကမ မဖြစ်သွားချေမည်ဟု ကျွန်ုပ်တစ်ထစ်ချ ယုံကြည်၏။ သို့သော် ရွှေဥဒေါင်းကို ကျွန်ုပ်မတားမြစ်လိုပြီ။ လူတစ်ယောက်လျှင် အကြိုက်တစ်မျိုးစီ ရှိပေ၏။ လူတိုင်းပင် မိမိကြိုက်ရာကို လိုက်၍ အတုခိုးနိုင်ပေ၏။

ခေတ်စမ်းပုံပြင်များတွင် ဂုဏ်နာမည်အစား နာမည်မှန်ကို ထည့်သဖြင့် များစွာအကျိုးရှိ၏။ စိန္တကျော်သူနှင့် ရွှေတောင်ရာဇကျော်တို့မှာ တစ်ယောက်ဖြစ်သည်။ နှစ်ယောက်ဖြစ်သည်ဟု ယခုထက်တိုင် အမှန်မသိရသေး။ စလေဆရာဦးပုည၏ အတ္ထုပ္ပတ္တိကို ယခုထက်တိုင် အမှန်မသိရသေး။ သိရသလောက်မှာ အမျိုးမျိုးဖြစ်၍ နေ၏။ ဤခေတ်စမ်းပုံပြင် စာအုပ်သည် နောင်နှစ်ပေါင်းမည်မျှ ကြာရှိအောင် တည်နေမည်မသိ။ နောင်သောအခါ ရေးသူများ၏ အမည်မှန်နှင့် အတ္ထုပ္ပတ္တိများကို လွယ်လင့်တကူသိရှိနိုင်သည်ဖြစ်ရာ မည်သူသည် မိန်းမ၊ မည်သည့် အမည်များမှာ တစ်ယောက်တည်း၊ မည်သည့် အမည် ယောကျ်ားစသည်ဖြင့် ငြင်းခုံကာ ထင်ယောင်ထင်မှားဖြစ်ခြင်းတို့မှ ကင်းဝေးစေသည်ဖြစ်၍ ဂုဏ်နာမည်များ မထည့်မူ၍ စာရေးသူ၏ နာမည်ရင်းကိုသာ ထည့်သင့်ပေ၏။ နောင်ခေတ်စမ်းကဗျာများ ရိုက်နှိပ်ထုတ်ဝေပါကလည်း စာရေးသူများ၏ အမည်ကိုသာ ထည့်သွင်းဖြစ်အောင် ထည့်သွင်းရန် ပါမောက္ခဦးဖေမောင်တင်အား ဂါရဝတရားရှေ့ထား၍ သူရိယသတင်းစာမှ တောင်းပန်လိုက်ပါသတည်း။

မောင်ထွန်းစိန်
ပုဇွန်တောင်။

## ခေတ်စမ်းပုံပြင်များ (သူရိယ။ ၂၀-၆-၃၄)

၁၂၉၆ ကဆုန်လဆုတ် ၅ ရက်နေ့ထုတ် သူရိယသတင်းစာတွင် ခေတ်စမ်းပုံပြင်များအကြောင်းကို ရွှေဥဒေါင်း အမည်ခံဆောင်းပါးရှင် ရေးသားလိုက်သည်ကို ဖတ်လိုက်ရပါသည်။ ထောက်ခံလို၏။ ရှင်းလင်းလို၏။ ထောက်ခံလိုခြင်းကား သဘောချင်းတိုက်ဆိုင်နေသောကြောင့် ဖြစ်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com


ရှင်းလင်းလိုခြင်းကား ခေတ်စမ်းစာအုပ်တွင် စာရေးသူများ၏ အမည်ရင်းများကို ဖော်ပြထားခြင်း၏ အကြောင်းရင်းကို သိစေလိုသောကြောင့်ဖြစ်ပါသည်။

(ကိုင်း ထောက်ခံရှင်းလင်းကြစို့။)

ခေတ်စမ်းပုံပြင်များကို စုပေါင်းကာ ပုံနှိပ်မည်ကြံစဉ်ကပင် ပါမောက္ခဆရာတင်က 'မောင်ဝ' အား မိမိအမည်ရင်းကိုပင် ထည့်သွင်းချင်သလော၊ အမည်ဝှက်ကိုပင် ထည့်ချင်သလောဟု မေးပါသည်။ 'သိပ္ပံမောင်ဝ' ဟူသော အမည်ဝှက်ကိုပင် ထည့်ချင်ပါသည်ဟု ဖြေဆိုလိုက်ပါသည်။ အကြောင်းကား ဤသို့တည်း။

သိပ္ပံမောင်ဝသည် မောင်စိန်တင်မဟုတ်၊ မောင်စိန်တင်သည် သိပ္ပံမောင်ဝမဟုတ်ပေ။ သိပ္ပံမောင်ဝကား မဂ္ဂဇင်းများတွင် ဆောင်းပါးများ ရေးသားလေ့ရှိသော ဆောင်းပါးဆရာ။ မောင်စိန်တင်ကား အစိုးရအမှုထမ်းဖြစ်လေသည်။ တစ်ယောက်နှင့်တစ်ယောက် မည်သို့မျှ မသက်ဆိုင်။ စာဖတ်သူတို့က ရယ်ချင်ကောင်းရယ်ချင်ကြပေလိမ့်မည်။ မရယ်ကြပါနှင့်ဦး၊ ရှင်းပါဦးမည်။

သိပ္ပံမောင်ဝနှင့် မောင်စိန်တင်တို့သည် ယာဂုနှင့် ထမနဲကဲ့သို့ တစ်ဦးတည်းဖြစ်သည်ကား မှန်ပေ၏။ သို့သော် စိတ်ထားချင်းကား တခြားစီ ဖြစ်နေလေသည်။ လူတစ်ယောက်တည်းပင် ဖြစ်စေကာမူ ဆောင်းပါးရေးသားသောအခါ သိပ္ပံမောင်ဝ၏ စိတ်ဝင်၍လာ၏။ ဤသို့ သိပ္ပံမောင်ဝ၏ စိတ်ဝင်လာသောအခါ ဆောင်းပါးများကို သွက်သွက်လက်လက် ရေးသွားနိုင်၏။ ပျော်စရာ ရွှင်စရာတွေ ပေါ်၍လာ၏။ အနောက်တွေ အရွှန်းတွေ ဝင်၍လာ၏။ မောင်စိန်တင်၏ စိတ်ဝင်နေခိုက်ကား ဘယ်အခါမျှ ဆောင်းပါးရေး၍ မဖြစ်။ အမှုအကြောင်းတွေ၊ အခွန်တော်အကြောင်းတွေ၊ တည်ကြည်ခိုင်ခံ့သော စိတ်တွေသာလျှင် ပေါ်၍နေ၏။ သို့ဖြစ်သောကြောင့် မောင်စိန်တင် စိတ်ဝင်နေသောအခါများတွင် ဆောင်းပါးများမရေးဘဲ အသာစောင့်စား၍ နေရပေသည်။ စီရင်ချက်များ ရေးသားလိုသောအခါများတွင် သိပ္ပံမောင်ဝစိတ်တွေဝင်လာလျှင် အခက်။ ထိုအခါ ကလောင်ကို ခေတ္တချကာ မောင်စိန်တင်စိတ်ကို သွင်းလိုက်ရပြန်၏။ ထိုအခါကျမှ စီရင်ချက်ကို ကောင်းကောင်းရေးနိုင်လေတော့သတည်း။ မောင်စိန်တင်နှင့် သိပ္ပံမောင်ဝတို့မှာ လူတစ်ယောက်တည်း ဖြစ်ကြသော်လည်း စိတ်နှစ်စိတ်ဖြစ်နေကြောင်းကို စာဖတ်သူအပေါင်းတို့ ရိပ်မိတန်ပြီ။ သိပ္ပံမောင်ဝ၏ စာများကို မောင်စိန်တင်၏ စာများဟု ရေးသားခြင်းအားဖြင့် ဦးပဒုမအား ဦးပဋ္ဌင်း မောင်ဘိုးကျော်ဟူ၍ ခေါ်သကဲ့သို့လည်းကောင်း၊ မင်းတုန်းမင်းတရားကြီးအား မင်းကြီးဦးလွင်ဟူ၍ခေါ်သကဲ့သို့လည်းကောင်း တူနေပေသည်။ ဆား ပေါ့သောဟင်းနှင့်လည်း ခပ်ဆင်ဆင်။

www.burmeseclassic.com


အမည်ဝှက်ဖြင့် ရေးသားခြင်းအကျိုးကား များစွာ ရှိပေသည်။ မိမိထင်သလို ကြံနိုင်၏။ သူတကာကို အားမနာရ။ မိမိကိုယ်ကို အားမနာရ။ စိတ်ကူးပေါက်တိုင်း ရေးနိုင်ပေသည်။ မိမိအား မည်သူမည်ဝါဟူ၍ လူတကာ သိနေလျှင် ရေးချင်တိုင်း မရေးနိုင်။ တစ်ကြောင်းမထောက် တစ်ကြောင်း ထောက်နေရပြန်၏။ မိမိကိုယ်ကိုလည်း ငဲ့ညှာနေရပြန်၏။ ဤသို့ ရေးလိုက်လျှင် မိမိအား မိတ်ဆွေများက (ကလေးကလား) ရေးသည်ဟု ထင်နေမလား၊ ကဲ့ရဲ့နေကြမလား၊ အပြစ်တင်နေကြမလားစသည်ဖြင့် တွေးတောကြောက်ရွံ့နေရသဖြင့် စိတ်ကို အနှောင့်အယှက်ပေး၏။ စိတ်ကူးကို ချုပ်ချယ်၏။ လွတ်လပ်ခွင့်မရပေ။ မြင်းကောင်း ဇက်ချုပ်ထားသည်နှင့် တူလှပေတော့သတည်း။

အမည်ဝှက်ဖြင့်ရေးသားခြင်း၏ အခြားအကျိုးများကား မိမိရေးသားလိုက်သောစာအပေါ်တွင် သူတကာ၏ ထင်မြင်ချက် အဟုတ်အမှန်ကို သိရလေသည်။ အားနာစရာမရှိသောကြောင့် ထင်မြင်ချက်ကို ဟုတ်တိုင်းမှန်ရာကို ပေးလေ့ရှိကြ၏။

အမည်ရင်းကို သိနေမူကား ပုဂ္ဂိုလ်ကို ခင်မင်နေသောကြောင့် ဟုတ်တိုင်းမှန်ရာ ရေးသားလေ့မရှိကြချေ။ ထိုအခါ အမှားကို ရေးမိလည်း အမှားမှန်း မသိ။ အမှန်ကိုရေးမိလည်း အမှန်မှန်းမသိ။ ဤအခြေသို့ရောက်သော် ပုဂ္ဂိုလ်ကိုသာ ခင်တော့၏။ စာကိုကား မခင်တော့ချေ။

အမည်ဝှက်နှင့်ရေးသားခြင်း၌ အရသာထူးတစ်ခုရှိသေးသည်။ ၎င်းအရသာကား အကြင်အမည်ဝှက်ပိုင်ရှင်သည် မည်သူမည်ဝါနည်းဟု စမ်းတဝါး ဝါးနှင့် နေကြခြင်းဖြစ်လေသည်။ စာဖတ်သူတို့ စမ်းတဝါးဝါးနှင့် နေကြခြင်း ဖြစ်လေသည်။ စာဖတ်သူတို့ စမ်းတဝါးဝါးနှင့်နေလေ၊ အမည်ဝှက်ဆရာမှာ ဝမ်းသာအားရလေဖြစ်၏။ စကားထာဝှက်သောအခါ သူတကာမဖြေနိုင်လေ စကားထာဝှက်သူမှာ ကျေနပ်လေဖြစ်သကဲ့သို့တည်း။ စုံစမ်းသူမှာလည်း ပျော် ၏။ စုံစမ်းခံရသူမှာလည်း စည်းစိမ်ရှိလေသည်။ အကယ်၍ အမည်ရင်းကို သိသွားပါလျှင် အရသာပျက်၍ သွားတော့သတည်း။

အရသာရှိပုံကို လင်းပါဦးမည်။ တက္ကသိုလ်ကျောင်းတိုက် ဝိဇ္ဇာအနိမ့်တန်းတွင် ပညာသင်ကြားနေခိုက် တက္ကသိုလ်မဂ္ဂဇင်းအတွက် သိကြားမင်းထံ လျှောက်လွှာဆိုသော ဆောင်းပါးကို မောင်ဝအမည်နှင့် ရေးသားထည့်သွင်းပါသည်။

၎င်းဆောင်းပါးကား ထိုအခါ တက္ကသိုလ်ကျောင်းတိုက်တွင် ခြင်ကိုက်ခြင်းအကြောင်း ဖြစ်ပါသည်။ ကျောင်းသားများ အတော်ကလေးကြိုက်ကြ၏။ သို့သော် မည်သူရေးမှန်း မသိကြ။ ရေးသူကိုယ်တိုင်ကလည်း သူတကာ


www.burmeseclassic.com

www.burmeseclassic.com



မသိအောင် ကောင်းစွာ ဖုံးဖိထားလေသည်။ အလွန်ရင်းနှီးသော မိတ်ဆွေများပင် တွေး၍ မရကြ။ ထိုလူ့ထင် သည်လူ့ထင်နှင့် နေကြ၏။

မဂ္ဂဇင်းထွက်ပြီး၍ မကြာမီတစ်နေ့တွင် ကုလားလက်ဖက်ရည်ဆိုင်၌ မိတ်ဆွေများနှင့် (မောင်ဝ) လက်ဖက်ရည်ထိုင်သောက်ရင်း စကားပြောနေကြ၏။ စကားပြောရင်း ၎င်းခြင်အကြောင်းဆောင်းပါးသို့ ရောက်သွားသည်။ ထို စကားဝိုင်းတွင် တက္ကသိုလ်မဂ္ဂဇင်းမှာ မကြာမကြာ ဆောင်းပါးရေးလေ့ရှိသော ကိုဆန်းဆိုသူလည်းရှိ၏။ မိတ်ဆွေတစ်ယောက်က မောင်ဝရှေ့တွင် ကိုဆန်းအား "ကိုင်း၊ ကိုဆန်း၊ မညာနဲ့တော့။ အဲဒီ ခြင်ဆောင်းပါးဟာ ခင်ဗျားရေးတာမဟုတ်လား" ဟု မေး၏။ ကိုဆန်းလည်း ပြုံးလျက်နေသည်။ ထိုအခါ ထိုမိတ်ဆွေက "ကိုင်းဗျာ ညာနေပေမဲ့ မထူးတော့ပါဘူး။ ခင်ဗျားရေးတာမဟုတ်လား" ဟု မေးသောအခါ မပြောချင်ပြောချင်နှင့် "ခင်ဗျားထင်တဲ့အတိုင်းပါပဲ" ဟု ပြောလိုက်၏။ ဤသို့ကြားလိုက်ရသောအခါ မောင်ဝမှာ အရသာမည်မျှရှိသွားမည်ကို စဉ်းစားကြည့်က သိနိုင်ပေသည်။ ယခုကား ဤအရသာမျိုးခံစားချင်သော်လည်း ခံစားရတော့မည် မဟုတ်ပေ။ စိတ်ပျက်ဖွယ်။

နာမည်ဝှက်ကို မဖော်ဘဲ ထားခြင်း၏ အကျိုးများ၊ အရသာများအကြောင်းများကို ရေးသားပြီးသည်၏ အခြားမဲ့၌ အဘယ့်ကြောင့် ခေတ်စမ်းတွင် ပါမောက္ခဆရာတင်က စာရေးသူများအမည်များကို ဖော်ထားကြောင်းကို ရေးသားရှင်းလင်းရပေမည်။

ဆရာတင်၌ မိမိ၏ တပည့်ရင်းကလေးများ ထင်ပေါ်စေရန်၊ ကြီးပွားစေရန်၊ တိုးတက်စေရန် အမြဲစိတ်ထားရှိပေသည်။ ယခုခေတ်တွင် ခေတ်စမ်းတွင်ပါသော စာများမှာ မည်သူမည်ဝါရေးသည်ဟု သိကြရမည် ဖြစ်သော်လည်း အမည်ရင်းများကို ထုတ်ဖော်ရေးသားခြင်းမပြုလျှင် နောင်အနာဂတ်ခေတ်တွင် ထိုစာများကို မည်သူရေးမှန်း မသိမည်စိုးခြင်းကြောင့် အမည်ရင်းများကို ထုတ်ဖော်ထားသည်ဟု သိရ၏။ တပည့်များကို ခင်ရှာပါပေသည်။

ဂျူးနီးယပ်(စ်)ခေါ် နာမည်ကျော် အင်္ဂလိပ်ဆောင်းပါးရှင်တစ်ဦးမှာ မည်သူမည်ဝါဟူ၍ ယခုထက်တိုင် အသေအချာမသိရပေ။ ၎င်းပုဂ္ဂိုလ်ပေါ်သောခေတ်မှာလည်း အတော်ပင် ကြာပေပြီ။ ယခုထက်တိုင် စမ်းတဝါးဝါးနှင့် နေကြရပေ၏။ အမည်မပေါ်အောင် ကျကျနန ဆောင်ရွက်နိုင်ပါပေသည်။ တတ်နိုင်ပေစွ။

ယခုဖော်ပြသော ပုဂ္ဂိုလ်ကဲ့သို့ မိမိ၏ တပည့်ရင်းများ မြုပ်သွားမည်စိုးသောကြောင့် နာမည်ရင်းများကို ဖော်ပြထားသည်ဟူ၍ သိရပေသည်။ ရွှေဥဒေါင်းဖော်ပြသကဲ့သို့ နိဒါန်းတွင်ရေးလျှင်လည်း သိလောက်ပေပြီ။ ဆရာတင်



www.burmeseclassic.com

www.burmeseclassic.com


ကား ခေါင်းမာသော တစ်ဖက်သတ်ဆရာမဟုတ်။ ကောင်းသော နည်းလမ်းများကို အမြဲလိုက်နာရန် အသင့်ရှိပေသည်။ ရွှေဥဒေါင်း၏ အကြံပေးချက် ခေတ်စမ်းကဗျာထွက်လျှင် အောင်မြင်ဖွယ်ရှိ၏။

သိပ္ပံမောင်ဝ။

## ခေတ်စမ်းပုံပြင်များ(သူရိယ။ ၂၆-၆-၃၄)

ဝိဇ္ဇာမဟာဝိဇ္ဇာများ ရေးသား၍ ပါမောက္ခဆရာဦးဖေမောင်တင်ထုတ်ဝေလိုက်သော ခေတ်စမ်းပုံပြင်များစာအုပ်ထွက်ပေါ်လာသည်မှာ မကြာသေးပေ။ သို့ပင်မကြာသေးစေကာမူ ၎င်းစာအုပ်ကို ဝေဖန်ရေးသားကြရာမှ ငြင်းချက်များ ပေါ်ထွက်၍ လာပေသည်။ အချို့ကလည်း အမည်ရင်းများဖြင့် ထုတ်ဝေသည်ကို မကြိုက်ဟု ရေးသားကြ၏။ အချို့က စာရေးသူတို့၏ အမည်ရင်းများနှင့် ထုတ်ဝေမှ နေရာကျမည်ဟု ဆိုကြလေသည်။ တစ်ဖန်အချို့က ဝါကျတိုတို လေးများကို ကြိုက်သည်ဟု ဆိုကြ၏။ အချို့က မနှစ်သက်ကြပေ။

ကျွန်တော်ကား အမည်ရင်းအမည်ဝှက်တို့ဖြင့် ရေးသားကြခြင်း၏ အကျိုးအပြစ်များကို မရေးသားလိုပါ။ ယာဂုနှင့် ထမနဲကဲ့သို့ အတူတူပင်ဖြစ်သောကြောင့်၊ ငြင်းနေကြရန်မလိုဟု ထင်ပါသည်။ ကျွန်တော်ရေးသားလိုခြင်းကား ဝါကျတိုတို ကလေးများကို သုံးခြင်း၏ အကျိုးအပြစ် အကြောင်းဖြစ်ပါသည်။

စင်စစ်မှာ ဝါကျတိုတိုင်း အကောင်းချည့်ဟုမဆိုသာ။ ဝါကျတိုတိုရေးတိုင်းလည်း မကောင်းချည့်ဟု မဆိုသာနိုင်။ နေရာဌာနအလိုက် သုံးစွဲတတ်ခြင်းသာ ပဓာနဖြစ်လေသည်။

မေလ ၁၁ ရက်နေ့ထုတ် သူရိယသတင်းစာတွင် ပုဇွန်တောင် မောင်ထွန်းစိန်ဆိုသူက ဝါကျတိုကလေးများကို သုံးတန်း လေးတန်း သားကလေးများပင် ရေးသားနိုင်သောကြောင့် ၎င်းဝါကျတိုကလေးများမှာ အသုံးမကျ၊ ဝါကျတိုကလေးများကို အသုံးပြုကြလျှင် မြန်မာစာပေမှာ ကမောက်ကမဖြစ်သွားမည်ဟု ရေးသားလိုက်သည်ကို ဖတ်ရသောအခါ တော်တော်ပင် အံ့သြမိပါသည်။ ၎င်း မောင်ထွန်းစိန်မှာ အမှုမဲ့ အမှတ်မဲ့ ရေးသားလိုက်မိဟန်တူပါသည်။ ဝါကျတိုကလေးများကိုလည်း သူ့နေရာနှင့် သူ သုံးတတ်လျှင် အကျိုးများကြောင်းကို သတိမထားမိပေ။

စာအရေးအသား အစီအကုံးဆိုသည်မှာ နေရာဌာနအလိုက် သုံးစွဲရေးသားရခြင်းဖြစ်ပေသည်။ မင်္ဂလာဆောင်တွင် ဖတ်ရမည့် သြဘာစာကို ဝါကျ တိုတိုတောင်းတောင်းကလေးများဖြင့် ရေးသားမည်ဆိုလျှင် လူရယ်စရာဖြစ်နေပေလိမ့်မည်။ တစ်ယောက်နှင့်တစ်ယောက် အချင်းဖြစ်ပွားသော


www.burmeseclassic.com

www.burmeseclassic.com


အကြောင်း၊ မီးလောင်၍ ပြေးလွှားရသောအကြောင်းများကို ရေးသားသောအခါ ဩဘာစာကဲ့သို့ ရေးသားနေမည်ဆိုပြန်ကလည်း လူရယ်စရာဖြစ်သွားမည်ကို လည်း သတိထားသင့်လှပေသည်။

ဝါကျတိုတိုကလေးများကို သုံးတန်းလေးတန်းသားကလေးများ ရေး သားနိုင်သည်ကား မှန်လှပေ၏။ သို့ရာတွင် ထိုဝါကျတိုတိုကလေးများကို နေရာတကျ သင့်တော်အောင် သုံးသွားနိုင်ရန်ကား မောင်ထွန်းစိန်ထင် သလောက် လွယ်ကူမည်မဟုတ်ပေ။ မောင်ထွန်းစိန်က ဝါကျတိုကလေးများကို ရေးသားကြလျှင် မြန်မာစာပေ ကမောက်ကမဖြစ်သွားမည်ဟု ဆိုပြန်၏။ လွတ် တော်အမှတ်အသားများကို မဖတ်မိပါသလော။ ဖတ်ကြည့်ပါဦး၊ ကိုထွန်းစိန်။ ၎င်းရာဇဝင်အမှတ်အသားများတွင် နေရာတကျ ဝါကျတိုကလေးများကို အသုံး ပြုထားသော နေရာများကို ဖတ်ရပါလိမ့်မည်။ တစ်ခါလောက်ဖတ်ကြည့်စမ်း ပါဘိ။ ၎င်းရာဇဝင်ဆရာကြီးများသည် ဝါကျတိုကလေးများကို ရေးသားသော ကြောင့် မြန်မာစာပေကို ကမောက်ကမဖြစ်အောင် လုပ်ကြသည်ဟု စွပ်စွဲဦးမည် လော ကိုထွန်းစိန်။

၎င်းဆရာကြီးများသည် သုံးတန်း၊ လေးတန်း သားကလေးများ လောက်သာ တတ်သည်ဟုလည်း ဆိုနိုင်မည်မဟုတ်ပါ။

ဝါကျအရှည်ကြီးများကို ရေးတိုင်းလည်း အကောင်းချည့်ဟု ဆုံးဖြတ် ရန် ခဲယဉ်းလှပေသည်။ သုံးတန်း၊ လေးတန်းသားကလေးများသည် အဆုံးအစ မရှိ အဓိပ္ပာယ်ကင်းမဲ့သော ဝါကျအရှည်ကြီးများကို ရေးသားလေ့ရှိကြလေ သည်။ ၎င်းစာမျိုးကို စာကောင်းဟူ၍ ချီးမွမ်းနိုင်ပါမည်လော။ ဝါကျအရှည် ကြီးများကို ရေးသားသောကြောင့် စာမျောသွားသည်တို့ကို မဖတ်ဘူးသလော။

ယခုခေတ်တွင် ပညာဝန်ဦးဖိုးကျားနှင့် သိပ္ပံမောင်ဝတို့သည် ဝါကျတို ကလေးများကို သုံးလေ့ရှိကြသည်။ ဦးဖိုးကျားအား ဝါကျတိုကလေးများကို ရေးသားသောကြောင့် မြန်မာစာပေကို ဖျက်သူဟုဆိုနိုင်မည်လော။ ဦးဖိုးကျား သည် သုံးတန်း၊ လေးတန်းသားကလေးများလောက်မှ စာအရေးအသား မတတ် ဟု ဆိုလိုပါသလော။ တိုးတက်ရေးမဂ္ဂဇင်း နံပါတ် ခုနစ်၊ စာမျက်နှာ ၂၆ တွင် ဤသို့ ရေးသားထား၏။

"သဘောချင်းလည်း တူ၏။ မြန်မာစာပေကို အထူးသဖြင့် အတူတူ လိုက်စားကြ၏။ သတင်းစာဖတ်ဝါသနာရှိ၏။ မကြာမီပင် ဆောင်းပါးများ ဝင်ရေးကြ၏။ ပြင်ပပြင်လွင် အစည်းအဝေးတို့ကို ရောက်သည်က များ၏။ တစ်ခါတစ်ခါလည်း ဝင်ရောက်စွက်ခဲ့ကြ၏။ ကျောင်းတွင် အသင်းအမျိုးမျိုး ထောင်ရာ၌ ကျွန်ုပ်တို့လက်ချက်မကင်းချေ။"


www.burmeseclassic.com

www.burmeseclassic.com


ဤအရေးအသားတွင် ဝါကျတိုတိုကလေးများ ပြည့်နှက်လျက်နေ၏။ သို့သော် ၎င်းစာကို ကမောက်ကမစာဟု ဆိုနိုင်မည်လော။ ဆိုနိုင်မည်မထင်။ သူ့နေရာနှင့် သူ့နေရာ ပေါ်လွင်အောင် ရေးသားထားပေ၏။ အကယ်၍ မင်္ဂလာဆောင်သြဘာစာတစ်စောင်ကို ရေးခိုင်းမည်ဆိုလျှင် ဦးဖိုးကျား ဤသို့ရေးမည်မဟုတ်။ သိပ္ပံမောင်ဝရေးသော စာများမှလည်း သာဓကထုတ်ပြပါမည်။ ခေတ်စမ်း စာမျက်နှာ-၅၂ 'မောင်းသံ'ဆိုသော ဆောင်းပါးတွင် ဤသို့ရေးသားထားပေသည်။

"လက်ဦးတစ်ချက်ကြား၏။ နားစွင့်ကာ ထောင်လေသည်။ နှစ်ချက်ကြား၏။ ထ၍ထိုင်လေသည်။ သုံးချက်ကြား၏။ ဦးဘမော်ကို ခေါ်လေသည်။ လေးချက်ကြား၏။ ဦးဘမော်ကထူးလေသည်။ ငါးချက်ကြား၏။ အိပ်ရာမှ ထလေသည်။ ခြောက်ချက်ကြား၏။ တစ်အိမ်လုံး နိုးလေပြီ။ နောက်မောင်းအချက်ပေါင်းများစွာပင်။ အရေးမလုပ်နိုင်။ သေနတ်ထုတ်သူထုတ်၊ ဘောင်းဘီဝတ်သူဝတ်၊ ယမ်းတောင့် ရှာသူရှာ၊ မီးထွန်းသူထွန်း၊ ဖိနပ်စီးသူစီး၊ အိမ်တိုင်နှင့် တိုက်မိသူတိုက်မိ၊ လက်နှိပ်ဓာတ်မီး ထုတ်သူထုတ်"

ဤဖော်ပြပါရေးသားချက်တွင် ဝါကျတိုကလေးများချည့်ပင်။ သို့သော်ရေးသားရင်းအကြောင်းမှာ ဓားပြတိုက်သောအခါ မောင်းထုသောကြောင့် အလုပ်ရှုပ်နေပုံအကြောင်းဖြစ်လေသည်။ ၎င်းတို့ရှုပ်ထွေးနေပုံမှာ မျက်စိထဲ၌ပေါ်၍ မလာပါလော။ ဤစာမျိုးတွင် 'ဇေယျတုသဗ္ဗမင်္ဂလံ' ဟူ၍ အစချီနေလျှင် ရယ်စရာပင် ကောင်းသွားပေလိမ့်မည်။

ပုစွန်တောင်မောင်ထွန်းစိန်သည် မဟာဝိဇ္ဇာဘွဲ့ခံဆရာ ဦးလူဖေဝင်း ရေးသားအပ်သော မြန်မာစာစီစာကုံး အခြေပြုကျမ်းကို ဖတ်ဖူးဟန်မတူပေ။ ၎င်းစာအုပ်ကို ဝယ်ပြီးလျှင် စာမျက်နှာ ၇၅ မှ အစပြု၍ ဖတ်ပါ။ ဦးကုလားရာဇဝင်မှ ကောက်နုတ်ချက်ကိုလည်း မြင်ပါလိမ့်မည်။ နောင်စာရေးလျှင် စဉ်းစဉ်းစားစားကလေး ရေးစမ်းပါ ကိုထွန်းစိန်။

မောင်မောင်

ဖျာပုံ။

## ခေတ်စမ်းပုံပြင်နှင့်
## ရွှေဥဒေါင်း
## (သူရိယ။ ၂၇-၆-၃၄)

ကဆုန်လဆုတ် ၅-ရက်နေ့ထုတ် သူရိယသတင်းစာတွင် 'ခေတ်စမ်းပုံပြင် ဝတ္ထုများအကြောင်း ဝေဖန်စာ' ဟူသော ခေါင်းစဉ် စာလုံးများကို မြင်ရသည်နှင့် တစ်ပြိုင်နက် များစွာ ဝမ်းမြောက်မိ၏။ ဆောင်းပါးရေးသူသည် ပုံ


www.burmeseclassic.com

www.burmeseclassic.com


ပြင်များ၏ အရည်အချင်းတို့ကို ညွှန်ပြတော့မည်။ ကောင်းမကောင်း သရုပ်ပေါ်အောင် ထုတ်နုတ်ဖော်ပြတော့မည်ဟု သိချင်ဇောနှင့် ဂရုတစိုက်ဖတ်ကြည့်မိ၏။ စိတ်ပျက်ဖွယ်နှင့် ကြုံရလေစွ။

ပုံပြင်များကိုကား ခွဲခြားဝေဖန်၍ မရေးသား။ မဆီမဆိုင်သော အချက်တို့၌သာ အချိန်ဖြုန်းသည်နှင့် တူနေ၏။ ခေတ်စမ်းပုံပြင်တစ်အုပ်လုံး၌ ဝါကျတိုများကိုသာ သုံးနှုန်းထားဘိသကဲ့သို့ ရေးသား၏။ စင်စစ်အားဖြင့် တစ်ဦးတည်းသာလျှင် တိုတောင်း ပြတ်သားသော ဝါကျများကို သုံးထား၏။ ကျန်ပုဂ္ဂိုလ်များကား ဤသို့ မဟုတ်ချေ။

ဝါကျတိုကို သုံးတိုင်းလည်း ဆောင်းပါးရှင် ထင်သလို စာကောင်းဟု မဆိုနိုင်။ စာကောင်းမည်သည်မှာ (၁)စာဖတ်သူ၏စိတ်ကို ထိခိုက်စွဲလမ်းစေရမည်။ (၂) စကားလုံးရေနည်းနိုင်သမျှ နည်းရမည်။ (၃) အဓိပ္ပာယ် ကျယ်စေရမည်။ (၄)စာသား ချောမွတ်စေရမည်။ ဝါကျတိုကို သုံးခြင်းကြောင့် စကားလုံးရေနည်းသွားသည်။ အဓိပ္ပာယ် နက်ကျယ်လာသည်။ စိတ်ဓာတ်ကို ထိသည် ဟု မပြောနိုင်။

ဥပမာ–"ကျွန်တော်သည် အကြောင်းတစ်ခုကို တွေးတောမိ၏။ စဉ်းစားမိ၏။ ဆင်ခြင်မိ၏။ ကြံစည်မိ၏။ ကြံဆမိ၏" ဟုရေးလျှင် ဝါကျကားတို၏။ သို့ရာတွင် ဘယ်မှာလျှင် စကားလုံးရေ နည်းတော့အံ့နည်း။ စကားလုံးတွေ၊ မင်တွေ၊ နေရာတွေအချိန်တွေကို သုံးဖြုန်းရာပင် ရောက်နေ၏။ စိတ်နှလုံးကို ထိခိုက်စေလို၍ လေးလေးပင်ပင်ရေးသားခြင်းဖြစ်သည်ဟု ဆင်ခြေဝင်အံ့။ စကားလုံးတို့ကို ဤမျှသုံးဖြုန်းမှ ဖတ်သူ၏ စိတ်ဓာတ်ကို ထိခိုက်ရမည်ဆိုလျှင် စာကောင်းဟု ဆိုနိုင်စရာ အကြောင်းမရှိပေ။

ထိုကြောင့် အထက်ကကဲ့သို့ စကားလုံးတို့ကို သုံးဖြုန်းမည့်အစား 'အစဉ်မပြတ်တွေးတောမိ၏' သို့မဟုတ် 'အလွန့်အလွန်စဉ်းစားနေမိ၏' သို့မဟုတ် 'တတွေးတွေးနေမိ၏' စသည်ဖြင့် တော်သင့်ရာ တစ်ခုခုကို ရေးသားလျှင်ပင် စကားလေးပင်ရုံမျှမက စကားလုံးရေ ၁၅ လုံး သက်သာ၍ အဓိပ္ပာယ်ပိုကောင်းကာ ဝါစာသိလိဌဖြစ်လေသည်။ မြန်မာဘာသာတွင် ဝိသေသနအထူးပြုသော ပုဒ်ဖြင့်သော်လည်းကောင်း၊ ဝိစ္ဆာဟု ခေါ်သော ထပ်စာလုံးအနည်းငယ်မျှဖြင့်သော်လည်းကောင်း စကားအဓိပ္ပာယ်လေးနက်ခရီးရောက်စေနိုင်ကြောင်းကို ရှေ့ဉဒေါင်းသည် သတိပြုမိဟန်မတူချေ။

ထိုနောက် စာရေးသူများ၏ နာမည်ရင်းထည့်ခြင်းကို အပြစ်တင်ဘိသကဲ့သို့ ရေးသား၏။ "နာမည်ကြီးတွေမြင်ရသည်မှာ အောင့်သီးအောင့်သက်ဖြစ်၏" ဟု ဆို၏။ ထိုနာမည်တို့သည် မည်သူ့အား ထိခိုက်၍ အောင့်သီး


www.burmeseclassic.com

www.burmeseclassic.com


အောင့်သက်ဖြစ်သနည်းဟု မေးမြန်းလို၏။ တစ်ဖန် နာမည်ရင်းတွေကို နိဒါန်း၌သာ ဖော်ပြ၍ ကလောင်နာမည်ကို ဝတ္ထုခေါင်းစဉ်၌သာ ထည့်ဖို့ကောင်းကြောင်းကို ရေးပြန်၏။ ရှေ့နောက် စကားမညီချေ။ နိဒါန်းမှာ နာမည်ရင်းကို ဖော်ထုတ် ရေးသားသည်နှင့် ယခုစာအုပ်တွင် ရေးသားထားသည်တို့မှာ ခြားနားချက်ရှိတော့မည်မဟုတ်နိုင်။ ပုံပြင်ဝတ္ထုရေးသူတို့ နာမည်ကို ယခုနည်းတူ ဖတ်သူတို့ သိရှိကြမည်မှာ အမှန်ပင်။ အနောက်နိုင်ငံ စာရေးဆရာကြီးများသည် မိမိတို့ နာမည်ကို ဝှက်ရေးကြသည်ဟူရာ၌ လွဲမှားချေတော့သည်။ တစ်ဦးတလေလွဲ၍ အားလုံးပင် နာမည်ရင်းနှင့် ရေးသားကြောင်းကို အင်္ဂလိပ်စာပေကျမ်းဂန်ကို ကြည့်ကာမျှဖြင့် သိနိုင်သည်။ တစ်ဦးတစ်ယောက်က မိမိနာမည်ကို ဝှက်ရခြင်းမှာလည်း အကြောင်းထူးရှိသောကြောင့် ပင်ဖြစ်၏။ ထင်ရှားစေဦးအံ့။ ယခုခေတ်တွင်ပင် ကျော်ကြားလျက်ရှိသော ပုံပြင်ဝတ္ထုရေး ဆရာကြီးများကို ကြည့်လျှင် အင်္ဂလိပ်လူမျိုးထဲမှ ဂျော့ဘားနဒ်ရှော၊ အိတ်ချ်ဂျီဝဲလ်၊ စတေစီအော်မော့နီးရား၊ လင်းနတ်မဲရစ်၊ ပြင်သစ်လူမျိုးထဲမှ ဂိုင်းဒီမောဖဆင့်၊ ရုရှားလူမျိုးထဲမှ လီယိုတော်စတွိုင်းတို့သည် နာမည်ရင်းနှင့် ရေးကြသည်ကို တွေ့နိုင်သည်။ ရှေးခေတ်ကလည်း အနောက်နိုင်ငံ စာရေးဆရာများသည် ထိုနည်းတူပင်။ သို့ရာတွင် နေရာတိုင်း၌ ခြွင်းချက်ရှိသလို တစ်ဦး နှစ်ဦးမျှသာ နာမည်ကို ဝှက်ရေးကြသည်။ သို့ဝှက်ခြင်းမှာ အကြောင်းထူးကြောင့်သာဖြစ်၍ အတုယူစရာ မဟုတ်ပေ။

အမေရိကန်စာရေးဆရာကြီး ဝီလီယမ် စီဒနီပိုးတာသည် အိုဟင်နရီဟူသော ဝှက်နာမည်ဖြင့်ရေးသား၏။ ငယ်စဉ်အခါက ထောင်ကျခဲ့ဖူးသောကြောင့်ဖြစ်သည်။ မိမိရေးသောစာအုပ်ကို လူမလေးစားမည်ကို စိုးရိမ်၍ နာမည်ဝှက်လိုက်ရခြင်းကို ယုံမှားဖွယ်မရှိချေ။ ယခုခေတ်စမ်းပုံပြင်၌ကား ဤသို့သော အကြောင်းထူးများ ရှိမည်မထင်။ ကျွန်တော်၏ ယူဆချက်အားဖြင့် မြန်မာပြည်တွင် အထူးသဖြင့် နာမည်မှန်နာမည်ရင်းတို့နှင့်သာ ပုံပြင်ဝတ္ထုအစရှိသည်တို့ကို ရေးသားဖို့ကောင်း၏ (သတင်းဆောင်းပါး ရေးရာ၌မဆို။) ရှေးရှေးမြန်မာကျမ်းပြု ဆရာကြီးများ၏ အတ္ထုပ္ပတ္တိကို ရှာဖွေရာတွင် ဤသို့ နာမည်ဝှက်မှု၊ နာမည်မထည့်မှုတို့ကြောင့် မည်မျှ အခက်အခဲနှင့် တွေ့ကြုံရသနည်း။ မြန်မာစာပေလိုက်စားသူတိုင်း သတိပြုမိမည် အမှန်ပင်။ သို့ဖြစ်သောကြောင့် အထူးအကြောင်းမရှိပါဘဲလျက် နာမည်ဝှက်ရေးခြင်းဓလေ့ကို စွန့်လွှတ်အပ်တော့သည်။ ကမ္ဘာ့ပုံပြင်ညွှန့်ပေါင်းကိုလည်းကောင်း၊ အင်္ဂလိပ်ကဗျာညွှန့်ပေါင်းကိုလည်းကောင်း ကြည့်ရှုလျှင် နာမည်ရင်းတို့ကိုသာလျှင် တွေ့မြင်ရသည်။ တစ်ကြောင်းလည်း ယခု ခေတ်စမ်းပုံပြင်စာအုပ်မှာ မဂ္ဂဇင်းမဟုတ်။ ကျောင်းသုံး


www.burmeseclassic.com

www.burmeseclassic.com


စာအုပ်ပင် ဖြစ်တော့သည်။ သို့ဖြစ်ပါ၍ စာရေးသူများ၏ နာမည်ရင်းကို ဖော်ထုတ်ထားသည်ကိုပင် နှစ်သက်ဖွယ်ဖြစ်သောကြောင့် 'ခေတ်စမ်းကဗျာ' ရိုက်နှိပ်သောအခါတွင်လည်း ယခုကဲ့သို့ပင် နာမည်ရင်းကိုသာ အသုံးပြုသင့်ကြောင်း ရေးသားလိုက်ပါသည်။

စိန်သန်လျက်။

## မြန်မာစာစန်းပွင့်ဦးမည်။
## အားရဝမ်းမြောက်ဖွယ်တစ်ရပ်ဖြစ်ခြင်း။ (သူရိယ။ ၂၈–၆–၃၄)

'ခေတ်စမ်းပုံပြင်' ဟူသော အမည်ဖြင့် ပုံပြင်ကလေးပေါင်း ၂၈ ခု ပါဝင်သော စာအုပ်တစ်အုပ် ထွက်ပေါ်လာပြီဖြစ်ရာ အားနွဲ့လျက်နေသော မြန်မာစာပေအတွက် အားတက်စရာမျှော်လင့်စရာပင် ဆိုရချိမ့်မည်။ ဥပမာ လျှင် ကြေးနီအဆင်းကို ဆောင်သော အရုဏ်ကို မြင်သဖြင့် ရွှေအဆင်းကို ဆောင်သော နေမင်းသည် မကြာခင် ထွန်းလင်းတော့မည်ဟု မျှော်လင့်နေသော ခရီးသည်၏ အားတက်နှစ်သက်ခြင်းနှင့်ပင် တူလေစွ။

စာအုပ်ကို တည်းဖြတ်သူမှာ ရန်ကုန်တက္ကသိုလ်ပါမောက္ခဦးဖေမောင်တင်ဖြစ်သဖြင့် ထိုပုဂ္ဂိုလ်ကြီး၏ ဂုဏ်ထူးကို အကျယ်ဆိုရန် မလိုတော့ပါ။ ပါဝင်ရေးသားသူ လုလင်ပျို ငါးဦးတို့မှာလည်း တက္ကသိုလ်ကျောင်းထွက်များ ဖြစ်သည့်အားလျော်စွာ မိရိုးဖလာမြန်မာစာပေကိုလည်း လေ့လာ၍ ဘာသာခြား အင်္ဂလိပ်ပယောဂ နှစ်ခုဒွန်တွဲ၍ ပါဝင်သော စာများဟု ဆိုပါက လွဲမည်မဟုတ်ချေ။ ရှေးဟောင်းမြန်မာစာပေအစဉ်ကို ပြန်လှန်စစ်ဆေးသော်မြန်မာစာသည် ပါဠိဘာသာကျမ်းများ၊ သက္ကတကျမ်းများ၊ ယိုးဒယားဇာတ်ဂီတများနှင့် ပူးပေါင်းယှဉ်နွှဲ၍ တိုးတက်ပြန့်ပွားလာခဲ့သည်ကို သတိထားမိကြပေလိမ့်မည်။ ယခုခေတ်စမ်းပုံပြင်စာအုပ်မှာလည်း အင်္ဂလိပ်ကဗျာဉာဏ်နှင့် ပူးပေါင်းလျက် ရှေ့သို့တိုးတက်သွားရန် အကြောင်းပင်ဟု ယူဆမိတော့သည်။ လူမျိုးခြား၏ စာနှင့် ပူးပေါင်း ဆက်သွယ်လျက် နေခြင်းကို အချို့အယူသည်းသူတို့က အပြစ်ဆိုလျှင် ဆိုပေမည်။ သို့ရာတွင် **တိုးတက်မှု ဟူသမျှသည် အိမ်ထဲ၌သာ ကုပ်နေ၍ မဖြစ်နိုင်။** အတွေ့အကြုံများခြင်း၊ ရောနှောခြင်း၊ သို့ရောနှောပြီးသဖြင့် ကိုယ်ပိုင်ဉာဏ်ထုတ်ခြင်းများဖြင့်သာ တိုးတက်မှု သဘောပေါက်လာနိုင်သည်။ ဤယခုစာအုပ်မှာ တိုးတက်မှုတရားမှ ဖွားသန့်စင်လာသော မျက်လုံးဝိုင်းဝိုင်းကလေးနှင့် သားငယ်ကလေးပင်ဟု ဆိုထိုက်လှပေသည်။

ယခုအခါ ကျွန်ုပ်တို့သည် စကားပြေဘက်၌ ထင်ရှားကျော်စောကြသော ဝန်စာရေးဦးကြီး၏ 'မြကလေးဝတ္ထု၊ စကားတောင်စားဝတ္ထု'၊ ဦးလတ်၏ 'ရွှေပြည်စိုး'၊ လယ်တီပဏ္ဍိတ ဦးမောင်ကြီး၏ 'တပင်ရွှေထီး'၊ ဟသ်ာတ


www.burmeseclassic.com

www.burmeseclassic.com


ဇာကြယ်၏ 'မြမျိုးနွယ်၊ ကြတ္တိကာ၀တ္ထု'၊ ပီမိုးနင်း၏ 'နေရီရီ' တို့ကို ဖတ်ဖူးခဲ့သဖြင့် ရှေးဟောင်း ရာဇ၀င်သဘော၊ မြန်မာ့ထီးနန်းတို့၏ အမူအရာ၊ နေပြည်တော်၌ မြန်မာတို့ နေပုံထိုင်ပုံတို့ မြန်မာတို့၏ သဘောထား၊ ခေတ်အလျောက်၊ ရန်ကုန်မြို့နှင့်တကွ ဒိစတြိတ်မြို့များ၌ နေထိုင်ကြသူများ၏ အဖြစ်အပျက်တို့ကို သိပြီးခဲ့လေပြီ။

ယခုခေတ်စမ်းပုံပြင်မှာ အများအားဖြင့် မြန်မာပြည်တွင် တောဓလေ့၏ သဘာ၀အလျောက် တင့်တယ်လှပဟန်၊ ရွာသူရွာသားတို့၏ သိမ်မွေ့နူးညံ့ရိုးသားပုံ၊ ခွကျပုံနှင့်တကွ ၎င်းတို့၏ ဒုက္ခတို့ကို အလွမ်းအဆွေး အသောနှင့် တန်ဆာဆင်၍ ရေးသားကြသည်ကို ဖတ်မိသောအခါ၊ ရေးသားသူ တက္ကသိုလ်ကျောင်းသားများမှာ ခမ်းနားသိုက်မြိုက်သော ကျောင်းတော်သားများပင် ဖြစ်လင့်ကစား တောဓလေ့ကို မေ့ကျန်မထားဘဲ နေသည်ကို သိရပါသည်။ သို့သိရ သဖြင့် ၎င်းတို့၏အမြင်ကား အမြင်မှန်တစ်ရပ်ဟု ဆိုသင့်လှပေသည်။ အဘယ့် ကြောင့်ဆိုသော် ဆန်စပါးသည် မြန်မာပြည်၏ အသက်လောက် အဖိုးထိုက် တန်သလောက် အဖိုးထိုက်တန်သကဲ့သို့ မြန်မာလူမျိုး လယ်လုပ်ဆင်းရဲသား မှာလည်း မြန်မာပြည် ကြီးပွားရေးတွင် အခြေခံဖြစ်လှပေသည်။ တောရွာ ဓလေ့သည် ရေမရောသေးသော မြန်မာတို့၏ ယဉ်ကျေးမှု တည်ရာလည်း မှန် ပေသည်။

၎င်းနောက် ထိုခေတ်စမ်းပုံပြင်၌ မေတ္တာပေမမှုတို့ကို ပြရာ၌လည်း ညစ်ညမ်းသည်ဟူ၍ လုံး၀ မပါ၀င်။ မြတ်သော အဆင်တန်ဆာကို ၀တ်ဆင်ထားသဖြင့် မြတ်သော သဘောနှင့် ပြည့်စုံလှသည်။ ကဗျာ့တန်ဆာမှာလည်း အလွန်ပင် လှပတင့်တယ်လှပေသည်။ စကားသုံးနှုန်းပုံမှာလည်း ရွေးချယ်စိစစ်၍ ကဗျာ့သဘာ၀အစစ်ကို ပေါ်လွင်အောင် ဖော်ပြထားသော စကားများဖြစ်သဖြင့် နှစ်သက်ဖွယ်ရာပင် ဖြစ်တော့သည်။

တပသီ။

www.burmeseclassic.com

## ငှက်လောက

**သီဒါကြည်လှဲ၊ ငှက်သံနွဲ့နှင့်**
**လွမ်းဘွဲ့မြိုင်ခြေ၊ မြူရိုးဝေခဲ့။**

ဤကဲ့သို့ တောရကျောင်းပျော် သျှင်ဥတ္တမကျော် ဖွဲ့ဆိုခဲ့သည်။ ကျေးသံငှက်သံတို့ လွမ်းဆွတ်ဖွယ်ကောင်းကြောင်းကို ဖွဲ့ဆိုထားခြင်းဖြစ်ပေသည်။

မြန်မာပြည်တွင် ငှက်အမျိုးပေါင်း များစွာရှိသည်။ အင်္ဂလိပ်တို့သည် လွန်ခဲ့သော နှစ်ပေါင်း ခုနစ်ဆယ်လောက်ကစ၍ မြန်မာငှက်များကို မျက်မြင်နားကြား ကိုယ်တွေ့ လေ့လာခဲ့ကြရာ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ခါနီးတွင် ငှက်အမျိုးပေါင်း တစ်ထောင်ကျော်အကြောင်းကို ရေးသားမှတ်တမ်းတင်ထားသည့် **မြန်မာပြည် ငှက်များအကြောင်း** စာအုပ်ကို ပုံနှိပ်ထုတ်ဝေနိုင်ခဲ့လေသည်။

ယခုသော်ကား မြန်မာငှက်များအကြောင်းကို ဆက်လက်လေ့လာဖို့ တာဝန်မှာ မြန်မာတို့၏ ပခုံးပေါ်သို့ ကျရောက်လေပြီ။ ထို့ကြောင့် ငှက်လေ့လာဖို့ ဝါသနာပေါ်ထွန်းလာအောင် ဤဆောင်းပါးကို ရေးလိုက်ရခြင်း ဖြစ်ပါသည်။

ရှေးလူကြီးများကား အမှတ်တမဲ့ မနေခဲ့ကြ။ မိမိတို့ မျက်မှောက်တွင် သွားလာ ကျက်စားနေကြသော ငှက်များကို သတိမူ ဂရုစိုက်ခဲ့ကြပုံရသည်။ အဘယ့်ကြောင့်ဆိုသော် ငှက်များကို အမည်ပေးရာတွင် ငှက်တို့၏ အမူအကျင့် ပုံသဏ္ဌာန်စသည်တို့နှင့်အညီ ပေးခဲ့ကြသောကြောင့်ဖြစ်ပါသည်။

ရေငှက်တို့တွင် **ကြာဖက်နင်း** ခေါ်သော ငှက်တစ်မျိုးပါဝင်ပါသည်။ ထိုငှက်၏ ခြေချောင်းတို့မှာ အလွန်ရှည်လျားသဖြင့် ကြာဘက်ပေါ်တွင် ဖြန့်ကားနင်းသွားနိုင်သော စွမ်းရည်ရှိလေသည်။ ထိုစွမ်းရည်ကို သိမြင်သော ရှေးလူကြီးတို့သည် စွမ်းရည်နှင့် ဆီလျော်သော အမည်ဖြင့် ထိုငှက်ကို မှည့်ခေါ်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com


ရေဝပ်ရာအရပ်တို့တွင် ပျံဝဲကျဆင်းကာ ခရု၊ ကနုကမာ၊ ရုပ်ကောင်တို့ကို ရှာဖွေ၍ အသားကို စုပ်ယူစားမျိုသော ငှက်တစ်မျိုးကို **ခရုစုတ်** ဟု မှည့်ခေါ်သည်မှာလည်း အမှတ်မဲ့ မှည့်ခေါ်ခြင်းမဟုတ်ပေ။

သစ်ပင်တို့တွင် တွယ်ကပ်၍ သစ်ခွံကို နှုတ်သီးနှင့် တောက်ကာ ခေါက်ကာ ပိုးကောင်များကို ထွက်လာစေ၍ ဖမ်းယူစားမျိုတတ်သော ငှက်ကို **ခေါက်ရှာငှက်**ဟူ၍လည်းကောင်း၊ **သစ်တောက်ငှက်**ဟူ၍လည်းကောင်း မှည့် ခေါ်ကြသည်မှာ မှတ်သားဖွယ်တစ်ရပ်ပင် ဖြစ်ပေသည်။

**ပုစဉ်းထိုးငှက်** ဆိုသည်မှာလည်း ပျံသန်းသွားလာနေကြသော ပုစဉ်း ကောင်စသည့် ပိုးကောင်ငယ်များကို ထိုးသုတ်စားမျိုတတ်သော ငှက်၏ အမည် ဖြစ်ပေသည်။

နေပူပူ နေ့ခင်းအချိန်တွင် သစ်ပင်ထက်မှ နေ၍ ပန်းထိမ်ဆရာတူထု သကဲ့သို့သော အသံမျိုးကို အော်မြည်တတ်သော ငှက်ပုကွကလေးအား **ငှက်ပန်း ထိမ်** ဟူ၍လည်းကောင်း၊ **ပန်းထိမ်ဖိုငှက်**ဟူ၍လည်းကောင်း ခေါ်ကြသည်မှာ ကား အော်မြည်သံတူညီမှုကို စွဲ၍ ခေါ်ကြခြင်း ဖြစ်လေသည်။

ရေတိမ်ရေနက်မရှောင်သွားလာကာ အစာရှာဖွေတတ်သော နှုတ်သီး ချွန်းနှင့် ငှက်တစ်မျိုးကို ခြေတံအလွန်ရှည်သဖြင့် **ဒေါင်းလန်းခြေထောက်** ဟု ရှေးလူကြီးများက မှည့်ခေါ်ခဲ့ကြလေသည်။ ဒေါင်းလန်းမှာ ယခုခေတ်တွင် တိမ်ကောပပျောက်သွားပြီဖြစ်သဖြင့် ဒေါင်းလန်းခြေထောက်ဟူသော အမည်ကို ယခုခေတ်လူတို့ နားလည်ဖို့ မလွယ်ကူပေ။ သို့သော် ပထမမှည့်ခေါ်စဉ်အခါ ကမူ အလွန်ဆီလျော်သော အမည်ဖြစ်ခဲ့ပေမည်။

အလေ့အကျင့် ပုံပန်းသဏ္ဍာန် အသံမြည်ခြင်း တူပုံကို မစွဲဘဲ အော် မြည်သံကို လိုက်၍ အော်မြည်သံအတိုင်း အမည်မှည့်ခံရသော ငှက်တို့လည်း ရှိပေသေးသည်။ ထိုငှက်မျိုး အချို့သည် **ကိုယ့်အမည်ကိုယ်ဖော်၊ သူတော်ခုနစ် ပါး**ဟူသော သတ္တဝါစာရင်းတွင် ပါဝင်လေသည်။ ထိုငှက်တို့ကို ရည်စူး၍ တွင်းသင်းမင်းကြီး ဦးထွန်းညိုသည် ဝိဂ္ဂရပျို့ အပိုဒ် ၇၆ တွင်

မြန်မာ့အလို၊ ကိုယ်မည်ပီအောင်
ဖော်ထုတ်ဆောင်သည်၊ ဖိုးခေါင်စိတ်ရှိုး
ဓီဝဒိုးနှင့်၊ ပြည်စိုးစုံပေါင်း
ဟူ၍ ဖွဲ့ဆိုခဲ့လေသည်။

**ဖိုးခေါင်**ငှက်သည် ငှက်ပန်းထိမ်နှင့် ညီအစ်ကိုဖြစ်သည်။ စာပေ ဗိမာန်ကထုတ်သော **ငှက်သဘင်စာအုပ်**၌ ထိုငှက်အကြောင်းကို ဤသို့ ရေးထား လေသည်။


www.burmeseclassic.com

www.burmeseclassic.com



**ထိုငှက်သည် အသံအမျိုးမျိုးဖြင့် အော်တတ်သော်လည်း ဖိုးခေါင် ဖိုးခေါင်ဟူသောအော်သံကိုလည်း ကြားရတတ်သည်။ ထို့ကြောင့် အော်သံကိုစွဲ၍ ဖိုးခေါင်ဟု ခေါ်ကြသည်။ ထိုငှက်၏အော်သံကို တစ်နေ့လုံး ကြားရတတ်သည်။ တစ်ခါတစ်ရံ ညဥ့်အချိန်မှာပင် ဖိုးခေါင်ဟူသော အသံသည် တိတ်ဆိတ်သောညဥ့်ကို ဖောက်ထွင်း၍ ထွက်ပေါ်လာတတ်သည်။**

ထိုကြောင့်ပင်လျှင် သီချင်းရေးဆရာတို့က **ဖိုးခေါင်ကြွေးကြော်တို့ တောင်ရိုးပေါ်။ သန်းခေါင်ယံ လေချိုဖျန်းလျှင်၊ ချမ်းရှာလိမ့်မယ်။ သန်းခေါင်ယံ လေချိုသွေးလျှင် အေးရှာလိမ့်မယ်** ဟု လွမ်းစရာတေးကို ရေးစပ်ခဲ့ကြခြင်း ဖြစ်ပေမည်။ **ဇီဝဇိုးငှက်** သည်ကား ဇီဝဇီဝဟု အော်တတ်သည်ကို စွဲ၍ အမည်မှည့် ခံရသော ပါဠိဥကျန်းဂန်လာငှက်ဖြစ်ပေသည်။

**ရွှေပြည်စိုးငှက်**ကလေးမြည်သံကို သတိပြုမိသူတို့ များစွာရှိပေလိမ့်မည်။ သူ၏ မြည်သံမှာ အလွန်သာယာပီသပေသည်။ အသံကြားလျှင် အမည်ကို ချက်ချင်းဖော်နိုင်လောက်အောင် ပီသပါသည်။ မုံရွေးဆရာတော်ဘုရားသည် ကုသပျို့ အပိုဒ် ၂၉၃ တွင် **ရွှေပြည်စိုးလည်း၊ ပြည်စိုးသံရင့်၊ မည်ခေါ်တင့် လျက်**ဟု စပ်ဆိုခဲ့လေသည်။ သူနှင့် ပတ်သက်၍ သနားဖွယ် ဒဏ္ဍာရီပုံကလေး ရှိပေသေး၏။

တစ်ရံရောအခါ သုသာန်တွင် လူဆိုးတစ်ယောက်ကို ရာဇဝတ်ပြစ်ဒဏ်ကြောင့် ကားစင်တင်ထားလေသည်။ ထိုလူဆိုးသည် လွတ်ရာလွတ်ကြောင်းကို ကြံစည်စဉ်းစားလျက်နေခိုက် လူရိုးတစ်ယောက် လမ်းလျှောက်လာသည်ကို မြင်၍ ရွှေပြည်စိုး။ ရွှေပြည်စိုးဟု အော်လိုက်လေသည်။ အော်သံကို ကြားသောအခါ လူရိုးက မိတ်ဆွေ၊ ရွှေပြည်စိုးဟု ဘာကြောင့်အော်နေပါသလဲဟုမေးသည်။ ထိုအခါ ကားစင်ပေါ်က လူဆိုးက မပြောပါနှင့်တော့ဗျာ။ ကျွန်တော့်ကို ဤရွှေပြည်မှာ စိုးအုပ်မင်းလုပ်ခိုင်းနေကြလို့ မလုပ်ချင်ပါဘူး ငြင်းတာနဲ့ သတ်မည်ဖြတ်မည်ဆိုပြီး ကားစင်တင်ထားကြတယ်။ အခုတော့ သူတို့သည် လောက်တောင် မင်းလုပ်စေချင်လျှင် လုပ်ပါတော့မည်ဆိုပြီး ရွှေပြည်စိုးလို့ အော်တာပါပဲ။ တကယ်တော့ ကျွန်တော် မင်းမလုပ်ချင်ပါဘူး။ အကယ်၍ မိတ်ဆွေမင်းလုပ်ချင်လျှင် ကျွန်တော့်နေရာကို ယူနိုင်ပါတယ် ဟု ပြောလေ သည်။ ထိုသို့ ပြောသည်ကို ကြားသောအခါ လူရိုးလည်း လူဆိုးကို ကြိုးမှ ဖြေချွတ်ပေး၍ လူဆိုးနေရာ ကားစင်တွင်တက်ကာ ကြိုးအတုပ်ခံလေသည်။ လူဆိုးထွက်သွား၍ ခဏကြာလျှင် ပါးကွက်အာဏာသားများ ရောက်လာကြသည်။ လူရိုးလည်း ရွှေပြည်စိုး၊ ရွှေပြည်စိုးဟု အော်လေသည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com


အာဏာသားတို့ကား ဘာကိုမျှ နားမလည်။ မိမိတို့ တာဝန်ရှိသည့်အတိုင်း သာလျှင် လူရိုးကို လူဆိုးမှတ်၍ ကိစ္စတုံးလိုက်ကြလေသည်။ လူရိုးမှာကား ရွှေပြည်စိုးဟု အော်မြည်လျက် ဘဝတစ်ပါး ပြောင်းသွားကာ ရွှေပြည်စိုး ငှက်ကလေး ဖြစ်လာလေသည် ဟူသတတ်။

အမည်ဖော်ငှက်တို့တွင် **တစ်တီတူး**လည်း အပါအဝင်ဖြစ်သည်။ တစ်တီတူးကို **သိမ်းစွန်မလွတ်၊ တီတီတွတ်နှင့်၊ တတ်သည့်ဘာသာ၊ သာလိကာလည်း** စသည်ဖြင့် ဂါထာခြောက်ဆယ်ပျို့ အပိုဒ် ၅၂ တွင် တီတီတွတ်ဟု ခေါ်ထားလေသည်။ သို့သော် ကုသပျို့ဆရာကား အပိုဒ် ၂၉၃ တွင် **ပျံလွှင်ကွန့်မြူး၊ တစ်တီတူးလည်း၊ မထူးသညာ** ဟု ဖွဲ့ခဲ့သည်။ တစ်တီတူးသည် ညအိပ်သောအခါ မိုးပြိုမည်စိုးသောကြောင့် ခြေနှစ်ချောင်းထောင်၍ အိပ်သည်ဟု ပြောကြသည်။ ထို့ကြောင့် တစ်တီတူးကို သူရူးသူမိုက်တစ်ဦးဟု ခေါ်ဆိုကြလေသည်။

**ဇီကွက်၊ ဇီးကွက်၊ ဇည့်ကွက်၊ ဇည်းကွက်**ဟူ၍ အရေးအမျိုးမျိုးတွေ့ရသော ညငှက်သည်လည်း အမည်ဖော်ငှက်တစ်ကောင်ဖြစ်သည်။ သူ့ကို **ခင်ပုပ်ငှက်**ဟုလည်း ခေါ်သေးသည်။ ထို့ကြောင့် မာဃဒေဝလင်္ကာဆရာသည် အပိုဒ် ၂၁၀ တွင် **ဇီကွက်ခင်ပုပ်၊ ကုပ်သလုပ်ကား၊ မိုးချုပ်မှသာ၊ ထွက်မြဲစွာ၏** ဟုဖွဲ့ခဲ့လေသည်။ သူ၏ အော်သံနှင့် ပတ်သက်၍ကား ကုသပျို့ အပိုဒ် ၂၉၃ တွင် **ညည့်လည်နေ့ဝှက်၊ ခင်ပုပ်ငှက်လည်း၊ ဇည်းကွက်ဆိုယောင်** ဟု တွေ့ရလေသည်။ ဇီးကွက်နှင့် ကျီးကန်းတို့ ကမ္ဘာရန်ဖြစ်ရပုံအကြောင်းကို ငါးရာ့ငါးဆယ်တွင် တွေ့နိုင်သဖြင့် ဤတွင် မဖော်ပြတော့ပြီ။

**ခွေးခေါ်ရစ်ငှက်**သည်လည်း အမည်ဖော်ငှက်တစ်ကောင်ဖြစ်သည်။ ခွေးခေါ်ရစ်ငှက်၏ ပုံသဏ္ဌာန်ကို **ငှက်သဘင်စာအုပ်**၌ ဤသို့ ဖော်ပြထားသည်။

> **ခွေးခေါ်ရစ်သည် အလျား ၁၃ လက်မ ရှိ၍ ချွန်ထက်နေသော အမောက်ကြောင့် အလွယ်တကူသိနိုင်သည် အပေါ်ပိုင်းသည် မည်း၍ အောက်ပိုင်းဖြူလေသည်။ အဖြူနှင့် အမည်းကျားနေသော အတောင်သည် တို၍ ဝိုင်း၏။ အမြီးမှာ ရှည်၍ အဖျားသွယ်သည်။ အားစိုက်၍ ပျံသန်းသကဲ့သို့ ထင်မှတ်ရ၏။**

ခွေးခေါ်ရစ်ကို **မိုးဆောင်ငှက်** ဟုလည်း ခေါ်ကြောင်းဆို၍ **မဟာအဓိကရကန်တော်မော်ကွန်း**၌ **ရှည်ရှည်လံလံ၊ လူသံကြွေးဟစ်၊ ခွေးခေါ်ရစ်တုံ၊ တစ်တစ်ခွခွ၊ ပီလွန်းလှရှင့်** ဟု စိန္တကျော်သူ ဖွဲ့ဆိုခဲ့ကြောင်းလည်း ဖော်ပြထားသည်။ ကုသပျို့၊ အပိုဒ် ၂၉၃ တွင်လည်း **ခွေးခေါ်ရစ်လည်း၊ ခေါ်လစ်ခေါ် လစ်၊ အသံဟစ်စွ** ဟု တွေ့ရပေသည်။

---

**အိပ်မက်ဦး စာပေ**

www.burmeseclassic.com

www.burmeseclassic.com


**ယောက်ဖခွေးခေါ်** အမည်ရှိသည့် ဥသြငှက်တစ်မျိုး၏ အတ္ထုပ္ပတ္တိမှာလည်း သနားဖွယ်ပင်။

တစ်ရံရောအခါ အောင်ကျော်အမည်ရှိသော မုဆိုးကြီးသည် သူ၏ယောက်ဖနှင့်အတူ တောလိုက်သွားလေသည်။ အောင်ကျော်သည် မကြာခဏသူ့ယောက်ဖရှိရာသို့ လှမ်း၍ ယောက်ဖရေ ခွေးခေါ်ခဲ့။ အောင်ကျော်က လေးထမ်းမည်ဟူ၍ ပြောလေ့ရှိသတတ်။ ထိုသို့တောလိုက်ခိုက် ကျားကိုက်၍လား၊ ဆင်နင်း၍လား၊ မြွေပေါက်၍လား မသိရ။ အောင်ကျော် ခမျာသေရှာလေသည်။ သေပြီးနောက် ငှက်ဖြစ်၍ ယနေ့တိုင်အောင် လူ့ဘဝက အော်မြဲအတိုင်း **ယောက်ဖခွေးခေါ်၊ အောင်ကျော် လေးထမ်း** ဟု အော်လျက်ရှိလေတော့သည်ဟူသတတ်။ သို့သော် ရှမ်းလူမျိုးတို့ကား သူ့အော်သံကို **နဲထပ်ပန်မွတ်** ဟု ကြားကြကြောင်း မေဂျာအွန်ရီကေးက ဆိုထားလေသည်။ အဓိပ္ပာယ်မှာ **အဘွား အို၊ ပန်းပန်**ဟု ဖြစ်လေသည်။ နဲထပ်မှာ အဘွားအို၊ ပန်မှာ မြန်မာစကားနှင့် အတူတူ။ မွတ်မှာ ပန်းဖြစ်လေသည်။

ကုသပျို့၊ အပိုဒ် ၂၉၃ ၌ **စုံအင္ဂမှာ၊ အူအူသာတက်၊ ကျောင်းဆောက် မြွက်နှင့်** ဟု **ကျောင်းဆောက်ငှက်**အော်မြည်ပုံကို တွေ့ရသည်။ သူ၏ အော်သံ အပြည့်အစုံမှာ **အဘိုးကြီးအို၊ ကျောင်းဆောက်ပါဆို၊ ဆောက်ပဲကို၊ ဆောက်ပဲကို** ဟု ဖြစ်လေသည်။

တစ်ရံရောအခါက အဘိုးအဘွား လင်မယားနှစ်ဦးရှိကြသတတ်။ အဘွားကြီးက သူ့ခင်ပွန်းသည် အဘိုးကြီးအား ကျောင်းဆောက်ခိုင်းရာ ရက်ရွှေ့ နေ့ရွှေ့နှင့် မဆောက်ဘဲနေခိုက် အနိစ္စရောက်ရှာသဖြင့် ကျောင်းကို စွဲလန်းကာ ငှက်ဖြစ်သွားလေသည်။ ငှက်ဘဝမှနေ၍ အဘိုးကြီးအား သတိပေးလိုသောကြောင့် ဤသို့ အော်လေသည် ဟူသတတ်။

နွားကဲ့သို့ အော်သောကြောင့် **ငှက်နွား** ခေါ်သော ငှက်လည်းရှိလေသေး၏။ သူ့အကြောင်းကို ငှက်သဘင်၌ ဤသို့ တွေ့ရသည်။

> **ထိုငှက်၏ ကူသံမှာ ခပ်လှမ်းလှမ်းမှ နားထောင်ရသောအခါ**
> **နွားမအော်သံနှင့်တူသည်။ အသံငါးဆင့် ခြောက်ဆင့်ရှိသော**
> **ကူသံ ကိုလည်း ပြုလုပ်နိုင်လေသည်။**

**ငှက်နွားလည်း၊ နွားထက်မထူး၊ မြည်ဖူးဖူးတည့်** ဟူသော **မဟာအဓိကရကန်တော်မော်ကွန်း** အရလည်းကောင်း၊ **ငှက်နွားလည်း၊ တဘားဘူး ဘူး**ဟူသော **ကုသပျို့** အရလည်းကောင်း သူ့အသံကို ခန့်မှန်းနိုင်လေသည်။

တန်ခူး၊ ကဆုန်လတို့တွင် နံနက်လေးနာရီလောက်မှစ၍ သာသာယာယာ အော်မြည်သီဆိုသော **သပိတ်လွယ်ငှက်**ကလေးကို ခြံဝင်းအတွင်း၌


www.burmeseclassic.com

www.burmeseclassic.com


မကြာခဏတွေ့ရပေသည်။ သူ၏ရင်ဘတ်တွင် အမည်းကွက်ကလေးမှာ သပိတ် ကလေးကို လွယ်ထားသည်နှင့်တူသောကြောင့် ဤအမည်ကို သူရထားခြင်း ဖြစ်ပေသည်။ မျက်လုံးလည်း အလွန်လှလေသည်။ ထို့ကြောင့် **ကုသပျို့**တွင် **ထေရ်ရဟန်းနှယ်၊ သပိတ်လွယ်သည်၊ ရယ်ဖွယ်စလိ၊ မျက်စိမျက်လုံး၊ နန်းသုံး ကြန်ဝင်**ဟု ဖွဲ့ထားခြင်းဖြစ်လေသည်။ သပိတ်လွယ်ငှက်သိုက်အောက်တွင် ရွှေ အိုးရှိသည်စသည်ဖြင့် လူတို့ပြောကြရုံမျှမက သူ့ဦးခေါင်းမွေးတစ်ချောင်းကို စီရင်တတ်လျှင် ကိုယ်ရောင်ပင် ပျောက်နိုင်သည်ဟုလည်း ဆိုကြသေးသည်။

ထန်းတက်သမားတစ်ဦး သေ၍ ဖြစ်သော **ထန်းရေရှူး**ငှက်လည်း ရှိလေသေး၏။ သူ၏ အော်သံမှာ **ကြက်ဝက် ခြောက်ကောင်၊ ကြက်ဝက် ခြောက်ကောင်၊ ကြော်ရော့ ကြော်ရော့** ဟု ဖြစ်လေသည်။

ပယောဂဆရာ သေ၍ ငှက်ဖြစ်ကာ ဉုံဖွဖွ၊ ဉုံဖွဖွဟုအော်သောငှက်ကို **တောလုံငှက်**ခေါ်ကြောင်း မေဂျာအွန်ရီကေးက ဆိုထားသည်။ ထိုငှက်ရှိသော တောတွင် မြွေစသော အဆိပ်ရှိသတ္တဝါတို့ ကင်းသည်ဟုလည်းဆိုထားလေ သည်။

**ကုသပျို့**တွင်တွေ့ရသော ငှက်ဆန်းအချို့မှာကား **ဖျင်မရတတ်၊ ချည် ခင်စွတ်နှင့်၊ ဝဠ်ကကုန်နိုး၊ လင်ကောင်ပိုးတို့၊ စုံရိုးမြိုင်တွင်း၊ အောက်ချင်း တောလာ၊ သရောက်ရှာ၍၊ ကြိုးကြာမျိုးလျော်၊ ရေမသောက်လျက်၊ ပွေ ရောက်နက်ကျော၊ ဥသြနက်စံ၊ ယင်တပ်ရံ၍** ဆိုသည့်အတိုင်း **ချည်ခင်စွတ် ငှက်၊ လင်ကောင်ပိုးငှက်၊ အောက်ချင်းငှက်၊ ကြိုးကြာငှက်၊ ဥသြငှက်**တို့ ဖြစ်လေသည်။

တစ်ရံရောအခါက သူငယ်ချင်းနှစ်ယောက် ရှိကြသတတ်။ တစ် ယောက်တွင် နှမအများရှိ၍ တစ်ယောက်တွင် နှမတစ်ယောက်သာရှိလေသည်။ တစ်ခါသော် အလှူသွားစရာရှိ၍ အင်္ကျီချုပ်ရန် အထည်ရက်ခိုင်းရာ နှမများ သော မောင်မှာ သူရက်မလို ငါရက်မလိုနှင့် နောက်ဆုံးတွင် ဖျင်မရသဖြင့် ချည်ခင်ကိုသာ စွပ်သွားရရှာလေသည်။ (ငှက်အမည်တွင် တသတ်နှင့်သာ စွတ် သည်ကို သတိပြုပါ။) နှမနည်းသူမှာကား အင်္ကျီဖျင်သင်တိုင်း ရ၍ ဝတ်သွား သည်။ သူတို့နှစ်ဦး ကံမလှ၍ သေကြရာတွင် ငှက်ဖြစ်ကာ တစ်ဦးမှာ **ချည်ခင်စွတ်** ဟု တွင်သည်။ တစ်ဦးမှာ **သင်တိုင်းဝတ်** ဟု တွင်ကြောင်း ရေးစကားရှိလေသည်။

တစ်ရံရောအခါ မိန်းမတစ်ဦး ယောကျ်ားငယ်နေသည်ကို သိရသော လင်သည်၊ ထိုယောကျ်ားငယ်ကို သူခိုးအမှတ်ဖြင့် ဖမ်းသတ်ကာ သူ့မယားအား သူခိုးအလောင်းကို ရေတွင်ပစ်ချေဟု ကျောတွင်ပိုးစေ၍ ခိုင်းသည်။ ကမ်းနား


www.burmeseclassic.com

www.burmeseclassic.com


ရောက်သောအခါ လင်က မယားအား ရေသို့ တွန်းချသောကြောင့် လင်ကောင်ကို ပိုး၍ ငှက်ဖြစ်သွားလေသည် ဟူသတတ်။ ယင်းငှက်ကို **လင်ကောင်ပိုးငှက်** ဟု ခေါ်လေသည်။

အောက်ချင်းငှက်သည်ကား အောက်ချင်းမ သစ်ခေါင်းတွင် ဥ၍ဝပ်သောအခါ သစ်ခေါင်းအဝကို ငှက်ချေးရွှံ့စေးတို့ဖြင့် ပိတ်ထားကာ အပြင်က အစာခွံ့ကျွေးလေ့ရှိသည်။ ထိုသို့ပြုသည်မှာ ငှက်မသရောက်လင်ငယ်နေမည်စိုးသော ကြောင့်ဟု ပြောဆိုကြလေသည်။

မြန်မာစကားတွင် **ကြိုးကြာရေမသောက်၊ ဗျိုင်းအောက် လင်မနေ** ဟူသော စကားရှိသည်။ ထိုစကားအတိုင်း **ကြိုးကြာမျိုးလျှောက်၊ ရေမသောက်** ဟု မုံရွေးဆရာတော် စပ်ဆိုခြင်းဖြစ်သည်။

တစ်ဖန် **ဥသြတစ်ခွန်း၊ ယင်တစ်ဇွန်း** ဟူသော စကားလည်း ရှိသေးသည်။ ဥသြတစ်ခွန်းတွန်လျှင် ယင်ကောင်တစ်ဇွန်းဖြစ်သည်ဟု ဆိုဟန်တူသည်။ သို့မဟုတ်ကလည်း ဥသြတွန်သော လတွင် ယင်ကောင် ပေါသည်ဟု ဆိုရပေသည်။ ထို့ကြောင့် **ဥသြနက်စံ၊ ယင်တပ်ရံ** ဟုမုံရွေးဆရာတော် ဖွဲ့ခြင်းဖြစ်သည်။

ဤသို့ဖြင့် အချို့သောငှက်တို့၏ အကြောင်းကို ဖော်ပြခဲ့ပြီ။ သိပ္ပံပညာအရ လေ့လာသောအခါ၊ ဤအဆိုများ မည်မျှ မှန်၍ မည်မျှမှားသည်ကို သိရပေမည်။ ငှက်ကျမ်းအမျိုးမျိုးကို ဖတ်၍ ဝါသနာမွေးကာ လေ့လာကြပါဟု တိုက်တွန်းလိုပါသည်။ ဤတွင် ကျွန်တော်သိလိုသော အချက်မှာ ကိုယ့်အမည် ကိုယ်ဖော်၊ သူတော်ခုနစ်ပါး၏ သရုပ်ပင်ဖြစ်ပါသည်။ မေဂျာအွန်ရီကေးကမူ (၁)ဇီးကွက်၊ (၂) ဒီးဒုတ်၊ (၃) တစ်တီတူး၊ (၄)တောက်တဲ့၊ (၅) ရွှေပြည်စိုး၊ (၆)ယောက်ဖခွေးခေါ်၊ (၇)ဥသြတို့ဖြစ်ကြောင်း သုတေသန ဂျာနယ် အုပ်တွဲ ၇၊ အပိုင်း ၁ တွင် ဖော်ပြထားပါသတည်း။ (၁၉၅၄။)

www.burmeseclassic.com

www.burmeseclassic.com

# မုတ်သုံနှင့် ဟုပ်တွန်း

မြန်မာစကားတွင် တိုက်ခတ် သုတ်ဖြူးလျက်ရှိသော လေများကို အမည်အမျိုးမျိုး မှည့်ထားလျက်ရှိသည်။ လေသည် လူတို့၏ မိတ်ဆွေတစ်ဦး ဖြစ်သည်။ မိုးသားတိမ်တိုက်တို့ကို ဆောင်လာသူသည် လေပင်ဖြစ်သည်။

လေပြည်၊ လေညင်း၊ လေပွေ၊ လေရူး၊ လေနီကြမ်း၊ လေမုန်တိုင်း၊ လေသင်ခုန်း၊ လေဝန်း၊ လေဝိုင်း စသည်ဖြင့် လေကောင်းလေဆိုး အမျိုးမျိုး ရှိလေသည်။ **ကဝိလက္ခဏာသတ်ပုံ**ဆရာသည် **ညင်းညင်းလေပြည်၊ လာဘိသည်၊ ချမ်းကြည်တအေးအေး** ဟုလေပြည် လေညင်းကို ချစ်ခင်ဖွယ်ကောင်းအောင် စပ်ခဲ့သည်။ **တန်ခူးလည်းကုန်၊ လကဆုန်၊ လေမုန်တိုင်းအေးအေး**ဟု လေနှင့် ရာသီကို ဖက်ကာ စပ်ပြန်သည်။ **ဟူးဟူး ဟုန်းဟုန်း၊ လေသင်ခုန်း၊ သုန်းသုန်းပြေးစမြဲ**ဟု စပ်ရာတွင်ကား သင်ခုန်းသွားကဲ့သို့ အစောင်းထက်သော လေဆိုး၏ သဘောပေါ်လွင်အောင် ဟူးဟူးဟုန်းဟုန်းစသော စကားများနှင့် တွဲဖက်စပ်ခဲ့လေသည်။

ဤသည်တို့ကား အမူအရာကို အကြောင်းပြု၍ မှည့်ခေါ်ထားသော လေများဖြစ်လေသည်။

ဥတုရာသီအခါကာလကို ညွှန်ပြသော လေများလည်း ရှိလေသေးသည်။ **မြောက်လေ၊ မြောက်ပြန်လေ၊ အရှေ့လေ၊ တောင်လေ** စသည်တို့ကား အဆိုပါလေများပေတည်း။ သူတို့အထဲတွင် **ထန်းဆော်လေ** ဟူသော လေအထူး တစ်မျိုးပါသည်။ အထက်အညာတွင် ထန်းရည်စခံသော တပို့တွဲလဆီဦးတိုက်သောလေကို ထန်းဆော်လေခေါ်ကြောင်း ကြားဖူးရသည်။ **ဗာဝရီမော်ကွန်း**၌ **လဲဝတ်ပွင့်ကြွေ၊ လေလည်းထန်းဆော်၊ မီးပုံတော်နှင့်** ဟုတပို့တွဲလ ထန်းဆော်လေအကြောင်းကို စပ်ခဲ့လေသည်။ **ပေါက်သားလေ** ဟူ၍လည်း ရှိပြန်သေးသည်။ **ပေါရာဏကထာဋီကာ**တွင် **ဖဂ္ဂုမာသေဟိ ပဋ္ဌမာကတ**

www.burmeseclassic.com


**ဝါတံပေါက် သားလေတံ ဝေါဟာရန္တိ**ဟု တပေါင်းလ အဦးအစတွင် လာသောလေကို ပေါက် သားလေခေါ်ကြောင်း ပြဆိုထားလေသည်။

သို့သော်လည်း ဘိုးတော်ဘုရား လက်ထက်တော် လောက်တွင်မှ ပေါ်ပေါက်လာသည်ဟု ထင်ရသော **မုတ်သုံ (မုသုံ)လေ**ရှိသေးသည်။ ဘိုးတော် ဘုရားလက်ထက်ကား နိုင်ငံခြားသားများနှင့် အတော်ရင်းနှီးဆက်ဆံသော ကာလဖြစ်လေသည်။ **မဟာဇနကပျို့**နိဂုံးတွင် ဤအခြင်းအရာကို အောက်ပါ အတိုင်း ဖော်ပြထားသည်။

ဝန်းရစ်ပတ်ချုပ်၊ တရုတ်ဦးတည်
ကျော်ရပ်ပြည်နှင့်၊ အစည်တလျှို
သိန်းဃိုအလျောက်၊ အနောက်ပင်လယ်
မြောက်ခပ်ဆွယ်၌၊ တိုင်းကျယ်ဝဇ္ဇီ
ဝေသာလီဝယ်၊ မဖီမဆန်
လက်ဆောင်မွန်နှင့်၊ တမန်တုံ့ခေါက်
ပေါက်ရောက်လေချင်၊ ညဏ်နှင့်ခြင်၍
သိမြင် မျှော်တွေး ကြစေသတည်း။

ဤသို့ရောက် ကြည်းဘက်နိုင်ငံများနှင့် ကူးလူးဆက်ဆံရာတွင် ဝေါဟာရအသစ်အဆန်းများ ဝင်ရောက်လာမည်မှာ မုချဖြစ်သည်။

ဘိုးတော်လက်ထက် စာဆိုကြီးတစ်ဦးဖြစ်သော တွင်းသင်းတိုက်ဝန် မဟာစည်သူ (ဦးထွန်းညို)သည် **မဟာဇနကပျို့**ကို စပ်ဆိုရာ သင်္ဘောသား ခုနစ်ရာနှင့် ဇနကမင်းသား သင်္ဘောလွှင့်ပုံကို အောက်ပါအတိုင်း ဖွဲ့ဆိုထား လေသည်။

ခုနစ်ရာလျှင်
အုပ်အာသဲသဲ၊ ဗိုလ်ခပဲတို့
မကွဲမပြ၊ တူတကွလျှင်
လှိုင်းမ လှိုင်းခုန်၊ ဝေမှုန်မှုန်နှင့်
မုတ်သုံချိန်သင့်၊ လင်းယဉ်ဖွင့်က
ရွက်နှင့်ဖွေးဖွေး၊ လေဟုန်သွေးသည်
ရက်ပြေး ပင်လယ်စက်ကွင်းတည်း။

ဤစာပိုဒ်တွင် **မုတ်သုံ**ဆိုသော ဝေါဟာရထူးပါလာလေသည်။ **ရန္တပို စာချုပ်**နောက်ဆက်တွဲ စတုတ္ထအချက်တွင်လည်း **အင်္ဂလိပ်လှေသင်္ဘော၊ မြန်မာ လှေသင်္ဘော၊ ကူးသွားကာလ မုသုံလေရေ မသင့်သည်ဖြစ်စေ၊ ကြိုးရွက်တန် ဆာပျက်စီးကျိုးပဲ့သည်ဖြစ်စေ** စသည်ဖြင့်လည်း ရေးသားပါရှိသေးသည်။


www.burmeseclassic.com

www.burmeseclassic.com


ရှေးအထက်က စာများတွင် ဤစကားကို သတိမထားမိသေးချေ။ အလောင်းမင်းတရားကြီး မင်းမဖြစ်သေးမီ တွင်းသင်းမင်းကြီး၏ တူ မောင်ဩ စပ်ဆိုသော **ကဝိလက္ခဏာသတ်ပုံ**တွင်လည်း မတွေ့ရပေ။ ဤဝေါဟာရကား အာရဗီစကားဟု သိုးဆောင်းအဘိဓာန်များက ဆိုလေသည်။ အိန္ဒိယကျွန်းဆွယ် ဘက်သို့ လေကြောင်းအရသင်္ဘောလွှင့်လေ့ရှိသော အာရေဗျတိုင်းသား သင်္ဘော ကုန်သည်များ၏ စကား ဖြစ်လေသည်။ အာရေဗျပင်လယ်နှင့် အိန္ဒိယသမုဒ္ဒရာ တို့တွင် အရှေ့မြောက်နှင့် အနောက်တောင် ရာသီအားလျော်စွာ လူးလာတုံ့ ပြန်တိုက်ခတ်လျက်ရှိသော လေ၏အမည်ဖြစ်ပေသည်။ အာရပ်လူမျိုးများထံမှ ပေါ်တူဂီလူမျိုး၊ စပိန်လူမျိုး၊ ပြင်သစ်လူမျိုး၊ အင်္ဂလိပ်လူမျိုးတို့က ဤစကားကို ရကြလေသည်။ ပသျှူးစကား၊ ယိုးဒယားစကား၊ မွန်စကား၊ မြန်မာစကားတို့ တွင်လည်း ဤဝေါဟာရကို တွေ့ရပြန်သည်။ မြန်မာတို့က မည်သူ့ထံမှ ရသည် ကိုကား ယခုအခြေတွင် မပြောနိုင်သေးချေ။

ကျီးသဲလေးထပ် ဆရာတော်ကြီးသည် စွယ်စုံကျော်ထင်ကျမ်းကို ရေး ရာတွင် **မုတ်သုံအချိန်မသင့်ဘဲ လွှင့်ခဲ့သော် လေပြင်းခတ်သဖြင့် သမုဒြာ၌နစ် လေ၍** ဟူသော စာပိုဒ်ကိုထည့်ထားလေသည်။ ဤအကြောင်းကား **ပဲခူးကလျာ ဏီသိမ်ပါဠိကျောက်စာ** ကို မြန်မာပြန်ထားချက်တစ်စိတ်ဖြစ်ပေသည်။ မြန်မာ သက္ကရာဇ် ၈၃၇ ခုနှစ်တွင် ဓမ္မစေတီမင်းတရားကြီးက သိန်းဃိုကျွန်းသို့ စေ လွှတ်လိုက်သော စိတြဒူတ၏ သင်္ဘောသည် ကလမ္ဗု ဆိပ်ကမ်းတွင် နစ်သည့် အကြောင်း ဖြစ်ပေသည်။

ဤအကြောင်းကိုပင် **သာသနာလင်္ကာရစာတန်း**တွင် ဖတ်ရသည်မှာ **မုတ်သုံအချိန်မသင့်ဘဲ လွှင့်ခဲ့ရ၍ ဟုပ်တွန်းလေပြင်းတိုက်ခတ်သဖြင့် သမုဒ္ဒရာ မှာ နစ်လေ၏** ဟု ဖြစ်ပေသည်။ ဤမဟာဓမ္မသင်္ကြံ၏ စာတွင် **ဟုပ်တွန်း** ဆိုသော ဝေါဟာရ ပိုလာသည်။ ဟုပ်တွန်းကား မည်သည့်အရာမျိုးနည်း။ ရှာဖွေပြန်သော် ရှင်မဟာရဋ္ဌသာရ ပြည်မြို့သို့ ရောက်ခါမှ ရေးသားသော **သံဝရပျို့** တွင် အောက်ပါအတိုင်း တွေ့ရပြန်သည်။

ဤရဟန်းလျှင်၊ ဟုပ်တွန်းလေခတ်
ဘောင်ကြိုးပြတ်သို့၊ စွန့်လွှတ်ဝိရိယ
တောဝပစ်ခွာ၊ ရှာမှီလာ၏။

ဟုပ်တွန်းကို ပသတ် တသတ် နှစ်ချက်ပင် တွေ့ရသည်။ အနက် အဓိပ္ပာယ် ဖော်ရာတွင်လည်း မတင်မကျပင် ရှိသေးသည်။ သင်္ဘောကြိုး၊ ဖောင် ကြိုးပြတ်အောင် ပြင်းထန်သော လေကြမ်းကြီးဖြစ်သည်မှာကား ထင်ရှားပေ သည်။ မြန်မာပြည်တွင် မိုးဦးလေဦးအခါ၌ ကျလေ့ရှိသော လေပြင်းကြောင့်


www.burmeseclassic.com

www.burmeseclassic.com


မြစ်ကြောင်း၌ လှေဖောင်သဘော်တို့ အတိဒုက္ခရောက်ကြသည်မှာ မျက်မြင်နားကြားဖြစ်ပေသည်။ ဤလေပြင်းကိုပင် ရှင်မဟာရဋ္ဌသာရက ဟုပ်တွန်းလေဟု ခေါ်ထားသည် ဖြစ်ပေမည်။ သီရိလင်္ကာကျွန်း ကလမ္ဗုဆိပ်ကမ်း၌ ကျောက်ချရပ်စွဲနေသော စိတြဒူတ၏ သင်္ဘောကို ဖျက်သောလေမှာလည်း ဤလေမျိုးပင်ဖြစ်ရာသည်ဟု တွေးကာ မဟာဓမ္မသင်္ကြံက ဟုပ်တွန်းလေပြင်းဟု ခေါ်လိုက်သည်ဖြစ်မည်။ ယခုခေတ်တွင် ဤလေမျိုးကို **စိုက်ကလုံးလေ**ဟု ခေါ်ဆိုရေးသားနေကြပြီ။ အချို့ပညာရှိများက **လေဆင်နှာမောင်း**ဟု အနက်မြန်မာပြန်ဆိုလေသည်။ ဤစကားဟောင်းများကား မတိမ်ကောသင့်သော စကားကောင်းများပေတည်း။ **တိုက်ဖုန်း**ဆိုသော တရုတ်စကား၊ **စိုက်ကလုန်း**ဆိုသော ဂရိစကားတို့ နည်းတူ **ပရာခ**နှင့် **ဟုပ်တွန်း**ဆိုသော ဝေါဟာရတို့ကိုလည်း ကမ္ဘာ့စာပေတွင် ထည့်သွင်းသင့်ပေပြီ။ (၁၉၄၈။)

www.burmeseclassic.com

www.burmeseclassic.com

# မင်းတုန်းမင်းလက်ထက်က မြန်မာဘာသာရေး သိုးဆောင်းဆေးကျမ်း

**အာရောဂျံ ပရမံ လာဘံ** ဆိုသော စကားကို လက်ကိုင်ပြုကာ မြန်မာတို့သည် ကျန်းမာရေးကို ဂရုပြုကြသည်။ မြန်မာတို့သည် မိမိတို့ နားလည်သည့်အတိုင်း ရောဂါမကပ်ငြိအောင် ကြိုတင်ကာကွယ်ကြသည်။ ရောဂါကပ်ငြိသောအခါတွင်လည်း ပျောက်ကင်းအောင် ကုစားကြသည်။ မြန်မာဆေးပညာတွင် လေးဘာသာခွဲထားသည့်အတိုင်း (၁)ဓာတ်ဘက်ကို လည်း လေ့လာကြရသည်။ (၂) ဗိန္ဓောဘက်ကိုလည်း လေ့လာကြရသည်။ (၃) ဗေဒင်ဘက်ကိုလည်း လေ့လာကြရသည်။ (၄)ပယောဂဘက်ကိုလည်း လေ့လာကြရသည်။ အချို့သမားတို့သည် တစ်ဘက်တစ်ဘာသာတွင် စွမ်းကြသည်။ အချို့လည်း နှစ်ဘက်နှစ်ဘာသာတွင် စွမ်းကြသည်။ အချို့လည်း အလုံးစုံတွင်စွမ်းကြသည်။ ဆေးပညာကို လေ့လာတတ်မြောက်ကြသော သမားတို့အပြင် များစွာသောအရပ်သားတို့လည်း ဆေးပညာကို လေ့လာလိုက်စားကြ၍ တစ်အိမ်ထောင်လျှင် တစ်ယောက်၊ တစ်ရပ်ကွက်လျှင် တစ်ယောက်၊ တစ်ရွာလျှင်တစ်ယောက်ဆိုသလို အရပ်သားတို့သည် ဆေးပေးတတ်ကြပေသည်။ အဖျင်းဆုံးတက်စာ သက်စာ၊ အပူစာ အအေးစာလောက်ကို နားလည်သူများစွာရှိသည်။ သွေးဆေး၊ ငန်းဆေး၊ လျက်ဆား၊ ထန်းလျက်ရည်လောက်ကို ညွှန်းတတ်သူများစွာ ရှိသည်။ ပြဿဒါး ရက်ရာဇာရွေးတတ်သူ၊ မဟာဘုတ်တိုင်ထူတတ်သူ များစွာရှိသည်။ ခေါစာ ပစ်တတ်သူ၊ လိပ်ပြာခေါ်တတ်သူ၊ ဆီမန်းမန်းတတ်သူ များစွာရှိသည်။

ဤသို့ သမားများနှင့်တကွ အရပ်သားအများ ဆေးပညာကို လေ့လာနားလည်နိုင်ရသည်မှာ ဆေးစာအုပ်များကြောင့်ဖြစ်သည်။ မြန်မာစာအုပ်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com


တစ်ဆိုင်သို့ သွားကြည့်လျှင် ဓာတ်၊ ဗိန္ဓော၊ ဗေဒင်၊ ပယောဂဆိုင်ရာ စာအုပ်အများကို တွေ့ရပေလိမ့်မည်။ ထိုစာအုပ်များ၏ အခြေခံကို လိုက်လံရှာဖွေကြည့်ပြန်သောအခါ ရှေးက သမားကြီးများ လေ့လာပြုစုခဲ့သော ဆေးကျမ်းကြီးများကို တွေ့ရပေသည်။ ထိုကျမ်းတို့ကား အရေအတွက်အားဖြင့် များစွာ၏။ ထိုကျမ်းတို့ကို မွှေနှောက်ချောက်ချားနိုင်သူကို လူစွမ်းကောင်းတစ်ဦးဟု ခေါ်ရချိမ့်မည်။

မန္တလေးအပျက်တွင် စုဆောင်းစာရင်းတင်ခဲ့သော မိုင်းခိုင်းဝန်မင်း၏ **ပိဋကတ်သမိုင်းစာတမ်း**တွင် ဆေးကျမ်းပေါင်း ၃၆၉ ကျမ်းရှိသည်ကို တွေ့ရပေသည်။

ထိုကျမ်းတို့အနက် ၁၇၇ တို့မှာ မဇ္ဈိမဒေသဖြစ် ဆေးကျမ်းများဖြစ်ကြသည်။ ၉၇ ကျမ်းတို့မှာ သီရိလင်္ကာကျွန်းဖြစ်ဆေးကျမ်းများဖြစ်ကြသည်။ ၉၅ ကျမ်းတို့မှာ မြန်မာပြည်ဖြစ် ဆေးကျမ်းများဖြစ်ကြသည်။ ဤကျမ်းတို့တွင် ဓာတ်ကျမ်း၊ ဗိန္ဓောကျမ်း၊ ပယောဂကျမ်းများ ပါဝင်ကြသည်။ ထိုမှတစ်ပါး ဗေဒင်ကျမ်းပေါင်း ၅၃ ကျမ်းရှိသည်ကိုလည်းတွေ့ရပေသည်။ ယခုကာလသမားတို့သည် ဤကျမ်းအပေါင်းမှ မည်မျှကို လေ့လာ၍ သမားအလုပ်ဖြင့် အသက်မွေးမြူကြသည်ကို မသိရသော်လည်း ရှေးကသမားကြီးများသည် ကျမ်းပေါင်းများစွာကို လေ့လာပြီးမှ သမားလုပ်ကြသည်ဟု ယုံမှတ်ဖွယ်ရှိပေသည်။

**ပိဋကတ်သမိုင်း**တွင် ပါရှိသော ဆေးကျမ်း၊ ဗေဒင်ကျမ်းစာရင်းတို့၏ အထက်တွင် ထင်ရှားသော စာရင်းတစ်ခုရှိပေသေးသည်။ ထိုစာရင်းကို သက္ကရာဇ် ၈၀၄ ခုနှစ်တွင် ရေးထိုးသော ပုဂံမြို့၊ ဝက်ကြီးအင်းအရပ်၊ တက်နွယ်ကျောင်းကျောက်စာတွင် တွေ့နိုင်ပေသည်။

ထိုစာရင်းတွင် **ဖိဇ္ဇောနိသရည်း၊ ရောဂနိဒါန်း၊ ဒြဗျဂုဏ်းဋီကာ၊ ဘေသဇ္ဇမဉ္ဇူသာ၊ ဗြို့ဟတ်ဋီကာ၊ ရာဇမတ္တဏ်၊ ကာလစက်ကြီး** စသည်ဖြင့် ဆေးကျမ်းဗေဒင်ကျမ်းအများ ပါဝင်ပေသည်။ အင်းဝခေတ် အထက်ဖြစ်သော ပင်းယခေတ်၊ ပုဂံခေတ်တို့တွင်လည်း ဆေးကျမ်း ဗေဒင်ကျမ်းတို့ ရှိခဲ့ကြပေမည်ဟု ယူမှတ်ရပေသည်။ ပါဠိကျမ်းဂန်များနှင့်အတူ ထိုကျမ်းများ ပါလာကြဖွယ်ရှိပေသည်။

ဤသည့်အချက်တို့ကို ထောက်ရှုသော် မြန်မာလူမျိုးတို့၏ ဆေးပညာသည် ကာလအားဖြင့်လည်း ရှည်ကြာလှလေပြီ။ အပြောအားဖြင့်လည်း ကျယ်ဝန်းလှပေသည်။ နှိုက်နှိုက်နဲ့နဲ့ ရှာရှာဖွေဖွေ ပြန်လည်လေ့လာရလျှင် ဆေးသိပ္ပံ ပညာရပ်ကြီးတစ်ခု ပြန်လည်ပေါ်ထွန်းနိုင်ဖွယ်ရှိပေသည်။


www.burmeseclassic.com

www.burmeseclassic.com



အထက်ပါ မဇ္ဈိမဒေသမှ ရသောဆေးပညာ၊ သီရိလင်္ကာကျွန်းမှရ သော ဆေးပညာ၊ တိုင်းရင်းဖြစ် ဆေးပညာတို့အတွင်းသို့ သိုးဆောင်းဆေး ပညာရပ်သည်လည်း သက္ကရာဇ် ၁၁၉၈ ခုနှစ် ဘကြီးတော်လက်ထက် အကုန် ဆီတွင် ဝင်ရောက်လာလေသည်။ ထိုအခါက မြန်မာ့နေပြည်တော်တွင် မယ် စယ်ဘော်ရနီရေးသားချက်မှာ အောက်ပါအတိုင်း ဖြစ်သည်။ (မယ်စယ်ဘော် ရနီနှင့် ကောရနေ ဗရဏီမှာ အတူတူပင်။ Major Burney သို့မဟုတ် Colonel Burney ဟူလို။)

**လူတို့၌ဖြစ်သည့် အနာအကြောင်းအရာ။**

**အင်္ဂလိပ်ဆေးဆရာတို့ကုနည်း။ ၎င်းဆေးပေးရသည့် အချိန်ပမာဏ များသည် စာအုပ်တွင် အတော်အသင့် ရေးပြပါရှိသည်ကို။ သက္ကရာဇ် ၁၁၉၈ ခု။ တပေါင်းလ။ အင်္ဂလိပ်နှစ်။ ၁၈၃၇ ခု။ ဖေပရူဧရီလ မြန်မာ လူမျိုးတို့အကျိုးငှာ အင်္ဂလိပ်အရေးပိုင်မင်း ကောရနေဗရဏီ။ ရတနာပူရ အင်းဝရွှေမြို့တော်တွင် ကျောက်ပုံရိုက်သည်။**

ဗရဏီရေးသားကာ ကျောက်ပုံရိုက်နှိပ်ဝေငှသော သိုးဆောင်းဆေး ပညာသည် ရတနာပူရ အင်းဝရွှေမြို့တော်တွင် မည်မျှကျေးဇူးပြုသည်ကို မသိ ရချေ။ သို့သော် အနှစ်သုံးဆယ်ခန့်ကြာသောအခါ မင်းတုန်းမင်းလက်ထက် သက္ကရာဇ် ၁၂၃၀ လောက်တွင် ဒေါက်တာ မေဆင်(F.Mason) အမည်ရှိ ပုဂ္ဂိုလ် တစ်ဦးသည် **ဆေးနှင့်အနာကုအကြောင်းစာ**(A Myanmar Hand Book of Medicine) ခေါ် စာအုပ်ကို ရေးသား၍ တောင်ငူမြို့၌ ပုံနှိပ်ကာ တစ်အုပ် ရှစ်ပဲနှင့် ထုတ်ဝေလေသည်။

ထိုစာအုပ် အင်္ဂလိပ်နိဒါန်းတွင် မေဆင်က ဤသို့ ညည်းတွား အပြစ် တင်ထားသည်။ ၁၈၂၂ ခုနှစ်မှစ၍ ဗြိတိသျှဘားမားဟု ပေါ်ပေါက်လာခဲ့ငြား သော်လည်းမည်သည့်အင်္ဂလိပ်သမားတော်ကမျှ မြန်မာ သို့မဟုတ် ကရင်တို့ အဖို့ စာတစ်ကြောင်း စာတစ်မျက်နှာကိုမျှ မရေးသားခဲ့ပါ။ ဆေးပညာ အကြောင်း ရေးသားခဲ့သူတစ်ဦးတည်းသော ပုဂ္ဂိုလ်မှာ စစ်ဖက်အရာရှိ ကောရ နေဗရဏီဖြစ်ပေသည်။ ဗရဏီဆေးကျမ်းကို အခြေပြု၍ ကျွန်ုပ်သည် ဤကျမ်း ကို ပြုစုပါသည် စသည်ဖြင့် နိဒါန်းပျိုး၍ မေဆင်သည် ဆေးကျမ်းပြုစုခဲ့ပေ သည်။ ထိုသို့ ပြုစုရသော်လည်း မေဆင်မှာ မြန်မာတို့၏ အစွဲအလမ်းများနှင့် ရင်ဆိုင်နေရပုံပေါ်သည်။ အင်္ဂလိပ်ဆေးတို့ကို မစားဘူးသော မြန်မာတို့သည် အင်္ဂလိပ်ဆေးကို ကြောက်နေကြပုံရသည်။ အယုံအကြည် မရှိပုံရသည်။ ထို အစွဲအလမ်းအယူအဆတို့ကို ချွတ်လွှဲပြုပြင်ဖို့ရန်အတွက် နိဒါန်းတွင် ဤသို့ စတင်ရေးသားရရှာလေသည်။



www.burmeseclassic.com

www.burmeseclassic.com


အင်္ဂလိပ်ဆေးနှင့် မြန်မာဆေးမတူ။ အင်္ဂလိပ်ဆေးတို့မှာ အင်္ဂလိပ်လူမျိုးတို့ သုံးဆောင်မှကောင်း၏။ မြန်မာဆေးတို့မှာလည်း မြန်မာလူမျိုးတို့ သုံးဆောင်မှ ကောင်း၏။ ဓလေ့ထုံးစံရှိရာအတိုင်းကို သုံးဆောင်လျှင် ကောင်း၏ဟု ပြောဆိုကြသည်။

သည်လိုပြောစရာအကြောင်းမရှိ။ အင်္ဂလိပ်ဆေးနှင့် မြန်မာဆေး ခပ်များများ အတူတူ ဖြစ်သည်။ ဟသ်ပဒါး။ ပြတား၊ ပြတားဆား၊ စိန်။ မြင်း သီလာ။ ဆေးဒါန်း။ ဒုတ္ထာ။ ကန့်။ ထုံး။ ယမ်းစိမ်း။ ကျောက်ချဉ်။ လက် ချား။ သိန္ဓော။ ဇဝက်သာ။ မြေဖြူ။ မြေဆပ်ပြာ။ ပြာဆား။ ရေနံအစရှိ သော မြေကြီးနှင့်စပ်ဆိုင်သော ဆေးတို့သည် အင်္ဂလိပ်ဆေးများထဲမှာ လည်းပါသည်။ မြန်မာဆေးများထဲမှာလည်း ပါသည်။

ငင်း ဇာဒိဖိုလ်သီး။ ဇာဒိဖိုလ်ပွင့်။ ဆီမီးတောက်။ မုတ်။ ဝါမှို အစရှိသော သစ်ပင်နှင့် စပ်ဆိုင်သော ဆေးတို့သည် အင်္ဂလိပ်ဆေး များထဲမှာ ပါသည်။ မြန်မာဆေးများထဲမှာလည်းပါသည်။

ငင်းမြန်မာဆေးဆိုသော်လည်း မြန်မာဆေးသာမဟုတ်၊ ရှမ်း ပြည်နယ်ကလာသော ဆေးပါသည်။ တရုတ်ပြည်ကလာသော ဆေး ပါသည်။ သီရိလင်္ကာကျွန်းက လာသောဆေးပါသည်။ ဘိလပ်ပြည် ကြီးကလာသော ဆေးလည်းပါသည်။ ဟသ်ပဒါး။ ပြတား။ ပီလော ပီနံမြောက်။ သီဟိုဠ်သရက်။ ဘင်း။ ပိတ်ချင်း အစရှိသည်တို့သည် မြန်မာပြည်မှ ဖြစ်သော ဆေးမဟုတ်။ အခြားသောပြည်က လာ သည်။ အကြောင်းမူကား ပညာရှိသော မြန်မာဆေးသမားတို့ သည် ဘယ်အရပ်ကလာ သည်မဆို ကောင်းသော ဆေးတစ်မျိုး မျိုးကို တွေ့ရသောအခါ ချက်ချင်းသုံးဆောင်၍ ဆေးစာရင်းတွင် ရေးကူးထားသည်။ အင်္ဂလိပ်ဆေးသမားများ ထိုနည်းတူ ပြုတတ် သည်။

လွန်လေပြီးသောအခါ မြန်မာပြည်မှာရှိသော ရှားစေးကို အင်္ဂလိပ်လူတို့သည် မတွေ့ဘူး၊ မမြင်ဘူး၊ သို့သော်လည်း ကုန်သည် သင်္ဘောမှာ စီး၍ အရပ်ရပ်တို့၌ လှည့်လည်၍ ကုန်သွယ်ခြင်းပြုစဉ် တွင် ပကိုးပြည်သို့ ရောက်သောအခါ ရှားစေးကို တွေ့ဝယ်၍ မိမိ တိုင်းနိုင်ငံသို့ ယူသွားသည်ဖြစ်၍ မကြာမမြင့်မီ အင်္ဂလိပ်ဆေးသမား တို့သည် ရှားစေးသည် ကောင်းသောဆေးတစ်မျိုးဖြစ်မှန်ကြောင်းကို သိနားလည်သည်ဖြစ်၍ သူ့ဆေးစာရင်း၌ ရှားစေးကို သွင်းကြ၏။


www.burmeseclassic.com

www.burmeseclassic.com


ဤသို့နိဒါန်းပျိုးပြီးနောက် **ဆေးအကြောင်းစာ**(Materia Medica) ခေါ်သော အခန်းကို ပြလေသည်။

ထိုအခန်းတွင် ပထမဦးစွာ တွေ့ရသည်မှာ အောက်ပါအကြောင်းရပ် ပေတည်း။

**အားဖြစ်ဆေး။ ။Tonics**

**ဗရက ။ ။ဆေးခါးအခေါက်။**

**Barks-Cinchona Bark**

ကိန်ခိုနာအမည်ရှိသော သစ်ပင်တစ်မျိုးအခေါက်။ တုန်ဖျားဆေး၊ အစာကြေဆေး၊ အားဖြစ်ဆေး။ အမှုန့်ဖြစ်လျှင် ရွေးကြီး နှစ်လုံးကကို သုံးလုံး တိုင်အောင် ပေး။

ကိန်ခိုနာပင်ဟူသည်ကား၊ ကဖိပင်၊ ရင်ခတ်ပင်နှင့် လက္ခဏာတူရာ သီးခြား၍ ထားသည်။ ၎င်းသစ်တောဝန်မင်းသည် ဘိလပ်ပြည်က နှစ်ပင်ကိုယူ ၍ ဘောကလိ ကရင်ရွာနားမှာ စိုက်ပြီးပြီ။ ယခုမှာလည်း ကောင်းကောင်းကြီး ပွားသည်။ ဆော်ဒါမှုန့်အကြောင်းကိုလည်း တွေ့ရသည်။

**ဆီးရှင်ဆေး။ ။Diuretiecs**

**သိုဒ။ ။ပြာဆားနု။**

**Soda-Sesquicarbonate of Soda**

သိုဒတည်းဟူသော ပြာဆားနုသည် ပင်လယ်ကျောက်ညိုပြာဖြစ် သည်။

အစာမကြေနာဆေး၊ ရေဖျဉ်းနာဆေး။ ။

လေချဉ်တက်သော အနာဆေး၊ ၁ံကကို ၃ံတိုင်အောင်ပေး။

ဤသို့ဖြင့် ဆေးအကြောင်းစာတွင် ဆေးနည်းပေါင်း ၁၂၄ နည်းကို ရေးပြီးနောက် စင်ကြယ်ခြင်း (Cleanliness) အကြောင်းကို အောက်ပါ အတိုင်း ရေးပြန်သည်။

> အင်္ဂလိပ်လူတို့သည် အနာများပျောက်စေရအောင်သာ ကြံပြု သည် မဟုတ်။ ပညာရှိကဲ့သို့ အနာရောဂါမဖြစ်ရအောင်လည်း ကြံပြု တတ်သည်။ အင်္ဂလိပ် ဥပမာလာသည်ကား အနာရောဂါကို ဆီးတား သည်ဟာ တစ်ကျပ်အလေး၊ အနာရောဂါကို ပျောက်စေသည်ဟာ တစ်ပိဿာအလေးထက် အဖိုးထိုက်သည်။
>
> မဖောက်ထုံး။ ဆပ်ပြာတို့ကို များများသုံးသော အကျိုးငါးပါး ကား၊ အနာကူးမည် မစိုးရိမ်ဘူးတစ်ပါး။ အနာရောဂါနည်းသည် တစ်ပါး။ နာသောအခါ ကြည့်ရှုပြုစုမစသောသူများသည်တစ်ပါး။


www.burmeseclassic.com

www.burmeseclassic.com


ကြာညိုပန်းပွင့်အနံ့ကဲ့သို့ သာသည်တစ်ပါး၊ အင်္ဂလိပ်မင်း နှစ်လိုချစ်
သည်တစ်ပါး။ ။ ဤငါးပါးတည်း။

ဒုတိယပိုင်းတွင်ကား **အနာကုအကြောင်းစာ**(Pathlogy) ကို ရေးသည်။ ဤအခန်းတွင် ယားနာ၊ ခေါင်းကိုက်နာ၊ သွားကိုက်နာ၊ လည်ပင်းကြီးနာ၊ ကျပ်နာ၊ ခွေးရူးကိုက်နာ၊ ကျောက်ကြီးနာ၊ ကာလနာမှစ၍ အနာအမျိုးပေါင်း ၂၉ မျိုးအကြောင်းကို ရေးထားသည်။ ဤတွင် ကျောက်ကြီးရောဂါကာကွယ်ဆေးအကြောင်းမှာ စိတ်ဝင်စားဖွယ် ဖြစ်ပေသည်။

မြန်မာ့သမိုင်းတွင် ကျောက်ဆေးထိုးသည့်အကြောင်းကို လေ့လာဖွယ်ရှိသေးရာ ဒေါက်တာမေဆင်၏ ကျောက်အကြောင်းသည် ကွင်းဆက်တစ်ခု ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။

**ဝပ်ဆီနဲရှံ။ ။နွားကျောက်ထိုးခြင်း။**

**Vaccination**

**အင်္ဂလိပ်ခေါ် ဝပ်ဆီနဲရှံ**။ ။နွားကျောက်ထိုးခြင်းခံသောသူသည် ဖျား အနည်းငယ်သာ ဖျားသည်။ အနာလည်း ၁၀ ရက်၊ ၁၂ ရက်အတွင်းတွင် ကုန်သည်။ ကိုယ်လည်းမနာ။ ကြောက်စရာလည်းမရှိ။ ၎င်းပြည်ရည်နှင့် အသေအချာ အထိုးအသွင်းခံ၍ အဖျားနှင့် အဖုပေါ်ထွက်သူတို့သည် နောက်ကို ကျောက်ပေါက်နာ အစဉ်မပေါ်မထွက်။ ကင်းလွတ်သည်။

အချို့လည်း နွားပြည်ရည်သွင်းပြီးမှ အသေအချာရှိပြီအထင်ရောက်၍ နေသည်တွင် ကျောက်ပေါ်ပြန်သည်။ သည်ကဲ့သို့ ပြန်ပေါ်သော်လည်း လူအများတွင် အနည်းငယ်သာ ဖြစ်သည်။ ပကတိကျောက်ပေါက်သူတို့နှင့် လူကယူသည့် ကျောက်မျိုးအသွင်းခံသူတို့သည် တစ်ဖန်ကျောက်ပြန်ပေါ်တတ်သည်။ နွားက ကျောက်မျိုးသွင်းပြီးနောက် ကျောက်ပေါ်ပြန်သော်လည်း အနာအလွန် သိမ်မွေ့သည်။ အဖျားလည်းနည်းသည်။ ကျောက်လည်း မများ။ ဆိုးလည်း မဆိုး။ ကြာလည်းမကြာ။ သေစရာအကြောင်းလည်းမရှိ။

အင်္ဂလိပ်ဆေးသမားတို့ အမှတ်အသားမှာ ပကတိကျောက်ပေါက်ခြောက်ယောက်တွင် တစ်ယောက်သေတတ်သည်။ လူကယူသည့် ကျောက်မျိုးနှင့် ထိုးသူ ၂၀၀ တွင်တစ်ယောက်သေတတ်သည်။ နွားက ကျောက်မျိုးနှင့် ထိုးသူတစ်သိန်းတွင် တစ်ယောက်မျှမသေ။ နွားကယူသည့် ကျောက်မျိုးကို မတွေ့မသိခင် အနောက်တိုင်းကြီးပြည်ကြီးများမှာ လူကြီးလူငယ်ဟူသမျှတွင် ကျောက်ပေါက်နာနှင့် ဆယ်စု တစ်စု သေသည်။ ယခုဖြစ်လျှင် ကျောက်ပေါက်နာနှင့် သေသူရှားသည်။ ကျောက်ပေါက်သည် အရာထင်သူလည်း ရှားလေသည်။


www.burmeseclassic.com

www.burmeseclassic.com


တောင်ငူမြို့မှာ နှစ်တိုင်း ကျောက်ပေါက်နာပေါ်လာသည်။ သို့သော်လည်း တောင်ငူမြို့အနားမှာ အနှစ်တစ်ဆယ်လောက်ရှိနေသော အင်စတွတ်ကရင်ရွာ၌ ကျောက်ပေါက်နာ တစ်ခါမျှ မပေါ်လာဘူး။

အဘယ်ကြောင့်နည်း ဟူမူကား။ ရွာသားများသည် နွားကျောက်ထိုးခြင်းခံပြီးပြီ။ သို့ဖြစ်သောကြောင့် ပကတိကျောက်နာနှင့် ကင်းလွတ်သည်။

သို့ရာတွင် ဆရာဝန်နွားကျောက်ထိုးသောအခါ ကျောက်မပေါက်

သေးသောသူရှိရှိသမျှသည် နွားကျောက်ထိုးခြင်းကို ခံပါလေစ။

ကျောက်ရောဂါသည် အလွန်ကြောက်ဖွယ့်ရောဂါဖြစ်သည့်နည်းတူ မိန်းမများ မီးဖွားရသော ကိစ္စသည်လည်း အလွန်စိုးရိမ်ဖွယ်တစ်ရပ် ဖြစ်ပေသည်။

ထို့ကြောင့်လည်း မြန်မာစကားတွင် ယောကျ်ားဖောင်စီး၊ မိန်းမမီးနေဆိုသော စကားခေတ်စားခဲ့ပေသည်။ မြန်မာ့တချွေပုံပြင်တို့တွင်လည်း မီးနေသည်တချွေ အများပါဝင်လျက်ရှိလေသည်။ ဤအချက်ကို ကောရနေဗရဏီသည် မြန်မာ့နေပြည်တော်၌ တွေ့ဖူးကြုံဖူးရ၍ သူ့ဆေးစာအုပ်တွင် မှတ်တမ်းတင်ခဲ့သည်ကို ဒေါက်တာမေဆင်က အောက်ပါအတိုင်း ထုတ်ဆောင်တင်ပြပြန်သည်။

## မိန်းမသားဖွားကုသနည်း။ Childbirth

အင်္ဂလိပ်အရေးပိုင်မင်း ကောရနေဗရဏီ ဆေးစာလာသည်ကား မြန်မာတို့ကုနည်းမှာ။ ပဋိသန္ဓေရှိစဉ်နှင့် ဖွားပြီးကုသည့် အရာများသည် အလွန်ရက်စက်သည်အကြောင်းဖြစ်သည်။ မီးကင်ခြင်း၊ နနွင်းနှင့် ဆားများစွာ စားခြင်းများကြောင့် ကိုယ်ပျက်သည်။ ပိန်သည်။ အားလျော့သည်။ နောက်လည်း နှစ်နှစ် သုံးနှစ်ထက်မကကြာသည့်တိုင်အောင် သားမရနိုင်။ သည်အကြောင်းများကြောင့် မြန်မာမိန်းမတို့ သားတစ်ယောက် နှစ်ယောက် ထက်သာ၍ မမွေးနိုင်။

ယခု အင်္ဂလိပ်မိန်းမတို့ ကုနည်းကို ဖော်ပြမည်။ မိမိကိုယ်၌ သန္ဓေရှိသည်ကို သိလျှင် ကျဉ်းကျပ်သည့် အဝတ်များကို မဝတ်ရ၊ ဝမ်းတွင်းရှိသည့်သား ကျဉ်းကျပ်၍ မလှုပ်မရှားသာလျှင် ဖွားပြီးနောက် သားငယ်လည်း မကြီးဖွံ့။ ကျန်းလည်း မကျန်းမာ။

ဤသို့ဖြင့် မီးနေခြင်းအကြောင်းကို ဝမ်းဆွဲနည်း၊ ချက်ကြိုးဖြတ် နည်း၊ အမြွှာမွေးနည်း၊ အချင်းအကြောင်း၊ မိခင်ဖြစ်သူနေထိုင်စားသောက်နည်း၊


www.burmeseclassic.com

www.burmeseclassic.com


ဖျားလျှင်ကုနည်း၊ သွေးတက်နာကုနည်း၊ နို့နာကုနည်းစသည်တို့ဖြင့် အကျယ်တဝင့်ရေးသားပါရှိလေသည်။

အင်္ဂလိပ်ဆေးကျမ်းများကို မြန်မာပြန်၍ ဖြစ်နိုင်ပါမည်လားဟု တွေးတောသံသယရှိနေသူတို့သည် လူမျိုးခြားဒေါက်တာမေဆင်၏ ဆေးစာအုပ်ကို တွေ့ရလျှင် သံသယအတော်ရှင်းသွားဖွယ်ရှိပေသည်။

ဤသို့ ဘကြီးတော်လက်ထက်က တစ်ကြိမ်၊ မင်းတုန်းမင်းလက်ထက်တွင် တစ်ကြိမ် သိုးဆောင်းဆေးပညာသည် မြန်မာနိုင်ငံတွင် မြန်မာစာနှင့် ပေါ်ပေါက်ခဲ့ရာ အကယ်၍သာ အမြင်ကျယ်ကျယ် ဝီရိယကြီးကြီးနှင့်ဆက် လက်လိုက်စားခဲ့ကြပါမူ မြန်မာများသည် သိုးဆောင်းဆေးပညာအရာတွင် ဂျပန်များနှင့် နင်လားငါလား ဖြစ်နိုင်ကြဖွယ်ရှိပေသည်။ ဘိုးတော်ဘုရားလက်ထက်တွင် မဇ္ဈိမဒေသမှ ဆေးကျမ်းအများ ဗေဒင်ကျမ်းအများ ရောက်လာသည့်နည်းတူ ဘကြီးတော်လက်ထက်တွင် သိုးဆောင်းနိုင်ငံတို့မှ ဗဟုသုတကျမ်းအများရောက်လာကြသည်။

မေဂျာကြော့ပွတ်၊ ကောရနေဗရဏီ၊ ဆရာယုဒသန်၊ ဆရာပရိက်စသော အင်္ဂလိပ်အမျိုးသား၊ အမေရိကန်အမျိုးသားတို့သည် မြန်မာ့နေပြည်တော်တွင် မင်းညီမင်းသား မှူးသား မတ်သား ပညာရှိအများနှင့် ရောနှောပေါင်းသင်းကာ သိုးဆောင်းအတတ်ပညာတို့ကို ဖော်ထုတ်လျက် ရှိခဲ့ကြသည်။

မြဝတီမင်းကြီးဦးစသည် သူတို့နှင့် အတော်ဆွေးနွေးဖူးသည်။ မက္ခရာမင်းသားကြီးသည် သူတို့ထံမှ အင်္ဂလိပ်စာကို သင်ယူ၍ သိပ္ပံပညာတို့ကို ဆည်းပူးကာ ပညာစွယ်စုံကျမ်း တစ်စောင်ကိုပင် စတင်ပြုစုခဲ့သည်။ မစ္စတာလိန်းဆိုသူနှင့် တွဲ၍ ပထမဆုံး **အင်္ဂလိပ်မြန်မာ အဘိဓာန်** ကိုပင် ရေးသားခဲ့သည်။ သို့ပင်ဖြစ်လင့်ကစား ကံမကောင်း အကြောင်းမသင့်သဖြင့် မြန်မာတို့၏ ရှေ့တန်းတက်မှု တိုးပွားထွန်းကားမှုသည် ရေတိမ်တွင် နစ်ခဲ့ရလေရာ ယခုလွတ်လပ်သော အချုပ်အခြာအာဏာပိုင်ဘဝသို့ ရောက်ခါမှ အဆောတလျင် အဖတ်ဆယ်လျက် ရှိရတော့သည်။ သိုးဆောင်းဆေးပညာနှင့် ပတ်သက်၍ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဆော်ဩတိုက်တွန်းမှုကြောင့် တက္ကသိုလ်တွင်သင်ရန် ဆေးကျမ်းများကိုလည်းကောင်း၊ ဆေးကျောင်း၊ ဆေးသင်တန်း၊ ဝမ်းဆွဲကျောင်း၊ ကျန်းမာရေးကျောင်းတို့တွင် သင်ကြားပို့ချရန် ဆေးကျမ်းကြီးငယ်တို့ကိုလည်းကောင်း၊ ဆရာဝန်ကြီးများသည် အားစိုက်ခွန်စိုက် ပြန်ဆိုရေးသားလျက် ရှိကြလေပြီ။ မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းကလည်း ဆေးပညာဝေါဟာရထူးများကို ပါမောက္ခဦးဖေမောင်တင်၊ သမားတော်ကြီးဆရာကြွယ်။ ဆရာဝန်ကြီး ဦးမောင်ကလေး၊ ဆရာဝန်ကြီး ဦးသိန်းမောင်၊ ဆရာဝန်ကြီး

www.burmeseclassic.com



ဦးမောင်ဦးတို့၏ အကူအညီဖြင့် တီထွင်ပြန်ဆိုလျက်ရှိကြလေပြီ။ အကယ်၍ ပြည်တွင်းစစ်၊ ပြည်ပစစ်စသော အနှောင့်အယှက်အဖျက်အဆီးများသာ မပေါ်ပေါက်ပါမူ သိုးဆောင်းဆေးပညာကြီးသည် မြန်မာပြည်တွင် မကြာခင် ထွန်းကားလေတော့မည်ဟု ယူမှတ်ဖွယ်ရှိပါသည်။ ဤဘာသာပြန်လုပ်ငန်းကြီးသည် ပြီးဆုံးအောင်မြင်ခြင်းသို့ အလျင်အမြန်ရောက်ပါစေသောဟု ဆုတောင်းရင်း နောက်ကြောင်း ပြန်လိုက်ရပါသတည်း။ (၁၉၅၄။)

www.burmeseclassic.com

www.burmeseclassic.com

# မြန်မာကလေးစာပေသမိုင်း

စာပေဗိမာန်၊
ကလေးစာပေနှီးနှောဖလှယ်ပွဲ၊
၁၉၆၅ ခု၊ စက်တင်ဘာလ၊ ၁၇ ရက်နေ့၊ မင်းသုဝဏ် တင်ပြသည်။

ဤနှီးနှောဖလှယ်ပွဲတွင် ကျွန်တော်၏ တာဝန်မှာ မြန်မာကလေးစာပေသမိုင်းအကြောင်းကို တင်ပြရန်ဖြစ်ပါသည်။

သမိုင်းအကြောင်းတင်ပြရအောင် မြန်မာဘာသာတွင် ကလေးစာပေဟူ၍ ရှိခဲ့ပါသလားဟု မေးရန်ရှိပါသည်။ မေးခဲ့သော် ဖြေဆိုရန် ကျွန်တော်ကြိုးစားရပါမည်။

စာပေဆိုသည်မှာ အက္ခရာအရေးအသားဖြင့် ပြီးသည်ဟူ၍ တရားသေဆိုပါမူ မြန်မာဘာသာတွင် ကလေးစာပေမရှိခဲ့ပါဟု ဖြေရပါမည်။

သို့သော် မိမိ၏ အတွေးအခေါ် အကြံအစည်တို့ကို တစ်ဘက်သားအား တစ်ဆင့်ကမ်းလိုသောအခါ အက္ခရာဖြင့် ရေးသား၍ တစ်ဆင့်ကမ်းသည်လည်းရှိသည်။ စကားဖြင့် ပြောဆို၍ တစ်ဆင့်ကမ်းသည်လည်းရှိသည်။ အရုပ်ဖြင့်ရေးခြယ်၍ တစ်ဆင့်ကမ်းသည်လည်းရှိသည်။

အက္ခရာဖြင့်ရေးသား၍ တစ်ဆင့်ကမ်းသည်ကို စာပေဟုခေါ်လျှင် စကားဖြင့်ပြောဆို၍ တစ်ဆင့်ကမ်းသည်နှင့် အရုပ်ဖြင့် ရေးခြယ်၍ တစ်ဆင့်ကမ်းသည်တို့ကိုလည်း သာမန်အားဖြင့် စာပေဟုမခေါ်ကောင်းပါလော။ ငါးမှဖြစ်သည်ကို ငံပြာရည်ခေါ်သည့်နည်းတူ ပုစွန်မှ ဖြစ်သည်ကိုလည်း ငံပြာရည်ဟု ခေါ်ကြသည်။ ပဲစေ့မှဖြစ်သည်ကိုလည်း ငံပြာရည်ဟု ခေါ်ကြသည်။ ထိုနည်းတူစွာပင် စကားပြော၍ တစ်ဆင့်ကမ်းခြင်းနှင့် အရုပ်ရေး၍ တစ်ဆင့်ကမ်းခြင်းတို့ကိုလည်း စာပေဟု ခေါ်ကောင်းပါသည်ဟူ၍ ဝန်ခံမည်ဆိုပါမူကား မြန်မာဘာသာတွင် ကလေးစာပေရှိခဲ့ပါသည်ဟု ဆိုနိုင်မည်ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com


ယခုအခါ ဗုဒ္ဓစာပေဟု ခေါ်သည်တို့မှာလည်း မူလက မုက္ခပါဌ်သာ ဖြစ်ခဲ့ပါသည်။

ကျွန်တော်တို့ မြန်မာဘာသာတွင် ရသကိုးပါးနှင့် ပြည့်စုံသော ကလေးစာပေရှိခဲ့ပါသည်။ စကားပြေနှင့်လည်း ရှိခဲ့ပါသည်။ လင်္ကာနှင့်လည်း ရှိခဲ့ပါသည်။ ပန်းချီပန်းပု အနုပညာနှင့်လည်း ရှိခဲ့ပါသည်။

ရှေးဦးစွာ ကျွန် တော်တို့၏ ကိုယ်တွေ့ဗဟုသုတကို သက်သေထူ၍ တင်ပြပါရစေ။

ကျွန်တော်တို့၏ ဘိုးဘွားမိဘများသည် မိမိတို့၏ သားငယ်မြေးပုတို့ အပျင်းပြေ ပျော်ရွှင်ရအောင်တစ်ကြောင်း၊ ဗဟုသုတအကြားအမြင်များ ရအောင် တစ်ကြောင်း၊ လိမ္မာယဉ်ကျေးရအောင်တစ်ကြောင်း၊ ရယ်ဖွယ် ပြုံးဖွယ်မှတ်ဖွယ် လိုက်နာဖွယ် ရှေးစကားပုံပြင် ဒဏ္ဍာရီဇာတ်ဝတ္ထုတို့ကို ပြောပြလေ့ရှိပါသည်။ တေးသီချင်းကဗျာတို့ကို ဆိုပြလေ့ရှိပါသည်။

ကျွန်တော်ငယ်စဉ်တောင်ကျေး ကလေးဘဝအခါက ပုံပေါင်းများစွာကို အင်းတလိုက်လိုက်နှင့်နားထောင်ခဲ့ပါသည်။ ယခုပြန်ပြောင်း အောက်မေ့သောအခါ ထိုကာလ ထိုအခါကို လွမ်းချင်ပါသေးသည်။

> ရှေးရှေးတုန်းက ကြောင်ဖားကြီးက လှေခုတ်နေသတဲ့။ ကြက်ကလေးက အမေရယ်၊ အမေရယ်။ ကျွန်မအီးအီးပေါက်ချင်တယ်လို့ ပြောသတဲ့။ သည်တော့ ကြက်မကြီးက မပေါက်နဲ့ သမီး။ ကြောင်ဖားကြီးကြားသွားမယ်လို့ ပြောသတဲ့။ အတော်ကလေးကြာပြန်တော့ ကြက်ကလေးက အမေရယ်၊ အမေရယ်။ ကျွန်မ အီးအီးသိပ်ပေါက်ချင်ပါတယ်လို့ ပြောပြန်သတဲ့။ သည်တော့ ကြက်မကြီးက မပေါက်ပါနဲ့ သမီးရယ်။ ကြောင်ဖားကြီး ကြားသွားပါလိမ့်မယ်လို့ ပြောပြန်သတဲ့။ နောက်အတော်ကလေး ကြာပြန်တော့ ကြက်ကလေးက အမေရယ်၊ အမေရယ်၊ ကျွန်မမအောင့်နိုင်ဘူးလို့ ပြောသတဲ့။ သည်တော့ ကြက်မကြီးက မအောင့်နိုင်ရင် ပိစိညက်ကလေးပေါက်ပါ သမီးရယ်လို့ ပြောသတဲ့။ သည်တော့ ကြက်မကလေးက အောင့်ရာကနေပြီး ပေါက်လိုက်တာ ဘူဆိုပြီး အကျယ်ကြီး မြည်သွားလို့ လှေခုတ်နေတဲ့။ ကြောင်ဖားကြီးဟာ လန့်ပြီးခုန်လိုက်တာ ဆူးတောထဲ ကျသွားပါရောတဲ့။

ဤပုံတိုကလေးကို ကြားရသောအခါ ယဉ်သည် ရိုင်းသည် ဟူ၍ သတိမပြုနိုင်ပါ။ ဘူဆိုသော အသံကြီးကို ကြားရသဖြင့် ကျွန်တော်တို့ တဟားဟား ရယ်ခဲ့ကြရပါသည်။


www.burmeseclassic.com

www.burmeseclassic.com


ရွှေယုန်နဲ့ ရွှေကျား သက်ကယ်ရိတ်သွားရာမှ ရွှေကျားကျောကုန်း မီးလောင်ခံရသည့်ပုံကို ကြားရသောအခါ ရွှေကျားကို ကျွန်တော်တို့ သနားခဲ့ ကြပါသည်။ ရွှေယုန်ကို ကျွန်တော်တို့ စိတ်ဆိုးခဲ့ကြပါသည်။

ထိုင်နေသော မျောက်ကို သစ်ငုတ်ထင်၍ နားမိသော လင်းတကို မျောက်က ဖက်ချည်၊ လင်းတက ပျံချည်နှင့် **ပျံလေ ဖက်လေ၊ ဖက်လေ ပျံ လေ** ဆိုသော အဆုံးမရှိသည့်ပုံကို ကြားရသောအခါ ကျွန်တော်တို့ ရွှင်မြူးခဲ့ ကြပါသည်။

**ရိုးလေးရိုးလေးဒိုင်း** ဆိုကာ ငကန်းနှင့် ငကုန်း လှေလှော်သည့်ပုံ၊ **ပျဉ်းမခြောက်ပင် မောင်ခြောက်ယောက်၊ ဘာလဲ နမရွှေစင်၊ ကံ့ကော်ပင်** ဆိုသောပုံတို့ကို ကြားရ၍ ရသအမျိုးမျိုးကို ခံစားခဲ့ကြပါသည်။

ငပျင်းပုံ၊ လေက်မပုံ၊ မယ်ထွေးပုံ၊ ဥစ္စာစောင့်ပုံ၊ မီးနေသည်ပုံ၊ ဒေဝေါပုံ၊ စုန်းကဝေပုံ၊ တစ္ဆေသရဲပုံ၊ ဘီလူးသဘက်ပုံ၊ ရက္ခစိုးပုံတို့ကိုလည်း များစွာကြားနာခဲ့ရပါသည်။

ဤပုံတို့သည် ကျွန်တော်တို့အတွက် ကလေးစာပေပင်မဟုတ်ပါ လား။

ရာဇဝင်သမိုင်းဘက်ကကြည့်ပါဦး။ တကောင်းပြည်က မောင်ပေါက် ကျိုင်းအကြောင်း နားထောင်ရသောအခါ ပျော်လည်းပျော်ခဲ့ရသည်။ အားလည်း ကျခဲ့ရသည်။ ပုဂံပြည် ညှပ်ကြီးကွယ်ပုံအကြောင်းကို ကြားရသောအခါ လောက ၏ လောဘအကြောင်းကို ရိပ်မိခဲ့ရသည်။ အဇ္ဇဂေါဏ၏ ရွှေဖြစ်လမ်း အကြောင်းကို ကြားရသောအခါ ကိုယ့်တိုင်းပြည်ကို မည်သို့ကယ်တင်ရပါမည် နည်းဟု စိတ်ကူးပေါက်ခဲ့ရသည်။ သရေခေတ္တရာက ဗေဒါရီအကြောင်းကို ကြားရသောအခါ ညနေစောင်း အချိန်ဧရာဝတီမြစ်ကြီး ရွှေရောင်ဝင်းနေပုံကို မြင်ယောင်မိသည်။ ဥက္ကလာပမြို့က မင်းနန္ဒာ၏ လူပျိုလှည့်ပုံအကြောင်းကို ကြားရသောအခါ ရန်ကုန်မြစ်ပဲခူးမြစ်အတွင်းတွင် မိကျောင်းတွေ ရေကူးနေ သည်ကို ထင်ယောင်မြင်ယောင်မိသည်။

ဤသမိုင်း ပုံပြင်တို့သည် ကျွန်တော်တို့အတွက် ကလေးစာပေပင် မဟုတ်ပါလား။

ညဦးယံ အိပ်ရာမဝင်ခင် မိဘဘိုးဘွားများပြောသော ဤရှေးစကား ပုံပြင်များမှတစ်ပါး အခါအားလျော်စွာ အရပ်လှည့်၍ ဟောပြောသော ကွက် စိပ်ဝတ္ထုများလည်း ရှိပါသေးသည်။ ကွက်စိပ်ဆရာကား ကျွန်တော်မှတ်မိသမျှ ပြောရပါလျှင် သူရဲကောင်း ဝတ္ထုများကို ဟာသရသနှင့် တွဲဖက်ကာ ဖွဲ့ဆိုဟော ပြောလေ့ရှိပါသည်။ သီဟိုဠ်ကျွန်းက သူရဲကောင်းကြီး ဝေဠုသုမနအကြောင်း


www.burmeseclassic.com

www.burmeseclassic.com


ကို ဟောပြောရာတွင် တစ်နေ့သောအခါ ဝေဠုသုမနသည် လယ်ကွင်းထဲသို့ ထွက်၍ မိမိ၏ လက်ရုံးအားကို ပြချင်သောကြောင့် မြက်စားနေသော နွားတို့ကို ခြေနှစ်ချောင်းကိုင်ကာ ကောင်းကင်သို့ ပစ်တင်ကာ **နွားဝါနွားရွှေတွေဟာ၊ အဇ္ဈောဖွေက၊ ခါနွေညှာကြွေနှင့် ကျလာလိုက်ကြတာ၊ ဟောတစ်ကောင်၊ ဟောတစ်ကောင်** ဟု ပရိသတ်ဘက်သို့ လက်ညှိုးတငေါက်ငေါက် ထိုးပြသဖြင့် ပရိသတ်ကြီးရှဲခနဲ ရှဲခနဲ ဖြစ်သွားသည်ကို အနှစ် ၅၀ မျှသော ကာလကို ထိုးဖောက်၍ ကျွန်တော်မြင်မိ မှတ်မိနေပါသေးသည်။

ဤတွင် ကွက်စိပ်ဝတ္ထုတို့သည်လည်း ကျွန်တော်တို့အတွက် ကလေး စာပေပင် မဟုတ်ပါလား။

ပါဠိကျမ်းဂန်လာ ဇာတ်နိပါတ်များဘက်ကို ကြည့်ပါဦး။ ကျောင်းကန်ဇရပ် ဘုရားပုထိုးများသို့ရောက်သောအခါ လူကြီးမိဘများက လက်ဆွဲခေါ် ဆောင်၍ အမြင့်တွင် ချိတ်ဆွဲထားသော ရုပ်စုံဇာတ်ကားများကို ပြသလေ့ရှိ ပါသည်။

ဇာတ်ကြောင်းကို အတိုချုပ်ရှင်းပြလေ့ရှိပါသည်။ ဤသို့ဖြင့် ကျွန်တော်တို့သည် ဗုဒ္ဓဝင်ကိုသိ၍ ဘုရားကို ကြည်ညိုခဲ့ကြသည်။ ဘုံခန်းကို မြင်၍ ကောင်းမှုလုပ်ချင်စိတ်ပေါက်ခဲ့ကြသည်။ ငရဲခန်းကိုမြင်၍ မကောင်းမှုရှောင်ချင်စိတ်ပေါက်ခဲ့ကြသည်။

ဤရုပ်စုံဇာတ်ကားများသည်လည်း ကျွန်တော်တို့အတွက် ကလေး စာပေပင် မဟုတ်ပါလား။

ကျွန်တော် အဓိပ္ပာယ်ဖွင့်ဆိုခဲ့သော 'စာပေ' ပုဒ်၏ ဘောင်အတွင်းသို့ ဝင်နိုင်သည့် အခြားကလေးသူငယ်ဆိုင်ရာ အပျင်းဖြေပညာပေးကိစ္စများ ရှိပါသေးသည်။ သို့သော် ဤမျှနှင့်လည်း ကိစ္စပြီးနိုင်ရာသဖြင့် ယင်းကိစ္စများကို မဆိုတော့ပါ။

စကားပြေဆိုင်ရာ ရှေးစကားပုံပြင် ရာဇဝင်ဝတ္ထုများအပြင် သီချင်းကဗျာဘက်ကိုလည်း ငဲ့စောင်းကြည့်ရှုနိုင်ပါသေးသည်။ ကျွန်တော်တို့ ကလေးသူငယ်များသည် ကာရန်အချိတ်အဆက်နှင့် စည်းဝါးကျသော စကားများကို သီဆိုရင့်ကျူးတတ်ကြပါသည်။ မောင်ပေါက်ကျိုင်းပုံထဲက **မအိပ်မနေ အသက်ရှည်။ သွားဖန်များ ခရီးရောက်။ မေးဖန်များ စကားရ** ဆိုသော စကားကလေးများကိုလည်းကောင်း။ **ရာပေးလို့ ဆုတ်၊ ထောင်ပေးလို့ချုပ်၊ ချစ်တဲ့သူအရိုးဆံထိုးလုပ်** ဆိုသော စကားကလေးများကိုလည်းကောင်း၊ ကျွန်တော်တို့ အလွန်နှစ်နှစ်သက်သက် သီဆိုရင့်ကျူးခဲ့ကြပါသည်။ ပြေးရင်းလွှားရင်း ကစားရင်းပင်လည်း **မခွေးမပါ၊ တို့ချည်းသာ၊ ပါပါလျက်သား၊ နောက်က**


www.burmeseclassic.com

www.burmeseclassic.com



**ထား** ဆိုသည်တို့ကိုလည်းကောင်း၊ **ညောင်ပင်တစ္ဆေဝေလေလေ နင်ဘယ်ကိုင်းမှာနေ** ဆိုသည်တို့ကိုလည်းကောင်း၊ အယုတ်သဖြင့် **လိပ်ဥပျောက်လို့ လိပ်မရှာ၊ သူ့ခများ ငိုမဲ့ ငိုမဲ့** ဆိုသော သံချပ်မျိုးတို့ကိုလည်းကောင်း၊ ကျွန်တော်တို့သည် ဟိုကသည်က ကောက်ရကာ ရွှေတိုငွေစများကဲ့သို့ သိမ်းဆည်း သုံးစွဲခဲ့ကြပါသည်။

ဤသည်တို့သည် ကျွန်တော်တို့အတွက် ကလေးစာပေများပင် မဟုတ်ပါလား။

**ပေါက်ပင် ပေါက်ပင်၊ ဘာဖြစ်လို့ ကိုင်းရတယ်၊ ဗျိုင်းနားလို့ ကိုင်းရတယ်** ဆိုသော ကြောင်းကျိုးဆက် စကားမျိုးကိုလည်း ကျွန်တော်တို့ သီဆိုကာ စိတ်ကူးနယ်ချဲ့ခဲ့ကြပါသည်။ **အဘိုးကြီးအို ခါးကုန်းကုန်း၊ မသေပါနှင့်ဦး** ဆိုကာ အဘိုးအဘွားတို့ အသက်ရှည်ရာ ရှည်ကြောင်းကိုလည်း တောင့်တခဲ့ကြပါသည်။ **မိုးတွေလေတွေလာပါပေါ့၊ ကဆုန်လပြည့်ကျော်** ဟု အော်ဟစ်ကာ ကျေးဇူးရှင် မုတ်သုံမိုးကို မြင်၍လည်း အားရဝမ်းသာ ခုန်ပေါက်ခဲ့ကြပါသည်။ **အရှေ့ဆိုတောင်ပေါ်ထိပ်က၊ လိပ်ခွပ်လို့ သမင်သေ၊ ခြေမိုးမျှော်နေ၊ သိကြားမင်းက မနေနိုင်လို့၊ တုတ်တိုကိုင်လို့ လေးနှင့်ပစ်၊ ပေါင်မှန်လို့ မျက်စိကျိုး၊ သွားဟောက်တောက်ကန်း** ဟု ကမောက်ကမ မဆီမလျော်ကာ ရန်များကိုလည်း အားရပါးရလည်း ရယ်ခဲ့ကြပါသည်။ **အမေရေလာပါတော့၊** ပါသည်။ အခြားသော သီချင်းကဗျာအလင်္ကာတို့လည်း များစွာ ရှိပါသေးသည်။

ဤသည်တို့သည် ကျွန်တော်တို့အတွက် ကလေးစာပေများပင် မဟုတ်ပါလား။ ဤပုံပြောခြင်း၊ တေးသင်ခြင်း၊ အရုပ်ပြခြင်း စသည်တို့သည် ကျွန်တော်တို့ခေတ်တွင် ကျွန်တော်တို့၏ ပျော်ရွှင်မှု၊ ဗဟုသုတရမှု၊ လိမ္မာယဉ်ကျေးမှုတို့အတွက် ကလေးစာပေများ ဖြစ်ခဲ့ပါသည်။ ကျွန်တော့်အိမ်တွင် ကျွန်တော့်မိဘဘိုးဘွားများက ကျွန်တော့်ကို ပြောဆိုသင်ကြားပြသသကဲ့သို့ အခြားအိမ်တို့တွင်လည်း ပြောဆိုသင်ကြားပြသနေမည်ပင် ဖြစ်ပါသည်။ ကျွန်တော်တို့ခေတ်မတိုင်မီ ရှေးရှေးသော ခေတ်အဆက်ဆက်တွင်လည်း ဤနည်းနှင်ပင် ပြောဆို သင်ကြားပြသခဲ့မည်ဟု ယုံကြည်ပါသည်။

**မဃဒေဝလင်္ကာကြီး** အပိုဒ် ၂၁၇ တွင်

ရွှေယုန် ရွှေကျား၊ ရှေးစကားကို
နည်းပါးဉာဏ်ချို့၊ သူငယ်တို့မျှ
မှတ်ယုံကြသို့



www.burmeseclassic.com

www.burmeseclassic.com


ဟူသော အဆိုအမိန့်ကို တွေ့ရသည်။ ဤကိုထောက်သော် မန်လည်ဆရာတော်ဘုရားတို့ခေတ်တွင်လည်း ရွှေယုန်နှင့်ရွှေကျား၊ သက်ကယ်ရိတ်သွားသော ရှေးစကားများကို မိဘဘိုးဘွားများက ပြောပြလျက်ရှိသည်ကို သိရပါသည်။

တစ်ဖန် ကျည်းကန်ရှင်ကြီးသည် **စွယ်စုံကျော်ထင် သတ်ပုံသံပေါက်**များကို ရေးရာတွင် **သမင်ညှနတ်ပ်၊ စကားလုပ်၊ ကျားခုပ်လွှတ်ပါလေလိမ့်နည်း** ဟု အမေးလုပ်ခဲ့ပါသည်။ ဤအမေးကို ဖြေရာတွင် ကျီးသဲဆရာတော်ဘုရားသည် မြေခွေးမက မြေခွေးသားငယ်တို့ကို မအော်ကြနှင့်။ ကျားသားကျွေးမည်ဟုပြောသည်ကို ကျားကကြား၍ ထွက်ပြေးသည့် ရှေးစကားဖြင့် ဖြေဆိုတော်မူခဲ့သည်။ ဤကိုထောက်သော် ကျီးသဲဆရာတော်နှင့် ကျည်းကန်ရှင်ကြီးတို့သည်လည်း ရှေးစကားနားထောင်ခဲ့ရသည်မှာ ထင်ရှားသည်။ ထိုမျှမကသေး၊ ဆရာတော်နှင့် ကိုရှင်ကြီးတို့သည် ဤရှေးစကားတို့ကို အရေးတယူအလေးမူကာ အမေးအဖြေလုပ်ခဲ့ကြသေးပေသည်မှာ သတိပြုဖွယ်တစ်ရပ်ဖြစ်ပါသည်။ ကျီးသဲဆရာတော်ဘုရားကား **ပူရာဏ်မမ္မဂန်ဖတ်စာ** ဆိုသော ရှေးစကားပေါင်းချုပ် စာတစ်အုပ်ကိုပင် ပြုစုခဲ့ပေသေးသည်။

တစ်ဖန် ဘကြီးတော် ဘုရားလက်ထက်ဆီတွင် ပေါ်ပေါက်သော **မာတောဝါဒပျို့**၊ အပိုဒ် ၂၅ တွင်

> ပုံပြင်စဉ်လျား၊ ရှေးစကားကို
> ရွှေသားမောင်စိတ်၊ ရေသို့ဖိတ်လျက်
> တစ်ဆိတ်မပယ်၊ အသွယ်သွယ်ကို
> ဆိုလွယ်နားတွင် ပေါက်စေမင်း

ဟု တွေ့ရသည်။

ဤကို ထောက်လျှင်လည်း လူကြီးသူမတို့သည် သားငယ် မြေးပုတို့ကို ရှေးစကားပုံပြင်ရာဇဝင် ဝတ္ထုပြောလေ့ရှိသည်မှာ ထင်ရှားပါသည်။ **မဏိရတနာပုံ** ဆိုသော သမိုင်းပုံပြင် စာအုပ်ကြီးသည်လည်း ဤခေတ်တစ်ဝိုက်တွင်ပင် အထူးခေတ်စားခဲ့သည်ဟု မှတ်ယူဖွယ် ရှိပါသည်။

တစ်ဖန်ဘိုးတော်ဘုရားခေတ်ကို ကြည့်ပြန်သောအခါ **အီနောင်ဇာတ်၊** အခန်းကြီး ၂၁ လာအောက်ပါ အထောက်အထားတို့ကို တွေ့ရပြန်သည်။

အီနောင်မင်းသားသည် **ပန်းရည်** ဟူသော အမည်ကိုခံယူ၍ **ပွတ်စပါး** မင်းသမီးကို အရှာထွက်သည်။ ဤသို့ အရှာထွက်ရာတွင် မိမိ၏နှမတော် **ဝိရတား** ကို **လုံးနိမ်ရပ်** အမည်ပေး၍ ခေါ်သွားသည်။ တစ်နေ့သောအခါ **ပွတ်စပါး**၏ မော်တော် **ရာယံ** အမည်ခံယူထားသော **စိရတ္တရာ**


www.burmeseclassic.com

www.burmeseclassic.com



သည် **လုံးနိမ်ရပ်** ကို တွေ့၍ သဘောကျသည်။ ဤဇာတ်ခန်းမှ အောက်ပါ ကောက်နုတ်ချက်ကို ထုတ်ယူထားသည်။

ညအခါ ရောက်သည်နှင့် မင်းသမီး အထိန်းတော် **အုံဒရသာ** က မင်းသမီးကို လျှောက်ရမည်မှာ။ ။

ထိပ်တင်။ ။ယနေ့ည ညှိုးငယ်တော်မူလှသည်။ ဘယ့်နှယ်များ ရှိတော်မူသလဲ။ စက်တော်လည်း မခေါ်ပါကလား ဘုရား။ လျှောက်စေ။ မင်းသမီးက။ ။ငြီးငွေ့တော်မူလှသည် မမင့်။ ဆိုစေ။

အုံဒရသာကလည်း။ ပျော်ပျော်ပါးပါးအပျိုတော်များနှင့်၊ ကစား၍ စံနေတော်မူပါရော့ဘုရား။ လျှောက်စေ။ ။မင်းသမီးက၊ ဘယ့်နှယ်များ ပျော်ပါးရမလဲ မမင့်။ ဆိုစေ။ ။အထိန်းတော်က၊ မင်းရွှေသားငဲ့။ ပျော်တော်မူအောင် ရေးစကားများ သံတော်ဦးတင်၍ ဟို အရင်က တောတောင်လမ်းများမှာ ဆိုသည့် သီချင်းကို ဆိုကြပါဦး တော့လား။ မိမိရို့။ ဆိုစေ။

ဤတွင် မင်းသမီးကလေးအား အပျိုတော်များက ပုံပြောရသည်။ သီချင်းဆိုပြရသည်ကို တွေ့ရသည်။ ထီးတွင်းနန်းတွင်း မင်းသမီးမင်းသားတို့နှင့်သာ ဆိုင်သော ကိစ္စကဲ့သို့ ရှိသည်။ သို့သော်လည်း ပုံပြောခြင်း၊ သီချင်းဆိုပြခြင်းသည် မင်းစိုးရာဇာတို့၏ ကိစ္စသက်သက်မဟုတ်။ တောင်သူလယ်သမား ဆင်းရဲသားများနှင့်လည်းဆိုင်သော အလေ့အထဖြစ်သည်မှာ အထက်တွင် ဖော် ပြခဲ့သော ဖြစ်ရပ်များက သက်သေခံလျက်ရှိပါသည်။ **မဏိရတနာပုံ** စာအုပ် ကြီးကို စတင်စုဆောင်းသည်ဆိုသော ပုဂ္ဂိုလ်ကြီးဝန်ဇင်းဘိုးရာဇာသည် မင်းမျိုး စိုးမျိုးထဲက မဟုတ်။ ထွန်တုံးပေါ်တွင် ကြီးခဲ့သော ကျေးတောသားဖြစ်ပါသည်။ သူ့အား မည်သည့်အပျိုတော်ကမျှ ပုံပြောခဲ့သည် မဟုတ်နိုင်ပါ။ ကျေးတော သားအချင်းချင်းကသာ ပြောခဲ့ခြင်းဖြစ်ပေရာသည်။

ဤ **အိနောင်ဇာတ်** ကောက်နုတ်ချက်အရ အပျိုတော် မင်းမြနှစ်ဆို ပြသော သီချင်းမှာ **ခုလဲပျော်ပါနိုင်** အစရှိသော သာချင်းဖြစ်ပါသည်။ ဤသို့ သာချင်းဆိုရသည်မှာ ဇာတ်ကြောင်းနှင့်လိုက်လျောအောင် ဆိုရခြင်း ဖြစ်မည် ထင်ပါသည်။

ယေဘုယျအားဖြင့်ကား ထီးထဲနန်းထဲပင် ဖြစ်လင့်ကစား တောင် သူလယ်သမားတို့ သီဆိုကျူးရင့်ကြသည်ဟု ဆိုနိုင်မည်ထင်ပါသည်။ အဘယ့် ကြောင့်ဆိုသော် လှိုင်ထိပ်ခေါင်တင် ရေးသော **ရေယမုန်ပတ်ပျိုး** တွင် **ကြောင် ဖားကြီး မြီးတံတို** သီချင်းစသည်တို့တွင် အောက်ပါအတိုင်း တွေ့ရသောကြောင့် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com


ငှက်လိမ္မာ
မကြာနောင်စေ ခိုင်းမယ်ပလေး
တောင်တိုင်းစုံလွင့် မြင့်တိမ်ယံဖွေ
ရေယဉ်စီးတဲ့၊ မြစ်ကြီးငယ်သောင်ခြေ။
ရွှေရွှေရောင်သား၊ ငွေငွေရောင်သား
မြရေယဉ် မှော်ပင်ကြား
မြူးစံတဲ့ငါး။
လေးမယ်ခင်၊ နတ်သွင်ထား
ဘုန်းမယ်တို့သား။
နှုတ်ဖျားဝါဝါ၊ ပန်းလွှာရွှေသွေး
ချီကာယူလို့ပေး။
ကိုယ်မွေးသိင်္ဂါ၊ ဖြူစွာငွေသွေး
ကျောင်းဝင်ကလေး။
ရွှေပုံသူကလေးငယ်ဖို့၊ ချိုအေးသံသာ
စုံဆယ်လီရှိရှင် ညောင်းတယ်
တောင်းယူခဲ့ပါ။
နွဲ့နွဲ့မာန်ကိုးငယ်နှင့်၊ အိုဆိုးလိုက်တာ
မြမျက်ရည် ဂေါဇင်ညှာက
ငိုရှာလုနီး။
မောင်မောင်ကြီးငဲ့ စိန်ကြိုးသွယ်
ဟာ တိတ်ပကွယ်၊ ကြောင်ညိုဖြားငယ်
စားတတ်လှတယ်။
ရေပေါ်မှာ လွှမ်းပါတဲ့၊ ကန်စွန်းနွယ်
ဒေါင်းဖန်ဝါရောင်စုံကွယ်လို့
ခိုင်ရွှေနွယ်သီး။
ဇမ္ဗူရည်ထီးမှာတဲ့၊ အငြီးတော်ပြေ
ယိုလေးသံသာ၊ စိန်ရိုးညှာလွှဲမယ်လေး
နွဲ့ဟန်လို့သာ။

ဤပတ်ပျိုးထဲတွင် ကျွန်တော်တို့၏ ကလေးဘဝက အချစ်တော်ကြီး **ကြောင်ဖားကြီး၊ မြီးတံတို** ပါနေသည်ကို တွေ့နိုင်ပါသည်။ ထို့ပြင်လည်း

ရွှေဗျိုင်းအို
ရေညိုကန်ရိုး

---

**အိပ်မက်ဦး စာပေ**

www.burmeseclassic.com

www.burmeseclassic.com



ထိုးတဲ့ငါးရှင်
ကျောင်းအောက်ကို ဝင်လေတဲ့မှ
မလေးရွှေစာသင်
ဆိုသော သီချင်းသည်လည်းကောင်း၊
ဟီးလေးပေါက်ပင်
ကန်စွန်းပင်
နေဝင်ခါနီး
ကန်စွန်းသီး

ဆိုသော သီချင်းသည်လည်းကောင်း ပါဝင်နေပါသည်။ ဤသီချင်းများကို ကျွန်တော်ကိုယ်တိုင်ပင် မဆိုခဲ့ဘူးသော်လည်း လူကြီးသူကြီးတို့ ရွတ်ဆိုသည်ကို ကြားဖူးခဲ့ရပါသည်။

ဤမျှကား ကုန်းဘောင်ခေတ်ဆိုင်ရာ စာပေအထောက်အထားနှင့် အထင်အရှားတွေ့ရသော ကလေးစာပေသဲလွန်စများဖြစ်ပါသည်။ အထောက်အထားမကျန်ခဲ့ဘဲ ရှေးလူကြီးများနှင့်အတူ ချုပ်ငြိမ်းကွယ်ပျောက်ခဲ့သော စာပေတို့သည်လည်း များစွာ ရှိသေးပေရာသည်။

ကျွန်တော်တို့ငယ်စဉ်က မိဘများပြောလေ့ရှိသော ပုံတစ်ခုမှာ **ငုံလျှင် ပုလဲ ရယ်လျှင် ရွှဲ** ထွက်သော မင်းသားညီနောင်၏ ပုံဖြစ်ပါသည်။ ဤပုံကို ဘုန်းကြီးပျံလောင်တိုက်များတွင် ရုပ်စုံရေး၍ ပြလေ့ရှိကြောင်းကိုလည်း မိခင်ပြောပြ၍ မှတ်လိုက်ရဖူးပါသည်။

ဤပုံ၏ အမွန်အစကို ရှာသောအခါ သက္ကရာဇ် ၉၉၀ ကျော်အခါက ပေါ်ပေါက်သည့် **မဏိကုဏ္ဍလဝတ္ထုကြီး** တွင် တွေ့ရပါသည်။ ကျမ်းပြုဆရာတော်က ဤပုံသည် ကျွန်တော်တို့၏ ကလေးပုံပြင်အများတွင် အလွန်နားထောင်၍ ကောင်းသော ပုံပြင်တစ်ခုဖြစ်ပါသည်။

တစ်ဖန်အထက်သို့ တက်ပြန်သော် ဒုတိယမင်းခေါင်တို့ ခေတ်ဆီ၌ ပေါ်ပေါက်သည့် **မြားပစ်ခန်းပျို့**တွင် မယ်ယတ္တ ငွေတောင်ပြည် ပြန်သော **သုဓနုဝတ္ထု**ကိုလည်းကောင်း၊ မီးသဂြိုဟ်သောအခါ ကောင်းကင်တွင် မီးခိုးချင်းပေါင်းကူးသည့် **ရှင်မွေ့နွန်း မင်းနန္ဒာဝတ္ထု** ကိုလည်းကောင်း တွေ့ရပါသည်။ ဤသဲလွန်စတို့ကို ထောက်သဖြင့်လည်း ရှေးစကားပုံပြင်တို့သည် ထိုခေတ်တွင် အလွန်ခေတ်စားသည်ကို သိရပါသည်။ သျှင်မဟာရဋ္ဌသာရက **သံဝရပျို့**၊ အပိုဒ် ၃၉ တွင်ဖွဲ့ဆိုခဲ့သည့် မင်းသားဘွဲ့စာကို ရှုပါဦးလော့။

မြင့်သွန်းတစ်ရာ၊ ယူဇနာဖြင့်
ကျွန်းချာမှန်ကူ၊ သပြေဟူသား



www.burmeseclassic.com

www.burmeseclassic.com


ဇမ္ဗူရုက္ခ၊ သီးချိုမြကို
စားစရလျှင်၊ စားချင်ချင်သို့
ပုံပြင်စကား၊ တစ်ကြိမ်ကြားက
ဖန်များနား၀၊ နာအီလှသည်
ဆုံးမခံတတ်၊ မင်းသားမြတ်။

သံဝရမင်းသားငယ်သည် ရှေးစကားပုံပြင်တို့ကို နားထောင်၍ ဝနိုင်သည်မရှိဟု ဖွဲ့ထားခြင်းသည် ရှင်မဟာရဋ္ဌသာရကိုယ်တွေ့အဖြစ်အပျက်တို့ကို တင်စား၍ ဖွဲ့ထားသည်ဟု ယူရန်ရှိပါသည်။ ပုံနားထောင်ချင်သော ဝါသနာသည်ကား အမျိုးဇာတ်ကို မလိုက်၊ အခါကာလကို မလိုက်၊ အရပ်ဒေသကို မလိုက်၊ ကလေးတိုင်း၏ ဝါသနာဖြစ်ပါသည်။ ပုံပြောချင်သော ဝါသနာသည်လည်း မိဘတိုင်း၏ ဝါသနာပင်ဟု ဆိုချင်ပါတော့သည်။ ဤသည်တို့ကို ထောက်သော် ကျွန်တော်တို့၏ ကလေးစာပေသမိုင်းသည် အတော်ရှေးကျသည်ဟု ဆိုရပါမည်။ သည်ထက်ပင် ရှေးကျပါသေးသလား။

ကျွန်တော်တို့သည် ပုဂံမြို့သို့ သွား၍ ဂူကျောင်းဘုရားတို့ကို ဖူးမြော်လေ့လာသောအခါ ပိဋကတ်တော်လာ ဇာတ်ဝတ္ထုအမျိုးမျိုးတို့ကို ကျောက်ရုပ်ထု၍လည်းကောင်း၊ ရောင်စုံရေး၍လည်းကောင်း ဖော်ပြထားသည်ကို အများအပြားတွေ့ရပါသည်။ ပါဠိဘာသာဖြင့်လည်းကောင်း၊ မွန်ဘာသာဖြင့်လည်းကောင်း၊ မြန်မာဘာသာဖြင့်လည်းကောင်း ကမ္ဗည်းရေးထိုးထားသည်ကိုလည်း များစွာတွေ့သည်။

ဤဇာတ်ခန်းတို့ကို ရဟန်းရှင်လူ အများကြည့်ရှုလေ့လာရန် ရည်ရွယ်ပြုလုပ်ထားခြင်းဖြစ်မည်။ သို့သော် သက်ကြီးရွယ်အိုတို့ထက် ကလေးသူငယ်တို့က ပိုမိုနှစ်သက်လိမ့်မည် ထင်မိသည်။ ပိုမိုကြည့်ရှုလိမ့်မည် ထင်မိသည်။ ပိုမိုမေးမြန်းစုံစမ်းလိမ့်မည် ထင်မိသည်။ အဘယ်ကြောင့်ဆိုသော် ကလေးသူငယ်တို့သည် အရုပ်ကို လူကြီးတို့ထက် နှစ်သက်တတ်သောကြောင့် ဖြစ်ပါသည်။

ဖျံ၊ မြေခွေး၊ မျောက်၊ မိတ်ဆွေသုံးယောက်အား အလောင်းတော်ယုန်မင်းက တရားဟောနေပုံကို မြင်သော ကလေးငယ်သည် အဘယ်မှာလျှင် စိတ်မဝင်စားဘဲ နေနိုင်ပါအံ့နည်း။ ကလေးသူငယ်တို့က မကြည့်မရှု ဂရုမစိုက်ဘူးဟု ဆိုဦးတော့၊ လူကြီးသူကြီးတို့က ကလေးသူငယ်တို့ကို လက်ဆွဲခေါ်ယူကာ ဂူကျောင်းဘုရားအတွင်းရှိ ရုပ်စုံဇာတ်ခန်းများကို မညွှန်မပြ မပြောမဟောဘဲ နေမည်မထင်မိပါ။ သို့ဖြစ်ပါက ထိုပုဂံက ရုပ်စုံဇာတ်ခန်းတို့သည် ကျွန်တော်တို့အဖို့ ကလေးစာပေပင် မဟုတ်ပါလား။


www.burmeseclassic.com

www.burmeseclassic.com


ဤသို့ ကျွန်တော်တို့ခေတ်မှနေ၍ အတိတ်ခေတ်ထဲသို့ တဖြည်းဖြည်း နောက်ဆုတ် စုံစမ်းလိုက်လံလေ့လာလိုက်သောအခါ ကျွန်တော်တို့၏ ကလေးစာပေခြေရာများကို အနှံ့အပြားအမျိုးမျိုး အဖုံဖုံ အဆက်မပြတ်မှျ တွေ့ရှိရသဖြင့် ကလေးစာပေသည် ကျွန်တော်တို့၏ ယဉ်ကျေးမှုသမိုင်းတွင် ကဏ္ဍကြီးတစ်ရပ်အနေဖြင့် ပါဝင်ဆင်နွှဲခဲ့ပါသည်ဟုဆိုပါလျှင် ဆိုလွန်းရာ ကျမည် မထင်မိပါကြောင်း။ (၁၉၆၅။)

www.burmeseclassic.com

www.burmeseclassic.com

## သားရွှေခဲ

"မေမေ ဘယ်သွားသလဲ။ ။မေမေ ရုပ်ရှင်သွားပါသည်။
ဖေဖေ ဘယ်သွားသလဲ။ ။ဖေဖေ မြင်းပွဲသွားပါသည်။
ဘွားဘွား ဘယ်သွားသလဲ။ ။ဘွားဘွားပုတီးစိပ်နေပါသည်။
ဘိုးဘိုး ဘယ်သွားသလဲ။ ။ဘိုးဘိုး အင်္ဂရိတ်ထိုးနေပါသည်။
သားသား ဘာလုပ်နေသလဲ။ ။သားသားကြမ်းပိုးထိုးနေပါသည်။
"

အထက်ပါ အဖြစ်ကလေးသည် တကယ့်အဖြစ်ကား မဟုတ်။ မဖြစ်နိုင်ဘူးလားဟု မေးသော် ဖြစ်နိုင်ပါသည်ဟု ဖြေသူများ ရှိလေမည်။ မဖြစ်ဘူးလားဟု မေးပြန်သော် ခပ်ဆင်ဆင်တော့ ဖြစ်ပါသည်ဟု ဖြေသူလည်း နည်းမည်မဟုတ်ပါ။

သားသားတို့အားလျှင် ကြမ်းပိုးထိုးနေသည်နှင့်အချိန်ကုန်ရပါသည်။ ကြမ်းပိုးထိုးသည်ဆိုသည်မှာ စည်းမရှိ၊ ကမ်းမရှိ၊ ရည်ရွယ်မှန်းထားချက်မရှိ၊ တောင်တောင်မြောက်မြောက် ထင်ရာပြော၊ ထင်ရာလုပ်၊ ထင်ရာဆော့၊ ထင်ရာကမြင်းခြင်း ဖြစ်သည်ဟု အဓိပ္ပာယ်ပြန်ချင်ပါသည်။

သားသားအတွက် မျက်နှာပေါက်ဆိုးသော၊ အမျိုးမတော်သည့် ကျောင်းဆရာ၊ လေးမျက်နှာ ကာရံထားသည့် ကျောင်းအခန်း၊ အစိုးရက ပြဋ္ဌာန်းထားသည့် ကျောင်းသုံးစာအုပ်တို့အပြင် ဂရုမစိုက်သူ မရှိယောင်တကား။ မှန်ပါ၏။ သားသားကို ထမင်းကောင်းကောင်း ကျွေးကြပါသည်။ အဝတ်ကောင်းကောင်းပေးကြပါသည်။ အိမ်အောက်က ခွေးမကြီးနှင့် အိမ်ပေါ်က ကြောင်မကြီးတို့လည်း သူတို့သားသမီးများကို သူတို့တတ်စွမ်းသလို ကြည့်ရှုကြပါသည်။ သို့သော်လည်း ခွေးမိခင်နှင့် ကြောင်မိခင်တို့သည် သားသား မိခင်နှင့် မတူသည့် အချက်ရှိပါသေးသည်။ ခွေးမကြီးသည် ခွေးကလေး



www.burmeseclassic.com

www.burmeseclassic.com


တွေနှင့် ပြေးတမ်းလိုက်တမ်း၊ ခုန်တမ်းပေါက်တမ်း ကစားဖော်ရပါသည်။ ကြောင်မကြီးသည်လည်း ထိုနည်းလည်းကောင်းပင်။ နံနက်နေရောင်ခြည်တွင် ခွေးသားအမိတစ်တွေ ပြေးလွှားခုန်ပေါက်မြူးထူးနေကြသည်ကို သားသား သည် ထိုင်ကြည့်ရင်း ပျော်လည်း ပျော်မိသည်။ ဝမ်းလည်းနည်းမိသည်။ ဝမ်း နည်းမိသည်မှာ သားသားနှင့်အတူ ကစားဖော်မရှိသောကြောင့်ဖြစ်ပါသည်။ တစ်ခါတလေ ခွေးတွေကို အားကျ၍ ခွေးတွေနှင့်အတူ ပြေးလွှားကစားသော အခါ သားသားအမေက ခွေးတွေနှင့် ကစားလျှင် သန်းတွယ်တတ်သည်ဟု ပြောကာ အပြစ်ဆိုပါသည်။ ဖျာလိပ်နားတွင် ကြောင်မကြီးနှင့် သားသမီး ငယ်များ တူတူပုန်းတမ်း၊ လိုက်တမ်းပြေးတမ်း ကစားနေကြသည်ကို သား သားသည် လှေကားထစ်ပေါ်တွင် ထိုင်ကာ စောင့်ကြည့်နေဖူးသည်။ သားသား နှင့်ကား ကစားဖော်မရှိ။ ကြောင်ကလေးတွေနှင့် ကစားပြန်သောအခါ ဟို့နှယ် သည့်နှယ်နှင့် အပြစ်တင်ခံရပြန်ပါသည်။ သားသားဘာလုပ်ရပါမည်နည်း။ သားသားကစားချင်သည်။ သားသားအတွက် ထမင်းဟင်းသာလျှင် အာဟာရ မဟုတ်ပါ။ ကစားရမှ သားသား ပျော်ရွှင်ကျန်းမာပါလိမ့်မည်။ ဤသည်ကား သားသားအတွက် ပြဿနာတစ်ခု ဖြစ်နေပါသည်။ သားသား စည်းကမ်းတကျ မကစားရသောအခါ ခိုးကြောင်ခိုးဝှက်နှင့် ကြမ်းပိုးထိုးရပါတော့သည်။

ဤသို့အားဖြင့် ကျွန်တော်တို့ သားငယ်သမီးငယ်များမှာ မိခင်ဖခင် တို့၏ ချစ်ခင်ကြင်နာခြင်းကို ခံရလျက်နှင့် လျစ်လျူပြုခြင်းကိုလည်း ခံနေရရှာ ပါသည်။ သူတို့တစ်တွေသည် လူမျိုး၏ အုတ်မြစ်ကလေးများ ဖြစ်သည်ဟု စဉ်းစားသူတိုင်း ဝန်ခံမည်ဖြစ်သော်လည်း သူတို့ကိုကား ကျောင်းဆရာလက်ထဲ သို့သာ ဝကွက်၍ အပ်လိုက်ပါတော့သည်။ ကျောင်းဆရာက ဘာတတ်နိုင်ပါ သနည်း။

သူ့ခများမှာ အငတ်ငတ် အမွတ်မွတ်နှင့် လုပ်နေရရှာသည်။ ငတ်မွတ် သည်ဆိုရာတွင် ဝမ်းတွင်းသို့သွင်းရသော အစာတွင်သာ ငတ်မွတ်သည်မဟုတ်။ ဉာဏ်တွင်းသို့ သွင်းရသောအစာမှာလည်း ငတ်မွတ်လျက်ပင် ရှိပါသည်။ ထို့ နောက် သူကြည့်ရှုနိုင်သည်ထက် ကျောင်းသားဦးရေက နှစ်ဆသုံးဆများ နေ တတ်ပါသေးသည်။ ထို့ကြောင့်ဆရာအတွက်လည်း ပြဿနာတစ်ခုပင်။

ကျွန်တော်တို့၏ သားငယ်သမီးငယ်များ ပျော်ရွှင်လိမ္မာရေးအတွက် ပြောစရာကိစ္စ အများအပြားပင် ရှိပါသည်။ အခြားအခြား ကိစ္စတို့သည်ကား ကျွန်တော့်အရာမဟုတ်၍ မပြောလိုပါ။ သို့သော်လည်း သူတို့တစ်တွေကြည့်ရှု ဖတ် ရွတ်သီဆိုပျော်ရွှင်မှုအတွက်ကား ကျွန်တော့်တာဝန် (လုံးဝမဟုတ်လျှင်) အသင့်အတင့်တော့ ဖြစ်နေသည်ထင်၍ ပြောလိုပါသည်။ တတ်ကျွမ်းနားလည်

www.burmeseclassic.com


၍ ပြောသည်မဟုတ်ပါ။ ပြောသည့်လူ မရှိသလောက် နည်းနေ၍ မတတ်ဘဲနှင့် ပြောရခြင်း ဖြစ်ပါသည်။

လဆန်းခါနီးလျှင် သတင်းစာများ၌ မဂ္ဂဇင်းကြော်ငြာများကို တွေ့ရပါသည်။ သူ့ထက်ငါကောင်း၊ သူ့ထက်ငါစုံ၊ သူ့ထက်ငါစော၊ ပြောဆိုချီးမွမ်းကာ ကြော်ငြာကြပါသည်။ စာအုပ်တွေ ထွက်လာမည်ဆို၍ ဝမ်းသာပါသည်။ ထွက်လာသောအခါ သုံးရောင်ခြယ်၊ လေးရောင်ခြယ်၊ အရုပ်ကားတွေ ဝေဝေဆာဆာနှင့် ချစ်စရာစာအုပ်တွေ ဖြစ်ပါသည်။ ဖတ်နိုင်သော အရွယ်၊ ဝယ်နိုင်သော သူတို့မှာ ထိုမဂ္ဂဇင်းများကို သူ့ထက်ငါစော၊ အပြေးအလွှား အလုအယက် ဝယ်ယူကာ မနားမနေ ဖတ်ကြလေသည်။ သို့သော် သားငယ်သမီးငယ်မှာကား ဘာမျှ မဖတ်ရ။ ဖတ်စရာလည်း မရှိ။ ထိုမဂ္ဂဇင်းကြီးများတွင် လူကြီး လူငယ်ကြိုက်များကို ရေးသူကလည်းရေး၊ ထည့်သူကလည်း တစ်ပုံကြီး ထည့်ထားပြီး၊ သားသားတို့အဖို့ကိုကား မရေးကြ၊ မထည့်ကြ။ သားသားတို့ကို လျစ်လျူရှုထားဘိ၏။ သားသားတို့ကို လိမ္မာစေချင်သည်လည်း ဆိုသည်။ ပျော်ပျော်နေစေချင်သည်လည်းဆိုသည်။ သားသားတို့ဖို့တော့ ကြည့်စရာလည်း အရုပ်မရှိ။ ဖတ်စရာလည်း စာမရှိ။ မိန်းမရုပ်ချောချောလှလှ အမောက်ကလေးနှင့် ဆံတောက်ကလေးနှင့်ကို သားသားမကြည့်တတ်ပါဘူး။ သားသားက ကျားရုပ်၊ ကြောင်ရုပ်၊ ဆင်ရုပ်၊ မြင်းရုပ်မှ ကြိုက်ပါသည်။ မယ်နှင့်မောင် ချစ်မှုကြိုက်မှု ကျီစယ်မှုတွေကို သားသား မဖတ်တတ်ပါဘူး။ နားလည်းမထောင်ချင်ပါဘူး။ လေယာဉ်ပျံအကြောင်း၊ မီးရထားအကြောင်းပုံ၊ ဆင်ကြီးပုံတွေကို ဖတ်ချင်ကြားချင်ပါသည်။ လူကြီးတွေအတွက် စာအုပ်တွေ၊ သတင်းစာတွေ လစဉ်၊ အပတ်စဉ်၊ နေ့စဉ် ထွက်နေပါလျက်နှင့် သားသားအတွက် ကျောင်းစာအုပ်မှ တစ်ပါး တခြားစာအုပ်များ မရှိတာက ဘာ့ကြောင့်ပါလိမ့်မလဲ။ သားသားသည် စဉ်းစားတတ်၊ မေးမြန်းတတ်လျှင် ဤမေးခွန်းများကို ခဏခဏ မေးပေလိမ့်မည်။

ယခုကဲ့သို့သော အင်္ဂလိပ်နာတာလူးပွဲနှင့် နှစ်သစ်ကူးအခါမျိုးကို ကျွန်တော် အတော်ပင် မှတ်မိပါသည်။ ကျွန်တော် အင်္ဂလိပ်ပင်မဟုတ်သော်လည်း မှတ်မိနေပါသည်။ ဘာ့ကြောင့်ဆိုသော် ငယ်စဉ် ကျောင်းမှာနေတုန်းက နာတာလူးပွဲကျောင်းပိတ်ရက်များတွင် အမေရိကန်သာသနာပြု ပုံနှိပ်တိုက်၊ ရိုးကုမ္ပဏီတိုက်စသည်တို့ကို ရောက်သောအခါ အင်္ဂလိပ်ကလေးများအတွက် စာအုပ်အမျိုးမျိုး၊ ကစားစရာအမျိုးမျိုးတို့ကို လှလှပပခင်းကျင်းထားသည်တို့ကို သွားရည်ကျခဲ့ဖူးသောကြောင့်ဖြစ်ပါသည်။ အင်္ဂလန်တွင် ပညာသင်နေရသောအခါတွင်ကား သားငယ်သမီးငယ်များကို အင်္ဂလိပ်လူမျိုးများ မည်မျှ အရေးပေး


www.burmeseclassic.com

www.burmeseclassic.com


သည်ကို ပို၍ တွေ့ခဲ့ရပါတော့သည်။ မြို့ရွာတည်လျှင် ကလေးများအတွက် ကစားကွင်းကို အရေးတကြီးထည့်ရပါသည်။ မြူနီစီပယ် မြို့တော်ခန်းမကြီးကို တည်ဆောက်သောအခါ ကလေးများစာကြည့်တိုက်အတွက် အထူးဗိသုကာနှင့် နီးနှောတိုင်ပင်၍ သတ်မှတ်ရပါသည်။ ကလေးများ နေဖို့ကျောင်းအဖို့ကား ပြောဖွယ်ရာမလိုပါ။ နာတာလူးပွဲနီးသောအခါတွင်ကား မိကြီး၊ မိထွေး၊ ဦးကြီး၊ ဦးလေး၊ အဖေ၊ အမေတို့က သားငယ်သမီးငယ်များအတွက် ဘာလက်ဆောင် ပေးရပါမည်နည်းဟု အမျိုးမျိုးစဉ်းစားကြရလေသည်။ လူကြီးများအတွက် လည်း ပျော်စရာကြီး။ ကလေးများအတွက်လည်း ပျော်စရာကြီး။ သူတို့သား သမီးများကို ရွှေတွဲလွဲငွေတွဲလွဲ ဆင်ပေးဖော်မရသော်လည်း ပျော်ပျော်ပါးပါးနေ ရအောင်ကား သူဆင်းရဲ အောက်တန်းစားများပင် ကြိုးစား ဆောင်ရွက်ဖော် ရကြလေသည်။ နာတာလူးပွဲနေ့တွင် ကလေးများမှာ ကစားစရာတွေ၊ စားစရာ တွေ၊ စာအုပ်တွေရ၍ ပျော်တပြုံးပြုံး မော်မဆုံး ဖြစ်ကြတော့သည်။ ကလေးတွေ အတွက် အထူးရုပ်ရှင်ကားများနှင့် အထူးပြဇာတ်များ ရှိလေသေးသည်။ နာတာ လူးပွဲအခါတွင် ဤကလေးများအတွက် ရုပ်ရှင်နှင့် ပြဇာတ်များကို အင်္ဂလန်တစ် ပြည်လုံးတွင် ပြသကြလေသည်။ ထိုပြပွဲများသို့ ကျွန်တော်ရောက်ဖူးခဲ့ရသည်။ ကျွေးပွဲမွေးပွဲတွေလုပ်ပြီး ကလေးတွေကို ကျွေးကြမွေးကြသည်ကိုလည်း မြင်ခဲ့ရ တွေ့ခဲ့ရပါသည်။

ထိုနည်းတူစွာ သားသားတို့အဖို့ ပျော်ပွဲရွှင်ပွဲများကို သီးခြားလုပ်ပေး ကြမည်ဆိုပါက မည်မျှ ကောင်းပါမည်နည်း။ သားသားတို့အတွက် ရုပ်သေး ဆရာကြီးတွေက ကျန်စစ်သားပြဇာတ်၊ ဇျတ်ဝိဇျတ္တာပြဇာတ်၊ ငမိုးရိပ်ပြဇာတ်၊ မောင်ပေါက်ကျိုင်းပြဇာတ်တို့ကို အထူးစပါယ်ရှယ် ရေးသားပြသမည်ဆိုပါ လျှင် သားသားတို့ သိပ်ပျော်မှာပဲ၊ စာရေးဆရာတွေကလည်း စုံထောက်ဝတ္ထု၊ စွန့်စားခန်းဝတ္ထု၊ ပျော်ရွှင်ခန်းဝတ္ထုတွေကို သားသားတို့နှင့် သင့်လျော်အောင် ရေးပြီး သုံးရောင်ခြယ်လေးရောင်ခြယ် အရုပ်ကားတွေနှင့် အဖျင်းဆုံး တစ်နှစ် တစ်ကြိမ်လောက်လုပ်ပေးမယ်ဆိုရင် သားသားက သိပ်ကျေးဇူးတင်မှာပဲ။ ရုပ်ရှင်တွေပြဇာတ်တွေကလည်း အလီဘာဘာတို့၊ အာလာဒင်တို့ ရော်ဘင်ဟုဒ် တို့ဇာတ်ကားတွေကို မြန်မာနည်းနဲ့ပြကြရင် သားသား သိပ်အားရမှာပဲ၊ သီချင်း ဂီတဆရာတွေကလည်း သားသားတို့နားထောင်ဖို့၊ သားသားတို့သီဆိုဖို့၊ သီချင်းဂီတတွေ တစ်ခါတလေလောက်များ လုပ်ပေးကြပါလား။ ခင်ဗျားတို့ လည်း ငယ်ရာကကြီးလာပြီး ကိုယ်ငယ်ငယ်ကလိုချင်ခဲ့တာတွေ၊ ဆင်းရဲခဲ့တာ တွေကို မေ့ကုန်ကြပလား။ သားသားရဲ့ မေမေနှင့် ဖေဖေကတော့ အတွေးသမား မဟုတ်ဘူး။ အလုပ်သမားတွေ။ သားသားတို့လိုလားချက်တွေကို တွေးမိကြ


www.burmeseclassic.com

www.burmeseclassic.com


မယ် မဟုတ်ဘူး။ အနုပညာသည်တွေကတော့ အတွေးသမားတွေ။ ဒါပေမဲ့ လူပျိုကာလသားအကြိုက်လောက်ကိုသာ တစ်ကြောင်းစွဲတွေးမနေပါနှင့်။ သားသားတို့လို ကလေးတွေအတွက်လည်း တွေးကြစမ်းပါ။ အနုပညာသည်တွေကမှ သားသားတို့ကို မေ့ထားလျှင် ဘယ်သူတွေက သားသားတို့ကို သတိရ ဂရုပြုပါမည်လဲ။ ဤကဲ့သို့လည်း သားသားတို့က ပြောဖွယ်ရှိနေပေသည်။

ကျွန်တော်သည် ခါးညောင်းညောင်းနှင့် အထက်အတိုင်း အဆက်အစပ်မရှိ စာရှည်ကြီးကို ရေးခဲ့သည့်အတွက် အသင်စာရှုသူသည် အပြစ်ဆိုလိုက ဆိုပါ။ သို့သော်လည်း သားသားတို့အတွက် အများကြီးလစ်ဟင်းလျက်ရှိသည်ကိုကား သတိရတော်မူပါဘိ။ အချုပ်အားဖြင့် ကျွန်တော်တောင်းပန်လိုသည်မှာကား သားရှင်သမီးရှင် မိခင်ဖခင်တို့ကလည်း သားသမီးများအတွက် စာအုပ်စာတန်း ဖတ်ဖွယ် ရှုတ်ဖွယ်တို့ကို တောင့်တရှာဖွေ ဝယ်ယူကြပါဘိ။ ပုံနှိပ်ထုတ်ဝေသူတို့ကလည်း စေတနာရှေ့ထား၍ ပုံနှိပ်ထုတ်ဝေကြပါဘိ။ အမှန် အားဖြင့်ကား၊ စာပေလောကတွင် ဤတစ်ခန်းတိုးလာပါလျှင် အားလုံး အကျိုး ကျေးဇူးများမည်ကိုလည်း မမေ့သင့်ကြပေ။ (၁၉၄၉။)

www.burmeseclassic.com

www.burmeseclassic.com

# တက္ကသိုလ်ဝင်မြန်မာစာ
(အသံလွှင့်ချက်)

တက္ကသိုလ်ဝင် မြန်မာစာအကြောင်းကို ယနေ့ည ပြောဆိုခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ တက္ကသိုလ်ဝင်မြန်မာစာဟာ ဘာနဲ့ ဥပမာတူသလဲဆိုတော့ ကြီးကောင်ဝင်စ သူငယ်နဲ့တူပါတယ်။ ဂျင်ပေါက်၊ ဝွေရိုက်၊ ဂေါ်လီပစ်တဲ့ ကလေးအရွယ်လည်း မဟုတ်။ ဘောလုံးကန်၊ တင်းနစ်ရိုက်၊ အလေးမတဲ့ အရွယ်လည်း မဟုတ်။ စပ်ကူးမတ်ကူး အရွယ်မို့လို့ ယောင်တောင်တောင်ကြောင်တက်တက်ဖြစ်နေတတ်ပါတယ်။ အဲဒီအရွယ်မှာ လူကြီးမိဘတို့က 'မကောင်းမြစ်တာ၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ' ဆိုသလို တားမြစ်သင့်တာကို တားမြစ်ပြီး ညွှန်ကြားသင့်တာကို ညွှန်ကြားနိုင်ပါမှ ခရီးမထောင့်လမ်းမမှားဘဲ လိုရာကို ရောက်နိုင်ပါလိမ့်မယ်။

တက္ကသိုလ်ဝင်သင်တန်းမရောက်ခင် ကျောင်းသားဘဝက သင်ယူလေ့လာခဲ့တာတွေနဲ့ တက္ကသိုလ်ရောက်တဲ့အခါ သင်ယူလေ့လာရမှာတွေနဲ့ အစဉ်မပြတ် အမျိုးမပြားဘဲ တစ်သားတည်း တိုးတက်ကြီးပွားသွားအောင် လုပ်ဆောင်နိုင်ဖို့ အရေးကြီးပါတယ်။ အောက်ကသင်ခဲ့တာနဲ့ အထက်မှာ သင်ရတာနဲ့ အစဉ်မမှန် အမျိုးမတူဘဲ အဆက်မတဲ့ အန်ချော်နေလို့ရှိရင် စာသင်သားများအတွက် စိတ်ဆင်းရဲမယ်၊ အားပျက်မယ်၊ အချိန်ကုန်မယ်။ ဆရာများအတွက်လည်း ထိုနည်းလည်းကောင်းပဲ၊ စိတ်ဆင်းရဲမယ်၊ အားပျက်မယ်။ အချိန်ကုန်မယ်။

အဲလိုမဖြစ်ရအောင် တက္ကသိုလ်ဝင် စာမေးပွဲအတွက် စာအုပ် ပြဋ္ဌာန်းရာမှာရော၊ မေးခွန်းထုတ်ရာမှာရော၊ အင်မတန် ဂရုစိုက်ရပါတယ်။ အဲဒီအကြောင်းတွေကို ဆက်မပြောခင် မြန်မာစာမြန်မာစကားအကြောင်းကို ရာဇဝင်ချီပြီး အနည်းငယ် ပြောပြချင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်တို့ ကျောင်းသားဘဝ ၁၉၃၁ ခုနှစ်က (နှစ်ပေါင်း သုံးဆယ်အခါကပေါ့။) ဆရာဦးလူဖေဝင်းဟာ ကျောင်းတွေမှာ မြန်မာစာနှင့် ပါဠိဘာသာ သင်ကြားရေးကို စုံစမ်းပြီး အစီရင်ခံစာတစ်စောင်ကို အစိုးရထံ တင်ဖူးပါတယ်။ အဲဒီအစီရင်ခံစာထဲမှာ ဆရာဦးလူဖေဝင်းက မစ္စတာ ဂျေ၊ အက်စ်၊ ဖာနီဗယ် ပြောတဲ့စကားတစ်ရပ်ကို ထုတ်ဆောင်ကိုးကားပြီး ဟောဒီလို ထည့်သွင်းထား ပါတယ်။

"မြန်မာမင်းများ လက်ထက်အခါက မြန်မာတပ်မတော်ကြီးရှိသည်။ ရာဇသတ်၊ ဓမ္မသတ်၊ ဥပဒေများကို မြန်မာစကားနှင့် ရေးသားထားသည်။ ရုံးတော်များတွင် မြန်မာစကားကိုသာ သုံးသည်။ တိုင်းရေးပြည်ရေး သာသနာရေး စသည်များကို လွှတ်တော်တွင် စဉ်းစားဆွေးနွေးသောအခါ မြန်မာစကားနှင့်သာ စဉ်းစားဆွေးနွေးသည်။ မြန်မာတို့ လုပ်ဆောင်သမျှ ကြံစည်သမျှ အလုပ်အဆောင် အကြံအစည်တို့ကို မြန်မာစကားနှင့်သာ လုပ်ဆောင်ကြံကြံစည်ကြသည်။ မြန်မာ့ယဉ်ကျေးမှု ကျယ်ဝန်းသလောက် မြန်မာစကား ကျယ်ဝန်းသည်။ မြန်မာ့ယဉ်ကျေးမှု နက်နဲသလောက် မြန်မာစကား နက်နဲသည်။ မြန်မာစကားသည် မြန်မာတစ်မျိုးလုံး၏ စကားဖြစ်၍ လူအားလုံးအတွက်လည်းကောင်း၊ ကိစ္စအားလုံးအတွက်လည်းကောင်း ဆက်ဆံဖလှယ်မှု မဏ္ဍိုင်ကြီးဖြစ်ပေသည်" တဲ့။

မြန်မာမင်းများ လက်ထက်အခါက မြန်မာစကား၊ မြန်မာစာပေ၊ အရေးပါအရာရောက်ခဲ့ပုံကို ရှေ့မီနောက်မီဖြစ်တဲ့ သီလသမာဓိပညာနဲ့ ပြည့်စုံတဲ့ မစ္စတာဖာနီဗယ်က အခုလိုပြောခဲ့ပါတယ်။ နောက် ၁၉ ရာစုခေတ် စောစောပိုင်းဆီမှာ မြန်မာတို့ဟာ ထီးကျိုးစည်ပေါက်ပြီး လူမျိုးခြားလက်အောက်ကို ရောက်ခဲ့ရပါတယ်။ အဲဒီအခါမှာ ဖြစ်ပေါ်နေတဲ့ မြန်မာစကားရဲ့ ကံကြမ္မာအကြောင်းကို မစ္စတာ ဖာနီဗယ်က ဟောဒီလိုဆက်ပြောပြန်ပါတယ်။

"ယခုအခါတွင်ကား ရှေးအခါကနှင့် မတူတော့ပြီ။ မင်းတိုင်ပင် အမတ် အစည်းအဝေးတွင် အင်္ဂလိပ်စကားဖြင့်သာလျှင် အများအပြားစဉ်းစားဆွေးနွေးနေကြပြီ၊ ဥပဒေများကို အင်္ဂလိပ်လို ရေးသားနေကြပြီ။ ရုံးများတွင် အင်္ဂလိပ်စကားကိုသာ အများအားဖြင့် သုံးနေကြပြီ။ ခက်ခဲသော တရားရာဇဝတ်မှုများကို အင်္ဂလိပ်လိုသာလျှင် လျှောက်လဲဆုံးဖြတ်နေကြပြီ။ ဥပဒေဆိုင်ရာ မြန်မာ့အသုံးအနှုန်း ဝေါဟာရတို့လည်း တိမ်ကော ကွယ်ပကုန်ကြပြီ။ မြန်မာ့တပ်မတော်လည်း မရှိတော့ပြီ။ မြန်မာ့သေနင်္ဂဗျူဟာ စစ်ဝေါဟာရတို့ကိုလည်း မေ့ပျောက်ကြပြီ။ သင်္ဘောဆိပ်များ၌လည်းကောင်း၊ ပြည်သူ့အိုးအိမ်တည်ဆောက်ရာ၌လည်းကောင်း အင်္ဂလိပ်စကားနှင့် ဟိန္ဒူစတာနီစကားတို့ကိုသာ


www.burmeseclassic.com

www.burmeseclassic.com


လျှင် အရေးပေးသုံးစွဲနေကြပြီ။ ဆေးရုံများ၊ ဆေးကျောင်းများ၌လည်း အင်္ဂလိပ်စကားနှင့်သာ ရောဂါအမည်မှည့်၍ အင်္ဂလိပ်စကားနှင့်သာ ရောဂါနိဒါန်းဖွင့်ကြပြီ။ မြန်မာစကား၏ နယ်ပယ်သည် အဖက်ဖက်တွင် ကျုံ့၍ ရှုံ့၍ ကျဉ်းမြောင်းသွားပြီးလျှင် လူအားလုံးအတွက်လည်းကောင်း၊ ကိစ္စအားလုံးအတွက်လည်းကောင်း ဆက်ဆံဖလှယ်မှု မဏ္ဍိုင်ဘဝမှ ရွေ့လျောကျဆင်းသွားရလေပြီ။ အိမ်တွင်းသုံးစကားဘဝ၊ ဆင်းရဲသားသုံးစကားဘဝသို့ ရောက်နေရရှာလေပြီ” တဲ့။

အဲဒီလို မစ္စတာဖာနီဗယ်က မြန်မာစကားရဲ့ အခြေအနေကို သခင်ခေတ်နဲ့ ကျွန်ခေတ်ခွဲခြားပြီး ဝေဖန်သုံးသပ်မှတ်ချက်ချသွားပါတယ်။

မစ္စတာဖာနီဗယ်က အဲဒီလိုမှတ်ချက်ချနေတဲ့အချိန်မှာ တို့ဗမာအစည်းအရုံးက “မြန်မာပြည်သည် တို့ပြည်။ မြန်မာစာသည် တို့စာ။ မြန်မာစကားသည် တို့စကား။ တို့ပြည်ကို ချစ်ပါ။ တို့စာကို ချီးမြှင့်ပါ။ တို့စကားကိုလေးစားပါ”လို့ ကြွေးကြော်ပါတယ်။ သတိပေးပါတယ်။ တပ်လှန့်ပြီး နှိုးပါတယ်။ အဲဒီကြွေးကြော်သံ သတိပေးသံ တပ်လှန့်ပြီးနှိုးသံဟာ တစ်စတစ်စနဲ့ တစ်ပြည်လုံး တစ်နိုင်ငံလုံးမှာ ပဲ့တင်ထပ်မြည်ဟည်းသွားတဲ့အတွက် ၁၉၃၉ ခုနှစ်ကျတော့ ဗြိတိသျှအစိုးရရဲ့ ပညာရေးဝါဒဟာ နည်းနည်းယိမ်းယိုင်လာပါတယ်။ ဘယ်လိုလဲဆိုတော့ ပညာမင်းကြီးမစ္စတာကင်းဘဲရဲ့ စုံစမ်းရေးကော်မတီ အစီရင်ခံစာထဲမှာ ဟောဒီလိုတွေ့ရလို့ပါပဲ။

“တက္ကသိုလ်အဆင့်အတန်းကို မှီ၍ တက္ကသိုလ်၏ လိုလားချက်များကို ဖြည့်စွမ်းနိုင်သော၊ တက္ကသိုလ်ဘာသာရပ်များကို မြန်မာဘာသာနှင့် ရေးသားပြန်ဆိုပြီး မရှိသေးမီ အတွင်းတွင် အင်္ဂလိပ်ဘာသာသည် မလွှဲမရှောင်သာသော သင်ကြားပို့ချမှု မဏ္ဍိုင်ဖြစ်နေရပေမည်” တဲ့။

တက္ကသိုလ်ပညာရေးအတွက် ဒီလောက် လျှော့ပေးထားပေမဲ့၊ အခြားဘက်တွေအတွက်တော့ လျှော့မပေးပါဘူး။

“အင်္ဂလိပ်ဘာသာသည် ဥပဒေပြုအဖွဲ့အတွက်လည်းကောင်း၊ အုပ်ချုပ်ရေးအတွက်လည်းကောင်း၊ တရားရုံးများအတွက်လည်းကောင်း၊ ထွက်ကုန်ဝင်ကုန်များအတွက်လည်းကောင်း၊ လုပ်ငန်းကြီးများအတွက်လည်းကောင်း၊ ကူးသန်းရောင်းဝယ်ရေးအတွက်လည်းကောင်း သုံးရမည့်ဘာသာ ဖြစ်သည်” လို့ အဲဒီ ကင်းဘဲ အစီရင်ခံစာမှာပဲ ရေးထားတာကို တွေ့ရပါတယ်။ သို့သော်လဲ မျိုးချစ်ပုဂ္ဂိုလ်တို့ကတော့ အငြိမ်မနေပါဘူး။ ဆက်လက်ပြီးတော့သာ ကြွေးကြော်ကြပါတယ်။ တောင်းဆိုကြပါတယ်။ မြန်မာပြည်မှာ မြန်မာဘာသာဟာ ရုံးသုံးကျောင်းသုံး နေရာတိုင်းမှာ သုံးရမယ်။ ဆက်ဆံဖလှယ်မှု မဏ္ဍိုင်ကြီး



www.burmeseclassic.com

www.burmeseclassic.com


ဖြစ်ရမယ်လို့ ကြွေးကြော်ကြပါတယ်။ တောင်းဆိုကြပါတယ်။ အဲဒါကြောင့် ၁၉၄၁ ခုနှစ်ကျတော့ မြန်မာဘာသာ သင်ကြားမှု မဏ္ဍိုင် ပြုလုပ်ဖို့ စုံစမ်းရေး ကော်မတီတစ်ခုဖွဲ့စည်းပြီး ပြည်သူ့ဆန္ဒကို စုံစမ်းခိုင်းရပါတော့တယ်။ "မြန်မာစာသည် တို့စာ" စသည်ဖြင့် စတင်ကြွေးကြော်လို့ ဆယ်နှစ်လောက်ကျခါမှ စုံစမ်းရေး ကော်မတီဖွဲ့တော့တာပါပဲ။ အဲဒီကော်မတီက တက္ကသိုလ်မှာ ဘာသာရပ်အသီးသီးကို မြန်မာစကားနဲ့ သင်ကြားပို့ချနိုင်ရအောင်၊ ပဏာမ လုပ်ငန်းတွေ စတင်ဆောင်ရွက်ဖို့ အကြံဉာဏ်တွေတောင်ပေးတဲ့ အဆင့်ကို ရောက်နေပါပြီ။ ဒါပေမဲ့ အကြံကောင်းသော်လည်းအလာနှောင်းတယ်ဆိုသလို၊ မကြာခင်ဘဲ ကမ္ဘာစစ်ကြီးဖြစ်ပါတော့တယ်။ကမ္ဘာစစ်ကြီးဖြစ်တာလည်း ခပ်ကောင်းကောင်းများလား မသိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့၊ မြန်မာစာကို ရုံးသုံးကျောင်းသုံးလုပ်ရမယ်ဆိုတဲ့အကြံကို၊ မယုံကြည်တဲ့လူတွေအတော်များများရှိပါတယ်။ မနှစ်သက်တဲ့လူတွေလည်း အတော်များများ ရှိပါတယ်။ အင်္ဂလိပ်ဘာသာလောက်ကိုသာ ဂရုစိုက်ပြီး အပင်တပန်း လေ့လာ အတုခိုးဖူးတဲ့လူတွေက၊ မြန်မာဘာသာရဲ့ စွမ်းရည်ကို မသိကြဘူးပေါ့။ အင်္ဂလိပ်စာ မှိုင်းမိနေတယ်ဆိုကြပါစို့။ ဒါပေမဲ့ စစ်ကြီးဖြစ်လို့ ဂျပန်လက်ထက်ရောက်တော့၊ အင်္ဂလိပ်စာကိုလည်း သုံးခွင့်မရ၊ ဂျပန်စာကိုလည်း မတတ်ကြတော့၊ အဲဒီလို အယုံအကြည်ကင်းတဲ့ အစိုးရပိုင်းကလူတွေဟာ၊ အောင့်သက်သက်နဲ့ မြန်မာစာကိုပဲသုံးကြရတာပေါ့။ သုံးတော့လည်း ဖြစ်နိုင်တယ်ဆိုတာတွေ့ရတာပေါ့။ အဲဒီတော့မှ သူတို့တစ်တွေ အားတက်လာပြီးမြန်မာစာရဲ့စွမ်းရည်သတ္တိမှာအယုံအကြည်ဝင်လာကြပါတယ်။

ဒါပေမဲ့ စစ်ကြီးပြီးလို့ ဗြိတိသျှတွေ ပြန်ဝင်လာပြန်တော့၊ လူ့သဘာဝအတိုင်း ရေသာခိုပြီး အင်္ဂလိပ်စာကို ပြန်သုံးကြပြန်ရော။ အဲဒီလိုနဲ့ အင်္ဂလိပ်စာနဲ့ မြန်မာစာ နေရာလုတဲ့စစ်ပွဲဟာ၊ သူဆုတ်ချည် ငါတက်ချည်နဲ့၊ အတော်မတင်မကျ ဖြစ်နေတာ ကြာပြီပေါ့။ အခုလွတ်လပ်ရေးရတာ နှစ်ပေါင်း ငါးနှစ်လီ တစ်ဆယ်မကဘူး။ ငါးသုံးလီ ဆယ့်ငါးဘက်ကိုတောင် စွန်းလာပြီ။ ဒီစစ်ပွဲဟာ မတင်မကျဘဲ ရှိနေသေးတယ်။ သို့သော်လည်း ပြည်ထောင်စု အခြေခံဥပဒေ အခန်း ၁၃၊ ပုဒ်မ ၂၁၆ မှာ "မြန်မာဘာသာသည် ရုံးသုံးဘာသာဖြစ်ရမည်" ဆိုတဲ့၊ ဥပဒေအတိုင်း မြန်မာဘာသာဖြစ်ရင်၊ အနေ့နဲ့ အမြန်ဆိုသလို ရုံးသုံးဘာသာ ဖြစ်ရတော့မှာ မုချပဲ။ အဲဒါကို စောင့်မျှော်ကြိုဆိုသောအားဖြင့် ကျွန်တော်တို့ ပညာရေးသမားများက မြန်မာစာသင်ကြားမှုကို အထူးတလည် ပြုစုပျိုးထောင်ကြရတော့မယ်။ ကျွန်တော်တို့ အမြင်မကျယ်ရင်၊ နောင်လာနောက်သားတွေက ကျွန်တော်တို့ကို အပြစ်ဆိုကြလိမ့်မယ်။ အဲဒီအချက်ကို ကျွန်တော်တို့ မျက်ခြည်မပြတ်သင့်ဘူး။


www.burmeseclassic.com

www.burmeseclassic.com


အဲဒါကြောင့် ကျွန်တော်ဟာ တက္ကသိုလ်ဝင် မြန်မာစာကို တာဝန်ယူရတာနဲ့ တစ်ပြိုင်နက်၊ အထူးခေါင်းကြီးပြီး အထူးပဲ လေ့လာဆင်ခြင်အားထုတ်ပါတယ်။ ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှ ကြိုးစားပါတယ်။ ပြီးတော့မှ သင့်တင့်လျှောက်ပတ်လိမ့်မယ်လို့ ယုံကြည်တဲ့အတိုင်း၊ စာအုပ်တွေကို ပြဋ္ဌာန်းပါတယ်။ ဘာစာအုပ်တွေပါလဲ။ (၁) ဦးပုည၏ ဝတ္ထုလေးပုဒ်။ (၂) သိပ္ပံမောင်ဝ၏ ဝတ္ထုဆောင်းပါးများ။ (၃) အလယ်တန်း မြန်မာသဒ္ဒါ။ (၄) ဝဏ္ဏဗောဓနေသတ်အင်းတို့ ဖြစ်ပါတယ်။

မြန်မာစကားနဲ့ ရှင်းရှင်းတွေးပြီး၊ မြန်မာစာနဲ့ ရှင်းရှင်းရေးတတ်ဖို့အတွက် လိုအပ်ချက်တွေအများကြီးရှိပါတယ်။ သဒ္ဒါလည်းတတ်ရမယ်။ ဝါကျဖွဲ့ထုံးလည်းကျွမ်းကျင်ရမယ်။ ပင့်ရစ်သတ်ပုံလည်း နိုင်ရမယ်။ စကားဝေါဟာရလည်းကြွယ်ရမယ်။ ပတ်ဝန်းကျင်လောကကိုလည်း မြင်တတ်ကြားတတ်လေ့လာတတ်ရမယ်။ အဲဒီတော့မှ ရှင်းရှင်းတွေးပြီး၊ ရှင်းရှင်းရေးနိုင်လိမ့်မယ်လို့ကျွန်တော်ယူဆပါတယ်။ ကျွန်တော်တို့မြန်မာစကားဟာ ရှေးအခါက၊ ရှေးအခါအလိုက် ခေတ်မီခဲ့တယ်။ ပြည့်စုံခဲ့တယ်။ လုံလောက်ခဲ့တယ်လို့ ဆိုရပါမယ်။ အနောက်မဇ္ဈိမက ရောက်ဝင်လာတဲ့ ပိဋကတ်တော်ကို မြန်မာလို ပြန်ဆိုပို့ချရေးသား ဟောပြောနိုင်ခဲ့တယ်။ ဗေဒင်ကျမ်း၊ နက္ခတ်ကျမ်း၊ ဆေးကျမ်း၊ ဓမ္မသတ်ကျမ်းတွေကိုပြန်ဆိုရေးသားပြုစုနိုင်ခဲ့တယ်။ မစ္စတာဖာနီဗယ်အမိန့်ရှိတဲ့အတိုင်း လူအားလုံးအတွက် ကိစ္စအားလုံးအတွက် ဆက်ဆံ ဖလှယ်မှု မဏ္ဍိုင်ကြီးဖြစ်ခဲ့ပါတယ်။ သို့သော် အခု အနုမြူခေတ်ကြီးထဲမှာ ကမ္ဘာ့အတွေးအခေါ်တွေကို ပြန်ဆိုနိုင်လောက်အောင် ခေတ်မီရဲ့လား ပြည့်စုံရဲ့လားလို့ လေ့လာကြည့်တဲ့အခါ၊ မမီသေးဘူး မပြည့်စုံသေးဘူးလို့ တွေ့ရပါတယ်။ ကျွန်တော် ဥပဒေဘာသာပြန်မှုမှာ ဝင်ရောက်လုပ်ကိုင်ခဲ့ဖူးပါတယ်။ သိပ္ပံဝေါဟာရ ဝိဇ္ဇာဝေါဟာရတွေကို ဘာသာပြန်မှုမှာ ဝင်ရောက်ဆောင်ရွက်ခဲ့ဖူးပါတယ်။ တက္ကသိုလ်ကျောင်းသုံးစာအုပ် ဘာသာပြန်ဆိုရေးကိစ္စမှာ လုံးပန်းခဲ့ဖူးပါတယ်။ အဲဒီကိစ္စတွေမှာ တွေ့ရတဲ့ အတွေ့အကြုံကို အခြေပြုပြီး အဲဒီလို ပြောရခြင်းဖြစ်ပါတယ်။

ဒီတော့ကာ ကျွန်တော်တို့ ပညာရေးသမားတွေဟာ မြန်မာစာ ခေတ်မီပြည့်စုံရေးအတွက် အထူးကြိုးပမ်းအားထုတ်ရတော့မှာပါပဲ။ အခုအခါ ဗြိတိသျှခေတ် ကျွန်ဘဝလို မဟုတ်တော့ပါဘူး။ မြန်မာ့တပ်မတော်ကြီး ရှိနေပါပြီ။ မြန်မာ့လွှတ်တော်တွေ ရုံးတော်တွေ ရှိနေပါပြီ။ မြန်မာ့ထွက်ကုန် ဝင်ကုန်လုပ် ငန်းကြီး လုပ်ငန်းကျယ်တွေ ရှိနေပါပြီ။ မြန်မာတက္ကသိုလ်တွေ ရှိနေပါပြီ။ အဲဒီလုပ်ငန်းနဲ့ ဌာနတွေမှာ ဝင်ရောက်ထမ်းဆောင်ရမဲ့ ကျောင်းသားလူငယ်တွေ မြန်မာစာကို ပိပိပြားပြား ကျစ်ကျစ်လစ်လစ် ပြည့်ပြည့်စုံစုံ ရှင်းရှင်းလင်း


www.burmeseclassic.com

www.burmeseclassic.com


လင်း ရေးတတ်သားတတ်အောင် သင်ကြားပို့ချပေးဖို့ တာဝန်ဟာ ကျွန်တော်တို့ရဲ့ ပခုံးနှစ်ဖက်ပေါ်မှာ ကျရောက်နေပါပြီ။ ကမ္ဘာ့အတွေးအခေါ်တွေကို မြန်မာစကားနဲ့မပြောနိုင်သမျှ မြန်မာစာနဲ့မရေးနိုင်သမျှ မြန်မာ့အတွေးအခေါ်ဖြစ်လာမှာမဟုတ်ပါဘူး။ ကမ္ဘာ့အတွေးအခေါ်ဟာ မြန်မာ့အတွေးအခေါ် မဖြစ်သေးသမျှ ကျွန်တော်တို့ဟာ ကမ္ဘာ့အရှေ့တန်းသို့ ရောက်နိုင်မှာ မဟုတ်ပါဘူး။ အဲဒါကြောင့် အတွေးအခေါ် ရုပ်လုံးဖော်နိုင်တဲ့ မြန်မာစကားကို မကြီးပွားကြီးပွားအောင် အားထုတ်ကြရပါလိမ့်မယ်။ အဲဒါကြောင့် မြန်မာစာရေးမှု မြန်မာစကားပြောမှုကို ထိန်းသိမ်းစောင့်ရှောက်တဲ့ မြန်မာသဒ္ဒါ စာအုပ်ကို ကျောင်းသုံးအဖြစ် ပြဋ္ဌာန်းလိုက်တာပါပဲ။ နာမ်၊ နာမ်စား၊ နာမဝိသေသန၊ ကတ္တား၊ ဝါစက၊ ကံတို့ကို သိရုံနဲ့လည်း မပြီးသေးဘူး။ ဝါကျကို မှန်ကန်အောင် ရှင်းလင်းအောင် ဖွဲ့တတ်မှလည်းပဲ ကိစ္စပြီးမှာမို့ ဝါကျဖွဲ့ထုံးကိုလည်း သင်စေရပါတယ်။ အဲဒါတွေတတ်ပြီး ယပင့် ရရစ်သတ်ပုံ သတ်ညွှန်းကို မတတ်ပြန်တော့လည်း စာဖတ်သူ အသိမှား အမှတ်မှားအောင် အရေးအချွတ်မှားတတ်ပါတယ်။ အဲဒါကြောင့် ရှေးမင်းအဆက်ဆက် ပြဋ္ဌာန်းခဲ့တဲ့၊ ရှေးပညာရှိ အဆက်ဆက် လေးစားခဲ့တဲ့ ဝဏ္ဏဗောဓနေသတ်အင်းကြီးကို ပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီမှာ စကားချပ်ပြီး အနည်းငယ် အစီရင်ခံပါရစေ။ ဝဏ္ဏဗောဓနေသတ်အင်းဟာ သတ်ပုံအရာမှာတော့ ကာအခြားသတ်ပုံတွေနဲ့ အင်မတန် ညီညွတ်ပါတယ်။ သို့သော်လည်း ယပင့်ရရစ် ကိစ္စကျတော့ အခြားပင့်ရစ်ခွဲထားတွေနဲ့ မတူ၊ ကွဲပြားတဲ့အချက်တွေပါဝင်နေတာကို တွေ့ရပါတယ်။ အဲဒါကြောင့် ကိုးစားလောက်တဲ့ ခွဲထားတွေနဲ့ ညှိနှိုင်းပြီး ပြင်ဆင်ဖြည့်စွက်တဲ့ သတ်အင်း နောက်ဆက်တဲ့တစ်ခုကို ကျွန်တော်တို့ ညှိနှိုင်းပြင်ဆင်နေပါတယ်။ အဲဒီနောက်ဆက်တွဲမထွက်သေးခင်အတွင်းမှာတော့ကာ သတ်အင်းအတိုင်း ရေးလိုရင် ရေးကြပါ။ အစဉ်အလာအတိုင်း ရေးလိုရင်ရေး ကြပါလို့ အစီရင်ခံချင်ပါတယ်။

ဝဏ္ဏဗောဓနေနဲ့ ပတ်သက်ပြီး မေးခွန်းမထုတ်ပါဘူး။ သို့သော်လည်း ဝဏ္ဏဗောဓနေဟာ စာမေးပွဲဖြေဆိုရာမှာ နေရာတကာက ကျေးဇူးပြုနေပါလိမ့်မယ်။ ယပင့်ရရစ်ကိစ္စမှာ ဝဏ္ဏဗောဓနေက ကူညီပါလိမ့်မယ်။ သတ်ပုံသတ်ညွှန်းကိစ္စမှာ ဝဏ္ဏဗောဓနေက ကူညီပါလိမ့်မယ်။ နောက်ပြီးတော့ ဝေါဟာရ ကြွယ်ဝမှုမှာ ဝဏ္ဏဗောဓနေက အများကြီးကူညီပါလိမ့်မယ်။ ဝဏ္ဏဗောဓနေထဲမှာ မြန်မာဝေါဟာရတွေဟာ အနည်းဆုံးခုနစ်ထောင်ကျော်လောက် ပါဝင်နေပါတယ်။ အဲဒါတွေကို မှတ်မိလို့ မှန်အောင်ရေးတတ်မယ်ဆိုရင် တော်ရုံတန်ရုံ အတွေးအခေါ် အတွေ့အကြုံကို မပြောနဲ့၊ ခက်ခဲနက်နဲတဲ့ အတွေးအခေါ် အတွေ့အကြုံတွေကိုတောင် မြန်မာစကားနဲ့ ရေးနိုင်သားနိုင် ဟောပြောနိုင်လိမ့်မယ်လို့


www.burmeseclassic.com

www.burmeseclassic.com


ထင်ပါတယ်။ နေ့စဉ်နဲ့အမျှ တိုးပွားနေတဲ့ အတွေးအခေါ် အတွေ့အကြုံတွေ အတွက်လည်း ဝေါဟာရ အသစ်တွေ ဖန်တီးပြုစုနိုင်လိမ့်မယ်လို့ ထင်ပါတယ်။

နောက်ပြီး အသင့်အတင့်အားဖြင့် သိသင့်သိထိုက်တဲ့ အလင်္ကာနည်း တွေကိုလည်း ပေးထားပါတယ်။ အလင်္ကာဆိုလို့ ကြောက်လန့်မသွားကြပါနဲ့။ လူတွေဟာ စကားတတ်စ အရွယ်ကစပြီး အလင်္ကာတွေကို နေ့စဉ်နေ့တိုင်း သုံးနေပါတယ်။ အလင်္ကာရယ်လို့ ထောက်မပြလို့သာ မသိကြတာပါပဲ။ ဥပမာ အလင်္ကာတို့ ရူပက အလင်္ကာတို့ဆိုတာဟာ အလင်္ကာရိုးကြီးတွေပေါ့။ မသိဘဲ သုံးနေတာထက် သိပြီးသုံးရင် ပိုမိုပြီး ဂရုစိုက်သုံးလိမ့်မယ်။ အသစ်အသစ် လည်း ထွင်လိမ့်မယ်။ အဲဒါကြောင့် အလင်္ကာတွေကို ပေးထားတာပါ။

အဲ ဦးပုည ဝတ္ထုအကြောင်းကို ပြောပါရစေဦး။ စာသင်သား လူငယ် တွေအဖို့ စာရေးတတ်ရုံနဲ့ ကိစ္စမတုံးသေးဘူး။ လူအများနဲ့ ပေါင်းသင်းရာမှာ လူကဲခတ်ပညာတတ်ဖို့လည်း လိုပါသေးတယ်။ လူကဲမခတ်တတ်လို့ လူဆိုးလူ ယုတ်နဲ့ ပေါင်းသင်းမိရင် အများကြီး ဒုက္ခရောက်ပါလိမ့်မယ်။ လူကဲခတ်တတ် ဦးပုညရဲ့ ဆဒ္ဒန်ဆင်မင်းဝတ္ထုမှာဆိုရင် လူလေးမျိုးပါပါတယ်။ သည်းခံတတ် တဲ့ ဆဒ္ဒန်ဆင်မင်းကတစ်မျိုး၊ မိတ်ဆွေပီသတဲ့ မဟာသုဘဒ္ဒါကတစ်မျိုး၊ သူများ အပေါ်အထင်လွဲပြီး ရန်ပွဲကြီးဆင်တတ်တဲ့ စူဠသုဘဒ္ဒါကတစ်မျိုး၊ ငွေပေးပြီး မြှောက်ခိုင်းရင် အရိုင်းစိတ်အားကိုးနဲ့ မိုက်အိုးကြီးကွဲတတ်တဲ့ သောနုတ္တိုရ်က တစ်မျိုး၊ အကောင်း နှစ်မျိုး၊ အဆိုးနှစ်မျိုးပါဝင်နေပါတယ်။ အဲဒီလေးမျိုးကို ဘယ်မှာမဆိုတွေ့နိုင်ပါတယ်။ တောမှာလည်း တွေ့နိုင်တယ်။ မြို့မှာလည်း တွေ့နိုင်တယ်။ လူငယ်လောကမှာလည်း တွေ့နိုင်တယ်။ လူကြီး လောကမှာလည်း တွေ့နိုင်တယ်။ အထက်တန်းစားလောကမှာလည်း တွေ့နိုင် တယ်။ အောက်တန်းစားလောကမှာလည်း တွေ့နိုင်တယ်။ အဲဒီလူ လေးမျိုးကို ဦးပုညဟာ ဂရုထားမိတဲ့အတွက် တခြားလူတွေလည်း ဂရုထားနိုင်အောင် ဆဒ္ဒန်ဆင်မင်းဝတ္ထုကို တခမ်းတနား ရေးသားခဲ့တယ် ထင်ပါတယ်။ အခုခေတ် ကျောင်းသူကျောင်းသားလူငယ်များဟာ အဲဒီလူလေးမျိုးကို ခွဲခြားသိနိုင်လို့ ရှိရင် ကျောင်းသားဘဝမှာလည်း ရှောင်သင့်တဲ့အမျိုးကို ရှောင်ပြီး ပေါင်းသင့်တဲ့ အမျိုးနဲ့ ပေါင်းတတ်ပါလိမ့်မယ်။ ကြီးတော့လည်း ရှောင်သင့်တာ ရှောင်ပြီး ပေါင်း သင့်တာ ပေါင်းတတ်ပါလိမ့်မယ်။ အကောင်းအဆိုး အယုတ်အမြတ်ကို ကျောင်းသားအရွယ်ကစပြီး အကဲခတ် တတ်အောင် ဆဒ္ဒန်ဆင်မင်းဝတ္ထုကို အဖတ်ခိုင်းတာပါပဲ။ သူအိုမကြီးတို့ ကာက ဝလ္လိယတို့ ယုန်မင်းတို့ ဆိုတာ လည်း ကြည်ညိုစရာ၊ အားကျစရာ၊ အတုခိုးစရာ ပုဂ္ဂိုလ်တွေပါပဲ။


www.burmeseclassic.com

www.burmeseclassic.com


နောက်ပြီး သိပ္ပံမောင်ဝရဲ့ ဝတ္ထုတွေရှိပါသေးတယ်။ အဲဒီ ဝတ္ထုတွေကလည်း လောကထဲမှာ တွေ့ကြုံနေရတဲ့ ဒုက္ခသုက္ခတွေကို ရုပ်လုံးဖော်ထားတာပါပဲ။ ကိုယ့်ဘဝပတ်ဝန်းကျင်မှာ ဖြစ်ပျက်နေတာတွေကို သတိထားနိုင်အောင်၊ သတိထားတတ်အောင် အဲဒီဝတ္ထုတွေကို ဖတ်ခိုင်းတာပါပဲ။

အဲဒါကြောင့် ဒီရည်ရွယ်ချက်အမျိုးမျိုးဖြစ်မြောက်အောင် ဆောင်ရွက်ရာမှာ ကျောင်းသားမိဘတွေ၊ ဆရာတွေ၊ လူကြီး သူကြီးတွေကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါလို့ တောင်းပန်ရင်း နိဂုံးချုပ်လိုက်ပါတယ်။ (၁၉၆၁)

www.burmeseclassic.com

www.burmeseclassic.com

## မြတ်ပန်းတော်

ကျွန်တော်ရွှေးသုတ်ရင်း နေခိုရာ ဝါးရုံရိပ်မှ မျှော်ကြည့်လိုက်သော အခါ နေကျက်ကျက်တွင် ထွတ်ထွတ်ရဲရဲ ပင်လုံးကျွတ်ပွင့်နေသော ပေါက်ပင် တစ်ပင်ကို မြင်ရသည်။ ကျော်၍ ကြည့်လိုက်ပြန်သောအခါ၊ နောက်ကျောခံ အဖြစ် တည်နေသော တောအရေးကို မြင်ရသည်။ တောအရေး၌ လိမ္မော်ရောင်၊ ကြက်သွေးရောင်၊ချိပ်ရောင်၊သပြေသီးမှည့်ရောင်၊မြရောင်တို့ ရောက်နေသည်ကို မြင်ရသည်။ ကံ့ကော်ရွက်နုတို့က အနီတစ်မျိုး၊ သရက်ရွက်နုတို့က အနီတစ် မျိုး၊ ဗာဒံရွက်ရော်တို့က အနီတစ်မျိုး၊ သစ်တိုရွက်ရော်တို့က အနီတစ်မျိုး၊ ထိုရွက်သစ်ရွက်ဟောင်းတို့၏ အနီရောင်စုံတွင် ပေါက်ပွင့်၏ အနီသည် တောက်ပလျက်ရှိသည်။ ထို့ကြောင့်လည်း ပေါက်ပွင့်ကို အိန္ဒိယစာပေ၊ မြန်မာ စာပေတို့၌ တစ်မျိုးတစ်ဖုံစီ ဖွဲ့နွဲ့ခဲ့ကြလေသည်ဟု တွေးမိခိုက် ဝနပွဂုမ္ဗေ ယထာ ဖုဿိ တဂ္ဂေစသော ရတနသုတ်တော်ဖွဲ့ဂါထာသည် ပေါ်လာသည်။ ပန်းတို့ဖြင့် တင့်တယ်သည့် နွေဦးတောအုပ်ကို မြင်မိသော သူဟောင်းတို့၏ ဉာဏ်တွင် ဤဂါထာပေါ်ခဲ့ဖူးသည်မှာ အကြိမ်ပေါင်းများလှခဲ့လေပြီ။ ယခုလည်း ကျွန် တော့်ဉာဏ်တွင် ဤဂါထာသည် ထီးချက်စောင့်နတ်သမီးပမာ ကိုယ်ထင်ပြလေ ပြီ။ ကျွန်တော်လည်း အမိနတ်သမီးအား လက်အုပ်ချီ၍ နှုတ်ခွန်းဆက်သကာ အမိပေါ်လာခြင်း၏အကြောင်းကို မေး၏။ အမိကဤသို့ ပြန်ဆိုဖြေကြား ပေ၏။

ဂိမှာ နမာသေ၊ နွေလေးလ၌။ ပထမသ္မိံ ဂိမှေ၊ အစစွာသော လတွင်။ ဖုဿိတဂ္ဂေ၊ ပွင့်သော အဖျားရှိသော။ ဝနပွဂုမ္ဗေ၊ တောအုပ်သည်။ သ သီရိ ကော၊ အသရေရှိပါပေ၏ဟု ဖြေကြားပေ၏။ ပန်းသည်တည်ရာအရပ်ကို အသရေဆောင်ပါပေသည်တကား။ ထို့ကြောင့် မိန်းမတို့ ပန်းပန်ကြ၏။ ညောင်ရေအိုး၊ ပန်းအိုး၊ နတ်ကွန်းတို့တွင် ပန်းစိုက်ကြ၏။ ဤသို့ စိတ်တွင်


www.burmeseclassic.com

www.burmeseclassic.com


ရွတ်ဆိုကာ ဝါးရုံရိပ်မှထွက်ခွာ၍ ပေါက်ပင်အောက်ရှိ ပေါက်ပွင့်ကြွေတို့ကို ကောက်ပြီးလျှင် အိမ်သားတို့အား ပြအံ့ဟု ပြန်ခဲ့သည်။

အမောပြေရွှေးသိပ်သောကာလ ကျွန်တော်သည် မဟာဂီတစာအုပ်ကို ကိုင်ကာ ဟိုသည် ကြည့်မိသည်။ အခန့်သင့်စွာ မြဝတီမင်းကြီး၏ ပန်းဘွဲ့သုံးပုဒ်ကို သွားတွေ့မိသည်။ မြဝတီမင်းကြီး(ဝါ) မောင်စသည် အဖမျိုးမှာ မြန်မာ၊ အမိမျိုးမှာ မွန်ဖြစ်သဖြင့် မွန်မြန်မာဖြစ်သည်။ (ဝါ) အကြေအညာသားဖြစ်သည်။ ပန်းထိမ်လုပ်ဖူးသည်။ ကျောက်ကုန်ကူးဖူးသည်။ စောင်းပညာတတ်သည်။ ဂီတပညာကျွမ်းကျင်သည်။ အနုပညာသည်တစ်ဦးဖြစ်ချေသည်။

**သဇင်ပန်း**

မြဝတီမင်းကြီးသည် သည်ဆောင်းဟေမာန်ချိ သဇင်ပန်းဘွဲ့ကို ရေးခဲ့သည်။ မြန်မာတို့သည် သဇင်ပန်းကို အလေးပြုကြသည်။ မြင်စိုင်းမင်းသမီးသည် 'ယိမ်းနွဲ့ညွှာတံ၊ ဇင်မင်းရွှေရည်ကျုံလို့၊ ခါတော်မှန်ရာသီလိုက်တယ်၊ သိန်းထိုက်တဲ့ ပန်း' ဟု ချီးခဲ့သည်။

ပြင်စည်မင်းသားက 'သင်းပျံ့တဲ့အင်၊ ပုလဲရုံကြိုင်လှိုင်ရွှင်သည့်၊ ခိုင်ငွေဇင်ညွှာတံ ညွှတ်ကယ်မှာ၊ ရွှေဝတ်ဆင့်ပန်း' ဟု ဖွဲ့ခဲ့သည်။

ရကန်ဆရာဦးတိုးကလည်း ဘုန်းနှင့်ကံနှင့် ရွှေသဇင်အကြောင်းကို 'ရွှေသဇင်၊ ငွေသဇင်၊ နန်းဝင်သည့် ပန်းတော်၊ မြေပေါ်မှာ မပွင့်၊ ရွှေသိုင်းနှင့် ဝင့်ရသည်' စသဖြင့် ဆိုခဲ့သည်။

မဟာအတုလမင်းကြီးကလည်း 'နယ်ရွှေဝ ဥကင်မှာ၊ ဂမုန်းအင် သဇင်မင်းက၊ သင်းလှတယ်လေး' ဟု စပ်ဆိုခဲ့သည်။ သဇင်ပန်းဘွဲ့ကား များလည်းများစွ။ ပြားလည်းပြားစွ။

သဇင်ကို လေးစားသော မြန်မာ့အလေ့သည် ကုလားပြည်မှလည်း လာဟန်မတူ။ တရုတ်ပြည်မှလည်း လာဟန်မတူ။ ရှမ်း၊ မွန် စသော အိမ်နီးချင်းတို့ထံမှလည်း လာဟန်မတူ။ မြန်မာ့အလေ့သက်သက်ကဲ့သို့ ရှိချေသည်။ နတ်တော်လ၊ ပြာသိုလတို့တွင် သဇင်ပန်းပေါ်သောအခါ ရှမ်းပြည်စော်ဘွားများက သဇင်ဦးပန်းခိုင်တို့ကို နေပြည်တော်သို့ လာရောက်ဆက်သရသည်မှာ တခမ်းတနားဖြစ်ခဲ့ချေသည်။ သဇင်ပန်းသည် သိုင်းအဆောင်အယောင်နှင့် နေပြည်တော်သို့ တက်ကာ နန်းတော်အတွင်း မြင့်မြတ်ရာတို့တွင် ဝင့်ဝါနိုင်ခဲ့သော တောပန်းတောင်ပန်း စိမ့်မြိုင်ပန်းဖြစ်ခဲ့သည်တကား။ ဤသို့ ရာဇဝင်နှင့် သမိုင်းနှင့် ကြီးကျယ်ခဲ့သော သဇင်ပန်းကို မြဝတီမင်းကြီးသည် အောက်ပါအတိုင်း ဖွဲ့နွဲ့ခဲ့ပေသည်။ ဦးတိုးလည်း ဘိုးတော်ဘုရားသားတော် အိမ်ရှေ့မင်း၏ ကျွန်၊


www.burmeseclassic.com

www.burmeseclassic.com


ဦးစလည်း အိမ်ရှေ့မင်း၏ ကျွန်၊ ဤပညာရှိနှစ်ပါးသည် အိမ်ရှေ့အိမ်တော်ကို အသရေရှိအောင် ဤသဇင်ပန်းဘွဲ့တို့ကို ရေးခဲ့လေရော့သလား မသိရ။

## သဇင်ပန်းချီး

သည်ဆောင်းဟေမန်၊ မြောက်ယံလေညင်း ဆော်တယ်ကို။ နတ်တော်ပြာသို၊ စိုစိုတည့်နှင်းဖုံဖုံ။ ရိုးတံဆင့်ဖူးငုံ၊ ဝတ်မှုန်တင့်ဆုံး၊ သဇင်ပန်း ဂမုန်းငယ်နှင့်လေး။ ရွှေနန်းတော်လုံး၊ မင်းသုံးငယ်စိုးလူ၊ သွယ်သွယ်ညွှတ်ကိုင်း၊ ရွှေသိုင်းညွှန့် လူလူ။ ရှမ်းပြည်တောင်ငူ၊ ဇင်ဖြူဆက်မြမှန်လှလေး။ ဂမုန်းအင်၊ သဇင်ရွှေပန်း လှိုင်လှလေး။ သိင်္ဂီလျှံလန်း၊ စိန်စီမှန်နန်းပေါ်ငယ်မှာ ပန်ဆင်ရာ၊ ရွှေကေသာ ဖြန့်ပါလို့၊ သည်ပန်းမှ မြတ်ပန်းတော်။

## ဒေါနပန်း

ထီးနန်းထဲတွင် ဂုဏ်ရှိသော ပန်းတို့တွင် ဒေါနပန်းလည်း ပါသည်။ ယင်းပန်းသည် ပုဂံ၊ ပင်းယစသော မင်းတို့လက်ထက် မြန်မာပြည်သို့ ရောက်ဖူးဟန် မထင်။ အမရပူရမြို့တည်နန်းတည် မင်းတရားကြီးလက်ထက် မဟာဝိဟိက်တိုင်း ဓညဝတီ ရခိုင်မြို့မှ ဆက်ရောက်လာသည်။ ဒြပ်ဂုဏ်းဆေးကျမ်းတွင်လည်း ဒြောဏပုပ္ဖံ၊ ဒေါဏပန်းဟူ၍ မြန်မာပြန်သည်ဟု ဝေါဟာရ လိနတ္ထဒီပနီကျမ်းတွင် ပြမှာလျက်ရှိသည်။ ဏကြီးနှင့် ရေးသင့်သည်ဟုလည်း ညွှန်းလိုရိပ်ရှိသည်။ ရှေးမြန်မာ ဧကရာဇ်တို့ လက်ထက်အခါက ဒေါနပန်းတော်စိုက် ၁၇ ဦးကို တစ်လလျှင် စပါးတင်းရေ ၁၉၀ ပေး၍ ခန့်ထားကြောင်း၊ နှစ်စဉ် တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ တပို့တွဲလများတွင် ဒေါနပန်းခိုင်အရပ်၌ ဒေါနပန်းတော်များကို စိုက်ပျိုး၍ ဥယျာဉ်အုပ်ကတစ်ဆင့် ဆက်သရကြောင်းကို ဝန်ထောက်မင်း ဦးမောင်မောင်တင်၏ ရွှေနန်းသုံး ဝေါဟာရ အဘိဓာန်တွင် ပြဆိုလျက်ရှိသည်။ ဘိုးတော်ဘုရား လက်ထက်တွင် အနောက်တိုင်းမှ ရောက် လာသော ဤဒေါနပန်း၏ အကြောင်းကို မြဝတီမင်းကြီးသည် ဘိုးတော်ဘုရား လက်ထက်လောက်တွင်ပင် ဖွဲ့ဆိုခဲ့ဟန်တူသည်။ အိမ်ရှေ့တော်အတွက်ပင် လော။

## ဒေါနပန်းချီး

သကမဉ္ဇူ၊ နှုန်းမဲ့လှတယ်ကို၊ မြသွေးကဲ့ ညိုချိုချို၊ သင်းကြိုင်ကြိုင်၊ ရနံ့ငယ် မွှေးလှိုင်လှိုင်၊ နှိုင်းပြိုင်သင့်ပိုင်၊ မွှေးကြိုင်ထူးလှ၊


www.burmeseclassic.com

www.burmeseclassic.com


ရဝေပေါ်မှာ၊ ပန်တော်ဆင် ဒေါနယ်မို့လေး။ ပွင့်ပေါင်းလောင်း ညွှတ်ခ၊ ပန်းများပ ခွန်ယူ၊ စိန်ကြောင်ဘုံတွင်း ထုံသင်းပျံ့လှိုင်ကြူ ကြူ။ နှိုင်းရမတူ၊ ဇမ္ဗူရွှေဘုန်းဖက်မဲ့လေး။ သိကြား ဣန္ဒာ၊ စကြာ တော်ရင်း ဆက်သလေး။ မယှဉ်ဘယ်ပန်းဥကင်လယ် နန်းပေါ်ငယ် မှာ၊ ပန်းတော်ရာ လွန်ကြေညာသင်းပါလို့၊ ပန်းမင်းပ မြတ်ပန်း တော်။

## မဥ္ဇူသက နတ်ပန်း

သဇင်ဘွဲ့ဒေါနဘွဲ့တို့ကို မြဝတီမင်းကြီးသည် အမြင်ကိုကြည့်၍ ဖွဲ့ခဲ့ရာသည်။ မဥ္ဇူသက နတ်ပန်းကိုကား ကျမ်းဂန်မှီး၍ အထင်နှင့်ဖွဲ့ခြင်းဖြစ်ပေ သည်။ မြဝတီမင်းကြီး အထက်တွင်လည်း ရှင်သီလဝံသ၊ ရှင်ရဋ္ဌသာရ၊ နန်း တွင်းသူ မိဖြူစသည်တို့လည်း မဥ္ဇူသက နတ်ပန်းကို ဖွဲ့ခဲ့ကြပြီ။ ဦးပုညက လည်း မောင်ပေလိပ် ရှင်ပြုမေတ္တာစာတွင် 'ပန်းမျိုးစုံဦးချ၍၊ သြကာသ ကာယ ကံ၊ အပူဇော်ခံထိုက်သော၊ အောင်လံစိုက် တံခွန်ထူ၊ ပန်းသက မဥ္ဇူ' စသည် ဖြင့် အကျယ်တဝင့်ဖွဲ့ဆိုပြန်သည်။ မဥ္ဇူသက နတ်ပန်း၏ အတ္ထုပ္ပတ္တိအကျဉ်း မှာကား အောက်ပါအတိုင်းပင်တည်း။

ဟိမဝန္တာ၌ ဂန္ဓမာဒနတောင်သည်ရှိ၏။ ထိုတောင်၌ နန္ဒမူလမည် သော ရွှေဂူ၊ ပတ္တမြားဂူ၊ ငွေဂူဟု ဂူသုံးလုံးရှိကုန်၏။ ပတ္တမြားဂူဝတွင် မဥ္ဇူသက ပန်းပင်သည် အမြင့်အားဖြင့် တစ်ယူဇနာ။ အချင်းအားဖြင့် တစ်ယူဇနာရှိ၏။ ထိုသစ်ပင်၌ ရေပန်းကြည်းပန်း ခပ်သိမ်းတို့ ပွင့်ကုန်၏ ဟူသတည်း။ ဘီလူး ရက္ခိုက်တို့ စောင့်နေရကြောင်းကို ကျမ်းဂန်မထွက်ပေ။ အကျယ်ကိုမူ မုံရွေး ဆရာတော်၏ သမန္တစက္ခုဒီပနီကျမ်းတွင် ရှုကုန်ရာသည်။

ရှေးအခါက မဥ္ဇူသက ပန်းအကြောင်းကို ပျို့၊ လင်္ကာ၊ ရတုတို့တွင် စပ်ဆိုခဲ့သည် ဖြစ်ငြားသော်လည်း သီဆိုတီးမှုတ်ရန် ဂီတလောကတွင် မဥ္ဇူ သက ပန်းဘွဲ့မရှိသေးသောကြောင့်ပင်လောမသိ။ မြဝတီမင်းကြီးသည် အောက် ပါ မဥ္ဇူသက ပန်းဘွဲ့ကို ရေးစပ်ခဲ့လေသည်။ ဘီလူးရက္ခိုက်တို့ စောင့်ကြပ် နေသဖြင့် ဆွတ်ချူခြင်းငှာ မလွယ်ကူကြောင်း ဖွဲ့ထားသည်မှာ ကျမ်းဂန်နှင့်ကား မညီ။ သိင်္ဂါရရသနှင့်ကား ပြည့်ဝပေသည်။ မမှီသည့်ပန်း တုံးချ၍ လှမ်းလို သော သဘောကို အရင်းထား၍ မြဝတီမင်းကြီး အစောင်းအချိတ် ရေးသား စီကုံးခဲ့လေသလား မသိပေ။



www.burmeseclassic.com

www.burmeseclassic.com


## မဥ္ဇူသကနတ်ပန်းချီး

ဂန္ဓမာတောင်၊ လှိုင်ချောင်မုခ်နန်း ဂူငယ်မှာ၊ မွှေးတကြူကြူ၊
မဥ္ဇူတည့် နတ်ပန်းပင်၊ ဆွတ်ချူယူငင်၊ ပန်ဆင်ရည်စူး၊ မြင်သူသာ
စိတ်ကယ်က ကူးသည်နှင့်လေး။ ယက္ခငယ်ဘီလူး၊ နတ်မျိုးငယ်
ကုမ္ဘဏ်၊ ချူသာနိုင်ပဲ၊ နေမြဲတည့်စောင့်ကာရုံ။ မချူသာပြန်၊ ယူရန်
ကြံရေး၊ ကတ်လုလေး။ တမျှော်မျှော်ငယ်၊ ညှိုးလျော်ခွေပျောင်း
ညွတ် ရလေး။ ဝေပူလျှံလန်း၊ ရွှေကူမှန်နန်းလယ်ငယ်မှာ၊
ပန်ဆင်ရာရွှေကေ သာ မြန်းပါလို့၊ သည်ပန်းမှ မြတ်ပန်းတော်။

ဤသို့အားဖြင့် မြန်မာပီသော သဇင်ပန်း၊ ကုလားပြည်မှ ကူးရောက်
လာသော ဒေါနပန်း၊ ကျမ်းဂန်ထွက် မဥ္ဇူသကပန်းတို့ကို 'မြတ်ပန်းတော်'
ဟု ဘွဲ့ချည်ကာ မြဝတီမင်းကြီး သီကုံးခဲ့ရာ မည်သည့်ပန်းသည် တကယ့်
မြတ်ပန်းတော်ပေနည်း။


www.burmeseclassic.com

www.burmeseclassic.com

# မိုးတွေစွေလို့

တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူးစသည်ဖြင့် တစ်ပတ်လုံးလုံး ပင်ပန်းခဲ့ပြီ။ ခါးလည်း ညောင်းလှပြီ။ မျက်စိလည်း ဝေလှပြီ။ ပတ်ဝန်းကျင် ပိတ်ရုံလျက်ရှိသော ဤအုတ်ထရံများကို ငြီးငွေ့လှပြီ။ ဤအခန်းတွင်းလေနှင့် အရိပ်တွင်းမှောင်ကို စက်ဆုပ်လှပြီ။ ကျွန်ဘဝမှ လွတ်ကင်းမည့် တနင်္ဂနွေနေ့ကို မျှော်မှန်းကာ ခါးချိုး၍ ခားမဦးကျုံလုပ်ခဲ့ပြီ။ တနင်္ဂနွေနေ့သို့ ရောက်သောအခါ၌ကား . . .

အိပ်ရာမှ မနိုးခင်ကပင် မိုးစွေလျက်ရှိသည်။ မိုးဖြူမစဲ မိုးမည်းမရွာဟု ရှေးသူများ ဆိုထုံးပြုခဲ့ကြ၏။ မှန်ပေစွ။ ကောင်းကင်သည် တန်ဆောင်မုန်း၊ နတ်တော်လ ကောင်းကင်ကဲ့သို့ ပြာလဲ့ကြည်လင်၍လည်း မနေ။

ကဆုန်နယုန်လ ကောင်းကင်ကဲ့သို့ မိုးသားတို့ဖြင့် မည်းမှောင်၍လည်း မနေ။ မခိုးမခန့် ပြောင်ချော်သောမျက်နှာဖြင့် ဖြူကြောင်ကြောင် ဖြစ်လျက်ရှိပေသည်။

ဖြူကြောင်သော ကောင်းကင်မှ မိုးသည် တဖွဲဖွဲစွေရွာလျက်သာ ရှိတော့သည်။ မိုးလင်းစရွာလျှင် ဆွမ်းခံပြန်လောက်တွင် ရပ်ကောင်းပါ၏။ ရပ်ကားမရပ်။ မွန်းလတ်လောက်တွင် တိတ်ကောင်း၏ဟု ထင်သည်။ တိတ်တော်မမူ။ ဝင်းထဲတွင် ရေတွေ ဖွေးလျက်ရှိပြီ။

နေသာသာပါဘိမူကား ခြံထဲတွင် ကျွန်တော် မြေပေါက်နေတော့မည်။ သစ်ပင်စိုက်နေတော့မည်။ ပေါင်းသင်မြက်နုတ်နေတော့မည်။ နေခြည်နုတွင် ကျွန်တော့်ကျောပြင်ကို လှန်းရပါမူ မည်မျှ ကောင်းပါမည်နည်း။ လေပြည်ထဲတွင် ဝါးရုံများနှင့်အတူ ဦးခေါင်းညိတ်နေရပါမူ မည်မျှကောင်းပါမည်နည်း။ ယခုမှာမူကား ခြေလက်ကျဉ်းမြောင်းစွ။ လွတ်မြောက်သောနေ့သို့ ရောက်ခါမှ ဤကိုရွှေမိုးက စွေတော်မူဘိတော့သည်။

**အိပ်မက်ဦး စာပေ**

www.burmeseclassic.com

www.burmeseclassic.com


ဤသို့ဖြင့် ထကြွမှုနည်းပါးသူတို့၏ ထုံးစံအတိုင်း အပြစ်ကို မိုးအပေါ်တွင် ဖို့ကာ ရှေးရှေးနှောင်းနှောင်း တောင်တောင်မြောက်မြောက်ကို တွေးတောလျက် ဈာန်ဝင်စားမိတော့သည်။

ငယ်စဉ်အခါကမူကား မိုးရွာသည်ကို အပြစ်ဆိုဖို့ဝေးစွ၊ တောင့်တပင်တောင့်တမိတော့သည်။ မိုးရွာရင် ရေချိုးမယ်၊ အမေလာရင် နို့စို့မယ်ဟု အော်ဟစ်ကာ ညို့မှိုင်းတက်ဆင်လာသော မိုးသားတို့ကို ဆီးကြိုခဲ့ဖူးသည်မှာ အကြိမ် ပေါင်းများခဲ့ပြီ။ ကျွန်တော်တို့၏ အောက်ရပ်ဒေသ မုတ်သုံပိုင်းဒီချောင်းဌာနတွင် မိုးရွာလျှင် ရေကြီးသည်။ ရေကြီးလျှင် လမ်းတွေမြုပ်သည်။ ထိုအခါမျိုး၌ နွားစားခွက်ကို စီးကာ လှေလှော်ရသည်မှာ ပျော်စရာကြီးပင်။ လှေစီးရင်း ရေစီးကြောင်းတွင် ပေါလောပေါလောနှင့် မျောပါလာသော သပြေသီးမှည့် နီနီတျာတျာများကို ဆယ်ယူစားမျိုရသည်မှာလည်း ပျော်စရာကြီးပင်။ သို့သော်လည်း ရေထဲတွင် မြွေ့တွေရှိသည်။ မြွေ့သည် ကြောက်စရာကောင်းရုံမျှမက၊ ရွံစရာလည်း ကောင်းသည်။ ဆူးချုံကြားကလည်း ထွက်လာတတ်သည်။ မြက်ခင်းတွေကြားကလည်း ထွက်လာတတ်သည်။ ယားတားယားတားနှင့် ရည်ရွယ်ချက်မရှိသကဲ့သို့ ကူးလာသော ကျွဲမြွေ့ကြီးများကို တွေးမိလျှင် ယခုပင်လျှင် အသည်းယားမိသေးတော့သည်။ သို့သော်လည်း ကျွန်တော်တို့ကလေးဘဝတွင်ကား သူရဲလျက် ကိုယ်ကြောက်ရမည်ကို ရှက်သည်။ သူရဲလျှင် ကိုယ်လည်း ရဲရမည်။ သူ့ကိုကြည့်၍ ကိုယ်အားတင်းသည်။ ကိုယ့်ကို ကြည့်၍လည်း သူအား တင်းပေမည်။ ထို့ကြောင့် အလိုလိုနေရင်းနှင့်ပင် ကြောက်သော ဤမြွေ့တို့ကို ဘေးချိတ်ကာ ရေစီးထဲသို့ဆင်း၍ သပြေသီးကောက်ဖူးခဲ့ကြသည်။ ထိုအကြောင်းကို ကျွန်တော် ကဗျာသီဖူးပြီ။

ဝါဆိုဝါခေါင်  
ရေတွေကြီးလို့  
သပြေသီးမှည့်ကောက်စို့ကွယ်။  
ခရာဆူးချုံ  
ဟိုအထဲက  
မြွေ့နက်မည်းကြီး  
တွယ်တတ်တယ်။  
မြွေ့နက်ဆိုတာ ချိုနဲ့လားကွဲ့  
မြွေနဂါးတောင်  
ကြောက်ဖူးကွယ်။  
တို့လည်း ကြောက်ပေါင်


www.burmeseclassic.com

www.burmeseclassic.com


အတူသွားစို့
အုန်းလက်နွားလေး
ထားခဲ့မယ်။
သွားကွယ်
သွားကွယ်။

ဤကဲ့သို့ ကျွန်တော်တို့သည် မိုးစွေသောနေ့များကို အသုံးချခဲ့ဖူးပြီ။ ယခုမှာကား အအေးမိမည်စိုး၍ မိုးရေကို ရှောင်ရတော့သည်။ ဆင်းရဲစွ။

ဝင်းထဲတွင် ရေတွေဖွေးလျက်ရှိသည်။ မြက်ပင်ကလေးတို့သည် ထိုးထိုးထောင်ထောင်နှင့် ရေစီးထဲတွင် လှုပ်နေကြသည်။ ဤကျဉ်းမြောင်းသော ဝင်းငယ်ကား ငယ်စဉ်က တာလမ်းမကြီးမှ လှမ်းမျှော်၍ ကြည့်လိုက်သောအခါ မြင်ရသော ရေလျှံနေသည့် လယ်ကွင်းကြီးနှင့် ကွာခြားလေစွ။ ကန်သင်းရိုးကို မမြင်ရ။ ပင်လယ်ကြီးပမာဖွေးနေသော ကွင်းထဲတွင် ကြာပင်များ မြက်ကလုံးပင်များလောက်ကိုသာ တစ်ချက်တစ်ချက်မြင်ရသည်။ ဤသို့စွေနေသော မိုးထဲတွင် လေ့စီးကာ ထိုကွင်းကြီးမျိုးထဲ၌ လျှောက်လည်ရပါမူကား အိမ်အပြန်တွင် ထမင်းစားအလွန်မြိန်ပေမည်။ မှတ်မိသေးသည်။ ဤကွင်းကြီးမျိုးတွင် မိုးကုပ်စက်ဝိုင်းကို ကျောပေး၍ ယိုင်တိယိုင်တိုင်ဆောက်လုပ်ထားသော လေးတိုင်စင်လယ်စောင့်တဲကလေးတစ်ခုကို မှတ်မိသေးသည်။ ကြည့်စရာ ရှုစရာ ရေမှတစ်ပါး ဘာမျှမရှိသော လဟာကြီးထဲ၌ ထိုလယ်စောင့်တဲကလေးမှာ ခြေတံရှည်ငှက်ကျားကြီး ငါးစောင့်နေသည်နှင့် အလွန်တူတော့သည်။ တဲကလေးအနီးတွင်ကား ကြာပွင့်ကလေး နှစ်ပွင့်သုံးပွင့် တိုးတိုးဖော် တိုးတိုးဖက်ဆိုသလို ပွင့်လျက်ရှိကြသည်။

ဤလဟာကြီးအတွင်း၌ သူတို့သုံးလေးဦး စုနေကြသည်မှာ တင့်တယ်ပေစွ။ ညချမ်းကောင်းကင်ကို ကြယ်ကလေးသုံးလေးပွင့်က တန်ဆာဆင်ပေးသကဲ့သို့ ဤလဟာပြင်ကြီးကို သူတို့အနည်းငယ်က တန်ဆာဆင် ပေးကြသည်။ ကျွန်တော်သာလျှင် လက်မြောက်သော ပန်းချီဆရာတစ်ဦးဖြစ်ပါမူ စုတ်တံသုံးလေးချက်မွှေ့လိုက်ခြင်းဖြင့် ဤပန်းချီကွက်ကလေးကို ရေးကူးယူကာ ကျွန်တော်ခံစားရသော အနုပညာအရသာကို ကမ္ဘာသူကမ္ဘာသားတို့နှင့် ဝေငှခံစားနိုင်ပေလိမ့်မည်။ ယခုတော့မူ ကျွန်တော်တတ်သလို စကားဖြင့်သာ ဝေငှခံစားနိုင်တော့သည်။

မိုးရေတက်ရေ တဖွေးဖွေး
ကွင်းကျယ် အဝေးဝေး
လယ်စောင့်တဲကလေး ခြေတံရှည်


www.burmeseclassic.com

www.burmeseclassic.com


မိုးကုပ်အောက်မှာတည်
ကြာနီတစ်ပွင့် ဖြူတစ်ပွင့်
တဲနှင့်ပန်တင့်။

ကြာပွင့်ကလေးများကို တွေးမိသောအခါ ငယ်စဉ်က အကြောင်းများကို ဆက်လက်သတိရမိပြန်သည်။ ကျွန်တော်တို့တောတွင်ကား ကလေးကစားစရာဟူ၍ ဝယ်ရသည်မရှိ။ အိမ်မှာပင် လုပ်ယူကြသည်။ လူကြီးများက လုပ်ပေး ကြသည်။ အထက်တွင် ကျွန်တော်ဆိုခဲ့သော အုန်းလက်နွားကို ကြည့်ပါဦး။ အုန်းပင်မှ အုန်းလက်စိမ်းကို ခုတ်၍ လုပ်ထားသော နွားရုပ်ဖြစ်သည်။ နွားရုပ် ဆိုသော်လည်း အပြတ်အပြတ် နွားရုပ်သာဖြစ်သည်။ နွားနှင့်မတူ။ ချိုပေါက် နေသော မိကျောင်းနှင့် ပိုတူပါသည်။ အုန်းခွံကို ဓားနှင့်စိတ်၍ အုန်းလက်တွင် ထောင်လိုက်သွင်းကာ ဦးချိုသဏ္ဌာန်လုပ်ပြီးလျှင် ကြိုးနှင့်ဆွဲရသော နွားရုပ်ပင် ဖြစ်သည်။ ဦးချိုရှည်လျှင် ကျွဲရုပ်ဟု ခေါ်ရတော့သည်။ ကျွဲနှင့်လည်း မတူပေ။ ထိုနည်းတူစွာ ကြာရိုးများကို ချိုး၍ နာရီကြိုး ဆွဲကြိုးလုပ်ကြသေးသည်။ ဆတ် ကုံး၊ နော်ဇာကုံး၊ ဒါလီကုံးစသည်ဖြင့် အမည်အမျိုးမျိုး မှည့်ကာ ဆွဲကြသော် လည်း ကြာရိုးပုတီးမျှသာဖြစ်လေသည်။ လည်ကုပ်ပေါ်တွင် အေးစက်စက်နှင့် ကြာပွင့်ကြီးက ရင်ဘတ်ပေါ်တွင် ဝဲကာ တလှုပ်လှုပ်ရှိတော့သည်။ ဤသို့ ကစားရန် ကြာပန်းများကို လယ်တောသွားသော လူကြီးများထံတွင် မှာကြရ သည်။ မိတ္ထီလာကန်တော်အောက်က၊ ဖားကောက်ခဲ့ပါဟု မှာသကဲ့သို့ ကြာရိုး ချိုးခဲ့ပါဟု ကျွန်တော်တို့မှာလေ့ရှိသည်။

ကြာဖြူ ကြာနီ၊ ကြာညိုနှောလို့
တို့လယ်တောမှာ ပွင့်ကြတယ်။
ကောက်စိုက်အပြန်၊ ရေကန်ကြီး
ကြာတစ်စည်းလောက်၊ ချိုးခဲ့ကွယ်။
ကြာပွင့်ကြာငုံ၊ ထုံထုံမွှေးကို
မလေး ဘယ်သို့ သုံးပါ့မယ်။
ကြာရိုးကြာနွယ်၊ ဘယ်ညာဆစ်လို့
ရွှေကြာဆစ်ကြိုး၊ ဆွဲပါ့မယ်။
ဆွဲပါ့မယ်။ ။

ဤတေးကို အကြောင်းပြု၍ ဆက်ပြီး သတိရမိပြန်သည်။ ဤတေးကို ရေးပြီးစက ကျွန်တော့်မိတ်ဆွေတစ်ဦးအား ကျွန်တော်ဆိုပြသည်။ ကြာပြီ။ လွန်ခဲ့သော ဆယ်နှစ်က ဖြစ်ပေလိမ့်မည်။ ထိုအခါ ကျွန်တော်က ကြွားသည်။ ကြာဖြူကြာနီ ကြာညိုဟု စပ်ရာတွင် ဖြူ နီ ညို ဆိုသော စကားလုံးများဖြစ်


www.burmeseclassic.com

www.burmeseclassic.com



ရာ ဌာနကို စဉ်းစားကြည့်စမ်းပါ။ ဖြူမှာ နှုတ်ခမ်းနှစ်ခုထိရာတွင် ဖြစ်သည်။ နီမှာ လျှာထိပ်နှင့် အထက်သွား အတွင်းဘက် အခြေကိုထိရာတွင်ဖြစ်သည်။ ညိုမှာ အာခေါင်နှင့်လျှာလယ်တို့တွင်ဖြစ်သည်။ ဤ ဖြူနီညိုစကားသုံးလုံးမှာ ပါးစပ်အဝမှစ၍ တဖြည်းဖြည်းအတွင်းဘက်သို့ ဝင်သွားသဖြင့် ဆိုရလွယ်သည်။ ဤသို့ဆိုရလွယ်အောင် ကျွန်တော်တမင်ကြံစည်တွေးတောကာ စပ်ဆိုစီကုံးပါသည်ဟု အမှတ်တမဲ့ ကြွားလိုက်သောအခါ ထိုမိတ်ဆွေက သရော်သောမျက်နှာထားမျိုးနှင့် ရယ်ပြုံး၍ ဦးစက ထူးမခြားနားထဲမှာ ဖြူနီညိုပြာဟု စပ်ပြီးကြောင်း ပြောပြလေသည်။ အမှန်မှာကား ထိုသီချင်းကို စပ်စဉ်က ကျွန်တော်အသံနေအသံထားကို အထူးမတွေးမိ။ အနက်ကိုသာ တွေး၍ စပ်လိုက်ခြင်းဖြစ်သည်။ အသံနေအသံထားမှာ သူ့အလိုလိုနေရာကျသွားခြင်းဖြစ်တော့သည်။

ဤသို့ ရှေးရှေးနှောင်းနှောင်း တောင်တောင်မြောက်မြောက် တွေးတောနေခိုက် မွန်းယိမ်းခဲ့ပြီ။ မိုးစွေသည်ကိုလည်း ကျွန်တော်မေ့ခဲ့သည်။ တွေးရာမှ အပြင်လောကသို့ လှမ်းကြည့်လိုက်သောအခါ နေရောင်ကလေး လက်နေသည်ကို မြင်ရသဖြင့် အုန်းလက်နွားကလေးကို ထား၍ သပြေသီးကောက်သွားသော မောင်ခွေးကဲ့သို့ ကလောင်ကို ချကာ ကျွန်တော်သည် ခြံထဲသို့ ဆင်းသွားတော့သည်ဟူလို။ (၁၉၄၈။)

www.burmeseclassic.com

www.burmeseclassic.com

# ဝါတွင်းချိန်

လူတို့သည် ရှေးဟောင်းနှောင်းဖြစ်များကို တစ်ခါ တစ်ခါ ပြန်၍ သတိရတတ်ကြသည်။ ကျွန်တော်သည်လည်း ဤဝါဦးကာလမိုးစိမ့်စိမ့်တွင် ရှေးဟောင်းနှောင်းဖြစ်များကို ပြန်ပြောင်းသတိရမိသည်။

မိုးသည် တစိမ့်စိမ့်ရွာလျက်ပင် ရှိလေသည်။ တစိမ့်စိမ့်အေးလျက်ပင် ရှိ၏။ ဤမိုး ဤလေသည် ကျွန်တော်၏ စိတ်ကို လွန်ခဲ့သော အနှစ်အစိတ် လောက်ဆီသို့ ဆွဲဆောင်သွားသည်။ မိုင်နှစ်ဆယ်ကျော် သုံးဆယ်ခရီးတွင်ရှိ သည့် ကျွန်တော်၏ ချက်မြှုပ်ရာဒေသသို့ ခေါ်ငင်သွားသည်။

ကျွန်တော်တို့ ငယ်စဉ် ဝါတွင်းချိန်ကား တစ်မျိုးပင်ဖြစ်တော့၏။ ဝါတွင်းရောက်မည်ကို တွေး၍ ကျွန်တော်တို့ ဝမ်းသာကြသည်။ မိုးကသည်း သည်း၊ မြက်ကရှည်ရှည်၊ ဗွက်ကထူထူ၊ ခြေခင်းလက်ခင်း မသာယာသော် လည်း ဝါတွင်းကာလကို ကျွန်တော်တို့ သဘောကျသည်။ ဘာ့ကြောင့်ပါလိမ့် ဟု ကျွန်တော်တွေးကြည့်သည်။ ဝါတွင်းချိန် ဥပုသ်နေ့များ၌ ကျွန်တော်တို့ မုန့်ကောင်းကောင်းစားရသည်။ အမျိုးမျိုးစားရသည်။ အများကြီးစားရသည်။ ကျောင်းတံစက်မြိတ် ရေတံလျှောက်တို့တွင် လက်ဖျားခြေဖျားများ ပဲကြီးတွန့် တက်အောင် ရေချိုးရသည်။ မနက်အစောကြီး အုန်းသီးခြစ်သံ၊ ထင်းခွဲသံ၊ ပန်းကန်ဆေးသံ၊ ပြောသံ၊ ဆိုသံတို့ကြောင့် အိပ်ရာမှနိုးသောအခါ လသာမှန် အိမ်ကြီး ထွန်းထားသည်ကို တွေ့ရသည်။

ထိုနေ့ကား ဧကန္တ ဥပုသ်နေ့တည်း။ လူကြီးများ ဆွမ်းချက်နေကြပြီ။ မုန့်လုပ်နေကြပြီ။ မိုးလင်းလျှင် ဝတ်ကောင်းစားလှလဲ၍ ကျောင်းကို ထွက်ကြ တော့မည်။ ကျွန်တော်တို့ မပျော်ဘဲ မည်သို့နေနိုင်ပါအံ့နည်း။ သို့တွေးနေခိုက် ငယ်စဉ်က ကျွန်တော်ရေးဖူးသော ကဗျာကလေးများသည် ကျွန်တော့် နှုတ်ဖျား သို့ ရောက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com


ငှက်ကလေးက စိုးစီစိုးစီ
ဝင်းပေါက်မှာ မြည်။
ချိန်တန်ပြီ ညီမထွေးရဲ့
ဆွမ်းချက်စို့လေး။

ထိုငှက်ကလေးကား အခြားမဟုတ်။ သပိတ်လွယ်ငှက်ကလေးဖြစ်သည်။ သူသည် ကျွန်တော်၏ သူငယ်ချင်းဖြစ်သည်။ သူ့ကို ကျွန်တော် ကောင်းကောင်းသိသည်။ မိုးရေထဲတွင် တိုင်ခေါင်းထဲက သူ့ဥများကို ကျွန်တော်နှိုက်ဖူးသည်။ လသာသာတွင် တိုင်ခေါင်းကို နှိုက်၍ သူ့ကို ဖမ်းဖူးသည်။ သို့သော် သူ့ဥများကို ပြန်ထားပါသည်။ သူ့ကိုလည်း ပြန်လွှတ်ပါသည်။ သူနှင့်လိပ်ဥ ဝက်တမ်း ကစားခြင်းမျှ ဖြစ်ပါသည်။ မယ်ထွေးလုပ်တမ်းကစားခြင်းမျှ ဖြစ်ပါသည်။ ငှက်ကလေးသည် သီချင်းအမျိုးမျိုး ဆိုတတ်ပါသည်။ မနက်တစ်မျိုး။ နေ့လယ်တစ်မျိုး၊ ညနေတစ်မျိုး၊ အိပ်တန်းတက်လျှင် တစ်မျိုး၊ နွေတစ်မျိုး၊ မိုးတစ်မျိုး၊ အမျိုးမျိုးဆိုတတ်ပါသည်။ အမြီးကလေးကို ငေါက်ခနဲ ငေါက်ခနဲ လှုပ်ကာ ခေါင်းကလေးကို ဆတ်ခနဲ ဆတ်ခနဲ ညိတ်ကာ ဟိုခုန်သည်ခုန် သွားနေတတ်သော သူ့ကို ကျွန်တော်သည် အကြိမ်ပေါင်းများစွာ၊ နာရီပေါင်းများစွာ စောင့်ကြည့်ဖူးပါသည်။ သူ့အသိုက်အောက် မြေကြီးထဲတွင် ရွှေအိုးရှိတတ်သည် ဆို၍ တူးကြည့်မည်ဟုလည်း မကြာခဏကြံစည်ဖူးပါသည်။ သူ့ကို မွေးတတ်၍ သူ့အမွေးကို သုံးတတ်လျှင် ရှိမ်းဆာယာပိုမောက်လို့ ကိုယ်ပျောက်သောအတတ်ကိုပင် ရတော့မည့်အတိုင်း စာအုပ်များတွင် ဖတ်ဖူး၍ သူ့ကို မွေးကြည့်မည်လည်း မကြာခဏ ကြံစည်ဖူးပါသည်။ သူ့အကြောင်းကို ကျွန်တော် အတော်ကလေး ပြောနိုင်ပါသေးသည်။ ကျွန်တော့်တေးများတွင် သူ့ကို တိုက်ရိုက်တစ်မျိုး၊ ရိပ်စောင်း၍တစ်သွယ် ဖွဲ့နွဲ့ဖူးလှပါပြီ။ သို့သော်လည်း သူငယ်ချင်း၏အကြောင်းကို ဤမျှနှင့် ရပ်ပါဦးအံ့။

ရောင်နီပေါ်လျှင် သူမြည်တော့သည်။ သို့မဟုတ် သူမြည်လျှင် ရောင်နီပေါ်တော့သည်။ မည်သူက အကြောင်း မည်သူက အကျိုးဟူ၍ ကျွန်တော် မပြောတတ်။ ပြောလည်း မပြောချင်။ ကျွန်တော့်အဖို့ကား သူနှင့် ရောင်နီကို အတူတူပဲ မှတ်ထင်နေမိသည်။ ဝင်းပေါက်ကနေ သူမြည်လိုက်လျှင် ကျွန်တော်တို့ တောသူတောသားများသည် ဆွမ်းချက်ထကြတော့သည်။ သူ့ကိုငါနှိုးငါ့ကို သူနှိုးနှင့် တပျော်တပါးကြီးပင်။ သူ့မြည်သံကို စိုးစီစိုးစီဟူ၍ ကျွန်တော် ကြားမိသည် ထင်သည်။ သို့သော်လည်း ငယ်စဉ်က ပွဲထဲတွင် လူပြက်များ သက်န်းတောင်းသောအခါ 'စိုးစီတဲ့စိုးစီ။ တောင်ပေါ်ရွှေပြည်စိုး၊ မိုးချုပ်ခဲ့ပြီ၊ ဝတ်ချီ' ဟု သက်န်းပေးသည်ကိုလည်း ကျွန်တော်ကြားဖူးသည်။ ဝင်းပေါက်


www.burmeseclassic.com

www.burmeseclassic.com


တွင် ငှက်ကလေးမြည်သံကို ကျွန်တော်ရေးတော့မည်ဟု ကြံလိုက်သောအခါ ထိုပွဲထဲက လူပြက်သံများ ကျွန်တော့်စိတ်တွင် ပေါ်လာခဲ့သလား မသိရပါ။ မည်သို့ပင်ဖြစ်ဖြစ် သူမြည်သောအခါ ညီအစ်မနှစ်ယောက် ဆွမ်းချက်ထကြပြီ။ မီးဖိုထဲတွင် မီးတလက်လက်နှင့် ကုသိုလ်လုပ်နေကြသည်။

ဦးပေါင်းကို ဆွမ်းတော်တင်

သုံးချောင်းထောက်ပြင်။

သံလွင်လွင် ကြေးစည်တီးလို့

ထွန်းတဲ့ဆီမီး။

ဆွမ်းကျက်ပြီ။ ဆွမ်းဦးပေါင်းကို ယောက်မနှင့် ပုံမပျက်အောင်ခူး၍ ကြွေပန်းကန် ဖြူဖြူဖွေးဖွေးတွင် ထည့်ကာ ဘုရားတွင် ဆွမ်းတော်ကပ်ကြသည်။ ဦးပေါင်းဆိုသော စကားကို ဒန်အိုးနှင့် ထမင်းချက်သော ခုကာလကလေးများ နားလည်ကြပါမည်လား မသိ။ ကျွန်တော်တို့ ငယ်စဉ်က မြေအိုးနှင့် ချက်ကြသည်။ စလောင်းဖုံးရာ ထင်နေသော ထမင်းစုန့်စုန့်ပုံကလေးသည် ထမင်းဦးပေါင်းပင် ဖြစ်တော့သည်။ မြန်မာ့ယဉ်ကျေးမှုတွင် ထမင်းဦးပေါင်းကား အလွန်အရေးပါအရောက်ခဲ့လေသည်။ ဆွမ်းထမင်းချက်လျှင် ဦးပေါင်းကို ဘုရားတင်ရသည်။ စားထမင်းချက်လျှင် ဦးပေါင်းကို လူကြီးမိဘအားကျွေးရသည်။ ဦးပေါင်းမရှိသော ဒန်အိုးကာလတွင်ကား ဘာဖြစ်နေသည်ကို ကျွန်တော်မသိ။ အငွေ့တထောင်းထောင်း အနံ့တသင်းသင်းနှင့် ထမင်းဦးပေါင်း ဖြူဖြူဖွေးဖွေးတို့ သုံးချောင်းထောက်တွင်ထည့်၍ ဘုရားတင်ကြသည်။ သုံးချောင်းထောက်ကား သရိုးကိုင်ရွှေချထားသည့် အခြေသုံးချောင်းရှိသော စားပွဲငယ်ကလေးဖြစ်သည်။

ဆွမ်းတော်တင်သောအခါ ကြေးစည်ကလေးကိုလည်း တီးသေးသည်။ ကြေးစည်သည်လည်း ကျွန်တော်၏ သူငယ်ချင်းဖြစ်သည်။ နံနက်ချိန် သပိတ်လွယ်အသံကို ကြားရပြီးနောက် ကြေးစည်သံကို ကြားရသည်။ ဘုရားရှိခိုးသော ကြေးစည်သံ၊ ဆွမ်းတော်ကပ်သော ကြေးစည်သံ၊ ရေစက်ချသော ကြေးစည်သံ၊ အမျှဝေသော ကြေးစည်သံ၊ ဝတ်လှည့်သော ကြေးစည်သံ။ ကြေးစည်သံအမျိုးမျိုးကို အရဏ်အချိန်တွင် ကြားရသည်။ ဘုရားတွင် မီးကိုလည်း ပူဇော်သေးသည်။

ဆီမီးပူဇော်လေဟန် ကျွန်တော်ရေးမိသည်မှာ ဆီမီးဆိုလျှင် ပိုပြီးနားသာသည်။ ကဗျာဆန်သည်ထင်၍ ရေးမိခြင်းဖြစ်ပါသည်။ အမှန်မှာကား ဖယောင်းတိုင်မီးဖြစ်ပါသည်။ ကဲ ဆွမ်းတော်လည်း ကပ်ပြီးပြီ။ ဆီမီးလည်း ပူဇော်ပြီးပြီ။ ရေစက်ချ၍ အမျှဝေတော့အံ့။


www.burmeseclassic.com

www.burmeseclassic.com


အမျှတဲ့သုံးကြိမ်ဝေ
သွန်းတဲ့ညောင်ရေ။
မာပါစေ ကမ္ဘာသား
အောက်ထက် နံလျား။

ထိုညီအစ်မကား တကယ့်သာတူညီမျှသမားတို့ဖြစ်ကြပေသည်။ မိမိတို့ကုသိုလ်၏အဖို့ကို သုံးကြိမ်တိုင်တိုင် ဝေငှ၍ အမျှပေးကြလေသည်။ ကျွန်တော့်အဖို့ကား အိပ်ရာမှမထဘဲ သာဓုခေါ်ရတော့မည်။ သူတို့စေတနာကား ဤမျှမကသေး၊ အထက်ဘဝဂ် အောက်အဝီစိအတွင်းရှိ လှည်းနေ လှေအောင်း မြင်းစောင်းမကျန် အားလုံးသောသတ္တဝါတို့သည် ကျန်းမာချမ်းသာကြပါစေသောဝ်ဟုလည်း ဆုတောင်းလိုက်ကြသေးသည်။ သာဓု၊ သာဓု၊ သာဓု။ သူတို့၏ မေတ္တာစာတ်သည် ချာချာလည်နေသော ကြေးစည်၏ အသံလှိုင်းများနှင့် အတူ တစ်ကမ္ဘာလုံးသို့ ဂယက်ရိုက်သွားလေတော့သည်။

ရွာဦးက ကြေးစည်သံ
ကျောင်းဝေဠုဝန်။
ဆွမ်းတော်ခံ ကိုရင်ကြွလိမ့်
ဆွမ်းအုပ်ပြင်ပါ့။

သူတို့ညီအစ်မ၏ ကြေးစည်သံတိတ်လျှင် ရွာဦးမှ ကြေးစည်သံကို ကြားရတော့သည်။ ရွာဦးကျောင်းက ကိုယ်တော်တို့ ဆွမ်းခံကြွလာတော့မည်။ ဝေဠုဝန်ကျောင်းဟု ကျွန်တော်ကအမည်တပ်လိုက်သော်လည်း ဟုတ်ချင်မှ ဟုတ်ပေမည်။ လည်ပေါ်ကျောင်းလား၊ တိုက်ကျောင်းလား။ ဘုန်းကြီး ဦးကေတုကျောင်းလား ကျွန်တော်မသိ။ သို့သော်လည်း စာထဲပေထဲတွင် ဖတ်ရဖူးသော ဘုရားသခင်၏ ဝေဠုဝန် ဝါးတောကျောင်းကို အတွေးနှင့် ကျွန်တော် အတော်သဘောကျသည်။ ထို့ကြောင့် ဝေဠုဝန်ဟု ကျွန်တော်အမည်တပ်လိုက်ခြင်းဖြစ်သည်။ ကြေးစည်သံနှင့်လည်း ကာရန်ငြိနေလေသည်။

ကိုရင်ကြီး ပျို့တို့မောင်
ညို့ုးနွဲ့ ယောင်ယောင်။
ပျို့တို့မောင် မာပါစ
မေးလိုက်ပါကြ။

ညီမထွေး ဆွမ်းလောင်းထွက်သွားသောအခါ အစ်မလုပ်သူသည် လှမ်းကြည့်လိုက်သည်။ သူ့ကိုရင်ကြီးကား မျက်နှာမသာရှာ။ ညက ကြမ်းပိုးကိုက်၍ အိပ်ပျက်သောကြောင့်ပင်လား။ မိုးမိနှာစေး၍ အသားအရေ ဖိန်းတိန်းတိန်း ရှိသောကြောင့်ပင်လား။ ယာဂုကလေး မလောက်မင သောက်ခဲ့ရ၍ အ


www.burmeseclassic.com

www.burmeseclassic.com


ဆာမပြေသောကြောင့်ပင်လား။ သို့သော် ကိုရင်ကြီးက တော်သလို ကြည့်၍ ဖြေလိုက်ရှာသည်။

မာပါရဲ့ အထွေးရယ်
ပြောလိုက်ပါကွယ်။
ရွာလယ်မှာ ကိုရင်ပန်းလို့
ညှိုးလျရှိန္တမ်း တဲ့။

သို့သော် အစ်မကြီးကား မယုံသေး။ ဆက်လက်၍ တွေးပြန်သည်။ ကပ္ပိယအဘိုးကြီးက သူ့ကိုရင်၏ ထိပ်ပြောင်ကို ခေါက်လိုက်လို့ များညှိုးငယ် ရှော့သလား။ ကပ္ပိယကြီးတို့ကား ကိုရင်ကလေးများကို အလွန်နိုင်တတ်သည် ဟု သူကြားဖူးသည်။ ကိုရင့်ထိပ်ကလေးကလည်း ပြောင်ပြောင်မို့ အလွန်ခေါက် ချင်ပေလိမ့်မည်။ ထို့ကြောင့်

ကပ္ပိယ အဘိုးအို
ဆိုးလှတယ်ဆို။
တို့ကိုရင် ထိပ်ပြောင်သားကို
ခေါက်လိမ့်လေလား တဲ့။

သူ့ကိုရင်စားဖို့ သူအမျိုးမျိုး ကြံစည်ချက်ပြုတ် လှူဒါန်းခဲ့ပြီ။ ဟို တစ်နေ့မနက်က ဝက်သားရယ်၊ ချဉ်ပေါင်ရယ်၊ ဗယာကြော်ရယ်၊ မှျစ်ရယ်၊ ကန်စွန်းရွက်ရယ်၊ ငရုတ်သီးတောင့်အစိမ်းတွေထည့်ပြီး၊ ဟင်းလေးချက်ပို့လိုက် သည်။ ကံမကောင်းအကြောင်းမလှသဖြင့်၊ ဟင်းလေး ယူသွားသော သူငယ်မှာ ရေညှိတက်နေသော ရွာလယ်အုတ်လမ်းတွင် ချော်လဲရှာ၍ ဟင်းလေးအိုးကြီး ကွဲသွားရရှာသည်။ သူ့ခမျာမှာ ရင်ထုမနာဖြစ်ရတော့၏။

ဟင်းလေးကို ကျိုချက်လို့
မနက်က ထည့်လိုက်တယ်
ကိုရင့်ဖို့ကွယ်။
ရွာလယ်မှာ သူငယ်လဲတယ်
ဆွမ်းတော်ခွက်ကွဲ။

ဖြစ်မှဖြစ်ရပလေရှင်။ ကိုရင်ကျောင်းမှာ ကြာကြာနေလျှင် ကျွန်မ ဒုက္ခရောက်ရချေရဲ့။ မြန်မြန်ထွက်ခဲ့ပါတော့။ ခေါင်းပေါ်က ချာရစ်ကလေး မပျောက်ခင်ဘဲ ထွက်ခဲ့ပါတော့။ ထွက်လာတော့လည်း ငယ်ငယ်ကလို ယောင် ကြီး ဖွေထားပြန်လျှင် သန်းတွေကိုက်မှာ စိုးမိပါသေးတယ်။

ချာရစ်လေး မပျောက်ခင်
ထွက်ခဲ့စေချင်။


www.burmeseclassic.com

www.burmeseclassic.com


လိုင်ပြန်ရင် ဆံရှည်ထားပါနဲ့
သန်းတွေကများ တဲ့။

"ကျောင်းကြီးလေပေါ်မှာနော်ရှင်၊ မပျော်ရင် ထွက်ခဲ့မောင်ရယ်။ ။ ရွှေရစ်တံထိုးပါလို့၊ တိမ်ခိုးဆင်ရက်လှည့်မယ်" ဟု ရက်ကန်းခေတ်က မိန်းကလေးများဆိုကြသည်။ ကျွန်တော်တို့ အစ်မကြီးကား ရက်ကန်းမရက်တတ်ရှာ။ ထို့ကြောင့် အနံကောင်းကောင်းနှင့် ပလေကတ်လုံချည်ဝယ်ထားပြီးပြီ။ သို့သော်လည်း အဆာကျယ်သော ကိုရင်ကြီးက လုံချည်အနံကျယ်လွန်းလျှင် ခါးပုံစကြီးရှည်ပြီး လူရယ်စရာဖြစ်တော့မည်ဟု ပြောသောကြောင့် ခများမှာ ဆုတ်ပစ်လိုက်ရသည်။

လိုင်ပြန်ရင် ကိုရင်ဝတ်ဖို့
ပလေကတ် အနံကျယ်
ဈေးကြိုကဝယ်။
အနံကျယ် ခါးပုံနွဲ့တယ်
ဆုတ်လိုက်ပါ တဲ့။

မည်သို့ပင်ဖြစ်စေ ကိုရင်ကြီးကား မိဘနို့ဖိုးဆပ်ရအောင် တစ်ဝါတစ်ချိတော့ အောင့်အည်းပြီးနေရတော့မည်။ ကျွန်တော်တို့အစ်မကြီးက ဟင်းလေးနှင့် ဖြားယောင်း ဖြားယောင်း၊ ပလေကတ်လုံချည်နှင့် သွေးဆောင်သွေးဆောင်၊ မိဘကို ငဲ့ရဦးမည်။ ဘယ်တော့ထွက်မလဲဟု ဘယ်လိုပင် အောက်ပြီး မေးမေး ကိုရင်ကြီးကား တုံဏှိဘာဝေ ဆိတ်ဆိတ်သာနေလေသည်။

ဆွမ်းတော်ခံ ကိုရင်ကြွတော့
မယ်စလို့ မေးလိုက်တယ်။
ရှင်လိုင်ပြန် ဘယ်တော့ရက်
ထွက်ခဲ့ပါ့မယ်။
မျက်နှာငယ်ငယ်
ဘဲ့နှယ်မှ မမိန့်။
သည်တစ်ဝါ အနိုင်ခဲလို့
နွဲ့ရရှာလိမ့်။

သို့ဖြင့် ဝါဆိုဝါခေါင် ရေဖောင်ခဲ့ပြီ။ တော်သလင်းမြစ်တွင်း သင်ဖျူးခင်းခဲ့ပြီ။ နေကလေးသာသာနှင့် ဖယောင်းတိုင် ဝယ်သူက ဝယ်၊ မီးပုံးလုပ်သူကလုပ်၊ မီးပုံးပန်းထွင်းသူက ထွင်း၊ အိုးစည်နေလှန်းသူက လှန်း၊ ပဒေသာပင်စီစဉ်သူက စီစဉ်၊ ကျွန်တော်တို့ ကိုရင်ကြီးမှာကား ရွာဘက်မှ အိုးစည်လက်စမ်းသံ ကလေးကိုကြားတိုင်း လုံချည်အင်္ကျီများကို မြင်ယောင်လျက် ရှိတော့သည်။


www.burmeseclassic.com

www.burmeseclassic.com



ဝါကျွတ်မည့်နေ့တွင် ကိုရင်ကြီးသည် သဲဒဏ်ရေဒဏ် အမျိုးမျိုးကို ထမ်းပြီးနောက် ဆရာတော်အား ဝပ်ချကန်တော့ခဲ့၍ ညရီတရောတွင် လိင်ပြန် ကာ ခပ်ရှက်ရှက်နှင့် ရွာသို့ဝင်ခဲ့ပြီ။ သူလာမည်ကို ညီမထွေးကား သိနှင့်၏။ ဘယ်အချိန်လာမည်ကိုပင် တပ်အပ်သိနှင့်သည်။ အတော်လာသည့် ကောင်မ လေး။ ကိုရင်ကြီးကိုမြင်သည်နှင့် တစ်ပြိုင်နက် ကောင်မလေးသည် လက်ညှိုး ငေါက်ငေါက်ထိုး၍ ရှိရီရှိရီဆိုကာ ကိုရင်လူထွက် ငါးပိချက်ဟု လှောင်တော့ သည်။ တကယ့် ကောင်မလေး။

ကိုရင်ကြီးလာမယ်ဆို
ဝင်းပေါက်ကကြို။
အို အလို ကိုရင်ထွက်တယ်။
ငါး ငပိချက်။

ကျွန်တော့်တေးများသည် နံနက်စောစော ဝင်းပေါက်တွင် သပိတ် လွယ်ငှက်ကလေး စိုးစီစိုးစီမြည်သည်မှစ၍ ညရီတရောတွင် ထိုဝင်းပေါက်၌ပင် ညီမလေးက ကိုရင်လူထွက် ငါးပိချက်ဟု လှောင်သည်တွင် ဆုံးသော်လည်း ကျွန်တော်တို့၏ အစ်မကြီး၏ ဇာတ်လမ်းကား အဆုံးသို့ရောက်ဖို့ရန် စရုံမျှသာ ရှိပါသေး၏။ (၁၉၄၈။)

www.burmeseclassic.com

www.burmeseclassic.com

## ပြောသံ

ပြောစည်ပြုတ်ပြုန်း
အုတ်အုတ်အုန်း
ဆွမ်းဘုဉ်းပေးသည့်ပွဲ။
ပလုတ်တုတ်တုန်း
ပြုတ်ပြုတ်ပြုန်း
မြို့အုန်းဘောင်မှာပွဲ။

ကဝိလက္ခဏာ။

ဗုဒ္ဓဘာသာ မြန်မာ ယောကျ်ားကလေးများအဖို့ အရေးကြီးသော အချက်တစ်ခုမှာ ရှင်ပြုခြင်းဖြစ်သည်။ ရှင်မပြုရသေးသော ယောကျ်ားကလေးသည် အသက်ငယ်သည်ဖြစ်စေ ကြီးသည်ဖြစ်စေ လူဘော်မဝင်သေးဟု အသိအမှတ် အပြုခံရသည်။ မိမိကိုယ်တိုင်လည်း ဤသို့ပင် အတွေးရောက် စိတ်ငယ်လျက်ရှိသည်။ ရှင်ပြုပြီးသောအခါတွင်ကား 'ငါယောကျ်ားကောင်းတစ်ဦးပါတကား' ဟု အတွေးရောက်ကာ အပြောကိုလည်း တစ်မျိုးပြင်သည်။ အနေအထိုင် အမူအရာတို့ကိုလည်း တစ်မျိုးပြင်သည်။ မိမိအောက် ညီငယ်နှမငယ်များအပေါ်တွင် သဘောထားကြီးကြီးထားစပြုသည်။ လူကြီးမိဘတို့၏ စကားကိုလည်း နားလည်စပြုလာသည်။ ဤသို့ စိတ်သဘောထား ပြောင်းလာသည်နှင့်အမျှ ထိုကိုရင် လူထွက်၏ ကိုယ်ခန္ဓာသည်လည်း တစ်မျိုးပြောင်းလဲ ဖွံ့ဖြိုးထွားကျိုင်းလာလေသည်။ "ရှင်လူထွက်ခါမှ ထိုးတင်လိုက်သလိုပဲ။ ကြီးလာလိုက်တာ။ မှတ်တောင်မမှတ်မိတော့ဘူး" ဟူသော အပြောမျိုးကို မကြာခဏ ကြားမိရတတ်သည်။

ငယ်စဉ်တောင်ကျေး ကလေးဘဝဆီက ဆိုလျှင် မိဘရင်အုပ်မကွာ အိမ်မှာပင်နေ၍ အပြင်လောကအကြောင်းကို မသိရှာချေ။ စားချင်လျှင် ကျွေး



www.burmeseclassic.com

www.burmeseclassic.com


သည်။ ဝတ်ချင်လျှင် ဆင်သည်။ အိပ်ချင်လျှင် သိပ်သည်။ ဆိုးချင်လျှင် ချော့သည်။ မိဘနှစ်ပါးက ပိုးမွေးသကဲ့သို့ ယုယုယယ ထိန်းသိမ်းစောင့်ရှောက်ထားသဖြင့် လောကသည် မိမိအလိုသို့လိုက်နေသည်ဟု သာလျှင် အတွေးရောက်လျက် ရှိရှာလေသည်။ ထို့ကြောင့်လည်း စည်းမဲ့ ကမ်းမဲ့ပြောဆို စားသောက်နေထိုင် ပြုမူလျက်ဖြင့်သာလျှင် အချိန်ကုန်ခဲ့လေသည်။ သူစိမ်းများ မျက်စိတွင် အမြင်ကတ်၍ "သည်ကောင်ကလေးကတော့ သုံးလို့ရမှာ မဟုတ်ပါဘူး။ အလိုလိုက် အမိုက်စော်ကားနေတာပဲ" ဟု မှတ်ချက် ချတတ်ကြသည်။ မိဘများသည်ပင်လည်း တစ်ချက်တစ်ချက် မိမိတို့၏သားကို စိတ်ပျက်ကာ သက်မကြီး ချမိတတ်ကြသည်။ သက်မကြီးမချဘဲ နေနိုင်ပါမည်လား။ ဆိုးလိုက်တာက လွန်လို့။ လိုချင်သည်ကို မရလျှင် စိတ်ကောက်။ စိတ်မကောက်လျှင်လည်း ဆူပူ။ တချို့များ စားကြိမ်းပင်လည်း ကြိမ်းလေသေးသည်။ မိမိအောက် အငယ်ညီများ၊ နှမများကို နှိပ်စက်။ နိုင့်ထက်စီးနင်းလုပ်။ အကြီးများကိုလည်း (အချို့က) အခန့်မသင့်လျှင် အော်ဆဲ။ ဒီကြားထဲ နောက်ပိုး ပိုးချင်သေးသည်။

သို့သော်လည်း ကောင်ကလေး ဒီလိုချည်းနေမည်မဟုတ်ပါ။ "သူ့သားကို သူ့မေနှိမ်တယ်၊ ဆိုးချိန်မို့လေး. . .၊ ညနေခတ်ခြေလုံးနဲ့ ပျော်တုန်းမို့လေး" ဆိုသကဲ့သို့ ဆိုးချိန်မို့ ဆိုးနေခြင်းဖြစ်လေသည်။ မိုးရာသီကုန်ခါနီး၍ မိုးသား မိုးမြေးခေါ်ခြင်းဖြစ်လေသည်။ နွေဦးပေါက်ခါနီးမို့ "နေ့ပူလို့ ညချမ်း၊ တပေါင်းလ၊ လသရမ်း" ဖြစ်ရရှာသည်။ ရာသီအပြောင်းအကူး(ဝါ)စပ်ကူးမတ်ကူးအခါမျိုးကား ဆိုးဝါးလှသည်တစ်မုံ့။ ကောင်ကလေးလည်း ထိုနည်းအတိုင်းပင်။ ငယ်ငယ်တုန်းကလည်း အရွယ်ပြောင်းတိုင်း ပြောင်းတိုင်း သူ့အတွင်းဓာတ်များ ဖောက်ပြန်၍ သူ့ခမျာမှာ လိုမ့်၍ ခံခဲ့ရရှာပြီ။ ထိုင်ခါနီး၊ သွားပေါက်ခါနီး သူ့ခမျာမှာ ဖျားခဲ့ရ နာခဲ့ရရှာပြီ။ လေးဘက်သွားခါနီးလည်း ထိုနည်းလည်းကောင်းပင်။

ယခုလည်း သူငယ်ကလေးဘဝက သူငယ်ကြီးဘဝဘက်သို့ ပြောင်းခါနီး သူ၏ အလေ့အကျင့်များမှာ စပ်ကူးမတ်ကူးဖြစ်နေ၍ ဟိုမနိုင် ဒီမနိုင်နှင့် သောင်းကျန်း ပုန်ကန်လျက်ရှိရှာတော့သည်။ အရမ်းလည်း သူ့ကို မကဲ့ရဲ့ကြပါနှင့်။ အရမ်းလည်း သူ့ကို မစွန့်ပစ်ကြပါနှင့်။ ကိုယ်ချင်းစာ၍ သူ့ကို သက်ညာစွာ အလိုလိုက်နိုင်သမျှ လိုက်ကြပါ။ သူ၏ နဂိုသဘောမှာ ရိုင်းသည် မဟုတ်ပါ။

ဆက်ကြည့်ကြဦးစို့။ သူယခု တစ်ဆယ့်သုံးလေးနှစ်ရောက်လာပြီ။ လှချင်လာသည်။ သချင်လာသည်။ သူ့ညီကလေးနှမကလေးများကဲ့သို့ ပြုမူနေထိုင်ရမည်ကို သူရှက်လာသည်။ တာဝန်နှင့် မနေဘူးသေး၍လည်း လူကြီးကဲ့

www.burmeseclassic.com


သို့ သူမပြုမမှုတတ်သေး။ စကကြီးပဲ။ သို့သော်လည်း သူ့ကို အရွယ်ရောက်ပြီမို့ ရှင်ပြုရချေတော့မည်။ သားကလေးရှင်ပြုချင်လို့ သူ့မိဘများ ပစ္စည်းရှာဖွေစုဆောင်းခဲ့သည်မှာ သူ့ကို မွေးကတည်းက ဖြစ်သည်။ သူ့ကို မွေးကတည်းက သူ့အဖေ အရက်ပြတ်ခဲ့သည် မဟုတ်လော။ သူ့ အမေအသုံးအဖြုန်းကို ရပ်ခဲ့သည် မဟုတ်လော။ ရသမျှငွေကလေးကို ချွေချွေတာတာသုံး၍ သူတို့သားကို ရှင်ပြုဖို့ဆိုပြီး ကျန်သမျှကလေးကို ကျစ်ကျစ်ပါအောင် ထုပ်ထားခဲ့ပြီ။ အကယ်၍သာလျှင် ယခုအခါ သိန်းထီပေါက်ပါက ဝက်သားကျွေး၍ ခုနစ်ရက်ခုနစ်လီ တစ်ရွာလုံး မီးခိုးတိတ် လှူလိုက်ချင်ပါဘိတော့သည်။ ယခု တစ်ဆယ့်သုံးလေးနှစ်ရှိခါမှ သူတို့သားကို ရှင်ပြုရမှာကိုပင် ရှက်မိနေတော့သည်။ "မင်းတို့သား သင်္ကန်းဝတ်ပြီးပလား" ဟု မိတ်ဆွေသင်္ဂဟများက မေးလျှင် အဖြေပေးရမှာ ရှက်မိခဲ့သည်။ သားလုပ်သူကလည်း ဆိုးလျှင်သာ ဆိုးရမည်။ တေလျှင်သာ တေရမည်။ ကိုရင်မဝတ်ရသေးဘူး၊ သင်္ကန်းမဆီးရသေးဘူးဟု ပြောရမှာကို ရှက်တတ်တော့သည်။ သို့ဖြင့် ကောင်ကလေးမှာ မောင်ရင်လောင်းဘဝသို့ရောက်လာတော့သည်။ မိဘများမှာ သားကို မျက်စိအောက်မှ အပျောက်မခံနိုင်။ အရိပ်တကြည့်ကြည့်နှင့် "သစ်ပင်မတက်နဲ့ လူကလေးရဲ့. . .။ ရေမကူးနဲ့ လူကလေးရဲ့. . .။ မြစ်ကူးချောင်းမသွားနဲ့ လူကလေးရဲ့. . ." ဟု တောင်းပန်ရသည်မှာလည်း မအားရှာပေ။ ရပ်ဝေးရပ်နီးရှိ ဆွေမျိုးညာတိ မိတ်ဆွေသင်္ဂဟများထံသို့လည်း လူကြုံနှင့်တစ်မျိုး၊ စာနှင့်တစ်တန် အကြောင်းကြားရသည်မှာ မနားရ။ အိုး အင် ခွက်ယောက်၊ ပန်းကန် ကွမ်းအစ်၊ ဖျာရိုင် သင်ဖြူး၊ ရှာရ ဖွေရ စုဆောင်းရသည်မှာလည်း နေ့စဉ်နှင့်အမျှ။

ထိုအခိုက်တွင် မောင်ရင်လောင်းကို ဆရာတော့် အထံ အပ်နှံရသည်။ ဆရာတော်ကလည်း ပုတီးစိပ်၊ သင်္ကန်းတောင်း၊ သေခိယတို့ကို သင်ပေးသည်။ ကိုရင်ဖြစ်သောအခါ မည်သို့သွားမည်သို့လာ၊ မည်သို့ဝတ် မည်သို့ရုံ၊ မည်သို့စားမည်သို့သောက် စသည်ဖြင့် သာသနာ စည်းကမ်းတို့ကို ညွှန်ကြားပြသလေသည်။ ထမင်းစားတာတောင် ထင်သလို မစားရဘူးတဲ့။ ထမင်းလုတ်ကို ဤမျှလောက်သာကြီးစေရမယ် ပါးစပ်ကြီးဖြဲပြီး အသံမြည်အောင် မစားရဘူးတဲ့။ ရွာထဲကို ဝင်တော့လည်း သင်္ကန်းကို ရုံပြီးလေးတောင်လောက်သာကြည့်သွားရမတဲ့။ ငယ်ငယ်ကလို ဟိုအိမ်လှမ်းကြည့် ဒီအိမ်လှမ်းကြည့် မလုပ်ရဘူးတဲ့။ အယုတ်ဆုံးအားဖြင့် အိမ်သာကို တက်တော့တောင်၊ အိမ်သာတံခါးကို အရမ်းတွန်းမဖွင့်ရဘူးတဲ့။ အပြင်က အဟမ်း အဟမ်းလို့ ချောင်းသံပေးရမတဲ့။ အထဲက လူသံမကြားတော့မှ ဝင်ရမတဲ့။ ဆရာတော်ကြီးက သင်လိုက်ကြားလိုက် ညွှန်ပြဆုံးမလိုက်သည်မှာ စုံပါရော။ ဝမ်းသွားတော့တောင် အတင်းမညှစ်ရဘူး


www.burmeseclassic.com

www.burmeseclassic.com


တဲ့။ ဒီစည်းဒီကမ်းတွေနဲ့သာ ညီညွတ်အောင်နေနိုင်သွားလျှင် ဘယ်သူနဲ့ ဘယ်သူမှ ရန်ဖြစ်စရာ အကြောင်းမရှိဘူး။ မသင့်မမြတ်စရာအကြောင်းမရှိဘူး။

ကဲ မောင်ရင်လောင်းလည်း သာသနာ့စည်းကမ်းတွေကို တတ်ပြီ။ သူ့အမေအဖေကို အလိုလိုက်ထားစဉ်က ဆိုးချင်တိုင်းဆိုး တေချင်တိုင်းတေခဲ့ပေမယ့်၊ အဆိုးအတေတရားများရဲ့ ဟိုမှာဘက်မှာ စည်းတဲ့ ကမ်းတဲ့ ကလနားတဲ့ ရှိပါသေးကလား။

ဆရာတော်ကြီးဟာ သက်န်းဝါဝါကြီးဝတ်၊ ဆွမ်းကောင်းကောင်း စားပြီး၊ ကျောတောင့်အောင် ကျိန်းနေသည်မဟုတ်။ ဤစည်း ဤကမ်းများ အတိုင်း ကောင်းသော တရားများကို ကျင့်ကြံကြိုးကုတ် နေတာပါကလား။ မောင်ရင်လောင်း၏ အမြင်တစ်မျိုးဖြစ်သွားပြီ။ သူ၏အယူဝါဒများ ပြောင်းသွားလေပြီ။ သူလည်း လူကြီးဖြစ်ချင်လာပြီ။ လူကြီးဆိုလျှင် စည်းကမ်းရှိရမည်။ သူသဘောပေါက်လာတော့၏။

သို့ဖြင့် အလှူရက်သို့ ရောက်လာတော့သည်။ ရပ်သူရွာသားများ ဝိုင်းဝန်း၍ ဆောက်လုပ်ထားသော မဏ္ဍပ်ကြီးမှာ မိမိတို့အိမ်ရှေ့တွင် တခမ်းတနားကြီးပါကလား။ သဃ်ာစင်မှာ မှိုင်းလုံးကော်ဇောကြီးတွေကာလို့။ လှပါဘိတော့။ ပွတ်လုံးပုံတွေ၊ ပန်းရာဇမတ်ပုံတွေကလည်း တစ်မျိုးကြည့်ကောင်းတာပဲ။ မဏ္ဍပ်တိုင်တွေမှာလည်း စက္ကူ ဖြူနီညိုပြာတွေ ကပ်ထားတယ်။ အမယ် ငှက်ပျောခိုင်၊ အုန်းခိုင်၊ ခနိုခိုင်တွေတောင် ဆွဲထားပါသေးကလား။ မဏ္ဍပ်တိုင်တစ်ခုမှာ ဆွဲထားတဲ့ ငှက်ပျောပွဲက ဘာပါလိမ့်။ အလှူနေ့တွေမှာ မိုးမရွာအောင် ကိုးထားတာဆိုပဲ။ အဲသည်ပွဲထဲမှာ ငွေမတ်စေ့ တစ်စေ့ရှိသတဲ့။ ဘယ်သူများ ချောင်းပြီး အလစ်သုတ်မယ်မသိဘူး။ ပြောရင်းဆိုရင်း ဆိုင်းတွေ ဖုံတွေ သယ်လာကြပြီ။ ဟောဟိုလူကြီးကို မှတ်မိပါတယ်။ ဘုရားပွဲမှာ ချောတိုင်တက်စဉ်က သူပဲ ဆိုင်းဝိုင်းထဲက လေးခင်းဆိုင်းတီးပေးတာ။ ဟုတ်ပါတယ် . . . ။ ဝါးလက်ခုပ်ကြီး နင်းကန်တီးပြီး တံတွေး ပက်ခနဲ ထွေးတတ်တဲ့ လူဟာ အနောက်ကလူပေါ့။ မောင်ရင်လောင်းသည် အိမ်ဦးခန်း ကော်ဇောပေါ်က ထိုင်နေရင်း ဤသို့ ကြည့်ရှုတွေးတောလျက်ရှိသည်။ သူ့မျက်နှာမှာ သနပ်ခါးစနှင့်၊ ရှက်တော့အရှက်သား။ ဒါပေမဲ့ ကိုရင်လောင်းဆိုတာ သနပ်ခါးလိမ်းရမယ်ဆိုလို့ လိမ်းလိုက်ရသည်။ လိမ်းရုံတွင်ဘယ်ကမလဲ၊ သနပ်ခါးရည်မှာ ဆွတ်ပြီး သွားပွတ်တံနဲ့ ပက်လိုက်လို့ သနပ်ခါးပြောက်တွေတောင် နဖူးပေါ်မှာရှိသေးသည်။ မှန်ထဲမှာကြည့်လိုက်တော့ ရယ်စရာကြီးပဲ။ ပုဆိုးကလည်း အသစ်စက်စက်။ ထိုင်မသိမ်းဆိုတဲ့ အင်္ကျီကလည်း အသားနဲ့ကပ်ကပ်ကလေး။ ဒီကြားထဲမှာ ဆိုးဖော်တေဖက်တွေက အဝေးက နောက်နောက်ပြလို့ ဣန္ဒြေဆောင်ရခက်ဘိ


www.burmeseclassic.com

www.burmeseclassic.com


တောင်း။ "ရှင်လောင်းအမေ၊ ဘာသီးရှေ့ ရွှေ" လို့ အော်သံကြားရတော့ စိတ်တောင် ဆိုးမိသေးတယ်။

နောက်တစ်နေ့ကား ရှင်လောင်းလှည့်မည့်နေ့ ဖြစ်တော့သည်။ အစောကြီးပင် ဧည့်သည်ပရိသတ်များ ရောက်လာကြသည်။ ဗြောဆရာတို့က လည်း အရုဏ်တက်ကတည်းက တီးမှုတ်နေကြတော့သည်။ မြင်းရှိသော ဆွေမျိုးညာတိများကလည်း မြင်းတွေနဲ့လာကြသည်။ မြင်းဖြူကြီးကို ကိုရင်လောင်းစီးရမည်။ ထိုမြင်းကြီးကား သဘောအလွန်ကောင်းသဖြင့် ရှင်လောင်း လှည့်ရာတိုင်းတွင် လိုက်ခဲ့ရရာ ယခုအကြိမ်ပါဆိုလျှင် အကြိမ်သုံးဆယ်ပြည့်တော့မည်။ ကာလသားကြီးများလည်း ဆရာတော်ကျောင်းမှာ ရွှေထီးများကို ငှားကာ ပြန်လာကြပြီ။ ဟော အဒေါ်ကြီးတစ်ယောက်က မိန်းကလေးတွေကို ဧည့်ခံကျွေးမွေးရင်း စီစဉ်နေပြီ။ သူကပေမဲ့ မျက်နှာအလိုက်သား။ သူဌေးသမီးကို ကွမ်းတောင်ကိုင်ရမတဲ့၊ လှလည်းမလှဘဲနှင့်။ ဟောဟိုက ရက်ကန်းသည်မသမီးကလေးဟာ သိမ်သိမ်မွေ့မွေ့နူးနူးညံ့ညံ့နဲ့။ မျက်နှာကလေးကလည်း ယဉ်ပါဘိတောင်း။ စိန်တွေ ရွှေတွေမဆင်နိုင်ပေမဲ့ စံပယ်ပန်းကုံးကလေးနဲ့ ဘယ်လောက်ကြည့်ကောင်းသလဲ။ သူ့ကိုပဲ ကွမ်းတောင်ကိုင်ပါစေတော့လား။ သူဌေးသမီး ပွဲစားသမီး သူကြီးသမီး ကျောင်းတကာသမီးတွေ ကွမ်းတောင်အစုံအင ရကြပြီ။ ကွမ်းတောင်ပိုနေပါသေးကလား။ ကဲ ဘယ်သူ့ကို ပေးရဦးမလဲ။ ပိုနေမှပဲဟာ ရက်ကန်းသည်မသမီးကိုပဲ ပေးရတော့မည်။ ရော့ ညည်းကောင်းကောင်းကိုင်ခဲ့။ လွတ်မကျစေနဲ့။ ဗိုင်းကောင်းကျောက်ဖိရက်ကန်းသည်မသမီးကလေးကား ဣန္ဒြေရရပင် ကွမ်းတောင်ကိုလှမ်းယူပြီးနောက် သင်္ဘာစင်ဘက်သို့ လှမ်းကြည့်လိုက်သည်။ သင်္ဘာစင်ပေါ်က ဘသားချော မောင်ရင်လောင်းကလည်း ထိုခဏ၌ပင် သူ့ဘက်သို့ ကြည့်လိုက်မိသည်။ သူတို့နှစ်ဦး မျက်နှာချွေးသွားကြ၏။ ဘာ့ကြောင့်ပါလိမ့်။

ကဲ ထွက်ကြစို့။ နေမြင့်ရင် နေပူတော့မယ်။ ဗြောဆရာတို့ တီးကြပေတော့။ မြင်းဖြူကြီးမှာလည်း ကကြိုးတန်ဆာအစုံအလင်နှင့် မဏ္ဍပ်ဝတွင် စောင့်လင့်လျက်ရှိ၏။ ဦးခေါင်းကို ခါကာ လည်ကို ညိတ်ကာ ခြူသံတညံညံနှင့် အနော်မာတစ်ဘက်ကမ်းကိုလိုက်ပို့ဖို့ စောင့်လင့်လျက်ရှိ၏။ ပလုတ်တုတ်တုတ်ဖြုန်း။ ဗြောသံအချတွင် ဗြောဆရာကြီးသည် ကိုရင်လောင်းကို မြင်းပေါ်သို့ တင်၍ မြင်း၏ ဇက်ကြိုးကို ကိုင်ကာ အမိန့်တော် ပြန်လေတော့သည်။ "ငါ့သားကြီး ကဏ္ဍကာ။ ကိုရင်လောင်းသည် သာသနာတော်တွင်းသို့ သက်ဆင်းတော့မည်ဖြစ်၍ ပါရမီဖြည့်ဖော် ဖြည့်ဖက်အနေနဲ့ ကောင်းကောင်းလိုက်ပို့ပါ" ဟူသော အနက်အဓိပ္ပာယ်ပါသည့် လင်္ကာရှည်ကြီးနှင့် အမိန့်တော်ပြန်ရာ၊ မြင်း


www.burmeseclassic.com

www.burmeseclassic.com


ဖြူကြီးသည် ခေါင်းလည်းမခါ လည်လည်းမညိတ် ဆိတ်ဆိတ် နားထောင်လျက်ရှိတော့သည်။ ထို့နောက်မှ အပျိုအအို ယောကျ်ား မိန်းမ တန်းစီကြကာ မဏ္ဍပ်ထဲမှ ဗြောသံကို နာခံရင်း ထွက်ကြလေတော့သည်။

ပလုတ်ဖြုန်းရယ်နဲ့
တောင်ကုန်းရွာ သာစခန်းဆီက
ဒေါ်ရွှေမေ ဦးရေချမ်း ငယ်တို့
သာသနာ ဝါဝါလန်းရန်တဲ့
ဆန်းလိုက်တဲ့ ဗြောသံစည်။

နေမင်းလည်း တောကို ကျော်ခဲ့ပြီ။ နေရောင်ထဲတွင် ရွှေထီးများကား တဝင်းဝင်းနှင့် ဝတ်ကောင်းစားလှနှင့် သားငယ်သမီးငယ် အပျိုလူပျိုတွေ စည်းကမ်းတကျ ရွာလမ်းတစ်လျှောက်မှာ တန်းစီပြီး သွားလိုက်ကြတာ ကြည့်လို့ မြိန်ပါဘိတော့။

အလို နေခြည်မှာ ရွှေရည်ဝင်းလို့
ဆယ်စင်းလဲ မက
အဝေးကမှန်း ဟိုရွာလမ်း
ထီးတန်းကြီး လှပါဘိ။

ဗြောသံကြားတွင် ချပ်ကာ ကာလသားဝိုင်းက ရတုဆိုကြသည်။ "စာပလွေရေ့မှာ ခင်းပါလို့၊ ရုပ်တွက်ရင်းရယ်တဲ့ မောင်က ငို"ဟု ရတုသမားက ဆိုအပြီးတွင် ကာလသားထုက သူ့ထက်ငါကျယ်အောင် ဟစ်၍ 'ရွှဲ'ဟုလိုက်ကြလေသည်။

ဤသို့ ရတုအမျိုးမျိုးထဲတွင် ကိုရင်လောင်း၏ စိတ်နှင့် ကွမ်းတောင်ကိုင် ကလေးတစ်ဦး၏ စိတ်ကို အထိဆုံးကား "တစ်လလောက် သာသနာ့ဘောင်မှာ သာသနာ့ဝန်ကို ထမ်းပါရစေ။ အခွင့်ပေးပါ ချစ်နှမ" ဟူသော အဓိပ္ပာယ်ပါသည့် ရတုပင်ဖြစ်ပေသည်။ ကိုရင်လောင်းမှာ ထိုအခါ ထူပူနေရာ၍ ရတုသားကိုကား မမှတ်လိုက်မိချေ။ အဓိပ္ပာယ် အကျဉ်းချုပ်ကိုသာ မှတ်မိလိုက်ရှာသည်။ ဤရတုသံကို ကြားရသောခဏ၌ မန်းသျှောင်ကြီးနှင့် ကိုရင်လောင်းမှာ ဘာကြောင့်မှန်းမသိ။ မျက်နှာညှိုးငယ်သွားရှာသည်။ ဦးခေါင်းငိုက်စိုက်ကျသွားရှာသည်။ မြင်းဖြူကြီး ကဏ္ဍိကပင်လည်း ခုန်တော့မလို ပေါက်တော့မလိုနှင့် အငြိမ်မနေဖြစ်သွားရှာတော့သည်။

"တစ်လတာ သည်အရေးကိုလှ
မဟတ္တာ ကြည်ကြည်ပေးပါ"တဲ့
ရတုချိုစိတ်ကို သွေးလေတော့

www.burmeseclassic.com


မလေးမောင် ရွှေသျှောင် ငိုက်တဲ့ပြင်
မြင်းကဏ်ပင် ငြင်းဆန်မိုက်လေပေါ့
လွမ်းခိုက်မတည်။

ကိုရင်လောင်းကား မိနှင့်ဖနှင့် ဆွေမျိုးနှင့် အသိမိတ်ဆွေသင်္ဂဟ အပေါင်းအဖော်တွေနှင့် ခေတ္တမျှခွဲခွာ၍ ဆရာတော့်ကျောင်းတွင် ပုတီးစိပ်နေရမည်ကို တွေးမိသောအခါ ရင်လေးမိသည်။ ထို့ထက်မှာမူ တစ်ယောက်သော သတို့သမီးငယ် ထံမှ ဝေးရမည်ကို အထူးနှမြောတသ ဝမ်းနည်းလျက်ရှိရှာတော့သည်။ ထို့ကြောင့် ကွမ်းတောင်ကိုင်တို့ ရှိရာသို့ ငဲ့စောင်းကြည့်မိသည်။

မကြည်တဲ့နှလုံး၊ မပြုံးတဲ့မျက်နှာ
မြင်းပေါ်က မောင်ရင်လောင်း
ငဲ့စောင်းလို့ ကြည့်သောခါ။

နေမင်းကြီးဝင်သွားသဖြင့် ဦးညွှတ်ညှိုးမှိုင်ကျန်ခဲ့ရရှာသော ကြာငုံကလေးနှင့်တူသည့် သတို့သမီးသည်လည်း ထိုရတုကို ကြား၏။ သူ့မှာလည်း သောကနှင့် ထင်ရဲ့။ ထိုရတုကို သူမကြားချင်။ တစ်လတောင် ခွင့်ပေးရမတဲ့။ ဖြစ်နိုင်ပါ့မလား။ လွန်လွန်းလှတယ်။ ဒီလောက်တောင် ရှောင်သွေ ထွက်ခွာချင်ရင်လေ တစ်လမဟုတ်ဘူး။ ဆယ်လ၊ ဆယ်ဘဝ၊ ခွင့်လွှတ်ပါတယ်။ တစ်ကြိမ်မဟုတ်ဘူး။ ဆယ်ကြိမ်၊ ဆယ့်ငါးကြိမ် ခွင့်လွှတ်ပါတယ်။ ကြွတော်မူပါ။ ခမျာ၏ စိတ်ထဲမှာ ကရုဏာဒေါသတွေ မုန်တိုင်းထလျက်ရှိတော့သည်။ ဒီလောက်တောင် ရက်ရက်စက်စက် ခွင့်တောင်းရသလားဟု ဒေါသလည်း ထွက် အရှက်လည်းရသဖြင့် လက်ထဲက ကွမ်းတောင်ကလေးပင်လည်း မြေသို့ ချရှာတော့သည်။

ကညာလုံ ကြာမုံညွှတ်ဟာဖြင့်
ယမ်းယောင်ကာ ကွမ်းတောင်လွှတ်တဲ့ပြင်
"မတွယ်တာ ဆယ်ခါလွှတ်မယ်" တဲ့
ဒေါချိုချို ပြောဆိုရွှတ်လေပေါ့
စိုစွတ်တဲ့ မြမျက်ရည်
လည်တယ်လို့မဆုံး။

သူ့ခမျာ တိတ်တိတ်ပုန်းပူဆွေးနေရသည်ကို ရှင်လောင်းလှည့်လူထုက သိလေရော့သလား။ သူ့ခမျာ ပူဆွေးနေရသလောက် သူတို့တစ်တွေ ပျော်နေကြသည်။

ပြောဆရာတွေကလည်း တီးလိုက် ခေါက်လိုက်ကြတာ တဖြုန်းဖြုန်းနဲ့။ နဲ့ဆရာကြီးကလည်း မှုတ်လိုက်တာ ဆူလို့။ ကိုကိုကာလသားတွေကလည်း


www.burmeseclassic.com

www.burmeseclassic.com


တရွဲရွဲနဲ့ ညံလို့။ ကျွန်မကို တမင်အငြိုးကြီးနဲ့ ပြောင်ကြ လှောင်ကြ သရော်ကြလေရော့သလားရှင်။

ဖြုန်းနိုင်ပေ့ ကိုရွှေစည်
တီနိုင်ပေ့ ကိုရွှေနဲ
ရွဲနိုင်ပေ့ ကိုရွှေမောင်
လုံမငယ် အရှက်အိုးမို့
အငြိုးနဲ့ ပြောင်ရော့ထင့်။

ကိုရင်လောင်းကြီးဘုရား. . ။ ဒီလူရှုပ်လူပွေတွေ ကြားထဲမှာ ကျွန်တော်မကို ထားခဲ့တော့မှာလားရှင်။ တစ်ကောင်ကြွက် တစ်မျက်နှာ မျက်စိသငယ်နဲ့ သူတို့တစ်တွေကြားထဲမှာ ကျွန်တော်မ ဘယ်လိုနေခဲ့ရမှာလဲတော်။ တစ် လဆိုတာ များလွန်းလှပါတယ်။ လျှော့တော်မူပါဦးတော့လားရှင်။ စောစောက စိတ်ဆိုးလို့ တစ်လမက ဆယ်လတောင် လွှတ်ပါ့မယ်ဆိုမိတဲ့ စကားကို ဘွာ ဘွာခတ်ပြီး "ပြန်လည် ရုပ်သိမ်းပါရစေလားတော်"

"လှောင်ချက်ကယ်နာ
မောင်မျက်နှာ တစ်ရွာမှတ်ပေမဲ့
သာသနာ ဝါဝါဝတ်မှာမို့
မယ်လွတ်ရာ ဘယ်ဆီခိုရပါ့
တစ်လဆို ရက်ကို ချဉ်းပါဖျာ့"
ဘွာခတ်ကာ ခမျာငြင်းလေတော့
သျှောင်ကြီးရှင် ဆံပင်တင်းပြီကွဲ့
ညှဉ်းတဲ့ တုတ်ဖြုန်း။

[၁၉၄၈။]

www.burmeseclassic.com

# ရည်းလေးလေး

ကျွန်တော်တို့တွင် ကြွေးကြော်သံ အထူးအထွေမရှိ။ "ရည်းလေးလေး" ဆိုသော စကားလုံးတို့သည်သာလျှင် ကျွန်တော်တို့၏ ကြွေးကြော်သံဖြစ်ပေသည်။ သူတို့ကား ရှေးဟောင်းသမားရိုးကျကြွေးကြော်သံပေတည်း။ ကလေးတို့ဘာဝ ပုခက်လွှဲဒန်းစီးသောအခါများ၌ ရည်းလေးလေးဟူ၍ လည်းကောင်း၊ ရှိရည်းလေးဟူ၍လည်းကောင်း၊ သံပြိုင်ဟစ်အော် ကြွေးကြော်ခဲ့ကြဖူးပြီ။ တော်သလင်း သီတင်းကျွတ်ဆီတွင် မြစ်ရိုးချောင်းရိုးတစ်လျှောက်၌ လှေပြိုင်ကြသောအခါ ဤကြွေးကြော်သံတို့ကို နှစ်စဉ် နှစ်တိုင်း ကြားရလျက်ပင်ဖြစ်သည်။

ကျွန်တော်တို့သည် ရည်းလေးလေး ဆို၍ ကိုယ့်အားကိုလည်း ကိုယ်တင်းသည်။ သူတစ်ပါးကိုလည်း အားပေးသည်။ စု၍လည်း အားယူကြသည်။ ရည်းလေးလေးဆို၍ တကက်စုံလက်စုံ ညီညီညာညာနှင့် လှော်ပဲ့ကာ ကျွန်တော်တို့တစ်စု ကျော်လွန်အောင်မြင်ခဲ့သော ခရီးကို ဆန့်လိုက်ရမည်ဆိုလျှင် ယူဇနာပေါင်းများစွာ ရှိပေလိမ့်မည်။ ထိုခရီးတို့ကား အချို့လည်း ရေဆန်ခရီး။ အချို့မှာလည်း ရေစုန်ခရီး။ အချို့မှာ ရေဆန် လေစုန်ခရီး။ အချို့မှာ လေဆန်ရေဆန်ခရီး။

အချို့မှာ လေစုန်ရေစုန်ခရီး။ အချို့မှာ နေ့ခရီး။ အချို့မှာ ညခရီး။ မည်သည့်ခရီးမျိုးကိုဖြစ်စေ ကျွန်တော်တို့ အားလုံး၏ စိတ်တွင် တစ်သွေးတည်းတစ်မွေးတည်း ဖြစ်သွားကြတော့သည်။ တစ်ဦးနှင့်တစ်ဦး မနာလိုတိုရှည်မှုများသည် ဤကြွေးကြော်သံ၏ ဒဏ်ကို မခံနိုင်။ လွင့်ပျောက်ပျက်စီးရသည်။ "ဇောင်းတော်လုံခသော ကျောင်းတော်ကရန်စ" ပင်လည်း ဤရည်းလေးလေး၏ အရှိန်ကို မခံနိုင်။ ရည်လေးလေးသည် ညီညွတ်မှုကို စေ့ဆော်ပေးရုံ၊ ကွဲပြားမှုကို ဖျောက်ဖျက်ပေးရုံမဟုတ်။ အားနည်းလျှင် ဖြည့်တင်းပေးသည်။ ကြောက်လန့်



www.burmeseclassic.com

www.burmeseclassic.com


လျှင် ရဲဆေးတင်ပေးသည်။ အချုပ်အားဖြင့်ဆိုရသော် . . .ရည်းလေးလေးဆို သော တက်ခေါ်သံတွင် နယ်နိမိတ်သတ်မှတ်ပေး၍ ရကောင်းမည်မထင်ပါ။

ဤကြွေးကြော်သံ မန္တရား၏ အစွမ်းသတ္တိကြောင့် ကျွန်တော်တို့ ငယ်စဉ် ကလေးဘဝကခရီးခဲတစ်ခုကို လွန်မြောက်အောင်မြင်ခဲ့ပုံကို ပြောပြလိုပါသည်။ ထိုနေ့တစ်နေ့လုံး ကျွန်တော်တို့ကား လယ်ထဲတွင် လုပ်ကိုင်ခဲ့ကြပြီ။ မုတ်သုံလေသည် ကျွန်တော်တို့ကို တစ်နေ့လုံး ရေခဲတိုက်တွင် လှောင်ခဲ့ပြီ။ မုတ်သုံမိုးသည် ကျွန်တော်တို့ကို တစ်နေ့လုံး ကျောက်စရစ်ဖြင့် ပေါက်ခဲ့ပြီ။ ကျွန်တော်တို့၏ နှုတ်ခမ်းများကား ပြာလျက်။ ကျွန်တော်တို့၏ လက်များကား ဖြူဖပ်ဖြူရော်နှင့် ပဲကြီးတွန့်တက်လျက်။ ကျွန်တော်တို့၏ မေးများကား အထက် နှင့် အောက်ရန်စစ်ခင်းကာ တုန်ခိုက်လျက်။ ဤအကြားတွင် မျှော့ကြီးမျှော့ငယ် အသွယ်သွယ်တို့သည် ကျွန်တော်တို့၏သွေးကို သောက်မျိုခဲ့ရာ ဤ ထုံးကျည်တောက် ကလေးများကိုသာ မယူဆောင်ခဲ့မိပါမူ ကျွန်တော်တို့၏ သွေးတို့သည် ကုန်ခမ်းခဲ့ရာသည်။ သစ်ရွက်များအောက်တွင် ခိုကပ်၍ ချောင်းမြောင်းနေတတ်သော ကျွဲမှတ်ကြီးများကလည်း အလစ်အလစ်တွင် ထွက်လာ ထိုးကိုက်ကြရာ ဤလယ်ထွန်အင်္ကျီများသာ မပါခဲ့ပါမူ ကျွန်တော်တို့မှာ သွေးဆုတ်ရပေတော့မည်။ ကျွန်တော်တို့၏ ခြေသလုံးများမှာလည်း သမန်းရှ၍ သွေးရဲရဲ သံရဲရဲ နှင့်။ နေစောင်းသောအခါ ကျွန်တော်တို့သည် ပင်ပန်းကြပြီ။ နွမ်းလျကြပြီ။ ခြေကုန်လက်ပန်းဖြစ်ကြပြီ။ ဝမ်းထဲ ဗိုက်ထဲတွင် ဟာလာဟင်းလင်း။ ခြေလက်တို့လည်း တုန်ချိကြပြီ။ မျက်စိများလည်း ညိုမှိုင်းရီဝေကြပြီ။ အချင်းချင်း ဆုံမိကြသောအခါ သူ့ကို ငါက စိတ်တို၊ ငါ့ကို သူက စိတ်တိုနှင့် တစ်ဦးနှင့်တစ်ဦး အပြစ်ရှာ၍ မျက်စောင်းထိုးမိကြ၏။ ကိုယ်ပင်ပန်းသည်ကိုပင် သူ့ပယောဂကြောင့်ဟု ထင်မိသည်။ သူပင်ပန်းသည်ကိုပင် ကိုယ့်ပယောဂကြောင့်ဟု ထင်တော့သည်။ ဤအခါမျိုး၌ ထစ်ခနဲဆိုလျှင် လုပ်မိတော့မည်။ တဲတဲလေးသာ ရှိတော့၏။ သို့သော် . . . ကျွန်တော်တို့၏ တာဝန်ကား မပြည့်စုံသေး။ အိမ်ပြန်ခရီးရှိလေသေးသည်။

ကျွန်တော်တို့၏ လယ်တဲကား တစ်ခေါ်လည်းမက နှစ်ခေါ်လည်း မက။ ဤချောင်းမှထွက်၍ ထိုမြစ်ကိုကူးပြီးလျှင် တောင်ဘက်ပင်လယ်ဝဆီတွင် ပျပျကလေး မြင်ရသော ထိုတဲကြီး ဖြစ်ပေသည်။ ကဲ . . . ပြန်ကြစို့။ လာကြဟေ့။ သို့သော် ကျွန်တော်တို့တစ်စုကား မျက်နှာသိုးကြီးများနှင့် တစ်ဦးကိုတစ်ဦး စကားမဆိုကြ။ ပင်ပန်းနေကြသည်။ နွမ်းလျနေကြသည်။ ဆာနေကြသည်။ မွတ်နေကြသည်။ အလိုလို စိတ်တိုလျက်ရှိကြသည်။ သူ့တက်သူကိုင်၊ ကိုယ့်တက်ကိုယ်ကိုင်နှင့်။ ဆိုင်ရာ လှေကန့်တို့တွင် ကျောက်တုံးကို ပစ်ချလိုက်သကဲ့


www.burmeseclassic.com

www.burmeseclassic.com


သို့ လေးလံသော ကိုယ်ခန္ဓာများကို ပစ်ချကာ ထိုင်လိုက်ကြသည်။ လူစုံပလားဟေ့။ တက်စုံပလားဟေ့။ ကဲ . . . ခွာကြစို့။ ဦးကြိုးဖြုတ်။ ပဲ့ကြိုးဖြုတ်။ အမာ. . .လေတယ်ပြင်းပါကလား။ လှေဦးလန်သွားပြီ။ ကဲ . . . ယောက်ျားဘသားပဲ့လိုက်မယ်၊ ဖြောင့်ရော့လဟယ်။ ကဲ . . . တက်စုံချီ။ သွား။ လေးလံသောလက်များသည် လေးလံသော တက်များကို လေးလံစွာ မြှောက်၍ လှော်ကြသည်။ ထိုခဏ၌ တုန်ခိုက်သော နှုတ်ခမ်းများ အကြားမှာ ရည်းလေးလေးဆိုသော ကြွေးကြော်သံသည် တိုးတိုးကလေး ထွက်ပေါ်လာသည်။

ကျွန်တော်တို့ ခရီးကားအစမျှရှိသေးသည်။ နေလုံးပျောက်လျှင်တဲကို ပြန်ရောက်ပါ့မလား။ တဲသို့ရောက်သောအခါ ဘာလုပ်ကြမလဲ။ ဤအဝတ်စိုများကို အဝတ်ခြောက်နှင့် လဲကြမည်။ ဤတွန့်နေသော ခြေလက်များကို နွားမီးတွင်ကင်ကြမည်။ အရံသင့်ရှိပါက လက်ဖက်ရေကြမ်းကလေးတစ်ခွက်လောက်စီသောက်ကြမည်။ ထို့နောက် ထမင်းဖြူဖြူကို ဟင်းပူပူနှင့် စားကြမည်။ ဟော လယ်ထဲက ခူးလာတဲ့ ဟင်းရွက်တွေကို ပြုတ်ပြီး ငါးပိရည်နှင့်မြှုပ်တို့လိုက်ရလျှင် . . . မည်မျှကောင်းမလဲ။ မောင်ရင်တုတ်က သူ့ဝါသနာအလျှောက် ခုတ်လာတဲ့ ငါးရစ်ငါးတွေ တသီကြီးပဲ။ လှေဝမ်းထဲမှာ ဖွေးလို့။ တို့တစ်တွေ စောင့်နိုင်လျှင် . . . ငါးဟင်းတောင် စားရဦးမယ်။ မောင်ရင်ချိုကကော ဘာပါခဲ့သလဲ။ ငါးရှဥ့်တွေပါလာတယ်။ အေး တို့တစ်တွေကလည်း ဟင်းသီးဟင်းရွက်တွေခူးခဲ့သကွဲ့။ ဟောသည်ကန်စွန်းရွက်တွေကိုတော့နက်ဖြန်မနက် ချဉ်ရည်ချက်တာပေါ့ကွာ။ လယ်ပတူတွေကိုကော၊ အောင်မာ. . . တယ်သန်ပါကလား။ ဘယ်ဘက်က နှုတ်ခဲ့တာလဲ။ ဦးကြီးဖိုး ကန်ပေါင်နားကပေါ့ကွာ. . ..။ ကံသီလို့ဟေ့. . .။ မြွေပွေးကြီးတစ်ကောင် ထမ်းပိုးကျည်းလောက်ရှိတယ်။ မြက်တောထဲသွားတွေ့လို့။ ငါနင်းတော့မယ်။ သီသီကလေး။ အရှင်ကြီးမပေလို့ပေါ့ကွယ်။ သူ့ကို သွားမြင်မိတယ်။ စန့်ရှာပါလေရော။ အေး. . .လယ်ပတူတွေကို ချဉ်ဖတ်ထည့်ခိုင်းမှပဲ။ ဤသို့ စားခန်းသောက်ခန်းကိုလည်းတွေးမိ ကြ၊ ဆွေးနွေးမိကြသည်။

ထမင်းစားပြီးသောအခါတွင်ကား အညာစောင်ကလေးနှင့် ကွေးမည့်သူလည်းရှိမည်။ ရေနံဆီမီးခွက်ကြီးနားတွင် ကက်ဆွဲမည့်သူလည်း ရှိသည်။ စစ်တုရင်ထိုးမည့်သူလည်းရှိသည်။ ဇာတ်စာအုပ်ဖတ်မည့်သူလည်းရှိသည်။ ဇာတ်စာအုပ်ကို နားထောင်ရင်း ရွာကို လွမ်းမည့်သူလည်း ရှိသည်။ သီချင်းကျက်မည့်သူလည်းရှိသည်။ ဟိုတစ်နေ့က တက်ထားတဲ့ ဝေဇယန္တာကိုသည်နေ့ပြန်တက်ရဦးမယ်။ ပတ္တလားဆရာ ကိုသာမြတ် သည်ညလာပါဦးမလား။ သူ့ဖို့ မောင်ဖူးညိုမုံ့နဲ့ ကပ်စေးနဲ့ ကျန်ပါလိမ့်ဦးမယ်ထင်ပါရဲ့။ ပလွေ


www.burmeseclassic.com

www.burmeseclassic.com



ဝါသနာပါသူ မောင်ရွှေကျော်ကလည်း ကပ်ပြီး သီချင်းတက်လိမ့်ဦးမယ်။ မောင်ရင်တုတ်ကတော့ ခါတိုင်းလိုပေါ့လေ။ ပိုင်တို့ မြှုံးတို့ရက်မှာပါပဲ။ သူရှိပေလို့ပေါ့။ နို့မဟုတ်ရင် ငါးစိမ်း ငါးစိုစားရဖို့ အခက်သား။ မောင်ရင်ချိုကကော။ ထုံးစံအတိုင်းပေါ့။ တဲပြန်ရောက်ရင်အဖျားတက်မယ်။ သူ့ဗိုက်ကြီးလည်း ပူလို့။ သူ့အတွက်က ခက်သေးတယ်။ တို့တစ်တွေစုပြီး ဆေးဖော်ပေးဦးမှပဲ။ ကိုရွှေဝကကော။ သူကတော့ စကားအိုးပဲ။ ကစားဝိုင်းတွေမှာ သူလိုက်ရှုပ်မယ်။ တီးဝိုင်းမှာ သူလိုက်ဆိုမယ်။ သူတကာအိပ်တော့မှ ကျယ်ကျယ်လောင်လောင်နဲ့ သူ ဘုရားရှိခိုးမှာ။ ဒါပေမဲ့ သူပရိတ်ရွတ်လို့ တို့တဲမှာ သူရဲမချောက်တာဟေ့။ မောင်မင်းကြီးသား အတော်ကျောင်းနေခဲ့ဖူးဟန် တူတယ်။ တစ်နေ့ညက ဝေဿန္တရာ ဟောစာကို သူလျှောက်ရွတ်လိုက်တာ မောင်ဟဝါတို့များ မျက်ရည် တွေကျလို့။ ပဋ္ဌာစာရီဇာတ်လည်း အင်မတန် အဟောကောင်းတယ်။ အမယ် စုံနံ့သာမြိုင်ကိုလည်း သူရတယ်ကွ။ သူ့အဘိုးက စာတတ်ကြီးကိုး။ တစ်နေ့ တစ်နေ့ ဒါတွေပဲ သင်ပေးနေတာ။ ငါမှတ်မိပါသေးတယ်။ သူ့အဘိုးကြီးတောင်ဝှေးကလေးနဲ့ ဘုရားကို သွားသွားနေတာ။ ခေါင်းပေါင်းဖြူဖော့လုံးကလေးနဲ့။ ဆံပင်တွေကဖြူလို့။ ပုဆိုးဖြူကလေး ဆီးထားတယ်။ အိုကွာ ဟို ကုသိန္နာရုံက အဘိုးကြီးရုပ်နဲ့ အင်မတန်တူတာပေါ့။ အဲ. . . သူ့အဘိုးကြီး သင်ပေးထားတာတွေကို ကိုရွှေဝအကုန်ရလိုက်တာပေါ့ကွ။ ရာဇဝင်လည်း အပြောကောင်းသဟေ့။ ကုလားကြီးတက်တဲ့အကြောင်း တစ်ခါလောက် ပြောခိုင်းကြည့်ပါလား။ စစ်ဗာရီတွေ၊ ဂေါ်ရာတွေလည်း ပါသကွ။

ဤသို့ဖြင့် ကျွန်တော်တို့ တစ်တွေ တွေးရင်းငေးရင်း ဆွေးနွေးရင်းအခိုက်တွင် ရည်းလေးလေးသံသည် ကျွန်တော်တို့ကို ငေါက်ခနဲ နေအောင်ဆွဲဆောင့်လိုက်ပါသည်။

ကျွန်တော်တို့ လက်မောင်းထဲတွင် အားသစ်ဝင်လာသည်။ ကျွန်တော်တို့ ကျောရိုးထဲတွင် အားသစ်တိုးလာသည်။ လက်တွေကို ချီ၍ တက်တွေညီလာကြပြီ။ လော်ကြဟေ့။ ခရီးဝေးသေးသနော်။ ဟောဗျ. . .အနောက်ထဲကလေဆင်လာပြန်ပြီ။ ဟော . . . ဟော . . . ကမ့်ပလာပင်တွေ ယိမ်းနေကြပြီ။ ဓနိပင်တွေ ယိုင်နေကြပြီ. . .။ မုန်တိုင်းဟေ့။ လမုကိုင်းတွေကျိုးပြီး လွင့်လာကြတယ်။ ရည်းလေးလေး . . . လော်လိုက်ကြကွ။

ချောင်းထဲမှာလည်း ရေတွေလှုံလို့၊ ကမ်းတောင် မမြင်ရဘူး။ ရေစီးကလည်း ကြမ်းပါဘိသနဲ့။ ဝါးလုံးထိုးစီးနေတာပဲဟေ့။ ရေဆန်ကွနော်။ လေကလည်း ဆန်သေး။ သည်တစ်ခါ လေဦးလန်ရင်တော့ အတော်လုပ်ရလိမ့်မယ်။ ရည်းလေးလေး . . .။



www.burmeseclassic.com

www.burmeseclassic.com


ဟောဟိုချောင်းနှစ်ခုဆုံတဲ့ နေရာက ဝဲကတော့ကြီးကလည်း အော်နေတယ်ဟေ့။ သည်နှစ် လူမစားရသေးဘူးကွနော်။ သတိထားကြ။ သည်ဝဲထဲရောက်ရင်တော့ ပြန်မလာရဘူးသာမှတ်ပေတော့ ကိုရင်တို့။ ဖိုးရွှေအောင်ရဲ့ ခတ်လှေကြီးတောင် တလောက သည်အထဲရောက်သွားလို့ အတော်လုပ်ယူရတယ်။ တို့လို သခွားခွံတော့လားကွာ. . .။ ဘာပြောစရာရှိမလဲ။

တောအလွန် ဟောဟိုရေကျော်မှာဖြင့် လှိုင်းတွေကို ဖွေးနေပြီဟေ့။ တယ်ကြီးပါကလားကွ။ ခေါင်းဖြူကြီးတွေ. . .ခေါင်းဖြူကြီးတွေ။ လှိုင်းနှစ်ခု အကြားများ ကျလိုက်ရင်တော့လားကွာ။ ပတ္တောစိတ် ပိတ္တောစပဲဟေ့။ ကဲ ရည်း လေးလေး လိုက်ကြဟေ့။

မုန်တိုင်းကထန် ချောင်းကလျှံ
ဝဲသံကကြွေး လှိုင်းကဖွေး
ရည်းလေလေ့ ရည်းလေလေး. . .။

မိုးပေါက်မှန်တာကလည်း အနာသားဟေ့၊ သည်မိုးပေါက်တွေဟာ ဆီးကင်းလောက်တော့ ရှိမှာပဲ။ မျက်လုံးများ ထိလိုက်ရင် အောင့်အောင့်သွားတာပဲ။ လေကပြင်းတော့ မိုးပေါက်ကလည်း ကြမ်းလာတာပေါ့။ တော်ပါသေးရဲ့။ တို့လက်တွေက အေးပြီးထုံနေလို့။ တစ်ချက်တစ်ချက် ကျလိုက်တဲ့ မိုးပေါက်ဟာ လက်ခေါက်ပစ်တော့ ဂေါ်လီလုံး ပြန်ပြန်သွားတာနဲ့တယ်တူတယ်။ အို ရည်းလေလေးပေါ့ကွာ။ မှုရမှာလား။

လေသည်လောက် တိုက်လျက်နဲ့တောင် သူကောင့်သား ဖြုတ်တွေက လိုက်သေးတယ်ကွာ။ အမယ် ငါ့ခေါင်းနား ဝဲနေလိုက်တာ ငါးရာလောက်ရှိမယ်ထင်ပါရဲ့။ လက်မအားလို့ နေဦးပေါ့ကွာ။ ငါ့မှာ ကျွဲလို ခတ်စရာ အမြီးကလည်း မရှိဘဲကိုး။

ခရီးကလည်း ဝေးသေးတယ်ဟေ့။ ဟောဟိုကညင်ဂူကို ရောက်မှ ခရီးတစ်ဝက်လောက် ရှိသေးတယ်။ ချောင်းဝရောက်တော့ မြစ်ကြီးကို ကူးရဦးမယ်နော်။ ဘုရားသိကြားမလို့၊ မြစ်ထဲရောက်ရင် လေရပ်ပါစေ။ သည်မိုးသည် လေနဲ့သာဆိုရင် တို့တစ်တွေ မြစ်ထဲမှာ ခန္ဓာစဲသွားမှာ စိုးရတယ်။

နေလုံးပျောက်တော့မယ်ဟေ့။ မိုးချုပ်ခါနီးမှ လေကလည်း ပိုအေးလာပါကလား။ မေးတွေကလည်း တခိုက်ခိုက်နဲ့။ တဲပြန်ရောက်ရင် သွားတွေ အကုန်ကျွတ်ကုန်တော့မယ် ထင်ပါရဲ့။ ကဲကွာ ရည်းလေးလေး လိုက်ကြဦးစို့။

မိုးပေါက်ကနာ ဖြုတ်ကလာ
လမ်းတာကဝေး လေကအေး
ရည်းလေလေ့ ရည်းလေလေး။


www.burmeseclassic.com

www.burmeseclassic.com



အံမယ်. . .ဆာလိုက်တာ လွန်ပါရောလားဟေ့။ ငါ့နှာခေါင်းထဲဖြင့် ငါးပိရည်ကျို အနံ့ကလေး တသင်းသင်း မွှေးနေပြီကွ။ အေး. . .ငါ့မျက်စိထဲမှာလည်း ထမင်းပွဲ ဖြူဖြူ ဖွေးဖွေးကြီးကွာ. . .။ အငွေ့တထောင်းထောင်းနဲ့။ မနေ့က ငါထိုးအခွေခံခဲ့ရတယ်။ သည်နေ့တော့ ငါက ခွေရအောင် လုပ်မှပဲ။ ပလွေမှာ ကပ်ဖို့ ပင့်ကူမြွေးကလေး ရှိပါဦးမလား။ သူပါမှ ကျူလို့ ကောင်းတယ်ကွာ. . .။ ကိုရွှေဝပြောတဲ့ မြင်းလိုက်ဆင်လိုက် စစ်ကဲလိုက်တာတွေဟာ . . . အတော်ခက်သကိုး၊ သည်ညလည်း သင်ပေးပါဦးဗျာ. . ..။ "ဆူးလေနတ်ဘဂဝါ၊ ပုဆိုးနှစ်ထည် ကန်တော့မယ်ပ။ ပဲရူး မယ်ကြော့ ရအောင်လို့ စောင်မတော်မူပါ"ပေါ့ဗျာ။ ဟုတ်လား။ သထုံသူ. . .မအိုဇာဇာတ် ဒုတိယပိုင်းကို ဘယ်ကများ ငှားရပါ့မလဲ။ မောင်ဘတို့တဲမှာ ရှိတယ်တော့ ကြားရတယ်။ အေး မင်းသွားရင် ဘာဂျာ သိပ္ပဝိစိတြစာအုပ်လည်း ငှားခဲ့စမ်းပါကွာ. . .။ ငါ့ဖို့လည်း ဦးပေါဦးလျှောက်ထုံး ဆွဲခဲ့စမ်းပါဟေ့။

မောင်ရင်တို့။ မောင်ရင်တို့။ သည်လို တောင့်တနေကြရုံနဲ့ မပြီးဘူးနော်။ ရည်းလေးလေးကြမှ ဖြစ်မယ်။ မောင်ရင်ချို မင့်အဖျားကို ခဏထားဦးဟေ့။ တဲရောက် ထမင်းစားပြီးတော့ တက်ပေါ့ကွာ။ တဲခေါင်ရောက်အောင် တက်တက်။ အခုတော့၊ မောင်မင်းကြီးသားကို ဆိုင်းထားပါဦး။ မင့်တက်တစ်ခု လျော့သွားရင် အားတစ်မျိုးနည်း သွားမယ်။ ကဲ. . .ရောက်ခါနီးပြီဟေ့နော်။ ဟောဟိုတစ်ကွေ့ဆိုရင် တဲရှေ့က နွားတင်းကုပ်ကို မြင်ရတော့မယ်။

ဖော်ချင်းတို့ရေ တို့တစ်တွေ
လော်လေးအပြေး ယက်ဖွေးဖွေး
ရည်းလေလေး ရည်းလေလေး။

(၁၉၄၈)

**မင်းသုဝဏ်**

www.burmeseclassic.com